လမ်းပျောက်

မောင်လူရိုး

လမ်းပျံငှက်

မောင်လူရေး

လမ်းပျံဌက်

"မှတ်ကြီးတို့က ရွှေဘိုမှာ အဖမ်းခံရတာ မဟုတ်ဘူး။ မန္တလေးမှာ အဖမ်းခံရတာ။ မှတ်ကြီးရယ်၊ အေးရီမ ပါတယ်။ မနည်းဘူးဘဲ။ တက္ကသိုလ် ကျောင်းဘေးမှာ အိပ်တဲ့ဟာတွေလည်း အကုန်ပါတယ်။ အယောက် ၃၀ လောက် ရှိမယ်"

"လာဖမ်းတာက အမှတ် (၉) ရဲစခန်းက။ သူတို့က အသက်ဘယ်လောက်၊ နာမည်ဘယ်သူဆိုတာ မေးတယ်။ အသက်စေ့သွားတဲ့ကောင်တွေ၊ ကြယ်ကြီးတို့၊ အာ့ကောင်တွေရော အကုန်လုံး။ မင်းဇော်ဦးတို့ရော အိုးဘိုထောင်ထဲပါသွား တာ။ အသက်မပြည့်တဲ့သူတွေက ကျုံးရဲ့ဒီဘက်က၊ တိရစ္ဆာန်ဥယျာဉ်ရဲ့ ဒီဘက်က ကလေးထောင်ကိုပို့တယ်။ အဲဒီပို့တာကိုက ၁၀ ယောက်ကျော် လောက်ရှိတယ်။ အိုးဘိုထောင်ထဲက တော်တော်များတယ်။ ငါလဲ ပြန်ပြေး လာတာ။ ငါ့ ဘယ်မိမှာလဲ။ (၄၁) ဂုံးအောက်က လိုဏ်ဂူကြီးမှာအိပ်တာကိုး။ သူတို့က အပေါ်မှာအိပ်တော့ အကုန်ပါသွားတာ။ ငါနဲ့ ခင်မောင်ထွန်းနဲ့ နှစ်ယောက်ပဲလွတ်တာ"

"သူတို့မရှိတော့ ဘီလူး မင်းတစ်ယောက်ထဲ ဘူးခွံတွေ အများကြီး ရမှာပဲ"

"ဟာ ဘယ်ကလာ၊ ငါလည်း စီမံချက်ထဲ ပါသွားမှာပေါ့။ ဘူးခွံမကောက်ရဲလို့ လက်ဖက်ရည်ဆိုင်တွေလိုက်စပ်တာ စပ်မရဘူး။ မင်းက မှတ်ပုံတင်မှ မရှိတာကိုးတဲ့။ တကယ်လို့ ငါတို့က လက်သင့်ခံလိုက်ပြီပဲထား၊ မင်းကတစ်ခုခု လုပ်သွားရင် ဘယ်လိုလုပ်မလဲတဲ့။ အာ့အကျင့်တော့ ကျွန်တော့်မှာ မရှိပါဘူးဗျာ လို့။ သွား . . မင်း . . မင်းမိဘတွေဆီကိုသွားပြီးတော့ ထောက်ခံစာတွေနဲ့ မိဘ မှတ်ပုံတင်တွေနဲ့ မှတ်ပုံတင်လုပ်ခဲ့တဲ့။ ငါ့မှတ်ပုံတင်ကျတော့ လုပ်မရဘူး။ အမေ တို့ကလည်း ဘာမှမသိဘူး။ သူတို့မှာလည်း မှတ်ပုံတင်မရှိဘူးတဲ့။ ငါ လုပ်လို့ရပါ အုံးမလား။ မှတ်ပုံတင်ရရင် ငါ လမ်းဘေးနေရတော့မှာ မဟုတ်ဘူး။ အခု စောင် တစ်ထည်တည်းနဲ့ ညကျ လမ်းဘေးအိပ်နေရတာ။ မှတ်ပုံတင်ရှိရင်အေးဆေး၊ ဆိုင်တစ်ဆိုင်ကို ဝင်လျှောက်မှာလေ။ အာ့မှာ အလုပ်လုပ်ရတဲ့ ပိုက်ဆံလေးတွေ စုပြီးတော့ မြင်းခြံက အမေတို့ဆီ ပြန်တော့မယ်"

"လွယ်တော့မလွယ်လောက်ဘူး။ ကျောင်းမှာ လမ်းပျောက်တွေကို မှတ်ပုံတင် လာလုပ်ပေးတုန်းကတောင် လုပ်ပြီးမှ မရလိုက်သူတွေ ရှိသေးတယ်လေ။ ဓာတ်ပုံ ရိုက်ပြီး၊ တံဆိပ်ထုပြီးမှ မျက်နှာက ကုလားနဲ့တူလို့ဆိုပြီး ဖိုးခိုင်တို့ မရဘူးလေ။ လမ်းဘေးသားတွေ အများကြီးရသွားကြတယ်။ ပြည့်ဖြိုးသူလည်း မရဘူး။ ကုလားနဲ့တူလို့တဲ့။ သူက သူ့အဖေတောင် မြင်ဖူးတာမဟုတ်ဘူးလို့ ပြောတယ်။ စိုးမြတ်မော်နဲ့ စိုးမြတ်သူဇာလည်း မရဘူး။ သူတို့ညီမတွေကျ ရပြန်ရော။ ဖြူဖွေးနဲ့ သန္ဓာထက်က အသားဖြူတော့ ကုလားနဲ့မတူဘူးလေ။ စိုးမြတ်မော်နဲ့ စိုးမြတ် သူဇာက မဲတာ။ ဖိုးခိုင်ကတော့ သူ့အဖေ၊ အမေကိုက ကုလားတဲ့။ ကုလားနဲ့တူရင် မှတ်ပုံတင် လုပ်မပေးရဘူးလား မသိဘူး။ ငါကတော့ ကုလားနဲ့မတူဘူး"

"အေး မင်းက ဘီလူးနဲ့တူတာလေ"

"ဟုတ်တယ်၊ ငါက ဘီလူးနဲ့တူတာ။ ဟို့ . ဘီလူးနဲ့တူတဲ့ ဗေလုဝကောင် ရုပ်ရှင်မင်းသားလုပ်နာဆိုတော့ ငါကတော့ မှတ်ပုံတင် ရချင်ရမှာ။ ရွှေဘိုမှာ လုပ်ပေးတုန်းက ငါမသိလိုက်လို့။ ခု ဖိုးခိုင်နဲ့ စိုးမြတ်မော်တို့လင်မယားလည်း ဘူးခွံပဲ ဆက်ကောက်နေတယ်။ စိုးမြတ်သူဇာလဲ ဘူးခွံပဲကောက်တယ်။ အငယ်မ

တွေက မှတ်ပုံတင်ရသွားတော့ မကောက်တော့ဘူး။ ပြည့်ဖြိုးသူလည်း မှတ်ပုံတင် မရှိတော့ ဘယ်မှသွားလို့ မရတော့ဘူး။ သူက ဆိုင်ကယ်ကယ်ရီ ဆွဲချင်တာ။ မှတ်ပုံတင် မရှိတော့ လိုင်စင်လုပ်လို့မရတော့ အာ့ကောင်လည်း စားပွဲထိုးပဲ ကပ်လုပ်နေရတာ။ ဟိုကောင် နိုင်လင်းထွန်းဆို ခု . . ကားတောင်မောင်းနေပြီ။ မန္တလေးနဲ့ ဖားကန့် မောင်းတာတဲ့။ အာ့ကောင် ထောနေပြီ။ အဲကောင် လမ်းဘေး သား မလုပ်တော့ဘဲ အကောက်ဆိုင်မှာနေတယ်။ ကော်ဖြတ်တယ်။ နောက်ကျ ဒီကောင် ပစ္စည်းပို့ လိုက်ရတယ်။ ပစ္စည်းပို့တော့ စပယ်ယာလိုက်ရင်း ကားမောင်း ကပ်သင်တာလို့ ပြောတာပဲ။ ခု . . သူက ဘောစီ။ မှတ်ပုံတင်ရှိတဲ့သူတွေ အေးဆေး ပဲ။ ဟိုနေ့ကတောင် ငါ့ကို မင်း . . အရက်ချည်းပဲ သောက်မနေနဲ့၊ ရှပ်ချိုးရှပ် ပေါက်နေပြီတဲ့။ နှစ်ထောင်ပေး သွားသေးတယ်"

"စိုးမြတ်မော်နဲ့ စိုးမြတ်သူဇာမှာ ကလေးရှိတယ်။ အဲဒီကလေးတွေလည်း မှတ်ပုံတင်မရတော့ဘူးပေါ့။ သူတို့ကြီးလာရင်လည်း ဘူးခွံပဲ ကောက်ရမှာလား"

"ဒါပဲရှိတာပဲလေ၊ ခု ငါ့အဖေအမေက မှတ်ပုံတင်မရှိတော့ ငါလုပ်လို့မရ ဘူး။ သူတို့မရှိရင် သူတို့ကလေးတွေလည်း ဘယ်ရမလဲ"

"မှတ်ပုံတင်ရတုန်းက ငါ့စိတ်ထဲမှာ အေးချမ်းသွားတယ်။ လွတ်လည်း လွတ်လပ်တယ်။ စိတ်ထဲမှာ ပေါ့ပါးသွားတယ်။ ပျော်လည်း ပျော်တာပေါ့။ မှတ်ပုံတင်ရတော့ ကိုယ်သွားချင်တဲ့နေရာ သွားလို့ရတယ်။ မှတ်ပုံတင်မရှိတုန်းက ဆိုရင် ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှ မထင်ဘူး။ မှတ်ပုံတင်ရှိသွားတော့ ယုံကြည် သွားတာပေါ့။ ငါ သူများတွေလို မှတ်ပုံတင်ရှိသွားပြီ။ ငါလုပ်ချင်တာကို လုပ်လို့ ရပြီဆိုတဲ့ စိတ်ရှိသွားတယ်။ မှတ်ပုံတင်ရသွားပြီးတဲ့နောက်တော့ ကိုယ့်ကိုယ်ကိုယ် သူများတွေနဲ့ တန်းတူလို့ ခံစားရတယ်။ ဥပမာ- ကညနရုံးကိုသွားတော့ သူများ တွေက မှတ်ပုံတင် ကိုင်ထားတော့ ကိုယ်လည်း မှတ်ပုံတင်ကိုင်ထားပြီး ကိုယ့်စိတ် ထဲမှာ တစ်မျိုးကြီးပဲ။ တန်းတူဖြစ်သွားပြီလို့ ခံစားရတယ်။ ဟိုတစ်နေ့က သတင်း စာထဲမှာ မှတ်ပုံတင်ရှိရင် ထိုင်းနိုင်ငံကို သွားလို့ရတယ်လို့ ပြောတယ်။ ကိုယ်လည်း သွားနိုင်ရင် သွားလို့ရပြီလို့ တွေးပြီးတော့ပျော်တယ်။ ခု . . မှတ်ပုံတင်ရှိတော့

သူများတွေ ယာဉ်မောင်းလိုင်စင်လုပ်ရင် ကိုယ်လည်း ယာဉ်မောင်းလိုင်စင် လုပ်လို့ရတယ်ပေါ့။ သူများတွေ ခရီးသွားတယ်ဆိုရင် ကိုယ်လည်း ခရီးသွားလို့ ရတယ်ပေါ့။ သူများနဲ့ တန်းတူအခွင့်အရေး ရတယ်လို့ ခံစားရတယ်။ အရင်က ယာဉ်မောင်းလိုင်စင်မရှိရင် ဆိုင်ကယ် မစီးရဘူး။ ယာဉ်မောင်းလိုင်စင် ရှိဖို့ဆိုရင် မှတ်ပုံတင်ရှိမှ ရမယ်။ ခု. . ယာဉ်မောင်းလိုင်စင်တောင် ရှိပြီဆိုတော့ စီးရဲသွား တယ်။"

"အေးကွ၊ ငါလည်း စိုးသက်ပိုင်ပြောသလိုပဲ စိတ်ထဲဖြစ်တယ်။ ဟိုတုန်း ကတော့ check ပဲ ကြည့်စီးနေရတယ်။ စိတ်မငြိမ်ဘူး။ ရှေ့မှာများ check ရှိနေမလားပေါ့။ ခုတော့ အေးအေးဆေးဆေး မောင်းနိုင်ပြီပေါ့။ မှတ်ပုံတင်နဲ့ ယာဉ်မောင်းလိုင်စင်မရှိတုန်းက ဆိုင်ကယ်တော့စီးတယ်၊ မြို့ထဲရောက်ပြီဆို ဘာမှ မကြောက်ဘူး။ check ပဲကြောက်တယ်။ ကိုယ်က သူများဆိုင်ကယ်စီးတာမို့ check ဖမ်းမှာ ကြောက်တယ်။ အဖမ်းခံရရင် ပေးဖို့ပိုက်ဆံ မရှိဘူး။ ခရာသံ ကြားရင်ကို နောက်ကိုပြန်လှည့်ချင်နေတာ။ တစ်ခါတစ်လေ မော်တော်ဝိကယ်နဲ့ ရဲနဲ့ကို မကွဲဘူး။ ရဲမြင်လည်း ပြန်လှည့်လာတာ။ ခုလိုင်စင်ရသွားတော့ ဘယ်သူ့ ရှေ့နေနေ မောင်းရဲတယ်။ အန္တရာယ်ကင်းသွားပြီလို့ ထင်တယ်။"

"စိုးသက်ပိုင်ရာ မင်းတို့၊ စိုးနိုင်တို့ကတော့ မှတ်ပုံတင်ရသွားတော့ ဖြစ်ချင် ရာ ဖြစ်လို့ရသွားပြီပေါ့။ မင်းတို့က ကုမ္ပဏီတောင် အလုပ်ဝင်လုပ်နေနိုင်ပြီ၊ ဝဲဘတ်လည်း ရပြီနော်။"

"အေး၊ ငါက ဘုန်းကြီးက မှတ်ပုံတင်တွေ သွားလုပ်ကြတော့ဆိုတော့ ကိုယ့်ဘာသာ သွားလုပ်လိုက်တာ။ အစက မှတ်ပုံတင်၊ မှတ်ပုံတင်နဲ့ ဘာမှန်းမသိ ဘူး။ ရုံးရောက်တော့ နာမည်ဘယ်သူလဲ၊ ကျော်ဇင်လတ်။ မှတ်ပုံတင်ရှိလား၊ မရှိဘူး။ အသစ်လုပ်တာလား။ မဟုတ်ဘူး ခုမှလုပ်တာ။။အဖေမှတ်ပုံတင်ပြ၊ မရှိဘူး။ ငါးဦးကိုယ်စားလှယ် ထိုးရမှာတဲ့။ ရုံးမှာ ပတ်သွားနေရတာ။ မှတ်ပုံတင် ဆိုတာ ဘာလဲမသိဘူး။ နောက်ကျမှ အစ်ကိုက ပြောတယ်။ မှတ်ပုံတင်ရှိမှ မင်းသွားချင်တဲ့နေရာ သွားလို့ရမှာ။ မှတ်ပုံတင်မရှိရင် ဖမ်းမှာ။ မှတ်ပုံတင်

ရွတ်လုပ်ချင်တာ။ မှတ်ပုံတင်ရတော့ ပျော်တာပေါ့။ စလုပ်လုပ်ချင်းတော့ ကိုယ့်ဓာတ်ပုံ၊ ပုံစံ (၁၀) ပြား၊ မိတ္တူကူးရတယ်။ မှတ်ပုံတင်ပြရတယ်။ အဖေ၊ အမေ မှတ်ပုံတင်မရှိတော့ ငါးဦးကိုယ်စားလှယ် လက်မှတ်ထိုးရတယ်။ ဆေးရုံ၊ စီမံကိန်း၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အဲဒါတွေကို ပတ်သွားရတယ်။"

"ငါ မှတ်ပုံတင်လုပ်တဲ့အချိန်က အိမ်က အိမ်ထောင်စုစာရင်း မရှိသေးဘူး။ အမေကလည်း နောက်အိမ်ထောင်ပြုထားတာ။ အဲဒီတော့ အိမ်ထောင်စုစာရင်း ဘယ်လိုလုပ်လို့ လုပ်ရမှန်း မသိဘူး။ အိမ်ထောင်စုစာရင်းလုပ်ဖို့ ခဏခဏ အိမ်ကို ပူဆာရတယ်။ ကိုယ့်အိမ်ကို သွားတိုင်းသွားတိုင်း ပြောရတယ်။ နောက် အိမ်ထောင်စုစာရင်းရတော့ ရပ်ကွက်ရုံးကို သွားရတယ်။ ဆေးရုံမှာ ဆေးစစ်ချက် ယူရတယ်။ ကျောက်ရုံးကို သွားရတယ်။ ပြီးတော့ မိဘမှတ်ပုံတင် နံပါတ်မရှိတော့ မိဘကို ခေါ်ခဲ့ပေါ့နော်။ မိဘကိုခေါ်ပြီး သေချာအောင် ပြရတယ်ပေါ့။ အဖေအမေရဲ့ အိမ်ထောင်စုစာရင်းကို ရှာရတယ်။ အဘိုးအဘွားတွေရဲ့ မှတ်ပုံတင်နဲ့ အမွေကို မှတ်ပုံတင်ပြန်လုပ်ပေးရတယ်။ အချိန်တော့ အများကြီး ကုန်တာပေါ့။ တစ်ခါတည်းနဲ့ပြီးအောင် လုပ်မပေးဘူးပေါ့။ ဟိုတစ်ခုလိုလို့ တောင်းလိုက်။ ဒီတစ်ခုလိုလို့ တောင်းလိုက်နဲ့။ နည်းနည်းတော့ ခက်ခဲတယ်ပေါ့။ မိဘမှတ်ပုံတင်မရှိတော့ သားလုပ်သူအတွက်တော့ ခက်ခဲတာပေါ့။ ပထွေးဘက်က အိမ်ထောင်စုစာရင်းနဲ့ အမွေဘက်ကအိမ်ထောင်စု ပြန်ရှာပြီး လုပ်ရတာ။ တစ်လခွဲလောက်ကြာတာ။ ပိုက်ဆံထိုးပေးမှ ရတာပေါ့။ ကျောက်ရုံးနဲ့ သိတဲ့လူပေါ့နော်။ ပိုက်ဆံပေးရုံပဲ၊ သူတို့က အကုန်လုပ်ပေးတာ၊ ဆရာမနန်းမြတ်ထိုက် လိုက်လုပ်ပေးတာ။"

"အဲဒီတုန်းက ပထမတော့ စိတ်ရှုပ်တယ်။ အတွေ့အကြုံလဲ မရှိဘူး။ ဘယ်ဝင်လို့ ဝင်ရမှန်းလည်း မသိဘူး။ အစိုးရရုံးတွေဆို ဘယ်ရုံးမှ မသွားချင်ဘူး။ ဘယ်ရုံးနဲ့မှ မပတ်သက်ချင်ဘူး။ အရစ်ရှည်လို့။ သွားလည်းသွားရော မျက်နှာငယ်လေးနဲ့ မေးရတယ်။ အောက်တန်းတော်တော်ကျတယ်။ ကိုယ်မသိတော့ သူတို့ခိုင်းသမျှ လုပ်ရတယ်။ အော်သမျှခံရတယ်။ နောက်ပိုင်းတော့ ကိုယ်လည်း သူတို့ကို

ပြန်အော်တယ်။ စိုးသက်ပိုင် လိုက်လုပ်ပေးတုန်းက သူ့အမေဘက်က အန်တီကြီး တစ်ယောက်ပါတော့ သိပ်ပြီး လိုက်လုပ်မပေးရဘူး။ ဇွဲမင်းထိုက်ကတော့ သွားလိုက်ရတယ်၊ အခေါက်ခေါက် အခါခါ။ မမှတ်မိနိုင်အောင် သွားရတယ်။ ရပ်ကွက်ရုံးက သိပ်အလုပ်မရှုပ်ဘူး။ သူ့အမျိုးအိမ်ကို သုံးလေးခေါက်လောက် ကျတယ်။ သူ့အဖေအိမ်ကို နှစ်ခေါက်ကျတယ် သွားရတာ။ အမျိုးအိမ်ကို ဘာလို့ သွားရတာလဲဆိုတော့ အမေဘက်က အထောက်အထားမပြနိုင်ဘူး။ အဲဒီတော့ အဒေါ်တွေဆီက ပုံစံ (၁၀)၊ မှတ်ပုံတင်တွေ တောင်းခိုင်းလိုက်တာ။ အဒေါ် မှတ်ပုံတင်ကူးလာတော့လည်း မဟုတ်ပြန်ဘူး။ ဒါနဲ့မရဘူးတဲ့။ အဲဒီတော့ ပြေးရပြန်ရော။ ရသွားတော့ တစ်ယောက်ပြီးသွားတဲ့ သဘောပေါ့။ လေးယောက် လုပ်ပေးရတာ။"

"ဇွဲမင်းထိုက်တုန်းက အခေါက်နှစ်ဆယ်လောက် သွားရတယ်။ ဘာလို့လဲ ဆိုတော့ ရပ်ကွက်ရုံးက စာရေးမက ကွင်းဆင်းတယ်၊ မရှိဘူး။ တစ်ခါတစ်လေကျ ဒုဦးစီးမှူးနဲ့ တွေ့ရမှာဆိုတော့လည်း မတွေ့ရဘူး။ ကွင်းဆင်းသွားတာနဲ့ ဘာနဲ့။ သွားပြန်တော့လည်း အချိန်မမီတာနဲ့။ သွားရတာ အခေါက်ခေါက်ပဲ။ ရပ်ကွက်ရုံးနဲ့ ပြဿနာရှိတာက သန့်ဇင်ထွေး။ ရပ်ကွက်ရုံးက သေစာရင်းပေးပြီးသားကို မပေးနိုင်ဘူး။ လဝက ရုံးကို ပြေးရပြန်ရော။ လဝကရုံးကလည်း သေစာရင်းရှိရင် မိတ္တူကူးခဲ့ပါဆိုလို့ ပြန်ယူပြန်တော့ အရင်ကလိုမဟုတ်ဘဲ လွယ်လွယ်ကူကူနဲ့ လုပ်ပေးလိုက်ပြန်ရော။ လဝကရုံးကလူတွေရဲ့ စခြင်း၊ နောက်ခြင်းကိုလည်း ခံရတယ်။ အမှတ် (၇) ရုံးက ဖိုးပိန်ကို လိုက်လုပ်ပေးတော့ ရပ်ကွက်ရုံးကလူတွေကို ထမင်းအငတ်ခံပြီးတော့ သုံးရက်လောက် ဖမ်းယူရတယ်။ သန့်ဇင်ထွေးနဲ့က အိမ်ဆိုလဲ အခေါက်ပေါင်းအများကြီးပဲ။ သူ့ကိုလုပ်ပေးရတာ လွယ်တယ်။ သူ့အဖေ၊ အမေ၊ အဘိုး၊ အဘွား အိမ်ထောင်စုစာရင်းလည်း ရှိတယ်။ မှတ်ပုံတင်လည်း ရှိတယ်။ အစ်မတွေကလည်း မှတ်ပုံတင်ရှိတယ်။ ပုံစံ (၁၀) ထဲမှာ သန့်ဇင်ထွေးနာမည်ပဲ မပါတာ။ တစ်ချက်ပြန်ကြည့်လိုက်တော့ သူ့အမေက သူ့အမေဘက်က အဘိုး၊ အဘွား ပုံစံ (၁၀) ထဲမှာ။ သူ့အဖေက သူ့အဘိုးအဘွား

ပုံစံ (၁၀) ထဲမှာ။ သူ့အစ်မနှစ်ယောက် လုပ်တာကြတော့ သူ့အမေရဲ့ ဖွားစာရင်းထဲမှာဆိုတော့ ကျွန်တော်တို့က သပ်သပ်ခွဲထုတ်ရတာက တစ်ဆင့်။ ထောက်ခံစာကတော့ ဦးစီးမှူးနဲ့ တစ်ခါတွေ့ရတယ်။ နောက်တစ်ဆင့်က ခွဲထွက်ကြောင်း ထောက်ခံစာပေါ့။ ပုံစံ (၁၀) လုပ်ဖို့ အဘိုးအဘွားတွေဆီကနေ ခွဲထွက်လိုက်တာ။ အဲဒီအတွက် ထောက်ခံစာတွေ လုပ်ပေးရတယ်။ နောက်တစ်ခုက သူ့အဖေရဲ့ ပုံစံ (၁၀) ထဲမှာ ဦးမြင့်၊ မှတ်ပုံတင်ထဲမှာက ဦးဝင်းမြင့်၊ အဲဒါကြောင့် တစ်ယောက်တည်းဖြစ်တဲ့အကြောင်း ထောက်ခံစာယူရတယ်။ ပုံစံ (၁၀) လုပ်ပြီးပြီဆိုမှ မှတ်ပုံတင်လုပ်ဖို့အတွက် တစ်ဆင့် ထောက်ခံစာယူရတယ်။ အထောက်အထားတွေ၊ မိတ္တူတွေနဲ့ တစ်ဆင့်တက်ရတယ်ပေါ့။ မိတ္တူလည်း အခေါက်ခေါက်အခါခါ ဆွဲရတယ်။ အဲဒါမှ မှတ်ပုံတင် လုပ်ရတယ်။ သူကတော့ ငါးဦးဖွဲ့ကော်မတီနဲ့ မသွားရဘူး။ ကျန်တဲ့လူတွေကတော့ ငါးဦးဖွဲ့ကော်မတီနဲ့ သွားရတာ။ စိုးသက်ပိုင်၊ ဇွဲမင်းထိုက်၊ ဝေဖြိုးဟန်တို့တွေပေါ့။ အမေဖြစ်ဖြစ်၊ အဖေဖြစ်ဖြစ် အထောက်အထား မပြနိုင်ရင် ငါးဦးဖွဲ့ကော်မတီနဲ့ သွားရတာ။"

"ဝေဖြိုးဟန်တုန်းကလည်း အခါခါချိန်းတယ်။ ရဲစခန်းထောက်ခံစာကို မြို့နယ်ကနေမဟုတ်ဘဲနဲ့ ခရိုင်ရုံးကနေ ယူရမယ်ဆိုလို့ တစ်ခေါက်ပြန်ပြေးရတယ်။ ချက်ချင်းရတော့ မြန်မြန်သွားလုပ်မှ ချက်ချင်းရတယ်။ သိပ်ပြီးတော့ ပိုက်ဆံမကုန်လိုက်ဘူး။ ဇွဲမင်းထိုက်လည်း မကုန်လိုက်ဘူး။ စိုးသက်ပိုင်ကတော့ တစ်သောင်းလောက် ပေးလိုက်ရတယ်။ ကျန်တဲ့လူတွေကတော့ မိတ္တူဖိုးနဲ့ ဆိုင်ကယ်ဆီဖိုးလောက်ပဲ ကုန်တယ်။ သန့်ဇင်ထွေးကျတော့ ရပ်ကွက်မတူလို့လား မသိဘူး။ ရုံးရန်ပုံငွေဆိုပြီး ၅၀၀၀ တောင်းတယ်။ ပိုက်ဆံမပါလို့ ရုံးဖွင့်ရက်မှ လာပေးမယ်ဆိုပြီး မသွားတော့ဘူး။ ဇွဲမင်းထိုက်ကတော့ သူ့ပုံစံ (၁၀) ထဲမှာ ပါပြီးသား။ ဒါပေမဲ့ နာမည်တစ်မျိုးနဲ့ရယ်၊ သူ့အဖေကလည်း မွေးသက္ကရာဇ်ကို မမှတ်မိတော့ နောက်တစ်ခု ထပ်လုပ်ရတယ်။ အဲဒီအခါ သူ့အဖေကိုမေးတော့ သားသမီး ဘယ်နှစ်ယောက်ရှိတာလဲဆိုတော့ သုံးယောက်ရှိတယ်။ ဒါပေမဲ့ ဒီထဲမှာ လေးယောက်ဖြစ်နေတယ်ဆိုတော့မှ ဝင်းဇော်ဦးနဲ့ ဇွဲမင်းထိုက် တစ်ယောက်တည်း ဖြစ်ကြောင်း ထောက်ခံစာလုပ်ပြီးမှ မှတ်ပုံတင် ပြန်လုပ်ရတာ။"

"အေးသူဇာ ဘယ်လိုရလဲ လွယ်လား၊ ခက်လား။"

"လွယ်လားမမေးနဲ့၊ ဘယ်လောက်ခက်လည်းပဲ မေး။ အရင်ဦးဆုံးတော့ စိတ်ညစ်တယ်။ ငိုလည်းငိုချင်တယ်။ အမေ့ဘက်က အိမ်ထောင်စုစာရင်း ရပေမယ့် အဖေ့ဘက်က အိမ်ထောင်စုစာရင်းက မရှိဘူး။ အဖေက မောင်နှမနှစ်ယောက်တည်းပဲ ရှိတာ။ သူညီမက ကန့်ဘလူမှာဆိုတော့ ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဆရာမ မမူနဲ့ တဂဏန်းကိုသွားတာ နှစ်ခေါက်ရှိပြီ။ ဥက္ကဋ္ဌနဲ့လည်း မတွေ့ဘူး။ ရုံးသွားတာလည်း သုံးခေါက်လောက်ရှိနေပြီ။ အဆင်မပြေတော့ ငိုချင်တာ။ အားလည်း ငယ်တာ။ စိတ်ကို ပျက်သွားတာ။ အမေ့ဘက်ကကျတော့ အဘွားပေါ့။ သမီးတို့က အဖေရော၊ အမေရော မရှိတော့ဘူးလို့ ရုံးကိုပြောလိုက်တော့။ အဘွားအိမ်ထောင်စုစာရင်းထဲကို သမီးတို့မောင်နှမလေးယောက် စလုံး ထည့်ရမှာ။ အဲ့လိုမှ ရမှာ။ ငါးခေါက်လောက်သွားတာကို မရဘူး။ ဆရာမ မမူ ဆက်ပြောပြပေး . . "

"ဆရာမ မှတ်ပုံတင်လုပ်ပေးနေတာက အေးသူဇာတို့ မောင်နှမနှစ်ယောက်ရယ်၊ ချမ်းငြိမ်းရယ်၊ ကိုငယ်။ ကိုငယ့်ဟာက ဘာမှအစအန မရသေးလို့ ရပ်ထားတယ်။ အေးသူဇာကျတော့ ပထမပိုင်းသွားတာကျတော့ ဦးစီးမှူးနဲ့ ဝင်တွေ့တော့ သဠာရယ်၊ ဆရာမရယ်၊ မသူရယ်။ မိဘမဲ့ကလေးတွေ မှတ်ပုံတင်လုပ်ဖို့ ခက်ခဲတဲ့ကလေးတွေရှိတယ်ပေါ့။ အဲဒီတော့ ကလေးတွေစာရင်းကို ယူခဲ့ပေါ့။ သူတို့အဘိုးအဘွားနဲ့ ရနိုင်သလောက် စာရင်းတွေ ယူခဲ့ပေါ့။ အဲလိုသွားမေးတာက တစ်ခေါက်။"

"ကလေးတွေဆီက စာရင်းတွေရတော့ ဆရာမတစ်ယောက်တည်း သွားလိုက်တာ။ ဘယ်ကလဲပေါ့။ မြို့နယ်တွေမေးတဲ့အခါကျတော့ တစ်ခြားနယ်ကရယ်၊ ရွှေဘိုမြို့နယ်ကရယ်ဆိုပြီး နှစ်ဖွဲ့ဖြစ်နေတာ။ အဲဒီတော့ မြို့ပေါ်ကဟာတွေကို အရင်လုပ်ပေးမယ်တဲ့။ မြို့ပေါ်ကစာရင်းတွေ ပြန်ပြီးလုပ်ပေးပါဆိုလို့ တစ်ခါပြန်ပြီးစုံအောင် တောင်းခိုင်းတာ။ အောင်စိုးဦးတို့တွေရော ပါတယ်။ စုံပြီလို့ ထင်တော့ တစ်ခေါက်သွားတယ်။ ကလေးတွေကို တွေ့ချင်တယ်တဲ့။ ကလေးတွေ

ကလည်းများတော့ သုံးဘီးနဲ့သွားတာ။ ဦးစီးမှူးနဲ့ မတွေ့ခဲ့ဘူး။ ရုံးကစာရေးမတွေ့မေးတော့ မသိဘူးတဲ့။ ရုံးနားလေးမှာ ကိုယ်နဲ့သိတဲ့တစ်ယောက်က မှတ်ပုံတင်လုပ်ပေးနေတာ။ ပိုက်ဆံယူပြီး လုပ်ပေးနေတာ။ သူ့ကိုခိုင်းရင်တော့ လွယ်မှာပေါ့။ မခိုင်းချင်ဘူး။ ကိုယ်တိုင်လုပ်ချင်တော့ သူကလည်း ဦးစီးမှူးနဲ့ အဆက်အစပ်ရှိတယ်ဆိုတဲ့အခါကျတော့ နင်. . ပြန်တဲ့။ ဦးစီးမှူးက မလာဘူးဆိုပြီး ပြောလိုက်တာ။ ဖုန်းနံပါတ်တောင်းထားလိုက်တာ။ ဦးစီးမှူးနဲ့ တွေ့ချင်တယ်ဆိုရင် သူ့ကို အရင်ဖုန်းဆက်တဲ့။ ဦးစီးမှူးရှိတယ်ဆို နင်တို့လာခဲ့တဲ့။ နောက်ရက်ကျတော့ သူ့ကိုဖုန်းဆက်မေးလိုက်တော့ ဦးစီးမှူးရှိတယ်။ နင်တို့လာချင်လာခဲ့ဆိုလို့ ကလေးတွေတင်ပြီး သွားတာပေါ့။"

"သွားတဲ့အခါကျတော့ သူက အရင်နေ့တွေက သုံးလေးရက်လောက် အလုပ်က ပျက်ထားတာနေမှာ။ အဲဒီအခါကျတော့ ရုံးပေါ်မှာ စာရေးမတွေလေးငါးယောက် စောင့်နေကြတာ။ လက်မှတ်ထိုးခိုင်းဖို့ပေါ့နော်။ လူနည်းနည်းရှင်းအောင်စောင့်ပြီးတော့ ဝင်တွေ့တယ်။ ဦးစီးမှူးပေါ့နော်၊ ဒါ ဟိုးတစ်နေ့က ဆရာရှာခိုင်းတဲ့ အချက်အလက်တွေပေါ့။ ကလေးတွေလည်း ပါတယ်ပေါ့။ ကလေးတွေတောင် မော်မကြည့်နိုင်ဘူး။ သူ့အလုပ်တွေနဲ့ တအားရှုပ်နေတာ။ အချက်အလက်က ကလေးတွေရဲ့ အိမ်ထောင်စုစာရင်းတွေ လိုသေးတယ်တဲ့။ ကျွန်တော်က ဘယ်ကိုသွားရှာရမှာလည်းပေါ့၊ ဒီအချက်အလက်တွေကိုဆိုတော့ ရုံးမှာရှိတယ်။ ရုံးက စာရေးမတွေကို ရှာခိုင်းတဲ့။ ရပ်ကွက်အလိုက် စာရေးတွေကို ရှာခိုင်းတဲ့။ အာ့ဆိုတော့ တစ်ခြားအခန်းမှာက ရပ်ကွက်အလိုက် စာရေးတွေရှိတယ်လေ။ အဲဆီကို သွားတယ်။ အေးသူဇာတို့ဆို အမှတ် (၇)။ အဲဒီဆီက ရုံးစာရေးတွေဆီကို သွားတယ်။ ချမ်းငြိမ်းတို့ဆို အမှတ် (၈) ရုံးစာရေးပေါ့။ ကိုငယ်က (၁၀)။ အဲဒီစာရေးတွေဆီကိုဝင်ပြီးတော့ စကားပြောတာပေါ့။ ဒီလိုဒီလိုပဲ ကလေးတွေဆိုတော့ သူတို့က အချက်အလက်မစုံတော့ သိပ်လုပ်မပေးချင်ဘူး။ အဲဒါဆို အချက်အလက်စုံအောင် ကျွန်တော်က ဘယ်လိုလုပ်ရမလဲပေါ့ မေးတဲ့အခါကျတော့ ရပ်ကွက်တွေအလိုက် သွားရှာရမှာပေါ့။ မဟုတ်ဘူး

ဦးစီးမှူးက ရှာခိုင်းတာ။ ကျွန်တော့်ကို ရပ်ကွက်ရုံးကိုလွှတ်တာ မဟုတ်ဘူး ဆိုတော့။ ရှာမပေးနိုင်ဘူးတဲ့။ ဒီလောက်ရုံးဖိုင်တွေများတာ တစ်ယောက်ကို အချိန်အကုန်ခံပြီးတော့ ရှာမပေးနိုင်ဘူး။ အဲဒါက အမှတ် (၇) နဲ့ (၁၀) က ပြောတာ။ အမှတ် (၈) ကတော့ ရှင်းပြတယ်။ သူ့ရဲ့ အဖေ၊ အမေ မှတ်ပုံတင် ရှိရမယ်။ အိမ်ထောင်စုဇယားတွေလည်း ရှိရမယ်။ အဖေအမေ မရှိရင်တောင်မှ အဘိုး၊ အဘွားတွေ မှတ်ပုံတင်ရှိရမယ်။ အဲဒီအချက်အလက်တွေ ရနိုင်တယ် ဆိုရင် လုပ်ပေးမယ်တဲ့။ ချမ်းငြိမ်းက ရနိုင်သေးတယ်ဆိုပြီး အမှတ် (၇) နဲ့ (၁၀) ကို သွားတာ။ ဒီလောက်အများကြီးကို လုပ်မပေးနိုင်ဘူး။ ရှာမပေးနိုင်ဘူး။ ရုံးမှာပေါ့နော်။ ဆရာမတဲ့ ဒီလောက်တောင် ကလေးတွေရဲ့ အချက်အလက်က မပြည့်စုံတာ လုပ်ရတာ တအားကြီးခက်မှာတဲ့။ လုပ်လည်း ဆရာမပဲ ပင်ပန်းမှာ၊ လုပ်မနေနဲ့တဲ့။ တော်တော်ဝမ်းနည်းသွားတယ်။ တို့ကလေးတွေက မရနိုင်တော့ ဘူးလားပေါ့။ အဲ့တုန်းက ငိုမိတယ်။ ကိုယ့်ကလေးတွေကို အာ့လို သူများတွေလို တန်းတူမဆက်ဆံခံရဘူးဆိုပြီး အရမ်းဝမ်းနည်းတယ်။ တကယ်လဲ ငိုမိတယ်။ (ပြောရင်းငို) အဲကတည်းကနေ သန္ဓိဌာန်ချထားတယ်ပေါ့ နော်။ အခေါက် တစ်ရာ သွားရရင်လည်း သွားမယ်။ ကိုယ့်ကလေးတွေကို ရအောင်လုပ်ပေးမယ်။ ကိုယ်မှမလုပ်ပေးရင် အာ့ကလေးတွေ မှတ်ပုံတင် ဘယ်နည်းနဲ့မှ မရနိုင်ဘူး ဆိုတာ သိတယ်။ အဲဒီလို ဆုံးဖြတ်ထားတယ်။"

"အဲဒီနောက်ပိုင်း အေးသူဇာတို့ကပေါ့နော်။ ခဏ နားလိုက်သေးတယ်။ ဦးစီးမှူး မရှိဘူးတဲ့။ ဦးစီးမှူးက နားနေတယ်တဲ့။ ငါတို့သွားလည်း အလကားပဲပေါ့။ အဲဒါနဲ့ နားနေတယ်။ နောက်မှ ပြန်သွားတယ်။ သွားတော့ အမှတ် (၈) ကဟာနဲ့ မတွေ့ဘူး။ အေးသူဇာတို့က သူ့အမေကြီးက အမှတ် (၄) ထဲမှာ ဝင်ထားတာ ဆိုတော့ အမှတ် (၄) က စာရေးမနဲ့တွေ့တော့ သူ့အဖေဘက်က အထောက် အထားတွေ လိုတယ်။ သူ့အဖေဘက်ကကျတော့ သိပ်မရှိဘူးပေါ့နော်။ သူ့အဖေက ဘယ်အစအနရှာရမှန်း မသိဘူး။ သူတို့လုပ်ချင်တယ်ဆိုရင် သူတို့အတွက် ထောက်ခံစာ လိုသေးတယ်ဆိုတော့ အောင်မင်္ဂလာက တဂဏန်းအုပ်စုမှာ

ပါတယ်။ အဲဒီကျတော့ တဂဏန်းကို နှစ်ခေါက်ရှိပြီပေါ့နော်၊ သွားတာ ဥက္ကဋ္ဌ မတွေ့ဘူး။ ဒီညနေ ထပ်သွားအုံးမှာ"

"ချမ်းငြိမ်းကကျတော့ သူ့အမေဘက်က အဘိုးအဘွား အိမ်ထောင်စုဇယား လိုတာ။ သူက ချီပါကို လိုက်ရမှာ။ သူ့အမေကို အိမ်ထောင်စုဇယား ပြန်ဖောက်။ ဖောက်ပြီးတဲ့အခါကျမှ မောင်နှမတွေ အကုန်ထည့်ပေးရမှာ။ သူ့အဖေဘက်က သေဆုံးကြောင်းထောက်ခံစာကိုက နန်းမြတ်ထိုက် လုပ်ပေးထားခဲ့တာ။ သန့်ဇင်ထွေးတို့မိသားစုလုပ်ကတည်းက တစ်ခါတည်း ထုတ်ထားလိုက်တာ။ ခုဟာက အာ့တစ်ခုပဲ မပြည့်စုံတာ။ သူ့အဖေ၊ အမေက မှတ်ပုံတင် မရှိဘူး။ နှစ်ယောက်စလုံး မရှိဘူး။ သူ့အမေကိုလုပ်ပေးမှ ကလေးတွေက လုပ်လို့ရမှာလေ။ အမလေး ဒီအကြောင်းတွေက ပြန်ပြောရင်ကို လုပ်တုန်းကလို စိတ်ရော၊ လူရော ပန်းလာတယ်။ ဘုန်းကြီးက လမ်းပျော်တွေအကုန်လုံးကို ဒုတိယရက်တစ်ရာစီမံချက်နဲ့ ကျောင်းလာပြီး မှတ်ပုံတင်လာလုပ်ပေးတော့မယ်ဆိုတော့ ပျော်လိုက်တာများ ဘယ်လိုပြောရမှန်းတောင် မသိဘူး။ သူတို့လုပ်ပေးချင်တော့လည်း ကျောင်းထဲတင် တစ်ထိုင်တည်းပြီးသွားတယ်။ ဘုန်းကြီးကို လူကြီးတစ်ယောက်က လာမေးတာတဲ့၊ ကလေးတွေအတွက် ဘာအကူအညီလိုလဲဆိုတော့ နောက် ၆ လစာထိ အကုန်ရှိတယ်၊ မလိုဘူးဆိုတော့ တစ်ခြားဘာလိုလဲထပ်မေးတော့ မှတ်ပုံတင်လုပ်ရတာ သိပ်ခက်တယ်၊ အဲဒါလိုတယ်ပြောတော့ လဝက တိုင်းဦးစီးမှူးက သူ့မိတ်ဆွေပါတဲ့၊ လှမ်းမေးပေးမယ်ဆိုပြီး ဒုတိယရက်တစ်ရာစီမံချက်နဲ့ လုပ်ပေးလို့ရတယ်ပြောတာတဲ့"

"အဲဒီတုန်းက ပျော်လိုက်တာ။ လမ်းဘေးသားတွေ အကုန်ပြန်တွေ့ရတယ်။ မှတ်ပုံတင်မလုပ်ခင် နှစ်ရက်လား၊ သုံးရက်လား ကြိုစုရတယ်။ မန္တလေးကကောင်တွေ သွားရှာ၊ တစ်ချို့က ဆိုင်တွေရောက်နေတာ။ ဝေါလ်ဗီရှင်က ဆရာတွေကို ဘုန်းဘုန်းက လိုက်ရှာခိုင်းတာ။ အတူချက်စားကြတယ်လေ။ ညတိုင်းဆိုရွှေတိုအဖွဲ့က တီးဝိုင်းတီး၊ မန္တလေးအဖွဲ့တွေက သီချင်းဆိုကြ၊ ကကြ။ မှတ်ပုံတင်လုပ်ပေးတဲ့လူကြီးက သီချင်းဝါသနာပါတယ်ဆိုလို့ မှတ်ပုံတင်လုပ်ပြီးတော့ သူတို့ကို

ဖျော်ဖြေသေးတယ်လေ။ သူတို့ရော ဆိုတယ်။ စကိုင်းနက်က အကိုတွေ အမ
တွေနဲ့ရော ဆိုကြသေးတယ်။ ပျော်စရာကြီး"

"အေးကွာ၊ ငါမသိလိုက်တော့ မရလိုက်ဘူး။ အခုရော လုပ်ရလွယ်သေး
လား မသိဘူး"

"ဘီလူးရာ မှတ်ပုံတင်မရှိလည်း ရွာပြန်လို့မရဘူးလား"

"ရတော့ ရတာပေါ့။ အခုက ပိုက်ဆံမှမရှိတာ။ ဖေဖေ၊ မေမေတို့ကို
ကန်တော့ဖို့ရာ ပိုက်ဆံမပါတော့ မကောင်းဘူးလေ။ အလုပ်လုပ်ရင်း ၂ သိန်း
ကျော် ၃ သိန်းလောက် စုမယ်။ အာ့ဒါလေးပါတော့ ဟိုရောက်ရင် မေမေ့ကို
ကန်တော့ပြီး ဟိုမှာပဲ အလုပ်လုပ်တော့မယ်။ ဆိုင်မှာလုပ်ရင် စုလို့ရတယ်။
ဒီအချိန်ဆို တောင်သူတွေက စနေပြီလေ။ ဆေးစိုက်။ ပြီးတော့ CP ပြောင်းစိုက်။
နှမ်းက ပြီးပြီ။ နှမ်းတုံးပြီ။ ပဲစိုက်မှာ။ ပဲ၊ ချဉ်ပေါင်၊ ကန်စွန်း အာ့ဒါတွေ စိုက်မှာ။
အများဆုံးကတော့ ဆေးရွက်ကြီးက အများဆုံးစိုက်တာ များတယ်။ မြင်းခြံ၊
မကျည်းပင်စု၊ မြို့သစ်ရပ်ကွက်မှာ မမမော့တော့က အာ့မှာ အာလူးကြော်ဆိုင်ဖွင့်
ထားတာလေ။ မေမေဒေါ်ခင်သောင်းကျတော့ ဟိုးက သဘော်တိမ်ရွာမှာ။
ရွာအပြင်မှာနေတာ။ လယ်ကွင်းကြီးက အကျယ်ကြီးပဲ၊ ၂ ထပ်အိမ်နဲ့။ သူတို့
လင်မယားနှစ်ယောက်နဲ့ ညီအစ်မ ၃ ယောက်။ သင်္ဂဇင်မိုးနဲ့ သင်္ဂဇင်စိုးက အမြွာ
တွေလေ။ ခင်သန္တာက တစ်ယောက်။ နောက်ပြီး ညီလေး ငြိမ်းချမ်းထွန်းက
ကျတော့ ရွာထဲမှာ အမေကြီးကို လုပ်ကိုင်ပေးနေတာ။ သူက ငါ့အောက်က။
ငါ့အထက်က မမမော့တော့။ ပြီး မမဝေလွင်။ ညီအစ်ကိုမောင်နှမ ၇ ယောက်
ရှိတယ်"

"ကိုမျိုးနိုင်၊ ဘာလို့လမ်းပေါ်ကို ရောက်လာတာလဲ၊ ညီအကိုမောင်နှမ
တွေ အများကြီးနဲ့တောင်"

"ဘာလို့လမ်းပေါ်ကို ရောက်လာတာလဲဆိုတော့ ဦးလေးကိုကြောက်လို့။
ဦးလေးက ရိုက်တာ။ သူကြက်ဖသတ်လို့တဲ့။ ဟိုလိုဆို မသတ်ပါဘူး။ ငါက

ဆန်ရွေးနေတာ။ သူက ဖလွတ်ဆိုပြီး ပျံလာတာ။ ဆန်လာကောက်တာနဲ့ နားရင်းတစ်ချက် ပိတ်အုပ်တာ။ ပျံသွားပြန်ရော။ အဒေါ်လေးအိအိကနေ လာပြီးတော့ ခေါင်းလာခေါက်တာ၊ ခွပ်ဆိုပြီး။ အာ့တုန်းက ငါက မမေမေတို့ဆီ မနေသေးဘူး။ မေမေတို့က ရွာမှာ။ မမဆီပဲနေတာ။ နောက်တစ်ခေါက် ထပ်လာကောက်တော့ လည်မျိုကိုင်ပြီး ဂုတ်ချိုးသတ်ပစ်တာ။ လက်သည်းညှပ်နဲ့ လည်ပင်းက အမွှေးလေးတွေကို ခွာပြီးတော့ ဟိုဘက်တစ်စိတ်၊ ဒီဘက်တစ်စိတ် ကိုက်ပြီးတော့ ကားလမ်းမပေါ် ပစ်ချတာ။ နောက် ဆန်လည်းရွေးပြီးရော သွားကောက်တာ။ အမေကြီး၊ အမေကြီး ဒီမှာကြက်ကြီး ခွေးကိုက်သွားတာနေမှာ၊ လည်ပင်းလည်း အပေါက်အကြီးကြီး ဗျလို့။ ဟင် ဟုတ်လားတဲ့။ အမေကြီးကလည်း ရေနွေးအိုးတည်ပြီးတော့ အမွှေးဆွဲနုတ်တာ ညကျတော့ လာပါလေရော”

“ဦးလေးက ရုံးကပြန်လာတော့ မျိုးနိုင်၊ မင်း ငါ့ကြည့်ခိုင်းထားတဲ့ ကြက်ဖ ဘယ်မှာတုန်းတဲ့။ ဟိုဟာလို့၊ ကျွန်တော်လည်း ကြည့်တော့ ကြည့်နေတာ၊ ခါတိုင်းဆို သရက်ပင်ပေါ် အိပ်နေတာလေလို့။ သရက်ပင်ပေါ် အိပ်နေတာနေမှာပေါ့လို့။ သိဘူးလို့။ အာ့ဒါနဲ့ အမေကြီးကို သွားမေးတာ။ အမေတဲ့ ဒီနေ့ ဘာဟင်းချက်တာလဲ။ ကြက်သားဟင်းချက်တာ။ အာ့ကြက်က ဘယ်ကရတာလဲဆိုတော့ မသိဘူးတဲ့။ နှင့်တူလာပေးတာ ခွေးကိုက်လို့ လည်ပင်းကြီးနှစ်ခုပေါက်နေတာတဲ့။ သူက ယူချလာတာ။ ငါလည်း ရေနွေးဖျော၊ ချက်ပစ်လိုက်တာတဲ့”

“အာ့ကတည်းက ထိုးတော့တာပဲ။ ရုံးကပြန်လာရင် လက်သီးနဲ့ထိုး။ ကိုင်ပေါက်။ တွေ့တဲ့ဟာနဲ့ ရိုက်တာ။ အများဆုံးက လက်သီးနဲ့ထိုးတာ များတယ်။ ရင်ဘတ်တို့၊ နောက်ကျောတို့ ထိုးတယ်။ အမေကြီးတို့က ဝိုင်းဆွဲကြတာ။ သူပြန်လာချိန်ဆို တစ်ခါတစ်ခါ အမေကြီးက ဖွက်ပေးထားတာ။ လုပ်မှာစိုးလို့။ သူကြက်ကြီးသတ်တာ တစ်ခုရယ်။ နောက်တစ်ခုက သူ့ပိုက်ဆံခိုးတာ တစ်ခုရယ်။ ငါက ငယ်ငယ်လေးဆိုတော့ မသိဘူးလေ။ ၁၀ တန် အနီကလေးတွေလေ ဝိုလ်ချုပ်အောင်ဆန်းပုံပါတယ်။ အာ့ဒါလေးတွေ တစ်ထပ်လိုက်ယူပြီး မုန့်ဝယ်စားပစ်တာ။ ဘယ်မှာမိသွားလဲဆိုတော့ ပြန်လာတာ သူက ပက်လက်ကုလားထိုင်ကြီး

ပေါ်မှာ၊ အာ့နေ့က သူ့ပိုက်ဆံတွေ ပျောက်သွားလို့တဲ့။ သူက ခီးနေတာ။ ရုံးလုံးဝ မသွားဘူး။ အာ့တော့ ဟျောင့်မျိုးနိုင်၊ မင်းလာစမ်းတဲ့။ ငါ့ပိုက်ဆံတွေ မင်းယူသွားတာလားတဲ့။ အာ့ပိုက်ဆံက အရွက် ၁၀၀ ပြည့်ရင် CD အောက်ဆက်တစ်လုံးရတယ်လေ။ မယူပါဘူးလို့။ လာစမ်း၊ မင်းထဲ ငါစစ်ကြည့်ဦးမှတဲ့။ အာ့မှာ သွားတွေ့တာ ၁၀ ရွက် သွားတွေ့တာ။ ခံရပါလေရော။ အာ့မှာ ပိုမဲသွားတာ။ ထိုးပါလေရော၊ ကြိတ်ပါလေရော။ အာ့ဒါနဲ့ထွက်ပြေးတာ”

“သားဖေဖေဆီရောက်သွားတာ။ ဦးတိုးမောင်တဲ့၊ စည်ပင်ခေါင်းဆောင်ကြီး။ ဆိုက်ကားနဲ့ လိုက်ပို့ခိုင်းတာ။ ငါ့သား မင်းဘယ်သွားမလို့လဲဆိုတော့ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက်လို့၊ ခဏပါဗျာ ဘူတာလေး ခဏသွားချင်လို့လို့။ အဒေါ်လေးရှိတယ်ထင်လို့လို့။ လိမ်ပြီးတော့ သွားတာ။ ဟိုရောက်တာနဲ့ ရထားကကွက်တိပဲ။ နောက်ပြီးတော့ အာ့မှာ မန္တလေးလိုက်ချလာတာ။ တစ်လမ်းလုံး ရေလည်းမသောက်၊ ဘာလည်းမသောက်ဆိုတော့ လင်မယားနှစ်ယောက်ကမေးတာ။ ငါ့တူလေးတဲ့ မင်း တစ်လမ်းလုံး ဘာမှလည်းမစားဘူး။ ပိုက်ဆံမပါလို့လားတဲ့။ ဟုတ်တယ်လို့။ မင်း ဘယ်သွားမလို့တုန်းတဲ့။ သိပါဘူးဗျာ။ ရောက်လေရာရောက်၊ ပေါက်လေရာ ပေါက်လို့။ ဒီရထားကြီးက ဘယ်သွားမှာတုန်းဆိုတော့ မန္တလေးတဲ့။ အာ့လိုက်မှာလို့”

“ဘူတာကြီးမှာ နည်းနည်းနေလိုက်သေးတယ်။ လမ်းဘေး ဘူးခွံကောက်တဲ့သူတွေနဲ့တွေ့တော့ သူတို့နဲ့နေလို့ရလားလို့ မေးတယ်လေ။ မင်းက ဘယ်ကလဲတဲ့၊ ကျွန်တော်က မြင်းခြံကဆိုတော့ သူတို့က ခွင့်ပြုတယ်။ သူတို့ ကော်တွေလည်း ရှုတယ်လေ။ အာ့တုန်းက ကော်ဗူးရှုတာတွေ့ မသိသေးဘူး။ သူတို့နဲ့ နေလိုက်တာ။ မနက်ခင်းဆို ဘူးခွံတွေကောက်။ ၃၅ လမ်းဟိုဘက် အနောက်ကြော်။ ကျောက်ပွဲတန်းဘက်။ သူတို့နဲ့ပေါင်းပြီး ကျင်လည်ကျက်စားတာ။ မင်းမင်းကျော်ကနေ ၃၅ လမ်းကို ခေါ်တာ။ ဘူတာကြီးမှာ ၃ နှစ်လောက် ရှိတယ်။ အာ့ထဲမှာ ဘူးခွံကောက်လိုက်၊ စားလိုက်၊ သောက်လိုက် ဒါပဲ။ ရထားပေါ် ဘူးခွံကောက်ပြီးရင် ကိုဝူခုန်းတို့လေ၊ သူ့ဆီမှာ ရေသန့်ဘူးတစ်ဘူး ၂၀ လေ။ သူ့ဆီမှာ သွားတာ။

ပိုက်ဆံလည်း အကြွေးထုတ်ပေးတယ်။ သူတို့က စာရင်းရေးထားတာလေ။ ကိုယ်ရတဲ့ဟာကို ဘယ်လောက်၊ ဘယ်လောက်ဆိုပြီး ပြန်မှတ်ထားလိုက်တာ။ အကြွေးထဲက ပြန်နှိမ်တာပေါ့။ နောက်ပိုင်း တွေ့ပေါ်လိုက်တဲ့ ခရီးသည်တွေ ပိုက်ဆံအိတ် ပျောက်တော့ ကောက်ခွင့်မရှိတော့ဘူး"

"မန္တလေးရောက်ခါစက အရင်ဆုံး ကိုကိုမောင်နဲ့တွေ့တယ်။ သူက ဟျောင့် ဘယ်သွားမလို့လဲတဲ့။ ဘယ်မှမသွားပါဘူးဆိုပြီး ဘူးခွံကောက်တဲ့သူတွေနဲ့ တွေ့တော့ ငါ မင်းတို့နဲ့ နေလို့ရလားလို့ မေးတာ. . ရတယ်၊ နေလို့ရတယ်တဲ့။ အဲဒါ မနက်ခင်းကျတော့ သူတို့နဲ့အတူ ဘူးခွံလိုက်ကောက်။ ကောက်ပြီးရောင်း။ ရောင်းပြီးရတဲ့ ပိုက်ဆံလေး သူတို့တွေကတော့ စုဆောင်းပြီး ကော်ဘူးတွေဝယ်ကြ။ ရှူကြ။ ကိုယ်ကတော့ ထမင်းစားတယ်၊ ဒါပဲ။ အိပ်တော့ လမ်းဘေးမှာ အိပ်တယ်။ ဘူတာထဲမှာ အိပ်လို့မရဘူး။ အပေါ်ထပ်က စစ်သားတွေက လိုက်ဖမ်းတာလေ။ စစ်သားတွေက ပတ်တာလေ။ စစ်နယ်မြေပတ်ရင်တော့ ပြေးရတာ။ ၃၅ လမ်း ဂုံးအောက်ဖြစ်ဖြစ်။ ဒါမှမဟုတ်ရင် အမှတ် (၈) ရဲစခန်းဘက်၊ အဲ့ဘက်အိပ်တယ်။ တွဲဟောင်းတွေပေါ် သွားအိပ်လို့မရဘူး။ ဓာတ်မီးတွေနဲ့ လိုက်ရှာတာ။ တွေ့ရင်ဖမ်းတာ။ အသက်မစေ့တဲ့သူကျတော့ သွား . . ကလေးထောင်။ အသက်စေ့တဲ့သူကျတော့ သွား . . အိုးဘိုပေါ့"

"ကော်စရှူတုန်းက ကိုယ်တော်နှစ်ပါးက ရှူခိုင်းတာ။ သူတို့ကလည်း လမ်းဘေးကပဲ။ နှာခေါင်းကရှူ ပါးစပ်က ထုတ်တဲ့။ စရှူတော့ မူးသွားတာ။ လူတစ်ယောက်ကိုကြည့်လိုက်ရင် ဘယ်လိုကြီးလဲမသိဘူး။ ဝါးတားတားကြီး။ မျက်လုံးက။ လူတစ်ယောက်က အရှေ့ကနေလာလို့ရင် ဟိုလူကြီးကဘာလို့ လေပေါ်မှာ လမ်းလျှောက်နေတာတုန်းပေါ့။ အဲ့လိုကြီး။ TV ကော်။ ရှူပါများတော့ စွဲသွားတာ။ တော်တော်ကို ဖြတ်ယူရတာ။ အရက်နဲ့ ဖြတ်တာပဲ။ ရှူတုန်းက ဘယ်လိုအရသာရှိလဲဆိုတော့ သူ့အဆီတွေက ပါးစပ်ထဲကိုဝင်သွားတာ။ အဲဒီတံတွေးကို မျိုချလိုက်တော့ ငါးကြီးဆီ ဝါးချလိုက်ရတဲ့အတိုင်းပဲ။ အဲ့အရသာကြီး"

"နောက်ကျတော့ မင်းမင်းကျော်နဲ့ ၃၅ လမ်းမှာ တွေ့တာ။ ဟ ကိုကြီး မျိုးနိုင်၊ ညီလေး ရွှေဘိုပြန်မှာ လိုက်မလား။ ဟာ. . ငါ ရွှေဘိုတစ်ခါမှ မရောက်ဖူးပါဘူးလို့။ ဘာလို့လိုက်ရမှာလဲဆိုတော့ ရွှေဘိုမှာ ရွှေခြသေ့ဘုန်းကြီးကျောင်း ရှိတယ်တဲ့။ ကိုယ်တော်လည်း ဝတ်လို့ရတယ်။ ကျောင်းသားလည်း လုပ်လို့ရတယ်တဲ့။ ကိုကြီး လိုက်မလားတဲ့။ အာ . . အေး ကောင်းတာပေါ့။ ငါလိုက်ခဲ့မယ်ဆိုပြီး လိုက်လာတာ။ အဲ့တုန်းက သူက လာပြောတယ်လေ။ အဲ့အချိန်ကတည်းက မပြန်တော့တာ။ မန္တလေးလည်း မရောက်ဘူး။ ဘယ်မှလည်း မသွားဘူး။ ဒီမှာပဲ နေနေတော့တာ။ ဒီမှာ ပျော်သွားတာ"

"ဘီလူးက ကိုယ်တော်နှစ်ပါးအကြောင်းပြောတော့ ကျွန်တော့် ကျေးဇူးရှင် ကိုယ်တော်နှစ်ပါးကို သတိရသွားတော့ ပြောစရာရသွားပြီ။ အစက ဘာပြောရမှန်း မသိဘူး။ ကျွန်တော်အရင်ပြောမယ်နော်၊ ကျွန်တော်က အဖေ အမေတို့ ရော ပါတယ်၊ ပြန်ရမှာမို့"

"ရတယ်၊ ယဉ်ဉပြော၊ အောင်ဒီး . . မင်းက နေအုံး၊ ပါးစပ်တပြင်ပြင် လုပ်မနေနဲ့"

"ဟာ လုပ်ပါဖူး၊ မပြောရလေ ကောင်းလေပါလို့"

"ကျွန်တော်ပြောမယ်နော်၊ ကျွန်တော် အခု အမေ့ကို အသက်ကြီးလို့ နားခိုင်းလိုက်တော့မလို့၊ ကျွန်တော်ပဲ လုပ်ကျွေးတော့မှာ။ အဖေလည်း ခံအိုးကောက်တယ်။ ထန်းလျက်ဝိုင်းချက်တယ်။ ကျွန်တော်နဲ့ အတူတူ။ ကျွန်တဲ့အလုပ်တွေ မလုပ်တတ်ဘူး။ သူကလည်း လမ်းဘေးကို ငယ်ငယ်ကတည်းက ရောက်တာကိုး။ သူက ပလုံးကောက်တာပဲ ကျွမ်းတယ်"

"အမေနဲ့က ညီမလေး နို့စို့တုန်းက ကောလင်းဘက်မှာ လုပ်ငန်းသွား လုပ်ရင်းနဲ့ တွေ့တာတဲ့။ အဲ့တုန်းက သူမိန်းမနာမည်က မိစိုးတဲ့။ ယောကျ်ားကို မကျေးဇူးချင်ဘူး၊ ခိုင်းပဲ ခိုင်းတယ်။ ပလပ်စတစ်တွေလည်း ကောက်ခိုင်းတယ်။ တောင်းလဲ တောင်းခိုင်းတယ်။ နောက်တော့ နားထိုင်းတဲ့သူခိုး၊ လျှေတွေမှာခိုးတဲ့

သူခိုး၊ အာ့ကောင်နဲ့ ဖောက်ပြန်တော့ အဖေ့ကိုပစ်ထားခဲ့တာ။ အဖေကတော့ ပြန်ခေါ်တာပေါ့။ ပြန်ခေါ်ပေမယ့် မရဘူး။ အာ့တုန်းကတော့ အမေက အဖေ့ကို ထီးချိုင့်ကို ခေါ်သွားတာ မွေးစားသားအဖြစ်နဲ့။ သူက အမေ၊ သားကလည်း အမေလို့ မခေါ်နိုင်ဘူး။ မအေလို တစ်ဖုံ၊ မယားလို တစ်ဖုံ သဘောထားမယ်။ လုပ်ကျွေးမယ်ဆိုပြီး အမေနဲ့ ရသွားတာ။ အာ့တုန်းက ကျွန်တော့်အဖေအရင်းက ဆုံးပြီ။ အရက်သောက်လို့ ဆုံးတာ။ အဖေဆုံးပြီးမှ အမေက ဦးလေးတို့ရှိတဲ့ ထီးချိုင့်ဘက် အလုပ်သွားလုပ်တာ။ ကျွန်တော်တို့က အားလုံးပေါင်း ညီအစ်ကို မောင်နှမ ၈ ယောက်ရှိတယ်။ မောင်နှမ ၂ ယောက်ပဲ အဖတ်တင်တာ။ ကျွန်တော့်အောက်က ညီမလေး"

"အခုဆိုရင် အမေက ၆၀ တွင်းထဲ။ ညီမလေး ၃၀-၄ နှစ်သမီးထဲက ယူတာ။ အဖေ့မိန်းမက တောင်းခိုင်းတယ်။ ပလုံကောက်ခိုင်းတယ်၊ အာ့ဒါက ကျွန်တော်တို့ ကိုယ်တွေ့။ ငယ်ငယ်လေးကတည်းက ဒါကို လုပ်စားတတ်လာတာ။ မိန်းမက တစ်ခြားလူနဲ့ ဖောက်ပြန်သွားတော့မှ အမေနဲ့တွေ့တာ။ ရပြီးတော့ ဒီလုပ်ငန်းကိုပဲ ဆက်လုပ်တာ။ အခု ကျွန်တော် အရွယ်ရောက်လာတော့မှ ရွာကို ပြန်ကပ်တာ။ ထန်းတက်တယ်။ တောင်သူလုပ်တယ်။ အဖေနဲ့ ကလေးမွေးတယ်။ အဖတ်မတင်ဘူး"

"ကျွန်တော်ဘယ်လိုလုပ် လမ်းပေါ်ရောက်လာတာလဲဆိုတော့ အစ်ကို ဝမ်းကွဲက ခေါ်လို့။ သူက သူ့ရွာကိုသွားမယ်ဆိုပြီး ခေါ်တာ။ ကျွန်တော်ကလည်း ငယ်ငယ်ကတည်းက မိဘပေါ်မှာ မကောင်းခဲ့တာ။ ဘာပဲဝယ်ခိုင်းလိုက် ဝယ်ခိုင်းလိုက် တစ်နေကုန် တစ်နေကမ်း တစ်ညလုံး တစ်ခါတစ်လေဆို ၂ ရက် ၃ ရက် လောက် ရှာမတွေ့ဘူး၊ သွားတာ။ ကျွန်တော်က TV မက်တယ်။ ရုပ်ရှင်ကားတွေဆို ကြည့်တယ်။ အာ့လိုလွတ်လိုက်ရင် ပြန်ကိုမလာတော့ဘူး။ ပိုက်ဆံကုန်သွားလည်း ရပ်ကွက်ထဲက ပလတ်စတစ်ကောက်တဲ့ ကလေးတွေနဲ့လိုက်ပြီး ဘူးပလုံးကောက်ပြီး ရောင်းတယ်။ အိမ်ကို မပြန်ဖြစ်ဘူး။ နောက်ကျတော့ အစ်ကိုဝမ်းကွဲကနေပြီးတော့မှ ငါ့ညီ အိမ်မှာမနေချင်ရင် ငါတို့နဲ့လိုက်ခဲ့ဆိုပြီး မန္တလေးမှာ ပစ်ထားခဲ့တာ။ ကားခမတတ်နိုင်လို့တဲ့"

"ဘူတာကြီးမှာ ရေသန့်ဘူးလေးတွေ ကောက်တယ်။ ကော်ရှူတဲ့ ကလေး တွေနဲ့ တွေ့တယ်။ ထိပ်ပေါက်တို့နဲ့ တွေ့တယ်။ အာ့မှာပဲနေလိုက်တာ။ နောက်ပိုင်း ကျ ရှူတတ်သွားတာ။ မန္တလေးမှာ တော်တော်ကြာတယ်။ ပိုက်ဆံတောင်းတယ်။ ဘူးပလုံးကောက်တယ်။ ပိုက်ဆံတောင်းတာက နည်းတယ်။ ရတဲ့ပိုက်ဆံကလည်း ကိုယ်သိပ်မသုံးရဘူး။ လမ်းဘေးက ကလေးတွေ အနိုင်ကျင့်ခံရလို့။ ကြီးတဲ့သူ တွေက အနိုင်ကျင့်တယ်။ ပိုက်ဆံမပေးရင် ရိုက်တယ်၊ ထိုးတယ်။ သွားတောင် ကျတ်တယ်။ သူတို့တောင်းတာ မပေးလို့"

"ပြီးတော့ လမ်းဘေးက ဦးဇင်းရှပ်ပြေးတဲ့။ သူက ဦးဇင်းအတု။ အခုအချိန် အထိ ရှိတယ်။ ရထားပေါ်မှာ အလှူခံသမျှက သူ့အဖွဲ့တွေချည်းပဲ။ ဦးဇင်းအာဗြ တဲ့။ အာ့နှစ်ယောက်ပဲ မှတ်မိတာ။ အာ့ဒါ ကျွန်တော့်ကိုခေါ်ပြီးတော့ ကိုရင်ဝတ် ပေးပြီးတော့ ရထားပေါ်မှာ စာအိတ်လေးတွေ ကမ်းခိုင်းတယ်။ ရတဲ့ပိုက်ဆံ သူတို့ကိုပေးရတယ်။ နေ့ဆိုရင် ဦးဇင်း။ ညဆိုရင် ဦးဇင်းဝတ်ကြီးနဲ့ အရက် သောက်၊ မိန်းမတွေနဲ့ နေတယ်။ ရထားတွဲကြားတွေထဲမှာ နေတယ်။ စာအိတ် ကမ်းတာ တစ်စီးကို မရပါဘူးဆို ၇၀၀၀ – ၈၀၀၀ ရတယ်။ တစ်ခါတစ်လေ ကျလည်း ၂၀၀၀၀ – ၃၀၀၀၀ ထိ ရတယ်။ သူ့ကို အကုန်အပ်ရတယ်။ မအပ်ရင် ထိုးတယ်။ ရင်ဘတ်တွေ ထိုးဖူးတယ်။ မျက်ခွက်တွေ ထိုးဖူးတယ်။ အာ့ဒါက ဦးဇင်းရှပ်ပြေး။ ဦးဇင်းအာဗြကကျတော့ ပေါင်တွေကို ဆေးလိပ်မီးနဲ့တို့တယ်။ လက်တွေကို ဆေးလိပ်မီးနဲ့တို့တယ်။ နှုတ်ခမ်းတွေကို ဆေးလိပ်မီးနဲ့တို့တယ်။ ပိုက်ဆံကို အပြည့်မအပ်ဘဲ တစ်ဝက်ထဲပဲအပ်ရင် ထိုးတာ။ လက်သီးနဲ့ရော ဆေးလိပ်မီးနဲ့ရော။ ခင်ဗျောင်းတဲ့၊ ပိုင်လေးတဲ့၊ ကျွန်တော်တို့ ၃ ယောက်။ သူတို့ ထမင်းကျွေးတယ်။ တစ်ခြားကိုလည်း ထွက်သွားလို့မရဘူး။ သူတို့လူတွေက များတယ်။ ဦးဇင်းဝတ်တွေ များတယ်"

"သူတို့က ရှော့နဲ့တိုက်တာတွေ မြင်ဖူးတယ်။ အာကာစိုးကို တိုက်တာ၊ ဓာတ်တိုင်က ကြိုးနဲ့ တိုက်တာ။ အကြာကြီးတော့ မတို့ဘူး။ ကန့်ဘလူအထက်မှာ လုပ်တာတွေ့ဖူးတာ။ အခုလည်း ရှိတယ်၊ သံလမ်းတစ်လျှောက်မှာ သူတို့လူတွေ

ရှိတယ်။ သူတို့လူတွေ ရထားပေါ်မှာ။ ဘူတာရဲ့ အနောက်ဘက်အခြမ်းမှာ ၁၅ ယောက်လောက်တော့ ရှိတယ်။ ဒီရထားနဲ့ ၂ ယောက်လိုက်သွားတယ်ဆိုရင် အထက်က စုန်လာတဲ့အပေါ်မှာလည်း ၂ ယောက်၊ ၃ ယောက်ပါတယ်။ ပိုက်ဆံကို မန္တလေးက စောင့်တောင်းတယ်။ မြစ်ကြီးနားက စောင့်တယ်။ နဘားက စောင့်တယ်။ တစ်ခါတစ်လေ ရွှေတိုက စောင့်တယ်။ သူတို့ကို ရထားရဲတွေက မသိဘူး။ ကိုရင်တွေလို့ပဲ သိတာ။ ကျွန်တော်လဲ ၅ ခါ၊ ၆ ခါလောက်တော့ ရိုက်တာခံဖူးတယ်။ ပါးစပ်တွေ ရိုက်တယ်၊ ပါးတွေ ရိုက်တယ်။ ခေါင်းတွေ ရိုက်တယ်။ ခေါင်း ၂ ခါ ကွဲဖူးတယ်။ အရက်ပုလင်းအပြားနဲ့ ရိုက်တာ။ သူတို့အမြဲအိပ်တာက အတွဲတွေကြားမှာ အိပ်တာများတယ်။ တစ်ခါတစ်လေ တည်းခိုခန်း တက်အိပ်တယ်။ မိန်းမပျက်တွေနဲ့ တက်အိပ်တာ။ သံယာ့ကဒ်ပြား အတုရှိတယ်၊ တွေ့ဖူးတယ်။ ၂ ခု၊ ၃ ခုလောက် တွေ့ဖူးတယ်”

“သူတို့လက်ထဲက လွတ်တာက နဘားမှာ။ ဖြစ်ချင်တော့ အသိနဲ့တိုးတာလေ။ အမေတို့က ထီးချိုင့်မှာ နေတော့လေ။ သူကလည်း နဘားကိုအရောက်၊ ကျွန်တော့်ကို ပိုက်ဆံမအပ်လို့ဆိုပြီး ရိုက်နေတဲ့အချိန်မှာ တွေ့တာ။ အဲဒါ သူက ငါတို့ထီးချိုင့်က ဒေါ်ပြည့်တင်ရဲ့သားလေးဆိုပြီး အကျိုတွေ ဘာတွေပြန်လဲပေး။ မင်းဘယ်သွားမှာလဲဆိုတော့ ထီးချိုင့်သွားမှာဆိုတော့ ထီးချိုင့်မသွားနဲ့ဆိုလို့ ကသာကနေ ပြန်ခေါက်လာပြီး မန္တလေးပြန်ရောက်။ အဲဒီကျတော့ ၄၁ မှာ နေတယ်”

“၄၁ မှာလည်း သူတို့တွေနဲ့ ပြန်မတွေ့ဘူး။ ကော်ရှူတဲ့သူတွေနဲ့ပဲ နေတာ။ ထိပ်ပေါက်တို့၊ ကြယ်ကြီးတို့ အများကြီးပဲ။ အာ့မှာ ဘူးပလုံး ကောက်တယ်။ တောင်းတယ်။ လစ်ရင် သုတ်တယ်။ ၃၅ လမ်းထဲက ဂါလံပုံးအဝါကြီးတွေ ပုံး ၅၀ မဖူးတယ်။ တွန်းလှည်းနဲ့ မ သယ်တာ။ အာ့တုန်းက တစ်ပုံးကို ၇၀ နဲ့ ရောင်းစားတာ။ ပိုက်ဆံတွေ ထမင်းဝယ်စားတယ်။ ကော်ဝယ်ရှူတယ်။ ကျွန်တော် ယူထားတဲ့မိန်းမ မိုးမိုးသန့်ကို ပေးတယ်။ ဝဲကျော်မကို ပြောတာ။ ဝဲတွေက ပျောက်လို့ ယောကျ်ားရလို့ ကြက်သားရောင်းစားနေတာ။ သူက ခုမြို့ဟောင်းစျေး

ထဲမှာ။ အာ့တုန်းက ၁၄–၁၅ လောက်ရှိပြီ။ အာ့တုန်းက တစ်ယောက်။ နောက် ရွှေဘိုရောက်တော့ ဖက်တီးမတဲ့၊ အာ့ဒါက တစ်ယောက်။ ဘယ်ကမှန်းတော့ မသိဘူး။ မကွေး–နတ်မောက်က တစ်ယောက်။ သူက မကောင်းတာ လုပ်စား တာ။ မသိဘဲနဲ့ ယူလိုက်တာ။ သူနာမည်က ဇင်မာလွင်တဲ့။ သူက လမ်းဘေး မှာပဲ နေတာ။ ဘယ်လောက်မှ မကြာဘူး ပေါင်းတာ။ ရွာခေါ်သွားပြီးတော့ မင်္ဂလာတွေဆောင်၊ ထီးချိုင့်က ဆွေမျိုးတွေဆီမှာ။ သူနဲ့က ၂ လကျော်၊ ၃ လလောက် ပေါင်းလိုက်ရတယ်။ သူက ဟိုမှာအဆင်မပြေဘူး။ အမေ့ကိုလည်း မညှာဘူး။ ကျွန်တော့်ပထွေးကိုကျ ဖက်နမ်းတယ်။ နောက် ကျွန်တော်က ရိုက် လည်း မရိုက်ရဘူး။ နှက်လည်း မနှက်ရဘူး။ ပွဲစေးလေးလိုက်နေတဲ့အချိန် သူက ထွက်သွားတာ။ ဘုရားကြို၊ ဘုရားကြား အိပ်တယ်။ အစ်မတွေက စေးရောင်း သွားတော့ မြင်တာလေ။ ငါ့မောင်ရဲ့ မယားလေးဆိုပြီး ပြန်ခေါ်လာတာ။ နောက် ထွက်သွားပြီး တံတားကြီးအောက်တွေ အိပ်တယ်။ နောက်ပိုင်း အိုးစွတ်မန်းကွင်း မှာ ရှိတယ်ဆိုလို့ အိုးစွတ်မန်းကွင်းမှာ လိုက်ခေါ်။ ထမင်းဆိုင်မှာ နေနေတာ။ သူနဲ့ရန်ဖြစ်နေတုန်း ဘယ်သူကမှန်း မသိဘူး ကျွန်တော့်ကို ရိုက်သွားတာ။ ခေါင်းကွဲသွားတာ။ အမေက ညတွင်းချင်းလိုက်လာပြီး ဆူ၊ ပြန်ခေါ်လာတယ်။ ရက် ၂၀ လောက်နေတော့ ဘယ်ကမှန်းမသိတဲ့ ကားကြီးနဲ့လိုက်သွားတာ။ ကျွန်တော်တောင် အိပ်ရာက မထသေးဘူး။ ကျွန်တော်က သူ့အတွက်နဲ့ အဲဒီမှာ အရက်တွေသောက်၊ ဆိုင်ကယ်မှောက်။ ထီးချိုင့်ဆေးရုံတက်၊ ခြေထောက် ချုပ်။ နောက် အမေတို့ ထန်းတောပြန်လုပ်ပြီး မကြာဘူး၊ မန္တလေးပြန်လာတာ။ မန္တလေး မှာ သူနဲ့ပြန်တွေ့တော့ သူက ချစ်ကိုတူးနဲ့ ယူထားတယ်။ လမ်းဘေးကဟာတွေနဲ့ ယူတယ်။ အများကြီးပဲ။ တစ်ခါတော့ ပြန်ပေါင်းသေးတယ်။ နောက်တော့ ပစ်ထား လိုက်တာ။ ခုတော့ ကိုယ့်ဘဝလေးနဲ့ကိုယ် လုပ်စားနေတာ”

“လမ်းဘေးမှာနေတုန်းက ဦးပွားရေစင်ကွေ့မှာ အနေများတယ်။ အဲ့မှာ လမ်းဘေးသားတွေက အများကြီးပဲ။ အောင်ကြီးတဲ့၊ သူက ကျွန်တော်တို့ လမ်းဘေးက ကလေးတွေကိုထိရင် မရဘူး။ သူကိုယ်တိုင် ဘက်ခွနဲ့ပစ်တယ်။

လိုက်လုပ်တယ်။ အဖေအောင်ကြီးက သားတို့ဆီက မင်းတို့ဘယ်လောက်အပ်၊ ဘယ်လောက်ပေးရမယ်လို့လည်း မရှိဘူး။ သူ့ရှိရင်တောင် ကျွန်တော်တို့ကို လာကျွေးတယ်။ ပွဲရှိရင်တောင် သူက လာပြောတာ။ တက္ကသိုလ်ရှေ့မှာ တောင်းတယ်။ တစ်ခါတစ်လေကျ ဆဲခံရတယ်။ ခိုးတာက တစ်ခါပဲခိုးဖူးတာ။ ကြယ်ကြီးတို့၊ မျိုးသူတို့ကတော့ လျှပ်စစ်ဝင်းထဲကကြေးတွေ ခိုးတာ။ ကျွန်တော်က လိုက်မသွားဘူး။ ပွတာက နောက်မှ။ ပထမဦးဆုံး ရဲရိုက်ခံရမှာကြောက်တယ်”

“ရွှေဘိုကို အေးရီမ ခေါ်လာတာ။ သူငယ်ချင်း မင်းလိုက်မှာလား။ ရွှေဘိုတက်မှာ။ ရွှေဘို–ရွှေခြသေ့ကျောင်းမှာ မင်း အိပ်လို့လည်း ရတယ်တဲ့။ ထမင်းလည်း ကျွေးတယ်တဲ့။ အာ့လိုနဲ့ခေါ်လာလို့ ဒီကိုရောက်လာတာ။ ဒီရောက်တော့လည်း ပလုံကောက်တယ်။ ကော်ရှူတယ်။ အရင်တုန်းက ညမှာ ဒီကိုအိပ်တယ်။ နေ့ဆိုရင် ပလုံကောက်တယ်။ စာတောင် ဒီရောက်မှ သင်ဖူးတာ။ သူများတွေလို မသင်ရဘူး။ စာသင်ချိန်ဆို ကျွန်တော် အပြင်ရောက်နေလို့၊ အကောက် ကောက်နေလို့”

“ရွှေဘိုကိုရောက်လာပြီဆိုရင် ကျောင်းမှာနေခဲ့တဲ့ အရင်တုန်းက စာကို မလေးစားခဲ့တာကိုလည်း သတိရတယ်။ သူငယ်ချင်း၊ အပေါင်းအသင်းအသစ်တွေနဲ့တွေ့၊ သူတို့က စာတတ်တော့ စာတွေဘာတွေဖတ်ကြတော့ ဩော်. . ကျောင်းမှာ နေခဲ့တုန်းက ငါ စာမသင်ခဲ့ဘူး၊ ငါ စာမတတ်ခဲ့ဘူး။ အာ့ဒါတွေလည်း သတိရတယ်။ ဂီတာတီးတာ၊ drum တီးတာတွေ သတိရတယ်။ ဓာတ်ပုံလိုက်ရိုက်တာတွေ သတိရတယ်။ အဲဒီတုန်းက ကျွန်တော့်ဓာတ်ပုံနှစ်ပုံ အရွေးခံရသေးတယ်။ ဟို. . ဂျက်နဲ့ ဆရာမဇာခြည် သင်ပေးတာလေ။ drum တီးတာတော့ မသင်လိုက်ရဘူး။ အော်ဂင်တီးတာတော့ သင်လိုက်ရတယ်”

“လမ်းဘေးမှာနေရတာ တစ်ခါတစ်လေကျရင် ပျော်တယ်။ တစ်ခါ တစ်ခါကျတော့ မပျော်ဘူး။ ကောင်းကောင်းမွန်မွန်လေးနဲ့ အလုပ်ကလေး အတည်တကျ လုပ်ချင်တာ။ အာ့စိတ်တွေ ဝင်လာရင် မပျော်တော့ဘူး။ ၄ – ၅ ခါလောက် ကြုံဖူးတယ်။ မင်းတို့ ခြေသန်လက်သန်နဲ့ မင်းတို့မိဘတွေက မဆုံးမဘူးလားဆိုပြီး

အော့လိုပြောတော့ စိတ်နာတာနဲ့ ရွာပြန်သွားတာ။ အမှန်က ကိုယ်ကမကောင်းတာလေ။ မိဘတွေက အချောင်ပြောခံရတာ"

"ကျွန်တော် မန္တလေးတုန်းက နံပါတ်ဖိုးတောင် သုံးဖူးတယ်။ ဂေါဝိန် ဆိပ်ကမ်းတည့်တည့် သွားရတာ။ မကောင်းတာတွေ လုပ်စားတာ။ အော့မှာ ဆေးလည်း ရတယ်။ အလွယ်တကူရောင်းတယ်။ ၁၀၀၀ ဖိုးရတယ်။ ၅၀၀၀ ဖိုးရတယ်။ ဝယ်နိုင်ရင် ဝယ်နိုင်သလိုရတယ်။ ၅၀၀ ဖိုးတော့ မရဘူး။ ဆေးထိုးအပ်နဲ့ သုံးတာ။ သွေးကြောထဲကို သူတို့ထိုးပေးတာ။ ဘယ်လောက်ဖိုးဆိုပြီး ထိုးပေးလိုက်တာ။ ထိုးတော့ မှိန်းနေတာ။ နားငြိုးတဲ့ဒဏ်လည်း မခံချင်ဘူး။ အော့နားမှာ လဘက်ရည်ဆိုင်လေးရှိတယ်။ အော့ဆိုင်ကလည်း ဆေးသမားတွေချည်းပဲ လာကြတော့ ဘာမှ မပြောဘူး။ အော့ဆိုင်မှာပဲ မှိန်းနေတာ။ ဖြတ်ပြီးမှ ရောက်သေးတယ်။ အော့တော့ စိတ်ပြတ်သွားတော့ မလုပ်တော့ဘူး။ ၂ လလောက်တော့ စွဲလိုက်သေးတယ်"

"ပိုက်ဆံက ပလုံးကောက်တယ်။ လစ်ရင် ခိုးတယ်။ ဖုန်းခိုးဖူးတယ်။ ဆိုင်ကယ်ခိုးဖူးတယ်။ တစ်ချို့ကျ ဖုန်းက ဆိုင်ကယ်ထဲ ထည့်ထားတာ။ တစ်ချို့ကျ မေ့ကျန်ခဲ့တာ အော့ဒါတွေ ခိုးဖူးတယ်။ ဆိုင်ကယ်ကျ သော့မဖြုတ်ဘဲ ထားခဲ့တဲ့ ဆိုင်ကယ်တွေ ခိုးတယ်။ အဖမ်းခံရမှာကြောက်တာနဲ့ ထီးချိုင့်ကို ပြန်သွားတော့ ဆေးပြတ်သွားတာ။ အိမ်ပြန်တော့ အမေတို့နဲ့အတူ ပလုံးကောက်တယ်။ တွေ့သမျှ အလုပ် အကုန်လုပ်တယ်"

"တွေ့သမျှအလုပ်ဆိုတာက ကောင်းတဲ့အလုပ် အကုန်လုပ်တယ်။ ပလတ် စတစ်ကောက်တယ်။ ဈေးလည်း ရောင်းတယ်။ သုံးဘီးလည်း ပို့တယ်။ ဆန်အိတ်တွေ ဘာတွေ လိုက်ပို့တယ်။ ကျွန်တော်ရောက်ပြီး ၁၅ ရက်၊ ရက် ၂၀ လောက်ကျတော့ ကျွန်တော်ခြေငြိမ်အောင်ဆိုပြီး ဝယ်ပေးတာ။ အမေတို့ကတော့ ပလုံးကောက်တယ်။ သုံးဘီးမောင်းတယ်။ အမေ့ရွာဘက်အခြေချပြီးတော့ ကျွန်တော် ထန်းပြန်တက်တော့မယ်။ ထီးချိုင့်က အမေ့ဦးလေးတွေ နေတာ။ အမေ့ရွာက ဒီပဲယင်းဘက်မှာလေ။ ရွာဘက်မှာ ဈေးရောင်းရင်းနဲ့ နေရာထိုင်ခင်း သွားကြည့်တာ။ ထန်းတက်စားတော့မလို့၊ ကျွန်တော်တို့တစ်မျိုးလုံးက ထန်းတက်စားသူတွေ

ချည်းပဲ။ ကျွန်တော်က ထန်းလျှီးရတယ်။ ခံအိုးခြစ်ရတယ်။ ထန်းလျက်လည်း ချက်တတ်တယ်"

"အောက်ရောက်ရင် ရေနဲ့ သကြားနဲ့ ရောသေးတယ်။ ထန်းရေဂျိုးနဲ့ ဆိုတော့ ရောလို့ရတယ်လေ၊ ထန်းရည်အစစ်ရယ်၊ ရေရယ်၊ သကြားရယ်၊ ခါးအောင် တည်ခေါက်က ထိန်းပေးတယ်လေ၊ တည်ခေါက်ခြစ်ပြီး ထည့်တာ။ အဲ့တစ်မျိုးထဲ ထည့်တာ။ ထနောင်းခေါက် ထည့်ကြတယ် တစ်ချို့ကျ။ ထီးချိုင့်ဘက်မှာ ရောတာ။ အပင်နည်းလို့။ ဒီပဲယင်းမှာကတော့ မရောဘူး။ ဒီရွာဘက်က မရောတော့ဘူး။ အထက်ပိုင်းတွေဘက်တော့ ရောတယ်။ ကိုယ့်ဘာသာကို ထန်းပင်လိုက်ရှာတယ်။ ခင်ဗျားတို့အပင်တော့ တက်မယ်ဗျာ။ တစ်ပင်ကို ဘယ်လောက်ပေးမယ်ပေါ့၊ ကိုယ်က ဝယ်တက်တာ။ အော့ကထွက်တာကို ကိုယ်က ယူရောင်းတာ။ တစ်ရာသီဆို တော်တော်လေးရပါတယ်။ ဒီနှစ် ရွာမှာပြန်တက်တာ။ ထီးချိုင့်မှာ လုပ်မစားချင်တော့တာက အမေရဲ့ဦးလေးအရင်း ဘဘဦးခင်မောင်လည်း မရှိတော့ဘူး။ အမေကြီးကြည်လှိုင်လည်း မရှိတော့ဘူး။ ဘဘဦးကြည်မောင်လည်း မရှိတော့ဘူး။ အကြီးအကဲတွေ မရှိတော့လို့။ ဒီဘက်မှာကတော့ အမွေဦးလေးတွေ အများကြီးရှိတယ်။ ပထွေးကတော့ ထန်းမတက်တတ်ဘူး။ ပိုက်ဆံ ၅ ကျပ်၊ ၁၀ တောင် မသိဘူး။ ခံအိုးလေး ဘာလေး ဝိုင်းကူတယ်။ ထန်းလျက်ချက်တာ ဝိုင်းကူတယ်"

"လောလောဆယ်တော့ အမေနဲ့အဖေက စျေးရောင်းတယ်။ ကျွန်တော်က ပလုံးကောက်တယ်။ အငယ်မလေးကလည်း စျေးရောင်းတယ်။ တစ်ခါတစ်လေကျ အဖေနဲ့ သားနဲ့ ပလုံးကောက်တယ်။ သူတစ်ယောက်တည်းတော့ မရနိုင်ဘူး။ ၇၀၀၀ – ၈၀၀၀ ပဲ။ သားအဖ တစ်ခါတစ်လေကောက်တာ ၂၀၀၀၀ ကျော်ဖိုးလောက် ရတယ်။ တောရွာတွေမှာ သွားကောက်တာ။ ဆိုင်ကယ်သုံးဘီးလေးရှိတယ်လေ။ အခု အမေလည်းပါတယ်။ ကျောင်းပေါက်ဝမှာ စောင့်နေတာ။ အခု အရုပ်ရောင်းမလို့ကို အရင်းအနှီးက မတောင့်သေးလို့။ ကလေးကစားစရာ အရုပ်တွေပေါ့။ ဒီရွှေဘိုမှာပဲ ဝယ်တာ။ ဘုရားပွဲတွေက အများကြီးပဲ ရွာနားလေး

တင်ကို။ မနေ့က ရွာဆွမ်းလောင်းပွဲမှာကို တော်တော်ရောင်းရတယ်၊ ခုက အရင်း အနှီးထပ်ဖြည့်ချင်လို့ အကောက်ထွက်လာတာ"

"လမ်းဘေးတုန်းက သင်တန်းကျောင်း မရောက်ဖူးဘူး။ ထောင်တော့ ရောက်ဖူးတယ်။ ဇင်မာလွင်နဲ့မယူခင် တစ်ရက်က ကြက်သွန်လှီးမားလေးကို ကျွန်တော့်ကို ပေးထားတာ။ ကျွန်တော်နဲ့အတူတူနေနေတဲ့ ကလေးလေးက ကျွန်တော်နဲ့ စိတ်ဆိုးသွားတာ။ ဒီကောင်လေးကို လိုက်ချော့တယ်။ ခွေးကလည်း လိုက်ဆွဲတာ။ စိတ်မရှည်တာနဲ့ ခေးနဲ့ပေါက်ထည့်တာ။ ဘုရားကြီးအရှေ့က ဆိုင်ကယ်ကယ်ရီ လိုက်ပို့တဲ့သူတွေက ဖမ်းပြီးတော့ ဦးကယားကို ဖုန်းလှမ်းဆက်တာ။ ရဲကခေါ်ရော။ ဓါးကိုင်မှုနဲ့မဟုတ်ဘူး။ ရဲမသက်မှုနဲ့ ထောင် ၂ လကျတယ်။ အိုးဘိုထောင်မှာ"

"ကောင်မလေးတွေက ကိုယ်က ထည့်တာတော့ မရှိပါဘူး။ သူတို့ဘာသူတို့ပဲ လုပ်ကြတာ။ ဇင်မာလွင်တို့တော့ လုပ်စားတယ်။ လာခေါ်ရင် လိုက်သွားတယ်။ ပြင်ဦးလွင်သွားတဲ့လမ်းက ကွမ်းယာဆိုင်ဘက်မှာတော့ အေးရီမနဲ့ သူ့ယောင်းမတို့က မကောင်းတာ လုပ်စားတယ်။ ဆိုင်မှာတင်ပဲ လုပ်စားတာ။ တခြား လိုက်သွားစရာ မလိုဘူး။ တည်းခိုခန်းလိုက်သွားလည်း ဖြစ်တယ်"

"သူတို့ကို သူများတွေက ခိုင်းစားတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ကသာ ကိုယ့်ဘဝကြီးကို မနည်းရုန်းကန်ရတယ်။ လမ်းဘေးသားတွေထိန်းတဲ့အဖွဲ့အစည်းရှိတယ်။ ဦးဇင်းရှပ်ပြေးတို့၊ ဦးဇင်းအာဖြဲတို့လိုပေါ့။ သူတို့လက် အောက်ကနေ ရုန်းထွက်ရတယ်"

"ကဲ ပါးစပ်ပြင်နေတဲ့အောင်ဒီးပြော၊ ငါ ပြီးပြီ"

"ဟိုမှာ အမေဝင်လာနေပြီ၊ အားလုံး ကျွန်တော်ပြန်အုံးမယ်နော်"

"လုပ်ပါအုံး . . အောင်ဒီး၊ မင်းရော ဘယ်လိုရောက်လာတာလဲ"

"သားငယ် အရင်ပြော"

"မင်း . . မေးတာ၊ မင်းပြောပေါ့"

"ကျွန်တော်လဲ ကိုမျိုးနိုင်လိုပဲ၊ ဦးလေးကြောင့် လမ်းပေါ်ရောက်လာတာ။ ကျွန်တော်က မြစ်ကြီးနား သတ်ကုန်းမှာ ကြီးတာ။ မွေးတာက ဆွမ်ပရာဘွမ်မှာ"

"ဆွမ်ပရာဘွမ် သွေးချင်းတို့ ပျော်ရာမြေ၊
ဆွမ်ပရာဘွမ် သွေးချင်းတို့ ပျော်ရာမြေ။ ဆိုတဲ့ သီချင်းထဲကဟာလား"

"အေး ဟုတ်တယ်၊ ကျွန်တော်ငယ်ငယ်တုန်းက တောင်ပေါ်မှာ ကျောင်းတက်တာ။ အောက်ကိုလှမ်းကြည့်ရင် အရမ်းလှတယ်၊ နှင်းတွေနဲ့။ မိုးရွာပြီးစ ဆိုရင်လဲ လှတယ်။ တိမ်လေးတွေက သွားနေတာ။ ကားကြီးတွေ သွားဖို့တဲ့။ အဲဒီတောင်ကိုဖြိုလိုက်ပြီး ကားလမ်းလုပ်လိုက်တော့ ကြည့်စရာမရှိတော့ဘူး"

"ငါ မရောက်ဖူးဘူး၊ ဟေ့ ။ မြစ်ကြီးနား ဘယ်သူလိုက်မလဲဟေ့၊ တို့တွေ အဖွဲ့လိုက်သွားရအောင်"

"ကျွန်တော်လည်း တစ်ခေါက်မှ ပြန်မရောက်သေးဘူး၊ ကောင်းတယ်"

"အောင်ဒီး ဆက်ပြောကွာ"

"သူငယ်တန်းတက်နေတုန်းပဲ အဖေက ဖုန်ကြမ်းကို ရွှေကျင်သွားမယ် ဆိုပြီး ကျွန်တော့်ကိုခေါ်တာ။ အမေက ကျောင်းတက်နေရစ်စေချင်တာ။ ကျွန်တော်က လိုက်ချင်တာ။ အမတစ်ယောက်က မြစ်ကြီးနားက အဘွားဆီမှာ။ သူက ၈ တန်းထွက်ပြီး အလုပ်လုပ်နေတယ်။ အမတစ်ယောက်က ရန်ကုန်က ဦးလေးဆီမှာ ကျောင်းတက်နေတာ။ ခုတော့ ဦးလေးက သူ့မိန်းမဆုံးတော့ ပြန်လာတယ်။ အမလည်း မြစ်ကြီးနားမှာပဲ ကျောင်းဆက်တက်တယ်။ ခုဆိုရင် ၁၀ တန်းပေါ့။ အမေက ဖုန်ကြမ်းမှာ ဗိုက်ကြီးလာတော့ ပြန်ချင်ပြီ။ အဖေက နောက်လမှ ပြန်ရအောင် ပြောတယ်။ နောက် ၂ ရက်၊ ၃ ရက်လောက်ကြာတော့ အမေက အထက်လှန် အောက်လျှောဖြစ်ပြီး သေသွားရော။ အဲဒီမှာ အဖေက သူ့တရုတ် လောပန့်ရဲ့သားက မြစ်ကြီးနားပြန်မယ်ဆိုတော့ ကျွန်တော့်ကို အဘိုးအဘွားဆီ ထည့်လိုက်တယ်"

"ကျောင်းတော့ ထားပေးတယ်။ ကျွန်တော်က မနေချင်ဘူး။ အဘိုးက နွား ၂ ရှဉ်းဝယ်ထားတော့ နွားကျောင်းတယ်။ နွားတွေက တောင်ပေါ်ကို ထင်းခုတ်ရင် အဌားလိုက်တယ်။ တစ်ခေါက်ကို တစ်သောင်းခွဲ၊ နှစ်သောင်း ရတယ်။ အိမ်ဘေးက အကိုကြီးက ခဏခဏပြောပြတော့ ကျွန်တော်တစ်ရှဉ်း၊ သူတစ်ရှဉ်းနဲ့ လိုက်သွားတယ်။ နောက်ပိုင်း ဆက်တိုက် လိုက်သွားဖြစ်တယ်။ အသွားအပြန် ၂ ရက်ကြာတယ်။ စနေ၊ တနင်္ဂနွေပဲ နားတယ်။ ဘုရားကျောင်း တက်ရမှာပို့။ ကျွန်တော်ကတော့ သူငယ်ချင်းတွေနဲ့လည်တာ များပါတယ်။ သူက တက်တယ်"

"ဦးလေး ပြန်ရောက်လာရော။ အစက ကျွန်တော်လည်း သူ့ကို ဦးလေး မှန်းလည်း မသိဘူး။ သူက အရက်ဝယ်ခိုင်းတယ်။ ကျွန်တော်က စောစောအိပ်တော့ ၁၂ လောက်ဆို နိုးတယ်။ အဲဒီအချိန်ဆိုရင် ဦးလေးက နှိပ်ခိုင်းတယ်။ နေ့တိုင်းပဲ။ မနိုးလဲ နှိုး ခိုင်းတယ်။ မနက် သုံး၊ လေးနာရီထိ နှိပ်ပေးရတယ်။ အဲဒီကျမှ ပြန်အိပ်တော့ ၈-၉ နာရီမှနိုးတော့ ထင်းတိုက်မမှီတော့ဘူး။ ဦးလေးက အဘိုးအဘွားတွေကို ကလန်ကဆန်ပြောတယ်ထင်ရင် ရိုက်တယ်။ အမှန်က ကျွန်တော့်စိတ်ထဲက အဲလိုမရှိဘူး။ မတ်တတ်ရပ် လက်ပိုက်ခိုင်းပြီး ကြိမ်နဲ့ရိုက်တယ်။ ဝါးခြမ်းပြားကြီးနဲ့ ရိုက်တယ်။ ၅ ချက်၊ ၆ ချက်၊ ၇ ချက် ရိုက်တယ်။ တစ်ခါတစ်လေ နှိပ်ရင်း အိပ်သွားရင် မနက်ကျရိုက်တယ်။ တစ်ညတစ်လေ အပြင်ဘက်ထွက်ပြီး ခွေးနဲ့ သွားအိပ်တယ်"

"သူရောက်ပြီး ၁ နှစ်လောက်ကြာတော့ အိမ်က ထွက်လာခဲ့တယ်။ ဘူတာကြီး ရောက်သွားတယ်။ ကျွန်တော်ထိုင်နေတာ ကြာတော့ ထမင်းဆိုင်က အမကြီးက သား ဘယ်ကတုန်းမေးတော့ ကျွန်တော်က ပြောပြလိုက်တယ်။ သူက သူ့ဆိုင်မှာ လုပ်မလားဆိုတာနဲ့ နေလိုက်တယ်။ တစ်လ ခြောက်သောင်းခွဲပေးတယ်။ ဦးလေးလာရှာရင် ပုန်းနေလိုက်တယ်။ အမတွေလည်း လာခေါ်တယ်။ ကျွန်တော်က အိမ်မှာဘယ်လိုမှ မနေချင်တော့ဘူးလို့ ပြောလိုက်တယ်။ အဖေလည်း အိမ်ပြန်ရောက်လာတယ်။ နောက် ဖားကန့်တက်သွားတယ် ကြားတယ်။ ဆိုင်ရှင်

က ည အိမ်ပြန်တယ်။ ကျွန်တော့်ကို ခေါ်တယ်။ ဒါပေမဲ့ ကျွန်တော်က ဆိုင်မှာပဲ အိပ်လိုက်တယ်။ အဲဒီမှာ တစ်လလောက်ကြာတော့ ညပိုင်းမှာ ရထားကြိုပေးတယ်။ ထမင်းဆိုင်လာစားတဲ့ သုံးဘီးအကိုကြီးတွေက ခရီးသည်ရရင် အကို့ကို ပြော ၅ ယောက်လောက်ဆိုရင် တစ်ဝက်ဈေး ပြန်ပေးမယ် ပြောတယ်။ ခရီးသည် နှစ်ယောက်လောက်ဆိုရင်တော့ တစ်ထောင်လောက်ပဲ ပေးတယ်"

"ဆိုင်နေရင်း စက်ဘီးကတော့ ခဏခဏဝယ်စီးတယ်။ တစ်စီးဝယ်ရင် တစ်စီးရောင်းပဲ။ အဝတ်အစားတွေလည်း ခဏခဏဝယ်တယ်။ ဆိုင်ကလည်း ဝယ်ပေးတယ်။ ဆိုင်ကယ်လိုချင်တယ်ပြောတော့ ကျွန်တော့်ပိုက်ဆံအပြင် ဆိုင်က ပါ စိုက်ဝယ်ပေးတယ်။ သုံးလကျော်တော့ မော်တော်ဘိုင်ကယ်ဖမ်းခံရပြီး ဆိုင်ကယ် အသိမ်းခံလိုက်ရတယ်။ သူကလဲ ခုနှစ်သောင်း၊ ရှစ်သောင်းနဲ့ လာရွေးယူလို့တော့ ပြောတယ်။ မရွေးဖြစ်တော့ဘူး။ ဆိုင်ကိုအားနာလို့ ပျောက်သွားတယ် ပြောလိုက်တာ၊ ဟိုလိုဆို သူတို့က ပြန်ရွေးပေးမှာ။ သင်ပေးတဲ့အကိုကြီးတွေက နေ့မစီးနဲ့လို့ ပြောတယ်။ ကျွန်တော်က စီးမိလိုက်တာ။ နောက်ပိုင်း မန္တလေးသွားချင်စိတ် ပေါ်လာတယ်။ ဆိုင်ကိုပြောတော့ တားတယ်။ ကျွန်တော်ကလည်း သွားချင်စိတ်နဲ့ ဆက်နေနေရင် အဆင်ပြေမှာမဟုတ်ဖူးဆိုတော့ ခုနှစ်သောင်းခွဲ ထုတ်ပေးလိုက်တယ်"

"ဘုရားကြီး၊ ဘုရားကြီးနဲ့ မြစ်ကြီးနားမှာကတည်းက ကြားနေတာ။ဘုရားအကြီးကြီးနေမှာပဲ၊ ဘယ်လောက်ကြီးမလဲ မသိဘူး။ ကြည့်ချင်လိုက်တာ၊ သွားရှာမယ်ဆိုပြီး ဘူတာထဲတစ်ညအိပ်ပြီး နောက်ရက်ကျ အပေါ်ထပ် တက်လိုက်တယ်။ ဘယ်သွားရမှန်းမသိတော့ အောက်ထပ်ပြန်ဆင်း၊ တက်လိုက်၊ ဆင်းလိုက် လုပ်နေတုန်း မင်းမြတ်သူနဲ့တွေ့တယ်။ သူက မင်း ကချင်လေး မဟုတ်လားလို့မေးတော့ သူကိုမြင်ဖူးပါတယ်ဆို ကြည့်နေတာ။ နောက်မှ သူက မြစ်ကြီးနားဘူတာမှာ လာနေဖူးတဲ့သူ ဖြစ်နေတာ။ လမ်းဘေးသားတွေက ကျွန်တော်နေတဲ့ဆိုင်ရှေ့ အိပ်ကျတယ်။ အဲဒီတုန်းက ကျွန်တော်က ကော်မရှင်နဲ့ အလုပ်ရှာပေးမယ်ပြောတော့ သူတို့က ကော်ပဲရှူးကြတာ။ သူက အပေါ်ထပ် ဂိမ်းလာဆော့ရင်း တွေ့တာ။

အတူတူဂိမ်းဆော့ပြီး ဘုရားကြီးသွားကြတယ်။ ဟိုရောက်တော့ သူက ကော်ဘူးနဲ့ဆိုတော့ လိုက်လို့မရဘူးတဲ့။ လက်ညှိုးထိုးပြတယ်။ တည့်တည့်သွားတဲ့။ သွားကြည့်တော့ ဘုရားကသေးနေလို့ ဒီကောင် ငါ့ကို နောက်တာပဲဆိုပြီး ပြန်မေးတယ်။ ဘုရားနဲ့တွေ့ရတာ ပျော်တယ်”

“ဦးပွားမှာ လမ်းဘေးသားတွေနဲ့ အတူနေတယ်။ မင်းမြတ်သူက ပါလာတဲ့ပိုက်ဆံကို သူ့အသိကွမ်းယာဆိုင်မှာ အပ်ပေးထားတယ်။ တစ်ရက်စာချင်းထုတ်သုံးပေါ့။ ၂ ရက်၊ ၃ ရက်နေတော့ ဝေါလ်ဗီရှင်က ဆရာတွေရောက်လာတော့ ဒွန်ဘော်စကိုကျောင်း ပို့လိုက်တယ်။ အဲဒီမှာ သူများတွေက ကျောင်းသွားကြ။ ကိုယ်က အိပ်လိုက်စားလိုက် တီဗီကြည့်လိုက်ပဲဆိုတော့ ပျင်းတာနဲ့ ပြန်ထွက်လာတာ။ နှစ်ပတ်လောက်ပဲ ကြာတယ်။ ဦးပွားမှာ ပြန်နေတယ်။ လမ်းဘေးသားတွေနဲ့ ပြန်နေတော့ ကော်စမ်းရှုကြည့်တာ။ စရှူတော့ လူက ဘာမှမသိတော့ဘူး။ လူက ဒီနားမှာ။ စိတ်က အဝေးကြီးမှာရောက်နေတယ်လို့ ခံစားရတာ။ နောက်ပိုင်းမှာ စိတ်က အဝေးကြီးရောက်သလိုတော့ မဖြစ်တော့ဘူး။ ရှူလိုက်ရင် နေလို့ကောင်းနေတာ။ မရှူရရင် ခေါင်းကိုက်တာလိုလို၊ အန်ချင်တာလိုလို၊ အိပ်ပဲ အိပ်ချင်သလိုလို၊ ထမင်းပဲ စားမရတာလိုလိုတွေ ဖြစ်နေတာ။ ရှူလိုက်ရင် ချက်ချင်းပျောက်သွားပြီး နေလို့ကောင်းနေရော”

“အကောက်တော့ လိုက်တယ်။ မတောင်းဘူး၊ မခိုးဘူး။ သူတို့က လမ်းပြထားတယ်။ မနက်အစောကြီး တစ်ယောက်ထဲသွားကောက်တာ။ လေးနာရီလောက်ဆို ထွက်ပြီ။ အဲဒီအချိန်ဆို ရဲလည်း မပတ်တော့ဘူး။ တစ်ရက်ကို သုံးထောင်၊ လေးထောင် ပုံမှန်ရတယ်။ တစ်ခါတစ်လေ ကြေးတွေရရင်တော့ သောင်းကျော်ရတယ်။ လမ်းဘေးနေတော့ ဆေးလိပ်လည်း စွဲသွားတယ်။ အရက်ကတော့ တစ်ခါတစ်လေတော့ သောက်တယ်။ ဖဲရိုက်တယ်။ တက်တူးထိုးတယ်။ အချင်းချင်းပဲ ထိုးပေးတာ။ အပ်ဝယ်၊ တံမြက်စည်းတံမှာ ကြက်ပေါင်ကွင်းနဲ့ ချည်ပြီး ဘောပင်ထဲကမင်နဲ့ ထိုးတာ”

“မင်းမြတ်သူတို့နဲ့ မုံရွာလိုက်သွားသေးတယ်။ သူ့ရည်းစားရယ်၊ သူ့ရည်းစားအမရယ်နဲ့။ လမ်းဘေးမှာနေရင်း ဖျားတယ်။ ဖျားတော့ သူတို့က အနောက်ဘက်

ကမ်း ကူးမှာ မလိုက်တော့ဘူး။ ဆိုက်ကားဆရာတွေက ဆေးကုပေးပြီး ဘုန်းကြီး ကျောင်း နေမလားဆိုတော့ သွားနေလိုက်တယ်။ ကိုရင်တောင် သုံးပတ်လောက် ဝတ်လိုက်သေးတယ်။ ပျင်းတာနဲ့ အကျီ၊ ဘောင်းဘီ၊ လွယ်အိပ်ဝယ်ပြီး ဘုန်းကြီးကို မနေချင်တော့ဘူးဆိုတော့ ဘုန်းကြီးက တားမရတာနဲ့ လူချွတ်၊ ငါးပါးသီလ ပေးတယ်။ လမ်းစရိတ်ပေးလိုက်တယ်"

"ဦးပွားမှာပြန်နေတော့ ကျော်ကျော်တို့၊ ရှမ်းလေးတို့က ရွှေဘိုမှာ ရွှေခြသေ့ ကျောင်းရှိတယ်၊ ကလေးတွေနဲ့ ပျော်ဖို့ကောင်းတယ်ဆိုပြီးခေါ်တာ၊ မလိုက်ချင်ဘူး လို့ပြောတော့ မင်းတစ်ယောက်ထဲ ကျန်နေရစ်လိမ့်မယ်ဆိုပြီး ဇတ်ခေါ်လာတာ။ ရောက်တော့ ပျော်တယ်။ အစကတော့ ဘယ်သူမှ စကားမပြောရဲဘူး။ အဝတ် အစားတွေ ပါမလာတော့ ဝေါလ်ဗီရှင်ပြန်ယူတာ။ ဆရာတွေက ဒွန်ဘော်စကို ပို့လိုက်ရော။ ဒွန်ဘော်စကိုနေတော့ ဗထူးကွင်းမှာ ဝူရှူးသွားသင်တယ်။ အဲဒီမှာ ဇွဲနဲ့ သိတယ်။ သူက ၉ တန်း။ သူက ကျောင်းမတက်ချင်တော့ဘူး၊ ရွာပဲပြန်၊ နွားကျောင်းချင်တယ်ပြောတော့ သူ့အမေက ကျောင်းပဲတက်တဲ့။ မန္တလေးက သူ့အဒေါ်ကလည်း ကျောင်းပဲတက်ခိုင်းတယ်။ သူအမြဲပြောတယ်။ ဒီကျောင်းနဲ့ ဝေးရာ ခေါ်သွားဖို့ပြောတာ။ ကျောင်းမှာက စာမရတိုင်း ရိုက်ခံနေရတော့၊ သူက စိတ်ဓာတ်ကျနေတာ။ ကျွန်တော်က ရွှေဘိုအကြောင်းပြောပြတော့ သူက ရွှေခြသေ့ကို ဘယ်လိုသွားရလဲမေးတယ်။ ငါရောလိုက်မှာဆိုပြီး သူ့ကိုခေါ်လာခဲ့ တယ်။ ထွက်တုန်းက ည ၂ နာရီ ထွက်လာခဲ့တာ"

"နောက် မကြာဘူး၊ ဇွဲကို ဝေါလ်ဗီရှင်က ဆရာတွေ ပြန်လာခေါ်သွား တယ်လေ"

"ဒွန်ဘော်စကို ပြန်ရောက်တော့ သူ့ကို မတွေ့တော့ဘူး။ သူ ရှိ၊ မရှိ သူဇာလွင် သိချင်သိမှာ"

"ငါက ဘာလို့ သိရမှာလဲ"

"နင် အဲဒီတုန်းက အဲ့ကောင်နား ကပ်နာလေ"

"အာ့နဲ့ သိစရာလား၊ မသာနော်"

"ညီမလေး သူဇာလွင်ကရော ဘယ်လိုလုပ် လမ်းပေါ် ရောက်လာတာလဲ၊ အောင်ဒီးနဲ့ ရန်ဖြစ်မနေနဲ့၊ သူ့ကို နင်က အကပ်မခံလို့နေမှာ၊ နင့်အကြောင်း ပြောအုံး"

"အောင်ဒီးတို့က ဝေါင်ဝေါင်ရှေးနော်"

"ငါက နင်တို့ထဲမှာ သခင်မနော်၊ ငါ့ကို မစနဲ့"

"နင်က ဘာမို့ သခင်မဖြစ်ရမှာတုန်း"

"ငါ့ကို သခင်မတောင်မှာ မွေးတာလေ၊ ငါ့အမေက ငါ့ကို ဖျက်ချသေး တယ်တဲ့၊ အခုအဖေက တားလို့ ငါလူဖြစ်ပြီး နင်တို့တွေ့နေရတာ"

"နင်လဲ ရှုပ်နေတာပဲ။ အခုအဖေ၊ အရင်အဖေ၊ နောက်အဖေရော ရှိအုံးမှာလား"

"မပူနဲ့၊ နောက်အဖေက အများကြီးရှိမှာ။ ငါ့အမေအကြောင်း ငါသိတယ်"

"ဒိုးဆလံ တင်းဆလံပါပဲ၊ ကဲကဲ ဆက်သာပြောပါ"

"အခုအဖေကပဲ ငါ့ကို စောင့်ရှောက်လာတာ။ ဒီအဖေနဲ့က ကလေး သုံးယောက်ထပ်မွေးတယ်။ အမနဲ့ အကိုနှစ်ယောက် ရှိသေးတယ်။ သူတို့က တစ်ဖအေ။ အဖေနဲ့ အမေက ၁၂ ပွဲလုပ်တာ။ ဇီးကွက်ရုပ်ကို ကြက်ပေါင်ကွင်းနဲ့ ပစ်တာတို့၊ ပြေတီဦးတို့၊ မေသက်ခိုင်တို့ပုံတွေကို မဲလိပ်လိပ်တာတို့၊ ဂလုံးဂလုံး ဒိုင်ခံတာတို့ လုပ်တယ်။ ပြီးတော့ ဘောလုံးကလေးတွေကို မြားနဲ့ပေါက်တာတို့၊ အံစာတုံး ခင်းတာတို့လဲ လုပ်တယ်။ ငါက အံစာတုံးခင်းတယ်။ ရှေ့ပြေးလုပ် တယ်"

"ဘာလဲ ရှေ့ပြေးက"

"ရှေ့ပြေးလုပ်တယ်ဆိုတာ အလံရှူးလုပ်တာကို ပြောတာ။ ထိုးသား ဟန်ဆောင်တာပေါ့၊ အောင်ဒီးရယ် ဒါလေးမှ မသိဘူးလား"

"မန္တလေး တမာတန်း၊ အဘွားဆီမှာနေတုန်းက မူကြိုနေဖူးတယ်။ ကျောင်းတော့ မနေဖူးဘူး။ ပွဲမရှိရင် အဘွားဆီပြန်နေတယ်"

"ဒီကိုရောက်လာတာက ရွှေဘိုအနောက်က ဆိပ်ခွန်ဘုရားပွဲကို လာတာ။ ပွဲပြီးတော့ ဇရပ်မှာ ဆက်နေဖြစ်တယ်။ အဲဒီမှာ တောင်းစားတဲ့အဖွဲ့တွေကလည်း အများကြီးနေကြတယ်။ တို့ကတော့ မတောင်းဘူး။ အကောက်ပဲ ကောက်စားတယ်။ တစ်ရက်ကျ ရွာလူကြီးက အကုန်နှင်တယ်။ နှင်တော့ တစ်ချို့သူတွေနဲ့ မိုပါရွာရဲ့ မူးမြောင်းဘေးမှာ တဲလေးထိုးနေကြတယ်။ အဖေနဲ့ အမေက ထမ်းပိုးနဲ့ သွားကောက်တယ်။ နောက်ပိုင်း စက်ဘီးဝယ်ပြီး စက်ဘီးနဲ့ကောက်တယ်။ စက်ဘီးနဲ့က အဝေးတွေသွားကောက်နိုင်တော့ ပိုရတယ်။ ငါက မောင်နှစ်ယောက်ထိန်းရစ်တယ်။ သူတို့က ညကျရင် ခေါက်ဆွဲကြော်ဝယ်ပြန်လာတယ်။ မနက်ဆို သုံးနာရီလောက် ထသွားကြတယ်။ ငါ့ကို ထမင်းချက်၊ ဟင်းချက် သင်ပေးထားတယ်။ မောင်နှစ်ယောက်ထိန်းရင်း ချက်စားတယ်လေ"

"အဲဒီမှာနေတာ အတော်ကြာလာတော့ တောင်းတဲ့အဘိုးကြီး၊ အဘွားကြီးတွေက သီးလုံးဇရပ်မှာ နေလို့ရတယ်ဆိုတော့ အဲဒီပြောင်းလာကြတယ်။ သီးလုံးကျတော့ အမေနဲ့ ငါနဲ့ တစ်လှည့်ဆီ အဖေ့နောက် လိုက်ကောက်တယ်။ ဘုန်းကြီးက ကျောင်းနားက ကန်ကြီးနားမှာ ရွှေ့နေခိုင်းလို့ ရွှေ့နေလိုက်တယ်။ ကျောင်းက ထမင်းပေးတယ်။ အများကြီးပေးတော့ သုံးနပ်လုံး စားလောက်တယ်"

"မောင်လေးကို အဲဒီနေရာ ကန်ဘေးက ကုက္ကိုလ်ပင်ကြီးအောက်က တဲထဲမှာ ပွေးတာ။ မောင်အကြီးဆုံးလေးက အဲဒီမှာကျောင်းနေတယ်။ အဖေက မူးပြီးရစ်တယ်။ နင်က ငါ့သမီးမဟုတ်ဘူး၊ နင့်အဖေက လူကောင်းမဟုတ်ဘူး၊ ဘာညာနဲ့ပြောတော့ ငါနဲ့ ရန်ဖြစ်တယ်။ သူက လိုက်ရိုက်။ ငါက ပြေး။ အဲဒါကို ဘီးခွန်ကောက်တဲ့ လင်မယားက ဆရာမတွေကို ပြောပြတယ်။ ဆရာမတွေက နင် အရွယ်ရောက်လာပြီ။ ပထွေးနဲ့ ဒီလိုတဲလေးထဲ အတူနေတာ မသင့်တော်ဘူး။ ငါတို့ရွှေဘိုက ရွှေခြသေ့ကို ပို့ပေးမယ်ဆိုပြီးပြောတော့ အမေကလည်း ပို့လိုက်ဆိုတော့ သမီး ဒီကို ရောက်လာရော"

"ကြာကြာတောင် မနေလိုက်ရဘူး၊ အမေက မန္တလေးကတစ်ယောက်နဲ့ ယူပြီး ကလေးသုံးယောက်လုံး အဖေနဲ့ထားခဲ့တော့ အဖေက ကလေးထိန်းမယ့်သူ

မရှိလို့ဆိုပြီး ပြန်လာခေါ်တယ်။ နောက်ကျတော့ အဘွားနဲ့ အမေနဲ့ ရောက်လာပြီ
ကလေးတွေကို လာခေါ်တာ။ အဖေက ထည့်မပေးဘူး။ အဲဒီမှာ ရန်ဖြစ်တော
လူတွေအများကြီး ဝိုင်းကြည့်နေတယ်။ ဘေးလူတွေက နင့်ကလေးတွေ
ထည့်မပေးချင်နေ၊ ဒီအပျိုပေါက်လေးတော့ သူ့အမေနဲ့ ပြန်ထည့်ပေးသင့်တယ်
နင့်ကလေးအရင်းလည်း မဟုတ်ဘူးလို့ ဝိုင်းပြောတော့မှ သမီးကိုထည့်ပေးတယ်
ဒါပေမဲ့ ကျောင်းမှာပဲထားရမယ်ဆိုပြီး ထည့်ပေးလိုက်တော့ ကျောင်းပြန်ရောက်
လာရော"

"နောက် အဖေတို့က ရွှေဘိုရွှေ့လာတယ်။ ချစ်တီးကွင်းထဲမှာ နေတာ
တစ်ရက်ကျ အဖေက ကျောင်းရောက်လာတယ်။ အငယ်ဆုံးလေးနဲ့။ အဲဒီကလေ
လေးကို ခဏခေါ်ထားခိုင်းတယ်။ အကြီးနှစ်ယောက်ကိုတော့ သူခေါ်သွားမယ်
သူ့အမေဆုံးလို့လို့ ပြောတာပဲ။ အဲဒီကလေးလေးကို ဆောင်းနှင်းဝေက ထိန်းတာ
သူကပြောတယ်။ သူ့ကလေးလေးကလည်း ဒီအရွယ်လေးပဲ၊ သေသွားတယ်
နင့်မောင်လေးက ငါ့သားလေးနဲ့တူတယ်၊ ငါထိန်းမယ်ဆိုပြီး သူပဲထိန်းတယ်
သူက ခွေးပေါက်ကလေးတွေဆို ကလေးလိုမွေးတာ၊ နို့တွေဘာတွေ ဆရာ
ဝဝေနှင်းတို့အိမ်က ဝယ်တိုက်တာလေ။ တစ်ပတ်လောက်ကြာလို့ အဖေပြန်လ
တော့ သူက ကလေးကို မခွဲနိုင်ဘူးပြောတယ်။ အဖေက မခွဲနိုင်ရင် ငါတို့
လိုက်နေပါ့လားဆိုတော့ စဉ်းစားအုံးမယ်ပြောပြီး နောက်ရက်ကျ သူကလိုက်သွာ
တယ်။ အဖေလည်း သူနဲ့ယူလိုက်ရော"

"နောက်ကျ ငါလည်း သူတို့နဲ့လိုက်နေတယ်။ အဖေနေမကောင်းတော့
ငါနဲ့ မောင်လေးနဲ့ သုံးပတ်လောက်တောင်းပြီး ကျွေးရသေးတယ်။ အဖေက
ဆေးရုံတင်လိုက်ရသေးတယ်။ သိပ်မကြာဘူး၊ ရန်ဖြစ်ပြီး သူတို့ကွဲသွားရော
မကြာဘူး၊ အဖေက နောက်တစ်ယောက်ထပ်ယူတယ်။ ပန်းအိန္ဒယ်တဲ့။ သူက
သမီးအမေရင်းလိုပဲ။ အလှအပကြိုက်တယ်။ လက်သည်းရှည်နဲ့။ သူလည်
သိပ်မကြာဖူး။ အိမ်ရှိတဲ့ ပစ္စည်းလေးတွေယူပြီး ပြန်သွားတယ်။ အဲဒီတော့ သမီးက
ကျောင်းပြန်ရောက်နေပြီ"

"နင်က ခဏခဏဝင်လိုက်ထွက်လိုက်နဲ့"

"အဲ့ဒါ နင့်အပူပါလား၊ ဘုန်းကြီးက ဘာမှမပြောဘူး။ နင်က ဆရာမလုပ်နဲ့။ ကျောင်းရောက်တော့ ကျောင်းမှာရောက်လာတဲ့ အသစ်ကောင်လေးနဲ့ ရန်ဖြစ်တာ။ သူက ကောင်မလေးတွေက ယောကျ်ားလေးတွေကို မြူဆွယ်တယ် ဘာညာပြောတော့ ရန်ဖြစ်ကြတယ်။ အဲဒီလိုဖြစ်ထားတုန်း လှဝေက မန္တလေးသွားမယ်လို့ပြောတော့ နင်ဘယ်သွားမှာတုန်းလို့မေးတော့ သူက ခြေဦးတည့်ရာသွားမှာတဲ့။ ဒါနဲ့ မန္တလေးမှာ ငါ့အမေရှိတယ်။ နင်လျှောက်မသွားနဲ့။ ငါလည်း မန္တလေးသွားချင်နေတာ၊ ငါနဲ့လိုက်မလားဆိုတော့ လိုက်မယ်တဲ့။ အဲဒီအချိန်မှာ မိဇင်ရောက်လာတာ။ သူက အရင်က ဒီကျောင်းမှာနေဖူးတယ်။ ဟို တောင်ကြီးသားနဲ့ ယူမယ်ဆိုတဲ့တစ်ယောက်လေ။ သူကလည်း လိုက်ချင်တယ်ဆိုတော့ သုံးယောက်သွားကြရော။ ဟိုရောက်တော့ တစ်ရက်ရှိသေးတယ်။ မိဇင်က ပြန်ချင်တယ်ဆိုလို့ အမေက ကားပေါ်ပြန်တင်ပေးလိုက်တယ်"

"အမေက ကြာဇံကြော်၊ ခေါက်ဆွဲကြော်ရောင်းတယ်။ သမီးတို့ နှစ်ယောက်လဲ ဝိုင်းလုပ်တယ်။ ပထွေးက ပတ်ချွတ်"

"ဘာလဲဟ ပတ်ချွတ်ဆိုတာ၊ သူဇာလွင် နင်ပြောလိုက်ရင် အဆန်းတွေချည်းပဲ"

"ပတ်ချွတ်ဆိုတာက သက်နံးပတ်ပြီး လူဝတ်ပြန်ဝတ်တာကို ပြောတာ။ သူက ညနေ ၅ နာရီကနေ မနက် ၆ နာရီထိ လူ။ မနက် ၆ နာရီကနေ ညနေ ၅ နာရီထိ သက်နံးဝတ်နဲ့။ အလှူခံတဲ့အလုပ် လုပ်တယ်။ ပြီးတော့ သူက ပလပ်ကျွတ်။ အရင်က ဖုန်းဦးတုန်းက ခေါင်းတွေ အရိုက်ခံထားရလို့လို့ ပြောတာပဲ။ အဲဒီကနေ ရွှေဘိုပြန်လာတော့ ငါနဲ့လှဝေက လဘက်ရည်ဆိုင်မှာ စားပွဲထိုး။ စရိတ်ငြိမ်း ငါးသောင်းတဲ့။ တစ်လမပြည့်ဘူး ထွက်လာပြီး အဖေ့ဆီ ပြန်ရောက်။ အဲဒီတော့ အဖေလည်း နောက်ထပ်တစ်ယောက်ရနေပြီ"

"မိထွေးအသစ်က ပလတ်စတစ်ကောက်တယ်။ အဖေက အလှူခံတယ်။ အဌားလိုက်တာ မဟုတ်ဘူး။ ကိုယ်ပိုင်လုပ်တာ။ အရင်ကတော့ အဌားလိုက်တယ်။

အဖေက အဟော။ တရားစာတွေ ရွတ်တယ်။ ငါနဲ့ မောင်လေးနှစ်ယောက်က
ဖလားထိုး။ အဖေ့နောက်မိန်းမလည်း ဖလားထိုး။ နောက်ထပ်လေးယောက် ငှား
သေးတယ်။ တစ်ယောက်လေးထောင်ပေးရတယ်။ မိန်းကလေးမို့။ ယောကျ်ားလေ
ဆိုရင် ငါးထောင်။ ယောကျ်ားလေးက ပိုပြီးအလှူခံတတ်လို့ ပိုပေးတာ။ စက်ပို
ရယ်၊ သုံးဘီးဖိုးရယ်၊ မောင်းတဲ့သူရယ် ရှင်းလိုက်ရင် ကိုယ့်အတွက် လေးငါးသောင်
ကျန်တတ်တယ်"

"ငါကျောင်းပြန်ရောက်နေတုန်း အဖေက အလှူခံလိုက်ရင်း မန္တလေ
ရောက်သွားတော့ အပြန် အမေပါ ပါလာတယ်။ ခဏပြန်ပေါင်းပြီး အမေက
ကလေးတွေကိုခေါ်ပြီး ပြန်သွားပြန်ရော။ ငါမန္တလေးသွားမယ်ဆိုတော့ အဖေက
ပြန်လာရင် ကလေးတွေခေါ်ခဲ့ဆိုတော့ ကလေးတွေခေါ်ပြီး ပြန်လာတယ်
နောက်ရက်ကျ အဘွားရယ်၊ အမေရယ်၊ အမရယ် လိုက်လာပြီး ပြန်ခေါ်သွာ
တယ်။ အဲဒီအချိန်မှာ အဖေနဲ့ မောင်လေးက အလှူခံထွက်နေကြတယ်။
သမီးကို အဖေက လဘက်ရည်ဆိုင်မှာ ပို့လိုက်တယ်။ တစ်လ ခြောက်သောင်းလ
ပြောတယ်။ ညဆိုင်းပဲ လုပ်ရတယ်။ နေ့ပိုင်း လူမလိုဘူးတဲ့။ ညနေ ၆ နာရီက
မနက် ၆ နာရီထိ။ သမီးဖျားတော့ နားတယ်။ နားချည်းပဲနေချင်ရင် မလုပ်တော့
ဆိုတာနဲ့ ထွက်လာတာ"

"ခုတော့ ကျုံးဘေးမှာ ကျက်စား"

"သေနာ၊ ပါးစပ်ပိတ်နော်၊ နင်ကျွေးထားမှာလား၊ ငါ့ဟာနဲ့ငါ ကျက်စာ
တာ၊ နင့်ဟာနဲ့ စားတာမဟုတ်ဘူး၊ အောင်ဒီး ငါ တကယ်လုပ်မှာနော်"

"ဟော့ကောင် သခင်မကို မစရဘူး၊ ကချင်လေးပြောပြီးတော့ ကရင်ကြို
အလှည့်။ ဝေ့ ချစ်စမ်းမောင်က ရန်ကုန်ကလားဝေ့"

"ဟုတ်တယ်ဝေ့"

"ထိခေါင် ထိခေါင်လားဟော့၊
ဒုံးယိမ်းရဲ့ ပွဲမှာ ငါ့ နှလုံးသားလေး
ရင်ခုန်တယ် ပိုးကရင်မလေးရယ်"

"ဟေ့ကောင် မင်းအသံဗြဲကြီးနဲ့၊ တော် တန် တိတ်"

"အမေ ကရင်၊ အဖေ ဗမာပါကွာ၊ ကရင်အစစ်ကြီးတော့ မဟုတ်ပါဘူး။ ငါ့အထက်မှာ ၃ ယောက်ရှိတယ်။ အမေက ကားပေါ်မှာ ငါ့ကိုမွေးပြီး ဆုံးသွားတယ်လို့ အဖေကပြောတယ်"

"အဖေက နေ့မှာ ကျိုက်ခေါက်ဘုရားမှာ နေတယ်။ ညကျ ဘုန်းကြီးကျောင်းက ဘုရားဇရပ်မှာ ပြန်အိပ်တယ်။ အမနဲ့ အကိုနှစ်ယောက်က အမေ့ရွာမှာ နေတယ်။ အကြီးက ငါးဖမ်း။ အလတ်က ကိုရင်ဝတ်တယ်။ ငါက အဖေနဲ့လိုက်နေတယ်။ မနက်ကျ ဘုန်းကြီးကျောင်းမှာ ဆွမ်းခံလိုက်တယ်။ ဘုန်းကြီးတွေကို နှိပ်ပေးတယ်။ သန့်ရှင်းရေး လုပ်တယ်။ တစ်ခါတစ်လေ ကျောင်းမှာအိပ်တယ်"

"အဖေက အရက်သောက်တယ်။ ကျန်းမာရေးမကောင်းတော့ ဘုန်းကြီးကျောင်းမှာ ငါ့ကို မနေစေချင်ဘူး။ သူနားပဲ နေစေချင်တယ်။ ငါက အဲလိုခေါ်ထားတော့ တစ်ခါထွက်ပြေးတယ်။ နောက်တစ်ခါ ထွက်ပြေးရင် ရေနှစ်သတ်မယ်လို့ ပြောတယ်။ နောက်တစ်ခါပြေးတော့ ပြန်မလာရဲတာနဲ့ ကားလျှောက်စီးရင်း ရန်ကုန်ရောက်သွားရော။ လျှောက်စီးရင်း စီးရင်း သီရိမင်္ဂလာစျေးရောက်တယ်။ လမ်းဘေးသားတွေနဲ့တွေ့ပြီး သူတို့နဲ့နေလိုက်တယ်။ နောက်ပိုင်းမှာ အိပ်တဲ့နေရာကို ရဲတွေရောက်လာတာနဲ့ပြေးတော့ ဆူးလေဘက် ရောက်သွားတယ်။ ရဲနဲ့တွေ့ပြီး ကမ္ဘာအေး ကလေးထောင် ပို့လိုက်ရော"

"အဲဒီမှာ လိမ်မာလို့ဆိုပြီး ကျောင်းအုပ်ကြီးက မွေးစားတယ်။ သူ့ကလေးတွေလို ကျောင်းထားပေးတယ်။ ကျောင်းက ဘုန်းကြီးကျောင်းမှာ။ သူငယ်တန်း ၂ နှစ်ကျတယ်။ နောက် ကိုရင်ဝတ်ပေးတယ်။ ကိုရင်တစ်ဝါရပြီး တစ်တန်းအောင်တော့ ဆွမ်းခံထွက်ရင်း ဖုန်းခိုးတယ်။ ဘုန်းကြီးကျောင်းက ကလေးထောင် ပို့မယ်ပြောတော့ ဖုန်းထားပြီးပြေးရင်း သန်လျင်ကို ပြန်ရောက်သွားတယ်။ ငါပြန်ရောက်တော့ အဖေက လေဖြတ်ထားတယ်လို့ ဘေးကလူတွေပြောတာ။ ငါက ကလေးကကြည့်နေတယ်။ ကြောက်တော့ အနားမကပ်ဘူး။ ဘုန်းကြီးကျောင်း

ပြန်သွားတော့ ဘုန်းကြီးအဟောင်းတွေ မရှိတော့ဘူး။ အသစ်တွေက ကျောင်းထဲ ဝင်လာတော့ ရိုက်တယ်။ လက်မခံလို့ ပြန်ပြေးလာတယ်"

"မန္တလေး ဘယ်လိုရောက်လာလဲဆိုတာ သေချာမမှတ်မိတော့ဘူး၊ ကား လျှောက်စီးရင်း စီးရင်းနဲ့ စစ်ကိုင်း ရွာထောင်ဘူတာထိ ရောက်လာတာပဲ။ ရွာထောင်မှာ လူချွတ်ပြီးတော့ နေတယ်။ ဘူတာက ကုန်ထမ်းတဲ့လင်မယားက မွေးစားထားတယ်။ တစ်လလောက်နေတော့ ထွက်ပြေးရော။ ပြေးရတာက အဲဒီမှာ အိမ်သာမရှိတော့ နောက်ဖေးသွားရင် နောက်ဘက်ကကွင်းထဲ သွားရတယ်။ နောက်ဖေးသွားနေတုန်း ဟိုဘက်အိမ်ကြီးပေါ်က လှမ်းအော်တော့ ကြောက်ပြီး ထပြေးလာတယ်။ ဘူတာအပြင်ဘက်က ဆိုင်က မုန့်တစ်ထုပ်ခိုးပြီး ထွက်ပြေးလာခဲ့တာ။ စစ်ကိုင်းသွားမယ့်အန်တီကြီးနဲ့ လိုက်သွားတယ်။ အဲဒီမှာ ချစ်ကိုတူးနဲ့ တွေ့ပြီး သူနဲ့နေလိုက်တယ်။ စစ်ကိုင်းမှာ လျှောက်ခိုးနေတယ်။ ခဏခဏမိ၊ ခဏခဏခိုး။ နောက် မန္တလေးသွားနေတယ်။ ချစ်ကိုတူးက ရွှေဘိုသွားတယ်။ ငါက မန္တလေးမှာနေရင်း ဘူတာထဲရောက်သွားတော့ အဲဒီမှာပဲ နေဖြစ်တယ်"

"ဘူတာကြီးထဲ လမ်းဘေးသားတွေနဲ့ နေနေတုန်း ရထားတွဲ မီးလောင်တော့ အကုန်ဖမ်းခံရတယ်။ ပြီးတော့ သင်တန်းကျောင်း ရောက်သွားတယ်။ အတော်ကြာတယ်။ အဲဒီမှာ ဆရာ၊ ဆရာမတွေကို နှိပ်ပေးတယ်။ အမှိုက်ဝိုင်းသိမ်းပေးတယ်။ ငါ့ကိုယုံကြည်လာတော့ ဆရာတစ်ယောက်က အာမခံပြီး လာဘက်ရည် ဆိုင်ပို့ပေးတယ်။ စပ်ဖြဲနဲ့အတူ ပို့ပေးတာ။ သူက သုံးလကြာရင် ပြေးမယ်ပြောတော့ ငါက အရင်ပြေးလိုက်တယ်။ ဂေါဝိန်ဘက်မှာ ဌက်ပျောအတင်အချလုပ်ရင်း နေတယ်။ အပေါင်းအသင်းမှားပြီး လမ်းဘေး ပြန်ရောက်လာတယ်။ စီမံချက်ရှိတော့ ရန်ပိုင်ကုလားက ရွှေဘိုကို ခေါ်လာတယ်။ ပြီးတော့ မန္တလေး ပြန်တယ်။ နောက် ရွှေဘိုပြန်လာပြီး အဲဒီကျမှ ကျောင်းကို စရောက်လာတာ။ နောက်ပိုင်း မန္တလေးနဲ့ သွားလိုက်၊ ပြန်လိုက်လုပ်နေတယ်။ ငါလည်း မှတ်ပုံတင်ရရင်တော့ အစောင့်လုပ်ချင်တယ်။ ဘီးစတန်း စောင့်ချင်တယ်။ ဆိုင်ကယ်စတန်းပေါ့။ ချစ်သူတွေ ဘာတွေ သိပ်မသိဘူး။ မိန်းမက အေးရီနဲ့ ရဖူးတယ်။ သူနဲ့

ကွဲသွားကတည်းက မိန်းကလေးတွေကို ခေါ်ကို မခေါ်ချင်တော့တာ။ ငါနဲ့ပေါင်းနေတုန်း ခိုင်ဇော်လင်းနဲ့ယူတာ။ စကားများတော့ သူက သူတို့ရပ်ကွက်သားတွေကို ကျွန်မကိုနှောင့်ယှက်နေပါတယ်ဆို အော်တိုင်တော့ လူတွေရောက်လာတာနဲ့ ကြောက်လို့ထွက်ပြေးလာတာ၊ အဲဒါနဲ့ ကျောင်းပြန်ရောက်လာပြန်တယ်"

"ငါက ဖြတ်ခုတ်တာတော့ မဟုတ်ပါဘူးကွာ။ သူကချစ်လို့ ပြန်ချစ်တာပါ။ ငါနဲ့လည်း မကြာပါဘူးကွ။ အဲဒီဘက်မှာ ဆိုင်တစ်ဆိုင်ကို ဝင်ခိုးတော့ ထွက်လိုက်တာနဲ့ ပြေးရင်း ကွဲသွားရော"

"အမယ် ငါကပဲ ချစ်လိုက်တယ်ပေါ့၊ ထားပါတယ်လေ"

"မဟုတ်ဘူးလား အေးရဲ"

"မင်းတို့ မယားခိုးမှုကိစ္စ နောက်မှရှင်းမယ်၊ လောလောဆယ် မင်းအကြောင်း ပြီးအောင်ပြောအုံး"

"ငါ့အကြောင်းက အများကြီးပြောစရာ မရှိဘူး။ အရင်က ပိုက်ဆံတောင်းတယ်။ တောင်းတော့ ခြေကောင်းလက်ကောင်းနဲ့ လုပ်မစားနိုင်ဘူးလားမေးတော့ ရက်ပြီး မတောင်းတော့ဘူး။ အမှိုက်ကောက်တယ်။ အဆင်မပြေတဲ့အခါတော့ ခိုးတယ်။ မနက်သုံးနာရီ၊ လေးနာရီဆိုရင် ဖင်ထိုင်ခုံတွေ၊ ဒန်အိုးဒန်ခွက်တွေ ခိုးတယ်။ ဆိုင်တွေက တွန်းလှည်းလေးတွေထဲ မိုးကာလေးနဲ့ အုပ်ထားခဲ့တာဆိုတော့ ခိုးရတာ လွယ်တယ်။ တစ်ခါတစ်လေ ခုံရောင်းတဲ့ဆိုင်တွေကနေ ခိုးတယ်။ အသစ်လည်း ပိသာချိန်ဈေးပဲ။ တက္ကသိုလ်နားက လက်ပံတန်းရပ်ကွက်မေတင်ဝင်း၊ ဦးဝင်းနိုင်ဆီမှာ ရောင်းတယ်။ ရဲတွေလည်း သိတယ်။ တန်ကြေးမရှိတော့ မဖမ်းဘူး။ ဖုန်းတို့ဘာတို့ဆိုရင်တော့ ဖမ်းတယ်"

"လမ်းဘေးကတော့ ငယ်ငယ်လေးထဲက ရောက်တာ။ ၄ နှစ်လား၊ အင်း ၆ နှစ်၊ ၇ နှစ်လောက်ရှိမလား မသိဘူး။ အမေက နောက်ယောကျ်ားယူသွားတော့ အဖေနဲ့ကျန်ရစ်ရော။ အဖေက မြေကားမောင်းတယ်။ အရက်သောက်ရင်းဘုရားကုန်းပေါ်မှာ သေနေတာ။ အဖေသေတော့ အမေနဲ့ ပြန်နေသေးတယ်။ နောက်တော့ လမ်းဘေးက အမှိုက်ကောက်တဲ့သူက မွေးစားတာ။ ကျွန်တော်

ဘုရားပေါ်ထိုင်နေတုန်း အကိုကြီးက ကော်ဘူးကြီးနဲ့ ရောက်လာတယ်။ သူ
ခေါ်သွားတယ်။ မှတ်ပုံတင်ရရင် လဘက်ရည်ဆိုင်မှာနေပြီး ပိုက်ဆံစုမယ်။ ညီ
လေးတွေ၊ ညီလေးတွေနဲ့ အမေကို ပိုက်ဆံပြန်ပေးမယ်။ အဲဒါပဲ လုပ်ချင်တယ်
ပိုက်ဆံအများကြီးရရင် ဆိုင်ထောင်မယ်။ ဆံပင်တော့ နဲနဲပါးပါးညှပ်တတ်တယ်
ဝါသနာပိုပါတာက ဘောလုံး"

"တောင်းတာဆိုမှ သတိရတယ်။ ကိုဘီလူး၊ ညီလေးတို့ကို မုန့်ဝယ်ကျွေး
အုံး၊ မနေ့ညက တောင်းနေတာ တွေ့ခဲ့တယ်"

"ငါးထောင်ထဲပါကွာ၊ ဝယ်ကျွေးပါ့မယ်"

"ကိုဘီလူးရော ဘယ်တုန်းက စတောင်းတာလဲ"

"ငါ့လဲ မန္တလေးကကောင်တွေက သင်ပေးတာ။ မင်း ပိုက်ဆံလုံးဝမရရင်
တောင်း။ သူများဟာ ခိုးစားတာ မဟုတ်ဘူး။ တောင်းစားတာ ကောင်းတယ်ကွ
ဆိုပြီး တောင်းစားတာ။ လိုက်တောင်းတာ။ မနေ့ကညကလည်း တောင်းတာပဲ

"နည်းပေးအုံး တစ်ညထဲ ငါးထောင်ရလာတာ၊ ဘယ်လိုပြောတောင်း
တာလဲ"

"သုံးကြိမ်ဦးချပြီးတော့ ကိုကို၊ မမတို့ သားကို ထမင်းဖိုးလေး သနားပါ
ဆိုပြီး ကိုကို၊ မမတို့ ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ၊ အသက်ရာကျော်ရှည်ပြီး
ဘုန်းကံကြီးများလည်း မြင့်ကြပါစေဗျာဆိုပြီး တောင်းတယ်"

"စစ တောင်းတော့ ရှက်တာပေါ့။ ရှက်ရှက်နဲ့ပဲ တောင်းတာပဲ။ နောက်က
မရှက်တော့ဘူး။ အဲဒီတုန်းက တောင်းစားတာနဲ့ ဘူးခွံကောက်တာနဲ့ဆို တောင်
တာပဲ လုပ်တော့တာ။ ဘူးခွံကောက်တာက သူများတွေက ခိုးသွားလိမ့်မယ်တဲ့

"အင်း မိန်းကလေးတွေက မတောင်းကြဘူး၊ စမ်းစမ်းအေးတစ်ယောက်
လားပဲ တောင်းတာ"

"အေး ဟုတ်မယ်၊ ငါ့အဖေအလှူခံထွက်တုန်းက ဖလားကိုင်ဌားရင်
ယောကျ်ားလေးက အလှူခံကောင်းလို့ တစ်ထောင်ပိုပေးရတာလေ၊ လက်စသတ်
တော့ နင်တို့က တောင်းတတ်တာကိုး"

"ဟုတ်တယ်၊ နင်တို့မိန်းကလေးတွေက တောင်းလည်း မတောင်းဘူး၊ ကောက်လည်း မကောက်ဘူး၊ လိုက်ပဲ လိုက်တာ"

"ယောကျ်ားလေးတွေက ဘူးခွံကောက်ပြီး ကော်ဘူးရှာကြတယ်။ ရတဲ့ပိုက်ဆံနဲ့။ မိန်းကလေးတွေက လိုက်ကြတာ။ ယောကျ်ားလေးတွေက ထည့်မပေးဘူး။ တားမရဘူး။ သူတို့ဘာသာ လိုက်ကြတာ။ ရတဲ့ပိုက်ဆံကို သူတို့ဘာ သူတို့ယူတယ်။ သူတို့ဘာသူတို့ ကော်ဘူးဝယ်ရှာကြတာပဲ"

"နင်တို့ကတောင်းပြီး မရှာကြတော့ဘူးပေါ့လေ"

"သူတို့ကို လာခေါ်တဲ့သူတွေက အစုံပဲ။ ကျောင်းသားတွေလည်း ပါတယ်။ အရပ်ထဲကလူတွေလည်း ပါတယ်။ ညကျ မကောင်းတဲ့ဟာတွေလုပ်။ ရတာလေးနဲ့ မနက်ခင်းကျ ထမင်းစား၊ ကော်ဘူးဝယ်၊ ရှူအိပ်နေတာ။ လှတဲ့သူ ပိုအခေါ်ခံရတယ်"

"သူတို့ကိုယူထားတဲ့ လမ်းဘေးသားတွေ ရှိတာပဲ။ လိုက်တာက သပ်သပ်။ တစ်ခို့လည်း သူတို့ကိုယ်တိုင်ကိုက ထည့်တာ။ မနက်ခင်းပိုင်းကျ ကော်ဘူးဖိုးမရှိမှာပို့ ထည့်တာ။ အချင်းချင်းလည်း အိပ်နေကြတာပဲ"

"အရင်တုန်းက ကျောင်းမှာ ပညာပေးလုပ်တုန်းက ကွန်ဒုံးအကြောင်းပြောသေးတယ်လေ။ လမ်းဘေးသားတွေ ဘယ်သူမှ ကွန်ဒုံးမသုံးဘူးလို့။ ဒီအတိုင်းပဲ အိပ်တာ။ ပညာပေးလည်း ပေးပေးပဲ။ ဒီအတိုင်းပဲ"

"အင် ငါက ကြည်ဖြူးဝေနဲ့တုန်းက လင်မယားလုပ်မလို့ဘဲ ရှိသေးတာ။ သူက အပျက်ကြီးဆိုတော့ မလုပ်တော့ဘူး။ သူနဲ့က ဘာမှမလုပ်ဘူး။ လမ်းဘေးရောက်တော့ သူ့ကို စ ချစ်မိတာ။ သူက အာ့တုန်းက မန္တလေး မရောက်ဖူးသေးဘူး။ မြို့ထောင့်စေတီမှာ စ ချစ်မိတာ။ နောက်တော့ သူ မန္တလေးကျောက်တော်ကြီးဘုရားပွဲ လိုက်လာတာ။ အာ့မှာ ညားတာ။ ရွှေဘိုတုန်းက ရည်းစားပဲရှိသေးတာ"

"ကိုဘီလူး၊ ရည်းစားစကား ဘယ်လိုပြောလဲ"

"ချစ်လို့ရလားလို့ဆိုတော့ ဘောပင်နဲ့ ချစ်မှာလား။ ခဲတံနဲ့ ချစ်မှာလားတဲ့။ မဟုတ်ပါဘူးဗျာ။ နှလုံးသားနဲ့ ချစ်တာဘာဗျာလို့။ အာ့လိုမျိုး ချစ်လို့ရလားလို့ ဆိုတော့ နေဦး ငါစဉ်းစားလိုက်ဦးမယ်တဲ့။ ဦးအောင်ပုတို့လင်မယားက ပြောတာ။ သူတို့က တောင်းတာလေ၊ ဖင်တရွတ်တိုက်တောင်းတာ။ သူတို့ကနေပြီးတော့ ကြည်ဖြူးဝေ၊ သူ့ကိုချစ်လိုက်တဲ့။ အလုပ်မှာလည်း ကြိုးစားတယ်။ အတောင်းမှာလည်း ကျွမ်းတယ်တဲ့။ နင့်ကို လုပ်ကျွေးလိမ့်မယ်တဲ့။ မန္တလေးရောက်တော့ ညားပါလေရော။ နောက် သူက မပြောမဆိုထွက်သွားတော့ ငါက တိုင်ကြီးဖက်ပြီးငိုနေတာ"

"သူနဲ့ညားတော့ ဦးအောင်ပုနဲ့ အန်တီမန္တယ်တို့ဆီမှာ နေတာ။ သူတို့က ၁၂ ပွဲလိုက်တာ။ ငါလည်း သူတို့နဲ့ ဒီလိုပဲလိုက်နေတာ။ ကိုယ်ကတော့ သူနဲ့မှစ ချစ်ဖူးတာ။ သူကတော့ ကိုယ်က ဘယ်နှယောက်မြောက်လဲ မသိဘူး။ သူက ဟိုးအထက်ပိုင်းဘက်က ကန့်ဘလူဆိုလား။ စေတီတော်ဘုရားပွဲမှာ တွေ့တာ။ သူက ရွှေဘိုဘူတာမှာ နေတာလေ။ ဖြစ်ပြီးမှသိတာ။ ကောင်မလေးက ချောတာဟ ဆိုပြီး ရည်းစားစကားလိုက်ပြောတာ။ သူ့ကို တအားချစ်သွားတာ။ ရူပါကလည်း ဖြောင့်တယ်။ နောက်ဆုံးပိတ်ရောက်တော့ သူ့ကို လက်ဖျားနဲ့ တစ်ချက်တောင် မထိရသေးဘူး။ သိသွားတာ။ သူကအပျက်မ ဖြစ်နေတာ။ ဆိုင်ကယ်နဲ့ လူက လိုက်ခေါ်တော့ ပါသွားတာ။ သူက ပြန်လာပို့။ နောက်တစ်ယောက်က လာခေါ်၊ ပြန်လိုက်သွား၊ ပြန်လာနဲ့ဆိုတော့ ဘာလဲဟဆိုပြီး ဖြစ်သွားတာ။ မဖြစ်သေးဘူးဆိုပြီး ကိုယ်တိုင်ခွာပြစ်လိုက်တာ၊ အပျက်ကြီးဟဆိုပြီးတော့။ မန္တလေးမှာက ၄-၅ ရက်၊ ရွှေဘိုမှာက ၃ ရက်လောက်ပေါ့။ သူက ဘီယာတွေလည်း သောက်တယ်။ ပိုက်ဆံကတော့ ကိုယ့်ပေးဖို့ ဝေးလာဝေး"

"သူ့ကို ဘာမှမပြောဘူး။ ကိုယ့်ဘာသာ မန္တလေးက အန်တီဆီ သွားနေလိုက်တာ။ နောက် ကျောင်းမှာ ပြန်နေနေတုန်း ဆောင်းနှင်းဝေကနေ ပြောတာ။ နင့် အာ့ကောင်မက ဒီလိုင်းကြီးလုပ်နေတာလို့ ပြောတာ။ ဆောင်းနှင်းဝေကပဲ လာပြောတာ၊ ငါ ကျောင်းမှာထမင်းစားနေတုန်း၊ ဘီလူး၊ နင့်မိန်းမ ရောက်နေ

တယ်တဲ့။ သူ့ကို နင်က ဘာလာလုပ်တာလဲဆိုတော့ နင့်ကိုလွမ်းလို့ လာတာတဲ့။ ငါကတော့ နင့်ကို သတိမရဘူး။ နင်က အပျက်မကြီး သွားလို့ပြောလိုက်တာ။ အာ့ဒါနဲ့ ကျောင်းမှာ ဖိုးပိန်နဲ့ ငြိတာတဲ့။ ဖိုးပိန်နဲ့ ဘယ်လိုသွားငြိတာလဲဆိုတော့ ဖိုးပိန်က သူ့ကိုရည်းစားစကားပြောတာလေ။ သူက ပါသွားရော"

"ကြည်ဖြူးဝေနဲ့က ယူသာယူတာ၊ မပေါင်းလိုက်ရဘူး။ ငါ့ကို ခိုးပြေးသွားတဲ့ မိန်းကလေးနဲ့မှ စ ပေါင်းဖူးတာ။ သက်သာပန်းတောင်း အမှတ် (၉) ထဲက မိန်းကလေး။ သူက ခိုးပြေးတာဗျ။ ဘယ်လိုခိုးပြေးလဲဆိုတော့ သူက ကျောင်းကို လာတက်တဲ့ ဝက်မရဲ့ညီမ။ သူက လမ်းဘေးသူမဟုတ်ဘူး။ အာ့တုန်းက ငါက ဆံပင်အရှည်ကြီးလေ။ အာ့တုန်းက ဆံပင်ကို အပေါ်အမြင့်ကြီး ဂျယ်ထောင်ပြီးတော့ ကျောင်းရှေ့ထွက်။ ဟိုဘက်လမ်းလျှောက် ဒီဘက်လမ်းလျှောက်ဆိုတော့ သူက စိုက်ကြည့်နေတာ။ သူက အပြင်ဘက်ကနေ သူ့အမကို စောင့်နေတာ။ သူ စိုက်ကြည့်နေတဲ့အချိန် ဟိတ် ချစ်လို့ရလားလို့ သွားမေးတာ။ ဟာ ဘာတွေလာပြောနေတာလဲ ရှက်စရာကြီးတဲ့။ ဟုတ်ပါပြီ။ ချစ်လို့ပါကွာ ချစ်လို့ရလားလို့ဆိုတော့ သွားစမ်းပါ၊ လာ မပြောစမ်းပါနဲ့တဲ့"

"နောက်နေ့ရောက်တော့ သူက ခိုးပြေးပါလေရော။ သူ့ အစ်မရောလေ။ သူကလေးလေးတွေရော ပါတယ်။ ဘီလူးလာ ငါတို့ မန္တလေးသွားရအောင်ဆိုပြီး ခေါ်ခဲ့သွားတာ။ မန္တလေးလည်းရောက်ရော ၄၁ လမ်းက ဂုံးနားရောက်တော့ ဘီလူး ငါ နင့်ကို ခိုးပြေးလာတာတဲ့။ ဟာ ဘာလဲဟပေါ့။ အာ့ဒါဆိုရင်တော့ ငါ အိမ်ပဲပြန်တော့မယ်လို့။ ငါ့အိမ်က မြင်းခြံမှာရှိတယ်။ နင် ငါ့ကို တကယ်ခိုးပြေးလာတာလားဆိုတော့ အေး ဟုတ်တယ်တဲ့။ နင် အိမ်လိုက်မှာလားဆိုပြီးတော့ မနက်ခင်းကျ မြင်းခြံလိုက်သွားတာ။ မြင်းခြံရောက်တော့ မေမေကနေ ပြောတာ။ ဟဲ့ ဒါက ဘယ်သူတုန်းတဲ့။ သား မိန်းမလေဆိုတော့ ဟဲ့ နင်က မိန်းမတွေတောင် ရလို့ပါလားတဲ့။ နင့်ကို ငါ ပြောထားတာ၊ ငါပေးစားတဲ့သူနဲ့ ယူရမှာလေတဲ့။ ဒါက ဘယ်သူတုန်းတဲ့။ ဘယ်မှာနေတာလဲ။ ရွှေဘိုကလို့ ပြောလိုက်တာ။ မေမေကလည်း ဘာမှမပြောဘူး။ ဖေဖေကလည်း ဘာမှမပြောဘူး။ ၇ ရက် မကြာပါဘူး။

ဆေးရိုးခုတ်တုန်းလေး ရှိသေးတယ်။ ပြန်ချင်တာဟာ။ ငါ ပြန်တော့မယ်ဆိုပြီး တော့ ပြောတော့ မေမေကိုပြောတာ။ မေမေ သူက ပြန်ချင်လို့တဲ့လို့။ အာ့ဒါဆို သားလည်း ပြန်တော့မယ်ဆိုပြီး ပြန်လာကြတာ။ မေမေက ၁ သောင်းထုတ်ပေးလိုက်တာ။ လမ်းမှာ စကားများကြတာ။ သူက သူ့အိမ်သူပြန်၊ ငါက မန္တလေးကျန်ရစ်"

"ဟော့ကောင်တွေ စော်ကြည်တာတော့ အခန့်ကို မှီတဲ့သူမရှိဘူး။ ဘယ်ကောင်မလေးမှ သူက မစရဘူး။ ကောင်မလေးတွေကချည်း လာကြိုက်တာ"

"ဟာ ဟုတ်တယ်၊ အခန့်ပြော၊ ဒီကောင်က လမ်းဘေးကတင်မဟုတ်ဘူး၊ အရပ်ထဲက ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ"

"အဲဒါကတော့ ကျွန်တော်လည်း မတတ်နိုင်ဘူးဗျာ။ ကျွန်တော့်နာမည်က ဟိန်းထက်ဇော်ပါ။ ဒါပေမယ့် လမ်းဘေးသားတွေက အခန့်လို့ပဲ ခေါ်တယ်။ ရုပ်တည်နဲ့နေလို့တဲ့။ ကျွန်တော်က ပြောင်တာနောက်တာမရှိဘူး"

"အသက် ၁၇။ တောင်ကြီး၊ အေးသာယာက။ အမေဆုံးပြီးနောက်ပိုင်း အိမ်က အပြီးထွက်လာတာ။ အဖေနဲ့ အမရယ်၊ ညီလေးနှစ်ယောက်ရယ် ကျန်ခဲ့တယ်။ အဘွားနဲ့ အဒေါ်နဲ့ မတည့်တာလည်း ပါတယ်။ အဘွားနဲ့ အတူတူနေတာ။ တစ်ခုခုမှားရင်း အဘွားက ပွတ်တွတ် ပွတ်တွတ် ပြောတယ်။ အဒေါ်က ဆဲတယ်။ ထွက်လာတော့ ၁၄ နှစ်လောက်ရှိပြီ။ ကျောင်းကတော့ ၃ တန်းထိနေဖူးတယ်"

"အဖေနဲ့ သံပန်းသံတံခါး ဝိုင်းလုပ်တယ်။ တစ်လလောက်ပဲကြာတယ်။ နောက်ပိုင်းကျ အပြင်မှာ ငွေချာချင်တာနဲ့ အကိုတစ်ဝမ်းကွဲနဲ့ ကျောက်တောင်မှာ ကျောက်လိုက်တင်တယ်။ တစ်နေ့ ၄၅၀၀/၅၀၀၀ ရတယ်။ ၂ လလောက်ပဲကြာတယ်။ ကျောက်တောင်ပိတ်ခိုင်းလိုက်လို့။ နောက်ကျ တိုက်ဆေးသုတ် လိုက်တယ်။ အဲဒါလည်း ၄၅၀၀ ရတယ်။ တစ်ပတ်ပဲ။ အဲဒီတစ်လုံးပြီးတော့ အလုပ်နားသွားတယ်။ ပိုက်ဆံရရင် ကျွန်တော်ဖို့ ၅၀၀ ချန်ပြီး ကျန်တာ အမေ့ပေးတယ်။

အလူမီနီယမ်ဆိုင်သွားပြီးနေတယ်။ ဘီရိုတွေ၊ ကောင်တာတွေ၊ အံဆွဲတွေ၊ ငါးကန်တွေ လုပ်ရတယ်။ တစ်လ သုံးသောင်း၊ စရိတ်ငြိမ်း။ ၆ လလောက် ကြာတယ်။ ပိုင်ရှင်မိန်းမက မိုးလင်း ဆိုင်ဖွင့်တာနဲ့ ဆဲတယ်။ သူကလေး ချီးဝတ်တွေလည်း လျော်ခိုင်းတယ်။ မနေချင်တော့တာနဲ့ ထွက်လာလိုက်တယ်"

"အိမ်ပြန်ရင် အဖေရိုက်မှာကြောက်တာနဲ့ လျှောက်သွားတော့ တောင်ကြီးသုံးထပ်တိုက်ပေါ်က ကစားကွင်းကို ရောက်သွားတယ်။ အဲဒီမှာ သူငယ်ချင်းနဲ့တွေ့တယ်။ မင်း ဘယ်မှာနေလဲမေးတော့ လမ်းပေါ်မှာတဲ့။ ငါလည်း အိမ်မပြန်ရဲဘူး၊ မင်းတို့နဲ့ လိုက်နေမယ်ဆိုပြီး သူတို့နဲ့လိုက်သွားတာ။ ဘူးခွံကောက်တယ်။ သုံးလေးထောင်ရတယ်။ ကျွန်တော်က မတောင်းဘူး။ မခိုးဘူး။ တစ်ခါကတော့ သူငယ်ချင်းကိုခေါ်သွားတာ။ သူက ထရန်စဖော်မာနားရောက်တော့ မီးကြိုးတွေ ခိုးတယ်။ သူရောင်းတော့ တစ်ဝက်ပေးတယ်။ ကျွန်တော်တော့ လိုက်မခိုးဘူး။ နေ့ခင်းပိုင်းတော့ ရတနာ့မေတ္တာ သွားတယ်။ အဲဒီက မနက်စာ၊ နေ့လယ်စာ ကျွေးတယ်။ စာသင်ပေးတယ်။ ပြန်ရင် မုန့်ဖိုးငါးရာပေးတယ်"

"အဖေက လာရှာပြီးခေါ်တယ်။ မလိုက်ချင်ဘူးဆိုတော့ မင့်အမေ ဆေးရုံတင်ထားတယ်ဆိုတာနဲ့ ကျွန်တော်လိုက်လာတယ်။ ကျွန်တော် အမေချစ်တာသူသိတယ်။ အမေက သားအိမ်ခေါင်းကင်ဆာနဲ့ ဆေးရုံတက်ရတယ်။ ဆေးရုံလိုက်စောင့်တယ်။ သက်သာလို့ ဆင်းပြီးသိပ်မကြာဘူး၊ အမေက အဖေနဲ့ရန်ဖြစ်ပြီး ရွှေညောင်ကို ပြန်သွားတယ်။ အမေက တစ်နေ့တစ်ခြားဆိုးလာတော့ အဖေက သွားပြန်ခေါ်တယ်။ ဆေးရုံပြန်တင်။ အဖေနဲ့ကျွန်တော် ဆေးကုပေးပေမယ့် ကင်ဆာက နောက်ဆုံးအဆင့်ရောက်နေပြီ။ သေတော့ လူကသေးသေးလေးကျန်တော့တယ်။ သွေးပုပ်တောင် မဟုတ်တော့ဘူး။ အမေရက်လည်ပြီးတော့ လမ်းဘေးပြန်နေလိုက်တယ်။ အမေမသေခင်ကတည်းက အမေ့ကိုပြောထားတယ်။ အမေသေရင် ကျွန်တော် အိမ်မနေဘူးလို့"

"အဲဒီတစ်ခေါက် ပြန်နေတော့ ကော်စချူပြီ။ စချူတော့ အပြင်းကြီးချူလိုက်မိတာ။ ငါးခါ၊ ခြောက်ခါလောက် ရှိုက်လိုက်တာ ကော်ကြောင်သွားရော။

ကျွန်တော်ဘာမှမသိတော့ဘူး။ သူငယ်ချင်းတွေကို လိုက်ဆဲနေတယ်ဆိုတာ သူ
ပြောပြမှသိတာ။ ကော်ကြောင်တာကို ကြိုက်လို့ ဆက်ရှူတာ။ အောင်လက်
ပြောတယ်။ ကော်မြန်မြန်ကြောင်ချင်ရင် ခင်ပြင်းပြင်းရှိုက်ရှူလိုက်။ ပြီးရင် ကို
ဖြစ်ချင်တာ စိတ်ကူးတဲ့။ ကျွန်တော် လိုက်လုပ်ကြည့်တယ်။ ပထမ ရဟတ်စီးချ
တာ။ တကယ်ရဟတ်နားရောက်သွားပြီး ရဟတ်လိုက်စီးနေတယ်။ အမေပြန်ရှ
တယ်လို့ စိတ်ကူးလိုက်ရင် အမေနဲ့တွေ့ရတယ်။ နောက်ပိုင်း ကော်ကြောင်ရ
မဆဲတော့ဘူး။ အဲလိုတွေးလိုက်ပြီး မှိန်းနေလိုက်တယ်။ အိပ်ပျော်ချင်တဲ့အ
ပျော်သွားတယ်”

“အလူမီနီယမ်ဆိုင်မှာ တစ်လ ပြန်သွားလုပ်တယ်။ ခေတ်စားလာ
ဘောင်းဘီဝယ်ချင်လို့။ ၁၃၀၀၀ ပေးရတယ်။ အကျီင်္ကျ ၁၅၀၀၀။ လစ
လေးသောင်းရတယ်။ ပိုတာကို သူငယ်ချင်းတွေကို ညစာကျွေးပြီး ကော်ဝယ်
လိုက်တယ်။ သူငယ်ချင်းတွေက လူသစ်တွေရောက်နေတာလို့ပြောလို့ သွားကြ
တော့ သားငယ်နဲ့ ထက်ဝေအောင်ကို တွေ့တယ်။ သူတို့ကိုခင်တာနဲ့ သူမျာ
အနိုင်မကျင့်အောင် ကျွန်တော်က ကြည့်ထားတယ်။ သုံးလေးရက်နေတ
သားငယ်က မန္တလေးပြန်မယ်ဆိုတော့ ရောက်ဖူးချင်တာနဲ့ လိုက်လာခဲ့တယ်
သူက မန္တလေးမဝင်တော့ဘဲနဲ့ ရွှေဘို-ရွှေခြသေ့ကျောင်းသွားမယ်ပြောတယ်
ကျောင်းက ဘယ်လိုကြီးတုန်းဆိုတော့ ဘုန်းကြီးကျောင်းကြီး၊ ကော်မရှူရဘူ
အရက်မသောက်ရဘူး၊ ဆေးလိပ်မသောက်ရဘူး၊ ကွမ်းမစားရဘူး၊ လိုက်မှာလာ
ဆိုတော့ ကျွန်တော်လည်း လိုက်လာခဲ့တာ။ ဘယ်မှလည်းမသွားတတ်တော
မလိုက်လို့လည်း မရဘူး။ ထက်ဝေအောင်က ကော်ဖြတ်နိုင်လားလို့မေးတယ်
ဒီရောက်ပြီး တစ်ရက်၊ နှစ်ရက်လောက်နေတော့ ကိုယ့်အတွက်လည်း လုံခြုံတယ်
ဒီမှာပဲနေတော့မယ်ဆိုပြီး စဉ်းစားမိတယ်”

“တစ်ရက်ကျ အနောက်လောကမာရဇိန်ဘုရားပွဲ သွားတယ်။ ဇာတ်ပွဲ
တယ်။ ပလုတ်၊ ချမ်းအေးတို့နဲ့။ ချမ်းအေးက ၁၆၀၀ တန်ကော်ဘူးကြီး ဝယ်ထ

တာ။ ကျွန်တော်နဲ့ ပလုတ်ကို ခွဲပေးတယ်။ ရေကန်ကြီးဘေးမှာ ထိုင်ရှုနေတုန်း သူတို့က ဝင်ကမယ်တဲ့။ ကျွန်တော်က ရှုနေရစ်တယ်။ ပွဲခင်းထဲ သူတို့ကို သွားရှာတယ်။ လူရှုပ်လွန်းလို့ ပွဲခင်းထဲမသွားတော့ဘဲ ဘုရားပေါ် တက်သွားတယ်။ အရင်ရက်တွေက အတူတူကခဲ့တဲ့ သူငယ်ချင်းနဲ့တွေ့တယ်။ သူက သူ့သူငယ်ချင်း ကောင်မလေးသုံးယောက်နဲ့ မိတ်ဆက်ပေးတယ်။ အဲဒီထဲက တစ်ယောက်က ကျွန်တော်ကိုလက်ဆွဲပြီး လွတ်နေတဲ့နား ခေါ်သွားတာ။ ဝါဝါထိန်ထိန်ဆော့မယ်တဲ့။ ကျွန်တော်က မဆော့တတ်ဘူးဆိုတော့ သူသင်ပေးမယ်တဲ့။ လက်ဖဝါးချင်းရိုက်ဆော့တဲ့ဟာ။ ပြီးတော့ အတူတူဇာတ်ကြည့်ကြတယ်။ ဇာတ်ပြီးတော့ သူငယ်ချင်းက မင်းတို့ကျောင်းကို လမ်းဘေးသားပုံစံမျိုးပြောပြီး လိုက်နေမယ်ဆိုပြီး ကျောင်းလိုက်လာတယ်။ ကျောင်းက အပေါက်ဂလန့်ထိုးထားတော့ မီးဖိုချောင်ဘက်က ထမင်းကျန်နဲ့ ဆောင်ယူလာပြီး သူငယ်ချင်းနဲ့ ဘုရားထဲ အိပ်မလို့ဆိုပြီး နေရာပြင်တယ်။ ပြီးတော့ စားရင်းစကားပြောနေတုန်း ကောင်မလေးသုံးယောက် လိုက်လာတယ်”

“ဘာလာလုပ်တာတုန်းဆိုတော့ ကျောင်းလာလည်တာ ပြောတယ်။ ဟိုနှစ်ယောက်က ဘုရားထဲပတ်ကြည့်နေတုန်း ကျွန်တော်နဲ့ဆော့တဲ့တစ်ယောက်က နင့်ကြိုက်လို့ လိုက်လာတာလို့ ပြောတယ်။ ကျွန်တော်က မကြိုက်ဖူးပြောတော့ သူက စိတ်ကောက်ပြီး ထွက်သွားတယ်။ နောက်တစ်ယောက်က ခွေးကြောက်လို့ ပြေးလာရင်း သူကလည်း ဟေ့ နင့်ကို ငါချစ်တယ်တဲ့။ နင့်ကို ငါမချစ်ဖူးပြောတော့ မကြာဘူး၊ သူတို့နှစ်ယောက် ရောက်လာပြီး ငါရယ်၊ သူရယ် နင်. . ဘယ်သူ့ကို ချစ်မှာလဲမေးတယ်။ ဘယ်သူမှမချစ်ဖူးဆိုတော့ နောက်တစ်ယောက်က ခွေးကောင်လို့ဆဲတော့ ကျွန်တော်စိတ်တိုသွားရော။ ပထမတစ်ယောက်က ကျွန်တော့်ကို ဆွဲခေါ်သွားတယ်။ ဆဲတဲ့ကောင်မလေး လိုက်လာမှန်းသိလို့ ရွဲ့ပြီး ပထမတစ်ယောက်ကို ငါ နင့်ကိုချစ်တယ်လို့ပြောလိုက်တော့ သူက နင်ပြန်တော့လို့ ပြောလိုက်တော့ ဟိုကောင်မလေး ပြန်သွားတယ်။ နောက် ကျန်တဲ့သူတို့နှစ်ယောက်လည်း မကြာခင်ပြန်သွားတယ်”

"နောက်ရက်ညနေ ၆ နာရီလောက် သူတို့သုံးယောက် ထပ်ရောက်လာ
တယ်။ ဘုရားဘက်မှာ သွားစကားပြောတယ်။ ပြည့်ဖြိုးသူက သူတို့ကို ကျောင်းက
ထမင်းခိုးကျွေးတယ်။ သူက တတိယတစ်ယောက်နဲ့ တတွဲတွဲဖြစ်နေပြီ။ ခြင်တေ
တအားကိုက်တော့ ကျောင်းထဲ စောင်တွေပြန်ယူပြီး ခြုံကြတယ်။ ကောင်မလေးက
ကျွန်တော့်စောင်ခြုံထဲ ဝင်လာတယ်။ နင်ပဲခြုံ၊ ငါမခြုံဘူးဆိုပြီးပေးတော့ အတူခြုံ
ချင်တာတဲ့။ အတူမခြုံချင်ဘူးလို့ပြောရင်း သူနဲ့စကားများတယ်။ ကျွန်တော်
စိတ်တိုပြီး တစ်ခြားဘက်ထွက်သွားတော့ လိုက်လာပြီးချော့ရင်း ကျွန်တော့်ကို
နမ်းတယ်။ အဲဒီမှာ ကျွန်တော်လည်းယောကျ်ားဆိုတော့ မှားသွားတာပေါ့"

"နောက်ရက်လည်း သူတို့မပြန်ဘူး။ ဘုန်းကြီးသိသွားလို့ ဘုန်းကြီးက
သူတို့သုံးယောက်ကို သပ်သပ်သိပ်တယ်။ နောက်ရက်ကျ သူ့အိမ်က လာခေါ်
တယ်။ အိမ်မှာ သူ့အမေကရိုက်တော့ သူက ကျွန်တော်နဲ့ဖြစ်နေတယ်၊ ကျွန်တော်
ယူမယ်ပြောတော့ သူ့အမေ ကျောင်းလိုက်လာတယ်။ သူ့သမီးကို ယူမှာလာ
မေးတော့ ယူမယ်ပြောလိုက်တယ်။ ယူမှာဆိုရင် မင်္ဂလာကိစ္စ သူတာဝန်ယူလုပ်
ပေးမယ်တဲ့။ ဘယ်တော့ယူမလဲဆိုတော့ သင်္ကြန်ပြီး ၂ လနေရင်လို့ ပြောလိုက်
တယ်"

"နောက်ကျ သူတို့အရပ်ထဲကတစ်ယောက် ကျောင်းကကောင်တွေ
ရင်းနှီးတော့ ကျောင်းကိုလာလာလည်တယ်။ တစ်ရက်တော့ အဲဒီကောင်က
ကျွန်တော်ယူမယ့်သူကို သိသွားတယ်။ အဲဒါ သူတို့သူငယ်ချင်းအုပ်စုတွေတဲ့
သူက မယူလို့မဖြစ်ဖူးလားဆိုပြီး သူ့သူငယ်ချင်းနဲ့ အဲဒီကောင်မလေးဇာတ်လမ်းက
ပြောပြတယ်။ သူ့သူငယ်ချင်း ဘောလုံးမောင်းပေါက်ပြီး ခေါင်ရည်တွေ၊ အရက်
တွေဝယ်လာတယ်။ အိမ်နဲ့ရန်ဖြစ်ပြီး ဆိုင်ကယ်လည်း ရောင်းထားတော့ ပိုက်ဆံ
တွေ အများကြီးပါလာတယ်။ ဒီကောင်က ကြိုက်သလောက် သောက်ကြ စားကြ
ဆိုတော့ ကောင်မလေးတွေရော သောက်ကြတာ။ အဲဒီရက်က ကျွန်တော်ယူမယ်
ကောင်မလေးက တအားမူးနေပြီး ကျန်တဲ့သူတွေပြန်တော့ အဲဒီ မောင်းပေါက်တဲ့
ကောင်နဲ့ လယ်ကွင်းဘက်မှာ မှားကြတဲ့အကြောင်း ပြောပြတယ်။ သူ
ဟိုကောင်မလေးတွေကို လိုက်ပို့ပြီး ပြန်လာတော့ တွေ့တာတဲ့"

"ကျွန်တော်လည်း သူငယ်ချင်းတွေနဲ့ ကောင်မလေးအိမ်သွားပြီး သူ့အမေကို အန်တီသမီး မယူနိုင်တော့ဘူးဆိုပြီး ဇာတ်လမ်းကိုပြောပြတော့ ကောင်မလေးက ဝန်ခံတယ်။ ပြီးတော့ နင်မယူလည်း နင့်ထက်သာတာ ယူပြမယ်တဲ့။ အဲဒီကတည်းက ကောင်မလေးတွေကပ်လာရင် ရှောင်ပဲနေတော့တယ်။ သူတို့ကပဲ ရွတ်လိုက်ပတ်သက်နေတာ ခက်တယ်"

"ဆော်ကြည်တဲ့ တောင်ကြီးသားတွေပဲ ဆက်ပြောမယ်ဟေ့၊ ဇော်သူမောင် ဆက်ပြောကွာ။ မင်းကိုလည်း ကောင်မလေးတွေက တအားကြိုက်တယ်နော်"

"မင်းလောက် မများပါဘူးကွာ"

"လမ်းဘေးရောက်လာတဲ့အကြောင်း အရင်ပြောပြမယ်။ ကျွန်တော်က တောင်ကြီးမြို့က။ ကျွန်တော်မွေးပြီး မကြာဘူး၊ အမေနဲ့ အဖေ ကွဲသွားတယ်တဲ့။ ကွဲကာက အမေကထောင်ကျသွားလို့၊ ဆွဲကြိုးဖြတ်မှုနဲ့။ အဖေက စျေးမှာ ကုန်တင်ကုန်ချလုပ်တယ်။ အလုပ်ကပြန်လာရင်တော့ အရက်သောက်ပြီ။ မူးလာရင် အဘနဲ့ ရန်ဖြစ်တယ်။ ဦးလေးနဲ့ ဖြစ်တယ်။ အဘွားနဲ့ကျ တည့်တယ်။ အဘွားကလည်း အရက်သောက်လို့လား မသိဘူး၊ တည့်တယ်။ အဘိုးနဲ့ဦးလေးလည်း သောက်တယ်"

"ကျွန်တော် ၂ တန်းမှာ အဖေဆုံးတယ်။ ကျွန်တော့်ကို အဒေါ်က ကျောင်းထားပေးတယ်။ အမေကတော့ ထောင်ကျကတည်းက ပြန်မလာတော့ဘူး။ အဒေါ်နဲ့ အဘက အမွေဆီ ပို့မပေးဘူး။ သူတို့က မခွဲချင်လို့။ ကျွန်တော် ခုထိ အမွေကို မပြင်ဖူးဘူး။ နာမည်တော့ သိတယ်။ မဝါရီတဲ့။ ရွှေဆိုင်ပိုင်ရှင်ဖြစ်နေပြီလို့ ပြောတယ်။ အမေက ထောင်ကျပြီးတော့ ရဲနဲ့ အိမ်ထောင်ကျတယ်။ ပြီးတော့ ကလေးတစ်ယောက် မွေးတယ်တဲ့။ ဒါပေမဲ့ အဲဒီကလေးကလည်း မွေးမွေးခြင်း ဆုံးတယ်တဲ့။ ရဲနဲ့ကွဲသွားပြီးတော့ ရွှေဆိုင်ပိုင်ရှင်နဲ့ ယူလိုက်တာတဲ့။ ကျွန်တော် လမ်းဘေးရောက်သွားတော့ အမွေကိုရှာတယ်။ စျေးထဲက ရွှေဆိုင်တွေ လိုက်မေးတယ်။ မဝါရီကို သိလားဆိုပြီး မေးတယ်။ ဘယ်သူ့မေးမေး မသိဘူးဘဲပြောတာ"

"ကျောင်းက လေးတန်းရောက်တော့ အိမ်ကလည်း အဆင်မပြေတော
ကျောင်းထုတ်ပြီး လဘက်ရည်ဆိုင်ထားလိုက်တယ်။ တစ်လ လေးသောင်းရတယ်
အဒေါ်က လာလာထုတ်တယ်။ မနက် ၄ နာရီကနေ ည ၉ နာရီ ဆိုင်သိမ်းထ
လုပ်ရတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ထက်ငယ်တဲ့ကောင်လေးနဲ့ ၂ ယောက်ထဲ
တာ။ ဆိုင်ရှင်က မင်းမေငါ့်း ဆိုပြီးဆဲတာ။ အမေထိဆဲတာမခံနိုင်လို့ ထွက်လိုက
တာ။ ၃ လပဲကြာတယ်။ အိမ်လာခေါ်သေးတယ်။ ခင်ဗျားတို့ အမေထိဆဲလ
ကျွန်တော်ထွက်ခဲ့တာလို့ ပြောတယ်။ ခင်ဗျားတို့ဆိုင် မလုပ်ချင်ဘူးလို့ ပြောတော
အဒေါ်က အတင်းပြန်ထည့်လိုက်တယ်။ ပြီးတော့ အဲဒီကပြုတ်လာရင် အိမ်က
ပြန်မလာတော့နဲ့လို့ ပြောလိုက်သေးတယ်။ ၁၅ ရက်ကြာတော့ ဆိုင်ကထွက်လာ
ပြီး လျှောက်သွားတော့ အောင်လက်ဆိုတဲ့ သူငယ်ချင်းနဲ့တွေ့တယ်။ သူက
ကျွန်တော့်ထက်ကြီးတယ်။ အိမ်ရှိတယ်။ အိမ်မှာ မနေဘူး။ လမ်းပေါ်မှာ တစ်နှစ်
လောက်ကြာတယ်"

"အဲဒီ အောင်လက်က မန္တလေးကို မရောက်ဖူးသေးဘူးနော်"

"အေး ဟုတ်တယ်။ နောက်တစ်ခါပြန်ဖြစ်ရင် သူ့ကိုရွှေဘိုထိ ခေါ်လာ
မယ်။ အိမ်က လာလာတော့ ခေါ်တယ်။ ကျွန်တော်က မလိုက်တော့ဘူး။ တစ်
တလေ ရတနာ့မေတ္တာမှာသွားနေတယ်။ အဲဒီကျောင်းမှာ ကျွန်တော်တို့ လမ်းပေ
တွေကို ထမင်းကျွေးတယ်။ စာသင်ပေးတယ်။ ညနေပြန်ရင် ၅၀၀ ပေးတယ်
ကျွန်တော်တို့ကို သင်ပေးတဲ့ထဲ ရဲတွေ၊ ရွှေ့နေတွေပါတယ်။ လက်ဘက်ရည်ဆို
တစ်ဆိုင် သွားနေသေးတယ်။ အဲဒီဆိုင်ကတော့ မဆဲဘူး။ အဲဒီဘက်က မိုးတ
အမြဲရွာနေတော့ ကော်တအားရှူချင်တာ။ အဲဒါနဲ့ ပြန်ထွက်လာခဲ့တာ"

"တောင်ကြီးမှာ လမ်းဘေးသားတွေက ဆိုင်တွေဖောက်တော့ ရဲဖမ်းတော
ဒဲ့နောင်က ဟော့ကောင် ရွှေဘိုသွားမယ် လိုက်မလားဆိုတော့ ဂျာကစ်ရော လိုက
လာတယ်။ အစကတော့ ငါမှမရောက်ဘူးတာ၊ မင်းတို့ ငါ့ကိုထားသွားရင်ဘယ်
လုပ်မလဲဆိုတော့ ဟာ ဘာလို့ထားရမှာလဲဆိုတာနဲ့ သူတို့ကိုယုံပြီးလိုက်လာ
တာ။ မန္တလေးမှာ ၁၀ ရက်လောက်ကြာတယ်။ ကော်ရှူလိုက်၊ ဝယ်စားလိုက်ပဲ

ရွဲနောင်က သူ့အစ်ကိုက ငွေ ၁ သိန်းကျော် မုန့်ဖိုးပေးလိုက်တာဆိုတော့ အဆင်ပြေတယ်။ ပြီးတော့ ရွှေဘိုရောက်လာကြတာ"

"ရောက်တော့ ဒီကလူတွေကိုကြောက်တယ်။ အနိုင်ကျင့်ခံရမှာကြောက်တာ။ တောင်ကြီးမှာတုန်းက လမ်းဘေးသားထဲမှာ ခေါင်းဆောင် မိုးကျော်။ သူက ဒို့ပြင်လူတွေကို ထိုးတယ်။ ကျွန်တော့်ကိုတော့ ချစ်တယ်။ သူ့သူငယ်ချင်းတွေကကျ ကျွန်တော့်ကို ထိုးတယ်။ အပြုံးနဲ့ ပြည့်စုံ။ သူတို့ ၃ ယောက်လုံးကို ကျွန်တော်တို့ အငယ်တွေက တောင်းကျွေးရတယ်။ ကျွေးရဲ့သားနဲ့ကို သူတို့ကော်ကြောင်ပြီဆို ထိုးတယ်။ နံတွေကို အထိုးများတယ်။ ထိုးခံရရင် အသက်တောင် မရှူနိုင်ဘူး။ မျက်နှာလည်း ထိုးတယ်။ အမြဲအနိုင်ကျင့်တယ်။ သူ့ကို နှစ်ထောင်၊ သုံးထောင် နေ့တိုင်းချေးရတယ်။ စားစရာရော ရှာပေးရတယ်။ ဆိုင်တွေမှာ စားတဲ့သူ မကုန်တဲ့ဟာတွေကို ဆိုင်ရှင်ကိုပြောပြီး အိတ်လေးနဲ့ထည့်ယူရတာ။ ပထမ သွားတောင်း၊ တစ်ထောင်လောက်ရရင် သူ့သွားပေး။ ပြီးရင် ထမင်းသွားတောင်း၊ အဲလိုလုပ်ရတယ်။ ထမင်းတောင်းလိုက်၊ ပိုက်ဆံတောင်းလိုက်ပဲ။ သူတို့ဖို့ရမှ ကိုယ့်ဖို့ တောင်းရတာ။ သူတို့က လမ်းဘေးသားဆိုပေမယ့် ကိုယ်တွေရှိတယ်။ ဖမ်းရင် အိမ်ပြန်နေကြတယ်"

"ကျွန်တော်သွားတောင်းရင် လူတန်းစားမခွဲတဲ့သူတွေ၊ သဘောကောင်းတဲ့သူတွေနဲ့ တွေ့တာများပါတယ်။ တစ်ခါတုန်းက ထမင်းဆိုင်မှာ ရုပ်ရှင်မင်းသမီး မေသက်ခိုင်မှန်း မသိဘူး။ မမ မေသက်ခိုင်နဲ့ တူတယ်နော်လို့ သွားပြောတော့ သူ့သူငယ်ချင်းတွေက ဟုတ်တယ်လေ၊ မေသက်ခိုင်ပဲဆိုတော့ ထမင်းဖိုးလေး၊ ဟင်းဖိုးလေး သနားပါ၊ ကျွန်တော် ဘာမှမစားရသေးဘူးဆိုတော့ ပိုက်ဆံတော့ မပေးဘူး၊ မင်းစားချင်တာ မှာစား၊ မင်းဘာစားမလဲဆိုတော့ ကျွန်တော် ထမင်းစားချင်တာလို့ ပြောလိုက်တယ်။ သူကမှာပေးတယ်။ စားတော့ သူငယ်ချင်းတွေက လှမ်းကြည့်နေတယ်။ အဲဒီတော့ ကျွန်တော်က တစ်ယောက်ထဲ မစားချင်တော့ဘူး။ ဒါနဲ့ မမမေသက်ခိုင် ကျွန်တော့်သူငယ်ချင်းတွေ ကြည့်နေတာ၊ တစ်ယောက်ထဲ မစားတတ်ဘူး၊ သွားကျွေးအုံးမယ်ပြောတော့ ခေါ်လိုက်ဆိုပြီး

သူတို့ပါ ဝယ်ကျွေးတယ်။ ပိုက်ဆံနှစ်ထောင်စီလည်း ပေးတယ်။ ပြီးတော့ ညစေ
တန်းမှာ အနွေးထည် သွားဝယ်ပြီး ကျွန်တော့်ကိုပေးတယ်။ သူငယ်ချင်းတွေက
အနွေးထည်ပါတော့ မပေးတော့ဘူး"

"ခုတော့ ဒီမှာမကြောက်တော့ဘူး။ အနိုင်ကျင့်တဲ့သူ မရှိဘူး။ ပျင်းရင်
စာကြည့်တိုက်ပေါ် စာအုပ်တက်ဖတ်တယ်။ ကျွန်တော် ပညာပေးစာအုပ်တွေ
ကြိုက်တယ်"

"တစ်ခါက စစ်သားတွေကို တောင်းမိတာ၊ မင်းတို့ကောင်တွေ လုပ်မစာ
ဘူးလားပြောတော့ စိတ်တိုပြီးဆဲမိရော၊ ပါးကို ထိုးတယ်၊ ရှောင်တော့ နားရွက်ကို
တယ်။ တောင်းတိုင်း အဆင်ပြေတာတော့မဟုတ်ဘူး။ ပိုက်ဆံများများရရင် ပျော်
တယ်၊ မရရင် ဝမ်းနည်းတယ်"

"ဝမ်းနည်းစရာတွေ မပြောနဲ့၊ အချစ်ဇာတ်လမ်းတွေ ပြောပြ"

"ရက်စရာကြီးတွေ"

"ဟော့ကောင် လုပ်မနေနဲ့"

"ရွှေဘိုဇာတ်လမ်းပဲ ပြောမယ်ကွာ။ ပုံချစ်နဲ့ဟာ"

"သူ့အစ်ကိုတွေကြားသွားလို့ ငါ့တီးနေပါအုံးမယ်၊ မပြောချင်ဘူး"

"သူတို့ ဘယ်လိုလုပ်ကြားမလဲကွ၊ ဘယ်သူမှပြန်မပြောဘူး"

"ဒီကောင် မပြောချင်လို့ ကြောက်ချင်ယောင်ဆောင်နေတာ"

"အဲဒီတုန်းက ဆီးချိုက လာပြောတာလေ။ သူက ဖြူဖွေးကို သွားပိုးနေ
တာ။ ဖြူဖွေးတို့အိမ် နေ့တိုင်းသွားတာ။ ကျောင်းက ဆိုင်ကယ်နဲ့၊ သူ့ကို အပြင်
တစ်ခုခုလွှတ်လိုက်ပြီဆို အဲဒီအိမ် စီးပြေးတော့တာပဲ။ ပုံချစ်က ဖြူဖွေးတို့နားက
သူက မင်းကို ပုံချစ်ကကြိုက်နေတာ၊ ပန်းခြံဆီချိန်းထားတယ်ဆိုတော့ ပန်းခြံသွား
မယ်ဆိုပြီး ထွက်မလို့။ အဲဒီအချိန်မှာ ကိုငယ်က ဟော့ကောင် မင်းကို ပုံချစ်လာ
ဘာချစ်လဲမသိဘူး၊ အရှေ့ဘုရားထဲမှာ ငါ့ကိုခေါ်ခိုင်းလို့ဆိုတော့ ပန်းခြံမသွား
တော့ဘူး။ ရွှေတန်ဆာဘုရားထဲ သွားရအောင်ဆိုပြီး ရွှေတန်ဆာရဲ့မြောက်ဘက်
က ရွှေဂူကြီးထဲ ခေါ်သွားတယ်။ မှတ်ကြီးရယ်၊ ပုံချစ်ညီမလေးရယ်ရော ပါတယ်"

"ဘုရားထဲရောက်တော့ ဆီးချိုပြောတာ မယုံတာနဲ့၊ ပုံချစ် နင့်ကိုငါ အရမ်းချစ်တယ်ဟာလို့ ပြောကြည့်တော့ သူကလည်း အင်းတဲ့"

"ညထိ စကားပြောနေကြတယ်။ ပြန်ဖို့ပြောတော့ သူက မပြန်ရဲဘူးတဲ့။ ဟုတ်တယ် သူ့အစ်ကိုတွေကရော၊ အဖေကရော ပါးတွေ၊ နားတွေရိုက်တယ်။ ယောက်ျားလေးတွေနဲ့ပေါင်းရင် ရိုက်တယ်။ ဖြူဖွေးတို့အိမ်သွားတုန်းက သူ့ကို ရိုက်တာ တွေ့ဖူးတယ်"

"အဲဒီဖြူဖွေးနဲ့တုန်းကလည်း သူက စပြောတာ။ ဖုန်းထဲကနေ ဇော်သူမောင်တဲ့၊ နင့်ကို ငါ အရမ်းချစ်တာတဲ့၊ ဘယ်လိုချစ်လို့ ချစ်မှန်းမသိဘူးတဲ့။ ညကျ မှတ်ကြီးနဲ့ သူ့အိမ်သွားတော့ သူ့အမေက ကျွန်တော်တို့နဲ့ သူ့ကို ဘူးခွံတွေ သွားရောင်းခိုင်းတယ်။ အပြန်လမ်းမှာ ဇော်သူမောင်ရာ ငါ နင့်ကိုအတည်ချစ်တာ ပါဟာ၊ နင်နဲ့ ငါနဲ့ယူရင် နင့်ကို လင်မှတ်မှတ်၊ သားမှတ်မှတ် ပေါင်းမှာပါဟာလို့ ပြောတယ်။ ကျောင်းကိုပြန်မယ်လုပ်တော့ သူက ကျွန်တော့်လက်ကို ဆွဲထားတယ်။ နင် ငါ့ကိုချစ်တယ်လို့ပြောမှ လက်ကိုလွှတ်မယ်ဆိုတော့ ချစ်တယ်လို့ ပြောခဲ့တယ်"

"သူက ရှုပ်တယ်။ ကျွန်တော်နဲ့ဖြစ်ပြီး သိပ်မကြာဘူး။ သူက ဘဲတစ်ပွေနဲ့ မြို့ဒေါင့်စေတီဘုရားမှာ ခိုန်းနေပြီ။ သူက အဲဒီတုန်းက ဆီးချိုနဲ့လည်း ဖြစ်နေတယ်။ ကျွန်တော့်ကို သူက တကယ်ချစ်တယ်။ အမြဲဝယ်ကျွေးတယ်။ ဆီးချိုကိုကျ သူက ချုံးစားတာ။ ဟိုကောင်နဲ့ခိုန်းတာ ဆီးချိုသိတော့ သူတို့ရန်ဖြစ်ပြီး ပြတ်သွားတယ်။ ဆီးချိုက ပိုက်ဆံတွေ ဖြူဖွေးအမေဆီမှာ ပေးထားတာ သိန်းကျော်နေပြီ။ သူပန်းရံလုပ်၊ မြေကြီးတူး၊ ကျောက်ကားလိုက် ရသမျှပိုက်ဆံ သူ့အမေဆီပေးထားတာ။ ကျွန်တော်ကတောင် သူတို့ယူမှာသိလို့ ငါနောက်ဆုတ်မယ်ဆိုတော့ ငါ ယူချင်မှ ဖြစ်တာပါဟာတဲ့။ နင့်အမေကပေးစားရင် နင်ယူရမှာပဲဆိုတော့ ငါယူမှ ဖြစ်တာလို့ပဲ ပြန်ပြောတယ်"

"အဲဒီနေ့က တခြားကောင်နဲ့ ခိုန်းတွေ့လို့ဆိုပြီး ဆီးချိုက သူ့ကိုပါးရိုက်တယ်။ သူက တိုင်လိုက်တော့ သူ့အစ်မတွေရဲ့ယောက်ျားတွေက ဆီးချိုကို ဝိုင်းရိုက်

တယ်။ ဖိုးခိုင်တို့ပေါ့။ ဆီးချို့ကို ဖိုးခိုင်တို့က လိုက်ရှာနေတာ။ သူက ဆိုင်ကယ်နဲ့
ပြန်ပြေးလာတာ။ ကျောင်းကဆိုင်ကယ်ကို လိုင်စင်လုပ်ရင် စီးပြရမှာဆိုပြီး လိမ်ယူ
သွားတာလေ"

"အဲဒီနေ့က ပုံချစ်က မပြန်ရဲဘူးဆိုတော့ ဆီးချို့ကိုတောင် ကျောင်းထဲ
လာမေးသေးတယ်။ ပုံချစ်ကို တံတိုင်းဘေးမှာ ထားခဲ့တယ်။ ငါဘယ်လိုလုပ်ရမလဲ
ပုံချစ်က မပြန်ရဲဘူးတဲ့ဆိုတော့ သူ့အစ်ကိုတွေက မလွယ်မှန်းသိတော့ ဆီးချို့က
လည်း ပုံချစ်ကို ပြန်ခိုင်းတယ်။ ကျွန်တော်က ဆီးချို့၊ ဖိုးခိုင်တို့နဲ့ ပြဿနာ ဖြစ်
ထားတာသိတော့ ဆီးချို့ မင်းမန္တလေးပြန်မှာလားမေးတော့ သူက ပန်းရံဆရာ
ဆီက ငါရစရာ ပိုက်ဆံရှိတယ်။ အဲဒီပိုက်ဆံရရင် ပြန်မယ်တဲ့။ ငါတို့ကိုပါခေါ်လို့
ပြောတော့ ခေါ်မယ်တဲ့။ ဒီမှာနေရင် သူ့အစ်ကိုတွေနဲ့ မလွယ်ဘူးလို့ပြောပြီး
ကောလိပ်ဘေးက ဘုရားထဲကို အိပ်ဖို့ရွေးလိုက်တယ်။ အဲဒီက လုံခြုံတယ်။
မှတ်ကြီးက သူညီမကို ညနေပိုင်းကထဲက အိမ်ပြန်လွှတ်လိုက်တယ်။ မှတ်ကြီးကို
အဖော်ခေါ်သွားတယ်။ မှတ်ကြီးက ည ၁ နာရီလောက်ကျ ထပြန်သွားတယ်။
မနက်မှာ ကျွန်တော့်ထမင်းချက်အလှည့်ကျတယ်ဆိုတော့ ကျွန်တော့်အစား
မှတ်ကြီးက သူပြန်ချက်လိုက်မယ်တဲ့"

"ပုံချစ်က (၁၆)၊ ကျွန်တော်က (၁၅)၊ တို့နှစ်ယောက်လုံး အသက်မပြည့်
သေးဘူး။ တကယ်လို့ယူခဲ့ရင်တောင် နင်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရမှာ။
ငါအလုပ်အကိုင်ရှိရင် တင့်တောင်းတင့်တယ်ယူမယ်၊ မနက်ကျပြန်နော်လို့ ပြော
လည်း သူက မပြန်ဘူးပဲ ပြောတယ်။ အဲဒီညက သူနဲ့ အတူအိပ်လိုက်ကြတယ်။
ဖြူဖွေးနဲ့တုန်းကတော့ ဒီလိုထိမဖြစ်ဘူး။ ဖြူဖွေးလည်း (၁၄) လောက် ထင်တာ
ပဲ"

"မနက်ကျ ချမ်းအေးရယ်၊ ဘီလူးရယ်၊ ဘကျွန်းရယ်ရောက်လာတယ်။
မင်းတို့ ညက ကံကောင်းတယ်။ တို့ထော်လာဂျီဂိတ်ကို သူ့အစ်ကိုတွေ လာရှာ
တာ။ တို့ကို ဖုန်းနံပတ်ပေးထားခဲ့တယ်တဲ့။ ကျွန်တော်တို့ကိုတွေ့ရင် ဆက်ဖို့။
သူတို့က အဲဒီစာရွက်ကို ဖြဲပစ်လိုက်တယ်။ ဘကျွန်းကလည်း ပုံချစ်ကို ကြိုက်ခဲ့
သေးတယ်။ ပုံချစ်ကလည်း ဘကျွန်းကို ပြန်ကြိုက်ခဲ့တယ်"

"ဘကျွန်းက ဖိုးခိုင်လာပြီ ပြေးပြေးဆိုတော့ နောက်တယ်ပဲ ထင်နေတာ။ သူက နောက်တတ်တော့ သူပြောတာမယုံဘူး။ ဖိုးခိုင်ကို လူမိုက်ဌားလာတဲ့သဘော။ သူ့ကို လမ်းဘေးသားကလေးတွေက အကုန်ကြောက်ကြတယ်။ သူက နေရာတွေလည်း သိတယ်လေ။ သူက ကျွန်တော့်ကို ခြေထောက်နဲ့ဖင်ကို ကန်တယ်။ လက်သီးနဲ့ ခေါင်းကိုထိုးတယ်။ ဟိုကောင်တွေက သူတို့ကိစ္စမဟုတ်တော့ ဝင်ပြောခွင့် မရှိဘူးလေ။ ဒီကောင့်ကို ၁၈ နှစ်ပြည့်ရင် ပြန်ချမယ်။ ပုံချစ်ကို ပြန်ခေါ်သွားတယ်"

"ပြီးခဲ့တဲ့သုံးလေးရက်က မြိုက်သပြေသာရွာပွဲမှာ စွမ်းတို့၊ ဟဲလေးတို့ ပါတယ်။ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်က ညှဉ်ခံ။ အဲဒီပွဲ ပထမညမှာ ပုံချစ်နဲ့ တွေ့တယ်။ ကျွန်တော်ကခေါ်တော့ စကားလည်းမပြောဘူး။ လှည့်လည်း မကြည့်ဘူး။ နောက်ဆုံးညကျတော့ ဖြူဖွေးနဲ့တွေ့တယ်။ သူ့ဘဲလည်း ပါတယ်။ ဆီးချိုက လှမ်းခေါ်တော့ သူလှည့်ကြည့်ချိန် ကျွန်တော်က တာ့တာပြတယ်။ သူက ဘာမှ ပြန်မပြောဘူး။ သူ့ကောင်တွေက ဂျိုကြည့် ကြည့်သွားတယ်။ ဒါနဲ့ ကျွန်တော်တို့က တုတ်တွေရှာထားတယ်။ ဒီကောင်တွေ ပြန်မလာလို့။ ငါ့အကြောင်းကတော့ ဒါလောက်ပဲနော်"

"ကိုဘီလူးတို့က ဘာလို့ ဖိုးခိုင်ကို ဝိုင်းမလုပ်တာလဲ။ ခင်ဗျားတို့သုံးယောက်က လူကြီးတွေပဲ။ ဖိုးခိုင်နဲ့ အတူတူလောက်ပဲလေ"

"ငါတို့က သူ့ကို ပြင်းပြင်းထန်ထန်လုပ်ရင်တော့ ဆော်မှာပေါ့ဟာ။ ဖိုးခိုင်က ကလေးတွေကို အနိုင်ကျင့်တော့ ဘယ်သူမှကြည့်မရဘူး။ သူနိုင်တဲ့ ကလေးပေါက်စနတွေကြေ ရိုက်နှက်ပြီး ပိုက်ဆံတောင်းခိုင်းတာ။ ရတဲ့ပိုက်ဆံ သူသုံးတာ။ မပေးရင် ထိုးတာ။ ရင်အုပ်တွေ၊ ခေါင်းတွေကို ထိုးတာ။ မှတ်ကြီးတို့လို ကျောင်းမှာနေတဲ့ ကလေးလေးတွေ။ အာ့ကောင်က တစ်ယောက်ချင်းစီ စစ်တာ။ အကုန်စစ်ပြီးတော့ ရတဲ့ပိုက်ဆံ အကုန်သိမ်းတာ။ ကော်ဘူးတွေဝယ်၊ အရက်ပုလင်းတွေဝယ်တာ။ တို့ကို အရက်တိုက်တာ။ သူတို့က ကော်ရှုတာ။ ဖိုးခိုင်က မတောင်းဘူး။ ကောက်ပဲ ကောက်တာ။ မနက်ပိုင်းဆို အကြီးတွေက ဘူးခွံကောက်တာ။ ရတဲ့

အိတ် ကိုယ့်အိတ်ကိုရောင်း။ ငါ့ကိုတော့ သိပ်ပြီး အနိုင်မကျင့်ရဲဘူး။ ကလေးတွေ
ကိုတော့ တောင်းခိုင်းတာ။ သူက ထိုးတာ။ သူတောင်းခိုင်းတဲ့အတိုင်း တောင်
ပေးရတာ။ မတောင်းပေးရင် လုပ်တော့တာ။ ခိုးတော့ မခိုးခိုင်းဘူး။ တောင်းခိုင်
တာ တစ်ခုပဲ။ သူဗိုက်ဆာရင် ထမင်းဟင်းတွေ တောင်းခိုင်းတယ်။ ညကျ ညစေ့
မှာ တောင်းခိုင်းတယ်။ ကျော်ရှိန်းဆိုရင် အများဆုံးခံရတာ။ သူ့ဆို လှိမ့်ပိမ့်ရိုက်
တာ။ အခု ကျော်ရှိန်းက မြစ်ကြီးနားရောက်သွားပြီ။ မိန်းမနဲ့ ကလေးတစ်ယောက်
နဲ့"

"ကိုဖိုးခိုင်က ဇွဲမင်းထိုက်ကျ ကြောက်တယ်"

"အေး ဟုတ်တယ်၊ ဇွဲမင်းထိုက်က တစ်ခါသိပ်ထားတာ။ ဇွဲမင်းထိုက်ကို
ကြောက်တယ်။ သူတစ်ချက်မှ ပြန်မလုပ်နိုင်ဘူး။ ပွဲမှာ ဇွဲမင်းထိုက်ကို ကလန်
ကဆန် လုပ်တာလေ။ အရင်တုန်းကတော့ သူက နိုင်ခဲ့တာ။ ဇွဲမင်းထိုက်က
သင်တန်းကျောင်းမှာ လက်ဝှေ့သင်လာတာလေ။ အဲ့ကောင်က ပြန်ကျွေးတာ
ပေါ့။ အရင်လို မကြောက်တော့ဘူး။ ဖိုးခိုင် မှောက်နေတာ။ ရိုက်ခွဲတာ။ ရှယ်ထို
တာ၊ ဇွဲမင်းထိုက်ကိုကျ တစ်ချက်မှမထိဘူး။ သူက နှစ်တစ်လက်မနဲ့ ရိုက်တာ
လူတွေက ဆွဲတယ်။ ဆွဲမရဘူး။ ဇွဲမင်းထိုက်က နံဘေးက အုတ်နီခဲနဲ့ချတာ
ဖိုးခိုင် ခေါင်းကွဲတာ။ ဘာမှကို မလုပ်ရဲတော့ဘူး။ ဖင်တုန်အောင် ကြောက်တာ
ဖိုးခိုင်ကို ချစ်ကိုတူးကလည်း မကြောက်ဘူး။ ချစ်ကိုတူးနဲ့ကျ ရန်မဖြစ်ဘူး
မင်းမင်းထွန်းနဲ့ ချစ်ကိုတူးနဲ့ လက်ရုံးချင်းယှဉ်ကြတာ အကုန်လုံးက လယ်ဗယ်တူ
ဖြစ်နေတာ။ အဲ့ဒါကြောင့်မို့ ဖိုးခိုင်က မယှဉ်ရဲဘူး"

"တစ်ခါတုန်းကလည်း ဖိုးခိုင်က တုတ်ကြီးကိုင်ပြီး ကျောင်းထဲဝင်ပြေ
လာတာ။ ဇွဲမင်းထိုက်က ပုလင်းပြတ်ကိုင်ပြီး လိုက်လာတာ။ ကလေးတွေကို
အနိုင်ကျင့်လို့တဲ့။ ဘုန်းကြီးက ဖျန်လိုက်ပြီး ဇွဲမင်းထိုက်ကို ကျောင်းပြန်နေခိုင်း
လိုက်တာလေ"

"ချစ်ကိုထူးက ဘီလူးကို တစ်ခါခေါင်းရိုက်ဖူးပါတယ်။ ဘာလို့ရိုက်တာ
လဲ"

"ဈေးဘက်မှာ ဘူးခွံ လုကောက်ရင်းနဲ့ ဖြစ်တာ။ ပထမက ငါက ထိုးတာ၊ အချက် ၂၀ လောက်ရှိတယ်။ ငါက တောင်ဘက်ကိုထွက်သွားတာ။ သူက နောက်ကနေ ချောင်းရိုက်တာ။ ခေါင်းကွဲသွားတာပဲ။ ဆေးရုံသွားချုပ်ရတာ"

"အနိုင်ကျင့်တာက အချင်းချင်း၊ လမ်းဘေးမှာ အနိုင်ကျင့်တာ နည်းတယ်။ သင်တန်းကျောင်းမှာ အဆိုးဆုံး။ သင်တန်းကျောင်းမှာ အဲဒီမှာက နေတာကြာတဲ့သူက ဗိုလ်လေ။ ကျွန်တော်က ၁ နှစ်လောက်ရှိသွားပြီ။ အဲမှာ လူသစ်တွေဝင်တယ်။ လူအသစ်တွေဝင်လာရင် အပေါက်ဝကနေ အကုန်လုံးဝိုင်းထိုးတာ။ ကွဲတဲ့သူက ကွဲ၊ သွေးတွေလည်း ထွက်ကုန်၊ ဟိုလိုမျိုး ခိုးမှုတို့ဆို ညာတယ်။ မုဒိန်းမှုတို့ဆိုရင် သွေးတွေကို မိလ္လာထဲမှာ ရဲတွတ်လို့"

"ကလေးတွေထဲမှာ မုဒိန်းမှုနဲ့ လာတဲ့သူရှိလား"

"သင်တန်းကျောင်းမှာ ကလေးရော၊ လူကြီးရော လူမျိုးကို ပေါင်းစုံနေတာပဲ"

"လူကြီးဆိုတာ ဘယ်လောက်ထိကြီးလဲ"

"လူကြီးဆိုတာ ကလေးအဖေတွေလည်း အသက်လိမ်ပြီး လာတာပဲ၊ ၁၈ နှစ်ပြည့်ရင် လွတ်မှာဆိုတော့လေ။ မုဒိန်းမှုဆိုရင် လူကြီးလည်း ထိုးတာပဲ"

"သင်တန်းကျောင်းမှာ သူများကိုတော့ ရိုက်ဖူးတယ်။ အဲမှာ ခေါင်းဆောင်ခန့်ထားတာ။ အခန်းထဲကလူတွေကို ထိန်းရတာ။ ပြောလို့မရတဲ့သူတွေဆို ရိုက်ခိုင်းတာ တုတ်နဲ့"

"ကိုမင်းမင်းကျော် ဘယ်လောက်ရိုက်ဖူးလဲ"

"တစ်ဆောင်လုံးရိုက်ဖူးတယ်၊ တစ်ဆောင်မှာ ၄၀–၅၀ လောက်တော့ ရှိတယ်။ သင်တန်းကျောင်းမှာ အဆောင် ၃ ဆောင်ရှိတယ်"

"ခေါင်းဆောင်တွေ အနိုင်ကျင့်တာတော့ မြင်ဖူးတယ်၊ ခေါင်းဆောင်တွေက ဟိုလိုမျိုး အလျှုရှင်တွေ ဘာတွေလာပြီဆိုလို့ရှိရင် မုန့်တွေဝေတယ်လေ၊ ဟိတ်ကောင် မင်း ငါ့ကိုပေး၊ မပေးရင် ထိုးမှာ ရိုက်မှာ၊ အဲလိုမျိုးတွေ အနိုင်ကျင့်တယ်။ နောက်ပြီးတော့ ဟင်းတွေ၊ ထမင်းတွေလည်း ချန်ခိုင်းတယ်။ သူတို့က

ထ မစားချင်ဘူးလေ၊ ထ မစားချင်တဲ့အခါကြတော့ ဟိတ်ကောင် မင်း ငါ့အတွက်
ထမင်းချန်ခဲ့၊ ဟင်းကော ပါအောင်ယူခဲ့။ မယူခဲ့ရင် ဒီပေါ်ကျ ထိုးမှာ မင်းကို
အဲလိုမျိုးလည်း ယူခိုင်းတယ်။ ဆရာ၊ ဆရာမတွေ သူယူတာမိလို့ရင်လည်း ယူခိုင်း
တဲ့သူကို ပြောရင်လည်း ထိုးခံရသေးတယ်၊ ကိုယ့်ဘာသာ ဝန်ခံရတာပေါ့၊ သား
စားချင်လို့ ယူတာပါပေါ့"

"သင်တန်းကျောင်းမှာ ကော်တွေလည်း ရှုကြတာ၊ အဆောင်ထဲမှာ ဖြစ်
ချင်သလို ဖြစ်နေကြတာ။ အပြင်က ကော်ရတာ။ အထဲခေါင်းဆောင်ရယ်၊ အပြင်
ခေါင်းဆောင်ရယ်ရှိတာ။ အပြင်ခေါင်းဆောင်ကို လာဘ်ထိုးပြီး ကော်ဝယ်ခိုင်း
တာ။ ကော်ပြီးတော့ ဒက်စတိုဆိုတာ ခေတ်စားလာတာ။ ဒက်စတိုဆိုတာ ဆေးပါ
ချောင်းဆိုးပျောက်ဆေး။ ကော်ထက်သာတယ်၊ မသိရင် နံပါတ်ဖိုးလိုပဲ၊ ဆေးပြား။
အဲဒါကို ချောင်းဆိုးပျောက်ဆေးလို့ခေါ်တာ။ ကော်ရှုတာ ရိုးနေတော့ ငါက
အစ်ကို အဲ ဒက်စတိုလေးသောက်ကြည့်ရအောင် ကျွန်တော့်ကို ပေးပါလားလို့
ကျွန်တော်က သူ့ဆီက ငါးလုံးလားမသိဘူးယူပြီးသောက်တော့ ငါ့ညီ အဲဒ
တစ်လုံးချင်းစီ သောက်ရတာမဟုတ်ဘူးနော်။ တပြိုင်တည်းသောက်ရတာ
အန်ထွက်နေဦးမယ်တဲ့။ ၃–၅ မိနစ်လောက်နေတော့ မျက်လုံးထဲမှာ ဘာမှကို
မသိတော့ဘူး။ ကြောင်သွားတာ နားတွေက ဆူနေတော့တာ။ ဘယ်ကောင်တွေ
ဆူတာတုန်း၊ ဘာတုန်းဆိုပြီး ပတ်သောင်းကျန်းတော့တာ။ ကုတင်ပေါ်ကနေ
လည်း ကိုယ့်ကိုယ်ကိုယ် မနိုင်တော့ဘူး၊ ပြုတ်ကျတယ်။ ၁ နာရီလောက်က
စသောက်တယ်ဆို မနက်ဖြန် ၁ နာရီမှ ပြန်ပြေတာ။ ငါလိုက်သောင်းကျန်းတာ၊
ထွက်ပြေးတဲ့ကောင်တွေ မကျေနပ်သေးရင်ထိုးတယ်။ အဲ ဒက်စတို အလုံး ၆၀
ကို ၁ ရက်တည်းနဲ့သောက်ရင် ဘာမှကို မသိတော့ဘူးတဲ့။ ကြောင်သွားတာလိုလို
လူလိုက်သတ်တယ်တဲ့၊ အဲလိုမျိုးပြောတယ်"

"အရက်တို့ရော သွင်းတယ်၊ အရက်ကတော့ အမျိုးမျိုးပဲ။ အဲထဲမှာ
ခေါင်းဆောင်တွေက ဖျံကြတာတို့၊ သူတို့ရာထူးရတယ်ဆိုပြီး လုပ်ချင်တိုင်း လုပ်
တာတို့၊ မုဒိန်းကျင့်တာတောင် ရှိတယ်။ အပြင်ကကျင့်တာ မဟုတ်ဘူး၊ အဆောင်

ထဲမှာကိုကျင့်တာ။ မုဒိန်းမှုတွေ ဖြစ်တယ်။ တစ်ဆောင်ကို ၁၅ ယောက်လောက် မပါရင်မပြီးဘူး။ အဆောင် (၁) ဆိုရင် ၁၀ ယောက်လောက် ရှိတယ်။ ခေါင်းဆောင်ကစ လုပ်တယ်။ အခြောက်နှ ၂ ယောက်ရောက်လာတာ၊ အဆောင် (၁) ထဲ ထည့်ထားတာ။ အခြောက်ရှိမှ၊ မရှိရင်တော့ မဖြစ်ဘူး။ အခြောက်တွေ ရောက်လာမှပဲ ဖြစ်တာ။ အခြောက်တွေမရှိတုန်းက ထိုးကြိတ်တာလောက်ပဲ ရှိတာ၊ နှိပ်ခိုင်းတာတို့"

"ဒိုးကြီးတဲ့၊ အခြောက်ကို ကြိုက်နေတာ။ အဲဒါနဲ့ ဒိုးကြီးက အခြောက်မကို လုပ်ပစ်လိုက်တာ၊ သူ့ကို တစ်ကျောင်းလုံးက ဝိုင်းပြောင်ကြတာ။ နောက်ပြီးတော့ ကံပွားဆိုလား ဘာလား၊ အဲဒါ သူအိပ်နေတုန်း တင်ကို တုတ်နဲ့ဆောင့်ထိုးလိုက်တာ၊ ခြီးအူပေါက်သွားတာ၊ ထိုးတဲ့သူ မသိဘူး"

"မကျေနပ်တဲ့ ခေါင်းဆောင်တွေဆို တစ်ဆောင်လုံးညှိပြီး ဝိုင်းထိုးတယ်၊ ဒီကောင်က မတရားဘူးဆိုပြီးတော့ ဆရာ၊ ဆရာမတွေ မပြောဘဲနဲ့ အကုန်လုံး ဝိုင်းထိုးကြတာ။ အဲလိုထိုးလိုက်တော့ အဲကောင်က မလုပ်ရဲတော့ဘူး။ ခေါင်းဆောင်လည်း မလုပ်တော့ဘူး"

"ရန်ကုန်သင်တန်းကျောင်းတွေက ပိုဆိုးတယ်"

"ကိုမျိုးနိုင် ရန်ကုန်ကို ဘယ်လိုရောက်သွားတာလဲ"

"ဘီလူးက ရန်ကုန်သားတောင် လုပ်ခဲ့တာနော်"

"ငါ ရန်ကုန်ကို ရောက်သွားတာက ငါငယ်ငယ်လေး အိမ်ကထွက်တော့ မန္တလေးမှာနေတယ်။ တစ်နှစ်ကျော်ကျော်လောက်နေပြီးတော့ ရန်ကုန်ရောက်သွားတာ။ မန္တလေးကနေ ရထားလျှောက်စီးတာ။ ရန်ကုန်ရောက်သွားတာပဲ။ ဟုတ်ပြန်ရထားပဲ။ လမ်းရောက်တော့ လက်မှတ်စစ်တယ်လေ။ ဦးလေး သားတော့ ခွင့်လွှတ်ပါအုံးဗျာ၊ ခုနက မန္တလေးကနေ ထွက်လာတာ၊ အခုကျ ရထားပေါ် မဆင်းတတ်လို့ ဒီအထိပါလာတာလို့ ပြောတော့။ အာ့ဆို မင်းဘယ်လိုလုပ်မှာတုန်းတဲ့။ အာ့ဒါတော့ သားလည်းမပြောတတ်ဘူးလို့။ သံလွင်တံတားကြီးကျော်

ဟို့အရှေ့ဆို ရန်ကုန်ရောက်ပြီတဲ့။ ဘယ်လိုလုပ်မှာတုန်းတဲ့။ ဘယ်လိုမှမလုပ်ပါဘူးဗျာ။ သားဘာသာ အကူအညီတောင်းလို့ ရပါတယ်ဗျာဆိုပြီး ရန်ကုန်ရောက်ချသွားတာ။ အာ့မှာလည်း ကော်ဘူးရှူတဲ့သူနဲ့တွေ့တယ်။ ကြည့်မြင်တိုင်ဘူတာမှာ တွေ့တာ။ သူတို့နဲ့ပေါင်းပြီး ဘူးခွံလိုက်ကောက်တာ။ ကော်ဘူးရှူနေတာသိတော့ ငါက မင်းတို့နဲ့အတူ နေလို့ရလားဆိုတော့ မင်းက ဘယ်ကမို့လို့တုန်းတဲ့။ အေးကွာ ငါက မန္တလေးက ဒီကိုပါလာတာကွ။ မင်းတို့နဲ့ အတူတူဘူးခွံကောက်မယ်ကွာဆိုပြီး နေတာ။ သူတို့က ငါ့ကို ဟိုအိမ်ကိုလိုက်အပ်ပေးတာ။ ဆင်းရဲသားရပ်ကွက်၊ ကျောက်တံတားဘက်မှာ၊ အဘွားကြီးအိမ်မှာ လိုက်အပ်ပေးတာ။ သူတို့ကို အဲ့အိမ်က အဘွားက ခေါ်ထားတာ။ ငါ့တူလေး မင်းက ဘယ်ကလာတာလဲဆိုတော့ မန္တလေးကနေ ပါလာတာ။ သူတို့နဲ့တွေ့လို့ အဘွားဆီ လိုက်အပ်ပေးမယ်ဆိုပြီး လိုက်လာတာပဲ”

“ရန်ကုန်၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံးကုန်း၊ နတ်စင်လမ်း၊ လှည်းတန်း၊ ဆူးလေ၊ ကမ္ဘာအေး၊ ရွှေတိဂုံ အကုန်လျှောက်ပတ်သွားတာ။ မြို့ပတ်ရထားနဲ့။ အဘွားအိမ်လိုက်ပို့တဲ့ ကောင်လေးတွေက လိုက်ပို့တာ။ ဘူးခွံကောက်ရင်းနဲ့ သွားတာ။ တောင်ဥက္ကလာမှာ တစ်ရက်ကောက်ပြီးရင် နောက်နေ့ အာ့မှာ မကောက်တော့ဘူး။ မြောက်ဥက္ကလာမှာ သွားကောက်တာ။ ပြီးရင် ဒဂုံးကုန်း၊ အင်းစိန်၊ ပြီးရင် ဝိုလ်ချုပ်စျေး၊ သီရိမင်္ဂလာစျေး၊ လှည်းတန်း၊ စံပြ၊ ဆူးလေ။ ကမ္ဘာအေး၊ ရွှေတိဂုံ အကုန်လုံးပတ်ကောက်။ ပြီးရင် သုံးဘီးနဲ့တင်။ ပြီးတော့ ရောင်းတယ်။ တစ်ခါတစ်ခါကောက်ပြီးရင် သုံးသောင်းခွဲ၊ လေးသောင်းလောက်တော့ ရတယ်။ ၃ ယောက်ကောက်တာ။ ပြန်လာပြီးရင် ရောင်းတယ်။ ပိုက်ဆံခွဲတယ်။ မျိုးနိုင် မင်းက အဘွားကြီးကို ဘယ်လောက်အပ်။ တစ်ယောက်ကို ၅၀၀၀ အပ်တဲ့နေ့ ရှိတယ်။ ၃၀၀၀၊ ၂၀၀၀ အပ်တဲ့နေ့လည်း ရှိတယ်။ အဘွားကြီးမှာက သမီးရှိတယ်။ သူ့သမီးကလည်း လိုက်ကောက်တာလေ။ အဘွားကြီးကတော့ အိမ်မှာ ထမင်းချက်။ ငါတို့အဝတ်အစားတွေလည်း လျှော်စရာမလိုဘူး။ သူလျှော်ပေးတာ။ နေ့လယ်စာကတော့ ကိုယ့်ဘာသာဝယ်စားတာ။ ညနေစာကတော့ အိမ်မှာစား။ မနက်ထရင် မနက်စာကလည်း အိမ်မှာစားတယ်”

"ဘယ်အချိန်ထွက်တာလဲဆိုတော့ ငါတို့က ၇ ခွဲ၊ ၈ နာရီဆိုထွက်ပြီ။ နေ့တိုင်းထွက်တာ။ ကျန်တဲ့ပိုက်ဆံကျ ဂိမ်းနှိပ်တယ်။ ဂိမ်းဆိုင်တွေမှာ ဂိမ်းသွားနှိပ်တယ်။ ညနေ ၄ နာရီဆို အိမ်ပြန်ရောက်ပြီလေ။ ရေမိုးချိုးပြီး ဂိမ်းဆိုင်သွားတာ။ ဟိုကောင်တွေက ကော်ဘူးဆိုင်သွား၊ ကော်ဘူးဝယ်။ သူတို့က ဂိမ်းဆိုင်လာ၊ ပေါင်းနှိပ်ကြတာ။ တစ်နေ့တစ်နေ့ကို ၂ ထောင်ကျော်၊ ၃ ထောင်လောက်တော့ ကုန်တယ်။ ၁ နာရီကို ၃၀၀။ တစ်နာရီချင်းပေါင်းရင်းနဲ့ ၃၀၀၀ လောက်ကုန်တယ်။ အိမ်ကို ည ၈း၄၅ လောက်မှပြန်လာတာ။ အာ့အချိန်ဆို ရဲတွေက ပတ်ကင်း ပတ်ပြီ။ ပုန်းနေရတာ ဟိုကောင်တွေက ကော်ဘူးရှူနေလို့။ သူတို့လာပြီဆို စွေးတန်းထဲ ပုန်းနေရတာ။ ဆေးလိပ်တောင် လမ်းသွားရင်းသောက်မရဘူး"

"ရန်ကုန်မှာ တောင်းတာတွေ မလုပ်ဘူး။ ဘူးခွံပဲ ကောက်တာ။ မခိုးဘူး။ ဆူးလေဘက်မှာတော့ တိုက်တန်းတွေကြားမှာ ဘူးခွံ၊ ပလုံးခွံက မနည်းချည်းပဲ။ ကပေါ်ကနေပစ်ချတာ အထုပ်လိုက်ကြီး ပစ်ချပေးတာ။ တစ်ခြားလူတွေနဲ့လည်း လုမကောက်ရဘူး။ ကိုယ့်ဘာသာပဲ ကောက်တာ"

"တစ်နေ့တော့ ရန်ကုန်မှာ ဘူးခွံကောက်ရင်းနဲ့ အဖမ်းခံရတာ။ ကမ္ဘာအေးလူငယ်သင်တန်းကျောင်းကို ပါသွားတာ။ အာ့ကို ပို့တာ။ ဘာအမှုနဲ့မှ ဖမ်းတာမဟုတ်ဘူး။ ဘာမှလုပ်လို့ မဟုတ်ဘူး။ လမ်းပေါ်မှာနေတယ်ဆိုပြီး ဖမ်းတာ။ ဆူးလေဘုရားနားမှာ ဖမ်းတာ။ ကလေးတစ်ယောက်က ပိုက်ဆံသွားတောင်းတာလေ။ ကလေးတစ်ယောက်က ကော်ဘူးရှူနေတာ။ ငါက ဆေးလိပ်ထိုင်ဖွာနေတာ။ ခွေးဘီလူးကားလေးလိုဟာလေးနဲ့ လာဖမ်းတာ။ အာ့ပေါ် အကုန်ကောက်တင်တာ။ လက်တွေကြိုးတုပ်ပြီးတော့ ဖမ်းခေါ်သွားတာ။ အရင်ဆုံးပို့တာက ထောင်တစ်ခုကိုပဲ ပို့တာ။ အာ့ထောင်ကို နာမည်မေ့နေလို့။ နောက်မှ ကမ္ဘာအေးသင်တန်းကျောင်းကို ပို့တာ။ မနက်ဆို အာ့မှာ ကြမ်းတိုက်ရတယ်။ ပုလင်းကို စောင်နဲ့ပတ်ပြီး ကြမ်းကို ဖိတိုက်ရတာ။ မနက်ခင်းပိုင်းကျ ဆန်ပြုတ်သောက်။ သောက်ပြီး အတွင်းထဲပြန်ဝင်၊ အလုပ်လုပ်။ ငါတို့က အာ့မှာ ပိုက်ချုပ်တာလေ။

ပုလဲကောင်ကို ဖမ်းတဲ့ပိုက် ချုပ်ရတာ။ တစ်ကိုင်းကို ၁ နာရီလောက် ချုပ်ရတယ်
ကိုင်း ၁၀၀ မှ ငွေ ၅၀၀၀ ပဲရတာ။ ပုလဲဖမ်းတဲ့ပိုက် ချုပ်ရတာ။ နောက်ကျတော့
လူ ၁၀၀၀ ကျော်သွားပြီ။ အခန်းမဆန့်တော့ဘူး။ နောက်ရက်ကျတော့ ကားခေါ်
ပြီး ထမင်းကြော်တွေထည့်ပြီးတော့ မော်လမြိုင် လူငယ်သင်တန်းကျောင်းကို
ပို့မယ်ဆိုတော့ လူတွေက ငိုကြတာ။ ငါပါ ထငိုတာ။ ဟိုကိုပို့မယ်ထင်လို့
ဌက်အော်စမ်းကို ပို့မယ်ထင်လို့ ငိုကြတာ"

"ဌက်အော်စမ်းကို ဘာလို့ကြောက်ကြတာလဲ"

"အာ့က ပြေးလမ်းမရှိတော့ဘူးလေ။ ကျွန်းကြီးလေ။ ဘယ်ကိုပြေးပြေ
အာ့ဒီကိုပဲ ပြန်ရောက်တာ။ အာ့ကို ပို့မှာကြောက်တာ။ မင်းတို့ မငို နဲ့၊ မင်းတို့ကို
မော်လမြိုင်ပို့မလို့တဲ့။ မယုံဘူး ကျွန်တော်တို့ကို ဒီမှာပဲထားပါဗျာ။ မပို့ပါနဲ့ဆိုပြီ
ငိုကြတာ။ မရဘူး၊ ပါသွားတာ။ မော်လမြိုင်ရောက်တဲ့အခါကျတော့ ကမ္ဘာအေးလို
မဟုတ်ဘူး။ ခွီးယို၊ သေးပေါက်သွားမယ်ဆိုရင် အဝင် ၃ ချက်၊ အထွက် ၃
ချက် ဝါးဆစ်ပိတ်နဲ့ရိုက်တာ။ ဘာလို့လဲတော့ မသိဘူး။ တင်ပါးကို ရိုက်တာ
နေ့တိုင်းရိုက်တာ။ မနက်ခင်းပိုင်း ထရတာ ၄ နာရီထိုး။ မနက်ခင်းအဝင်က်
မရိုက်ဘူး။ အထွက်ကို ရိုက်တာ။ ကလေးခေါင်းဆောင်တွေက ရိုက်တာ။ နေ့လယ်
ကျ အသွားအပြန်ရိုက်တာ။ ဘာလို့ရိုက်နေမှန်းလည်း မသိဘူး။ မေးရင် ပါးချောင်
တွေ အရိုက်ခံရတယ်။ အချင်းချင်းလည်း မသိဘူး။ ကျော်ရှိန်းက ပြန်ပြောတာ
အာ့လိုရိုက်လို့တဲ့၊ ခင်ဗျားတို့ဖမ်းတာက ဒီလိုရိုက်ဖို့ ဖမ်းတာလား။ နှိပ်စက်ဖို့
ဖမ်းတာလား။ ခင်ဗျားတို့က ဘာကောင်တွေမို့လို့တုန်းတဲ့။ ကျော်ရှိန်းကို အခန်း
ပိတ်ပြီးတော့ ပိတ်ရိုက်တာ။ အာ့ဒါနဲ့ ဆရာမတွေရော၊ ရဲတွေရော ရောက်လာ
တာ။ ဟျောင့်တွေ ဘာကိစ္စနဲ့အာ့လောက်ထိ နှိပ်စက်နေတာတုန်းဆိုပြီး ပြောတာ
ရိုက်တဲ့ကောင်တွေက ကလေးထိန်းတဲ့ခေါင်းဆောင်။ ခေါင်းဆောင်ရဲ့ အထက်က
ခေါင်းဆောင်ရှိတယ်လေ။ အာ့လူကရိုက်တာ။ လူကြီးတွေက သိတယ်။ သူတို့
ကလည်း မတားဘူး။ ဆရာ၊ ဆရာမတွေကတော့ ကိုယ့်အိမ်ကို ပြန်အိပ်ကြတာ
ကိုကျော်လေးတို့၊ ကိုသန်းနိုင်တို့ အာ့ဒါတွေပဲ အိပ်တာ။ သူတို့က အတန်း

ခေါင်းဆောင်လေ။ ကိုကျော်လေးက ဝန်ထမ်းမှာ အကြီးဆုံး။ ခြေထောက် တစ်ဘက်က လိမ်ဖယ် လိမ်ဖယ်နဲ့။ ချိုင်းထောက်နဲ့သွားရတာ။ သူက တအား သဘောကောင်းတာ။ ကလေးတွေကို လက်နဲ့တောင်မထိဘူး။ ညကျလို့ရှိရင် သူထမင်းစားပြီး ပြန်လာရင် ဇလုံတစ်လုံးနဲ့ ထမင်းတွေထည့်လာပြီး ကလေးတွေ ကိုကျွေးတာ။ သူအငတ်ခံပြီးကျွေးတာ။ ကိုသန်းနိုင်ကတော့ မရဘူး။ အာ့ ဘိုးတော်ပဲ ကျော်ရှိန်းကို ရိုက်တာ။ ကိုကျော်လေးက အာ့တုန်းက လဘက်ရည် ဆိုင်ရောက်နေတာ"

"မော်လမြိုင်က ကျွဲကောသီးခြံကြီးမှ အကြီးကြီးပဲ။ အာ့အသီးစားချင်ရင် ကာ့ခြံထဲဝင်ပြီး သွားခူးစားတာ။ ထမင်းစား ကြိုက်သလောက်စား။ ဝေပေးတဲ့သူ မရှိဘူး။ ကိုယ့်ဘာသာ ထည့်စားရတာ။ အပြင်ဘာညာလည်း ထွက်ရတယ်။ စည်းကမ်းတော့ကြီးတယ်။ အခု ငါ့ထက်ကြီးတဲ့ အကြီးတွေရှိတယ်။ အာ့အကြီး တွေက ကလေးတွေကို အနိုင်ကျင့်ရင် ဆရာမတွေက ဆရာကြီးကို သွားတိုင်တာ။ ရိုက်လည်း မရိုက်ဘူး၊ အာ့ကျောင်းက။ ညနေ ၄ နာရီဆို ရေချိုးရတယ်။ ကိုယ့်ဘာသာ ချိုးစရာမလိုဘူး။ ဆရာ၊ ဆရာမတွေက ချိုးပေးတာ။ လက်ထဲမှာ ပိုက်ဆံသုံးစရာမရှိရင် ဆရာမတွေကို ပြောလိုက်တာ။ ကျောင်းသားအဟောင်း တွေက စာသင်ကျောင်းမှာ ကျောင်းစာသွားသင်ကြတာလေ။ ကျောင်းမှာ စာသင် ပေးတာ မရှိဘူး။ အပြင်လည်း ထွက်လို့ရတယ်"

"ကမ္ဘာအေးကျောင်းမှာ ကြမ်းတိုက်တာအပြင် ပိုက်ချုပ်တာ ရှိတယ်။ စိုက်ခင်းစိုက်တာ ရှိတယ်။ စိုက်ခင်းထဲလည်း လုပ်ဖူးတယ်။ ကျွန်တော်ပြောတဲ့ ကိုကျော်လေးပဲ သူကိုင်တာ။ ရိုက်တဲ့သူကျတော့ ကြမ်းတိုက်ခိုင်းတယ်။ ကျောင်း ဝင်းထဲ သန့်ရှင်းရေးလုပ်ခိုင်းတယ်"

"အိမ်သာသွားရင် ရိုက်တာက ဘယ်သူလဲ"

"ကိုသန့်ဇော်"

"သူ လူတွေအများကြီး ရိုက်တာ မပင်ပန်းဘူးလား"

"ဘယ်ပန်းမှာလဲ။ အသံနည်းနည်းဆူရင်လည်း ကျောကို အထိုးခံရတယ်
မင်းဂွတ်သီးကျွေးတယ်လို့ ခေါ်တယ်။ လက်ခလယ်ကို ချွန်ပြီး ထိုးတာ။ သူက
ကိုသန့်ဇော်လတ်လို့တောင် မခေါ်တော့ဘူး၊ မင်းဂွတ်သီးလို့ပဲ ခေါ်ကြတာ
ညခင်းဘက်အိပ်ရင် သူကိုလည်း ယပ်ခပ်ပေးရတယ်။ ခြင်မကိုက်အောင်
တစ်ယောက် ၁ နာရီစီ ခတ်ပေးရတာ။ ကင်းလည်း စောင့်ရတယ်။ မနက် ၄
နာရီဆို နှိုး။ ချေးယို သေးပေါက်လုပ်၊ အဝင်နှစ်ချက်ရိုက်၊ အထွက် သုံးချက်ရိုက်၊
အပေါ်ပြန်တက်။ ဘုရားရှစ်ခိုး။ တရားထိုင်။ သူတို့ဖြုတ်ခိုင်းမှ ဖြုတ်ရတာ
ပြီးတော့ ၃ ယောက်တစ်တန်းရပ်၊ ထမင်းစားခန်းကို သွား။ နည်းနည်းတော့
လှမ်းတယ်။ ထမင်းစားဆောင်ကို သွား။ နိုင်ငံတော်အလံကို အလေးပြု။ နိုင်ငံ
တော် သီချင်းဆိုကြ။ သစ္စာလည်း ဆိုရတယ်။ ကျွန်တော်တို့သည် နိုင်ငံတော်က
ကျွေးမွေးသော . . . ဆိုပြီး ဆိုရတယ်။ မေ့ကုန်ပြီ"

"မော်လမြိုင်ကနေ ထွက်ပြေးတုန်းကတော့ ဆရာမတွေက ဂေါက်သီး
ကောက်တို့ ဂေါက်အိတ်ထမ်းတို့ သွားခိုင်းတယ်လေ။ ပိုက်ဆံရအောင်။ ရရင်
လည်း ကိုယ့်ဘာသာကို သုံးလို့ရတယ်။ ဂေါက်ကွင်းသွားဦးမယ်ဆိုပြီး ထွက်လာ
တာ။ ပထမ ဂေါက်သီးကောက်သေးတယ်။ အာ့ဒါ တစ်ယောက်ကို ၁၅၀၀
ရတာ။ ငါတို့ ပြေးမယ်ကွာဆိုပြီး ပြေးတာ။ ပထမ ပြေးတဲ့သူတွေ ရှိတယ်လေ
မင်းတို့ ပြေးမယ်ဆိုရင်တဲ့၊ ငါပြောတဲ့ လမ်းအတိုင်း သွားတဲ့။ အာ့ဒီမှာ စပါး
ပုံကြီး ရှိတယ်။ အာ့စပါးပုံကနေ တန်းတန်းသွား သံလမ်းတွေ့လိမ့်မယ်။ သံလမ်း
တောက်လျှောက်သာသွား တောင်ဘက်ကို ချီးပြီးသွားရင် မောလမြိုင်ဘူတာကြီး
တွေ့လိမ့်မယ်တဲ့။ အာ့မှာ အကူအညီတောင်းပြီး သွားတဲ့။ အာ့ဒါနဲ့ ထွက်ပြေး
လာတာ"

"ဘူတာကို ရောက်သွားတာ။ ငါတူတို့ မင်းတို့က ဘာစောင့်နေတာတုန်း
တဲ့။ သားတို့ ရထားစောင့်နေတာတဲ့။ မင်းတို့ကို ကြည့်ရတာ သင်တန်းကျောင်းက
ထွက်လာတဲ့ ပုံပဲတဲ့။ ဟုတ်တယ် သားတို့ မနေချင်လို့ ထွက်လာတာ။ ကြီးရင်လည်း
စစ်တပ်ထဲ ထည့်မည်ပြောတယ်လို့။ ဟုတ်တယ် မော်လမြိုင်ကျောင်းက မင်းတို့ကို

စစ်တပ်ထဲ ထည့်မှာတဲ့။ သားတို့ အခုက ရန်ကုန်ကို ပြန်မှာ။ ရန်ကုန်ကနေ သားက မန္တလေးပြန်မှာလို့။ အေး အခုတော့ မင်းတို့ ရထားက မရှိဘူး။ ဦးလေးအိမ် လိုက်အိပ်တဲ့၊ မနက်ကျတော့မှ ရထားနဲ့ တင်ပေးလိုက်မယ်တဲ့။ ဦးလေးကြီး ကလည်း တအားသဘောကောင်းရှာတယ်။ သူက ကရင်တွေလေ။ သူ့အိမ်ရောက်တော့ တိုင်းရင်းသားဝတ်စုံတွေ ပေးဝတ်တယ်။ နေ့လယ်ဘက်ကျတော့ သူ ချောင်းထဲ ရေခပ်တုန်းက လာရှာတာ။ ဦးလေးကို မေးတာတဲ့။ ဒီဘက်မှာ အငယ်အလတ် အကြီး ငါးယောက် မတွေ့ဘူးလားလို့ မေးတာတဲ့။ ငါကလည်း သူတို့ ဆင်တန်းကျောင်းကမှန်း သိတယ်လေ၊ မတွေ့ဘူးလို့ ပြောလိုက်တာတဲ့။ သူက ပြန်ပြောပြတာ။ ထမင်း ဘာညာကလည်း ကျွေးတယ်။ ငါတို့ကို တစ်ညသိပ်။ မနက်ကျ ဦးလေးကြီးက လိုက်ပို့တာ။ သူ့စကားကလည်း မနည်းနားထောင်ရတယ်။ ကျိုက်ထီးရိုးနဲ့ နီးတယ်။ ကျိုက်ထီးရိုးဘုရားကို မြင်နေရတယ်။ ၅ မိနစ်တောင် မကြာဘူး။ ရထားဝင်လာတာ။ ဂတ်ဘိုတွဲကလူတွေနဲ့ စကားပြောပြီး ထည့်ပေးလိုက်တာ။ ဒီကလေးတွေကို ခေါ်သွားပါ၊ ဒုက္ခရောက်နေလို့၊ ဒီကို အိပ်ပျော်ပြီး ပါလာလို့လို့ သူကပြောတယ်။ ရန်ကုန်ရောက်သွားတာ။ ရန်ကုန်က မန ကမ္ဘာအေးပြန်ပါတာ။ ဆူးလေမှာပဲ မိတာ။ ညခင်းပိုင်း ဘူတာကြီးကနေ လမ်းလျှောက်ပြီး အဘွားကြီးအိမ် ပြန်မလို့။ လမ်းမှာ အဖမ်းခံရတာ။ အိမ်ကို မရောက်လိုက်ဘူး။ အာ့ဆီကနေ ဒီနေ့ရောက် မနက်ပြေးတာပဲ”

“ညကြီးရောက်ရော၊ မနက်ထမင်းစားပြီးတော့ အသင်းတွေ လေးသင်းလုံး တိုင်ပင်ပြီး ထမင်းစားဆောင်ထဲကနေ ဟေးဟေးဟေးဆို ပြေးကြတာပဲ။ ဓါးသန်းသန်းစိုး ဂျူတီမှာ အကုန်တိုင်ပင်တာ။ အောင်ဆန်းအသင်းကဟာတွေရယ်၊ အလောင်းဘုရားအသင်းက ဟာတွေရယ်၊ ငါတို့ အောက်ထပ် ဘုရင့်နောင်အသင်းရယ် အကုန်လုံး တိုင်ပင်ကြတယ်၊ မနက်ခင်းဘက် ထမင်းစားသွားပြီး နိုင်ငံတော်အလံဆိုပြီးတာနဲ့ ပြေးကြမယ်ကွာဆိုပြီး ထွက်ပြေးကြတာ။ သူတို့ မမိအောင် ပြေးရတာ။ ခေါင်းဆောင်ကြီးက ဆောင့်ဖမ်းတာ။ အဲဒီမှာ ကိုသန်းဇော်လတ်လေ။ သူကိုစောင့်ပြီး ပြန်ဖမ်းတယ်။ နှစ်ယောက်က ချုပ်ပြီး သုံးယောက်က

ဝိုင်းထိုးတာ။ သူရောက်လာတော့ ဟိုကောင်တွေက ခြေကလိန် မှောက်ခုပ်တာ
သူလဲရော။ နှစ်ယောက်ကချုပ်ပြီး ဝိုင်းထိုးကြတယ်။ သူ့ကို အနားက ဒုတ်
မင်း ငါတို့ကို ဆော်ချင်အုံးကွာဆိုပြီး ပြောပြောဆော်ကြတာ။ မင်း ငါတို့က
နှိပ်ခိုင်းအုံးကွာ၊ အညောင်းမပြေရင် ရိုက်အုံးကွာဆိုပြီး ပြောပြောထိုးကြတာ
မိသွားတာက ၁၇ ယောက်လောက် ပြန်မိတာ။ လွတ်တာက အများကြီး"

"သူ့ကို ညတိုင်း ဘယ်တယောက် ညာတယောက် နှိပ်ပေးရတာ။ ၁
အတွက် ထမင်းနဲ့ ဟင်းကို သေသေချာချာ ယူပေးထားရတာ။ သူက အနှိပ်
ပြီးရင် နှိပ်ပေးတဲ့သူတွေကို ဖြောင်း ဖြောင်းဆိုပြီး နားရင်း တချက်စီတီးပြ
ရော့ ဒါ စားလိုက်၊ နောက်ဆို ငါ့ကို ကောင်းကောင်းနှိပ်ပေးဆိုပြီး ကျွေးတယ်
အာ့ကြောင့် သူ့ကို အဝပြန်ကျွေးကြတာ၊ သူလဲ ဘာမှ မပြောရဲဘူး"

"ပြေးရင်း ဘူတာကို ရောက်ရော။ ဦးလေး မန္တလေးသွားတဲ့ရထား
ဘယ်ရထားလဲဆိုပြီးမေးတော့ အဲဒီမှာ ဥဩစွဲနေတဲ့ရထားပဲဆိုတာနဲ့ တက်လိုက်
လာတာ။ တစ်ယောက်ထဲ။ လမ်းကြတော့ နေပြည်တော်နား မရောက်ခင်တော
လက်မှတ်စစ်တယ်။ ဦးလေး သားကို ကူညီပါဗျာ။ လမ်းတစ်လမ်းလုံး ထမင်
လည်း မစားရဘူး။ ရေလည်း မသောက်ရဘူးဆိုတော့ သူက ဒံပေါက်တဘူး
ရေသန့်တဘူးပေးတာ။ နေရာလဲ ပေးတယ်။ ခုံပေါ်မှာ အိပ်လိုက်လာတာ။
အာ့ကတည်းက ရန်ကုန်က လူတွေနဲ့ မတွေ့တော့တာ၊ ဘယ်မှလည်း မသွ
တော့ဘူး"

"ကိုဘီလူး၊ ရန်ကုန်မှာ အိမ်ထောင်ကျသေးတယ်ဆို"

"အိမ်ထောင် မဟုတ်ပါဘူး။ ရည်းစားပါ။ အဘွားကြီးအိမ်မှာ နေရင်း
ဖြစ်တာ။ သက်မွန်တဲ့။ သူနဲ့က ကပ်ရက်။ သူနဲ့ ရည်းစားဖြစ်တာ။ သူက အရင်ဆို
ဟိုတို့ ဒီတို့နဲ့ လိုက်စတော့ ဖြစ်သွားတာ။ လူငယ်သဘာဝ ဖြစ်လိုက်တာ။ အာ့တုန်
က ငါက ငယ်သေးတယ်။ ၁၃ လောက်ပဲ ရှိသေးတာ။ သူက ငါ အခုအရွယ်
လောက်ရှိနေပြီ။ ငါနဲ့ ဖြစ်ပြီး ၂ ရက်လောက်နေတော့ သူ့ ညီမလေးက သေတ
ပဲ။ AIDS နဲ့ သေတာ"

"မင်းက် AIDS မှန်း ဘယ်လို သိလဲ"

"ပိန်ချုံးနေတာလေ။ သူကလည်း ပြောပြတယ်။ သူက ဗိုလ်ချုပ်စျေးမှာ စျေးရောင်းတာ။ လိမ္မော်သီး ပန်းသီးရောင်းတာ။ ငါက ဘူးခွံမကောက်ချင်လို့ ရှိရင် သူ့ဆီက ပိုက်ဆံတောင်း၊ သူပေးတယ်။ တစ်ခါပေး ၅၀၀၀၊ ၆၀၀၀။ ညကျလို့ရှိရင်လည်း အာ့တံတားတစ်ဝက် ခလယ်မှာ ကျောက်ဆောင်ကြီး ရှိတယ်လေ။ အာ့ဒီမှာ တနှစ်တခါ ရေသူမပေါ်တာလေ။ တခါတလေ သင်္ဘောကြီးနဲ့လဲ သွားတယ်။ အာ့ သွားချင်တယ်ဆိုလဲ သူကပဲ လိုက်ပို့တာ။ သွားရင်လည်း သူပေးထားတဲ့ ပိုက်ဆံနဲ့ ဝယ်မစားခိုင်းဘူး။ သူကပဲ ဝယ်ကျွေးတာ။ ရေခဲမုန့်တွေ တာတွေစား။ သန်လျင်တံတား။ အာ့ကို သွားကြတာ။ အာ့တံတားနဲ့ နီးတယ်။ ဆင်းရဲသားရပ်ကွက်လေ"

"သူ့ကိုတောင် နှုတ်မဆက်ခဲ့ရဘူး။ ကိုယ်ကလဲ ပြန်မိမှာကြောက်တယ်လေ။ ကရင်က ပြေးတုန်းက ပြန်မိတော့ ကြယ်ခွေးခိုင်းတာ။ တန်းကို တွဲလဲခိုပြီးတော့ ခြေထောက်ကို ကွေးခိုင်းထားတာ။ အောက်က ဖယောင်းတိုင်မီးက ထွန်းထားသေးတာ။ ခြေထောက်ကျရင် ဒုတ်နဲ့ ဆော်တာ။ သင်တန်းကျောင်းမှာ လုပ်ခိုင်းတာ။ ထွက်ပြေးတဲ့သူတွေကို မိရင် အာ့အတိုင်း လုပ်ခိုင်းတာ။ သူတို့ သောက်မြင်ကပ်ရင်တော့ ၁၅ မိနစ်၊ မိနစ် ၂၀ မကဘူး လုပ်ခိုင်းတာ။ မကွေးနိုင်လို့ ကျသွားရင် ဒူးတွေက တုန်လာတာ။ သူတို့ တော်ပီဆိုမှ တော်ရတာ။ မလုပ်နိုင်လို့ မရဘူး။ မလုပ်နိုင်ရင် အချက် ၁၀၀ ရိုက်တယ်။ ခေါင်းဆောင်ကြီး ကိုသန့်ဇော်လတ်က ရိုက်တာ။ အာ့လူက အာ့ကျောင်းမှာ အဆိုးဆုံးဥစ္စာ။ ကြယ်ခွေးပုံစံလုပ်ပြီးရင် ထိုင်ထ ၅၀ ဆက်တိုက်လုပ်မလား။ ကြမ်းတိုက်မလား။ ကြမ်းဆိုရင် ကျောင်းထဲမှာရှိတဲ့ကြမ်း ပြောင်နေအောင် တိုက်ရတာ။ အာ့လိုမှမဟုတ်ရင် စနေ တနင်္ဂနွေ ကျောင်းပိတ်ရင် ကျောင်းစိမ်းအဝတ်အစားတွေ လျှော်မလား မေးတယ်။ ငါက မတော့ ခြေထောက်တော့ အညောင်းမခံဘူးဆိုပြီး ကြမ်းတိုက်မယ်လို့။ ခြေထောက်ကြီး ညောင်းကိုက်နေတာ။ ဒူးတွေကို ပျော့ခွေနေတာ။ နောက်ကျတော့ မလုပ်နိုင်တော့ဘူးကွာဆိုပြီး ဖြုတ်လိုက်တာ။ ဟျောင့် မင်းကို ဘယ်သူက ဖြုတ်ခိုင်းလို့

လဲတဲ့။ မဖြူတ်ခိုင်းလဲ ဖြူတ်တယ်ဗျာ။ အာ့ဒါဆို မင်း ထိုင်ထ ၅၀ လုပ်မလား
ကြမ်းတိုက်မလားတဲ့။ စနေနေ့ကျ ကျောင်းတက်တဲ့ အဝတ်အစားတွေ အကုန်လ
မင်းတစ်ယောက်တည်း လျှော်ရမှာ မင်းလျှော်မှာလားတဲ့။ သုံးခုထဲက တစ်ခုရွ
ကွာဆိုတော့ ကြမ်းတိုက် ရွေးလိုက်တာ။ ထိုင်ထကျတော့ မလုပ်ချင်ဘူး။
ခြေထောက်တွေက ညောင်းလှပီလေ။ မလုပ်နိုင်တော့ဘူး။ ကြမ်းတိုက်လည်
ချက်ချင်းတိုက်ရတာပဲ။ ”

“ခဏ ခဏ ဘာ့ကြောင့်ပြေးကြတာလဲ”

“ဘာ့ကြောင့်ပြေးလဲဆိုတော့ ဟိုက မိမရှိ ဖမရှိတဲ့ဟာတွေလေ။ မိ
ဖရှိဟာတွေကျတော့လည်း မွေးသက္ကရာဇ်နဲ့လာထုတ်ရင် ပြန်လွှတ်ပေးတာ
လာမထုတ်ရင် တစ်သက်လုံးပဲ နေရော။ ၁၈ နှစ်ထိ။ ၁၈ နှစ်ပြည့်တော
လွှတ်မပေးဘူး။ ၁၈ နှစ်ကျော်ရင်တော့ အင်းစိန်ထောင် ပို့မှာ။ အင်းစိန်က
ထောင်ဝင်စာလက်မှတ်နဲ့ ပြန်လွှတ်ပေးတာ။ စစ်တပ်ထဲတော့ မထည့်ဘူး။
မော်လမြိုင်ကပဲ စစ်တပ်ထဲ ထည့်တာ”

“နေ့လယ် နေ့ခင်း ဆော့ဖို့တွေ လုပ်ပေးသေးလား”

“လုပ်ပေးတယ်လေ။ အာ့ထဲမှာပဲ ကျောင်းတက်ရတယ်။ ၁၀ တန်း
ရှိတယ်။ ငါက ၂ တန်းကျော်ကျော်လောက်ပဲ တက်ခဲ့ရတာ။ စာရေးတ
ဖတ်တတ်ပေါ့။ နဂိုက ရေးတတ်တာ နည်းနည်းပါးပါး။ အာ့တုန်းကတော
သိပ်မတတ်သေးဘူး။ ရွှေခြသေ့ရောက်မှ တတ်တာ။ ဆရာမ သန်းသန်းစိုး
သင်ပေးတာ။ သူရယ် ဟိုဆရာကြီးရယ် သင်ပေးတာ။ ဆရာကြီး ကျော်လင်းဇော်
သူတို့ သင်ပေးတော့ တတ်တာ စာလုံးပေါင်းကအစ အကုန်သင်ပေးတော့ အာ့မှ
တတ်တာ”

“ကိုဘီလူး၊ အခုရော စာဖတ်လား”

“ဖတ်တယ်။ ငါ လမ်းလျှောက်ရင်းနဲ့ ဦးပေလူး ဇရုပ်ဘက်ရောက်သွားရ
ဝတ္ထုတွေတော့ မဖတ်ဖြစ်ဘူး။ သတင်းစာ အဖတ်များတယ်။ သတင်းစာအသ
တွေဆို လာလာပို့တော့ သတင်းစာတွေ ဖတ်တယ်။ အစောင် ၂၀ ကျော်လော

ရှိတယ်၊ မနေ့ကတောင် ဖတ်ခဲ့သေးတယ်၊ နိုင်ငံရေးသတင်းတွေ။ ရန်ကုန်မှုန်တိုင်းကိစ္စ သတင်းတွေတို့။ မန္တလေးဘူတာရဲ့ ဘယ်ဘက်မှာတုန်း လင်မယားနှစ်ယောက်ကို ပစ်စတိုနဲ့ တည်ထုတာ။ ဓာတ်ပုံထဲမှာ ပါတယ်"

"ကိုဘီလူး ကျိုက်ထီးရိုးဘုရား ဖူးခဲ့ရသေးလား၊ ကျိုက်ထီးရိုးဘုရား ဖူးချင်လိုက်တာ"

"အဝေးကပဲ လှမ်းဖူးရတာ၊ ဘယ်သွားလို့ရမလဲ၊ ဘူတာရောက်တာနဲ့ ရထားရောက်လာရော၊ တက်လိုက်လာခဲ့တာလေ"

"ကျိုက်ထီးရိုးကို ကျောင်းက လိုက်ပို့တုန်းက ရောက်ဖူးတယ်။ အဲဒီတုန်းက ချောင်းသာရော၊ ပင်လယ်ရေက ခိုးလို့ မဝဘူး။ အာမိုးဆို တက်ခိုင်းလို့ မရဘူး။ ပျော်စရာကောင်းလိုက်တာ။ သူငယ်ချင်းတွေ အများကြီးနဲ့။ ဘုန်းဘုန်းနဲ့။ ဆရာဆရာမတွေနဲ့။ အဲဒီတုန်းကမှ ရန်ကုန်ကို ရောက်ဖူးတာ"

"အဲဒီတုန်းက ငါက မန္တလေး ပြန်ရောက်နေတာ မသိလိုက်ဖူး။ ဟို နေပြည်တော်သွားတဲ့အခေါက်တုန်းကကျ ပါတယ်။ အဲဒီတုန်းက အလောင်းတော်ကဿပဘုရားဖူးရင်း ဆင်စီးရတာ ပျော်စရာကောင်းတယ်။ ဟိုနေရာမှာ မျောက်တွေနဲ့ ဆော့ရတာလေ၊ အစာကျွေးရင်း"

"ဖိုဝင်းတောင်ပါကွာ"

"သားငယ်က ကျိုက်ထီးရိုးပေါ် နေဘူးတယ်တဲ့၊ သားငယ် မင်းက ဘယ်လိုလုပ် ရောက်သွားတာတုန်း"

"အကို့ကို ရှာရင်း မျက်စိလည် ရောက်သွားတာ"

"မင်းအကိုက ဘယ်သွားလို့တုန်း"

"အဲဒီတုန်းက ဒို့က ကိုရင်လေးတွေ။ အမြွာညီအစ်ကို။ ဘုန်းကြီးရိုက်မှာကြောက်လို့ ထွက်ပြေးသွားတာ၊ အစ်ကို့ကို သတိရတယ်။ ငါနဲ့ ရုပ်က ချွတ်စွပ်ပူတာ။ မင်းတို့ မခွဲနိုင်လောက်ဘူး"

"အာ့ဆို မင်းစော် အေးကြည်မ မင်းအကိုဆီ ပါသွားမှာပေါ့"

"ဟာ ဘာ့လို့ ပါရမှာလဲ၊ သူကတော့ ခွဲတတ်မှာပါ"

"ငါ့အစ်ကိုက ဇင်ကိုကိုထွန်းတဲ့"

"အော်သားငယ် အာ့ကြောင့် မင်းက ဇင်ညီညီထွန်းဖြစ်နေတာကိုး"

"အေး ဟုတ်တယ်၊ ငါက ပဲခူးသား၊ အမှတ် (၇) ရပ်ကွက်က။ အဖေက ဦးလှထွန်း၊ ခု ရှိလောက်သေးတယ် ထင်တာပဲ။ အမေက ဒေါ်မြင့်မြင့်သန်း၊ ငါးနှစ်သားထဲက ဆုံးသွားတယ်။

အကိုက ငါ့ထက် ၅ မိနစ်ကြီးတယ်။ ငါတို့ အမြွာညီအကိုက ကိုရင်ဝတ်တယ်။ ပဲခူး အမှတ် (၂) ရပ်က မဟာကြီးတောရမှာ ဝတ်တာ။ ညီအကို မောင်နှမ ၈ ယောက်။ ယောကျ်ား ၄ ယောက်၊ မိန်းခလေး ၄ ယောက်၊ ညီမလေးတယောက်ရှိတယ်။ သဲစုထွန်းတဲ့။ သူက သဲစုထွန်းက အမေကြီးနဲ့ နေတယ်။ ဆတ်ချောင်းတောမှာ နေတာ။ အဲဒီမှာ ငါလဲ နေဖူးတယ်။ မြက်တံမြက်စည်းပင်ချိုးပြီး ရောင်းရတယ်။ အဲဒါ ဒီတိုင်းချိုးလို့ မရဘူးနော်။ လက်အိပ်နဲ့ ချိုးရတယ်။ ရှုတယ်"

"မင်းတို့အိမ်က ပျော်စရာကြီး၊ လူတွေ အများကြီးနဲ့"

"ပျော်စရာမကောင်းဘူး၊ ဒို့အိမ်က မွဲတော့ တကွဲတပြားစီနေရတာလေ အဲဒီထဲက ကိုကြီးကျော်ဇင်ထွန်းက ဆုံးသွားတယ်။ အမ မဥ္ဇူထွန်း သဲသဲ လှအိတို့က ဦးလေးနဲ့ နေတယ်။ ဦးလေးက အိမ်နားကပဲ။ မဝေးဘူး။ ပန်းပဲလုပ်တာ စီးပွားရေး ပြေလည်တယ်။ သူတို့ကို ကျောင်းထားပေးတယ်။ ငါလဲ ၃ တန်းထိ နေဖူးတယ်။ အဖေရဲ့အမက ထားပေးတာ။ အမြွာနှစ်ယောက်လုံးပေါ့။ ကျောင်းက မဟာစေတီဘုရားနားမှာ။ အမှတ် (၇) ရပ်ကွက်ထဲပဲ"

"အော် သားငယ် ပန်းခြံရဟတ်ပေါ်က ကျတုန်းက ဆရာမဂွမ်းဂွမ်းတို့က ဆေးကုပေးတာလေ။ ရွှေခြည်သွေ့ကျောင်းမှာ အိပ်ရာပေါ်မှာ လေးလလား၊ ငြိမ်ငြိမ် လေး နေရမယ်ဆိုတုန်းကလေ။ မင်းကို ဘုန်းကြီးက ပုံပြင်စာအုပ်တွေ ဝယ်ပေး ထားတာ။ မင်းက ဘယ်တုန်းက စာဖတ်တတ်ပါလိမ့်လို့ စဉ်းစားနေတာ။ မင်းက ကျောင်းနေခဲ့တာကိုး"

"အေးကွာ အဲဒီတုန်းက ငါ့ကို ချီးသေးတွေ အကြာကြီးလုပ်ပေးတဲ့ သူငယ်ချင်းတွေကို ငါတတ်နိုင်တဲ့အခါ တခုခု ပြန်လုပ်ပေးမှာ"

"မလိုဘူးလေ၊ အဲဒီတုန်းက မင်းကို ဘုန်းကြီးက ပြုစုတဲ့သူတွေကို ပုံပြင်ဖတ်ပြခိုင်းတာလေ၊ စာအုပ်တွေ သုံးလေးဆယ်လောက်တောင် ရှိမယ်၊ ငါတို့ ပုံပြင်တွေ အများကြီး နားထောင်ရတာပဲ"

"ကိုရင်ဝတ်ဖြစ်တာက အမေကြီးက မြေးတွေ ရှင်ပြုပေးချင်တာမို့ ဝတ်ဖြစ်တာ။ ကိုရင်ဝတ်ပေးတာက အမေကြီး။ ကိုရင်ဝတ်တော့ စာသင်ရတယ်။ ငါ ရှင်ကျင့်ဝတ် သရဏဂုံ သဒ္ဒါတွေ သင်ရတယ်။ အာ့ကြောင့် စာကောင်းကောင်း ဖတ်တတ်တာ။ တရက်ကျ ဂိမ်းသွားဆော့ကြတယ်။ ဆော့တော့ ညစာကျက်တန်းစစ်တော့ ငါတို့ အပြင်သွားတာ မိသွားတယ်။ မနက်မှ ရိုက်မယ်လို့ စာချဘုန်းကြီးက ပြောတယ်။ အဲဒါ ကိုကိုက မနက် အရိုက်ခံရမှာစိုးတော့ ထွက်ပြေးတယ်။ တောင်ငူက ကိုရင်လေးရော သူနဲ့ ပါသွားတယ်။ အဲဒါ ဘုန်းကြီးက ငါနဲ့ အဲဒီ ပါသွားတဲ့ ကိုရင်လေးရဲ့အကိုနဲ့ကို လူပျောက် သွားရှာခိုင်းရော"

"ငါက ကိုကို အိမ်သွားမှာပဲထင်ပြီး အိမ်သွားတယ်။ အိမ်ရောက်တော့ အဖေက ကိုကို မပါဘူးလားမေးတော့ ကိုကို ဖျားနေတယ်လို့ လိမ်ပြောလိုက်တယ်။ ပြီးတော့ ရွှေမော်ဓောဘုရားကို သွားရှာတယ်။ အဲဒီမှာ သွားတတ်တော့။ မတွေ့ဘူး။ ဒါနဲ့ နှစ်ပါးတိုင်ပင်ပြီး ဘူတာမှာ သွားရှာတယ်။ ရထားပေါ် တက်ရှာကြတယ်။ အဲဒီအချိန်မှာ ရထားကထွက်တော့ မဆင်းတတ်တော့ဘူး။ ဒါနဲ့ ရန်ကုန်ရောက်သွားတယ်။ ရန်ကုန်ကို အမေနဲ့ တခေါက်ရောက်ဘူးတယ်။ ရွှေတိဂုံ ဆူးလေ ဗိုလ်တထောင် ပတ်ရှာတယ်။ မတွေ့တော့ ဘူတာပြန်လာကြတယ်။ နှစ်ယောက်တိုင်ပင်ကြတယ်။ ကျောင်းက ဦးဇင်းကလဲ မတွေ့ တွေ့အောင် ရှာခဲ့လို့ ပြောလိုက်တယ်။ ဒို့ မတွေ့ဘဲ ပြန်လို့မဖြစ်ဖူးဆိုပြီး ထွက်မယ့်ရထားတစင်းပေါ် တက်ကြတယ်"

"အဲဒီမှာ ကျိုက်ထိုဘူတာ ရောက်သွားတယ်။ ရထားပေါ်မှာတွေ့တဲ့ ဗကာမကြီးတယောက်က တထောင့်ငါးရာစီ ပေးတယ်။ ကျိုက်ထီးရိုးသွားတဲ့

ကားကို ငါးရာပေး စီးလိုက်ကြတယ်။ ကျိုက်ထီးရိုးတောင်ပေါ် တက်ကြတယ်
ရမ်းတက်သွားတာပဲ။ လမ်းနှစ်လမ်းတွေ့ရင် လူစောင့်မေးပြီး တက်တယ်။ မနက
က တက်တာ မိုးချုပ်တော့ ရွာလေးရောက်သွားတယ်။ သူတို့က မေးတော
လူလိုက်ရှာရင်း ဒီကို ရောက်လာတာလို့ပြောပြတော့ ထမင်းကျွေးတယ်။ အဲ
အိမ်က အိပ်ခိုင်းတယ်။ မအိပ်ဘဲ ဆက်တက်တာ ည ၈ နာရီမှာ ဘုရားပေါ်
ရောက်တယ်။ မိုးတွေက ရွာတော့ သင်္ကန်းတွေလဲ စိုရွှဲနေတာပေါ့။ ဦးနိုင်ဝင်းတို့
ပန်းပုထုတယ်။ သူက သူ့ဆိုင်ထဲ ခေါ်သွားတယ်။ အဝတ်နဲ့ သင်္ကန်း လဲပေးတယ်
ထမင်းကျွေးတယ်။ သင်္ကန်းတွေလှမ်းပြီး အိပ်၊ မနက်ကျ ခြောက်တော့ ပြန်ဝတ်ပြ
ဘုရားပေါ် သွား။ ကျိုက်ထီးရိုးမှာ တပတ်ကြာတယ်။ သူ့မိန်းမက ဘုရားပေါ်မှာ
ထမင်းရောင်းတယ်။ သူက မှာထားတယ်။ ဆာရင် သွား။ ဒကာမက ဆွမ်းက
လိမ့်မယ်တဲ့။ နောက်ပြီးတော့ ကျီးကန်ပါးစပ်နားက တအားဆင်းရဲတဲ့ လင်မယား
နှစ်ယောက်ရှိတယ်။ သူတို့က တောင်းစားတာ။ သူတို့ကလဲ နေ့တိုင်း ဆွမ်းက
တယ်။ နောက်တော့ ဦးနိုင်ဝင်းက ရထားပေါ်လိုက်တင်ပေးပြီး ပဲခူးပြန်ပို့
တယ်”

“ဟာ တပတ်ဆို ကျိုက်ထီးရိုး နှံ့ပြီပေါ့”

“နှံ့တာပေါ့၊ ငါတို့ မရောက်တဲ့နေရာ မရှိဘူး”

“ဟော့ကောင် ဇာတ်ကားကောင်းနေတုန်း၊ ဖြတ်ဖြတ်မမေးစမ်းနဲ့၊ သားပေ
ဆက်ပြော”

“ပဲခူးရောက်တော့ ရထားပေါ်က ဆင်းဆင်းခြင်း ကျောင်းက ဦးဇင်း
တွေ့တယ်။ သူက မမြင်ဘူး။ မတွေ့ရင် ပြန်မလာနဲ့လို့ ပြောထားတော့ ဘူတာ
ပြန်သွားပြီး ရထားပေါ် တက်နေလိုက်တယ်။ ရထားက နေပြည်တော်ဘက
ရောက်တော့ လက်မှတ်စစ်နဲ့တွေ့တော့ ရထားကလဲ ဖြည်းဖြည်းသွားနေတာ
တောင်ငူက ကိုရင်က ခုန်ချသွားတယ်။ လူတွေရှုပ်နေတော့ ငါက အပေါက်နား
တိုးမရဘူး။ သူနဲ့ ငါ ကွဲသွားတယ်။ ငါလဲ အဲဒီဘူတာမှာ ခဏဆင်းပြီး ထိုင်ငို
တယ်။ နောက်တစီးလာတော့ တက်လိုက်တယ်။ သာစည်ရောက်ရော

အောက်ဆင်းပြီး ဆာလို့ ထိုင်နေတော့ လင်မယားနှစ်ယောက်လာပြီး မေးတော့ ပြောပြလိုက်တယ်။ သူတို့အိမ် ခေါ်သွားတယ်။ သူတို့အိမ်က အမိုးအကာ မရှိဘူး။ သူတို့က ပန်းရံလုပ်တယ်။ နောက် ရက်နည်းနည်းကြာတော့ ဘုန်းကြီးကျောင်း နေမလား၊ အပ်ပေးမယ်ဆိုတာနဲ့ မဟာဘုံစံကျောင်း ရောက်သွားတယ်။ ပလောင် တွေပဲ ရှိတယ်။ အဲဒီမှာ စာသင်တယ်။ ပလောင်တပါးနဲ့ တော်တော်ခင်တယ်။ တရက်ကျ အဲဒီပလောင်က ထွက်ပြေးရအောင်ဆိုတာနဲ့ ရထားစီးလာကြတာ မန္တလေးရောက်ရော"

"မင်း မန္တလေးဘူတာထဲရောက်တော့ ဘယ်သူနဲ့ စတွေ့တာလဲ"

"ဟာ ဒီကောင် ဖြတ်မပြောပါနဲ့ဆို၊ ထိုးမိတော့မယ်"

"ကျော်ကျော်နဲ့ စတွေ့တာ။ ဒို့နှစ်ပါး ဘူတာကြီးထဲ ထိုင်နေတုန်း ကျော်ကျော်နဲ့ တွေ့တယ်။ သူက ပြောတယ်။ ကိုယ်တော်အတူတွေ၊ သံဃနာယကနဲ့ တွေ့ရင် ပါသွားမယ်တဲ့။ ငါက အတူ မဟုတ်ဘူးဆိုတော့ အဲဒါဆို အလှူခံသွားပါ လားတဲ့။ မလုပ်ရဲဘူးဆိုတော့ မလုပ်ရဲရင် ခွာတ်တဲ့။ သူ့ပုဆိုး အင်္ကျီတွေ ပေးတယ်။ ပြီးတော့ ဘရိတ်ဒါးတချောင်းသွားဝယ်ပြီး ရထားတွဲပေါ် တက်သွားတယ်။ အဲဒီထဲမှာ တွဲထဲကပိုက်က ရေနဲ့ ခေါင်းရိတ်၊ သင်္ကန်းဝတ်တယ်။ အလှူခံ ထွက်တယ်။ ဒို့ကို ဝယ်ကျွေးတယ်။ နယ်ထိန်းတွေ့တော့ သူ့ကို နရင်းအုပ်ပြီး သင်္ကန်းကို ပြန်ခွာတ်ခိုင်းတယ်။ ပလောင်ကိုရင်က ရွာပြန်မယ်ပြောပြီး ထွက်သွားတာ၊ မန္တလေး မှာ တစ်ခါတလေ တွေ့တယ်"

"ကျော်ကျော်က ညီလိုစောင့်ရှောက်တယ်။ ဘူးခွံကောက်တယ်။ နောက် ကိုဖြိုးနဲ့တွေ့တယ်။ သူက တခါတခါ အရက်မူးပြီး ရစ်တယ်။ ရွှေဘို လိုက်မလား ဆိုပြီး သူခေါ်လာလို့ ရွှေဘို ရောက်လာတယ်"

"အဲဒီတုန်းက ကိုဖြိုးခြေထောက်မှာ ဒူးခေါင်းက အနာကြီးက ပုတ်နေတာ ပဲ၊ လောက်တွေတောင် တက်နေတာ။ ရထားရှေ့က ဂေါ်ကြီးနဲ့ ရိုက်မိလို့ မန္တလေးဆေးရုံတင်ထားတာ။ ဆေးမှန်မှန်သွားမထည့်တော့ မပျောက်တော့ဘူး။ အဲဒါ ဆရာပေါ်ဦးတို့လေ ကျောင်းက ဆရာတွေက အခေါင်းပေါက်တွေထဲ

နားကျပ်တံတွေနဲ့နှိုက်ပြီး အမြဲဆေးပြီး ဆေးထည့်ပေးလို့ ပျောက်သွားတာ။ သူ့ကို
အနာမပျောက်မချင်း ကျောင်းအပြင်မထွက်ရဆိုပြီး ဘုန်းကြီးက ပြောထားတာ
လေ"

"အေး ဟုတ်တယ်၊ သူက အနာမပျောက်ဘဲ မထွက်ရတော့ ကျောင်းမ
တယ်။ ပြီးတော့ သူက ကိုရင်ဆက်ဝတ်နေရော။ ငါက ကျောင်းမှာ စာသင်နေ
တုန်း ကိုဖိုးခိုင်တို့က အမှိုက်ကောက်ခေါ်တာနဲ့ လမ်းဘေးပြန်ရောက်သွားရော
ပြီးတော့ ကော်ရှူတတ်လာတယ်။ လမ်းဘေးမှာပဲ နေဖြစ်တော့တယ်။ နောက်တော့
ကျောင်းက ကော်သမားတွေ ကျောင်းတက်လို့ ရတယ်။ တက်တုန်း ကော်ဘူးအ
ထားရမယ်။ ဆင်းရဲ ကိုယ့်ဘူးကိုယ် ပြန်ယူဆိုတော့ ကျောင်းပြန်တက်ဖြစ်တယ်
နောက်ကျ ညပိုင်း ဘုရားထဲ ပြန်အိပ်တယ်။ ကျောင်းမတက်ဖြစ်ဖူး။ အကောက်
ထွက်တယ်။ ကော်ဝယ်ရှူတယ်။ စားချိန်တော့ လာစားတယ်။ ပြီးတော့ ကိုဖြိုး
မန္တလေးပြန်လိုက်သွားတယ်။ ကျောက်ကျော်နဲ့ ပြန်နေတယ်။ နောက်တခါ သူ့
မြို့ဒေါင့်စေတီဘုရားပွဲ ပြန်လာကြတယ်။ ကျောင်းမှာ ကိုရင်ဝတ်နေတယ်
ဘုရားပွဲသွားရင်း ပန်းခြံထဲ ဝင်ဆော့ကြတယ်။ ရဟတ်ကို တအားလှည့်ကြတော့
ငါက အပေါ်မှာ တွဲလောင်းကြီး။ လှမ်းကူးလိုက်တော့ ပြုတ်ကျတယ်။ နောက်တ
က ခြေထောက်ရိုက်မိပြီး ပက်လက်ကျတယ်။ ခါးနဲ့ အုတ်စောင်းနဲ့ကျတယ်
ကျတော့ ခဏမေ့သွားသေးတယ်။ နောက် ကျောင်းပြန်လာကြတယ်။ လမ်းလျှောက်
ရင်း လဲတယ်။ အဲဒါ လျှောက်မရမှ ဝမ်းတူးဝမ်းက ကျောပိုးပြီး ကျောင်းကို
သယ်လာတာ"

ဆရာမဝမ်းဝမ်းက သူတို့ မေခဆေးရုံပို့ပေးတယ်။ ခါးကျိုးသွားတာတဲ့
အိပ်ရာပေါ်မှာ ၆ လကြာ အိပ်နေရမှာတဲ့။ ကျောင်းက သူငယ်ချင်းတွေက
အလှည့်ကျ ပြုစုတယ်။ ကျောင်းကလဲ စာအုပ်တွေ ဝယ်ပေးတာ အများကြီးပဲ
ပုံပြင်တွေ အုပ် ၈၀ လောက် ဖတ်ဖြစ်တယ်။ ကြာတော့ ပုံပြင်တွေက ထပ်နေပြီ
သူငယ်ချင်းတွေကို ပုံပြင်တွေ ပြန်ပြောပြတယ်။ ရေမချိုးရတော့ သူတို့က နေ့တိုင်း
ရေပတ်တိုက်၊ ခြီးခွက် သေးခွက်ဆေးပေး၊ လိုတာ အကုန်လုပ်ပေးကြတယ်

သွားနိုင်တော့ သက်နှံးပြန်ချတ်ပြီး ကော်သွားရှူတယ်။ လမ်းပေါ် ပြန်နေတယ်။ မန္တလေး ပြန်တယ်။ နောက် ရွှေဘိုပြန်လာတယ်။ ကိုရင် ပြန်ဝတ်တယ်။ နောက်တခါ မန္တလေးပြန်ဖြစ်တော့ အဖမ်းခံရတယ်။ ကျွဲးရေချိုးလို့။ စည်ပင်ရဲက ဖမ်းတာ။ လေးယောက်။ ရုံးခေါ်သွားတယ်။ အရိုက်ခံမလား သင်တန်းကျောင်း သွားမလားဆိုတော့ အရိုက်ခံတဲ့ကောင် ရှိတယ်။ ငါက သင်တန်းကျောင်းအကြောင်း ကြားနေက၊ မရောက်ဖူးတော့ ကျောင်းကို ပို့ခိုင်းလိုက်တယ်"

"အဆောင် (၁) က ကြမ်းတယ်။ နောက်က (၂) ကို ပြောင်းတယ်။ (၃) ကတော့ အသက်သာဆုံး။ (၁) မှာ ၁ လ။ (၂) မှာ ၂ လ။ (၃) မှာ ၁၀ လလောက် ကြာတယ်။ ဆရာက လိမ်မာတယ်ထင်တဲ့သူကို အပြင်ထုတ်ပြီး သူ့အိမ်မှာ မြက်ရှင်းခိုင်းတယ်။ ငါက အေးတော့ ငါ့ကို ထုတ်တယ်။ တရက်ကျ ပေါက်ပြားနဲ့ခိုက်မိလို့ ပလာစတာ သွားဝယ်တာ။ ရှာရင်း ရှာရင်းနဲ့ တော်တော် ဝေးဝေးရောက်သွားတယ်။ ဒါနဲ့ မထူးပါဘူးဆိုပြီး ပြေးလာတာ။ ဦးပွားမှာ သွားအိပ်တယ်။ လိုက်ရှာတဲ့ ဆိုင်ကယ်တွေမြင်တော့ အိမ်ထဲ ဝင်ပြေးတယ်။ သူတို့က အိမ်ရှေ့မှာရှိတုန်း နောက်ဖေးက ပြန်ထွက်ပြီး မြို့ဟောင်းဘက်ပြေးတယ်။ အဲဒီကနေ ရွှေဘိုကို ရထားနဲ့ လိုက်လာတယ်"

"ကျောင်းမှာ ပြန်နေတယ်။ ကျောင်းမှာ မုံ့ပညာ သင်တယ်။ စမူစာလုပ်တတ်ပြီ။ ကျောင်းက လက်ဖက်ရည်ဆိုင်ဖွင့်ပေးမယ်၊ လက်ဖက်ရည်ဆိုင် ဖွင့်နိုင်ဖို့အတွက် အပြင်ဆိုင်မှာ ဆက်သင်ရအောင် အပ်ပေးတော့ သုံးလေးရက် လုပ်ပြီး မန္တလေးပြန်ရော။ မနက် ၂ နာရီ ၃ နာရီ မထနိုင်တော့တာ။ ဆိုင်က မုန့်သင် လက်ဖက်ရည်ဖျော်သင်မှာဆိုတော့ စလုပ်ကထဲက လာမှ ရမှာတဲ့။ ဆိုင်က ကားဂိတ်နဲ့နီးတော့ အစောကြီး ဖွင့်ရတယ်။ သုံးယောက်ထားတာ သိန်းရာဇာတယောက်ပဲ မြဲတယ်။ မန္တလေးမှာ အကောက် မကောက်တော့ဘဲနဲ့ မန်ယူလက်ဖက်ရည်ဆိုင်မှာသွားလုပ်တယ်။ လုပ်ခ ငါးသောင်း။ မနက် ၅ နာရီ ကနေ ည ၈ ခွဲထိ။ ဘောပွဲရှိရင် ည ၁၁/၁၂ လောက်ထိ လုပ်ရတယ်။ စားပွဲထိုးက သုံးယောက်ပဲ ရှိတယ်။ တယောက်တချိန် နားရတယ်။ ၁၀ နာရီက ၁ နာရီထိ

တယောက်။ ၁ နာရီက ၄ နာရီထိ တယောက်။ ၄ နာရီက ၇ နာရီထိတယောက်
ဆိုင်က ကျုံးအနောက်ဘက် ၁၅ လမ်းမှာ။ တီးဆရာနဲ့ မတည့်လို့ ထွက်လာတာ
သူက ဟောက်တယ်။ ခေါင်းရိုက်တယ်။ ပြန်ဆဲပြီး ထွက်လာတာ။ အကျိုတွေ
တောင် ကျန်ခဲ့သေးတယ်"

"အဲဒီက ထွက်လာတော့ ဝါးဗီရှင်မှာ နေ့သွား။ တက္ကသိုလ်နားအမှိုက်ကန်
မှာ ညပိုင်းနေ။ နောက်တော့ အမှိုက်ကန်မှာပဲ နေတော့တယ်။ အဲဒီမှာ အေးရီ
ယူထားတယ်။ ခု မှတ်ပုံတင်ရပြီဆိုတော့ လက်မှတ်ထိုးယူမယ်လို့ ပြောထားတယ်
သူက ကော်မရှင် ဆေးလိပ်မသောက်တော့ဘူးတဲ့။ ငါလဲ မရှူ မသောက်တော့
ဘူးပေါ့။ သူက ငါ့ကိုပဲ ကြိုက်တယ်တဲ့။ သူ့ကိုကြိုက်တဲ့သူ များတယ်တဲ့။ အလုပ်
လုပ်ပြီး ငွေစုမယ်။ ပြီးရင် အိမ်ဝယ်မယ်ပေါ့။ သူ ပြောသမျှ ခေါင်းငြိမ့်ခဲ့တာပဲ

"သားငယ်၊ မှတ်ပုံတင်ရပြီဆိုတော့ ပဲခူးပြန်လို့ရပြီပဲ"

"ပြန်မှာ၊ အေးရီကိုပါ ခေါ်သွားမှာ"

"မင်းတို့ စားပွဲထိုးလုပ်လို့ရတယ်၊ ငါက လုပ်မရဘူး။ ဒီတခေါက် ရွှေ
ပြန်ရောက်တော့ ပထမ ဘူးခွံလိုက်ကောက်တယ်။ ခဏနေတော့ ကောလိ
ကျောင်းနားက ဆိုင်အသစ်။ ဌက်ပျော်ပင်တွေလည်း ရှိတယ် ဆိုင်ရှေ့မှာ
အလင်းဆိုင်။ အာ့ဆိုင်မှာ သွားလုပ်တာ။ ညဆင်း လုပ်ခိုင်းတာ။ ညဆင်းတော
မလုပ်ချင်ဘူးဆိုပြီး နေ့ဆင်းလုပ်တာ။ ၇ ရက်လောက်ကြာတော့ ဆိုင်ရှင်
အဒေါ်ကြီးက ကောင်လေး နင် လာတဲ့။ ညဆင်း စားပွဲထိုးရမှာတဲ့။ ကျနော်က
အာ့ဒါကျတော့ မလုပ်တတ်ဘူးဗျာလို့၊ နင်က ဘာမှ မလုပ်ရဘူး။ သူတို့ ဘာစာ
မလဲ ဘာသောက်မလဲ မေးရုံပဲတဲ့။ ပြီး သူတို့ ပိုက်ဆံရှင်းမယ်ဆို ဝိတ်တာက်
ခေါ်လိုက်ရုံပဲတဲ့။ ပန်းကန်တွေ သိမ်း၊ ဆေးတဲ့နေရာ သွားပို့ ဒါပဲတဲ့။ ကျနော်က
အာ့ဒါကျ မလုပ်ဖူးတော့ ရှက်တယ်ဗျာဆိုတော့။ ဘာရှက်စရာ လိုလို့လဲတဲ့
အစက ပန်ကန်းပဲဆေးတာ။ မနက် ၆ နာရီကနေ ည ၆ နာရီထိ။ ည ၆ နာ
ကနေ မနက် ၆ နာရီက ညဆင်း။ လက်အိတ်တွေနဲ့ ဆေးရတာ။ ရွှေ့မထွက်
ချင်ဘူး။ ဆေးပဲ ဆေးချင်တာ။ သူတို့က လုပ်ခိုင်းတာ။ ငါက အဲလို လူကြီးထ

မလုပ်တတ်တာ။ လစာက ၇ သောင်း။ ၇ ရက်ထဲလုပ်ပြီး ပြန်ထွက်လာတာ။ ၇ ရက်လုပ်ခ တပြားမှ မယူပါဘူး။ အာ့ဆီက ငါ့စက်ဘီးယူပြီးတော့ ဟိုဘက်နား ကလေးသွားလိုက်ဦးမယ်ဆိုပြီး ဆိုင်ကို ပြန်မသွားတော့ဘူး"

"အဲဒီကနေ ဘူးခွံကောက်ရင်း ဦးချစ်အရက်ဆိုင် ရောက်သွားတယ်။ သွားသွားသောက်ရင်း ရင်းနှီးနေတာ။ သူက ငါ့ကို မွေးစားတယ်။ သူဆီမှာတော့ အရက်ရောင်းတယ်။ ခေါင်ရည်ရောင်းတယ်။ အာ့ဆိုင်မှာက ပထမက မနေသေးဘူး။ သွားသောက်မိတာ။ သူ့အစ်မယောက်ျားက ဝတုတ်နေတာပဲ။ သူက ဖလေဖြတ်နေတာ။ သူ့ကိုထူဖို့က တစ်ယောက်တည်း မနိုင်ဘူး။ ၂ ယောက်မှ နိုင်တာ။ အာ့ဒါနဲ့ လေးချစ်ကနေ ပြောတာ။ ဘီလူးတဲ့ မင်း ဒီမှာနေ ကြားလားတဲ့။ ဒီမှာပဲ နေ၊ ဒီမှာပဲ သောက်၊ ဒီမှာပဲ အိပ်။ အစ်မယောက်ျားကို ဝိုင်းလုပ်တဲ့။ မုန့်ဖိုးတော့ ရမှာပေါ့ကွာတဲ့။ အာ့ဒါနဲ့ အာ့မှာနေတာ။ နောက်ပိုင်းတော့ မမွေးစားတော့ဘူး။ ငါက စက်ဘီးရှိတော့ သက်ကယ်တမ်းချောင်းနားမှာ ပန်းရံသွားလုပ်တာ။ ၃ ရက်ကို တစ်ခါရှင်းတာလေ။ တစ်ရက် ၄ ထောင်ဆိုတော့ ၁၂၀၀။ စုထားတာ။ လေးချစ်ကနေပြီးတော့ မင်း ပိုက်ဆံတွေ ထုတ်တော့ ထုတ်တော့တဲ့။ ပန်းရံဆရာက ပိုက်ဆံတွေမျှားလာရင် ထုတ်ပေးချင်တာ မဟုတ်ဘူးတဲ့၊ ပိုက်ဆံတွေ ဒီမှာ သိမ်းထားတဲ့။ ဟုတ်ကဲ့လို့။ ပိုက်ဆံက ၁ သိန်းကျော်သွားဘီ စုတာ။ နောက်ကျ အပေါင်းအသင်းမက်သွားတာ။ နောက်ကျတော့ အပေါင်းအသင်းနဲ့ သက်ကယ်တန်းနားက ဘီယာဆိုင်မှာ အကုန်ဖြုန်းပစ်တာ။ ပိုက်ဆံတွေထုတ်တော့တဲ့ လေးချစ်က။ ဟုတ် ကျနော် ၁ သိန်းမပြည့်သေးလို့ ထုတ်တော့မှာလို့ ပြောထားတာ။ နောက်ကျ လူကလည်း လိမ်တတ်တဲ့ အကျင့်မရှိ၊ ညာတတ်တဲ့ အကျင့် မရှိတော့ ပေါ်တင်ဖွင့်ပြောလိုက်တာ၊ ညကျ ဆိုင်သိမ်းတော့ ပြောပစ်လိုက်တာ။ ပိုက်ဆံ တစ်ကျပ်မှ မရှိတော့ဘူးလို့။ သူငယ်ချင်း အပေါင်းအသင်းမက်သွားလို့ ဘီယာသွားသောက်တာ ကုန်ပြီ။ မင်းဆိုရင် ဒီမှာ free ပဲ။ အဒေါ်က စပြောတာ။ နင် အာ့လောက်ထိ အပေါင်းအသင်း မက်ရသလားတဲ့။ မဟုတ်ဘူး၊ ယူတို့က တိုက်ခိုင်းလို့ တိုက်လိုက်တာလို့။ သွားတဲ့။ ဒီလောက်တောင် ကိုယ့်ကိုယ်

ကိုယ် ဖျက်ဆီးနေရင် အိမ်မှာ မနေနဲ့ ထွက်တဲ့။ စက်ဘီးရော ဖုန်းရော ယူလာ
ထွက်လာတာ"

"ကိုဘီလူးလဲ ဆိုင်စုံသားပဲ"

"ဆိုင်တွေ စုံတာတော့ အဂယော်ပဲ။ လက်ဖက်ရည်ဆိုင် ဘီယာဆို
ထမင်းဆိုင် KTV။ ဒီကောင်က လမ်းဘေးသားတွေနဲ့ ပေါင်းနေပေမယ့် လမ်းဘေ
သားတော့ မဟုတ်ဘူး။ ရွှေဘိုမှာ သူ မနေဘူးတဲ့ဆိုင် မရှိဘူးလို့ ထင်တာပဲ

"ဟ အဲ့ကောင်က သွင်ငွင်နဲ့သူဟာ။ မိန်းမလဲ ခု မရေနိုင်တော့ဘူး။ ကျော
မှာ ဆွမ်းလာလာကျွေးပြီးယူတာကို နှစ်ယောက်။ သူ့ကို ကောင်မလေးတွေ
ဘာလို့ကြိုက်မှန်းမသိဘူး။ သူကြိုက်လိုက်ရင်လဲ အလန်းတွေချည်းပဲ"

"ဒီကောင်က တော်ကီပာ၊ ဖုံးပေါ်ကနေ ပတ်ကြမ်းနေတာ။ ဖုံးတွေက
တမျိုးပြီး တမျိုး။ အကောင့်တွေလဲ အများကြီးပဲ"

"မင်းက လမ်းဘေးသားမဟုတ်ဘဲ ဘယ်လိုလုပ် ကျောင်းကို ရောက်လ
တာလဲ"

"ဟ လမ်းဘေးသားမဟုတ်ရင် ကျောင်းကို မလာရတော့ဘူးလား။ ငါ
အစက ဒိုးပင်ကျောင်းက၊ ပြင်ဦးလွင်မှာရှိတယ်။ မင်းတို့ကမှ တော်သေး။ ငါ
အဖေ အမေက ဘယ်လိုပုံမှန်းတောင် မသိဘူး။ ငယ်ငယ်လေးကထဲက သေသွ
တာ။ ညီလေးဆို အဲဒီတုန်းက နို့တောင် မပြတ်သေးဘူးတဲ့။ ဒိုးပင်ကျောင်း
ရောက်လာတာက ဘေးနားက အိမ်တွေက ပို့လို့တဲ့။ ဆွေမျိုးတွေ ရှိတော့ ရှိ
ပေါ့။ ငါလဲ မသိဘူး"

"အဲဒီမှာ ဘာလုပ်ရလဲ"

"စာသင်ရတာပေါ့၊ ကျောင်းတက်ရတယ်၊ ဘကကျောင်းလေ"

"ကျောင်းမှာ လေးတန်းထိ ရောက်တယ်"

"အော် ဒါကြောင့် မင်းက ဆရာကြီးဖြစ်တာကိုး"

"လေးတန်းရောက်တော့ ကျောင်းလည်း ပြေးတတ်လာတယ်။ ကျော
ပြေးရင် တောထဲသွားတာ၊ ငှက်ပစ် သရက်သီးခူး၊ အိမ်ဆောက်ပြီး သူငယ်ချ

တွေနဲ့အတူနေ၊ ပလောင်တွေက အိမ်ဆောက်တတ်တယ်၊ သစ်ကိုင်းတွေ စောင်တွေနဲ့ ဆောက်တာ။ မိုးချုပ်ရင်ပြန်လာတယ်"

"ပျင်းတာရော အင်္ဂလိပ်ဆရာကို ကြောက်တာကြောင့်ရော ပါတယ်၊ ကျောင်းမတက်ဖြစ်တာက။ အင်္ဂလိပ်စာက လုံးဝ မသိဘူး။ မေးလို့ မရရင် ၅ ချက်ရိုက်တယ်။ တခါမှား ၅ ချက်ပဲ။ တော်တော်နာတယ်။ ကျောင်းမတက်ချင်သူတွေ မီးဖိုချောင်မှာနေ ထမင်းချက်ဆိုတော့ အဲဒီ မီးဖိုဆောင်မှာပဲ နေတယ်။ မလေးတန်းဖြေမယ့်ရက်မှာ ရွာထဲက သူငယ်ချင်းတွေက အလုပ်လုပ်ရအောင်၊ မြို့မှာ အလုပ်တွေရှိတယ်ဆိုပြီး လာခေါ်တယ်။ အဲဒီတုန်းက ကိုယ်ကလဲ MP4 ကိုင်ချင်တာဆိုတော့ လိုက်သွားတယ်။ ဘီယာဆိုင်မှာ သွားပြောတာ။ ရတယ်။ တလ ငါးသောင်းခွဲနဲ့။ လာခေါ်တဲ့သူငယ်ချင်းနှစ်ယောက်က အဝတ်အစား ပါမလာဘူး။ ငါက ပါလာတယ်။ သူတို့က အိမ်ပြန်ပြီး အဝတ်အစားယူတာ မပါမလာတော့ဘူး"

"မင်းက ဒါမို့ ဆိုင်တွေ နေချင်တာကိုး။ ငါတို့ လမ်းဘေးသားတွေဆိုတယ်ဆိုင်မှ မနေချင်ဘူး"

"အေးပေါ့ မင်းတို့ကလဲ လမ်းပေါ် နေနေကြကိုး။ ငါတို့ကျ ကျောင်းမှာ မနေချင်ဘူး။ ဆိုင်မှာ ပထမ ဖန်ခွက်ဆေး။ နောက်ကျတော့ စားပွဲထိုး။ အဲဒီကျ လစာတိုးပေးတယ်။ ခြောက်သောင်း။ ကြားထဲမှာ ကျောင်းကို အလည်ရောက်တယ်။ ကျောင်းထဲတော့ မဝင်ဘူး။ ဆရာတွေနဲ့ တွေ့မှာစိုးလို့။ အပေါက်ဝမှာ သူငယ်ချင်းတွေနဲ့ စကားပြောပြီး ပြန်တယ်။ ဆိုင်မှာ တော်တော်ကြာတယ်။ နှစ်ပျိုကြာမယ်ထင်တယ်။ ဆိုင်မှာ နေမကောင်းဖြစ်ရော။ တော်တော်ကို ဖြစ်တာ။ အိပ်ရာထဲ လဲတယ်။ ဆေးခန်းပို့ပြီး ဆလိုင်းချိတ်တယ်။ ထပ်ဖြစ်။ ထပ်ကု။ ဆက်သာလိုက် ပြန်ဖြစ်လိုက်။ နောက်တော့ ဆေးရုံက သွေးစစ်ပေးတယ်။ ဦးတော့ ဆိုင်က မင်းမှာ တီဘီရှိတယ်၊ ကျောင်းမှာပြန်နားချည်ဆိုပြီး ပြန်ပို့ပေးတယ်။ ကျောင်းရောက်တော့မှ ညီလေးမရှိတော့မှန်း သိတာ။ ညီလေးက ခေါင်းမှာ အနာကြီးပေါက်တာတဲ့။ အနာထဲမှာ လောက်တောင်ကျနေပြီလို့ ပြောတယ်။

မေမြို့ဆေးရုံ ပို့ကုရတယ်။ မင်းညီဆုံးသွားပြီလို့ သူငယ်ချင်းတွေက ပြောတယ်
နောက်မှ သိရတာက ရန်ကုန်က သုခရိပ်မြုံ ပို့လိုက်တာတဲ့"

"ကုလိုက်၊ နဲနဲသက်သာလိုက်။ သုံးလေးရက်နေရင် ပြန်ဖြစ်တယ်။
ခေါင်းကိုက်လာတာ။ ဘယ်မှ မသွားချင်ဘူး။ သူငယ်ချင်းတွေက အိပ်ရာထဲချည်
ခွေမနေနဲ့၊ လမ်းထွက်လျှောက်ဖို့ ပြောတယ်။ ခေါင်းက ထူကို မရဘူး။ ကိုယ်က
ထချင်တယ်။ ကိုက်နေတာပဲ။ နဲနဲသက်သာရင် မီးဖိုချောင်မှာ ဝင်ကူတယ်
လူက တဖြည်းဖြည်း သေးသေးလာတယ်။ သူငယ်ချင်းပလောင်တွေက
'အဂယော်'ဆိုပြီး ခေါ်ကြတယ်။ အဲဒါ ပလောင်လို 'ငပိန်' ပေါ့။ အဂယော်ဆိုတာ
သူတို့ပေးတဲ့နာမည်။ ဆံပင်တွေ ကျွတ်တယ်။ ရေချိုးလိုက်ရင် အမျှားကြီးကျွတ်
လာတာ။ ခေါင်းမှာ အနာတွေလဲ ပေါက်တယ်။ ကျနော် သေတော့မယ်လို့ သိလာ
တယ်။ သေမယ့်အကြောင်းပဲ တွေးနေတယ်။ ငါ လူပြည့်မှာ ကြာကြာမနေရတော့
ဘူးလို့ တွေးနေတာ။ သူငယ်ချင်းတွေ လာစကားပြောရင် ပျော်တယ်။ ကျောင်း
ကြီးက အကြီးကြီး။ ကျောင်းပေါ်က ဦးဇင်းကလဲ လာလာပြောတယ်။ တရက်
တော့ ဟင်းလာချက်ပေးတဲ့အဒေါ်ကြီးက နင် ဒီမှာ နေရင်တော့ သေတော့မယ်
ရန်ကုန် နင့်ညီရှိတဲ့နေရာကို ပို့ပေးမယ်။ နေမလားဆိုတော့ နေမယ်ဆိုတော့
သုခရိပ်မြုံကို ဆက်သွယ်ပြီး သူလိုက်ပို့ပေးတယ်"

"ရောက်ရောက်ချင်း ညီလေးက မမှတ်မိဘူး။ နေရတာလဲ အဆောင်
မတူဘူး။ ကြာလာမှ သိတာ။ အဲဒီမှာ ငါတို့လို ရောဂါသည်ကလေးတွေချည်း
နေရတာ။ မနက် ၈၊ ည ၈ ဆေးပုံမှန်သောက်လိုက်၊ အိပ်လိုက် စားလိုက်ဆိုတော့
ပြန်ဝလာတယ်။ အနာလဲပျောက် ဆံပင်လဲ နဂိုလို ပြန်ပေါက်လာတယ်။ အဲဒီမှာ
အဝတ်လျှော်စက်ရှိတယ်။ အမေကြီးကို အဝတ်လျှော် မီးပူတိုက် သန့်ရှင်းရေးလုပ်
ကူတယ်။ ကာတွန်းစာအုပ် ဖတ်တယ်။ ကြာတော့ ပျင်းလာတယ်။ အလုပ်လုပ်ချင်
တယ်ပြောတော့ ရှာပေးမယ်တော့ ပြောတာပဲ"

"အဲဒီမှာ စည်းကမ်းက တအားကျပ်တယ်။ ဘယ်မှလဲ မသွားရ။ ပိုက်ဆံလဲ
မကိုင်ရ၊ ဖုံးလဲ မကိုင်ရဆိုတော့ ကြာလာတော့ ငါက ဒိုးပင်ကျောင်းကို ပြန်ပို့ပေး

ပြောတယ်။ ငါ ဆိုင်မှာလုပ်တုံးက ဝယ်ထားတဲ့ဖုံးကို အပ်ထားတယ်။ ဒီမှာ မနေချင်တော့ဘူးပြောပြောနေတော့ သူတို့လဲ တားမရတော့ ပို့ပေးတဲ့အဒေါ်ကြီးကို လှမ်းခေါ်တယ်။ အဒေါ်ကြီးက နင် ကျောင်းပြန်နေလို့ မဖြစ်ဖူး၊ သေမှာဆိုပြီး ဒီ ရွှေဘို ရွှေခြဉ်သွေ့နဲ့ ချိတ်ပေးတယ်။ ငါ့မှာ ဘာရောဂါဖြစ်နေတယ်ဆိုတာ အဲဒီကထဲက သိတယ်။ သူတို့ပြောလို့ မဟုတ်ဖူး။ အလှူရှင်တွေကိုပေးတဲ့ စာရွက်လေး ဖတ်ရလို့ပါ။ အလှူရှင်က မေကျွန်နေခဲ့တာ။ ဖတ်ကြည့်ရင်းနဲ့ ဒီက ကလေးတွေက ဒါမျိုးလေးတွေပါလား။ ငါလဲ သူတို့နဲ့ ဆေးအတူတူသောက်ရတာဆိုတော့ ငါလဲ သူတို့လိုပေါ့ဆိုပြီး သိလာတယ်။ ဒီရောဂါအကြောင်း ဒိုးပင်တုန်းကလဲ ကြားဖူးတယ်လေ။ တခါတလေ အချင်းချင်း ဒီကောင် အေကိုက်နေတာလို့ စကြတယ်လေ”

“ရွှေခြဉ်သွေ့ရောက်တော့ ဆောင်ရန်ရှောင်ရန်တွေ ပြောတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ သင်တန်းတွေလဲ တက်ရတယ်။ ဒါရှိမှန်းသိရတော့ အားငယ်စိတ်ကတော့ အမြဲဖြစ်တယ်။ ဒါပေမဲ့ ခု ကိုယ့်အလုပ်နဲ့ကိုယ် ရပ်တည်နေတော့ အားငယ်စိတ်တွေ လျော့လာတယ်။ မရှိတော့ဘူးပြောရမလားတောင် မသိဘူး။ အလုပ်ထဲပဲ အာရုံရှိတော့တယ်။ အလုပ်အားရင် ဖုန်းပွတ်။ အိပ်ချင်ရင် အိပ်ပစ်လုပ်တာပဲ”

“ကိုကြီး၊ ကျွန်တော်မသိလို့။ ဒီရောဂါက ပျောက်သလား”

“အရှင်း မပျောက်ဘူး။ ဆေးမှန်မှန်သောက်နေရင် ဘာမှမဖြစ်ဘူး။ လူကောင်းပဲ”

“မင်း တခါ မင်းမိန်းမနဲ့ကွဲတော့ ဆေးတွေ မသောက်ဘဲနဲ့ နေတာမဟုတ်လား။ ဆေးရုံကဆင်းပြီး ကျောင်းပြန်ရောက်မှ ဘုန်းကြီးကပြောလို့ ပြန်သောက်တာလေ”

“ဒီကောင် ခဏခဏပျက်တယ်။ ငါ့ဒို့က သူ့ကို ညဆိုင်းမဆင်းနဲ့လို့ ပြောတာ။ သူက ဘယ်တော့မဆို ညဆိုင်းပဲ ဆင်းတာ။ ဘာလို့ ညဆိုင်းချည်းဆင်းတာလဲဆို မပြောဘူး”

"ငါ သိတယ်၊ သူ ဘာလို့ ညဆိုင်းဆင်းတာလဲဆိုတာ၊ ပြောပြလိုက်
မလား"

"ဟေ့ကောင် ငါ့ကိစ္စ၊ မင်း အသာနေ"

"ကဲပါကွာ၊ အချင်းချင်းတွေ မပြောလဲ သိပါတယ်၊ ဘယ်သူ ဘာလုပ်
တယ်ဆိုတာ"

"ဘီလူး၊ ခများ လမ်းဘေးမှာ ကောက်စားတယ်၊ တောင်းစားတယ်
လိုက်ခိုးဘူးလား"

"ဟင့်အင်း။ ခိုးတာတွေတော့ မြင်ဘူးတယ်။ ဝန်းထရံတွေကို ကော
ခိုးတယ်။ ဖုန်းခိုးတာ များတယ်။ အိမ်ထဲကို ကျော်ဝင်ခိုးတာ။ တစ်ချို့ အိမ်ထဲ
ဝင်ပြီး ထွက်လာပီဆိုရင် ၁ သောင်းခွဲ ၂ သောင်း၊ ဖုန်းက ၃ လုံး။ ၄ လုံးပါလ
တာ။ ထမင်းထုပ်လည်း ပါလာတယ်။ အဓိက မင်းမင်းထွန်းက အများဆုံး
သူက ဖုန်းပဲခိုးတာ။ ဆရာကြီး"

"အာ့ကောင်က မိန်းမ ဘယ်နှယောက်လောက်မှန်းတောင်လဲ မသိဘူ
အများကြီးပဲ။ သူက ကောင်မလေးတွေကို မငြိဘူး။ သူ့ကို ကောင်မလေးတွေ
ကြိုက်တာ။ ပိုက်ဆံပေါတာကိုး။ သူ့လက်ထဲကို တစ်နေ့ ၃ သောင်း၊ ၈ သော
ရှိတယ်။ ကောင်မလေးတွေက ခြူချင်တာ။ သူကတော့ ဂိမ်းဖိုးနဲ့ ဘီယာဖိုး
မွဲတာ။ အာ့ကောင်က ဝိဇ္ဇာ။ ဒီမြို့မှာ တစ်ခုခုဖြစ်ရင် ဒီမြို့မှာ မလုပ်တော့ဘူ
တခြားပြောင်းလုပ်တာ။ သူ့လက်ထဲမှာ အနည်းဆုံးတော့ ၂ သောင်းလော
ထည့်သွားတယ်။ လက်ဖက်ရည်ဆိုင်တွေ့ရင် မှတ်ထားပြီးတော့ ဝင်လိုက်
တယ်။ ငါ သူနဲ့ တစ်ခါလိုက်သွားဖူးတယ်။ အာ့တုန်းက ရေဦးမှာ။ အိမ်တွေ
လိုက်ရှာတာ။ ဘော်ဒါဆောင်က တိုက်ကြီးဆောက်နေတာ။ အာ့မှာ ခြံမခတ်
သေးဘူး။ တွေ့ပြီ တစ်ဝင်တော့တဲ့။ ဘာပြောတာလဲဆိုတော့ ဘာမှ မဟုတ်ဘူ
လက်ဖက်ရည်ဆိုင်တဲ့။ လက်ဖက်ရည် သောက်မလားဆိုတော့ မသောက်ချင်ဘ
ပြောတော့ မင်းသောက်ချင်တာ ငါ သိပါတယ်တဲ့။ အာ့ဒါနဲ့ သူက ငါ့ကို မူးအော
တိုက်တာ။ ညရောက်တော့ ဘီလူး မင်း ခိုးရဲလားတဲ့။ ဟာ ငါ သူများပစ္စည

မိတ်နဲ့တောင် မပစ်မှားဘူးလို့ ပြောလိုက်တာ။ သူက မင်း မခိုးရဲရင် ငါခိုးမယ် ကွာဆိုပြီး တိုက်ထဲ ဝင်သွားတာ။ ပြန်ထွက်လာရော ဖုန်း ၄ လုံးပါလာတာ။ ညတွင်းချင်းပဲ ရွှေဘိုပြန်လာတာ။ ဘူတာရောက်တော့ ရောင်းတာ ၃ လုံး။ တစ်လုံးက သူ ကိုင်တာ။ ၇ သောင်းခွဲကျော်တယ်”

“သူ ဒီကျောင်းမှာတော့ မနေဖူးဘူး။ ကျောင်းကိုတော့ လာတယ်။ အာ့ကောင်က မန္တလေးမှာပဲ နေတာ။ အာ့ကောင်နဲ့ ငြိမ်းချမ်းနဲ့ ထောင် ၁ နှစ် ကျတာ။ အိမ်ဝင်ဖောက်လို့။ လူမိတော့ လူကို ခေါင်းရိုက်ခွဲတာဆိုလား။ ငြိမ်းချမ်း က မခိုးတတ်ဘူး။ သူက တောင်းတာ။ ဟိုကောင်က ခိုးတာ။ သူပါ ခေါ်သွားတာ။ မိတော့ ၂ ကောင်သား မိတာ။ ခု အိုးဘိုမှာ။ မန္တလေးကတော့ ခိုးတဲ့ကောင်တွေ မနည်းဘူးဘဲ။ လစ်ရင် ခိုးမယ်၊ သုတ်မယ်။ လုမယ်၊ ဒီလိုပဲ ဆွဲလုကြတာပဲ။ ဗိုက်ဆံအိတ် လက်ထဲကိုင်မထားနဲ့၊ လစ်ရင် လစ်သလို ဆွဲယူပြေးတာပဲ။ ဘူတာ ကောက် ဂုံးဆင်းနဲ့၊ တရုတ်တန်း အာ့ဘက်တွေမှာ လုပ်တယ်၊ ရွှေဘိုက အာ့လိုမျိုး မိပ်မရှိဘူး”

“အဲ့ဘက်မှာ မလွယ်ဘူး။ ရဲကမေးလို့ မပြောရင် တွယ်တယ်။ တရုတ်တန်း ကဟာတွေ လုပ်သွားရင် ဘယ်သူ ဘယ်ဝါ လုပ်သွားလဲ ကိုယ်က မပြောရဲဘူး။ ဘယ်သူပြောလိုက်တယ်ဆိုတာ တစ်ရက်ပဲစုံစမ်းလိုက်၊ အာ့ကောင်တွေက မိတယ်။ မိလို့ရင် သွားပီ အသေပဲ။ လိမ်ပြီးခေါ်သွားပြီး ဗိုက်ကို ဓားနဲ့ထိုးပြီး မွှေတာ။ ပြီး သံလမ်းပေါ် တင်ထားခဲ့တာ။ ဦးပွားဂုံးအောက်မှာ အိအိငြိမ်းတို့လင်မယားကောင်စန်းဦးကို သတ်တာ။ အောင်စန်းဦးက ဘူတာမှာ ကုန်ထမ်းတာ။ အိအိငြိမ်းနဲ့ နိုင်ထွန်းနဲ့က လမ်းသားသားတွေ။ အောင်စန်းဦးက နေ့တိုင်းလာတော့ မကျေမနပ်ဖြစ်ပြီး ဓားနဲ့ထိုးပြီး ဂုံးကျော်နားလေး သွားထားတာ။ ရထားက လာတော့ ကြိတ်ဖြတ်သွားတာ။ ခါးထိုးတဲ့နေရာနဲ့ကွက်တိ သံလမ်းပေါ် တင်လိုက်တာလေ။ တရားခံ မပေါ်တော့ဘူး။ အချင်းချင်းထဲက ဖော်လိုက်ရင်တော့ သေဖို့သာ ပြင်ထား”

"ဟုတ်တယ်၊ အာဘက်မှာ။ ရဲလည်းကြောက်ရ သူတို့လည်းကြောက်
ရဲကလည်း မပြောရင် ရိုက်တယ်။ ဟိုကောင်တွေကလဲ ပြောရင် သတ်မှာ"

"ငါကတော့ မန္တလေးမှာ မခိုးဘူး။ တရုတ်ပြည်မှာပဲ ခိုးတယ်။ ညပိုင်း
ဆင်ဖြူစျေးထဲမှာ အိပ်တယ်။ ဟိုဘက်ကို ခိုးပေါက်က ကျော်တယ်။ သံဇကာက
ကျော်တာ။ ဟိုဘက်ရောက်သွားရင် လျှောက်ကြည့်တယ်။ ဆိုင်ကယ်ဇက်သော့
ခတ်ထားရင် လက်ကိုင်လှည့်ပြီး ချိုးတယ်။ တွန်းယူပြီး လူရှင်းတဲ့နေရာမှာ သော့
ကို ကျောက်လှည့်နဲ့ ဖြုတ်တယ်။ ဒီဘက် ပြန်ဝင်ရင်တော့ ဂိတ်ကနေပဲ ဝင်တ
လေ။ ကားကြီးတွေစစ်နေတုန်း မောင်းပြေးရတာ။ ခိုးပြီးရင်တော့ မူဆယ်မှာ
ရောင်းတယ်။ တသိန်းကျော်လောက် ရတယ်။ ပိုက်ဆံရရင် ဆေးချတယ်။ ဆေး
အင်း နဲနဲရှိုင်းတယ်၊ ဆေးနာမည်က။ စောက်စိလို့ခေါ်တယ်။ တလုံးတထောင်
အဲဒီဆေးချပြီးရင် ခိုးလို့ကောင်းတယ်။ ခိုးဖို့ ရဲသွားတယ်။ ဘာမှ မကြောက်တော
ဘူး။ ငါက တယောက်ထဲတော့မဟုတ်ဘူး။ လေးယောက်ပေါင်းလုပ်တယ်။
တောင်ပြုံးပွဲနဲ့မို့ ခဏပြန်လာတာ။ ခဏနေ ပြန်သွားမယ်"

"ညီလေးလဲ မူဆယ်လိုက်ချင်တယ် ကိုနိုင်ထွန်းအောင်"

"အေး လိုက်ခဲ့"

"လမ်းဘေး ရောက်တာကတော့ ငယ်ငယ်ထဲက လမ်းပေါ် ရောက်တယ်
ရထားကြိုတယ်။ ရေသန့်ဘူးကောက်တယ်။ မန္တလေးမှာတော့ မခိုးဘူး။ ဟိုမှ
အတူလုပ်တဲ့ သူငယ်ချင်းတွကလဲ လမ်းဘေးသားတွေပဲ။ သူတို့က သူတို့မိန်းမ
နေတာ။ အဲဒီမိန်းမတွေကလဲ လမ်းဘေးသူတွေပဲ။ ငါ့မှာလဲ ရည်းစားရှိတယ်
သူနဲ့ တက္ကသိုလ်မှာ တွေ့တာ။ တက္ကသိုလ်နားက အမျိုက်နန်က သူငယ်ချင်းတွေ
ဆီ အလည်သွားတော့ တွေ့ကြတာ။ သူက တက္ကသိုလ်ဘက် လာတောင်းတယ်
ကလေးလေးခေါ်လာပြီး လာတောင်းတယ်။ သူ့အမဝမ်းကွဲရဲ့ ကလေးလေး
ဥပုသ်နေ့တရက်ပဲ တောင်းတယ်။ တသောင်းကျော်လောက်ရတယ်။ ငါတို့
မုန့်တွေ အမြဲဝယ်ကျွေးတယ်။ နေတာကတော့ ပထွေးနဲ့နေတာ။ အိမ်မှာတော

အရက်တွေဘာတွေ ဝယ်ပေးရတယ်ပြောတာပဲ။ သူ မူဆယ်လိုက်မယ်ဆို ကောင်းမှာ"

"ငါတော့ မူဆယ်ကို ပြန်မသွားချင်တော့ဘူး။ မူဆယ်ကို ဒီနှစ်ထဲရောက်တယ်။ သူငယ်ချင်းလေးယောက်နဲ့ သွားတာပဲ။ မူဆယ်လဲ မရောက်ဘူးလို့၊ ပြီးတော့ အကောက်ကောက်စရာ ပလပ်စတစ်တွေ ပေါတယ်ဆိုလို့ လိုက်သွားတယ်။ ဒါပေမဲ့ မကောက်ဖြစ်ဘူး။ ခိုးပဲ ခိုးဖြစ်တယ်"

"အဲဒီမှာက ရွှေလီရော ကြယ်ခေါင်ရောပေါ့၊ မိုးရွာရင် အလုပ်လုပ်လို့ ပိုကောင်းတယ်။ မိုးသံနဲ့ဆိုတော့ အချက်ပေးသံလဲ မကြားရတော့ဘူး။ ဆိုင်ကယ်တွေက အပြင်မှာရပ်တာ များတယ်။ ဘီးမှာ သော့ခတ်ထားရင်လဲ ဆွဲမသွားပြီး ရိုက်ဖြုတ်လိုက်တယ်။ ရလာရင် ရွှေလီကမ်းပါးဘက်က ပြန်ထွက်တယ်။ ဒီဘက်ရဲနဲ့က ပြေလည်တယ်။ ဒီဘက်က ပစ္စည်း မခိုးဖို့ဘဲ။ ဟိုဘက်က မိရင်တော့ ပြန်မာရဲကို အပ်တယ်"

"လေးနှစ်သားလောက်ထဲက လမ်းဘေးရောက်တာ။ အဘကရိုက်လို့ ရထားတက်စီးရင်း မန္တလေးဘူတာကြီးထဲ ရောက်တယ်။ မပြန်တတ်တော့ဘူး။ နောက်တော့ အိမ်ကလိုက်ရှာတယ် ။ တွေ့တယ်။ လမ်းဘေးနေတာ သုံးလေးနှစ်ရှိပြီဆိုတော့ အိမ်မှာလဲ မနေချင်တော့ဘူး။ ငါကလဲ ပြန်ပြန်ထွက်လာတယ်။ သူတို့ကလဲ လာလာခေါ်တယ်"

"မူဆယ်တော့ မသွားချင်တော့ဘူး။ ခု လက်ဖက်ရည်ဆိုင်မှာ လုပ်နေတယ်။ ပိုက်ဆံစုမယ်။ ကောင်းကောင်းနေချင်တယ်။ လမ်းဘေး မနေချင်တော့ဘူး။ ခေတ်လဲ မကောင်းတော့ဘူး။ အဖမ်းအဆီးနဲ့ စီမံချက်နဲ့ ဟိုအရေး ဒီအရေးနဲ့၊ နေရာတွေလဲ မလွယ်တော့ဘူး။ မှတ်ပုံတင်ရှိရင် အလုပ်အကိုင် ပိုကောင်းတာရှာမယ်"

"ငါလဲ ခိုးမစားချင်တော့ဘူး။ လမ်းဘေးလဲ မနေချင်တော့ဘူး။ ၆ နှစ်သားကထဲက လမ်းဘေးရောက်တယ်။ ခု ၂၂ နှစ်ရှိပြီ။ ငါလဲ ရှုမ်းပြည်နယ်တောင်ပိုင်းဒေသာယာက"

"ထောင်ကထွက်လာတော့ မိန်းမက နောက်ယောကျ်ားယူသွားပြီ။ သူက
ပြန်တော့ လာချင်တယ်။ ဒါပေမဲ့ သူ့ယောကျ်ားကို ကြောက်လို့။ ဟိုကောင်က
စစ်ပြေး၊ ထောင်ကျ။ ခု မိန်းမက လာခေါ်ခိုင်းနေတယ်။ ဒါပေမဲ့ ဟိုလူက
လူမိုက်။ လိုက်လာပြီး လုပ်မှာစိုးလို့။ ပြီးတော့ အဲဒီကောင်က သူခိုး။ ထွက်လ
ခါစတော့ ကလေးကို တွေ့ချင်လို့ ခေါ်လိုက်သေးတယ်။ ဟိုကောင် မသိအော
တွေ့ရတာ"

"ငါ ထောင်ကျဖူးတာလား၊ ၆ လ ၂ ခါ၊ ၁နှစ်ခွဲက ၂ ခါ။ ၁ နှစ်ခွဲဆိုပေ
၈ လပဲ နေရတယ်။ အဲဒီ ၂ မှုက တခါက ခိုးမှု။ တခါက ခေါင်းမှု။ တံခွန်တို
ဘီလူးကြီးနှစ်ကောင်ဘက်မှာရှိတဲ့ ဘိက ကောင်မလေးတွေကို တာရိုးမှာ ရောင်
စားတာ။ သန့်ရင် ၆ သိန်းရတယ်။ ကိုယ်တွက် ၁ သိန်းခွဲ။ မလတ်တလ
ဆိုရင် ၄ သိန်း။ ကိုယ့်အတွက်က ၁ သိန်းရတယ်။ သူတို့ကတော့ အပြီးနေ
တယ်။ အတော်နဲ့ ပြန်ထွက်ဖို့ မလွယ်ဘူး"

"ခု နောက်ဆုံးကျတာက ဖုန်းနဲ့ စက်ဘီး ၂ မှုပေါင်း ၁ နှစ်နဲ့ ၃ လကျတာ
လွတ်လာပြီးတော့ အကောက်ကောက်ရင်းနဲ့ ပလပ်စတစ်ပစ္စည်းတွေ ခိုးရောင်
တယ်။ အကောက်ဆိုင်မှာ တဝက်အပ်ထားပြီး တဝက်သုံးတယ်။ တလောက
တောင် ကလေးအတွက် လေးသိန်းထုတ်ပြီးပေးလိုက်တယ်။ မိန်းမက အဲဒီငွေ
သူငယ်ချင်းတွေဆီ အပ်ထားတယ်။ ဟိုကောင် မသိအောင်ပေါ့"

"မင်္ဂလာဈေးမီးလောင်းတော့ ဈေးတန်းအသစ်ပေါ်လာတယ်။ အဲဒီက
ခိုးရလွယ်တယ်။ ထိုင်ခုံခိုးတာ များပါတယ်။ တခေါက်ဆို အလုံး ၅၀၊ တဉ
နှစ်ခေါက်လောက်ပေါ့။ ဆိုက္ကားသမားနဲ့ ပေါင်းရတယ်။ သူ့ကို လာယူပြီး ဆိုင်လို့
ပို့ခိုင်းရတာ။ အသစ်တွေလဲ အချိန်ဈေးနဲ့ပဲ ရောင်းရတယ်။ ဆိုင်ကလဲ အချိ
ဈေးပဲ ပေးတာ။ တပိဿာ ၇၀၀။ တက္ကသိုလ်နားလေးက ဆိုင်မှာ သွင်းတယ်
ကော်ဖီထုပ်တွေကျ ရှမ်းဆိုင်မှာ သွင်းတယ်။ သူလဲ တက္ကသိုလ်နားကပဲ"

"ကိုဖက်တီး၊ ခမျာက မိန်းမတွေ အများကြီးရခဲ့ပြီး ဒီမိန်းမကျမှ ဘာ့
တမ်းတမ်းစွဲဖြစ်နေရတာလဲ"

"မသိဘူး၊ ကလေးနဲ့မို့လားမသိဘူး။ မိန်းမကတော့ ဇယ်ကြီးမိန်းမနဲ့လဲ ရဖူးတယ်။ သူညီမနဲ့လဲ ရဖူးတယ်။ ဖာသည်အကြီးစားနဲ့လဲ ရဖူးတယ်။ ရေကြည့်ရင် အင်း ၁၇ ယောက်လောက် ရဖူးတယ်။ ခုတော့ ငါ့ မိန်းမ ပြန်မလာမချင်း တယ်သူနဲ့မှ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"ခမျာကက ဘိတွေနဲ့ ဘယ်လို အဆက်အသွယ်ရတာလဲ"

"ဘိနဲ့ အလုပ်လုပ်ဖြစ်တာက ကောင်မလေးတွေ လမ်းပေါ်ရောက်လာရင် လမ်းဘေးသားတွေက အရင်စား။ စားပီးရင် ခေါင်းဆီပို့။ ခေါင်းနဲ့က ဆေးချရင်း သိလာတာ။ တံခွန်တိုင် ဘီလူးကြီးနှစ်ကောင်နား စျေးနားက ဆေးဆိုင်တွေက ဆေးဝယ်တယ်။ ဝယ်ရင်းနဲ့ ခေါင်းနဲ့သိတယ်။ စော်ရှာခေါ်ခဲ့တဲ့။ ခေါ်ခဲ့ရင် တသောင်းခွဲ နှစ်သောင်းပေးတယ်။ နောက်ကျ သုံးလေးငါးသောင်းပေးတယ်။ ပြီးရင် သူတို့ဆီက ၂ ယောက်လောက်နဲ့ နေလို့ရသေးတယ်။ ခေါ်ပေးရတာ မခက်ပါဘူး။ လမ်းဘေးရောက်လာတဲ့ကောင်မလေးတွေကို သူငယ်ချင်းတွေ ရှိတယ်၊ ကောင်းကောင်းမွန်မွန်နေလို့ရတယ်၊ သွားနေမလားလို့ မေးလိုက်ရုံပဲ။ သူတို့ကလဲ လမ်းဘေးနေရတာထက် ကောင်းတယ်ဆိုတော့ လိုက်လာတာပဲ"

"မှတ်ပုံတင်ရရင် ဘီယာဆိုင်မှာနေမယ်။ လုံးဝ ဒီအလုပ်တွေမလုပ်တော့ဘူး။ အာမခံတယ်။ ခု ဘီယာဆိုင်က မှတ်ပုံတင်ရှိရင် ရှစ်သောင်းပေးမယ်တဲ့။ နောက်ကျရင် လုပ်တာကိုင်တာကြည့်ပြီး တိုးပေးမယ်လို့ ပြောတယ်"

"ကိုဖက်တီးမိန်းမရဲ့ ယောကျ်ားလိုပဲ လမ်းဘေးသားတွေကို သက်သက် အနိုင်ကျင့်တဲ့ အရပ်သားတွေလဲ ရှိတယ်၊ လမ်းဘေးသားတွေ ကြောက်ရတဲ့လူ တွေပေါ့"

"ဟို နိုင်တိုးဆိုတဲ့ကောင် လူ ၂ ယောက် သတ်တဲ့ကောင်လား"

"အေး၊ သူဆိုရင် ဘယ်လို အနိုင်ကျင့်လဲဆိုတော့ မိန်းကလေးတွေက များတော့လေ။ မိန်းကလေးတွေကိုတော့ ခေါ်ထောက်ပြီး ခေါ်သွားတာ။ ယောကျ်ားလေးတွေကျ လက်သီးတွေနဲ့ ထိုးကြိတ်ပြီး ပိုက်ဆံယူတာ။ သူက အိမ်ရှိတယ်။ လမ်းဘေးက မဟုတ်ဘူး။ ဒါပေမဲ့ လမ်းဘေးသားတွေကို ဗိုလ်ကျတယ်။

မပေးရင် ထပ်အထိုးခံရတာ။ ၁၀၀၊ ၂၀၀ ပေးလို့ မရဘူး။ ၁၀၀၊ ၂၀၀ ပေးရ
နားရင်းကို ပိတ်အုပ်တာ။ ဘီလူးဆို နားကနေ သွေးပါထွက်တယ်။ ၅၄၄ ရပ်ကွက်
က။ လမ်းဘေးသားတွေက သူတို့ကို မနိုင်ဘူး။ လာလိုက်ရင်လည်း ဓားတ
ဒုတ်တွေနဲ့၊ အဖွဲ့လိုက်"

"လမ်းဘေးသား အချင်းချင်း အနိုင်ကျင့်တာမရှိဘူး။ ကိုယ့်ဘာသာတောင်
ပဲ။ အဖွဲ့ကတော့ ညီတယ်။ ထမင်းထုပ်ရရင် သိမ်းထားတယ်။ လူညီ တက်စုံတာ
ကျွန်းရွာက ဖက်ရွာက်ကြီးကို ခူးပြီးတော့ အကုန်နယ်ပြီးတော့ တစ်ယောက်
တစ်လုတ် စားကြတာ။ အလှည့်ကျ ပတ်တာ။ ကိုယ်တောင်းရလာတာက
တယောက်ထဲ မစားဘူး။ ထမင်းအတူတူ စားတယ်။ ပိုက်ဆံကတော့ ကိုယ
ဘာသာ သုံးတယ်။ ထမင်းကတော့ မရတဲ့ကောင်တွေကို ကျွေးတယ်။ ပိုက်ဆံက
တော့ မပေးဘူး"

"လမ်းဘေးသားတွေက စားတာထက် ကော်ရှူတာက ပိုများတယ်
အရက်သောက်တာထက်လဲ ကော်ရှူတာ များတယ်။ အရက်အမြဲသောက်တာ
ကတော့ ဘီလူးတစ်ယောက် ရှိတာ"

"ငါတင် မဟုတ်ပါဘူးကွာ။ ဝမ်းတူးဝမ်းလဲ သောက်တာပဲ။ ကောင်မလေး
တွေကတော့ အရက် လုံးဝမသောက်ဘူး။ ကော်နဲ့ ဟွာနဲ့ပဲ လုပ်ကြတာ။ တစ်ည
လူအများကြီးပဲ။ ၁၂ ခွဲဆိုသွားပြီ။ ၂ ခွဲလောက်မှ ပြန်လာတာ။ ရတဲ့ ပိုက်ဆံ
ကော်ဘူးဝယ် ရှူ။ တစ်နေကုန် အိပ်"

"နင်တို့ရော ကပ်မရှူလို့လား၊ အေး ဘီလူးသိမယ်၊ ပိုက်ဆံလာတောင်းလို
ကတော့ အသေပဲ"

"လမ်းဘေးသားအချင်းချင်းက မန္တလေးမှာသာ သိပ်အနိုင်မကျင့်တာ
တောင်ကြီးမှာတော့ မတရားအနိုင်ကျင့်တယ်နော်"

"ငွဲရန်နောင်၊ မင်း မြင်ဖူးရင် ပြောပြလေကွာ၊ ဂျာကစ် ဟုတ်လား၊ မင်းတို့
တောင်ကြီးက လမ်းဘေးသားအချင်းချင်း အနိုင်ကျင့်တယ်ဆို"

"ဟုတ်တယ်၊ ကျင့်တယ်၊ မင်း ဘယ်သူတွေကျင့်တာ မြင်ဖူးလဲ၊ ပြောပြ
လိုက်"

"ဟိုကောင်တွေကွာ၊ ခိုးမှုနဲ့ထောင်ကျနေတဲ့ လမ်းဘေးသားတွေ။ သူတို့လွတ်လာတော့ သူတို့က ခိုးလို့ မရရင် အနိုင်ကျင့်ပြီး ကလေးတွေကို ငွေရှာခိုင်းတယ်။ လက်ကျိုး ကုလားလေးဆိုရင် ရခိုင်ကြီးဆိုတဲ့ ခေါင်းဆောင်က ငွေရှာမပေးလို့ဆိုပြီး ပုလင်းကွဲတွေ ဝါးခိုင်းတယ်။ တခြားကလေးတွေလဲ ဝါးခိုင်းတယ်။ ပုလင်းကွဲ မဝါးခိုင်းရင် ခြိုးခြောက်တွေ စားခိုင်းတယ်။ သူတို့ ယိုထားတာတွေ။ အဲလိုမှ မဟုတ်ရင် တကိုယ်လုံး မြေမြှုပ်ထားတယ်။ ခေါင်းလေးပဲ ဖော်ပေးထားတာ။ သူ့အောက်က ကောင်တွေကလဲ ခိုင်းတတ်တယ်။ သူပိုက်ဆံပေါရင်လဲ ထမင်းဆိုင်တွေမှာ ပိုက်ဆံအပ်ထားပြီး ကလေးတွေကို သွားစားခိုင်းတယ်။ သူတို့လွတ်လာရင် ခိုးမှုတွေပေါတော့ ရဲဖမ်းတယ်။ အဲဒီတော့ နေလို့ မကောင်းဘူး။ ဂျာကစ်က ရွှေဘိုကို သွားမယ်ဆိုတော့ လိုက်လာလို့ ငါရွှေဘို ရောက်လာခဲ့တာ"

"ဟုတ်တယ်၊ ရခိုင်ကြီးတို့အဖွဲ့က ဆိုးတယ်၊ တယောက် နှစ်ယောက်နဲ့ ပြန်ချလို့ မရဘူး၊ ငါလဲ အဲဒါကြောင့် တောင်ကြီးက ပြန်ဆင်းလာတာ"

"ကိုဇွဲရန်နောင်ရော ကျောင်းနေဘူးလား"

"ငါက ၅ တန်းထိ နေဖူးတယ်။ တောင်ကြီးမှာ ၃ တန်းထိ။ နမ့်ဆမ်မှာ ၅ တန်းထိ နေတယ်"

"ညီအကို မောင်နှမတွေရှိလား"

"ညီအကိုသုံးယောက်ရှိတယ်။ ငါနဲ့ အကိုလတ်က အဘွားနဲ့ တောင်ကြီးမှာ နေတယ်။ ဦးလေးရော အဒေါ်ရော အဘွားအိမ်မှာ။ အဖေက ကျိုင်းတုံမှာ။ နောက်အိမ်ထောင်နဲ့။ အဖေက စစ်သားလို့ပြောတယ်။ အကိုတွေကတော့ သိလိမ့်မယ်။ ငါကတော့ အဖေ ဘယ်လိုပုံလဲ မသိဘူး။ အမေက တာချီလိတ်မှာ။ နောက်အိမ်ထောင်နဲ့ပဲ။ ပထွေးနဲ့ရတဲ့ ညီလေးနဲ့ ညီမလေးရှိတယ်"

"ငါတော့ အဲဒီမြို့တွေ မကြားဖူးဘူး၊ အဲဒါ ဘယ်ဆီမှာလဲ"

"အဝေးကြီးပဲ၊ ထိုင်းနိုင်ငံနဲ့ ကပ်လျက်လေ၊ အဲဒါတွေက ရှမ်းရှေ့မှာ။ မူဆယ်ကနေ တရုပ်ဘက် ဝင်သလိုလေ၊ ထိုင်းထဲကို ဝင်လို့ရတယ်"

"ရောက်ဖူးလား"

"အေး ငါ အမှေဆီ သွားနေဖူးတယ်။ အဘွားနဲ့သွားတာ။ အဲဒီမှာ အကိုကြီ
လဲ ရှိတယ်။ အကိုကြီးက ပန်းရံလုပ်တယ်။ တာချီလိတ်မှာ တလလောက်ကြ
တော့ နမ့်ဆမ်မှာနေတဲ့အဒေါ်က ကလေးမွေးမှာမို့ အဘွားကို လှမ်းခေါ်တော
ကျနော်ရော ပြန်လိုက်လာတယ်။ အဒေါ်ရဲ့ဘီယာဆိုင်မှာ စားပွဲပိုင်းထိုးတယ်
အခုတော့ အဒေါ်က နေပြည်တော်မှာ။ သူ့ယောကျ်ားနဲ့ လိုက်နေတယ်။ ဆိုင်မဖွ
တော့ဘူး။ သူ့ယောကျ်ားက စစ်သားပဲ။ အဘွားက ခု ခိုလန့်မှာ။ ဦးလေး
လိုက်သွားတယ်"

"အဲဒါကို အကိုကြီးက ဘာလို့ လမ်းဘေးရောက်လာတာလဲ"

"နမ့်ဆန်အဒေါ်ဆီမှာ နေတုန်းက သူငယ်ချင်းက အောင်ပန်းမှာ အလုပ်
သွားလုပ်မယ်၊ ဂေါ်ဖီထုပ်သယ်ရမှာ မပင်ပန်းဘူးဆိုတော့ လိုက်သွားတယ်
ဟိုရောက်တော့မှ ခြံရှင်က ငယ်လို့ဆိုပြီး ငါ့ကို ပြန်လွှတ်တယ်။ ပြန်လာရင်
တောင်ကြီးကို ဝင်လည်တာ။ စျေးအပေါ်ထပ် ကစားကွင်းမှာ လမ်းဘေးသ
တွေနဲ့ တွေ့တယ်။ သူတို့နဲ့ ရှမ်ဝတိုက်မှာ လိုက်အိပ်တယ်။ နောက်ရက် နေ့လယ်
ပိုင်း စျေးအပေါ်ထပ်မှာ အိပ်နေတုန်း စည်ပင်ရဲရောက်လာပြီး ဝါးခြမ်းနဲ့ရိုက်
ဖမ်းသွားတယ်။ ငါတယောက်ထဲ ပါသွားတာ။ သူတို့က ကော်ထိုင်ရှူနေတာ
ဆိုတော့ ရဲမြင်တော့ ပြေးကြရော။ ငါက ကော်မရှူပဲ အဖမ်းခံလိုက်ရတယ်
ဒုတိယညက အချုပ်ခန်းထဲ အိပ်လိုက်ရတယ်။ တကယ်လဲ ကော်မရှူဘူးဆိုတော့
ပြန်လွှတ်ပေးလိုက်တယ်။ နမ့်ဆန်ပြန်ဖို့ လမ်းစရိတ်မရှိတော့ သူတို့နဲ့ပဲ နေလိုက်
တယ်။ အဲဒါနဲ့ လမ်းဘေးသားဖြစ်သွားတာ"

"သူတို့နဲ့ ပလပ်စတစ်ကောက်တယ်။ တနှစ်လောက်ကြာတယ်။ ကြိုကြား
ကြိုကြား အကြမ်းလောင်းလိုက်တယ်"

"အကြမ်းလောင်းဆိုတာ ဘာလဲ"

"အကြမ်းလောင်းဆိုတာ ဟိုဟာ စလစ်လောင်းတာကို ပြောတာ
ယောကျ်ားလေးဆိုရင် တသောင်းရတယ်။ ကော်က ညပိုင်းကျမှ ရှူတယ်။ နေ့ပိုင်
ကတော့ မြို့ထဲလဲဖြစ်၊ လူတွေလဲရှိတော့ မရှူဖြစ်ဘူး။ မနက်ပိုင်း ၅ နာ

လောက်ကနေ ၇ ခွဲ၊ ၈ နာရီထိကောက်လိုက်ရင် သုံးလေးထောင်ရတဲ့အခါလဲရှိ၊ လေးငါးထောင် ရတဲ့အခါလဲရှိ၊ တခါတလေ အိမ်ရှင်းပုံတွေ ဘာတွေတွေ့ရင် တသောင်း/တသောင်းခွဲထိရတယ်။ ပြီးရင် ဆိုင်သွင်းပြီး လက်ဖက်ရည်ဆိုင် ဖြစ်ဖြစ် ခေါက်ဆွဲဆိုင်ဖြစ်ဖြစ်ထိုင်။ လက်ဖက်ရည်ဆိုင် ဆက်ထိုင်ချင်ထိုင် ပြန်အိပ်ချင်အိပ် ဂိမ်းဆော့ချင် ဆော့ပေါ့။ ညနေပိုင်း ၄ နာရီလောက်ဆို ပြန်ထွက်။ ၅ ခွဲလောက်ထိ ကောက်တယ်။ စည်ပင်တွေရှိတော့ သိပ်မရဘူး။ ညစာကတော့ လက်ဖက်ထမင်း တပွဲ ၂၀၀ ဝယ်စားတယ်။ တခါတလေလဲ ၂ ပွဲ”

“နောက်ပိုင်း အကောက် မကောက်ဘဲ ကားတံခါးကျက်ပြင်တဲ့ဆိုင် နေဖူးတယ်။ သူက ဆဲရင် အမေနဲ့ ထိထိဆဲတော့ မနေချင်တော့တာနဲ့ ပြန်ထွက်လာတယ်။ လမ်းဘေးပြန်နေတယ်”

“အဲဒီကနေ ရွှေခြသေ့ကျောင်းရောက်လာတော့ ကျောင်းမှာနေရင်း စာသင်တယ်၊ ထမင်းချက်တယ်။ နောက် မန္တလေးကို ကျော်ကျော်တို့နဲ့ ပြန်လိုက်သွားတယ်။ အကောက်ကောက်ရင်း ပိုက်ဆံသုံးသောင်းကောက်ရတော့ တောင်ကြီးပြန်ဖြစ်တယ်။ အဲဒီမှာ ရတနာ့မေတ္တာဖွင့်တော့ သွားနေတယ်။ သူငယ်ချင်းတွေကလဲ အဲဒီရောက်နေပြီ။ အဲဒီကပဲ ကားရေဆေးဆီလိုက်ဆိုင် အပ်ပေးတယ်။ ကိုယ်လုပ်ချင်တဲ့ဆီ အပ်ပေးတယ်။ လမ်းဘေးသားတွေ သွားလုပ်ကြတယ်။ သုံးလလောက်ကြာတယ်။ စရိတ်ငြိမ်းခြောက်သောင်းရတယ်။ အဲဒီကထွက်ပြီး အဘွားရှာချင်တာနဲ့ ထွက်ရှာတယ်။ မတွေ့တော့ ရတနာ့မေတ္တာကို သွားနေတယ်။ အဲဒီက စာသင်ပေးတယ်။ ထမင်းသုံးနပ်ကျွေးတယ်။ အဲဒီမှာနေပြီး မကြာဘူး လမ်းဘေးပြန်နေတယ်။ အကောက်ကောက်တဲ့အခါကောက်၊ ပန်းရံလုပ်တဲ့အခါ ပန်းရံလုပ်တယ်”

“ဟိုမှာ ပျင်းလို့ ရွှေဘို ပြန်လာတယ်။ ပထမ ပန်းရံလုပ်တာ လေးထောင်ရတယ်။ နောက် စားသောက်ဆိုင်မှာ သွားနေတယ်။ ဆိုင်ရှင်က နေ့တိုင်းဆဲနေတာ။ တလတောင် မပြည့်လိုက်ဘူး။ အဲဒီကထွက်ပြီး လက်ဖက်ရည်ဆိုင် ရောက်

သွားတယ်။ အဲဒီကလဲ ဆဲတာပဲ။ ဆိုင်လာသောက်တဲ့သူတယောက်နဲ့ ရင်းနှီ
တယ်။ သူက တောင်ပြိုးသွားမယ် လိုက်မလားဆိုတော့ မရောက်ဖူးဘူး၊ လိုက်မယ်
ဆိုပြီး သွားဖို့ခွင့်တောင်းတော့ တခါထဲ ထွက်သွားခိုင်းတာနဲ့ ထွက်ခဲ့ပြီး တောင်းပြီ
ကပြန်တော့ ကျောင်းပြန်နေတယ်"

"ခု မှတ်ပုံတင်ရှိပြီဆိုတော့ ဒီကပြန်ရင် ရေဆေးဆီလိုက်ဆိုင် ပြန်နေပြီ
ကိုယ့်ဘာသာဖွင့်နိုင်အောင် လုပ်မယ်။ အရင်းအနှီးက သုံးသိန်းကျော်ကျော်
လောက်ဆို ရတယ်။ နေရာကတော့ တောင်ကြီးမှာ ရှာလို့ရတယ်"

"ငွဲရန်နိုင်၊ ညီလေး ကိုယ့်ဆီကို တကယ်ပြန်ချင်လား"

"ဟာ ပြန်ချင်တာပေါ့ဗျာ၊ ကျန်တဲ့သူတွေလဲ ပြန်ချင်မှာပဲ"

"ကိုကြီးမျိုးနိုင်က ဘာလို့ အဲလိုမေးလဲဆိုတော့ ကိုကြီးလဲ တအားပြန်ချ
လို့ ပြန်ပြီးသွားပြီ။ ပြန်ရောက်တာမှ အရက် ၂၀ တောင် မပြည့်သေးဘူး
စိတ်က ဟိုရောက်တော့ ဒီကိုပဲ သတိရနေတာ။ ဘာဖြစ်လို့လဲဟဆိုပြီး ပြန်မယ်
ကွာဆိုပြီး စိတ်က ဖြစ်နေတာ။ နောက်ကျတော့ အဖေကနေပြီးတော့မှ မင်
အန်တာ ငါသိတယ်ဆိုပြီး အရက်ခိုးတိုက်တာ။ မေမေကသိတော့ ကွိုင်ပါရော
ရော။ မေမေ စိတ်ချမ်းသာရင် ပြီးရောလို့၊ သား မနေဘူး။ ထွက်ပေးမယ်ဂ
ပြောရော။ အမေက သွားစရာ မလိုဘူး။ ဘယ်မှ မသွားနဲ့တဲ့။ အာ မရဘူး
သွားမှာလို့ ထွက်ပေးမယ်လို့။ ထွက်ချလာတာ။ မမက မုန့်ဖိုး ၅၀၀၀ ပေးတယ်
အိမ်မှာ နေလို့မပျော်တော့ဘူး။ စိတ်က ဒီကိုပဲ ရောက်နေတာ။ မန္တလေးမှာ
နေတာက ၉ နှစ်တိတိလောက်နေခဲ့တာကို ရွှေဘိုကို သတိရတာ။ ရွှေဘို ပျော်
တာ။ မန္တလေးကျ မပျော်ဘူး။ ဒီလိုဘဝကြီးမှာပဲ ပျော်ရွှင်နေတော့ ဒီလိုဘဝကြီ
နဲ့ပဲ သွားတော့မှာလား မသိဘူး။ ဒီဘဝကိုပဲ ပျော်နေတာ။ ပြန်ချင်တဲ့စိတ်က
မရှိတော့ဘူး။ စိတ်ကူးပေါက်ရင်တော့ ထပြန်သွားတာဘဲ။ ဒီမှာပဲ နေတာ
မန္တလေးလဲ မသွားဘူး။ ပြန်ပြီဆိုလည်း ဘယ်သူမှ နှုတ်ဆက်မသွားတော့ဘူး
ကိုယ့်ဘာသာ တစ်ယောက်တည်း ထပြန်သွားတာ"

"ကိုဘီလူးပြောတာဟုတ်တယ်။ ငါလည်း အိမ်ပြန်ကြည့်တယ်၊ ဟိုကျ မနေ တတ်တော့ဘူး။ ပျင်းလဲ ပျင်းတာ၊ ပြန်ပြေးလာတာပဲ။ အိမ်က ပြန်ထွက်လာတဲ့ အကောင်တွေ အများကြီးပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ကျောက်မဲ ပြန်ရောက်သေးတယ်။ အဖေ ရော ညီလေးရော ရှိတယ်။ မပျော်လို့ ပြန်လာတာ။ ပြန်တော့ သွားမယ်။ အဖေ ယိပ်မလုပ်နိုင်တော့ဘူး။ ကျွန်တော် လုပ်ကျွေးရမှာ"

"ကျွန်တော်က ကျောက်မဲတုန်းကတော့ ခိုးဖူးတယ်။ မန္တလေးနဲ့ ရွှေဘို ရောက်မှတော့ မခိုးဖူးဘူး"

"နေစိုးအောင် နေစိုးအောင် နေစိုးအောင် နေစိုးအောင် ဒုန်းဒုန်း"

"ကဲ ပရိသတ်က ဖိုက်တာလေး နေစိုးအောင်ကို တောင်းဆိုနေကြပြီ၊ လမ်းဘေးရောက်လာပုံတွေ ပြောပြပါ"

"လမ်းဘေးစရောက်တာက ကျောင်းတက်ရင်း ရန်ဖြစ်လို့။ ၂ တန်းတက် တုန်းက ချစ်သူကြောင့် ရန်ဖြစ်တာ။ သူက အိမ်နီးနားခြင်း။ အဖေက မင်းတို့ ကြီးရင် အိမ်ထောင်ပြုပေးမယ် ပြောထားတဲ့ကောင်မလေး။ သူက ရန်ကုန်က ပြောင်းလာတာ"

"ကောင်မလေးနဲ့ အဲဒီကောင်နဲ့ ရန်ဖြစ်တော့ အဲဒီကောင်က ကောင်မလေး ကို တပွေခြင်းထိုးမယ်လို့ စိန်ခေါ်တာ။ မင်းက သူနဲ့ မထိုးနဲ့၊ ငါနဲ့ ထိုးမယ်လို့ ပြောတော့ သူက မင်းနဲ့ အရွယ်မမျှဘူး၊ ကျောင်းအုပ်ကြီးဆီ ရောက်လိမ့်မယ်လို့ ပြောတယ်။ သူက ငါးတန်း။ သူ့ကို ခဏလေးလို့ပြောပြီး အနားမှာရှိတဲ့ ဂေါ်ပြားနဲ့ ကောက်ရိုက်လိုက်တယ်။ ရိုက်တော့ သူက ခေါင်းကို သွေးထွက်လို့ ကြည့်နေတုန်း မြေထောက်နှစ်ဘက် စုံပစ်ဆွဲလိုက်တော့ လဲသွားရော။ သူလဲသွားတော့ အိမ်ကို ပြန်ပြေးပြီး အဝတ်အစားထည့်နေတုန်း အဖေက အရက်ပုလင်းနဲ့ ရောက်လာ တယ်။ ဘယ်သွားမလို့လဲ၊ ဘာတွေလျှောက်လုပ်ထားတာလဲဆိုပီး တားတယ်။ ပုန်းတော့ လက်ပြန်ကြိုးတုပ်ပြီးတော့ ထားခဲ့တယ်။ ထားပြီး သူက ကျောက်သွား ကူးတယ်"

"ကျွန်တော်တို့က ကျောက်ကျင်းမှာ နေတာ။ ညီလေး ရောက်လာပြီးတော့
ကြိုးလာဖြေပေးတယ်။ ထွက်သွားမလို့ဟာ အဖေက ရေလာသောက်ရင်း တ
သွားပြီး ဘတ်ခွန့်ပစ်တော့ မပြေးတော့ဘူး။ အဖေအနားရောက်လာပြီး လက်
ဆွဲတော့ အဖေ့ကို လည်ပင်းညှစ်ပြီး ခြေကလိန်ကွပ် လဲလိုက်တယ်။ အဖေ
နပမ်းလုံးတော့ အဖေက မျက်နှာထိုးတယ်။ ညီလေး ရောက်လာပြီးတော့ အ
လက်ကို ဒုတ်နဲ့ရိုက်လို့ လွတ်သွားတော့ အဖေ့ဆိုင်ကယ်ယူပြီး ပြေးတယ်။ အ
က ဖုန်းလှမ်းဆက် တိုင်လိုက်လို့ ကျောက်မဲဘူတာမှာ ရဲဖမ်းခံရတယ်"

"နေစိုးအောင် မင်းက အဲ့တုန်းက ဆိုင်ကယ်စီးတတ်နေပြီလား"

"ဆိုင်ကယ်စီးတာ ဘာခက်လို့လဲ၊ ငယ်ငယ်လေးထဲက စီးတာ။ ဟိုကော
ရိုက်မှုအတွက် အလျော်လေးသိန်းတောင်းတယ်၊ မပေးနိုင်ဘူးဆိုတော့
ကောင်မလေး အဖေအမေက စိုက်လျော်ပေးတယ်။ ကျောင်းအုပ်ကြီးက ကျော
ပြန်လက်ခံတယ်။ သုံးတန်းရောက်တော့ သူငယ်ချင်းတွေနဲ့ ကျောင်းလစ်တ
ကျောက်မဲမြို့ထဲ လျှောက်လည်တယ်။ ပန်းခြံနဲ့ တိရစ္ဆာန်ဥယျဉ်မှာ ထိုင်တ
ထိုင်တော့ သူငယ်ချင်းတွေက ဘီယာသောက်တယ်။ ကျနော်က မသောက်တ
ချုပ်တိုက်ကြတယ်။ နောက်ပိုင်း သောက်တတ်သွားရော။ ကျောင်းလစ်ပါများ
တော့ သုံးယောက်လုံး ထုတ်ပစ်လိုက်ရော။ ငါတို့ကို တွေ့ချင်ရင် မြို့ထဲလာ
ဆိုတာနဲ့ သူတို့နဲ့နေရင်း လှည့်သွားနေရင်းနဲ့ အိမ်မပြန်ဖြစ်တော့ဘူး။ အဖေ
လိုက်တော့ခေါ်တယ်"

"မြို့ထဲမှာ သူတို့နဲ့လှည့်ပြီး အကောက်ကောက်တယ်။ ပုံး အဝတ်
ခိုးတယ်။ တရက်မှာ နေ့ခင်းအကောက်ကောက်တုန်း ဆိုင်ကယ်ရောင်းတဲ့ဆို
အဲဒီဆိုင်ရှေ့အမှိုက်ပုံးထဲက ရေသန့်ဘူးအကွဲကြီး ပစ်ထားတဲ့ဟာကို သွားကော
တာ။ ဆိုင်ရှင်က သေနာကျ သူတောင်းစားလေးတွေ မကောက်နဲ့ သွား
ငါ့အိမ်ရှေ့ မလာနဲ့လို့ပြောတော့ မကျေနပ်တာနဲ့ ခိုးဖို့ တိုင်ပင်တယ်။ ပထမတ
ရေသန့်ဘူးတွေခိုးဖို့ပဲ။ ဟိုထဲရောက်တော့မှ မကျေနပ်စိတ်တွေ ပေါ်လာ
အတွက် စားပွဲပေါ်မှာ သောတွေ့တာနဲ့ အံဆွဲဖွင့်ပြီး ပိုက်ဆံတွေနဲ့ ဖုန်း ယူ

တယ်။ အဲဒီက ထွက်လာတော့ အရှူးက သူခိုးဆိုပြီးအော်တော့ အပြင်ကစောင့်နေတဲ့သူငယ်ချင်းတွေဆီ ပိုက်ဆံတွေ ပေးပြီးတော့ အရှူးကို ဒုတ်နဲ့သွားရိုက်တယ်။ ကားကြီးကွင်းဘက်ကပါ သူခိုး သူခိုးအော်တော့ မြောင်းထဲ ဆင်းပြေးကြတယ်။ ညမှာ ပိုက်ဆံခွဲကြတယ်။ သူတို့က သူတို့အိမ်ပြန်၊ ကျနော်လဲ ပြန်။ ကျနော်က အိမ်အထက်ပိုင်းက တောထဲမှာ ဝင်နေတာ။ သူတို့က စီစီတီဗီကကြည့်တော့ ကျနော်တို့မှန်းသိလို့ အဖမ်းခံရတယ်။ အဖေ့ကို ဖမ်းမယ်ဆိုလို့ ကျနော်ဆင်းအဖမ်းခံလိုက်တာ။ ကလေးတွေမှန်းသိလို့ ဆုံးမပြီး ပြန်လွှတ်ပေးတယ်”

“တညမှာ လမ်းပေါ်မှာ ရဲတွေနဲ့ငြိပြီး ရဲကားကို ခဲနဲ့ထုတယ်။ ရဲတွေက မင်းတို့ ကျောက်မဲမှာ မနေတော့နဲ့၊ သွားချင်ရာသွားဆိုပီး ရထားနဲ့တင်ပေးလိုက်တော့ ဂိတ်ဆုံး မန္တလေးဘူတာကို ကျနော်က ရောက်လာတယ်။ တယောက်ကို လားရှိး၊ တယောက်ကို နေပြည်တော်ပို့လိုက်တာ”

“မန္တလေးရောက်တော့ ဘူတာကြီးအပေါ်ထပ်က မန်းမြို့တော်ထမင်းဆိုင်မှာ လုပ်တယ်။ ကျွန်တော် အလုပ်လုပ်ချင်လို့၊ ထမင်းကျွေး နေစရာရရင် ပြီးရော၊ ပေးချင်သလောက်ပေးလို့ ပြောမိတော့ တလ ငါးထောင်ပဲပေးတယ်။ အမှန်ဆို ခုံးသောင်း လေးသောင်းပေးရမှာ။ ၂ လလုပ်ပြီးတော့ ကျောက်မဲပြန်တယ်။ အိမ်မှာနေတယ်။ ကျောင်းပြန်နေတယ်။ ငါးတန်းရောက်တော့ စာက မလိုက်နိုင်တော့ဘူး၊ သခ်ၤာနဲ့ အင်္ဂလိပ်က လုံးဝမလိုက်နိုင်တော့ ကျောင်းထွက်လိုက်တယ်”

“ကျောင်းထွက်ပြီးတော့ အဖေနဲ့ တိုင်ပင်တယ်။ ဒီတိုင်းနေရင်တော့ ကျွပ်ကို ဘာမှထူးလာမှာ မဟုတ်ဖူး၊ အလုပ်ထွက်လုပ်ရအောင်လို့ ပြောတော့ အဖေက သွားမယ်တဲ့။ ညီလေးကို ကိုရင်ဝတ်ပေးထားခဲ့ပြီးတော့ သားအဖနှစ်ယောက် ထွက်လာတာ။ မန္တလေးရောက်ရော။ ဘူတာမှာ အဖေ့သူငယ်ချင်း စစ်ထွက်တယောက်နဲ့ တွေ့တယ်။ မြစ်ကြီးနား ဝိုင်းမော်မှာ ရော်ဘာခြံကို အဖွဲ့လိုက်သွားလုပ်မယ်၊ လိုက်မလား၊ မင်းဆို စရိတ်ငြိမ်း တသိန်းခွဲ၊ မင်းသားဆို ငါးသောင်းမလောက်ရမယ်ပြောတော့ လိုက်သွားကြတယ်”

"မြစ်ကြီးနားဈေးရောက်တော့ ငွေကြိုထုတ်လို့ရတယ်ဆိုတော့ တသိန်
ထုတ်တယ်။ ဒန်အိုးဒန်ခွက်ရယ်၊ အဖေက သူ့အတွက် အရက်တပုံးဝယ်တယ်
ဟိုမှာ မြက်ရှင်းရတယ်။ မြက်က ဒူးလောက်ပဲလို့ ပြောခေါ်လာတာ၊ တကယ်ရှ
တော့ လူကြီးတောင် အရပ်မြုပ်တယ်။ မိန်းမတချို့က ညပိုင်းမှာ စုပြီးတော
ဒို့ကို ခေါ်တုန်းက မြက်ကလေးနဲနဲ ရှင်းရမယ်ပြောတာ၊ ခုတော့ တကယ့်
မြက်တောကြီး၊ ပြေးကြမယ်ဆိုပြီး တိုင်ပင်နေကြတာကို ကျွန်တော်က ကြားတော
ကျွန်တော်လည်း လိုက်မယ် ပြောလိုက်တယ်။ သူတို့က ခဏနေ သွားတော့မှ
ဆိုတော့ စောင့်အုံးဆိုပြီး ကျွန်တော် အဖေ့ဆီက ခြောက်သောင်းခိုးပြီးတော
သူတို့နဲ့ လိုက်ခဲ့တာ"

"ခြံထဲမှာ ခွေးတွေ လွှတ်ထားတယ်။ ကျွန်တော်တို့က ခြံအလယ်
ချောင်းထဲဆင်းပြီး မျှောချ ထွက်လာတာ။ တံတားရောက်တော့ အဖေ
တယောက်တက်၊ အောက်ကလူကို တယောက်ချင်းဆွဲတင်ပြီး ကားတားဆီး
မြစ်ကြီးနားဘူတာ ရောက်ခဲ့ကြတယ်။ ယောကျ်ားကြီးတယောက် ပါသေးတယ်
ထမင်းစားနေတုန်း ကျနော်တို့ထဲက တယောက်က ခြံကလိုက်လာတာကို တွေ့
တော့ ထမင်းဆိုင်နောက်ဖေး ဝင်နေကြတယ်။ ရထားက ထွက်တော့မှာ။ သုံးနာ
ရထား။ သူတို့က တက်လိုက်သွားတော့ ကျနော်တို့ လက်မှတ်ဆုံးရော။ အဲ
နောက် ထွက်တဲ့ ကုန်တင်ရထားကြီးနဲ့ လိုက်ခဲ့ကြတယ်။ ပိုက်ဆံလဲ ပေးစရာမ
ဘူး။ ရွှေဘိုပဲ ရောက်တာ။ နောက် မန္တလေးကို ဒီဇယ်ရထားနဲ့ ဆက်စီး။ မန္တလေ
ရောက်လို့ လူစုခွဲကြတော့ ကျနော်လဲ မန္တလေးလမ်းဘေးသားဖြစ်သွားတယ်

"ဘူတာမှာ ခဏနေပြီး ၄၁ လမ်းမှာ သွားနေလိုက်တယ်။ အဲဒီမှ
ကိုကိုမောင်နဲ့ တွေ့တယ်။ သူက သူနဲ့နေ ၊ သူများတွေ အနိုင်ကျင့်မခံရအော
ဆိုပြီးပြောတယ်။ သူက ကျွေးထားတာ။ သူက ကားစပယ်ယာလဲ လိုက်တယ်
အမှိုက်လဲ ကောက်တယ်။ သူမရှိတော့ လမ်းဘေးသားတွေက ကော်ရှူမလား
ဆေးလိပ်သောက်မလား မေးတယ်။ ဘာမှ မလုပ်ချင်ဘူးဆိုတော့ မရဘူး၊ တခု
တော့ လုပ်ရမယ်ဆိုတော့ ဆေးလိပ်သောက်တတ်သွားတယ်။ စွဲသွားတယ်
အခုဖြတ်နေတာ ၁၀ ရက်လောက်တော့ရှိပြီ"

"ကိုကိုမောင်က လမ်းဘေးသားတွေကို ကြောက်တယ်ထင်တော့ မင်း စ်ခါနဲ့နေရင် ဘယ်သူမှ မကြောက်ရဘူး၊ မင်း ငါ့သိက္ခာ မချနဲ့၊ တယောက်ယောက်နဲ့ ထိုးဆိုပြီး ရွယ်တူတယောက် ရွေးပေးတယ်။ မောင်လင်းအောင်တဲ့။ သူက ကောလင်းဘက်က။ သူ့ကို သုံးရက်နေမှ နိုင်တယ်။ တရက် သုံးခါထိုးရတယ်။ သူက မနိုင်မချင်း ဘာမှ မကျွေးဘူး။ သူအပြင်သွားတုန်း တခြားကောင်တွေက နံနဲ့ဝိုးကျွေးတယ်"

"ဝါးလီဗီရှင်းရောက်တော့ ဂစ်တာသင်ပေးတယ်။ အဲဒ့ါကိုစွဲသွားတာ။ အဲဒီဆရာ ထွက်သွားတော့ သင်မယ့်သူမရှိတော့တာနဲ့ လမ်းဘေးပြန်ထွက်လာတာ။ လမ်းဘေးသားတွေက ဘာလို့ ပြန်ထွက်လာတာလဲလို့မေးတော့ ဂစ်တာမသင်ရလို့ ထွက်လာတာလို့ပြောလိုက်တယ်။ သူတို့က ဂစ်တာတီးသင်ပေးတဲ့ ကျောင်းရှိတယ်။ ရွှေဘိုမှာ ရွှေခြည်သွေ့ကျောင်းရှိတယ်။ မင်း အဲလောက်သင်ချင်ရင် လိုက်ပို့မယ်ဆိုတော့ ပို့ပေး၊ သွားမယ်လို့ပြောလိုက်တယ်၊ အဲဒါနဲ့ ကျောင်းရောက်လာတာ"

"နေစိုးအောင် မင်းကျွမ်းပလား ဂစ်တာတီးတာ"

"မကျွမ်းဘူး၊ နည်းနည်းပဲ။ လမ်းဘေးသားတွေကခေါ်ရင် မန္တလေးပြန်ပြန်လိုက်သွားမိတာ၊ ကိုသိန်းရာဇာတို့ ကိုအောင်စိုးဦးတို့ ကိုငယ်တို့က ကျွမ်းတယ်၊ ခု ကိုသိန်းရာဇာက ရန်ကုန်မှာ သွားသင်နေပြီတဲ့၊ အားကျတယ်"

"ကိုမျိုးနိုင်ရော ဒီကျောင်းကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ငါ ရောက်တာက မင်းမင်းကျော်ကြောင့်။ ရန်ကုန်ကနေ ပြန်ရောက်ပြီး လမ်းဘေးသားတွေနဲ့ ပြန်နေနေတုန်းကလေ၊ ငါ ဘူးခွံရောင်းပြီး ပြန်လာတာ။ ၉၅ လမ်းမှာ မင်းမင်းကျော်နဲ့ တွေ့တာ။ ကိုကြီး ကိုကြီးတဲ့။ ကိုကြီးကို လက်ဆောင်ပေးစရာ ရှိတယ်တဲ့။ ယူမှာလားတဲ့။ မြွေရုပ်ကြီးလေ။ လူလာ စ နေတာ။ ကိုကြီးကို ညီလေး တစ်ခုပြောမယ်တဲ့။ ကိုကြီး ညီလေးနဲ့ လိုက်မလားတဲ့။ ရွှေဘိုမှာ ရွှေခြည်သွေ့ကုန်းကြီးကျောင်း ရှိတယ်တဲ့။ ကိုယ်တော်လဲ ဝတ်လို့ရတယ်။ ကျောင်းသားလဲ

လုပ်လို့ရတယ်။ လိုက်မှာလားတဲ့။ အေးလိုက်မယ်လို့။ ဟျောင့်လို့ ဘုန်းဘုန်း
ထားပါ့မလားဆိုတော့ အေး ထားတယ်တဲ့။ အာ့ဒါဆိုလည်း လိုက်ခဲ့မယ်ဆို
လိုက်လာတာ။ ဒီမှာနေတော့ စိတ်ထဲပျော်နေတာ။ စိတ်က ဘယ်လိုပျော်
ပျော်မှန်းကို မသိဘူး။ တစ်ခေါက် အိမ်ကို ပြန်သွားသေးတယ်။ မနေနိုင်ဘ
စိတ်က ဒီပဲရောက်နေတာ။ ဒီကျောင်းကိုရောက်တော့ သူငယ်ချင်းတွေလည်း
ကိုယ်တော်လည်း ဝတ်ရ"

"ကိုယ်တော်က ဒီကျောင်းမှာ ၈ ဝတ်ဖူးတာ။ ကိုယ်တော်ဝတ်တော့ စိတ်
မှာ ပျော်နေတာ။ ၇ လ ၈ လလောက်ကြာတယ်။ ဖိုးခိုင်တို့ကောင်တွေက အတ
ချွတ်ခိုင်းတာ။ ဟျောင့် ကိုရင်ချွတ်တဲ့။ ငါတို့နဲ့ အတူတူနေမယ်ဆိုပြီး ပြောတ
ဟ မလုပ်နဲ့ဟ၊ ငါ့ကို ဘုန်းဘုန်းရိုက်လိမ့်မယ်လို့ပြောတာလေ။ အာ့တုန်း
ဘုန်းဘုန်း မရှိဘူး။ ထိုင်းဆိုလား သွားတာလေ။ ဦးဇင်းဗောဓိပြောပြီး ချွတ်လို
တာ"

"ဘီလူး၊ ကိုရင်ဝတ် နေတာနဲ့ လူလို နေတာနဲ့ ကိုယ့်စိတ်ထဲမှာ ဘာတွေ
လဲ"

"မင်းလဲ ဝတ်ဖူးတာပဲ၊ ဘာတွေ ထူးလဲဆိုတော့ စိတ်အေးချမ်းသာတယ်
ကိုယ်တော်ဝတ်တော့။ လူလိုနေတော့ စိတ်မချမ်းသာဘူး။ လူတုန်းက လူတွေ
အမြိုက်ကောက်တော့ အထင်သေးတာပေါ့။ ချစ်တီးကွင်းက လူတွေက ၂ နာ
ခွဲလောက်ကတည်းက ထကောက်တာကိုး။ ကောက်တယ်ဆိုပေမယ့် သူတို့ ပစ္စည်
ရောင်းမယ်ဆို သူတို့အိတ်ကိုကြည့်လိုက် ခိုးရာပါပစ္စည်းတွေချည်းပဲ။ ဟာ မန
ဘူး၊ ဒန်အိုး ဒန်ခွက်တွေ၊ သတ္တုတွေရော စုံနေတာပဲ။ ကိုယ်က မိုးလင်းမှ ကော
တာဆိုတော့ ကိုယ့်ကျ သူခိုးမျက်လုံးနဲ့ ကြည့်တယ်။ တစ်ချို့ကဆို ဟဲ့ကောင်လေ
လာစမ်း နင်တို့အိတ်ပြစမ်းတဲ့။ ကိုယ်ကလည်း ပြလိုက်တယ်။ ရော့လေ ကျွန်တော
အိတ်ကြည့်၊ ဘာရှိလို့လဲ။ မဟုတ်ပါဘူးတဲ့။ ဂျူဝီနိုင်းပုံး နှစ်ပုံးပါသွားလို့
ဒေါ်လေး အာ့လိုမျိုးတော့ ကျွန်တော့်မှာ စိတ်မရှိဘူး။ လိုချင်တာဆိုရင်တော
တောင်းမှာလို့"

"အာ့လိုမျိုးတွေက ခဏခဏကြုံရတယ်။ အာ့လို မေးခံရ ကြည့်ခံရရင် ဆိုးတာ။ သူများတွေက လုပ်သွားပြီးတော့ ကိုယ့်ကို မသက်ာတဲ့မျက်လုံးတွေနဲ့ ကြည့်တော့ စိတ်ဆိုးတာပေါ့။ အာ့လို ကြည့်ပြီဆိုရင် ကြည့်တာနဲ့ သိတယ်၊ စိတ်ထဲ ခု သွားတာ"

"ခပ်ပြုံးပြုံးနဲ့ ကြည့်လိုက်ရင်တော့ ရိုးရိုးသားသားပဲ။ မျက်စောင်းထိုးပြီး ကြည့်နေရင်တော့ မသက်ာ မျက်လုံး။ သူ့အိမ်ရှေ့ ဘူးခွက်တောင် းမကောက်နဲ့၊ သေဖို့သာ ပြင်ထား"

"အဲလိုဆိုရင် ဝင်းကိုဆို တအားဆဲတာ။ သူက တောင်းရင် မျက်နှာလေး ပြုံးပြုံးလေးနဲ့၊ မပေးတော့ဘူးဆို လှည့်သွားတာနဲ့ ဆဲပြီ။ တခါ ကြားသွားလို့ သူ့ကို လိုက်ထိုးတာလေ၊ အာ့ကောင် လစ်တာ မှုန်နေတာပဲ"

"တောင်းတဲ့အခါကျ မျက်လုံးတွေက တစ်ချို့က လူကို ကြည့်လိုက်တယ်။ နားတဲ့သူကကြတော့ ထည့်တယ်။ တစ်ချို့ကျ ကြည့်လိုက်တယ်။ ခြေသန်လက်သန်ကြီးနဲ့ကွာ၊ ဘာလို့ လိုက်တောင်းနေတာလဲတဲ့။ သွား၊ မပေးနိုင်ဘူး ကဲာ အာ့လို ပြောကြတယ်။ ပေးမယ့် မျက်လုံးတွေကတော့ ခပ်ပြုံးပြုံးပဲ။ ကိုယ်က ကန်တော့ရင်ကို မကန်တော့ပါနဲ့ဗျာတဲ့။ ကျနော် ပေးပါ့မယ်တဲ့။ အာ့လို ပြောတာ"

"ကိုဘီလူး ငါ မတောင်းတော့ဘူး။ အလုပ်လုပ်တော့မယ်လို့ရော ဖြစ်လား"

"ဖြစ်တယ်"

"ဘာလို့ မလုပ်ဖြစ်တာလဲ"

"အလုပ်က လိုက် မစပ်တတ်ဘူးဖြစ်နေတာ။ အခုတော့ စျေးမှာ အလုပ် လုပ်နေတာ။ တို့က မနက် ၂ နာရီခွဲလောက်ဆို စျေးခင်းပေးရတာ။ သူတို့က ၅ နာရီလောက် လာ၊ ရောင်းရုံပဲ။ နောက်ပြီးကျရင် ပြန်သိမ်း။ စျေးထဲ တစ်ဆင့် ပြန်သွင်း။ စျေးထဲကို ၂ နာရီလောက်ကျ ထသွား။ မနက်ရောင်းမယ့်ဟာကို ပြင်းထဲထည့်။ လှည်းပေါ် တင်။ မိုးကာအုပ်။ ကြိုးတုပ်။ အာ့မှာ ထားတာ။ အာ့မှာ အိပ်ရတာ။ ဂေါ်ဖီထုပ်ရယ်။ ပန်းမုံလာ၊ ခါကျက်ဥ။ အာလူး။ တစ်ရက်ကို ၅၅၀၊ ၄၀၀၀ ရတယ်။ အသိမ်းနဲ့ အခင်းပဲလေ ငါတို့ လုပ်ရတာက"

"အော့လို လုပ်ရင်းနဲ့ ဘာလို့ တောင်းတာလဲ"

"ညပိုင်းမှပါ။ ညခင်းပိုင်းကျ စိတ်မထင်ရင် ထွက်တောင်းတာ။ ပိုက်ဆံ
ရှိတယ်။ စိတ်တွေညစ်ရင် ထွက်တောင်းတာ။ ငါ့ကို ပြောမယ့် ဆိုမယ့်သူလည်
မရှိဘူးကွာ။ စကားပြောမယ့်သူ မရှိဘူး။ ငေါက်မယ့်သူလည်း မရှိဘူး။ အော့တော
ပြောမယ့်သူက တောင်းရင်တော့ ပေါ်လာပါလေရော။ ခင်များဗျာတဲ့ လာပြန်
လား။ ခြေသန်လက်သန်ကြီးနဲ့ကိုတဲ့။ ဘာဖြစ်တုန်း ကိုယ့်ဘာသာ ပိုက်ဆံမရှိ
တောင်းတာဆိုပြီး ပြန်ပြောတာ။ ပြန်ပြောတော့ ကိုယ့်ကို တွယ်မယ်ထင်
လစ်ပြီ။ အဲလောက်ဆို နေသာထိုင်သာ ရှိသွားပြီနော်လ။ အိပ်လို့ ရပြီ။ တစ်ခါတ
တော့ ပျင်းလို့ လိုက်တောင်းတာ"

"ဘီလူး၊ မင်း အရက်ဆိုင်သွားရင် စကားပြောဖော် ရှိတယ်မို့လား"

"ရှိတယ်လေ။ ဒါပေမဲ့ အရက်ဆိုင်တွေက အကုန်ပိတ်ထားတာလေ
ရောင်းခွင့် မရှိတော့ဘူး။ ၂၀၁၉ မှာ ဘာဖြစ်တယ်ဆိုလည်း မသိဘူး၊ လိုင်စ
မရှိတဲ့ဆိုင်တွေကို ဖမ်းတာ။ အရက်လိုင်စင် မရှိတဲ့ဟာတွေ ဖမ်းတာ။ မိတာ
၄-၅ ဆိုင်လောက် ရှိတယ်။ ခု ဝန်တော်အိမ်ထဲက ဆိုင်တွေက မရောင်းရဘူ
ပိတ်ထားတာ။ စိတ်ညစ်လို့ရယ်၊ စကားပြောဖော် မရှိတာနဲ့ လိုက်တောင်းတာ
စမဲ့ နောက်မဲ့သူ မရှိတာနဲ့။ ရန်လုပ်တဲ့ဝိုင်းက စားတဲ့သောက်တဲ့တွေသူရှိ
ပြန်ပြောပြီး ထွက်ပြေးတာ။ တစ်ခါတစ်ခါ ရူးကြောင်မူးကြောင်နဲ့လည်း လို
တောင်းတယ်။ မပေးတဲ့သူလဲ ဘာမှ မဖြစ်ဘူး။ ရှိခိုးကန်တော့ပြီး ပြန်တာ။
တခြားဝိုင်း လှည့်ပတ်တောင်းတာ။ တောင်းတဲ့ဝိုင်းက ရန်လုပ်ရင် ခင်များမ
ချင်ဘူးဆိုလည်း ကန်တော့ဆွမ်းလို့ ပြောလိုက်ဗျာလို့။ လူကို လာပြီးတော့ ငေါ
နေတာလို့ ပြောပြီး၊ ဟိုလူက ထလာရင်တော့ ထွက်ပြေးတာ။ ပျော်စရာကြီ

"ကိုဘီလူးရာ ပျော်စရာတော့ မကောင်းပါဘူး။ ကျွန်တော်တော့ တောင်
တာ စိတ်ညစ်တယ်"

"ပျော်ပျော်နေစမ်းပါ ဆန်းလွင်ထူးရာ၊ မင်းက ဘာစိတ်ညစ်တာ
မင်းက ဘာတွေ လုပ်နေရလို့လဲ"

"ကောက်တာနဲ့ တောင်းတာပဲလေ၊ ဒါပဲ လုပ်စရာရှိတာ"

"မင်း ဘယ်မှာ နေနေတာလဲ"

"ကျနော်က တက္ကသိုလ်နားက အမှိုက်ကန်မှာပဲ နေတာပါဗျာ"

"အဲဒီက ပျော်စရာကောင်းပါတယ်ကွာ၊ မင်းတို့ ဘာလုပ်နေလဲ"

"မနက်ကျရင် ဘူးခွံကောက်တယ်။ ဆေးရုံကြီး၊ ညစျေးတန်း၊ ဗထူးကွင်း တက်တွေ ပတ်ကောက်တယ်။ ငါးထောင်ထိလဲ ရတယ်။ မနက် ၃ နာရီကနေ ၆ နာရီလောက်ထိကောက်ပြီး ပြန်အိပ်ပေါ့။ နိုးရင် အကောက်ချိန်ပြီးတော့ ကောက်ဝယ်ရှူတယ်။ ၂ ထောင်ဖိုးလောက်ဆို တနေကုန်ရှူရောပဲ။ ထမင်းငါးရာဖိုး ဝယ်စားတယ်။ ညကျရင် တက္ကသိုလ်ဘက်သွားပြီး ပိုက်ဆံတောင်း။ သုံးထောင် လေးထောင်ရတဲ့အခါ ရတယ်။ ပြီးရင် မာလာဟင်းတောင်း။ ထမင်းဆိုင်မှာ ထမင်းတောင်း စားတယ်။ ညပိုင်း ပိုက်ဆံကောင်းကောင်း တောင်းရတဲ့ရက်ဆိုရင် မနက်မှာ ကော်ရှူနေလိုက်တော့တယ်။ မကောက်တော့ဘူး။ တခါတလေတော့လဲ ပလပ်စတစ်ခြင်းတွေ ခုံတွေ ခိုးတယ်။ ဆိုင်တွေက မိုးကာအုပ်ပြီး ဒီတိုင်းထားခဲ့ တာဆိုတော့ ခိုးရတာ လွယ်တယ်"

"နေအုံး၊ မင်းက ဘယ်ကတုန်း"

"ကျွန်တော်က ယင်းမာပင်နယ် ညောင်ကိုင်းရွာက။ ပထွေးနဲ့မတည့်လို့ ပြေးလာတာ။ ငယ်ငယ်က နှိပ်စက်တယ်။ တီဗီသွားကြည့်တာ ပြန်လာရင်ရိုက်တယ်။ အရက်မူးရင် မနက်ခင်းကထဲက ရိုက်တယ်။ နဲနဲကြီးလာတော့ ပြန်ရိုက်တယ်။ ငယ်ငယ်က အနိုင်ကျင့်ထားလို့ ပြန်ရိုက်တာ။ အမေ့ကိုလဲ ပြန်ဆဲတယ်။ သူ့ယောကျ်ားဘက်ကပါလို့"

"အိမ်က ထွက်လာပြီး မုံရွာရောက်တော့ လမ်းဘေးသားတွေနဲ့တွေ့ပြီး လမ်းဘေးမှာပဲ နေတယ်။ နောက်တော့ သူတို့နဲ့ မန်းလေးရောက်သွားတယ်။ ပြန်ရောက်တယ်၊ တခေါက်။ အမေက ဘာလို့ပြန်လာပြန်တာလဲလို့မေးတော့ ဦးလေး ညီမလေးတွေ တွေ့ချင်လို့ ပြန်လာတာလို့ ပြောလိုက်တယ်။ ၂ ရက် နေလောက်နေပြီး ပြန်လာတယ်၊ မနေချင်ဘူး"

"လမ်းဘေးမှာနေတာဗျာ ရဲလာရင် ပြေးရတယ်။ ပိုက်ဆံမရှိရင် မျက်နှ
ယ်ရတယ်။ ဒူးထောက်တောင်းရတယ်။ တခါတလေပဲ အကောက်ထွက်တော
တယ်။ ပျင်းလို့ တောင်းတာပဲ ပိုလုပ်တယ်"

"မှတ်ပုံတင်ရရင် အလုပ်လုပ်မယ်။ ဘီယာဆိုင် လက်ဖက်ရည်ဆိုင် လု
မယ်။ မရရင် ဖားကန့်လိုက်သွားမယ်။ အမျိုးတွေရှိတယ်လို့ အမက ပြော
တယ်။ ဖားကန့် ဘယ်နားမှာရှိလဲလို့ မေးသွားမယ်။ တောင်းရတာ စိတ်ညစ်တယ်
ဝမ်းနည်းတယ်။ တခါတလေကျရင်တော့ ပျော်တယ်။ ဒါပေမဲ့ ဒီလို မနေချင်တော
ဘူး"

"အင်း ဟုတ်တယ်၊ ကျနော်လဲ အိမ်မပြန်ချင်ပေမယ့် ဒီလို မနေချင်
တော့ဘူး"

"ငါလဲ ဘဲပြန်ကျောင်းရမလား၊ စဉ်းစားနေတာ။ ရွှေဘိုနေရင် တောင်းဖြ
နေအုံးမယ်"

"ဟာ မင်း ဘယ်တုန်းက ဘဲကျောင်းလိုက်တာလဲ၊ ဘီလူးရ"

"၁ လ ကျော်တောင် မရှိသေးဘူး။ ဒီမြို့ထောင့်စေတီမှာ တွေ့တာ
ပွဲလာတဲ့သူတွေ။ အာ့ဘိုးတော်က ဘဲကျောင်းရတာ။ သူ့မိန်းမနာမည်က မိ
တဲ့။ ယောကျ်ားကြီးက ဦးစိုးကြီးတဲ့။ သာဂရမှာ ဘဲကျောင်းတာ။ ငါ့ကို ခေါ် သွ
တာ။ သူ့မိန်းမက ကောက်လည်း ကောက်တယ်။ တောင်းလည်း တောင်းတယ်
အာ့မှာက တစ်လ ၁၅၀၀၀ ရတယ်"

"ဘဲကျောင်းတာ ဘာတွေလုပ်ရလဲ"

"လယ်ကွင်းထဲ ပစ်ထားရုံပဲ။ ဘဲခြံထဲက ဥတွေ လိုက်ကောက်ရတာ၊ ဘဲ
ထွက်သွားတော့ ကောက်ပြီး ကဒ်ထဲထည့်။ နေ့လယ် ၁၂ ဆိုရင် ဘဲကျောင်
အတွင်းထဲ ပြန်ထည့်။ အထဲမှာ ရေကန်ကြီး ရှိတယ်လေ။ စကားပေါက်နဲ့၊
ထွက်မပြေးအောင် ချောင်းနဲ့ ကပ်ကပ်လေး လုပ်ပေးတာ။ သွင်းပီဆို ဘဲတွေ
သူတို့ဘာသာ အာ့ထဲမှာပဲ နေတာ။ ငါရယ် လင်မယားနှစ်ယောက်ရယ်
၃ ယောက်ပဲ ရှိတာ။ ခေါက်တီဗီလေး ရှိတယ်။ ဆိုလာပြားနဲ့ ကြည့်တာ"

"ဘယ်လောက်လောက်ကြာကြာ ကြည့်လို့ရလဲ"

"ဘက်ထရီအိုးက ကြီးတယ်။ ကား ဘတ်ထရီဆိုရင် ၂ ရက်လောက် ကြည့်ရတယ်"

"ဘဲစာက ဘာတွေ ကျွေးတာလဲ"

"မနည်းဘူးဘဲ။ ဖွဲနုတို့ အများကြီးပဲ။ ပြောင်းဖူးကြိတ်တာတွေရောပါတယ်။ ဘဲတွေက နေ့တိုင်း ဥတယ်။ တစ်ရက်ကို ဥ ၇၀ ကျော် ၈၀ ရတယ်။ ဥတဲ့ကောင်က ဥ တယ်။ မဥတဲ့ကောင်က မဥဘူး။ ထမင်းလည်း ကျွေးတယ်။ အရက်လည်း တိုက်တယ်။ ၅၀၀ ဖိုးပဲ သောက်တာပါ။ ရေသန့်ဘူးနဲ့ တစ်ဘူးရတာ။ ဘိုးတော်က ရှစ်ဘဲကြီး။ သူက လေးဘူးလောက်သောက်တယ်။ မနက်ခင်း မိုးလင်း အရက်နဲ့ မျက်နှာသစ်တာ။ ပြီးရင် ဘဲတွေကို လွှတ်။ ဘဲဥ လိုက်ကောက်။ ဘဲစာကျွေး။ မနဲ့လယ် ၁၂ ကျ ပြန်သွင်း။ ပြီးရင် ၁ နာရီလောက် နား အိပ်။ ၂ မတ်တင်း ကျရင် ဘဲပြန်ကျောင်း။ ကျောင်းတာကတော့ သိပ်မလိုပါဘူး။ ဒီအတိုင်းပဲ လွှတ်ထားလိုက်တာ။ ပုလွေမှုတ်ရင်း ထိုင်ကြည့်နေရုံပဲ။ သူ့ဘာသာသူ လယ်ကန်သင်းထဲ အစာရှာနေကြတာ"

"မင်းက ပုလွေ မှုတ်တတ်လား"

"မှုတ်တတ်တယ်။ ကျောင်းမှာ စာသင်ရင်းနဲ့ သင်တာ။ မြင်းခြံ အလက (၁) မှာ တက်ကတည်းက တတ်တာ။ ဘင်ခရာသင်တန်းရှိတယ်လေ။ ပုလွေ မှုတ်ရင်း ဘဲကျောင်း။ အရက်ကလေးသောက်လိုက် ဘဲကလေး ကျောင်းလိုက်ပေါ့။ သူကတော့ မနက်ကတည်းက သောက်တာပဲ။ အိပ်ရာထရင် တစ်ဘူးကုန်ပြီ။ ရေလေး နှစ်ခွက် သုံးခွက် သောက်ပြီး မော့ချတာပဲ။ ငါက အာ့အချိန် နိုးပြီ။ အာ့ဆို မီးဖိုချောင်ထဲက အမြည်းသွားယူခိုင်းတာ။ သွားယူပေးပြီးရင် အရက်တစ်ဘူးကို ဂွတ် ဂွတ်ဆိုပြီး ချတာ တစ်ဘူးလုံးပြောင်ပဲ။ ပြီးမှ အမြည်းစားတာ။ မနက်တစ်ဘူးသောက်ပြီး မိနစ် ၂၀ လောက်ပဲခြားတာ။ တစ်ဘူးနဲ့ တစ်ဘူးက။ သောက်ပြီးရင် ဘဲကျောင်း။ ဘဲစာကျွေး။ ပြီးရင် ဝင်နားပြီး ရေခပ်ခိုင်းတာ။ ရေခပ်လို့မှ မပြီးသေးဘူး။ ဘူးတစ်ဝက်က ကျိုးနေပြီ။ ညကျရင် ရေသန့်ဘူးနဲ့

တစ်ဝက်က ဝယ်ပေးရသေး။ အရက်ဖိုးက ၄၅၀၀ ရှိတယ်။ ငါက တစ်ယောဂ
တည်း တစ်ဘူး။ အားလုံးပေါင်း ၅၅၀၀။ သူ့မိန်းမက ဆေးလိပ်သောက်တယ်

"အဲ့နားက ဘဲကျောင်းသူတွေ ရှိသေးတယ်။ ဘဲကျောင်းတဲ့သူတွေက
တစ်ဖွဲ့တည်းမှ မဟုတ်တာ။ ဘွားတော်က လက်ဖက်ရည်ဖိုးနဲ့ မွဲတာ။ တစ်ရက်
၇ ထောင်လောက် ရှိတယ်။ မနက် အိပ်ရာနိုးပါဗိုဆိုကတည်းက သောက်တာပဲ
ထမင်းကိုက လက်ဖက်ရည်နဲ့သောက်စားတာ။ ထမင်းကို ဟင်းနဲ့မစားဘူး
ထမင်းနဲ့ လက်ဖက်ရည်နဲ့ နယ်ပြီး စားတာ။ တစ်ရက်ကို အခါ ၂၀ လောက
ဝယ်ရတာ။ ရင်ကျပ်သေပါစေလို့ ဆုတောင်းနေတာ။ သေလည်း မသေနိုင်ဘူး
ပထမ ဘိုးတော်က သူ့ကိုရွဲ့ပြီးတော့မှ သောက်တာတဲ့။ အရက်ဖိုးထက်
မွဲတယ်"

"ဘဲကျောင်းတဲ့ ပိုက်ဆံက ကျန်သေးလား။ လောက်ရော လောက်
လား"

"ဘဲကျောင်းတဲ့ပိုက်ဆံက တစ်နေ့ချင်းပေးတာ မဟုတ်ဘူး။ တစ်လ တစ်
ပေးတာ။ စားစရိတ် သောက်စရိတ်က အပြီးအစီး ပေးပြီးသားလေ။ ဆန်ဆီဆား
အကုန်ပေါ့။ ဟင်းကတော့ ကိုယ့်ဘာသာ ဝယ်ချက်စားပေါ့။ ပိုင်ရှင်က တစ်လ
၁သောင်းခွဲပဲ။ အရက်က ပုံးနဲ့ ထောင်ပေးထားတာ။ ဂါလံပုံးနဲ့ ထောင်ထ
ပေးတာ။ ဝယ်စရာ မလိုဘူး။ ဘဲကျောင်းတဲ့ဆီ ပြန်သွားမှာ။ အခု ဒီမှာ ပျော်တော
ပျော်တယ်။ ဒီကို သတိရလို့ ပြန်လာတာ။ အားလုံးလဲ ဆုံရအောင်ဆိုလို့ ပြန်သွ
ဦးမှာ။ ဘဲကျောင်းရတာ ပျော်စရာ ကောင်းတယ်။ တောရွာလေးထဲမှာ ကျောင်း
တာ။ ဘဲကျောင်းရင်းနဲ့ စဉ်းစားတယ်။ ဘဲလေး ကျောင်းလိုက်၊ ပုလွေလေ
မှုတ်လိုက်။ သစ်ပင်လေး မှီပြီး ငါ ဒီထက်တိုးပွားအောင် ဘယ်လိုလုပ်ရမ
စဉ်းစားနေတာ။ ထီထိုးရင် ကောင်းမလား။ အိမ်ပြန်ပြီး တောင်သူပြန်လုပ်ရ
ကောင်းမလား။ ဒါမှမဟုတ် အလုပ်တစ်ခု လိုက်စပ်ပြီး လုပ်ရရင် ကောင်းမလ
ပေါ့။ ဒါပေမယ့်လေ ငါ့ မှတ်ပုံတင်က မရှိဘူးဟလို့၊ လုပ်လို့ မရဘူး"

"ပြန်ကွာ ဘီလူး၊ ငါလဲ ပြန်မှာ၊ အိမ်ပြန်ပြီး အဲ့မှာရှိတာ လုပ်စားတာ
ကောင်းတယ်"

"အိမ်မပြန်ချင်တဲ့သူရယ်လို့ မရှိလောက်ပါဘူးကွာ၊ ဘယ်သူမဆို ကိုယ့်မိသားစုနဲ့ပဲ နေချင်တာပဲ"

"ရာဇာဖြိုး၊ မင်းက ဘယ်ပြန်မှာတုန်း။ မင်းအကြောင်းပြောပြ၊ လမ်းဘေးသားတွေထဲမှာ ရာဇာဖြိုးက ဆရာကြီး၊ ခု စာရေးဆရာဖြစ်နေပြီ"
"မဖြစ်သေးပါဘူးကွာ၊ ကြိုးစားတုန်းပါ"
"တလောက၊ စာမူခရတာတဲ့၊ ဒို့ကို အရက်လိုက်တိုက်သေးတယ်"
"ဘယ်သူက ပေးတာလဲ"
"ဘုန်းကြီးက ပေးတာပေါ့၊ ကျောင်းက ဟို လူငယ့်အား စာအုပ်ထဲမှာ ရေးတာလေ"
"မရေးတတ်လဲ ရတယ်ဟ၊ စာမူခက"
"မရေးဘဲနဲ့ ဘယ်လိုလုပ် ရတာလဲ"
"ပြောပြတာလေ၊ ဘုန်းကြီးမေးရင် ပြောပြတာ၊ သူဇာလွင်တောင် ရတယ်လေ၊ သူ မရေးတတ်ဘူး"
"မသာလေး။ ငါက စာအုပ်ထဲမှာ ငါ့ဓာတ်ပုံပါလို့ ရတာ၊ ဓာတ်ပုံသင်တန်းတုန်းက ငါရိုက်တဲ့ပုံ ပါလို့ရတာ"
"ကိုရာဇာဖြိုးက ဘာဇာတ်လမ်းတွေ ရေးတာလဲ"
"အစုံပဲ၊ ဘဝရော အချစ်ရော အကြမ်းရော"
"သေနတ်ပစ်ခန်းတွေရောပါတယ်၊ ချတဲ့အခန်းတွေရော၊ စွန့်စားခန်းတွေရော၊ ငါတော့ ကြိုက်တယ်"
"စွန့်စားခန်းကတော့ ငါတို့လဲ ရှိပါတယ်၊ မင်းမင်းကျော် ငါပြောပြလိုက်ရမလား၊ ပြောပေါ့၊ မင်းပြောချင်"

"သားနာမည် အသေးလေးပါဟယ်။ စိတ်ညစ်လို့ ပြဿနာတက်လို့ လမ်းဘေးထွက်ခဲ့ပါတယ်။ အဖေက နောက်မိန်းမ ယူလိုက်တယ်။ အငယ်ကောင်

လေးကိုပဲ ပိုချစ်တော့ အိမ်မှာ အဆင်မပြေဘူးပေါ့ကွယ်။ မိထွေးမှာလဲ ကလေး
ပါလာသေးတယ်။ ဒါနဲ့ ရွာက ထွက်ခဲ့ပါတယ်"

"ဟော့ကောင် ကောင်းကောင်းပြော၊ စွန့်စားခန်းဆိုပြီး အခြောက်သံ
မပြောနဲ့"

"မြို့ဟောင်းလဲ ရောက်ရော ပထမဆုံးတွေ့တာက မင်းမင်းကျော်ပါဗျာ
သူက ခြေထောက်မှာ ရထားညှပ်လို့တဲ့ဗျာ၊ ပတ်တီးစည်းနေတာဗျာ။ အဲ
စကားပြောရင်း အတူတူကောက်၊ အတူတူစားပြီး ညီအစ်ကိုလို နေမယ်ဆိုတာ
ဗျာ၊ သူနဲ့ နေလိုက်တယ်ဗျာ"

"ဟား အမူအရာရော အသံရော ဝင်းဦးနဲ့ တူတယ်ဟေ့"

"ရထား ကြိုတယ်ဗျာ၊ ရေဘူးကောက်တယ်ဗျာ။ ထမင်းကတော့ ရထ
ပေါ် ကျန်နေတဲ့ ဘူးကျန်တွေကို စားတယ်ဗျာ။ ရတဲ့ပိုက်ဆံ ပထမ လက်ဖက်ရ
သောက်၊ နောက် ကော်ရှူတယ်ဗျာ။ ရထားကြိုတာကတော့ တစ်ခါ တစ်
မြို့ဟောင်းမှာပေါ့ဗျာ။ တစ်ခါ တစ်ခါ ရွှေဘိုမှာ သွားကြိုတယ်ဗျာ။ ရထား
တယ်ဆိုတာ မန္တလေးကို မြစ်ကြီးနားက လာတယ်ဆိုရင် အဲဒါကို ဒီကရထ
တစ်စင်းနဲ့ လိုက်သွားပြီး မြို့ဟောင်းကစောင့်၊ ရထားပေါ် တက်ပြီး ဘူးခွဲကော
တာကို ပြောတာပါဗျာ။ ရထားပေါ်မှာ ထားခဲ့တဲ့ ရေဘူးခွံ၊ ဖျော်ရည်ဘူး
ဘီယာဘူးခွံတွေပေါ့ဗျာ။ ရထား အဆင်း အတက်ကတော့ နှေးနှေးသွား
ရထားတွေ၊ ရှန်တိန်လုပ်တဲ့ရထားတွေကို တက်ကြည့် ဆင်းကြည့်တယ်ဗျ
စက်ခေါင်းတွဲတွေနဲ့ လိုက်ကျင့်တယ်ဗျာ။ အဲဒီကနေ ရလာရင် ရိုးရိုးရထ
နောက် အမြန်ကို စမ်းတက်ကြည့်တယ်ဗျာ။ အမြန်ကို တက်နိုင်ရင်တော့ ရထ
ကြိုလို့ ရပြီပေါ့ဗျာ"

"ဟော့ကောင် မင်း ဝင်းဦးသံကြီးရပ်တော့"

"အေးပါ ငါ ကောင်းကောင်းပြောပါ့မယ်၊ တစ်ခါတုန်းကပေါ့ဗျာ၊ သားရ
မင်းမင်းကျော်ရယ်၊ လလပြည့်ရယ်၊ မောင်မြင့်အောင်ရယ် မန္တလာနဲ့ လိုက်လ
တယ်။ ခေါင်မိုးပေါ်မှာ၊ ကော်ရှူရင်းပေါ့။ တွဲထဲက အိပ်နေတဲ့ မိန်းမကြီး

ကိတ်ကို ယူလာကြတယ်။ ပိုက်ဆံက ၂၅၀ ထဲရယ်။ ဆေးတွေ၊ ကွန်ဒုံးတွေရယ်၊ မုတ်ပုံတင်ရယ်ပဲ ပါလာတယ်။ အဲဒါတွေကို မှုတ်ဆော့ရင်း လိုက်လာကြတာ။ သား ပူစီပေါင်းက နောက်ကိုရောက်သွားလို့ လှည့်ကြည့်လိုက်တဲ့အချိန်မှာ နောက်တဲ့ ခေါင်မိုးပေါ်က ကလေး ပြုတ်ကျပြီး တွဲလောင်းဖြစ်နေတာကို သားက မြင်လိုက်တယ်။ ဟော့ကောင်တွေ ဟိုမှာ ကလေး တွဲလန်းကြီးဖြစ်နေပြီ ဆွဲတင်ရအောင်၊ တော်ကြာနေ ပြုတ်ကျသေနေအုံးမယ်လို့ ပြောလိုက်တော့ မင်းမင်းကျော်က နှင်းတွေနဲ့ ငါတို့ပါ ပြုတ်ကျလိမ့်မယ်လို့ ပြောတယ်။ မောင်မြင့်အောင်က ဓါးပုဆိုးကို ဖြဲပြီးတော့ ချည်ပြီးဆွဲတင်ရင် ရမှာလို့ပြောပြီး ပုဆိုးကို ထက်ပိုင်းဖြဲပစ်လိုက်တယ်။ သားကငယ်တော့ သားခါးကို ချည်တယ်။ သားက အပေါ်ရောက်ကဲ့ပိုက်ခေါင်းကို ကိုင်ထားတယ်”

“ဟုတ်တယ်၊ အဲဒီတုန်းက မောင်မြင့်အောင်က ရထားတွဲနှစ်တွဲကြားဆင်းပြီး နံရံကို ခြေကန်ပြီးတော့ နောက်ကျောကနေ ဝင်ထိန်းပေးတယ်၊ ရထားက တအားရမ်းနေတာ။ လလပြည့်က အောက်တွဲထဲကို ပြန်ဆင်းပြီး တံခါးပေါက်ကနေဝင်ပြီး ပင့်မပေးထားတယ်။ ငါက သံချိပ်ကိုကိုင်ရင်း ပုဆိုးစကို ဂွင်းလျှောလိုက်ပြီး ‘ငါ့ညီ ဘာမှမကြောက်နဲ့ စိတ်ထိန်းထား၊ မင်းကို နောက်က ထိန်းပေးထားတယ်။ လက်နှစ်ဘက်လုံးကိုလွှတ်ပြီး လက်လေးကို ဂွင်းထဲ ထိုးထည့်လိုက်လို့ပြောတော့’ ကလေးက တအားကြောက်နေတာကိုး။ တော်တော်ချော့ပြောရတာ ချည်လို့ရတော့ အသေးလေးက ငါ့ခါးက မရတော့ဘူး။ နာနေပြီ။ လက်ကလဲ ညောင်းနေပြီဆိုတော့ သူ့ချည်ထားတဲ့ ပုဆိုးကို ပြန်ဖြုတ်တယ်။ ကလေးကို ဆွဲတင်ဖို့ မောင်မြင့်အောင်က နေရာလဲပြီး သူက သံချိပ်မှာ ခါးကဖြုတ်ထားတဲ့ အစကို ချည်လိုက်တယ်။ ကလေးက အောက်ပြုတ်မကျနိုင်တော့ဘူး။ မောင်မြင့်အောင်က အပေါ်ပေါ်က ရေကန်ထဲမှာ နိုင်လွန်ကြီးကိုတွေ့တော့ သူ့ခြေထောက်နှစ်ဘက်လုံးကိုချည်ပြီး ပက်လက်အိပ်လိုက်တယ်။ ကလေးကို နောက်ပြန် ပက်လက်ဆွဲတင်တာ။ ငါက ရထားနှစ်တွဲကြားဝင်၊ ခြေကန်ရပ်ပြီး ကလေးကိုထိန်းရင်း မပေးတယ်။ လလပြည့်က ခြေထောက်ကို အတက်က သံကိုင်းကြားထဲ ကန့်လန့်ထည့်ပြီး

မတ်တတ်ရပ်ရင်း ကလေးကို မောင်မြင့်အောင် ဗိုက်ပေါ်ရောက်အောင် ဆွဲတ
တွန်းပေးတယ်။ ရထားက တော်တော်မြန်တယ်။ နှင်းတွေကလဲ ချောနေတယ်
အသေးလေးက ရွှေဘိုဘူတာရောက်တော့ ကလေးကို ချပေးပြီး သူ့ဒဏ်ရာ
သွေးတွေကို ရေဆေးပေးတယ်။ မျက်ခုံးအထက်မှာ အကွဲတကွဲ ဗိုက်က ခြစ်
ကြီးက ရင်ဘက်ကနေ ချက်ထိ၊ ကံကောင်းလို့ ဗိုက်ပေါက်မသွားတာ။ အကျီ
ဖောက်ပြီး ချိတ်နေတာ။ တံတောင်တွေ ဒူးတွေ ကျောတွေ ခြစ်ရာတွေချည်း
မသိရင် ဓားနဲ့လျှောက်ခြစ်ထားတယ် ထင်နေမှာ။ လမ်းမှာ ဆူးကိုင်းတွေနဲ့ရိုက်
ခြစ်မိ ဆူးတွေကလဲ တစ်ကိုယ်လုံးမြုပ်လို့။ အဲဒါ ခိုးထားတဲ့ အိပ်ထဲမှာ ဆေး
တွေက အများကြီးပဲ။ မှတ်ပုံတင်လဲပါတယ်။ ဒေါက်တာ ဘယ်သူဆိုလ
မမှတ်မိတော့ဘူး။ အဲဒီဆေးတွေထဲက တကဒ်ကို နှစ်လုံး သုံးလုံးထုတ်ပြီးတ
ကြွပ်ကြွပ်အိပ်ထဲထည့် ဒုတ်နဲ့ထုချေပြီး ဒဏ်ရာတွေကို လိုက်သိပ်ပေးတယ်
ပြီးတော့ သူ့ကို ဘူတာထဲထားခဲ့ပြီး ငါတို့က စေတီတော်ဘက် သွားကြတ
ဒါပဲ"

"ဟေ့ကောင် နံရိုးကျိုး၊ မင်း စူပါမင်းလုပ်တဲ့ဟာ ပြောပြ"

"ဟုတ်တယ်ဟေ့၊ ဒီကောင်ကမှ တကယ်စွန့်စားတာ၊ အဲ့တုန်းက ငါတို့
ပြာတောက်သွားတာပဲ"

"သူ့ကို နံရိုးကျိုးလို့ အဲဒီကထဲက ခေါ်ကြတော့တာ"

"နံရိုးက ဘာလို့ ကျိုးတာလဲဆိုတော့ သူငယ်ချင်းတွေနဲ့ ရထားခေါင်မိုး
အတူထိုင်လိုက်သွားကြတာ။ ဆယ်ယောက်လောက်ရှိတယ်။ မြို့ဟောင်းဘူတ
သွားကြတာ။ အမြန်ရထားပေါ်မှာ သူငယ်ချင်းတွေထဲမှာ ကန်တော့ပါသေးဖက်
ဆိုတဲ့ ကောင်ပါတယ်။ လမ်းဘေးသားတွေက ပိုက်ဆံတောင်းရင် သူက ဘေး
နေ ကန်တော့ပါသေးလို့ လိုက်စတာ။ ဒါကြောင့် သူ့ကို ကန်တော့ပါသေးဖက်
လို့ ခေါ်တာ။ အဲဒီကောင်က နေလင်းထက်၊ မင်း ငါပြောတဲ့အတိုင်း ရထား
က ခုန်ချရင် မင်းဖြစ်ချင်တဲ့ စူပါမင်း ဖြစ်တယ်ဆိုတာနဲ့ ပုဆိုးကို စူပါမင်းပုံ

လည်ပင်းမှာချည်ပြီး ခုန်ချလိုက်တာ၊ ခုန်ချလိုက်တော့ ကာထားတဲ့ သံတိုင်တွေနဲ့ တိုက်ပြီးတော့ ပြန်ကန်လာပြီး သံလမ်းအစွန်းဘေးရောက်သွားတာ။ ရထားသွားနေတာ သိတော့ ဝပ်နေတယ်။ ဝပ်နေရင်းနဲ့ မျက်လုံးတွေ မှုန်ဝါးလာပြီး ရထားကိုလဲ မြင်ရသလို မမြင်ရသလိုဖြစ်ပြီး လွတ်ပြီထင်ပြီး ထလိုက်တော့ ဂတ်ပိုလ်တွဲက လေအိုးရဲ့အစွန်ဆုံးမှာ လည်နေတဲ့ စပရိန်အုံကြီးက နံချောင်ကို ဖိသွားတာ။ တခါတည်း မေ့ပြီး ဆေးရုံရောက်သွားရော။ သူငယ်ချင်းတွေက ပြောတာ ကျွန်တော် ဖြစ်ဖြစ်ချင်း အကုန်ဆင်းပြီး ဆေးရုံကို လိုက်ပို့ကြတာတဲ့။ ကျွန်တော်တို့ လမ်းဘေးသားချင်း တစ်ခုခုဖြစ်လို့ ဆေးရုံတက်ရပြီဆိုရင် တစ်ယောက်တစ်ရက် အလှည့်ခွဲပြီး လိုက်စောင့်ကြတယ်”

“တစ်ခါတုန်းက ကလေးတစ်ယောက် ဘူတာတွေ ပတ်စီးနေတာ။ ကျွန်တော် သူ့ကို သတိထားမိပြီး လိုက်ကြည့်နေတာ။ အဲဒါ သူက ရထားပေါ်က မဆင်းတတ်ဘဲနဲ့ ခုန်ဆင်းတာ။ အရှိန်လွန်ပြီး တစ်ဘက်ကဝင်လာတဲ့ ရထားဆီ လိုမ့်သွားတာ ကျွန်တော်က သူ့နောက်တွဲမှာဆိုတော့ ခုန်ဆင်းလိုက်တယ်။ အရှိန်နဲ့ ဆိုတော့ သူ့ဆီ တန်းရောက်သွားရော။ ပထမကျောပိုးအိတ်ကို ဆွဲမလို့ နောက်တော့ သေချာအောင်ဆိုပြီး လက်ကို ဆွဲလိုက်တာ။ ကံကောင်းလို့။ ဘေးကလူတွေက သူ့ကို ဝိုင်းဆဲကြတယ်။ နောက်တော့ ရဲရောက်လာပြီး စခန်းခေါ်သွားတယ်။ နောက်ရက် ရဲကိုမေးကြည့်တော့ သူက အိမ်ပြေးလေး၊ သူမိဘတွေဆီ ဖုန်းလှမ်းဆက်ခေါ်ပြီး ပြန်ပို့လိုက်ပြီလို့ ပြောတယ်။ သူဖြစ်တာကလဲ ၃၅ လမ်း ဂုံးကျော်နားမှာ။ ကျွန်တော်ဖြစ်တဲ့ နေရာနဲ့ မဝေးဘူး”

“နောက်တစ်ယောက်ကတော့ ကျွန်တော်တို့လို လမ်းဘေးသား ၁ ယောက်။ အဲဒါက ဦးပွား ဂုံးကျော်တံတားမှာ ဖြစ်တယ်။ အဲဒီတံတားက နိမ့်တယ်။ တစ်ချို့ ရထားဆို ကပ်တီးကပ်ဖဲ့လေးပဲ လွတ်တယ်။ မုံရွာရထားဆို ရေပိုက်ခေါင်းတိုင် မလွတ်ဘူး။ တိုက်ချလိုက်တာ တွေ့ဖူးတယ်။ အဲဒီကောင်က တံတားနားရောက်လာတာ သတိထားမိပုံ မရဘူး။ ခေါင်မိုးပေါ် မတ်တတ်ရပ်ရင်း ကျောင်းပြန်တဲ့ ကောင်မလေးတွေကို လှမ်းစတာ။ အချစ်လေး ဘာညာနဲ့အော်ပြီး လက်တွေ

လှမ်းပြနေတာ။ ကျွန်တော်တို့က တက်ခုံမှာ ရပ်နေတာ။ အဲဒီနားဆို အမှန်
တော်ရုံတန်ရုံ ဘယ်သူမှ သိပ်မလိုက်ရဲဘူး။ အဲဒီကုန်းက လူလဲစားတယ်။ တခါ
ဘူတာက ကုန်ထမ်းသမားတစ်ယောက် သူက အမိုးပေါ်ကနေ သူ့သူငယ်ချင်း
ကို စနေတာ ကျန်တဲ့သူတွေက တံတားနားနီးလာလို့ ဝိုင်းအော်ကြတယ်
လေအောက်က အော်တာဆိုတော့ သူက ဘာမှ ကြားပုံမရဘူး။ တံတားနဲ့ တိုက်
လိုက်တော့ လိမ့်ပြီး တွဲကြားကျသွားရော။ ရထားကြိတ်သွားတာ၊ အပိုင်းပိုင်းပြ
လို့။ ကျွန်တော်တို့က ဂတ်ဖိုလ်တွဲမှာဆိုတော့ အကုန်မြင်ရတယ်။ သူ့သူငယ်ချ
တွေရော ကျွန်တော်တို့ လမ်းဘေးသားတွေရော အကုန်ဆင်းကြည့်ကြတယ်
တခါတုန်းကလဲ အဲဒီဂုံးကျော်အော်က်က မြောင်းထဲမှာ လင်မယားနှစ်ယော
စကားများရင်း ရထားကြိတ်ခံမယ်ဆိုပြီး ယောကျ်ားက သံလမ်းအောက်
မြောင်းထဲဆင်းနေပြီး စတယ်ပြောတာပဲ။ ရထားလာတော့ မိန်းမက သူ့ယောကျ်
ကို ရထားမဆုံးသေးဘူး။ ဝပ်နေအုံးလို့ ပြောတာတဲ့။ အဲဒါ နောက်ဆုံးနှစ်
လောက်ကျန်တဲ့အချိန်မှာ ထလိုက်တာလား မသိဘူး။ ဂျိတ်နဲ့ ချိပ်တင်
ကြိတ်လိုက်သလိုဖြစ်တာ။ ရင်ဘတ်အလယ်တည့်တည့်ကနေ နှစ်ခြမ်းကွဲ
အပိုင်းပိုင်းပဲ။ ကျွန်တော်တို့က ကော်ဘူးဝယ်ပြီး ပြန်လာတာ။ ဂုံးကျော်ပေါ်မှ
အဲဒါ သွားပြီး ခြေတွေ၊ လက်တွေ လိုက်ကောက်ပြီး အိတ်ထဲထည့်ပေးရ
တယ်”

“ဘူတာထဲ၊ ဒါမှမဟုတ် ဘူတာနား နီးနီးတို့မှာ အဲလိုမျိုးတွေ ဖြစ်
ကတော့ ကျွန်တော်တို့ပဲကောက်ပြီး ဆေးရုံပို့ရတယ်။ ထမ်းပို့ရတယ်။ ရဲတွေက
အဲဒါမျိုး ဖြစ်ပြီဆိုရင် ကျွန်တော်တို့လမ်းဘေးသားကိုပဲ ခိုင်းတာပဲ။ ရဲတွေက
စက်တွေနဲ့ပြော၊ ဓာတ်ပုံရိုက်၊ ဒါပဲ။ ကျန်တဲ့ အတိုအစတွေလိုက်ကြည့် ခြေသ
တွေတို့။ လက်ချောင်းတွေတို့။ တခါတလေကျရင် အူတွေတို့၊ အဲဒါတွေ လက်
ထိုးပြပြီး ကောက်ခိုင်းတာ။ ကုန်ထမ်းသမားတွေနဲ့ ကျွန်တော်တို့ လမ်းဘေးသ
တွေပဲ လုပ်တယ်။ ကျန်တဲ့နေရာတွေမှာ ဖြစ်တာတွေ့ရင်လဲ လုပ်ပေးတာပါ
ဒါမျိုးတွေကလဲ တပတ်တခါလောက်ဖြစ်နေတယ် ထင်တာပဲ။ ဘူတာရဲ့ထိပ်

ကုက္ကိုလ်ပင်ကြီးက အရိပ်ကောင်းတယ်။ အဲဒီအောက်ကို မကျန်းမာတဲ့သူတွေ၊ လမ်းမလျှောက်နိုင်တဲ့သူတွေ၊ ဒုက္ခိတတွေ၊ ရောဂါသည်တွေ လာပြီး အိပ်ကြ၊ နားကြ၊ မစားမသောက်ကြနဲ့ ငတ်ပြတ်ပြီး သေသွားကြတယ်။ အဲဒါတွေဆိုရင်လဲ တွန်းလှည်းပေါ်တင်။ ဆေးရုံကို သွားပို့ရတယ်။ တခါကလဲ ခရီးသည်တစ်ယောက် စောင်ခြုံပြီး ရထားတက်တာ၊ ရထားက ထွက်နေပြီ။ စောင်က သံဇကာနဲ့ချိတ်မိပြီး ဆောင့်ဆွဲလိုက်သလိုဖြစ်ပြီး ပြန်ကျပြီး သံလမ်းအောက် ရောက်သွားတယ်။ ဟုပိုင်းပိုင်းပဲ။ အကုန် ကျွန်တော်တို့ပဲ လိုက်ကောက်ပြီး ရင်ခွဲရုံ ပို့ရတာ။ ဆေးရုံက ကျွန်တော်တို့လမ်းဘေးသားတွေဆိုရင် အကုန်သိတာ။ တခုခုဖြစ်လို့ ဆေးရုံလာရင် အလကားလုပ်ပေးတယ်”

“အဲဒီရထားပေါ်တက်ပြီး ကောင်မလေးတွေ စတဲ့ကောင်ရဲ့နာမည်က ကောက်ကွေး ကုလားတဲ့။ သူက အသားမဲတယ်။ သူ့ဆံပင်က ဆံပင်ပဲညှပ်ညှပ်၊ ကတုံးပဲ တုံးတုံး၊ ထွက်လာရင် ကောက်တိကောက်ကွေးတွေချည်းပဲဆိုတော့ သူ့ကို ကောက်ကွေး ကုလားလို့ ခေါ်ကြတာ။ အမှန်တော့ သူလဲ ရထားလိုက်နေကြပဲ။ ရထားကျွမ်းတယ်။ ကောင်မလေးတွေ စချင်ဇော်နဲ့ ဖြစ်သွားတာ နေမှာ။ ကောင်မလေးတွေကို စပြီး ခေါင်းလှည့်လိုက်တဲ့အချိန်မှာ တံတားနဲ့ ခေါင်းနဲ့ ရိုက်မိသွားရော။ ခေါင်းက လခြမ်းပုံစံကြီး ဟက်တက်ကြီးကွဲသွားတာ။ ကျွန်တော်တို့အဖွဲ့ ၁၀ ယောက်လောက် ခုန်ဆင်းပြီး သူ့ကို လူတွေဝိုင်းကြည့်နေတဲ့အချိန်မှာ ကျွန်တော်တို့ထဲက တစ်ယောက်က အင်္ကျီချွတ်ပြီး ခေါင်းကို အုပ်၊ သွေးထိန်း ပေးထားတယ်။ ကျွန်တော်က ကျောပိုးပြီး ကားလမ်းမဘက်သွားနှင့်ပြီး ကျန်တဲ့သူတွေကို အကူအညီတောင်းခိုင်းတယ်။ ဆိုက်ကားတစ်စင်းရတယ်။ ဆေးရုံမှာ သုံးလလောက် ကြာတယ်။”

“ကျွန်တော်တို့ ဆယ်ယောက်၊ တစ်ယောက်တစ်ရက် စောင့်ပေးရတယ်။ ခေါင်းအပေါ်ပိုင်း တစ်ခြမ်းကြီးလုံး ချုပ်ရာတွေ အပြည့်ပဲ။ ကုန်ထမ်းလို့ရတဲ့ဟာ၊ အကောက်ကောက်လို့ရတဲ့ဟာတွေနဲ့ ဆေးတချို့ ဝယ်တယ်။ ဆေးရုံကလဲ ဆေးတွေပေးတယ်။ ဘေးက လူနာစောင့်တွေကလဲ ကျွေးတယ်။ ပိုက်ဆံများများ

ရတဲ့သူက သွားစောင့်ပေးတာ များတယ်။ ကိုယ်စောင့်တဲ့ရက် တစ်ရက်စာ ကုန်ကုန်
တာ ကိုယ်တာဝန်ယူရတယ်။ သူဖို့ရောပေါ့။ သူက ခုလမ်းဘေးမှာ မရှိတော့ဘူး
ဖြစ်ပြီး သိပ်မကြာဘူး သူ့အမေ လာခေါ်တာ။ မတွေ့တာ လေးနှစ်လောက်
ရှိပြီ။ သူက တောင်ကြီးက"

"စိုးနိုင် ဒို့ မန္တလေးက ပြန်လာတုန်းကဟာ ပြောပြကွာ"

"အော် အေး၊ တို့ မန္တလေးကနေ ရွှေဘိုကို ပြန်လာတဲ့အခေါက်။ ချစ်ကိုတူ
ရယ် သိုးခြံကုလားရယ်၊ နောက်နှစ်ယောက်ရယ်နဲ့။ သူတို့နာမည်တွေကတော့
မမှတ်မိတော့ဘူး။ နောက်နှစ်ယောက်ထဲက တစ်ယောက်က ငါတို့ကို Work
Vision ကျောင်း ခေါ်သွားတာ။ အဲဒီမှာ ရင်းနှီးသွားတော့ ငါကလဲ ဒို့ရွှေဘိုမှာလဲ
ဒီလိုကျောင်းရှိတယ်။ လိုက်မလားဆိုပြီး ရွှေဘိုခေါ်လာခဲ့တာ။ ချစ်ကိုတူးနဲ့ သိုးခြံ
ကုလားကတော့ အဲဒီအချိန်မှာ ရထားတွဲတွေ ကူးဆော့နေတာ။ ရထားခုတ်ပြီဆို
ရင် လူက မြောက်တက်သွားတာ။ ရေကန်ရှိတဲ့နားက လိုက်ရတာ။ အဲဒီနား
ကိုင်စရာရှိတာ။ ဒါတောင် တခါတခါ ခုတ်လိုက်ပြီဆို လက်က လွတ်လွတ်သွား
တယ်။ ခြေထောက်ကတော့ ကန်ထဲချထားတယ်။ အဲဒီအချိန် ရထားကဆောင့်
ခုတ်လိုက်တော့ အစွန်ဘက်က ထိုင်လိုက်တဲ့ ကလေးက ပြုတ်ကျသွားတယ်
ငါက မိရာ လှမ်းဆွဲလိုက်တော့ လက်ကို မိတယ်။ သူ့ကို နှစ်ဘက်ဆွဲထိန်းထား
လိုက်တော့ ငါလဲ ပြုတ်ကျတော့မလို ဖြစ်နေတယ်။ ငါ့နောက်တစ်ယောက်က
ငါ့ခါးကို ဆွဲထိန်းပေးထားလို့။ တော်တော်လေးနေတော့ သူက ကျွန်တော်ထောက်
မိပြီတဲ့။ သူက တက်ခုံဘေးနားက အပေါက်ကို ခြေထောက်ချလိုက်တာ။ ဒါနဲ့
သူ့ကို သေချာအောင် ဖြည်းဖြည်းလုပ်ခိုင်းပြီး လွတ်လိုက်တယ်။ နှစ်ယောက်လုံး
ကံကောင်းလို့"

"အသေးလေးတို့ မင်းမင်းကျော်တို့လောက်တော့ မစွန့်စားရဘူး"

"အသေးလေးက ဆရာကြီးနော်၊ ဟာသလုပ်တတ်တယ်၊ အကလဲ ကျွမ်း
တယ်၊ နောက်ဂျွမ်းခုတ်လဲ ကျွမ်းတယ်၊ ဒရမ်တီးလဲ ကျွမ်းတယ်"

"ဟာ ငါက ဒရမ်တီးတာ အောင်စိုးဦးလောက် မကျွမ်းပါဘူး၊ ငါက
ထွက်သွားလိုက် ပြန်လာလိုက်ဆိုတော့ သူလောက် မတီးဖြစ်ဘူး။ ပြီးတော့ သူလို

ာနဲ့ မမှတ်တတ်ဘူး၊ စာမတတ်တော့။ ခု သူက ဇာတ်အငြိမ့်ထဲမှာတောင်
လိုက်တီးနေပြီ။ သူက နောက်ဆို တီးဝိုင်းတွေ တီးရတော့မှာ"

"အသေးလေးရာ၊ မင်းလဲ ကျောင်းမှာ ငြိမ်ငြိမ်နေပြီး ကျင့်လိုက်ပေါ့၊
ဖြစ်ပါတယ်"

"ငါက အဲလို ကြာကြာမနေနိုင်ဘူး၊ တယောက်ကခေါ်တာနဲ့ လိုက်သွား
ချင်တော့တာ၊ အဲဒါ ကျောင်းကို အတော်နဲ့ ပြန်မရောက်တော့ဘူး"

"ကိုအောင်စိုးဦး သက်ြန်တုန်းက စင်ပေါ်တီးတာ မိုက်တယ်၊ အားကျတယ်၊
မော်လေးတွေကလဲ ကိုအောင်စိုးဦးပဲ ရေပက်ကြတာ၊ မုန့်ကျွေးတာ၊ ဝိုင်းကြိုက်
တာနော်"

"အသေးလေးလဲ ကြိုက်ကြတာပဲ၊ ဒရမ်လဲတီး အကလဲကောင်းတော့"

"အောင်စိုးဦးက ဂစ်တာတီးလဲ ကျွမ်းတယ်"

"ဟာ ငါက ဂစ်တာက ဒရမ်လောက် မကြိုက်ဘူး။ သိန်းရာဇာကမှ
ဂစ်တာပဲ"

"ကိုအောင်စိုးဦးက မှတ်ပုံတင်ရပြီဆိုတော့ ဘုန်းကြီးက မန္တလေးပို့ပေး
တော့မှာဆို၊ ဒရမ်တီးသင်ဖို့"

"အောင်စိုးဦး အောင်စိုးဦး အောင်စိုးဦး အောင်စိုးဦး ဒုန်းဒုန်း"

"သားသားကို အားပေးကြတယ်လား"

"ကျွန်တော် လမ်းပေါ်ကို ၁၂ ၁၃ လောက်က ရောက်လာတာက စပြော
ရမှာလား"

"မွေးတာကနေ စပြော"

"မွေးတာက ဘယ်လိုလုပ် ပြောပြတတ်မလဲ"

"အဖေနဲ့ ပြဿနာဖြစ်ပြီး ရောက်လာတာ။ ပထမ ဘူတာထဲ ရောက်သွား
တယ်။ အဲဒီမှာ နေတိုးနဲ့ တွေ့တယ်"

"နေတိုးကို သတိရတယ်၊ သူရှိရင် ကောင်းမှာ။ သူက ရီစရာ
ပြောတတ်တယ်"

"သူ့ကို ပြောပါတယ်၊ အရက်ဆီတွေ မသောက်နဲ့လို့။ သူက မတော
တော့ဘဲနဲ့ ကားဝင်းထဲနေရင်း သုံးဘီးလိုက်တာ၊ ခရီးသည်ကြိုတာလေ။ အဲဒီ
ရသမျှပိုက်ဆံတွေနဲ့ ဘီအီးအဆီတွေစပ်ပြီး သောက်တာတဲ့။ အသဲကျမ်းသွားတ
ပထမတခါဖြစ်တော့ ကားဝင်းထဲကလူတွေက ကျောင်းကို လာပို့တာ။ သူ့
ကျောင်းက ဆေးရုံတင်ပေးတယ်လေ။ ပျောက်သွားတော့ ကားဝင်းထဲ ပြန်သွ
ပြန်သောက်တာပဲ။ ဘုန်းကြီးကတောင် အရက်အဆီတွေနဲ့မသောက်ဖို့၊ ဒီတ
သောက်ရင် သေမှာလို့ ပြောလိုက်သေးတယ်။ အဲဒါ သူက ပြန်သောက်တာ
သွေးတွေ အန်တာ။ မကြာဘူး၊ သေရော"

"ကျွန်တော်တို့နှစ်ယောက် ဘူတာမှာ စျေးရောင်း စျေးဝယ်လုပ်တ
ထမင်းဘူး ရောင်းတယ်။ သူများဆိုင်က ယူရောင်းတယ်။ သူတို့က ၅၀၀
ရောင်းရင် ကျွန်တော်တို့က ၁၀၀၀ နဲ့ ရောင်းတယ်။ ရထားပေါ်တက်မေးတ
"အဖေက မူးလာရင် ရမ်းတယ်။ အပြစ်မရှိ အပြစ်ရှာပြီး ရိုက်တ
ကျွန်တော်က အကြီးဆုံးဆိုတော့ ကျွန်တော့်ပဲ ရိုက်တယ်။ အမေ့ကို မရိုက်
ညီမလေးလည်း မရိုက်ဘူး။ ထင်းစီးတွေနဲ့ ပစ်တယ်။ တုတ်တွေနဲ့ ရိုက်တ
နေ့တိုင်းလိုလို ရိုက်တယ်။ ကျွန်တော်က ထမင်းချက်ရတယ်။ ထမင်း တူး
ဆူတယ်။ ရိုက်တယ်။ တစ်ညလုံး မအိပ်ရဘူး။ သူပြောတာ ထိုင်နားထော
နေရတာ။ ရိုက်ပြီးရင် သူက ဝမ်းနည်းတယ်။ ငါ့သားကို ချစ်လို့ ရိုက်တာ
ဆုံးမတာတွေပေါ့။ အဖေက ကြုံရာလုပ်တယ်။ ရေတွင်းတူးတယ်။ အိမ်သာကျ
တူးတယ်။ ဆေးသုတ်တာ ဆေးမှုတ်တာတွေ အစုံလုပ်တယ်"

"အမေက အဖေ့ကို စိတ်ဆိုးလို့ဆိုးပြီး ဆင်းသွားတာ။ ကလေးတစ်ယော
ခေါ်ပြီး ဆင်းသွားတာ။ ယောကျ်ားလေးနှစ်ယောက် မိန်းကလေးနှစ်ယော
ရှိတယ်။ ခေါ်သွားတာက အငယ်ဆုံးတစ်ယောက်ကို ခေါ်သွားတ
အဲ့တစ်ယောက်က သေသွားပြီလို့ပြောတယ်။ အမေက တစ်ခေါက်ပြန်လ

သေးတယ်။ လာတော့ ကလေး မပါတော့ဘူး။ တစ်ပတ်လောက် ပြန်ပေါင်းပြီး ပြန်ထွက်သွားတာ။ အမေ့ကို ရိုက်တာတော့ မရိုက်ဘူး။ ပြောတာတော့ ပြောတယ်။ အရက်တွေ ဝယ်ခိုင်းတယ်။ ဆိုပြောတယ်။ အရက်က အမေရှိတုန်းကတော့ အမေဝယ်ပေးတယ်။ အမေ မရှိတော့ ကျနော် ဝယ်ပေးတယ်။ ဆိုင်လည်း သွားမသောက်ဘူး"

"အမေက ဒုတိယ အကြိမ်ထွက်သွားကတည်းက ပြန်မလာတော့ဘူး။ ဘယ်မှာနေလဲ မသိတော့ဘူး။ ကျွန်တော်ရယ်၊ ညီမလေးရယ်အငယ်ဆုံးတစ်ယောက်ရယ် အဖေရယ် ကျန်ခဲ့တာပေါ့။ ခု အဲ့ အငယ်ဆုံးတစ်ယောက်လည်း မကျန်ပါဘူး။ အဖေက စစ်သားကို ပေးလိုက်တာ။ ခေါ်သွားတဲ့သူက ကလေးတွေကို မပြောနဲ့လို့ ပြောတာတဲ့။ ခေါ်သွားတုန်းက ငယ်တော့ ငယ်သေးတယ်။ အဲဒီကလေးနဲ့လည်း အဆက်အသွယ်မရဘူး။ ညီမလေးက ကျောင်းမနေဘူး။ ကျွန်တော်က ၉ တန်းထိ တက်ဖူးတယ်။ ထမင်းချက်ရတယ်။ ညဆိုရင်တော့ မူးပြီး ရစ်တယ်။ ရိုက်တယ်။"

"မှတ်မှတ်ရရကတော့ ထင်းစည်းနဲ့ရိုက်တာ။ ကျောကုန်းကို ရိုက်တယ်။ တစ်ခါက လူကို ဆွဲပြီးလွှင့်ပစ်တာ ခုံပုတ်ထဲ ရောက်သွားတာ"

"ကျွန်တော်က သက်သာ ပန်းတောင်းကဆိုတော့ ဘူတာကိုရောက်တတ်တယ်လေ။ ထွက်လာတုန်းက ညီမလေးတစ်ယောက်တည်း ကျန်ခဲ့တာကို မစဉ်းစားဘူး။ အဖေရှိတယ်ဆိုပြီးတော့။ အဖေက နှစ်ခါလောက်တော့ လာရှာတယ်။ ကျွန်တော်က ပုန်းနေတာ။ အဲဒီကထဲက အိမ်ကို ပြန်မသွားတော့ဘူး။ တစ်ခါတည်း ထွက်ခဲ့တော့တာ။ နေတိုးနဲ့ လမ်းဘေးလိုက်သွားတာ။ နေတိုးနဲ့တွေ့တော့ ဒီလိုပဲ လုပ်စားလို့ရတယ်ဆိုတော့ လုပ်ဖြစ်တာ။ ရထားတွေ ဘာတွေလာရင် ထမင်းဘူးတွေ ဖျော်ရည်ဘူးတွေ လိုက်ရောင်းလို့ ရတယ်ပေါ့။ ဘူတာမှာ ၁ လလောက် နေတယ်။ နေတိုးက ကောင်းပါတယ်။ အနိုင်ကျင့်လို့ ရတယ်။ တစ်ခါတစ်လေ သူမှာပိုက်ဆံရှိရင် သူအိပ်နေရင် ခိုးဖူးတယ်။ ၁၀၀၀ အများဆုံးပဲ ယူလဲ့။ အဲဒီမှာ ဆန်အိတ်တွေကြားထဲ ပစ္စည်းကြားထဲတွေမှာ အိပ်တယ်။ ကနေ့ ဘူတာထဲ

ပြန်သွားတော့ စိတ်ထဲမှာ ဘယ်လိုကြီးဖြစ်နေမှန်းမသိဘူး။ ဟာတာတာကြီ
စိတ်ကျဉ်းကျပ်တယ်။ ဘူတာကိုလဲ ပြန်မရောက်ဘူးလေ၊ ထွက်လာကထဲက

"ဘူတာကနေ နေတိုးနဲ့ လမ်းပေါ်ထွက်တော့ ရွှေတောင်စားသောက်ဆ
မှာ ညစာစားတယ်။ အဲဒီက ညနေဆို တောင်းတဲ့သူတွေကို ကျွေးတယ်လေ
မနက်စာကျတော့ နေတိုးက ရှာကျွေးတယ်။ သူက တောင်းတာ။ ၂ လ၊ ၃
လောက်တော့ ကျွေးတယ်။ စိတ်ဆိုးရင်တော့ ငတ်တယ်။ ပလတ်စတစ်က ဖိုး
တို့နဲ့တွေ့တော့မှ ကောက်တာ။ အိပ်တာတော့ နေရာစုံတယ်။ အစောပို
ကျွန်တော်နဲ့ နေတိုး နှစ်ယောက်တည်းအိပ်တာ။ ပလတ်စတစ်ကောက်တော
တစ်မြို့လုံးပဲ။ ပလပ်စတစ်ကောက်ရတာ ရှက်တယ်။ ခိုးတာ ဘာမှမဖြစ်ဘူ
ကောက်တာကျ ရှက်တယ်။ လူတွေရှေ့မှာ သူမျှားစားပြီးသားတွေ လိုက်ကော
ရလို့ ရှက်တယ်။ ခိုးတာကတော့ မရှက်ဘူး။ ကြောက်တော့ ကြောက်တယ
သူမျှားအိမ်တွေမှာတော့ မခိုးဘူးပါဘူး။ နေတိုးဆီကပဲ ခိုးဖူးတာ"

"ဖိုးခိုင်တို့က လမ်းဘေးနေရင်တော့ လမ်းဘေးစရိုက်တွေတော့ ရှိရ
ပေါ့။ ကောက်စားရမယ်။ သူတို့နဲ့ တူတူနေရမယ်။ ဖိုးခိုင်၊ စိုးနိုင်ရယ်၊ ကျော်ထက်
ပါလားတော့ မသိဘူး။ သိပ်တော့ မမှတ်မိတော့ဘူး။ ကောင်မလေးတွေလဲ
ပါတယ်။ နေတိုးလည်းပါတယ်။ အဖွဲ့လိုက် အိပ်ကြတာပေါ့။ ညပိုင်းဆို အိုး
ဘာတွေ လိုက်ခွဲ၊ ရဲတွေ ဘာတွေ လိုက်စတယ်။ စိုးနိုင်တို့ဆို ရဲတွေကို ဖင်လှန်
တယ်။ ပြီးရင်တော့ ပြေးရတယ်။ ကျွန်တော်တော့ လိုက်ရဲဘူး"

"ကော်ရှူတယ်။ လမ်းဘေးမှာ ဘီလူးရောက်လာလို့။ အကုန် ကော်ရှူတ
သွားတယ်။ လမ်းဘေးပေါ်ကို ၄ လ လောက်ကြာတယ်။ စျေးထိပ်မှာ ဆ
အောင်ထက်နဲ့တွေ့တာ။ စိုးနိုင်တို့ရောပါတယ်။ စိုးနိုင်တို့နဲ့ လိုက်လာတာ။ သူ
အရင်ရောက်တာ။ ဇွဲမင်းထိုက်တို့နဲ့ တွေ့တယ်။ ကျော်ငြိမ်းရောက်တော့ ကော်
တတ်ပြီလေ။ ကော်က ဘယ်သူမှ မသင်ပေးပါဘူး။ သူမျှားတွေကိုကြည့်
လိုက်ရှူတာ။ စမ်းကြည့်ရင်းနဲ့ ဖြစ်သွားတာ။ စရှူတုန်းက နှာခေါင်းကို ပွင့်သွ
သလိုပဲ။ ပူထူသွားတာ။ နောက်ပိုင်း ဘာမှ မသိတော့ဘူး။ လူသေကြီးလို

တွေးချင်တာ တွေးနေတာ။ ဘာမှ မသိဘူး။ ကြောင်သွားတာ။ တစ်ချို့ လမ်းသွားရင်း ရှူနေတာက သူတို့က Feel နဲ့ ရှူတာလေ။ ဇိမ်နဲ့ ရှူရင်တော့ မှိန်းသွားတာပေါ့။ အဲ့ကောင်ပါရင်တော့ အလုပ်လုပ်လို့ ပိုကောင်းတာပေါ့။ ကော်ရှူရင် အလုပ်ပိုလုပ်နိုင်တယ်"

"ကော်ကို ၃ လလောက် ရှူပြီးတော့ ကျောင်းရောက်လာတယ်။ ပြီးတော့ ပြန်ထွက်သွားတယ်။ ကော်ပြန်ရှူတယ်။ ကျောင်းထဲတောင် ရှူကြသေးတယ်။ နောက်ပိုင်း ဖြတ်လိုက်တယ်။ ပြတ်သွားတယ်။ ဒီကျောင်းရောက်လာတော့ ပျော်တာပေါ့။ သူငယ်ချင်းတွေ များတယ်။ ဆရာမတွေလည်း ရှိတော့ ပိုပျော်တာပေါ့။ ထမင်းကျွေးတယ်။ ရေမိုးချိုးပေးတယ်။ သနပ်ခါးတွေလိမ်းပေးတယ်။ အဖေ အမေတွေတုန်းက မလုပ်ပေးဖူးဘူး။ ကဗျာရွတ်တာတွေလည်း မှတ်မိသေးတယ်။ အစားအစာ စားတိုင်းကွယ် လက်ဆေးစားရမယ်၊ လက်ကိုစင်အောင်ဆေးရောဂါပိုးများ မဝင်ဘူးကွယ်တဲ့။ ဒါပဲရတော့တာ"

"စာသင်တာတွေမှာ မြန်မာစာနဲ့ သခ်ၤာကို ကြိုက်တယ်။ ဆရာမ မမူသင်တာ ကြိုက်တယ်။ သူသင်ပြတာ ပိုကြိုက်တယ်။ ဆရာမ မမူနဲ့ အများဆုံးသင်ဖူးတာပဲ"

"ပထမတော့ စာကြိုးစားမယ်။ ဒါလောက်ပဲ မှန်းထားတာ။ တစ်နေ့မှာ ကိုယ်ဘာဖြစ်ရမယ်ဆိုရင်တော့ အဆိုတော် ဖြစ်ချင်တာ။ မြူးစစ်ဘက်မှာလဲ ဆရာကြီးလုပ်ချင်တာ။ အဲဒါက ကြီးမှ မဟုတ်ဖူး။ ကလေးစိတ်ကတည်းက ရှိတယ်။ လမ်းဘေးကတည်းက နားထောင်တယ်။ ဒရမ်တွေဆို အကောက်ကောက်တုန်းက ခွက်ကလေးတွေ စီပြီး တီးတယ်။ သူများတွေဆို နားငြိုးလို့တဲ့။ ကျောင်းရောက်လာတော့ ကျနော်က ညပိုင်းဆို ပုံးတွေ တီးတယ်။ အသေးလေးတို့၊ ကျန်တဲ့သူတွေက သီချင်းဆိုတာ"

"ဒရမ်တွေ၊ ဂစ်တာတွေတီးရတော့မယ်ဆိုတော့ အရမ်းပျော်တယ်။ ကိုယ် ဖြစ်ချင်တာကို ဖြစ်ရတော့မယ်ပေါ့။ အဲ့ဒါနဲ့ ဒရမ်သင်တာ။ ဒရမ်တီးတော့ မကီးဘူးတော့ စိတ်လှုပ်ရှားတာလိုလို၊ ဝမ်းနည်းတာလိုလို၊ ပျော်တာလိုလို ခံစားရ

တယ်။ စတုန်းကတော့ တွေးပြီးတော့ ကြောက်တယ်။ တကယ်လဲတီးရော စိတ်ထဲ
မှာ ပျော်တယ်။ ဆရာချစ်နဲ့ သင်တယ်။ ပြီးတော့ ရန်ကုန်က ဆရာနဲ့ သင်တယ်
ဆရာချစ်ပြောတာပဲ တီးတယ်။ ဟိုဆရာသင်တာ မကြိုက်ဘူး။ သူက ပေါ့ပျက်
ပျက် သင်တယ်။ ဆရာချစ်ကျတော့ စိတ်ရှည်ရှည်နဲ့ သင်ပေးတယ်။ ကိုယ့်ကိုယ်
ကိုယ် ဒရမ်တီးသမားတစ်ယောက်ဖြစ်မယ်လို့ စိတ်ထဲမှာလည်း ရှိတယ်။ ဖြစ်
လည်း ဖြစ်ချင်တယ်။ ဟိုတုန်းကထဲက သီချင်းနားထောင်ရင် ဒရမ်ပဲ နားထောင်
တယ်။ တီးဝိုင်းတွေဆိုလည်း ဒရမ် ဘယ်လိုတီးတယ်ဆိုတာပဲ ကြည့်တယ်”

“ရန်ကုန်က သိက္ခာ မြန်မာကျောင်းက လာတုန်းက လျှပ်စစ်ဒရမ်နဲ့
စတီးတယ်။ အဲ့တုန်းက အရမ်းကြောက်တယ်။ ကိုယ်က ကီးမှားမှာပဲ ကြောက်
တယ်။ ပြီးသွားတော့တော့ ပျော်တယ်။ လမ်းပျော်တွေ မှတ်ပုံတင် လာလုပ်ပေး
တုန်းက မှတ်ပုံတင်လုပ်ပေးသူတွေနဲ့ တခြားလမ်းပျော်တွေကို ညွှန်ခံတီးပေးတော့
အေးအေးဆေးဆေးပါပဲ။ ဘယ်လိုမှ မခံစားရပါဘူး။ ဒီအတိုင်း ပျော်ပျော်ပဲ
တီးလိုက်တာ”

“မှတ်မှတ်ရရ ရှိတာတွေ ရှိတယ်။ သင်္ကြန်တုန်းက စင်ထိုးတာ တစ်ခါမှ
လည်း မတွေ့ဘူးဘူး။ တီးလည်း မတီးရဲဘူး။ ကျင့်နေတုန်းကတော့ ဘာမှမဖြစ်
ဘူး။ တကယ်တီးမယ်ဆိုတော့ ကြောက်တယ်။ သင်္ကြန်တွင်း အားပေးကြတော့
ပျော်တယ်။ ပီတိဖြစ်တယ်။ လူတွေက ကိုယ့်ကိုဝိုင်းကြည့်တော့ အရင်တုန်းကတော့
ရှက်တယ်။ ခုတော့ ရိုးသွားပြီ။ ရွယ်တူ ကောင်မလေးတွေက ကိုယ့်ကိုလာပြီး
အစ်ကိုတီးတာ ကောင်းတယ်နော်လို့ လာပြောတော့ ဒီလိုပါပဲ သင်တုန်းရှိသေး
တယ်ပေါ့လို့ ပြန်ပြောရတယ်။ ပျော်တယ်”

“ဇာတ်ထဲလိုက်ပြီး တီးရတော့မယ်ဆိုတော့ စစချင်း အသက်ရှူတွေကို
ရပ်သွားသလိုကို ထင်ရတယ်။ စိတ်ထဲမှာ အရမ်းလေးနေတာ။ တစ်ပွဲပြီး တစ်ပွဲ
အတွေ့အကြုံတွေ ရလာတာပေါ့။ အဲ့ဒါကို မှားသေးတာ။ တစ်ခါ တစ်ခါဆို
အငြိမ့်တွေနဲ့ တွဲတီးရတော့ ကီးတွေ ချော်တာပေါ့။ ပွဲမှာက မြန်မာသံစဉ်က
၁၆ ပုဒ်၊ စတိတ်ရှိုးက ၁၁ ပုဒ်။ ပွဲတိုင်းတော့ ဒီလိုချည်းပဲ မဟုတ်ဘူး။ ပွဲထပ်ရင်

တာ့ တခြားသီးချင်းတွေ တီးရတယ်။ ကြားဖူးတဲ့ သီချင်းတွေတော့ ဒီအတိုင်း
းတယ်။ မကြားဖူးတာတော့ နုတ်နဲ့တီးတယ်။ ဘေးနားက ဂီတာတီးတဲ့ အစ်ကို
ကြီးက နုတ်ထုတ်ပေးတာ။ အကုန်လုံးကချစ်တယ် အာ့အကိုကြီးကို။ ကျွန်တော်က
ာယ်ဆုံးပဲ။ အကုန်လုံးနဲ့ ပြေလည်ပါတယ်"

"ခု ဇာတ်ထဲက စာချုပ်ပြည့်လို့နားပြီး ဒရမ်ကို ရှေ့ဆက်သင်မယ်။ တစ်နေ့
ရမ်မာ ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်တော့ ရှိတယ်။ နောင်တစ်ချိန်မှာ သူများ
တွေကို ပြန်သင်ပေးနိုင်တဲ့ ဆရာကြီးဖြစ်တဲ့အထိ မျှော်မှန်းထားတယ်။ လမ်းပေါ်
ာ ကလေးတွေကိုမြင်ရင် ကျွန်တော်လည်း သူတို့ဘဝက တက်လာတာပဲလေ။
ြန်ပြီး ကူညီချင်တာပေါ့"

"လမ်းပေါ်ပြန်မသွားချင်ဘူး။ ဘာလို့တုန်းဆိုတော့ ရှက်တာ။ ခုထိ လမ်း
ပေါ်ကို ခြေကျင်သွားရမှာ ရှက်တယ်။ မိန်းကလေးတွေက လိုက်ကြည့်တဲ့ မျက်လုံး
တွေကို မခံစားနိုင်ဘူး။ ရှက်တယ်။ နောက်ကျောမလုံသလို ခံစားရတယ်။ ကိုယ်များ
တစ်ခုခုဖြစ်နေတာလား။ ပုဆိုးပေါက်နေတာလား။ ဘောင်းဘီပေါက်နေတာလား
ပေါ့။ သင်္ကြန်တုန်းကဆို ဆေးဆိုးထားတာ။ အဲ့ဆံပင်လိုက်ကြည့်တာ တအား
ရှက်တာ"

"ခု လမ်းပေါ်မှာ သွားနေတဲ့ သူငယ်ချင်းတွေကို ကော်မရှင်ဘဲ၊ လမ်းဘေး
မှနေတော့နဲ့လို့ ပြောချင်တယ်။ တစ်ချို့တွေဆို မိန်းမတွေ ယောကျ်ားတွေ ယူနေ
ကြပြီလေ။ သူတို့ကို အသက်မွေးဝမ်းကျောင်းတစ်ခုခု လုပ်စေချင်တယ်။
စ်ကောင်းဘူး သူတို့ဘဝ ဒီလိုမျိုးသွားနေတာကို။ ပြောတော့ ပြောချင်တယ်။
သူတို့ မကြိုက်မှာ စိုးလို့။ စိုးမြတ်သူဇာတို့ဆို ပြောဖူးတယ်။ နင် ဒါမျိုးပဲ နေတော့
မှာလားဆိုတော့။ အေးပေါ့ ဒီလိုမျိုးပဲ နေတော့မှာပေါ့လို့ ပြန်ပြောတယ်။
ကလုပ်သစ် မရှာချင်ဘူးတဲ့။ ဒီလိုမျိုးပဲ လုပ်ချင်တော့တာတဲ့။ တစ်ခါတစ်လေဆို
ကိုင်းတွေ့တယ်။ သူ့ကို ကလေးတစ်ဘက်နဲ့ အိပ်ကြီးကိုင်ပြီးတော့ လျှောက်သွား
နတာတွေ့တယ်။ ဘယ်သွားနေတာလဲ။ ပျောက်နေတယ်ပေါ့ အာ့လိုပြောတော့
နင်တောင် ဆရာကြီးဖြစ်နေပြီပဲတဲ့။ ကျွန်တော်က မဖြစ်သေးပါဘူး။ ခုမှ

သင်တုန်းပဲ ရှိပါသေးတယ်လို့ ပြန်ပြောလိုက်တာ။ ကျန်တဲ့သူငယ်ချင်းတွေ
မင်းက ဘာစိုးဖြစ်နေပြီပဲ။ ငါတို့ကို ဘယ်ခေါ်ချင်တော့မလဲလို့ ပြောကြတ
စိုးနိုင်တို့ ကျော်ထက်ဦးတို့ဆို လမ်းတွေ့တိုင်း စတယ်။ မင်းတို့က ထင်လို့ပါ
ပြောလိုက်တယ်။ ဘဝင်မြင့်တယ်လို့ ထင်ကြတယ်။ အဆင့်အတန်းမခွဲခြားပါဘ
လမ်းပျော်တွေပဲကို"

"ဇာတ်ထဲက လူတွေက လမ်းပျော်ဘဝကနေ ဒီလိုဖြစ်လာတာကို သိ
သနားကြတယ်။ ကျွန်တော့်ကို ညီအစ်ကိုရင်းတစ်ယောက်လို ချစ်ကြတယ်။ ဆ
ကြတယ်။ နောက်ပြီးတော့ အဖေက ခု နောက်မိန်းမနဲ့တဲ့။ အမေကလ
နောက်တစ်ယောက်နဲ့။ သူမိသားစုနဲ့သူဆိုတော့လေ။ သွားမပတ်သက်တော
လို့တောင် ပြောကြတယ်။"

"ရန်ကုန် ပြပွဲသွားဖွင့်တုန်းက ကလေးစာပေပွဲတော်မှာလေ၊ ကျွန်
ရယ်၊ ဇွဲမင်းထိုက်ရယ်၊ သိန်းရာဇာရယ်၊ စိုးသက်ပိုင်ရယ်၊ ဘုန်းဘုန်းရယ် က
လုပ်သားတွေအကြောင်း ပန်းချီပြပွဲသွားလုပ်တာလေ။ ကျွန်တော်နဲ့ သိန်းရာ
က ဂစ်တာတီးရတယ်၊ ပရိသတ်စိတ်ဝင်စားပြီး လာကြည့်အောင်ပေါ့။ လာတဲ့
တွေကို ဇွဲမင်းထိုက်နဲ့ စိုးသက်ပိုင်က ပန်းချီကားတွေအကြောင်းရယ်၊ ဘာ့ကြ
ဒီလို လာပြတယ်ဆိုတာရယ်ကို ရှင်းပြရတယ်။ ကျွန်တော်တို့ကျောင်းက ပန်
ဆရာကြီး ဦးဖေစိုးအောင်က ဆွဲပေးတာလေ။ အဲဒီတုန်းက လူရှေ့မှာ ဂစ်တာ
ရတာ ရှက်တယ်။ လူတွေက အများကြီးပဲ။ အဲဒီတုန်းက ဘုန်းဘုန်းက စာကြ
တိုက်အတွက်တဲ့၊ ကျွန်တော်တို့ကို တယောက်ငါးသောင်းစီပေးပြီး စာအုပ်
ဝယ်ခိုင်းတာ။ ဆိုင်တွေမှ အများကြီး ကျွန်တော်က ဂစ်တာနဲ့ပတ်သက်တဲ့ စာ
တွေရယ် ပုံပြင်တွေရယ် ဝယ်တာ၊ ဇွဲမင်းထိုက်က ဖေမြင့်စာအုပ်တွေချ
ဝယ်တာ။ ဟိုကောင်တွေတော့ မသိဘူး၊ ဘာတွေဝယ်တာလဲဆိုတာ"

"အဲဒီတုန်းက ညီမလေးကို ဘုန်းကြီးက လိုက်ရှာပေးတယ်။ ပုလဲမြို့သစ်
မှာတဲ့။ သီလရှင်ကျောင်းမှာ။ သူ့ကိုမွေးစားတဲ့ ရွှေဘိုက သီလရှင်ကြီးက သေ
တော့ အဲဒီကျောင်းက သီလရှင်ကြီးကို သေခါနီး အပ်သွားတာတဲ့။ သွား

တော့ အရမ်းငိုချင်တယ်။ ညီမလေးက စာတော်တယ်တဲ့။ ခုတော့ ညီမလေးနဲ့က အဆက်အသွယ် မရှိဘူး။ ဖုန်းပျောက်သွားတော့ ဖုန်းနံပါတ်တွေ မသိတော့ဘူး။ အမေနဲ့သွားတွေ့မယ်ဆိုတာလဲ မတွေ့ဖြစ်ဘူး။ အမေကလဲ သူရှိတဲ့နေရာကို သေသေချာချာမပြောဘူး"

"အမေ့ညီမနဲ့တော့ တွေ့တယ်။ အမေက ရွှေဘိုကိုတော့ လာတယ်။ ကျနော်တို့ကို ကြောက်လို့တဲ့။ ညီမလေးနဲ့ တွေ့ရတာက တခါ အဖေက ဒီကျောင်းကို လာတုန်းက ပြောတာ။ စေတီတော်ရိပ်သာမှာ သီလရှင်ဝတ်နေတာလို့ ပြောတာ။ အဲ့ဒီက ဆရာလေးတွေက လိပ်စာပေးလိုက်တာလေ။ သူတို့ကတော့ အဆက်အသွယ်ရှိတယ် ထင်တယ်။ ညီမလေးနဲ့တွေ့တုန်းက သူများတွေအနိုင် ကျင့်မှာကို ကြောက်တယ်တဲ့။ အစ်ကိုရှိရဲ့သားနဲ့ မတွေ့ရဘူးတဲ့။ သူပြောတာ။ ဗဟာက်ကတစ်ယောက်ကို ဘယ်လိုရှာရမလဲ မသိဘူး။ တွေ့ချင်စိတ်လည်း မရှိဘူး။ မှတ်လည်း မမှတ်မိတော့ဘူး"

"အမေနဲ့က စကားမပြောဖြစ်ဘူး။ လေးလေးနဲ့ပဲ ပြောဖူးတာ။ လေးလေး ဖုန်းကတဆင့် နည်းနည်းပြောလိုက်ရတယ်။ တစ်ခါဆက်တော့လည်း စက်ပိတ်ထားတာ။ အမေက ကျနော်တို့ကို မဆက်သွယ်ချင်ဘူး ထင်တယ်။ ခု ကျွန်တော် ဖုန်းပျောက်တော့ အဲဒီနံပါတ်ကလဲ မရှိတော့ဘူး။ လေးလေးကလဲ သူ့ဖုန်းပျက်သွားတော့ နံပါတ်တွေ ပါသွားတယ်တဲ့။ လေးလေးကလဲ ပြောဖူးတယ်။ နင့်အမေက သူနေတဲ့နေရာကို မပြောဘူးတဲ့"

"ကျွန်တော် ကိုယ့်ဘာကိုယ်ပဲ ဆက်လုပ်ရမှာပဲ။ ခု ဇာတ်ထဲလိုက်တီးလို့ ရတဲ့ထဲက စုထားတာ ငါးသိန်းရှိတယ်။ အဲဒီပိုက်ဆံနဲ့ မန္တလေးကို ပညာဆက်သင်တော့မယ်ဆိုတော့ အချိန်ကုန် လူပင်ပန်းဖြစ်ပြီး ငွေအလကားမဖြစ်အောင်တော့ ကြိုးစားရမှာပေါ့"

"ဟား အားကျတယ်"

"သင်္ကြန်ပွဲတုန်းက သိပ်ပျော်ဖို့ ကောင်းတာပဲနော်၊ ကိုယ့်စင်နဲ့ကို ဆိုတော့လေ၊ ဒီလိုမျိုးစင်ပေါ် တခါမှ မကဘူးဘူး၊ ရေလဲ ခုမှ အဲလိုပက်ဖူးတာ။ ကိုအောင်စိုးဦးတို့က တီး၊ သမီးတို့က က၊ ပျော်လိုက်တာ"

"ကျွန်တော့်စိတ်ထဲမှာ အဲဒီတုန်းက ကောင်မလေးတစ်ယောက် ဖြတ်သွား
ရင် အရမ်းချောတယ်ဆိုရင် ကိုယ်ကရေပက်ချင်တယ်။ ဒါပေမဲ့ သူက ဥပုသ်သဒ္
ဆိုတော့ မပက်ရဘူး။ အဲ့ကျရင် အူတွေ၊ အသည်းတွေ ယားလာတာ"

"စင်ပေါ်မှာ ကိုယ်က ရှိနေတယ်။ drum တီးတဲ့လူက တီးနေပြီ။ ဂီတ
တီးတဲ့သူက တီးနေပြီ။ အောက်က ရေနဲ့လှမ်းပက်တော့ ဓာတ်လိုက်မှာကြောက်
ပြီး အူတွေ ယားတာ"

"သားကလေ သားကောင်မလေးမျက်နှာကို မြင်ပြီး အူတွေယားလာ
သူ့ကို ဖက်နမ်းချင်စိတ် ပေါက်လာတာ"

"အူတွေက မင်းတို့ပဲ ယားကြ၊ ငါတို့က အဲဒီရက်က သင်္ကြန်တောင် မ
သေးဘူး၊ အဖမ်းခံလိုက်ရတယ်"

"သင်္ကြန်တုန်းက တီးရတဲ့ ဂီတက အသံ သိပ်မကောင်းတော့ ကိုယ်က
တီးရတာ တမျိုးကြီးခံစားရတယ်။ အရင်ကနဲ့ မတူဘူးပေါ့။ ဂီတဆောင်ထဲမှာ
တိုက်တုန်းက စက်က ပုံမှန်။ စင်ပေါ်ကျတော့ စက်တွေက တမျိုးဖြစ်သွားတော့
တမျိုးကြီး တီးရတာ။ ကိုယ်ကလည်း ကီးတွေဘာတွေ ကောင်းကောင်းမည်သ
သေးတော့ ရောချရတာ။ အဲလိုဖြစ်လေ ရယ်ချင်လေပဲ"

"ကျနော်က ကောင်မလေးတွေ ရေပက်တာကို ခံချင်တာ။ ကောင်မလေး
တွေကို လိုက်ကြိုက်တာ။ သူတို့က ပြန်မကြိုက်တော့ ဒေါကန်သွားတာ"

"ကျွန်တော်ကတော့ သင်္ကြန်တွင်း ကတယ်။ ကတော့ အပြင်က
ကောင်မလေးတွေက လုကတယ်။ အဲကျတော့ သူတို့ကို လုပ်ချင်တာ အူတွေ
အသည်းတွေ ယားတယ်"

"ကျွန်တော်ကပေါ့နော် အရင်တနှစ်က ရေကြည်တော်ကပ်မှာ drum လိုက်
တီးတယ်။ အဲတုန်းက ညီညီလေးရယ် တီးလို့ကောင်းတယ်။ ဒီတနှစ် စင်ပေါ်မှာ
တီးရတာ တမျိုးကြီးပဲ။ တခါတလေ အသည်းယားတယ်။ ကိုယ်တယောက်တည်း
တီးချင်စိတ်တွေ ပေါက်တယ်။ ဂီတာလဲ ကိုယ်ပဲ၊ drum လဲ ကိုယ်ပဲ၊ keyboard
လဲကိုယ်ပဲ၊ ကိုယ်ခွဲ တီးချင်စိတ်တွေ ပေါက်တယ်။ ပြီးတော့ အောက်က ပရိသတ်

တွေလဲ အသည်းယားတယ်။ သူတို့က ကတယ်။ ကိုယ်က မကရတော့ အသည်းယားတယ်"

"ကျွန်တော်က အက ကတဲ့အခါ ကြမ်းပေါက်တွေကနေ ဘယ်အချိန် ကျဲကျမလဲဆိုပြီး အူယားတယ်"

"သကြိန်မှာ ယားတာကတော့ အမူးသမားတွေက စင်ရှေ့လာကရင် အူယားပြီးတော့ ထိုးကြိတ်လိုက်ချင်တယ်"

"ဒီနှစ် ကျွန်တော်တို့မဏ္ဍပ်က စည်တယ်။ အရင်နှစ်က ရန်ကုန်ကဆရာတွေလုပ်တာ ဂီတာတွေတောင် ကိုင်ပေါက်တဲ့အဆင့်ထိ ရောက်တယ်။ ပြီးတော့ကျတော့ ဟိုဆရာတယောက်က ကျနော်တို့ကျောင်းက ဘော့စ်ဂစ်တာကြီး ခိုးသွားတာလေ။ မနှစ်က သူတို့နဲ့စာရင် တော်တော်လေး စည်တယ်။ သတင်းက ကျွန်တော်တို့ ရပ်ကွက်ထဲထိ သတင်းရောက်တယ်ပေါ့နော်။ မင်းတို့ ရွှေခြသေ့်ကထွက်တဲ့ မဏ္ဍပ်က တော်တော်ကောင်းတယ်ပေါ့။ အောက်မှာပဲ ကျွန်တော်တို့နေတော့ မင်းတို့အဖွဲ့ကကောင်းတယ် ကြိုးစားပေါ့။ တချို့ဆိုရင် လာမေးတဲ့လူတွေ ရှိတယ်။ အဖွဲ့တွေ ဘာတွေ လာခေါ်ရင် လိုက်လားလို့ မေးတာပေါ့။ ကျွန်တော်လဲ လိုက်တယ်လို့ ဖြေလိုက်တာပေါ့။ တခုကတော့ ခေါင်းယားတယ်ပေါ့နော်။ အောက်ကလူတွေက တအားဆိုးတာ ခြံဝင်းထဲဝင်တော့ ဝင်ပြီးတားရတာ။ အောက်ကတဲကြီးတွေကို ထိန်းရတာပေါ့နော်။ အပေါ်က မမတွေကို ဝိုင်းရှိုးတဲ့အခါမှာ။ သူတို့က အဖွဲ့လိုက်၊ ကိုယ်က တယောက်တည်း၊ ခေါင်းတွေ ယားတာပေါ့နော်။ တယ်နေ့ ရိုက်ခံရမယ် မသိဘူး။ ဂျိုကြည့် ဝိုင်းကြည့်ခံရတာပေါ့နော်"

"သကြိန်ရောက်ရင် အသည်းယားတာလား၊ ဗာယားတာလား မသိဘူး။ ရေတွေလည်း ပက်နေပြီ။ သီချင်းကလည်း ဖွင့်နေပြီ။ ကချင်တာ။ စော်ကိုလည်း ရေပက်ချင်တာ။ မပက်ရတော့ အသည်းတွေ ယားနေတာ"

"သမီးကတော့ ကတဲ့အခါ ခန္ဓာကိုယ်က မြောက်တက်ပြီးတော့ အသည်းတွေက သူ့ဘာသာ ယားလာတာ"

"ကျွန်တော်ကတော့ ဘာမှ မယားနိုင်ပါဘူးဗျာ။ ပျက်သွားတဲ့ပစ္စည်းတွေ
လဲ ပြင်ရအုန်းမယ်။ ဟိုဟာတွေ လိုက်စုလိုက်ရ၊ ဒီဟာတွေ လိုက်စုလိုက်ရနဲ့
တကိုယ်လုံးကို ပူထူအောင် ယားနေတာ။ စင်ကြီးဘေးမှာ စက်ကိုင်နေတော့
ငါ့စက်တွေများး ရေပက်လိုက်လို့ ပျက်သွားရင်တော့ ငုတ်တုတ်မှေနေရုံပဲ
နောက်ဆုံးညနေခင်းမှာ weight တွေ လောင်သွားတယ်။ ဖြုတ်ကြည့်လိုက်တော့
မရတော့ဘူးဆိုတော့ တုန်လှုပ်သွားတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိဘူး
ကျွန်တော့်ကို လာကူညီတဲ့ စက်ဆရာတဦးရှိတယ်။ အဲ့ဲ စက်ဆရာကနေပြီးတော့
ဘာမှမပူနဲ့ ငါညီ၊ အစ်ကိုကူညီမယ်ဆိုပြီး သူစက် ၂ လုံးငှားလိုက်လို့ နေသ
ထိုင်သာရှိသွားတယ်"

"သင်္ကြန်မှာ ကျွန်တော် အူယားတာ တခုရှိတယ်။ အကမတိုက်ဘူးဝ
ကလေးသေးသေးလေးက တက်တက်ကတာ။ အဲဒါလေး အူယားတာ"

"ကျွန်တော်တို့ တောင်ကြီးကသင်္ကြန်နဲ့ ဒီသင်္ကြန်နဲ့တော့ မတူဘူးလေ
ဒီမှာကျတော့ ဘုန်းဘုန်းက မဏ္ဍပ်ဆောက်ပေးတော့ တက်ကရတယ်၊ ဟိုမှာ
တော့ အောက်က သွားကဲရတာ၊ အဲဒါကို အူယားတာ"

"ကျွန်တော်ကတော့ သွားမလည်ဘူးပေါ့နော်။ မလည်ဘူးဆိုတာက
ကျွန်တော်က ကျောင်းသားတွေကို ထမင်းချက်ကျွေးရတယ်။ သူတို့ အရမ်းဆာ
နေတဲ့အခါ ချက်ကျွေးရတာ အရမ်းကုသိုလ် ရပါတယ်။ ဈေးသည်တွေပဲ
ထားလိုက်ပါတော့။ ဗိုက်ဆာတဲ့သူကို ကျွေးရတယ်ဆိုတာ အရမ်းကုသိုလ်ရတဲ့
အလုပ်ပါ။ ဒါပေမဲ့ တချို့ကျောင်းသားတွေက ကျွန်တော်ချက်ကျွေးတာက်
ကောင်းတာ မကောင်းတာ အပြစ်ပြောတာတွေ ရှိသေးတယ်။ သင်္ကြန်တွင်းမှာ
ဗျာ ကျွန်တော်တယောက်တည်း ချက်ကျွေးတာကို ကျွန်တော့်ဘက်ကို နည်းနည်း
လေးမှ မကြည့်ဘူး"

"အူယားတာကတော့ မဏ္ဍပ်ဆောက်တုန်းက ကူဆောက်ပေးတယ်
စင်ပေါ် ခဏလေးတက်တာကို မဆိုင်တဲ့ကောင်တွေ အကုန်ဆင်းတဲ့၊ ဆင်းလိုက်

ါတယ်။ နောက်ကျတော့ သူတို့ရဲ့ ယောက်ဖလိုလို အစ်ကိုလိုလိုကောင်တွေ
ာက်လာတော့ ဘာမှမပြောဘူး။ စိတ်ထဲမှာ နည်းနည်းလေး ခု သွားတာပေါ့။
ါပေမဲ့ ဘာမှ မပြောပါဘူး။ ကိုယ့်ကျောင်းက သူငယ်ချင်းတွေကျတော့ အကုန်
ောင်းတဲ့၊ မဆိုင်တဲ့လူတွေ တက်လာတော့ ဘာမှ မပြောကြဘူး။ စိတ်ထဲမှာ
ါသလည်းထွက်တယ်။ ခုလည်း ခုတယ်"

"ကျွန်တော်ကတော့ ဘယ်မှ မလည်ဘူးပေါ့။ ဒါပေမဲ့ တခြားအတွဲတွေ
လည်နေတဲ့အချိန်မှာ ကိုယ်က ဘာမှလည်း မလုပ်ရဘူး။ စင်ပေါ်မှာလည်း
ိုယ်က ကလည်း မကရဘူး။ သီချင်းလည်း မဆိုရဘူး။ ဒီအတိုင်းလေးပဲ သူများ
အတွဲတွေ ကြည့်လိုက်၊ သူများ ကနေတာလေး ကြည့်လိုက်နဲ့ပေါ့။ ယားလာတဲ့
အချိန်မှာ ကိုယ်ပါ ဝင်ကတာပေါ့"

"သင်္ကြန်တွင်းမှာ ချမ်းသာနဲ့ ကျော်မင်းထွန်းက ရန်ဖြစ်တာ။ ကိုယ်က
စ်ဖြည်တော့ မျက်နှာကို ခိုက်မိတော့ အချောင်ခံရတာပေါ့။ သူများကြားထဲလဲ
စ်မကရဲဘူး။ ကိုယ့်ဒဏ်ရာကို တိုက်မိမှာလည်း ကြောက်ရသေးတယ်။ သူတို့နဲ့
ဖြစ်ကတည်းက သူများကြားတွေထဲ ကောင်းကောင်းကို ဝင်မကရဲတာပဲ။ အူတော့
ားတာပေါ့။ ချမ်းသာက ကိုယ့်ထက်အငယ်ဆိုတော့ ကိုယ်ပြန်လုပ်လည်း ခံရမှာ
ပေါ့။ အဲ့ကြောင့် တယောက်မှတော့ မလုပ်လိုက်ပါဘူး"

"ဂီတာကိုင်နေတုန်း ဘီလူးက လာပြီးရေနဲ့ပက်လို့ အူတွေ အသည်းတွေ
ားပြီး ပစ်ထိုးလိုက်တာ"

"ငါက စင်ပေါ်မှာ ထိုင်နေတာ၊ အောက်ကနေပြီးတော့ သောင်းကျန်းတာ
ပေါ့။ မင်းတို့တီးတတ်ရင် တီး၊ မတီးတတ်ရင် ငါတို့က တက်တီးမှာပေါ့။ လေးငါး
မိုက်လောက်တော့ ဘာမှ မပြောဘူး။ များလာတော့ အစ်ကိုတီးတတ်ရင် တက်
တီး၊ မတီးတတ်ရင် ကျွန်တော်က စင်အောက်က ဒုတ်နဲ့ ပိတ်တီးမှာလို့ ပြောလိုက်
မှာ ငါ့ညီရယ် အစ်ကိုကြီးက စတာပါတဲ့။ မစနဲ့လို့ အသံတွေချိန်နေလို့
ကြာသွားတာလို့ ပြောလိုက်တာ။ ငါ့ကို ပြန်တောင်းပန်တယ်။ ငါ သည်းညည်း
မခံပါတယ် အဲ့နေရာကျတော့။ နောက်ခါကျတော့ ရေကြည်တော်ကပ် လိုက်သွား

တာပေါ့။ တဖွဲ့လုံးက ကပ်လိုက်သွားတာ။ ဘွားတော်ကြီးက ဘေးနားက
ပွတ်တွတ်ပွတ်တွတ်နဲ့ ပြောနေတာ၊ ငါတို့ ဘေးနားကနေ။ ငါတို့လည်း မပြေ
ဘူး၊ ကိုယ့်အမေအရွယ်လောက် ရှိတာ။ ဒါပေမဲ့ ဒေါသတော့ထွက်တာ
အသည်းတွေ အူတွေယားပြီး ထိုးပစ်ချင်စိတ်တွေ ပေါက်လာတယ်။ ကောင်မ
နား နဲနဲကပ်လိုက်ရင်ကို ပြောတော့တာ။ အဲ့လိုကျတော့ မဟုတ်တော့ဘူး"

"အောက်ကနေ ရေနဲ့လာပက်တာ ပါးတွေ ပိတ်ချချင်တာ"

"ပထမတစ်ရက် မနက်ပိုင်း ၁၀ နာရီကျော်ကျော်လောက်မှာ လူ
တော်တော်များများ စည်တယ်။ ပျော်တာပေါ့နော်။ ကိုယ်တွေကလည်း တီး
တယ်။ ကားတွေကလည်း ကိုယ့်မဏ္ဍပ်ရှေ့မှာ အများကြီးဆိုတော့ ဘယ်လို
လို့ ပျော်မှန်းကို မသိတာ။ နေ့လယ်ပိုင်းကျပြောတယ်။ မေသူပေါ့ မင်း
ဆက်ထိန်းသွားမယ်ဆိုရင် မင်းတို့စင်က တော်တော်လေးကို စည်လာမှာ
ကိုယ် အကောင်းဆုံး လုပ်မယ်ပေါ့။ တခါတလေမှာ ကိုယ် ဦးနှောက်ခြေ
ရတာရှိတယ်။ ကျွန်တော်က ဟိုလူကိုလည်း လိုက်စည်းရုံးရ၊ ဒီလူကိုလဲ
စည်းရုံးရတာတွေရှိတယ်။ အောင်စိုးဦးဆို ပထမအကြိတ်နေ့က ခြေထောက်
အကြောထုံသွားတာ drum သိပ်မတီးနိုင်တော့ဘူး။ ကျွန်တော် မျက်ရည်တ
ကျမိပါတယ်။ တကယ် တကယ်။ သူသာ မရဘူးဆိုရင်ပေါ့နော်။ တီးဝိုင်းတစ်
ဂီတာ မရဘူးဆိုရင်တောင် drum နဲ့ သွားလို့ရတာတွေ ရှိတယ်။ သူ မရှိဘူးဆို
ငါတို့ရဲ့ တီးဝိုင်းက ဘယ်လိုဖြစ်သွားမှာလဲ။ နေ့လယ်ပိုင်း မတီးရတာ၊ ညနေ
မတီးရတာ သိပ်ကိစ္စမရှိသေးဘူး။ သီချင်းဖွင့်ပေးထားလို့ရတယ်။ ညပိုင်
ဖျော်ဖြေရေးရှိတဲ့အခါ ငါတို့ ဘယ်လိုလုပ်မလဲ။ တော်တော်စိတ်ပူတယ်။ အဲ
ပြောစကားက နားမထောင်ဘူး။ လာ ပရုပ်ဆီနဲ့ နှိပ်ပေးမယ်ဆိုတော့ ရတ
ကျွန်တော် ဘာမှမဖြစ်ဘူးတဲ့။ အေးပေါ့ အဲဒါဆိုလဲ ပြီးရောပေါ့။ နောက်တခ
သိန်းရာဇာက ဆရာမ ကျွန်တော် မတီးတော့ဘူးဗျာတဲ့။ ဆရာမလူတွေက
ပြောတာ ကျွန်တော်မတီးတော့ဘူး။ အဲလိုတော့ မလုပ်ပါနဲ့ ဘာနဲ့ပေါ့။ ချော့
တမျိုး ခြောက်တာတမျိုး လုပ်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လာကြည့်

ပရိတ်သတ်တွေက ဝေဖန်တာလဲ ရှိမယ်။ ကောင်းတာတွေ ပြောတာလဲရှိမယ်။ လူဆိုတာ အမြဲတမ်းတော့ ကောင်းနေနိုင်တာ မဟုတ်ဘူးလေ။ ကိုယ်ရလိုက်တဲ့ ရလဒ်ကို အများကြီးကျေနပ်ပါတယ်။ နောက်ဆုံး ရေပက်ခံထွက်တဲ့နေ့က ကျွန်းရေပက်လို့လား မသိဘူး။ တော်တော်တော့ ယားတယ်။ ကုတ်နေရတယ်။ လက်တွေရော၊ ခြေထောက်တွေရော အကုန်ကုတ်ရတယ်"

"ကျနော်လည်း ကုတ်တယ်။ ကတုန်းက ကောင်မလေးကို လှမ်းရှိုးလိုက်တယ်။ ကြမ်းပေါက်ကျွံကျတယ်။ ပြီးတော့ ခေါင်းကုပ်လိုက်တယ်"

"ကျွန်တော်ကတော့ ကြောက်စိတ်ပေါ့နော်။ စင်အောက်မှာဆို အားရပါးရကတယ်။ ကျန်တဲ့ စင်တွေမှာ သွားကတယ်။ ကလွန်းလို့ ဖုန်းနဲ့ ပိုက်ဆံတောင် ပျောက်သွားတယ်။ ဒါပေမဲ့ ကိုယ့်သူငယ်ချင်းတွေ ကနေတဲ့ Good boy သီချင်းနဲ့ကို ကျွန်တော် တက်ကချင်တယ်။ ဒါပေမဲ့ ကျွန်တော် တက်ကရမှာ အရမ်းကြောက်တယ်။ သူငယ်ချင်းတွေကို တွေးမိတယ်။ ကြောက်စိတ်မရှိဘူးပေါ့။ ကချင်တယ်၊ ဒါပေမဲ့ အုတ်ခုံလေးပေါ်မှာပဲ ထိုင်ကြည့်နေရတယ်။ စင်ပေါ် နဲ့အောက်နဲ့ ဘာကွာသွားလဲတော့ မသိဘူး။ ကျွန်တော် တခုတွေးလိုက်မိတာက ကြောက်စိတ်က အရာအားလုံးကို တားဆီးနိုင်တယ်ပေါ့။ ကြောက်စိတ်ရှိတာ မကောင်းပါဘူး"

"ဟုတ်တယ်၊ ကြောက်တာ မကောင်းဘူး၊ လမ်းဘေးမှာနေရင် ကြောက်ရင် သူများနိုင်တာ ခံရတယ်၊ သူများခိုင်းတာ လုပ်ရတယ်၊ ဝတ်တယ်"

"ဟုတ်တယ်၊ သမီးဆို ကြောက်လို့ ခံချည်းပဲ ခံနေရတာ။ ပလုပ် နင်က စာရေးဆရာဆိုတော့ သမီးအကြောင်း ရေးမလား၊ သမီး ပြောပြမယ်။ အကုန် ပြောပြမယ်"

"အေး၊ ပြော၊ ရေးမှာပေါ့ဟာ။ ဘုန်းဘုန်းက ပြောတယ်။ မင်းတို့ အကြောင်း ရတွပဲ ရေးတဲ့။ အဲဒါမျိုး ဘယ်သူမှ မရေးသေးဘူးတဲ့"

"အေး ပြောမယ်၊ လမ်းဘေး စရောက်တာကစ ပြောပြမယ်။ သမီးက ရတော့ ဘယ်သူမှနှိပ်စက်လို့ ထွက်ပြေးလာတာမဟုတ်ဖူး။ ကစားရင်း ရောက်လာ

တာ၊ လမ်းဘေးရောက်မှ နှိပ်စက်ခံရတာ၊ သမီးလောက် နှိပ်စက်ခံရတာ သမီ
ရှိတယ်"

"သမီး လမ်းဘေးကို ရောက်တာက ရထားစီးပြီးတော့ ပြန်မဆင်းတ
တော့လို့"

"ငယ်ငယ်လေးတုန်းကလေ သူငယ်ချင်းတွေနဲ့ ရပ်ကွက်ထဲမှာ ထမ
လျှောက်စားတာ ဇလုံကြီးတွေနဲ့၊ ထမင်းစားပြီးတော့ ပြန်လာတဲ့အခါကျတ
ပန်းကန်ကြီးချပေးပြီး လျှောက်သွားမယ်ဆိုပြီးတော့ သွားကြတာ၊ ရက်ကွက်ထဲ
သွားကြတဲ့အခါကနေပြီးတော့ ငါတို့ ရထားကြီးသွားစီးကြရအောင် ဆိုပြီးတ
ကလေးတွေကို ပြောတယ်၊ ရထားပေါ်လဲရောက်ရော နောက်ဆုံးကျတ
ကလေးတွေက ဘယ်အချိန်ဆင်းသွားမှန်း မသိဘူး၊ သမီးတစ်ယောက်ထဲကျန်
တာ၊ အဲဒါနဲ့ ရထားနဲ့ပါသွားတာ"

"အော် ဆောင်းနှင်းဝေ နင်က ကလေးကထဲက ကမြင်းတာကိုး"

"မသာကြီးနော်၊ မျိုးနိုင် နင် ဒီကောင့်ကို ထိန်းထားစမ်း"

"အေးပါ ဆက်ပြော ဆက်ပြော"

"မန္တလေးမြို့ကြီးကိုပါသွားတော့ အမှိုက်ကောက်တဲ့ ကလေးတွေနဲ့ ေ
တယ်သူ။ တို့တွေနဲ့တွေ့တဲ့အခါကျတော့ ဘုရားကြီးကို ပါသွားတယ်။ ဘုရား
ကနေပြီးတော့ ဘုရားပုလိပ်တွေက ကလေးတွေ တွေ့လို့ဆိုပြီးတော့ သမီးတို့
ဖမ်း၊ အကုန်လုံး အမှိုက်ကားအပြာကြီးနဲ့ တင်သွားပြီးတော့ သင်တန်းကျောင်း
သွားပို့တာ၊ ပထမ လူငယ်သင်တန်းကျောင်းကိုပို့တာ၊ လူငယ်သင်တန်းကျော
က ကျွန်မတို့ကျောင်းကတဲ့၊ မိန်းကလေး မထားဘူးတဲ့၊ ယောကျ်ားလေးပဲ ထ
တယ်ဆိုပြီးတော့ မိန်းကလေးတွေက တခါ မိန်းကလေးသင်တန်းကျောင်း
ပြန်ပို့ပေးတာ"

"ကားပြာဆို အမှိုက်ကားဟုတ်ရဲ့လားဟာ၊ အချုပ်ကား ဖြစ်နေပါအုံ
မယ်"

"သိဘူးဟာ၊ အဲ့အရွယ်လေးနဲ့ ဘယ်လိုလုပ် အတိအကျသိမလဲ"

"အဲဒီရောက်တာ သမီးအရွယ် ၃ နှစ်လား၊ ၄ နှစ်လား မသိဘူး။ အဲ့တုန်း
ရောက်တာ ငယ်သေးတယ်။ ကျောင်းမှာ နေရတော့ စာသင်ပေးတယ်၊
ကျ အပြင်ကျောင်းမှာ သမီးကို ကျောင်းထားပေးတာ၊ ကျောင်းထားပေးပြီး
သမီးတစ်တန်းအောင်တဲ့အခါကျတော့ နွေရာသီကျောင်းပိတ်ပြီး ပြန်ဖွင့်တော့
ယ်က မသိဘူး၊ ကျောင်းစိမ်းလေး လဲထားတာ၊ လဲထားတော့ ဆရာမကြီးက
မီး နင်တဲ့ ကျောင်းစိမ်း ဘာလို့လဲထားတာလဲတဲ့၊ သမီး တစ်တန်းအောင်တယ်၊
နဲ့ ကျောင်းဆက်တက်ရမှာလေဆိုတော့ သမီး နင့်ကို မာမီကြီးက ခေါ်မပြော
လား၊ မပြောဘူး။ အေး နင်တို့မာမီကြီးက မှာလိုက်တယ်။ နင့်ကို ကျောင်း
ားနိုင်တော့ဘူး၊ ကျောင်းထုတ်လိုက်ဆိုပြီးတော့ ထုတ်ခိုင်းတာ၊ အဲ့ဒါ သမီး
စ်တန်းတက်ရမဲ့ဟာကြီးက နှမြောသွားတာ၊ တစ်တန်းအောင်လိုက်တာနဲ့ မတက်
ိုက်ရတော့ဘူး၊ ဘာလို့ထုတ်တာတုန်းမသိဘူး။ သမီးတို့ကျတော့ ခေါ်မမေးဘူး၊
သမီးရယ်၊ အဲ့အထဲမှာ ကောင်မလေးတစ်ယောက်ရှိတယ်၊ မြင့်မြင့်ကြည်ဆိုတဲ့
ကောင်မလေးရယ်၊ သမီးတို့နှစ်ယောက်ကိုပဲ အဲ့ဒီမာမီကြီးက ထုတ်တာ။
လေးတန်း အောင်၊ ငါးတန်းတွေပဲ ကျောင်းနေချင်လား၊ ဆက်မနေချင်ဘူးလား
မေးတယ်၊ အဲ့တုန်းက သူတို့အသံက အကျယ်ကြီးပဲဆိုတော့ သမီးတို့ အနောက်
ောင်ကနေ ကြားနေရတယ်၊ ရုံးခန်းကနေပြီးတော့ မနေချင်တဲ့လူ ရှိလားဆို
တော့ ကလေးတစ်ယောက်က ဘယ်သူမှန်းလဲ မသိဘူး၊ ရှိတယ်တဲ့၊ ရှိတယ်
ဆိုရင် ခွက်တစ်လုံးယူပြီးတော့ လမ်းမကြီးပေါ် ထွက်တောင်းနေတဲ့၊ ဆရာမ
ကြီးကတောင် အဲ့လိုမျိုးပြန်ပြောတယ်။ ဒါမယ့် သမီးတို့ကိုကျတော့ ခေါ်မပြော
ဘူး၊ ဆရာမတွေ အချင်းချင်းနဲ့ပဲ သူက ပြောလိုက်တာလား မသိဘူး"

"ကျောင်းမတက်ရတော့. . ကျောင်းမှာ ကိုယ်လုပ်တတ်သလောက်
သစ်သီးသစ်နှံတွေတို့၊ ကြက်သွန်တွေတို့၊ ကလေးတွေ ကိုင်သလို- လိုက်ကိုင်
နာယ်. . အရွယ်လေးရောက်လို့. . ကိုယ် ကိုင်တတ်ပြီ၊ ချက်တတ်ပြီဆိုမှ ချက်ရ
မှာပေါ့။ ကလေးတွေဝတ်တဲ့ အဝတ်တွေကို လျှော်ပေးရတယ်. . ပြီးကျတော့
ဒီဘိုချောင်ထဲကို ကျောင်းသူနှစ်ယောက်နဲ့ ဆရာမတယောက်နဲ့ ထမင်းချက်ရ

တယ်. . စိုက်ပျိုးရေးဘောင် လုပ်ရတယ်၊ တံမြက်စည်းလှည်းရတယ်၊ ရေလော
ရတယ်၊ အဲ့ဒါပြီးတော့ သမီးတို့ လုပ်တတ်သွားလို့ရှိရင် အပြင်က စားသော
ဆိုင်တွေက အလုပ်လာခေါ်လို့ရင် အလုပ်ထည့်ပေးတယ်၊ လုပ်ချင်တဲ့သူ၊ သူ
ကြိုက်တဲ့လူ. . ညည့်သည်တွေက ဒီကောင်မလေး မဆိုးဘူး၊ ဒီကောင်မ
လုပ်တတ်ကိုင်တတ်တယ်. . အရည်အချင်းရှိလောက်တယ်ဆိုပြီးတော့ ပိုင်ရှင်
ကြည့်သွားပြီးတော့ သမီးတို့ကို ခေါ်တာ"

"အပြင်ကအလုပ်မှာ. . ပထမလုပ်ခဲ့တာ. . လက်ဘက်ရည်ဆို
နာမည်က ရွှေမြင့်မိုရ်တဲ့. . အဲ့ဒီ ဘေးနားလေးမှာ ရှမ်းခေါက်ဆွဲဆိုင်၊
မိန်းမကြီးက ခေါ်ခိုင်းတာ. . ပန်းကန်တွေကွဲတာ မအေးမော်ကြောင့် ဖြစ်တာ
အဲ့ဒါ သမီးကြောင့်ပါဆိုပြီးတော့ လစာမရတာလား. . သမီးက အလို့ မတော
လိုက်တာလား မသိဘူး ဒီတိုင်း လစာမပါဘဲနဲ့ ကျောင်းကိုမပြန်ရဲဘူး ကြော
နေတာ. . ဘုရားထဲသွားပြီး တယောက်ထဲပဲ နေနေတာ၊ နောက်မှ မပြ
ပြန်ရဲနဲ့ ပြန်သွားတာ. . ကျောင်းရောက်တော့ ဆရာမတွေက သမီးကို ခေါ်
တော့ သမီးက ရိုက်မှာကြောက်တာ. . ဒါမဲ့ မရိုက်ဘူး၊ တစ်ခါလေး မသ
လစာမတောင်းရဲလို့ပါဆိုပြီး သမီးကို ဆူပဲ ဆူတာ. . မရိုက်တော့ဘူး။ အဲ
နေတခါ အလုပ်ပြန်လာခေါ်တာ. . သမီးတို့နှစ်ယောက် နေကြာစေ့စက်ရုံ
သွားလုပ်ရသေးတယ်၊ နေကြာစေ့စက်ရုံကကျတော့ သူတို့ပြုတ်ပြီးသား နေ
စေ့တွေကို လှန်းရတာ၊ ခြောက်နေအောင် လှန်းရတာ. . ခြောက်သွားပြီဆိုတ
ဆာလာအိတ်ထဲ ပြန်ထည့်ပြီးတော့ အကုန်သိမ်းပေးရတာ. . သူတို့တွေက
လာပို့တာ ကွင်းကြီးထဲကို၊ သူတို့စက်ရုံကနေ ပြုတ်ပြီးတော့ သမီးတို့ဆီကို
လာပို့တာ၊ နေ့တိုင်း အဲဒီကို ထမင်းချိုင့်လေးနဲ့သွား၊ ညနေကျရင် ဒီပဲပြန်
. . အဲ့လိုမျိုးလုပ်ရတာ။ ထမင်းချိုင့်ကို ဆရာမတွေက ထုပ်ပေးတာ. . ည
ပိုတဲ့ဟင်းတွေကို မနက်ရောက်ရင် ပြန်ွေးပြီးတော့ ထမင်းအသစ်တည်ပြီး
ကို ထည့်ပေးတယ်"

"အဲ့ဒီကနေပြီးတော့ နည်းနည်းအရွယ်ရောက်လာတော့ ကောင်မလေး
စ်ယောက်က လက်ကလေးက မသန်ဘူး- အဲ့ကောင်းမလေးနဲ့ သမီးနဲ့ ကျောင်း
နေ ထွက်ပြေးသေးတာ. . ကောင်မလေးနဲ့ သမီးနဲ့ မနက်အစောကြီး အမှိုက်
ဆိုပြီးတော့ ဆရာမကိုပြောပြီး အမှိုက်သွားပစ်ကြတာ. . သူက တာယာပုံး. .
သမီးက ပုံးအဖြူလေးနဲ့- အဲ့အောက်ထဲမှာ. . အကျီထုပ်လေးတွေ ထည့်သွား
တာ. . ဘူတာရောက်ပြီး ရထားခိုးစီးပြီး သာစည်မြို့လိုက်သွားတာ-သမီးက
ဘုန်းက စာက သိပ်မဖတ်တတ်သေးဘူး၊ စာလုံးပေါင်းဖတ်တော့ သာစည်မှန်း
သွားတာ. . ဟုတ်တယ်လို့ ဒါ ငါ့သာစည်ပဲလို့ ရောက်ပြီလို့၊ ဆင်းပြီး အိမ်ကို
ရှာတာ. . အိမ်က မရောက်နိုင်ဘူး၊ မျက်စိလည်နေတာ. . နောက်ကျမှ ပြန်
မြင်းစားတာ. . သံလမ်းဘက်တန်းတန်းလေးသွားရင် စျေးရောက်တယ်လို့၊ အဲ့ဒါနဲ့
သံလမ်းဘက်ကနေ စျေးတန်းတန်းသွားတယ်. . သံလမ်းအတိုင်းသွားမှ သမီးအိမ်
ကိုတွေ့တာ. . အိမ်ရောက်တဲ့အခါကျတော့. . ဝန်းထရံလေးကြည့်တော့
သူ့ခတ်ထားတာ. . အသံကြားလို့နေမှာ၊ ဘေးအိမ်က အန်တီကြီးတစ်ယောက်
ထွက်လာတယ်. . အဲ့အန်တီကြီးက သမီးကို သိတယ်. . အင်းတဲ့ ကလေးမလေး
ကို နင်က တင်တင်အေးနဲ့ တူလိုက်တာတဲ့- နင့်အမေနာမည် တင်တင်အေးမို့
လားတဲ့. . သမီးနာမည်ကရောတဲ့. . သမီးနာမည်က ဆောင်းနှင်းဝေလို့ပြော
တာ. . အဲ့ဆို ဟုတ်လောက်ပြီ. နင့်အဘွားကရောတဲ့၊ အဘွားက ဒေါ်သောင်းလို့
အင်း အဲ့ဆို ဟုတ်လောက်ပါပြီတဲ့-နင်က ငါတို့တူမဘဲ ဖြစ်ရမယ်ဆိုပြီးတော့. .
အန်တီကြီးက. . သမီးတို့နှစ်ယောက်ကို သူ့အိမ် ခေါ်ထားတာ။ နင့်အမေကြီးတို့
မရောက်သေးဘူးတဲ့. . နင့်အမေကြီးက ဒီအချိန်ဆို သူ စျေးရောင်းထွက်တယ်-
နင့်အမေကြီးက သနားပါတယ်- ပဲပြုတ်ရောင်း နေရတယ်လို့ပြောပြီး. . ထမင်း
ကျွေး. . ပြီးတော့ ရေသွားချိုးကြတယ်. . ပြန်လဲ ပြန်လာရော. . ကောင်မလေး
နင့်အမေကြီးရောက်ပြီတဲ့"

"အမေကြီးနဲ့ တူတူနေတော့. . အမေကြီးကိုသနားလို့ဆိုပြီး စျေးကူရောင်း
ပေးတာ. . ဒါပေမဲ့ ဟောဒီကပဲပြုတ်လို့ မအော်ရဲတော့. . အမေကြီးကို

လေ့ကျင့်ခိုင်းတာ. . အမေကြီး သမီးလေ့ကျင့်မယ်လို့၊ သမီးရောင်းပေးမယ်
အမေကြီးကိုယ်စားလို့. . လေ့ကျင့်. . လေ့ကျင့်ပြီးတော့ နောက်ရက်ကျ
သမီးဘာသာ လိုက်ရောင်းတာ"

"အိမ်မှာလိုက်လာတဲ့ ကောင်မလေးက ပြောစကား နားမထောင်
ကျောင်းမှာထဲက အဲဒီလိုပဲ ဆရာမတွေကို ဆဲဆိုနေတာ၊ အော် သူ့ကို အပြင်
လာရင် သူစိမ်းတွေနဲ့တွေ့ရင် သူယဉ်ကျေးမှာပဲ လိမ်မာမယ်မှတ်ပြီး သမီး
ခေါ်လာတာ၊ အိမ်လည်းရောက်ရော အဘွားက သူ့ကို အလုပ်လေးနဲ့ပါး
မလုပ်လို့ဆိုပြီး သူ့ကို ရိုက်လိုက်တာ၊ အဲဒါ ရိုက်လိုက်လို့တဲ့၊ ဖေလိုးမ ဖာသည်
အဘွားကြီးတဲ့. . ငါ့အမေတောင်မှ ငါ့ပါးမရိုက်ဘူး၊ နင်က ပါးလာရိုက်တ
သူက အဲဒီလိုမျိုး စုံစိအောင်ဆဲတာ. . ဆဲတဲ့အခါကျတော့ အမေကြီး
ကောင်မလေး ညည်းခေါ်လာတဲ့အမှိုက်ကလဲ တော်တော်ရှုပ်တာပဲ၊ အဲ့ ဇာတ်လ
ညည်း ဘယ်လိုရှင်းမှာလဲ- လို့ပြောတော့ သမီးက အဲဒီကောင်မလေးကို ပြန်
ပြီး အိမ်ကနေ ပြန်ထွက်လာခဲ့ရော"

"အဲကနေ မန္တလေးဘူတာကြီးရောက်သွားတာ၊ ရောက်သွားတော့ ဘ
သွားလို့ ဘယ်လာရမှန်း မသိဘူး၊ အဲဒီကောင်မလေးကတော့ သမီးနဲ့ လမ်း
သွားတာ၊ အိမ်သာဆိုလား ရေသောက်ဆိုလား ထွက်သွားတာ၊ ထွက်သွားတဲ့အ
ကြတော့ သမီးလဲ တယောက်ထဲ လမ်းလျှောက်လာတာ၊ ကျောင်းမှာ အရင်တု
က အဖွဲ့တဖွဲ့ရှိတယ်၊ ဆရာတွေ ဆရာမတွေက တနလ်ာ၊ အင်္ဂါဆိုရင် လူ
သင်တန်းကျောင်းနဲ့ မိန်းကလေးကျောင်းနဲ့ ကူးနေတာ၊ မောင်နှမတွေရှိ
တွေ့ပေးဖို့၊ အဲဒီ ဆရာမတွေနဲ့ သမီးနဲ့ လမ်းမှာတွေ့တော့ သမီး လာလာ
ကားပေါ်တက်၊ ရုပ်ရှင်သွားကြည့်မယ်တဲ့၊ သမီးကပါသွားတာ ဟိုရောက်
ရုပ်ရှင်မဟုတ်ဘူး၊ ကိုယ်နေတဲ့ကျောင်းကို ပြန်ရောက်နေတာ၊ ဆရာမက
လာလာ ညည်းသူငယ်ချင်းတွေနဲ့ တွေ့ပေးရမယ်တဲ့၊ သမီးကလဲ ဘယ်သူ
ချင်းကိုမှ သတိမထားမိဘူး၊ အထဲထဲရောက်မှ အခန်းသေးသေးလေးရောက်
ကြည့်လိုက်တော့ သမီးခေါ်သွားတဲ့ ကောင်မလေးဖြစ်နေတာ၊ အဲ့တာနဲ့ သမီး

နှစ်ယောက်ကို အဲ့ထဲမှာ တစ်ပတ်လောက် သမီးတို့ကို တံခါးပိတ်ထားတာ၊ ထမင်းတောင်မှ မနက်စာ တစ်ခါပဲကျွေးတာ၊ တစ်နေကုန် မကျွေးဘူး၊ ရေလေးပဲ တိုက်ထားတာ။ ၇ ရက်ပြည့်ရော ဆရာမနဲ့ မာမီကြီးက ခေါ်မေးတယ်၊ ညည်းတို့လေ ဒီတစ်ခေါက် အဲ့လိုမျိုး ထွက်ပြေးဦးမှာလား၊ သမီးတို့က မထွက်ပြေးတော့ပါဘူး၊ အဲ့လိုမျိုးပြောပြီးတဲ့အခါကြတော့ တကယ်တမ်း သေချာသွားပြီးလား၊ ဟုတ် သေချာသွားပြီ၊ အဲ့လိုမျိုးပြောမှ အများနဲ့ သမီးတို့ကို ရောထားပေးတာ"

"အဲ့လိုမျိုး ကျောင်းပြန်ရောက်တော့ သမီး နဂိုအတိုင်းပဲ သန့်ရှင်းရေးလုပ်ရတယ်၊ လူကြီးလာမယ်ဆိုရင် အဆောင်တွေအကုန်လုံး သပ်သပ်ရပ်ရပ်လုပ်ရတယ်၊ အဆောင်တွေအကုန်လုံး သန့်ရှင်းရေးလိုက်လုပ်ရတယ်၊ ထမင်းဟင်း ကောင်းကောင်းမွန်မွန် ချက်ထားရတယ်။ နောက်တစ်ခေါက် နေကြာစေ့စက်ရုံက ပြန်လာခေါ်သေးတယ်- ဆရာမတွေက ပြောလိုက်တာ ခင်ဗျားတို့က အရင်တုန်းကတော့ ကျွန်တော်တို့သမီးတွေကိုတဲ့ မခိုးဘဲနဲ့ ခိုးတယ်ဆိုပြီးတော့ ခင်ဗျားတို့က စွပ်စွဲပြီးပြီတဲ့။ . သူတို့ အလုပ်ပြန်လာတိုင်း ပြန်လာတိုင်း ကျွန်တော်တို့က ချိုင့်တွေကို စစ်ပြီးသားတဲ့။ . သူတို့ချိုင့်တွေထဲမှာ ဇီးဖြူသီးတို့- မန်ကျည်းသီးတို့ သရက်သီးတို့ပဲ ပါလာတာ၊ နေကြာစေ့ဆိုတာ တစ်ခုမှမပါဘူးတဲ့။ . ခင်ဗျားတို့က စွပ်စွဲတုန်းက စွပ်စွဲပြီး၊ အခု ကလေးနှစ်ယောက်ကို ပြန်ခေါ်မယ်ဆိုတော့ ကျမတို့လဲ မထည့်ချင်ဘူး၊ ကလေးနှစ်ယောက်ကလဲ ပြန်လိုက်ချင်မှာ မဟုတ်ဘူးတဲ့။ . ဆရာမက အဲ့လိုမျိုးပြောတဲ့အခါကျတော့ နေကြာစေ့စက်ရုံကို မလုပ်ရတော့ဘူး"

"ဒါနဲ့ ကလေးတွေရဲ့အဝတ်တွေ လျှော်ပေးတယ်၊ တီဗွီကြည့်တယ်။ . ထမင်းချက်၊ သန့်ရှင်းရေးလုပ်။ . စိုက်ပျိုးရေးလဲလုပ်တယ်-နောက်။ . စနေတနင်္ဂနွေ တီဗွီကြည့်နေတဲ့အချိန်ကြီးမှာ ယောကျ်ားကြီးတယောက်က။ . ကျောင်းကို လေ့လာရေးခရီးလာတော့ ဒုကျောင်းအုပ် ဆရာမကနေ ပြောလိုက်တာ။ . ဒီကျောင်းမှာ သာစည်သူ ကောင်မလေးတစ်ယောက်ရှိတယ်ဆိုတော့ သမီးကို ခေါ်မေးတယ်။ . ဘယ်ရပ်ကွက်ကလဲ။ . သာစည် အမှတ်ဘယ်လောက်လဲ ဆိုပြီး

တော့ မေးတာ၊ အဖေ. . အမေနာမည်တွေရော မေးတာ၊ မေးတော့ အဲ့
ဦးလေးနဲ့ သမီးတို့အိမ်ကဟာတွေနဲ့ သိတော့ သမီးတို့အိမ်ကို ပြန်ပြောပေးတော
အဒေါ်ကနေ သမီးကျောင်းကို လာတွေ့တယ်. . သမီး ဘောင်တွေ ရေလောင်
နေတဲ့အချိန် အဒေါ်က ရောက်လာတာ. . သမီးက မသိဘူး. . ဂိတ်သမားတွေ
ကနေ နှင့်အဒေါ် လာတွေ့တယ်တဲ့- အဒေါ်ဆိုတော့ သမီး အရမ်းဝမ်းသာ
သွားတာ. . သူများကလေးတွေ အဒေါ်တွေ- ဆွေမျိုးသားချင်းတွေ၊ မေ
ဖအေတွေ လာတွေ့တယ်၊ ကိုယ့်ကို ဘယ်သူမှ မတွေ့ဖူးဘူး၊ သူ့ကိုတွေ့တော
ကိုယ်ကလဲ ဝမ်းသာလွန်းအားကြီးပြီး ငိုချတာ- အဒေါ်ကနေ ငါ့တူမ မငိုနဲ့တ
. . တိတ်. . တိတ်. . အားတင်းထားစမ်းပါ. . သူများတွေ အရင်တုန်းက အဲ့
ငိုလို့လားတဲ့၊ သူများတွေက ငိုတော့ မငိုဘူးလေလို့၊ ကိုယ့်အလှည့်တော့ ဘယ်နှ
ရှိလို့ ဘယ်နှစ်နှစ်ရှိမှန်း မသိဘူးလို့၊ အခုဟာက ကိုယ်လဲ ဝမ်းနည်းတာပေါ့လို
ကိုယ့်ကို ဒါမျိုးလာမတွေ့ဘူးတော့လို့၊ အဲ့ကြောင့်မို့လို့ ငိုလိုက်တာလို့ဆိုတော
တိတ်တော့ တိတ်တော့၊ မငိုနဲ့ဆိုပြီးတော့ ကျောင်းအုပ်ဆရာမကြီးတွေနဲ့ စကာ
ပြောတာ- နောက်ရက်ကျ အဒေါ်က ပြန်သွားတာ- အမေကြီးက တစ်ခေါက
ရောက်လာတယ်. . အမေကြီးနဲ့ အဒေါ်နဲ့ တစ်ယောက်တစ်လှည့်စီလာတာ. .
နောက်ဆုံးတစ်ခေါက်ရောက်တော့ အဒေါ်ပဲ ပြန်ရောက်လာတာ၊ ဆရာမကြီးက
အိမ်ထောင်စုဇယားရယ်၊ ထောက်ခံစာရယ်တဲ့ . . သူ့အမေ မှတ်ပုံတင်ရှိလာ
တဲ့. . သူ့အမေမှတ်ပုံတင်တော့ မရှိဘူး၊ အဘွားမှတ်ပုံတင်တော့ ရှိတယ်. .
ရတယ်တဲ့၊ အဘွားမှတ်ပုံတင်ယူခဲ့ဆိုတော့. . အဲ့မှတ်ပုံတင်ယူပြီးတော့ တခ
သမီးဆီကို ပြန်လာတာ. . နေဦး- စောင့်ကြည့်ဦးမယ်တဲ့. . အထက်ကလူကြီး
က အမိန့်ကျလို့ရင်တဲ့ ကလေးကို ပြန်ခေါ်လို့ ရတယ်ဆိုပြီးတော့ အထက်က
လူကြီးဆီ စာပို့၊ အထက်က စာကျတဲ့ အခါကျတော့ ခေါ်လို့ရပြီတဲ့၊ ဒါမယ်
ကလေးကိုခေါ်လို့ရင်တဲ့ တလတခါ လာပြရဦးမယ်တဲ့၊ ခြောက်လ မပြည့်မချင်းတဲ့
ကလေးဘာဖြစ်တုန်း. . ပြန်ဖြစ်လို့ရင်. . နေပုံထိုင်ပုံအဆင်မပြေဘူး- သွား
လာပုံ အဆင်မပြေဘူးဆိုရင် ပြန်ခေါ်မယ်ဆိုပြီးတော့ အဒေါ်ကို အဲ့ဒါမျိုး

ာလိုက်တာ။ ။ မှာလိုက်တော့ အဒေါ်ကလဲ တစ်လတစ်ကြိမ် သမီးကို လာလာ
ခဲတာ။ ။ ချို့ယွင်းချက် ဘာမှမတွေ့ရဘူးဆိုပြီးတော့ နိုင်ငံတော်ကလဲ ပြန်
ခေါ်တော့ဘူး- သင်တန်းကျောင်းက ဆရာမတွေကလဲ သမီးကို ပြန်မခေါ်တော့
ဘူး"

"သမီးကို အလုပ်ရအောင်၊ နားလည် သိတတ်အောင်လို့ ဆိုပြီးတော့
နှိုက်ကုန်ပို့လိုက်တယ်။ ။ ရန်ကုန်မှာ အဒေါ်တွေ ရှိသေးတယ်- အဒေါ်တွေအိမ်မှာ
ဧည့်သည်လေးတွေကို ကျောင်းအပို့အကြိုလုပ်ပေးရတာ။ ။ တရက်တော့ ဖုန်းလာတယ်၊
သမီးမှာ ငယ်ငယ်လေးတည်းက နှစ်နှစ်၊ သုံးနှစ်လောက်တုန်းက အဒေါ်
တစ်ယောက်က ပျောက်သွားတယ်လို့ သတင်းကြားထားတာ။ ။ အဲဒီအဒေါ်က
ကွဲကို တွေ့ချင်လို့တဲ့။ ။ သူက ပြန်ရောက်လာပြီ ဆိုပြီးတော့ သမီးကို ဖုန်းဆက်
ပြောတာ။ ။ ရန်ကုန်အိမ်က ပိုက်ဆံတွေ ထည့်ပေးလိုက်တယ်။ ။ မုန့်ဖိုးတွေရော
အမျာကြီး၊ ဟိုလဲရောက်ရော သီချင်းက ဖွင့်ထားတာ။ ။ အဒေါ်ရဲ့စေ့စပ်ပွဲလို့
သမီးက ထင်နေတာ။ ။ အထဲထဲရောက်တော့ လူတွေ အုံနေတာ၊ ကိုယ်လဲ
မသိဘူး၊ အပေါ်လဲရောက်ရော- သမီး အဝတ်အစားလဲတော့။ ။ လဲပြီးတော့
သမီး နှင့်အမေကြီးတော့တဲ့။ ။ နှင့်အမေကြီး အိပ်သွားပြီတဲ့။ ။ သမီးက
နားမလည်လို့ တခါပြန်မေးတာ- အိပ်သွားပြီဆိုတာ ဘာပြောတာလဲလို့၊ အေးလေ
နှင်လဲ အရွယ်ရောက်မှတော့ ငါလဲ ပြောပြရမှာပေါ့ ပွင့်ပွင့်လင်းလင်း၊ နှင့်အမေ
ကြီးကတဲ့ ဆုံးသွားပြီတဲ့။ ။ အဲဒါ သမီးက သဲကြီးမဲကြီးငိုတာ- အဲ့အချိန်တုန်း
ကတည်းက လမ်းမှာ သိလို့လား မသိဘူး၊ သမီးက အမေကြီးကြိုက်တဲ့ ပန်းသီး
လေးကို ဝယ်လာတာ။ ။ ဒီလိုနဲ့ ရန်ကုန်လဲ မပြန်ဖြစ်တော့ဘူး"

"သာစည်အိမ်မှာ အဒေါ်နဲ့အတူ နှစ်ယောက်ထဲနေတယ်- အဒေါ်နဲ့
ပုလင်းအိတ်တွေ လိုက်ရွက်တာ။ ။ တစ်ရက်က အလုပ်သွားတော့ အဒေါ်နဲ့
ရန်ဖြစ်တာ- ကလေးတွေက အဲဒီနားလေးမှာ ဘတ်ခွတွေနဲ့ ဌက်ပစ်တာလား။ ။
ကလား မသိဘူး သူတို့က ဆော့နေကြတာ- ပုလင်းအိတ်ကြီးကို မှန်သလား
မမှန်သလား မသိဘူး၊ အဒေါ်ကနေပြီးတော့ သမီးကြောင့် ပုလင်းတွေကွဲပါတယ်

ဆိုပြီးတော့ သမီးကို မီးချောင်းကြီးနဲ့ မျက်နှာရိုက်တာ။ ။ သမီးကလဲ သမီး
ရိုက်ရမလားဆိုပြီးတော့ အဒေါ်ကို ပြန်ပြီးတော့ ဆွဲလုံးတာ။ ။ တူရီးနှစ်ယော
လုံးသတ်ပြီးတော့ အိမ်ပြန်မလိုက်တော့ဘဲ ဘူတာသွားပြီး ရထားပေါ်တက်လို
တာ မန်းလေးဘူတာကြီးကို ပြန်ရောက်လာရော- အဲဒီတော့ ၁၃ နှစ်ရှိနေ
"ဘူတာကြီးမှာပဲ နေတယ်- ဘူတာကြီးမှာ ကိုနံရိုးကျိုးတို့ ဘတ်ကျွန်းတ
လေ- လျှာတစ်လစ်တို့နဲ့ နေတာ- သူတို့မှာ အရင်တုန်းက ဆရာတစ်ယော
ရှိတယ်။ ။ အကိုကြီးတယောက်လေ။ ။ အမှိုက်ကောက်တာ သူတို့ကိုလဲ ခိုင်း
တာပဲလေ-အဲ့လို ရထားကြိုခိုင်းတယ်-အမှိုက်ကောက်ခိုင်းတယ်၊ ပြီးရင် သူတို့
ဒိုင်တွေမှာ ပြန်ရောင်းတာ- အဲ့အကိုကြီးတွေဆီမှာ သူတို့က နေရတာ- သမီ
လဲ သူတို့ဆီ ရောက်သွားတာ၊ နောက်တော့ သမီးက ကွမ်းစားတော့ ကွမ်း
ဝယ်တော့ ဆိုင်ကမိန်းမကြီးက မယာတတ်ဘူး၊ သမီးက ဝိုင်းယာပေးရင်
တခြားကောင်လေးတွေနဲ့ပါ ရင်းနှီးသွားတာ၊ ဆီချူတို့အဖေနဲ့လဲ ခင်သွား
သူတို့နဲ့ လိုက်နေပြန်ရော၊ သူတို့ အမှိုက်ကောက်သွားလဲ လိုက်- ရထားကြီ
လိုက်ကြတာပဲ"
"တရက်တော့ ဆေးရုံအနောက်ဘက်မှာ ရွှေညီအကိုဇာတ်ပွဲရှိတော့
အဲ့ဒီရွှေညီကိုပွဲထဲနေရင်း ဆယ့်နှစ်ပွဲစျေးရောင်းတဲ့မိန်းမကြီးနဲ့ ရင်းနှီးသွားတ
သူမှာ မွေးစားထားတဲ့ ကောင်မလေးတယောက်လဲ ရှိတယ်၊ အဲဒီကောင်မ
က ခင်မေဖြိုးတဲ့၊ သမီးက သူတို့နဲ့ နေလိုက်ရော။ အဲဒီမိန်းမကြီးက စျေးထဲ
ပိုက်ဆံတောင်းတာလေ၊ တောင်းတော့ နောက်ကနေ အဖော်လိုက်သွားတ
သူက စျေးလဲရောင်း၊ တောင်းလဲ တောင်းတယ်။ နောက်သမီးတို့ကို မွေးစားတဲ့
ပေါ်လာတယ်၊ မေဇင်ဦးတဲ့၊ မွေးစားတဲ့မိန်းမကြီးနာမည်က။ သူက သမီးနေ
မိန်းမကြီးနဲ့ သိနေတဲ့အခါကျတော့ သမီးတို့အကြောင်းကိုမေးတော့ အတူနေ
မိန်းမကြီးက ပြောပြတာ။ ။ ။ ပြောပြတဲ့အခါကျတော့ သူက သမီးတို့ကို စက
လာပြောတာ၊ သူတို့နဲ့နေမှာလား ဘာညာနဲ့ လာပြောတာ၊ အခုနေတဲ့ မိန်းမကြီ
ဆယ့်နှစ်ပွဲလှည့်ရောင်းမှာ၊ သူတို့က ခရီးဆက်ရအုံးမှာ၊ ငါတို့က ဒီမှာပဲနေ

ဆိုတော နင်တို့လည်း ဒီမှာပဲနေပေါ့။ ဝေးဝေးလံလံလည်း လိုက်စရာမလိုတော့ဘူး၊ အိမ်မှာပဲ ကောင်းကောင်းမွန်မွန် နေရမှာ ကောင်းကောင်းမွန်မွန် စားရမှာ ဆိုပြီး ခေါ်သွားတော့ လိုက်သွားခဲ့တာ"

"အစတုန်းကကျ မေဇင်ဦးက လမ်းဘေးမှာ နေသေးတယ်၊ လမ်းဘေးမှာ ဟိုနားနေ ဒီနားနေ၊ အဲလို အိပ်ရာခင်းပြီး နေကြတာ၊ ပွဲရှိတဲ့နေရာတွေမှာ လိုက်နေတယ်၊ နောက်ပိုင်းကျတော့ အဆင်မပြေလို့ဆိုပြီး သူက သူတို့အမေတွေ့ သူတို့ယောကျ်မတွေဆီက ပိုက်ဆံတောင်းပြီးတော့ ရောထွန်းဘက်မှာ ကျူးတဲလေးတွေ့ သူတို့ဟာ သူတို့ဆောက်ပြီး နေကြတာ"

"လမ်းဘေးနေတုန်း တရက်မှာ သမီးတို့သူငယ်ချင်းနှစ်ယောက်ကို ဆိုင်ကယ်နဲ့ ဘုရားကြီးဘက်ကို တင်ခေါ်သွားတယ်။ ရှမ်းစုဘူတာဘက်ရောက်သွားတာ။ ပြီးတော့ သံလမ်းမှာ သမီးတို့တွေ့ ထိုင်ကြတယ်။ ထိုင်ကြတဲ့အချိန်မှာ ယောကျ်ားလေးတွေ့ ရောက်လာကြတယ်။ ဦးဇင်းရော၊ ကတုံးပြောင်ပြောင်ကြီးနဲ့။ ပြီးတော့ သူတို့က ဒီအဖြူလေးကို ကြိုက်တယ်၊ ဘာညာတို့ပြောတယ်။ ဒါနဲ့သမီးက မေဇင်ဦးကို ပြန်ပြောတယ်။ အမေ အဖြူလေးကို ကြိုက်တယ်ဆိုတာ ဘာပြောကာလဲလို့ သမီးကပြန်မေးတော့ ညည်း မရှည်နဲ့၊ အသားလေးနေလို့ သူက သမီးကို ဆိုတယ်။ ခဏနေတော့ ဦးဇင်းကြီးက သမီးကို ရွေးသွားလို့ သူ့နောက်ကို လိုက်သွားခိုင်းတယ်။ အမေ သမီးက သူ့နောက်လိုက်ပြီး ဘာလုပ်ရမှာတုန်းလို့ဆိုတော့ ညည်းတော်တော်လျှာရှည်လှချည်လားဆိုပြီး သမီးကို ခဲနဲ့ လှမ်းထုတယ်။ ထုတော့ သမီးက ကြောက်ကြောက်နဲ့ လိုက်သွားလိုက်တယ်"

"သံလမ်းအောက်မှာ ချုပုတ်ကြီးတွေ ရှိတယ်၊ အဲ့ဘက်ကို ခေါ်သွားတာ၊ လိုက်သွားတော့ အဲ့ဒီ ဦးဇင်းက သမီးကို ဟိုဟာခိုင်း၊ ဒီဟာခိုင်း ခိုင်းတဲ့အချိန်မှာ သမီး ဝမ်းနည်းပြီး ငိုနေတာ။ ငိုနေတဲ့ အခါကျတော့ သမီးကို မေးတယ်၊ ညီမလေး ဘာလို့ ငိုတာလဲတဲ့၊ ဟင်လို့ ဝမ်းနည်းလို့ပါလို့၊ အဲ့ဒီအမေက သမီးတို့ကို ဘာခိုင်းမှန်းလဲ မသိဘူးလို့၊ နားလဲ မလည်ဘူးလို့ သမီးက သူ့ကို ပြန်ပြောလိုက်တာ။ အဲ့ဒီအခါကျတော့ ညီမလေးက ဒါမျိုး ဟဝှာမဖြစ်ဖူးဘူးလားတဲ့၊ မဖြစ်ဖူးဘူးလို့၊

သူ့လက်ထဲရောက်တာ ကြာပြီလားတဲ့၊ ကြာသေးပါဘူးလို့ဆိုတော့ ဟုတ်လား အဲ့ဆိုရင် သူ့အကြောင်းပြောပြမယ်ဆိုပြီးတော့ သူက ပြောပြတာ။ သူက မကောင်းတဲ့မိန်းမတဲ့၊ သူက မကောင်းဘူးတဲ့၊ သူ့လက်ထဲမှာ ကြာကြာလဲ မနေနဲ့တဲ့၊ သူ့ နေတဲ့ မိန်းကလေးတွေဆိုရင် သူက နှိပ်စက်တယ်တဲ့၊ ရိုက်နှက်တယ်တဲ့၊ အဲ့ဒါမျိ ပြောတာ။ ပြောပြီးတော့ ဦးဇင်းက ကူညီပေးတယ်၊ ညီမ ဒီကပြန်ထွက်၊ ပြ ထွက်ပြီးလို့ နှင့်အမေက မေးလို့ရင် ပြီးသွားပြီလားဆိုရင် ပြီးသွားပြီပဲ ပြောလိုက် တဲ့၊ အဲ့ကျရင် ငါက ဘေးကနေ ဝင်ပြောပေးမယ်တဲ့၊ ဟုတ်တယ်၊ အမြ ပြီးသွားပြီ ဘာညာလို့။ အဲ့လိုမျိုးပြောပေးမယ်ဆိုပြီးတော့ သမီးကို ပြန်ခေါ် သွ ပေးတာ”

“နောက်တခါကျတော့ တည်းခိုခန်းကို ထည့်တာ၊ ပထမ ခင်မေဖြူ တစ်ယောက်ပဲ သူက ထည့်လိုက်တာ။ သူ့ကို အလုပ်ထည့်လိုက်တာ ပိုက်ဆံ ခြောက်သောင်းနဲ့၊ ပါကင်ဖောက်ရအောင်ဆိုပြီးတော့ ထည့်လိုက်တာ။ သူ့ ငယ်တော့ကျတော့ သူ့ကို ပိုပြီးတော့ ဈေးကောင်းရလို့ဆိုပြီးတော့ သူက အ ဟာ့ဖြစ်ဖို့ ဆိုပြီးတော့ ထည့်လိုက်တာ။ တည်းခိုခန်းကို ကောင်လေးတစ်ယော နဲ့ ခင်မေဖြူးကို ထည့်လိုက်တာ။ သူက ၁၂ နှစ်လောက်ရှိအုံးမှာ။ ကောင်မလေ က ငိုပြီး အိမ်ပြန်ရောက်လာတာ။ သူ့တစ်ယောက်ထဲ ပြေးလာတာ။ မိန်းမကြီး ညည်း ဘာဖြစ်တာလဲလို့မေးတော့ သူက ဘာမှ မပြောဘူး၊ အဲဒီအချိန်မှ အဲ့အကိုကြီးက နောက်ကနေ ရောက်လာတာ။ လိုက်လာတဲ့ အခါကျတော့ ကျွန်တော့်ပိုက်ဆံ ပြန်ပေးတဲ့၊ ခင်ဗျားကောင်မလေးက ဘာမှလဲ မဟုတ်ဘူးတဲ့ အခန်းထဲရောက်တာနဲ့ ကျွန်တော်က မီးလေးပိတ်ရုံပဲ ရှိသေးတယ်၊ ကြောက်လ လား ဘာလို့လားမသိဘူးတဲ့၊ ကျွန်တော့်ကို တွန်းလွှတ်ပြီးတော့ ထွက်ပြေးသွ တာတဲ့၊ အဲ့လိုမျိုး ပြန်ပြောပြတာ။ အဲ့ကျတော့ သူက ပိုက်ဆံ ပြန်လျော်ပေ လိုက်ရတယ်။ လျော်ပေးလိုက်ရတော့ နှင့်ကြောင့်မို့ ပိုက်ဆံပြန်လျော်လိုက် တယ်နော်တဲ့။ ငါတို့စားမဲ့ဟာကို ညည်းကတဲ့ ဖျက်လိုဖျက်စီးနဲ့တဲ့ ကြိမ်းပြီး ညာ သူ့ကိုရိုက်တာ အနိုင်ကျင့်တာ၊ ခါးနဲ့ ခင်မေဖြူးရဲ့ ဟာ့ကို မွှန်းတာ၊ ခေါင်းရိတ်

ခါးနဲ့။ ပိုက်ဆံ ကိုယ့်လက်ထဲရောက်ပြီးမှ ပြန်အမ်းရတဲ့ထုံးစံ ငါ့မှာ တစ်ခါမှ မရှိဘူးတဲ့။ ညည်းနဲ့ကျမှ ငါဆီကို ထုံးစံရောက်လာတယ်၊ အဲ့မျိုးထုံးစံ ငါမဖြစ်မျင်ဘူးတဲ့။ ခင်မေဖြိုးက ငိုနေတာ၊ အမေရယ်တဲ့ မလုပ်ပါနဲ့တဲ့၊ သမီးကြောက်ပါတယ်တဲ့၊ နောက်ခါကျရင် အဲ့ဒါမျိုး မလုပ်တော့ပါဘူးလို့ ပြောတာ။ နှိပ်စက်ပြီးတော့ ဟိုဆေးတွေ ပင်နယ်စလင်၊ မောရိယမန်းဆေးတို့ ဝယ်ပြီးတော့ အဲ့ဒါနဲ့ပဲ ကျွေးသူ လုပ်ပေးတာ၊ အုန်းဆီလေးတွေနဲ့။ အဲ့တော့ သူ့ကို ဒီအတိုင်းပဲ အိမ်မှာ ဘာနာကျက်အောင် နေခိုင်းတာ၊ အနာပျောက်သွားပြီဆိုမှ အလုပ်ပြန်ခိုင်းတယ်။ အဲ့တော့ မငြင်းတော့ဘူး။ သူကလဲ အောင့်အီးခံပြီး နေလိုက်တာ။ နောက်ရက်ကျတော့ သမီးကို တည်းခိုခန်းကို သီးသန့် ပါကင်ဖောက်ဖို့ ဆိုပြီးတော့ လှမ်းခေါ်နိုင်းတာ။ စိတ်ချထားတဲ့ ညည့်သည်တစ်ယောက်နဲ့ ခေါ်ခိုင်းပြီး ပိုက်ဆံစျေးပြောပြီးတော့ သမီးကို ထည့်လိုက်တာ”

“နောက်သိပ်မကြာဘူး၊ ခင်မေဖြိုးက ထွက်ပြေးသွားတယ်၊ သူကပြောတာ၊ အမေတဲ့၊ ဝေါ့ဒ်ရှင်ကျောင်းကို သမီး သွားလိုက်ဦးမယ်တဲ့၊ ဆရာတို့ဆီကို ကလည်သွားလိုက်ဦးမယ်ဆိုပြီးတော့ အဲ့လိုမျိုးပြောပြီး ထွက်သွားတာ။ သမီးလဲ နောက်နေ့ကျတော့ အဲ့လိုမျိုးပြောတာ။ အမေလို့ သမီးကို ဝေါ့ဒ်ရှင်ကျောင်းလိုက်ပို့ပေးစမ်းပါလို့။ ညည်းက ဘာသွားလုပ်မှာတုန်းတဲ့၊ ညည်းက အဲ့ကျောင်းသိလို့လားတဲ့၊ သိတယ်လေလို့၊ သမီး အဲ့ကျောင်းမှာ နေခဲ့ဖူးတယ်၊ ဆရာတွေကလဲ သမီးတို့ကို ချစ်တယ်လို့ပြောတဲ့အခါကျတော့ သူက လိုက်ပို့ပေးတာ။ ပြီးတော့ သမီးလဲ နေ့လယ် တစ်နာရီပြန်လာခဲ့မယ်ဆိုပြီးတော့ပြောတာ၊ ပြီးတော့ သမီးက မပြန်ဘူး၊ ဘူတာဘက်ကို ရောက်သွားတယ်။ သူက သတင်းကြားလို့နေမှာပေါ့၊ ဘူတာဘက်ကို ပြန်လာခေါ်တာ။ အဲဒီအချိန်မှာ ခင်မေဖြိုးရော ဘူတာထဲမှာ ရှိတယ်။ အဲ့ကလေးမလေးက နပ်တယ်ဗျ၊ ထွက်ပြေးတာ မှုန်နေတာပဲ။ သမီးက ကြောင်တောင်တောင်ကြီး အဲ့နားလေးမှာ မတ်တတ်ရပ်ပြီးကျန်နေခဲ့တော့ ဟိုကောင်မ ညည်းပြောတာ ကြားလားတဲ့၊ ဟိုတစ်ကောင်က ပြေးသွားပြီတဲ့၊ ကံယ်. . ညည်းကလဲ ပြေးချင်နေတာ ဟုတ်လားတဲ့၊ အခြေအနေတောင်

ကြည့်လိုက်သေးတာတဲ့။ သူက အဲ့လိုမျိုးပြောပြီးတော့ သမီးကို တချက်ရိုက်ပြီး
သူ့ဆိုင်ကယ်ပေါ်တင် ပြန်ခေါ်သွားတာ။ အဲဒီတုန်းက သူ့အိမ်က လမ်းဘေးမှာ
ရှိသေးတယ်၊ ဆယ့်နှစ်ပွဲစျေးရှိတဲ့နေရာပဲ ရှိသေးတယ်၊ ပွဲတွေပြီးတော့မှ ရောထွေး
မှာ သွားနေတာ"

"ရောထွန်းဘက်ရောက်တော့ တရက်ကို နှစ်ယောက်လောက် သုံးယောက်
လောက်၊ သူ့လက်ထဲမှာ ပိုက်ဆံ နှစ်သောင်းလောက် သုံးသောင်းလောက်လေ
အဲ့လိုကိုင်ရတယ်ဆိုရင် သူက ကျေနပ်နေတာ။ အဲ့တော့ သူက ဘယ်နှစ်ယောက်
နေနေ၊ သူပိုက်ဆံသုံးရရင်၊ စုရရင်၊ ရွှေလုပ်ရရင် ပြီးတာပဲဆိုပြီးတော့ ပိုက်ဆံ
သုံးသောင်း လေးသောင်းရအောင်ထိ လုပ်ပေးရတယ်။ တခါတလေရောက်လို့
တစ်သောင်းခွဲရရင် နည်းနည်းစိတ်ချမ်းသာသေးတယ်။ တသောင်းတည်းရရ
စိတ်မချမ်းသာဘူး၊ ဆူပြီး ဟောက်တာ။ သမီးတို့က လုပ်လဲ လုပ်ပေးရသေးတယ်
အဲ့လိုမျိုးလဲ ပြောတာခံရသေးတယ်။ တရက် တရက်ကို သူတနေ့စပ်ပေးရ
အဆင်ပြေလို့ရင် ည့်သည်သုံးယောက်နဲ့ လေးယောက်နဲ့ပဲ ပြီးသွားတာ၊ တကယ်
လို့ အဆင်မပြေဘဲ ပိုက်ဆံနည်းနေတယ်ဆိုရင် ည့်သည်ငါးယောက်လောက်
ခြောက်ယောက် ခုနှစ်ယောက်လောက်ဖြစ်သွားတာ။ သမီးတို့ကျ မပေးဘူး

"ရောထွန်းမှာကျတော့ အိမ်နားလေးမှာပဲ၊ တာရိုးပေါ်ပေါ့။ ကားလေ
ပေါ်တက်တော့လေ၊ အောက်မှာ ချုပုတ်ကြီးရှိတယ်။ အဲ့ချုပုတ်ထဲကိုဝင်ပြီးတော့
လေ၊ အဲဒီမှာ ဖျာတွေ ဘာတွေ ခင်းထားတာ။ လမ်းဘေးတုန်းက တည်းခိုခန်း
တွေ ခေါ်သွားတာ၊ တည်းခိုခန်းတွေကတော့အများကြီးပဲ။ အောင်မောင်းတဲ့
မြသီတာ တည်းခိုခန်း အများကြီးပဲ ကျန်သေးတယ် မေ့နေတာ။ တာရိုးမှာ
ဘယ်လောက်ကြာလဲ မသိဘူး၊ သူရိုက်တာနဲ့ပဲ တွေ့ပြီး သမီးက ကြောက်နေ
ရတာ၊ ဘယ်လိုထွက်ပြေးရင်ကောင်းမလဲလို့ အဲဒါပဲ ကြံစည်နေတာ။ တာရိုးမှာ
တခါတလေ သမီးတစ်ယောက်ထဲ"

နောက်ထပ် စော်နှစ်ယောက် ရောက်လာသေးတယ်။ ဒီပြင် ယောကျ်ား
လေးတွေက လာရောင်းတာလေ၊ သူတို့ကြိုက်တဲ့စျေးနဲ့။ တယောက်က ဘယ်

ရလာတာလဲ မသိဘူး၊ တယောက်ကကျ ဘုရားကြီးထဲကတဲ့၊ မယ်သီလရှင်
လေ။ သူတို့ဘုရားကြီးမှာ လဲခိုင်းတာလား မသိဘူး၊ သမီးတို့ဆီ ခေါ်လာတဲ့
အဝါကျတော့ လူဝတ်နဲ့၊ လျှာထိုးဦးထုပ်လေးဆောင်းလာတာ၊ အရွယ်ကတော့
နည်းနည်းကြီးပြီ။ သမီးတို့ထက် နည်းနည်းကြီးတယ်။ နောက်တယောက်က
သမီးနဲ့ လယ်ဗယ်ပဲ။ သူက ဆံပင်ဂုတ်ဝဲလေးနဲ့။ သူတို့က ဘာအတွေ့အကြုံမှ
ရှိသေးဘူး။ အဲ့လိုဆိုရင် မေဇင်ဦးက ပြောပြတာ. . သမီးတို့ သနပ်ခါးလိမ်းပြီး
ဖို့ရင် အပေါ်တက်လို့ရင် ထိုင်နေလို့ရင် ဘယ်လိုထိုင်၊ ဘယ်လိုနေ၊ ညည့်သည်
တွေနဲ့ အမေစျေးညှိပေးလို့ရင် ညည့်သည်တွေက စျေးဘယ်လောက် ဘယ်လောက်၊
ဘယ်သူ့ကို ကြိုက်တယ် ဘယ်ဝါကို ကြိုက်တယ်ဆိုရင် လိုက်သွားနော်။ ဘာညာ
ဆိုင်းဟိုဟာ လုပ်မယ်လို့ ပြောလို့ရင် ဆိုပြီး ပြောပြတယ်"

"သူတို့ကကျတော့ မငြင်းချင်ဘူး၊ နည်းနည်းလေ ကြာသွားမှလေ သူတို့
စိတ်တွေက ငြီးငြူလာတာ။ ဟင်. . ဒီလိုကြီးခိုင်းတော့ ငါတို့ ပိုက်ဆံလဲ မရဘူး
ဆိုပြီး အဲ့လိုမျိုး ငြီးလာတာ။ ငြီးလာတော့ သမီးကို မေးတယ်၊ နင် သူ့လက်ထဲ
နေရတာ စိတ်မပျက်ဘူးလားတဲ့၊ အော် ဘယ်လိုပြောလိုက်တာတုန်း စိတ်ပျက်တာ
ပေါ့လို့။ ဒါမယ့် ငါကလို့ သူ့လက်ထဲ နေတာကြာပြီဆိုတော့လို့ ငါက ကြောက်နေ
ရတာလို့၊ အခုချိန်ထိပဲလို့။ ပြီးတော့ သူက လုပ်ရင်လဲ ရက်ရက်စက်စက်
လုပ်တာလို့၊ ဘယ်သူ့ကိုမှ ရှေ့မကြည့် နောက်မကြည့် မကြည့်တော့ဘဲ လုပ်တာလို့၊
ငါ့မှာ အောင့်အီးခံနေရတာလို့၊ ဘယ်ထွက်ပြေးရင် လွတ်မလဲဆိုတာ ငါတောင်
မသိသေးလို့၊ ငါ့မှာ စဉ်းစားပြီးတော့ ဒီအတိုင်းပဲ နေသွားရတာလို့၊ အဲ့လိုမျိုး
ပြောလိုက်တာ။ သူတို့က ဟင်တဲ့၊ ပိုက်ဆံမရမှတော့ ဘာလုပ်ရမှာတုန်းတဲ့။
ကိုယ့်အတွက် တဝက်ရတယ်ဆိုရင်တော့ ကိုယ်လဲ သုံးရတယ်၊ ကိုယ့်မိဘလဲ
ပေးလို့ရသေးတယ်တဲ့။ သူတို့က အဲ့လို ပြန်ပြောတယ်။ သက်ြန်ရောက်တော့
ကျောင်မလေးက သက်ြန်မှာ ညည့်သည်တွေနဲ့ လည်ရင်းနဲ့ ပါသွားတာ၊ ဟို
ကစ်ယောက်ကကျတော့ တည်းခိုခန်းသွားရင်းနဲ့ ပြေးသွားတာ။ ကောင်မလေး
ကတော့ အရင်ရောက်ရောက် နောက်မှရောက်ရောက် သူတို့ကသာ လွတ်သွားတာ။
သမီးကတော့ ဘယ်တော့နေနေ သူ့ကြောက်တဲ့အခါကျတော့ ကျန်နေခဲ့တာ"

"သမီးကိုရိုက်တာက သူက သံတုတ်ကြီးတွေနဲ့လေ။ သမီးခေါင်းကို ခ
ခဏ ရိုက်ခွဲဖူးတယ်။ သစ်ကိုင်းတွေ ဝါးခြမ်းပြားကြီးတွေနဲ့ သမီးကို ရိုက်ခွဲတ
တခါတလေကျလို့ရင် သမီးကို ခဲနဲ့လှမ်းထုတာ။ တခါတလေကျလို့ရင် လက်ဝ
လဲ ရိုက်တယ်၊ လက်သီးနဲ့လဲ သမီးကို ဗိုက်တွေရော မျက်နှာတွေရော ထိုးတ
သူ့ယောကျ်ားကရော လက်သီးနဲ့ထိုးတာ"

"ဒီမန္တလေးရောက်လာတုန်းက သူ့လက်ထဲကို သမီးမရောက်ခင်တုန်
ကိုကျော်ဦးတို့အဖွဲ့ထဲမှာ နာဂစ်ဆိုတဲ့ ကောင်လေးတယောက်ရှိတယ်။ အ
တုန်းက ဒီရွှေခြဉ်းကျောင်းမှာ လာနေဖူးတယ်တဲ့။ အဲ့ကောင်လေးနဲ့ သ
ရည်းစားဖြစ်တာလေ။ ရည်းစားဖြစ်တဲ့ အခါကျတော့ အဲဒီတုန်းက အတူ
ကိုနိုင်ဦးတို့ကလဲ သဘောတူတယ်။ နောက်ပိုင်းကျတော့ သမီးက မေဇင်
လက်ထဲ ရောက်နေတဲ့အခါကျတော့ သူတို့တွေနဲ့က မခွဲချင်ဘဲနဲ့ ခွဲရတာ
သမီးက နောက်ပိုင်း သူတို့ဆီထွက်ပြေး၊ တခါ ပြန်မိ၊ ပြန်ထွက်ပြေး ပြန်
သမီးက ကိုယ်လဲ ဗိုက်ကြီးလို့ ကြီးမှန်းမသိဘူး၊ အချဉ်တွေ စားချင်လို့ဆိုပြီး
အချဉ်တွေချည်းပဲ ပိတ်စားနေတာ။ စားနေတဲ့အခါကျတော့ သူများတ
ကောင်မလေး နင် ဟုတ်တော့ မဟုတ်တော့ဘူးနော်၊ နင်တဲ့ ကိုယ်ဝန်ရှိနေပြီ
မှာ။ ဟာ ဘာကိုယ်ဝန်လဲလို့ ဘာကိုယ်ဝန်မှမရှိဘူးလို့၊ နားမလည်ဘူး
ကျွန်တော် အချဉ်ကြိုက်တတ်လို့ စားတာပါလို့၊ စားချင်လို့ စားတာပါလို့၊ သူတို့
အဲ့လို ပြန်ပြောတာ။ နောက်ကျတော့ ဗိုက်ကလေးနည်းနည်းလဲ ပေါ်လာ
မေဇင်ဦးက ဗိုက်တွေဘာတွေ ပျက်အောင်ဆိုပြီးတော့ ည့ီသည်တွေနဲ့ပဲ သမီ
အလုပ်တွေပြန်ထည့်တာ။ သူက ပျက်စေချင်လို့ သမီးကို ထည့်တာ၊ သမီးက
တော့ မဖျက်ချချင်လို့ဆိုပြီးတော့ ည့ီသည်တွေကိုပြောတာ။ ကိုကြီးရယ်
ညီမလေးကလို့ အမေ့ကို ကြောက်နေလို့ပါလို့၊ ညီမလေးလို့ မပေါ့မပါးကြီးနဲ့
သူတို့ကို သမီးက စကားကောင်းကောင်းမွန်မွန် ချိုချိုသာသာပြောတာ။ ပြီး
အခါကျတော့ ပိုက်ဆံရှာရင် ရှာပါစေ၊ တချို့က အရှာခံတာ။ အရှာခံပြီးတော့
ညီမ ရပြီ၊ ကျေးဇူးပဲ ကျွန်တော်ပြန်လိုက်ဦးမယ် ဘာညာဆိုပြီးတော့ သမီ
ပြန်ပို့ပေးကြတာ"

"အဲ့ဒါနဲ့ သမီးထွက်ပြေးပြန်ရော၊ ထွက်ပြေးလို့ရင် သမီး ဘယ်နေရာမှာ ရှိတယ်ဆိုတာ သူက အကုန်သိတယ်။ မန္တလေးက သူမသိတဲ့လူ တယောက်မှ မရှိဘူး။ သမီးကကျ မမြင်ဖူးဘူး၊ အဲ့လူတွေကသာ သမီးကို မြင်ဖူးတာ။ ယောကျ်ားနေနေ မိန်းမနေနေ သမီးကို ဘယ်လို ဘယ်လိုများ မှတ်ထားတယ် မြင်ထားတယ် မသိဘူး။ သမီး ဘယ်နေရာရောက်ရောက် သတင်းက သွားပို့တာ။ ပြီးရင် ဆိုင်ကယ်ကြီးနဲ့ လင်မယားနှစ်ယောက် ရောက်လာတယ်၊ သမီးကို ပြန်ပြန်ပြီးတော့ လာခေါ်တာ။ သမီး နည်းနည်းလေး၊ ဝိုက်လေးနည်းနည်းလေး အဝှာဖြစ်လာမှ သူယောကျ်ားကပြောတာ၊ ငါ့မိန်းမရယ် မခေါ်တော့ပါနဲ့တဲ့၊ နင့်သမီးကတဲ့ ဝိုက်ကတော်တော်ကို ကြီးလာပါပြီတဲ့၊ မလုပ်ပါနဲ့တဲ့၊ သူလဲ မနေချင်လို့ ခဏခဏ ထွက်ပြေးတာနေမှာပေါ့တဲ့၊ သူမွေးပြီးမှ ပြန်ခေါ်လဲ ရတာပဲတဲ့"

"ဒါနဲ့ လမ်းဘေးမှာ နာဂစ်နဲ့ပဲ နေတယ်။ နာဂစ်ဆိုတဲ့ကောင်က ခိုးတတ်တယ်လေ။ အဲ့ဒါ ရထားပေါ်မှာ ခါးပိုက်နှိုက်တာတဲ့၊ ဖုန်းတစ်လုံးနဲ့ နာရီနဲ့လေ။ နယ်ထိန်းရုံးက ရဲတွေက သူ့ကို လူငယ်သင်တန်းကျောင်းကို ပို့လိုက်တာ ဖမ်းပြီးတော့။ အဲ့တော့ သမီးနဲ့ သူနဲ့ကွဲသွားရော၊ ကွဲသွားတဲ့အခါကျတော့ ဝိုက်ကြီးနဲ့ ဆိုတော့ မေဇင်ဦးက ပြန်မခေါ်ဘူးလေ။ အဲ့တော့ သမီးက ဆီးချိုတို့မိသားစုနဲ့ပဲ နေတာ"

"သကြ်န်ရောက်တော့ ဘူးပလုံးတွေ ဘာတွေ သမီးတို့က လိုက်ကောက်တာ။ ကျုံးကြီးကိုပတ်ပြီးတော့ ဘူးတွေ ဘာတွေ တူတူလိုက်ကောက်တာ။ ဆီးချိုအေမေ မဝင်းမာက ငါ့တူမရယ် မကောက်ပါနဲ့၊ ဆီးချိုတို့ ကောက်တတ်တာပဲတဲ့၊ သူတို့ဘာသာသူတို့ ကောက်လိမ့်မယ်တဲ့၊ သမီး နားနားနေနေ ထိုင်နေပါတဲ့။ ဟာ ကိုယ်လုပ်မှ ကိုယ်စားရတာလေ တော်ပါပြီ၊ သမီး မနားပါဘူး၊ သမီး ကောက်မှာပါလို့။ ဒါမျိုးအလုပ်ဆိုရင် သမ္မာအာဇီဝနဲ့ ရှာစားရတဲ့ အလုပ်ဆိုရင် သမီးက လုပ်ချင်သေးတယ်၊ ဟိုလို ဒီလိုကြီးတွေကျတော့ သမီးက မလုပ်ချင်ဘူးလို့။ ဟားလေ၊ အဲ့ဒါတော့ သမီးကံပဲလေ၊ နင့်ကံမကောင်းခဲ့လို့ နင် အဲ့လိုဖြစ်တာပဲ၊ နားနေ. . နားနေဆိုပြီးတော့ သမီးကို နားနေခိုင်းတာ။ တခါ ညဘက် မြို့ထဲတွေ

ရောက်သွားတော့လေ အေးရီမအကို ကြယ်ကြီးနဲ့တွေ့တာ၊ တွေ့တဲ့အခါကျတော
ကြယ်ကြီးကနေ သမီးကို သနားလို့ဆိုပြီးတော့ သူကလဲ သမီးသူငယ်ချင်းဖြစ်နေ
အခါကျတော့ သူငယ်ချင်းဇိုက်ကို တာဝန်ယူမယ်ဆိုတော့ သမီးက လက်သ
မခံဘူး။ ဟင် နင် လက်သင့်မခံလို့ မရဘူးလေ၊ နင် တကယ်လို့ မွေးခါ
ဖွားခါနီး ရောက်လို့ရင် နင့်ကို ဘယ်သူက လာကူညီပေးမှာလဲတဲ့၊ ဘယ်သူ
မွေးပေးမှာလဲတဲ့၊ အဲ့လိုမျိုးပြောတာ။ ပြောတော့ သမီးကလဲ စဉ်းစားလိုက်တ
ကလေးရဲ့ရှေ့ရေးဆိုတော့လဲ၊ စဉ်းစားလိုက်ပြီးတော့ သမီးက လက်သင့်ခံလိုက်
အခါမှာတော့ သူတို့အဖေက သဘောမတူဘူး။ အေးရီမတို့ အမေနဲ့အဖေ
သဘောမတူဘူး။ ကြယ်ကြီးကို အိမ်ကို ခဏ ခဏပြန်ခေါ်သွားတယ်၊ ကြယ်ကြ
ကလဲ မရဘူး၊ သမီးဆီကို ခဏခဏ ထွက် ထွက်ပြေးလာတာ။ အဲ့တော့ သူအ
ကလဲ မထူးတော့ဘူး၊ ကောင်မလေးကလဲ ဗိုက်ကနည်းနည်းရင့်လာပြီ၊ ငါ
သဘောတူလိုက်ကြရအောင်ဆိုပြီး သဘောတူလိုက်တယ်။ ပြီးတော့ သူတို့အိ
ခေါ်နေတာ"

"သူတို့အိမ် နေတဲ့အခါကျတော့ သမီးက မွေးချိန်မှန်းလဲ မသိဘူး။ ရေ
အဝတ်တွေလျှော်ပြီးတော့ သမီးက အိပ်နေတာ၊ သနပ်ခါးလေးလိမ်းပြီးတေ
သမီးယောကျ်ားကနေ နှိုးတာ၊ အေးရီမကို နှိုးခိုင်းတာ. . အေးရီမ နင့်ယောင်
ကို နှိုးလိုက်တော့တဲ့၊ ကလေးအချင်း ကပ်လိမ့်မယ်တဲ့၊ မအိပ်ရဘူး၊ ထပြီး လမ်းေ
ဘာတွေ လျှောက်ခိုင်းလိုက်တဲ့။ အဲ့တော့ ထပြီး လမ်းတွေ ဘာတွေလျှောက်တ
ဗိုက်ကလဲ ကိုက်လာတာ၊ ခါးတွေကလဲ ကိုက်လာတာ၊ ကိုယ်က မွေးလို့ မွေးချင်မှ
မသိဘူး။ ဟိုလိုဆို သမီး သူ့လက်ထဲကို ပြန်မရောက်ဘူး။ ဒီ ကြယ်ကြီးအ
ကလေ၊ သူဦးနှောက်ရှိလို့ ဒီပြင်လက်သည်ကို ခေါ်ခိုင်းပြီး မွေးခိုင်းတယ်ဆို
သမီး သူ့လက်ထဲကို ပြန်မရောက်ဘူး။ သူက ဘာမှ မလုပ်တတ်တဲ့အခါကျတ
သူက မေဇင်ဦးကို အကူအညီတောင်းလိုက်တာ။ အကူအညီတောင်းတော့ သူ
သူ့သူငယ်ချင်း လက်သည်ရှိတယ်ဆိုပြီးတော့ လက်သည်နာမည်က မခိုင်တ
အဲ့မိန်းမကြီးကို ခေါ်ပြီးတော့ သမီးကို မွေးခိုင်းတာ။ ကြယ်ကြီးတို့အိမ်က
တာရိုးမှာ၊ ရောထွန်းပဲဆိုတော့ မေဇင်ဦးကို့နဲ့ နီးတယ်လေ"

"ကလေးလေးနဲ့ သမီးနဲ့ ကြယ်ကြီးတို့အိမ်မှာနေတုန်း မေဇင်ဦးက အကြွေး
လာတောင်းတာ။ ကြယ်ကြီးအမေက သမီးကို လာပြောတယ်၊ သမီး နင် ကလေး
လေးနဲ့ မတောင်းနိုင်ရင်နေတဲ့။ အမေတောင်းပေးမယ်၊ မြေးလေးကို ချီပြီးတော့၊
ကျွဲနွားဘက်မှာ တိုးရစ်ကားတွေအများကြီးပဲတဲ့။ အမေ လိုက်တောင်းပေးမယ်တဲ့၊
နွားတွေ လိမ်းပြီးတော့ သမီးအစား သွားတောင်းမယ်တဲ့။ အဲ့ကျရင် သမီး
သူ့ကို အကြွေဆပ်လို့ ရပြီတဲ့။ အဲဒီလို အကောင်းပြောတာကို မရဘူး၊ မေဇင်ဦးတို့
လင်မယားနှစ်ယောက်ကနေ အောက်ဆင်း. . . ဘယ်သူတုန်း ငါ့ကို အကြွေး
ဆပ်ချင် ဆပ်လိုက်လို့ပြောတာ၊ ပေး ဘယ်မှာတုန်း၊ အခုရှိလား၊ အခုဆပ်ဆိုပြီး
ဒဂါသတွေနဲ့ ပြောရော။ ပြောတော့ ညည်း တိုးတိုးပြော၊ ဟိုက မီးနေသည်က
ကျားလိမ့်မယ်တဲ့ ဘာညာနဲ့ ယောကျ်ားမက ပြန်ပြောတဲ့ အခါကျတော့ ဖျား ဖျား
ယား သေတဲ့၊ အဲ့ မီးနေသည် ဘာလို့ဂရုစိုက်ရမှာတုန်းတဲ့၊ လာခဲ့ ခေါ်သွားမယ်
ဆိုပြီးတော့ ကလေးရယ် သမီးရယ် ခေါ်သွားတာ။ သမီးကို တဲလေးသေးသေး
လေးတစ်လုံး ထိုးပေးထားတာ၊ အဲဒီထဲမှာ သမီးတို့သားအမိနှစ်ယောက် အိပ်ကြ
တာ။ ကြယ်ကြီးက ကော်ဘူးကြီးနဲ့ တာရိုးပေါ်မှာ ထိုင်နေတုန်း မေဇင်ဦး စျေးသွား
တဲ့အခါ တွေ့တော့တဲ့၊ ဟော့ကောင် ကြယ်ကြီး မင်းတဲ့ မင်းမိန်းမနဲ့တူတူ ပြန်ပေါင်း
မျင်လားတဲ့၊ အင်း ပေါင်းချင်တယ်။ နေချင်လား၊ နေချင်တယ်ဆိုတော့တဲ့၊
ကြယ်ကြီးကိုပါ သူ့အိမ်ကို ခေါ်ထားတာ။ ခေါ်ထားတဲ့အခါကျတော့ အလုပ်တွေ
ကာတွေ ခိုင်းတာလေ သူက ဒီရောထွန်းကနေ ဘုရားကြီးဘက်ထိ အမှိုက်သွား
မကောက်ပြီးကျွေးတယ်"

"သူတို့လင်မယားနှစ်ယောက်ကလဲ ထမင်းက သိပ်ပြီး စားစရာမရှိဘူး။
စားစရာမရှိတော့ သူတို့မိဘအိမ် သွားကြတယ်။ နင်တို့သားအမိတွေ ကလေးကို
သင်တန်းကျောင်းပို့ပြီးတော့ မအေ ဖအေရော ဘယ်ရောက်ရောက်ဆိုပြီးတော့
ငါက စိတ်ချဉ်ရင် လုပ်ပစ်မှာတော့၊ နင်တို့ သားအမိသုံးယောက်ကို ကြည့်ရတာ
မဟုတ်ဘူးတဲ့၊ မေဇင်ဦးက အဲ့လို ခဏခဏပြောတာ။ အဲဒီသွားမယ့်နေ့ကလဲ
အဲ့ပါပဲ ပြောနေတာ။ အခု ငါတို့ အိမ်ကို သွားဦးမယ်တဲ့၊ နင့်ယောကျ်ား ကြယ်ကြီး

လာရင် ပြောလိုက်၊ ဘယ်မှမသွားနဲ့၊ ဒီမှာပဲနေလို့ ပြောလိုက်တဲ့၊ ဟုတ်ကဲ့
သမီးက ပြောလိုက်တယ်။ သူတို့လဲ ထွက်သွားရော ကြယ်ကြီးက ပြန်ရောက်
တယ်။ သမီးက ဝမ်းနည်းနေတာ။ နင် ဘာဖြစ်တာတုန်းတဲ့၊ ဘာလို့ ငိုနေ
တုန်းတဲ့၊ အေးတော့ မေဇင်ဦးက ငါ့ကို ဒီလို ဒီလိုပဲ ပြောသွားတာ၊ ကလေးလေ
သင်တန်းကျောင်းပို့ပြီးတော့ ငါတို့ လင်မယားနှစ်ယောက် ဘယ်ရောက်ရော
လုပ်ပစ်မယ်လို့ သူက ပြောတယ်၊ ငါ မနေချင်တော့ဘူး ထွက်ပြေးမယ်ဆိုတ
အေးလေ နင့်သဘောပဲဆိုပြီးတော့ အကျီကြတွေထည့်ပြီးတော့ ထွက်ပြေးကြတ
အဲ့တော့ မြို့ထဲ ပြန်ရောက်သွားတာ။ ပထမ လမ်းဘေး ပုဆိုးလေးခင်းပြီး တ
အိပ်၊ ပြီးတော့ ဂုံးကျော်တံတားအောက်ကို သွားတာ၊ သွားတော့ ဂုံးက
အောက်မှာလဲ သမီးတို့ ကြာကြာနေလို့မဖြစ်ဘူး။ ကြယ်ကြီး ဒီပုံစံအတိုင်
မရဘူးနော်လို့၊ နင်က သေမှာမဟုတ်ဘူး၊ ငါတို့ သားအမိနှစ်ယောက်က သေ
လို့။ မေဇင်ဦးကလို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါ့ကို လိုက်ရှာမှာလို့၊ ဒီလိုလုပ်
အခု နင်ပေးထားတဲ့ပိုက်ဆံရှိတယ်လို့၊ အဲ့ပိုက်ဆံနဲ့ ငါတို့ သာစည်ကို သွားမယ်
မင်းလိုက်မှာလားလို့။ အေးလေ မင်းတို့သားအမိနှစ်ယောက်လွတ်ရင် ပြီးတ
ငါ လိုက်ခဲ့မယ်ဆိုတော့ သမီးတို့က ဂုံးကျော်ကနေ မြို့ဟောင်းကို လမ်းလျှော
တာ၊ အကြာကြီး လျှောက်ရတာ။ မြို့ဟောင်းရောက်တော့ လက်မှတ်ဝယ်
ညနေ သာစည်လော်ကယ်နဲ့ အိမ်ကိုလိုက်သွားတယ်”

“သာစည်ရောက်တော့ မဆင်းသေးဘဲ လှိုင်းဘွဲ့ဘူတာကို လိုက်ဝ
တယ်။ လှိုင်းဘွဲ့ဘူတာရောက်တော့ အရင်က သိခဲ့တဲ့ အမေကြီးတယောက်ဆီ
သွားတာ၊ ရောက်သွားပြီး အဲ့အမေကြီးဆီမှာ နေတယ်။ ကြယ်ကြီးက ဝ
မန္တလေးသားဆိုတော့ ဒီဘက်ကအလုပ်တွေကို မလုပ်တတ်ဖူးတဲ့၊ မန္တလေးမှ
အလုပ်လုပ်တတ်တာဆိုပြီးတော့ ငါပြန်လာမယ်တဲ့။ အရက်နှစ်ဆယ်လောက
အရက်နှစ်ဆယ်မဟုတ်ရင် ငါးရက်လောက် ခြောက်ရက်လောက်ပဲကြာမယ်
ပြန်လာခဲ့မယ်ဆိုပြီးတော့ မန္တလေးကို ပြန်တက်သွားတာ။ အဲ့ဒါ အလုပ်သွား
တာ။ သူက ပြန်မလာနိုင်ဘူး၊ အရက်နှစ်ဆယ်က ပြည့်တော့မှာ၊ အဲ့ရွာမှာ

ရတွေက ဒီ ဒူးလောက်ရှိတဲ့ အခါကျတော့လေ၊ သမီးကို မီးနေသည်ဆိုတော့ သမ္မာစိုးလို့ ငါတို့လက်ထဲမှာသေရင် အမှုပတ်လိမ့်မယ်။ နင့်အဒေါ်ဆီ ပြန်ပို့ ယ်ဆိုပြီးတော့ သမီးကို သုံးဘီးနဲ့ သာစည်ကို ပြန်လိုက်ပို့တာ"

"သမီးတို့ အဒေါ်အိမ်ဆီ ပြန်ရောက်သွားတဲ့အချိန်မှာ ကြယ်ကြီးက ရောက်လာတယ်တဲ့။ သမီးကလဲ သူ မန္တလေးသွားတုန်းက သူ့ကို မမှာလိုက်ရဘူး ါတို့သာစည်က ဆိုးတယ်နော်လို့ မမှာလိုက်ရဘူး။ မမှာလိုက်တော့ အဲ့မှာ ဒုက္ခ ရောက်တာ။ သာစည်ဘူတာမှာ ထမင်းသည်ဘွားတော်ကြီး ရှိတယ်။ အရင်တုန်း သမီးတို့က ထမင်းသွားသွားစားတာ။ ကြယ်ကြီးက အဲဒီမှာဝင်စားတော့ ားတော်ကြီးက သူ့ကို ပိုက်ဆံရေလှဲတာ မြင်သွားတဲ့အခါကျတော့ သူသားကို ားပြောတာတဲ့။ သူသားက သူ့ကို အကြီးဆွဲ ပါးရိုက်ပြီး ဟော့ကောင် မင်းက မှာ ကျကျနနထမင်းစားနေတာ၊ မင့်းမိန်းမကတော့ ဟိုမှာ ကလေးကြီးတစ်ဘက် အရူးမ ကျနေတာပဲ။ လျှောက်သွားနေတာလို့ပြောတော့ ကြယ်ကြီးကလဲ ဟုတ်မှတ်ပြီး လိုက်သွားတာတဲ့။ လိုက်သွားတဲ့အခါကျတော့ ဟိုလဲရောက်ရော၊ ိုက်ဆံတွေလဲယူ။ လူကလဲ စစ်တပ်ထဲ ရောက်နေရောတဲ့"

"စစ်တပ်ထဲ ရောက်တဲ့အခါကျတော့ အချုပ်ခန်းထဲမှာ နေနေရတာ။ နောက်ကျတော့ သူက ပျင်းလို့ဆိုပြီးတော့ အဲ့ဒီကဆရာကြီးကို ဆရာကြီး ကျွန်တော် အပြင်ဘက်ထွက်ပြီးတော့ မြက်ပေါက်ပေးမယ်လို့ ပြောတော့၊ အေး မင်း တကယ်လားတဲ့၊ ဟုတ်တယ် တကယ်ပြောတာပါဆိုတော့ ဟာ မဆိုးဘူးတဲ့၊ ရောက်တဲ့တပည့်တွေထဲ မင်းပဲ တော်တယ်၊ မင်းလိမ္မာတယ် မဆိုးဘူးတဲ့၊ အေး. . လာ. . လာ ထွက်ပေါက်ဆို ပေါက်ရောတဲ့၊ ပေါက်နေတော့ ဘိုးတော်ကြီး ဘစ်ယောက်နဲ့ တွေ့တာတဲ့။ ဘိုးတော်ကြီးကလဲ မြက်ပေါက်နေတာ၊ အမလေး ရှိတူရယ် မင်းတို့မို့လို့ ဒီစစ်တပ်ထဲ ဝင်ချင်တာနော်တဲ့၊ မင်း ဘာလို့ဝင်ချင်တာ မှန်းတဲ့။ ကျွန်တော် မဝင်ချင်ပါဘူး၊ သူတို့ ကျွန်တော့်ကို ပြောတယ်၊ ကျွန်တော့် မိန်းမ ကလေးကြီးတစ်ဘက်နဲ့ လျှောက်သွားနေတယ်ပြောလို့ ကျွန်တော်လိုက်လာ ာလို့ ပြန်ပြောတော့၊ အေး အဲဒါပဲ ယုံစားတာလေ၊ လူတွေကို ယုံစားတာလေ

တဲ့။ သူတို့တွေက မင်းတို့ကို ပြောတယ်၊ တိုက်တွေတို့၊ ရေတို့၊ မီးတို့၊ လ
ကောင်းကောင်းပေးမယ်လို့၊ တကယ်က ဘာမှမဟုတ်ဘူးတဲ့။ မင်းတို့ကောင်
တွေကို အနုနည်းနဲ့ အသုံးချမယ်။ မင်းအမေက တကယ်တမ်းက မရှိတော့ဘ
မင်းအမေက လျှောက်သွားနေတာ ဘာညာဆိုပြီးတော့ မင်းတို့ကို သူတို့
လိမ်ခေါ်တာတဲ့၊ စကားနည်းမျိုးစုံနဲ့ သုံးတာတဲ့။ အဲ့လိုမျိုးပြောပြီးတော့ မင်းအ
မင်းမိန်းမဆီပြန်သွားမလားတဲ့။ အား ဘယ်လိုပြောလိုက်တာတုန်း အဘကြီးရ
သွားမှာပေါ့။ ကျွန်တော်က သတိရတာပေါ့ဆိုတော့ အေးကွာ ငါ လမ်းညွှန်
မယ်၊ ဒီအတိုင်းသွားဆိုတော့၊ ကြယ်ကြီးက အဲ့အတိုင်း ထွက်ပြေးလာတ
ထွက်ပြေးလာလို့ အဲ့ဒီက အမေကြီးက သမီးဆီကို လိုက်ပို့တာ။ သမီးက ကလေ
လေးနဲ့ အနောက်ခန်းထဲမှာ အိပ်နေတုန်း အဒေါ်ကနေပြီးတော့ ဆောင်းနှင်း
ထစမ်း၊ ဒါ ကြယ်ကြီးဆိုတာ နင့်ယောကျ်ားလား၊ ဟုတ်. . အဒေါ်လို့၊ သူနာမည်
ကြယ်ကြီးခေါ် မိုးဇော်ဦးလို့"

"အဲ့ဒါနဲ့ အိမ်မှာ ကြယ်ကြီးရော တခါ အတူနေရော။ အိမ်မှာနေတဲ့အ
ကျတော့ ချောင်းကို သမီးတို့က အဝတ်သွားလျှော်တာ၊ အဒေါ်ကလေ မသင့်ရ
တာတွေ ခိုင်းလို့ဆိုပြီးတော့ ကြယ်ကြီးက စိတ်ပျက်သွားတာ။ အဒေါ်က သူ့အဝ
အစား အတွင်းခံတွေ ဘာတွေ သမီးကိုပဲ လျှော်ခိုင်းတာလေ၊ အရင်တုန်းက
တော့ သူက သမီးကို မလျှော်ခိုင်းဘူး၊ အခု ကလေးရပြီး ယောကျ်ားရပြီးတော့
လျှော်ခိုင်းတာ။ လျှော်ခိုင်းတော့ ကြယ်ကြီးက မကြည့်ရက်ဘူး။ မကြည့်ရက်
အခါကျတော့ သူက တော်ပြီ ဆောင်းနှင်းဝေတဲ့၊ ငါ ဒီမှာ မနေတော့ဘူး
မန်းလေးပြန်တော့မယ့်တဲ့။ နင်လည်း နင့်အဒေါ်နဲ့ စကားများတယ်၊ ရန်ဖြစ်
မတည့်ဘူးဆိုရင် ငါ့နောက်ကို လိုက်ခဲ့တဲ့။ အင်းလို့ နင့်သဘောပဲဆိုပြီးတော့
သမီးက နေရစ်ခဲ့တာ။ နောက်နေ့လဲရောက်ရော အဒေါ်နဲ့ ရန်ဖြစ်တယ်။ သမီး
သချိုင်းကုန်းဘက်သွားပြီးတော့ ကလေးလေးကို ပုဆိုးနဲ့ စလွယ်လွယ်ပြီးတော့
ထင်းသွားခွေတာ။ ခွေပြီးတော့ ပြန်လာ၊ ပြန်လာပြီးတော့ အဲ့ဒီထင်းတွေ
ဖြတ်၊ ဖြတ်ပြီးတော့ နေလှန်း။ ဒါတင်မကဘူး၊ အိမ်မှုကိစ္စတွေက ကိုယ

တစ်ယောက်တည်းလဲ အကုန်လုပ်ရသေးတယ်၊ အဝတ်တွေလဲ လျှော်ရသေးတယ်။ အဲ့ဒါ ညသိပ်ထားတဲ့ ပန်းကန်တွေဆိုလဲ မနက်ရောက်မှ ဆေးရတာ။ ရေတွေလဲ မျိုးရရော၊ ချက်ရ သောက်ရရော၊ သမီးတစ်ယောက်ထဲ ခပ်ရတာ။ ပြီးတော့ ပန်းပင်ရေလောင်းတာတွေရော၊ အဲ့လိုမျိုး လောင်းပေးရတာ၊ တံမြက်စည်းလဲဆိုလဲ လှဲပေးရတာ၊ အဒေါ်က အဲ့ဒါကို အပြစ်မရှိ အပြစ်ရှာပြောတော့ အဲ့ဒါ သမီးနဲ့ ရန်ဖြစ်တာ။ ရန်ဖြစ်တော့ သမီးကလဲ ကြယ်ကြီးပြောထားတဲ့အတိုင်းပဲ မနေတော့ဘူးဆိုတော့ အေး ညည်း ငါ့အိမ်မှာ မနေရင် ရတယ်တဲ့၊ ညည်းတို့ သားအမိနှစ်ယောက် အိပ်ခဲ့တဲ့ခြင်ထောင် လျှော်တဲ့၊ လျှော်ပြီးတော့ လှန်း၊ လှန်ပြီးတော့ ခေါက်၊ ခေါက်ပြီးတော့ ငါ့လက်ထဲကို ထည့်ပြီးမှ နင်တို့သားအမိနှစ်ယောက် မြန်တဲ့။ အဲ့ဒါနဲ့ သမီးကလဲ လုပ်ပေးလိုက်တာ၊ အဒေါ်လို့ ဒီမှာ ရော့လို့၊ အဒေါ့် ဟာ. . လျှော်ပြီးပြီ၊ ခြောက်လဲ ခြောက်ပြီ။ အဲ့ဒါနဲ့ သမီးတို့ သားအမိနှစ်ယောက်က ညဘက်ကြီးထွက်လာတာ။ အထုပ်အပိုးတွေနဲ့ ကလေးကို ကျောပိုးထားကာ၊ သာစည်လော်ကယ်ကြီးနဲ့ မန်းလေးကို ပြန်လိုက်လာတာ။ မန်းလေးရောက်တော့ သူနဲ့ပဲ ပြန်တွေ့တာ၊ အဲ့မိန်းမကြီးနဲ့ပဲ ပြန်တွေ့တာ၊ မေဇင်ဦးနဲ့"

"ညည်းတို့ ငါတို့မှာရင် မှာထားခဲ့တဲ့အတိုင်း မနေဘူးတဲ့၊ တော်တော်လေးထွက်ပြေးချင်တာ ဟုတ်လားတဲ့။ ညည်းတို့သားအမိနှစ်ယောက်တော့ သေတော့မှာ ဘာညာနဲ့။ သူက ကလေးမှာ အပြစ်ရှိပြီဆိုရင်လဲ သမီးကို ရိုက်တာ၊ သမီးမှာ အပြစ်ရှိပြီဆိုရင်လဲ ကလေးကိုပါ ရိုက်တာ။ သူက အဲ့လိုမျိုး မဲတာ။ ကလေးက သူ့ဆိုရင်ကို ကြောက်နေတာ၊ ကလေးက နေ့တိုင်းငိုနေတာ။ တရက်မှာ သမီးက တီဗွီသွားကြည့်တာ၊ လက်ဖက်ရည်ဆိုင်မှာ တီဗွီသွားကြည့်တဲ့အခါကျတော့ မေဇင်ဦးက မုန့်တီသုပ် စားချင်လို့ ဆိုပြီးတော့ ဝယ်စားတာ။ ဝယ်စားတဲ့အခါကျတော့ ကလေးကလဲ ကလေးဆိုတော့ သူကလဲ နားမလည်ဘူး၊ လူကြီးစားတာ မြင်ရင် ဘယ်ကလေးနေနေ လက်ဝါးဖြန့်တာပဲ။ သူကလဲ အဲ့လိုမျိုးပဲ လက်ဝါးဖြန့်တဲ့အခါကျတော့ မေဇင်ဦးကနေ ကျွေးလိုက်တာ။ ပထမတခု အမျှင်တစ်မျှင်လေး ကျွေးလိုက်တာ။ ကျွေးပြီး ကလေးက မနားဘူးလေ၊ တခါပြီးတခါ

ဆက်တောင်းတဲ့အခါကျတော့ သူကလဲ အမြင်ကပ်ပုဒ်မနဲ့ သူစားတဲ့ ဇွန်းအကြီ
ကြီးနဲ့ ကလေးပါးစပ်ကို ဆောင့်အောင့်ပြီး ကျွေးလိုက်တော့ ကလေးက ပါးစပ်
သွားတယ်။ နာလည်း နာ၊ စပ်လဲစပ်ဆိုတော့ အော်ငိုတာ၊ ငိုရမလားဆိုပြီးတော
လူကြားကြီးထဲမှာ ကလေးကို ရိုက်တာ။ ရိုက်ရင်းနဲ့ တွေ့မယ် အိမ်ရောက်ရ
မျိုးကြယ်စင်တဲ့ နင်က ဘာကောင်၊ ငါက ဘာကောင်မဆိုတာ နင် သိစေရမယ
တဲ့။ ငိုထားတဲ့ အဲ့လို ကလေးကို ကြိမ်းတယ်။ အိမ်လဲရောက်ရော ရိုက်တာ
ဝါးခြမ်းပြားသေးသေးလေး၊ သူ့အတွက်သီးသန့် သပ်ပေးထားတာ၊ အဲ့ဒါနဲ့ သူ
ရိုက်တာ၊ နင်က မအေလို အဖေလို ဟာလေးတဲ့၊ လူလေးကဖြင့် မတောက
တခေါက်လေးနဲ့ အဲ့လိုမျိုး လက်ဝါးဖြန့်စရာ လိုလားတဲ့၊ သူများဆီ တောင်းစား
မှာလားတဲ့၊ ဒီမှာလဲ မကျွေးတာလဲ မဟုတ်ဘူး၊ ကျွေးနေတာတဲ့။ သမီးကပြောတ
အမေရယ်လို့ ကလေးဆိုတော့ ဘယ်လိုလုပ် နားလည်မှာတုန်းလို့၊ အရွယ်က
နားလည်တတ်တဲ့အရွယ်မှ မဟုတ်တာလို့၊ တနှစ် နှစ်နှစ်မှ နားလည်မှာ၊ အခု
တနှစ်တောင် မပြည့်သေးဘူးလို့၊ ကိုးလ ဆယ်လပဲ ရှိသေးတယ်လို့ သမီးက
အဲ့လိုမျိုးပြန်ပြောတော့။ အော် နင့်သားကို နားမလည်ဘူးမပြောနဲ့၊ လည်လွန်းက
မွှတ်နေတာပဲတဲ့။ သူက အဲ့လိုပြောပြီး ကလေးကို အသေရိုက်တာ၊ ညည်းက
ပြောဦးမှာလားဆိုပြီး သမီးကိုပါ ရိုက်တာ။ သမီးတို့က ငိုနေရတာပဲ”

“နောက်တစ်ရက်ကျတော့ ကလေးက ပုခက်ပေါ်မှာ သူက သိပ်ထားတာ
နေ့ခင်းကြောင်တောင်ကြီး မေဇင်ဦးက လာ၊ နင့်ခေါင်းကို ငါ သန်းရှာပေးမယ
ဆိုပြီးတော့ သန်းရှာပေးတုန်း ကလေးက နိုးလာတာ၊ နိုးလာတော့ ပထမ
အိပ်တုန်းက ပက်လက်ကလေး၊ သူက လက်လေးကို ပြောင်းပြန်လုပ်ပြီးတော့လေ
ပုခက်နှစ်ဖက်ကို ဆွဲကိုင်လိုက်တော့ ဝမ်းလျားမှောက်လျက်ကြီးဖြစ်သွားတယ်
ဖြစ်သွားတော့ လက်လေးကို အရှေ့တိုးပြီးတော့ ဇောက်ထိုးကြီးလုပ်တာ၊ ခေါင်းက
အောက်မကျမချင်းလုပ်တာ၊ လုပ်ပြီးတာနဲ့ လိုက်ကြည့်တာ၊ လူတွေ့သွားပြီဆိုရ
သူက ငိုတော့တာ။ သူ့ကို လာခေါ်ခိုင်းတာလေ၊ ပုခက်ထဲကနေ နို့ဆာလို့ဆိုပြီ
တော့ လာခေါ်ခိုင်းတာ။ ကလေးက အဲ့လိုမျိုးလုပ်တာ။ ခဏနေတော့ မေဇင်ဦ

က ကလေးကို မခေါ်သေးဘူး၊ ကလေးကို အဲ့ဒီတိုင်း ထားတာ၊ ကလေးက
မလာမချင်း ငိုနေတာ၊ ငိုရင်း ငိုရင်းနဲ့ ပုခက်ပေါ်ကနေ ချောပြီးတော့ ပြုတ်ကျ
လွားတာ။ ပြုတ်ကျသွားတော့ ကလေးက နာလို့ငိုတော့ သူ ချော့လိုက်သေးတယ်၊
သား တိတ်တိတ်တိတ်တဲ့။ ဆက်ငိုတော့ သူက ငိုရမလား၊ ဒီလောက်ချော့နေပါတယ်
ဆိုမှတဲ့၊ နင်က ငိုနေသေးတယ်ဆိုပြီးတော့ ကလေးကို သူ့ လူကြီးလက်ကြီး အားကြီး
နဲ့ ရိုက်ရော၊ နောက်ကျောကုန်းကိုရိုက်တော့ ကလေးက နာလို့ ပြန်ငိုရော၊ ငိုရင်းနဲ့
ကလေးက အဲ့နားတင် တက်သွားတာ။ တက်သွားလို့ဆိုပြီးတော့ သူက ကလေး
သူငယ်နာဆေးရယ်. . ရွှေသမင်ရယ်. . ပြီးတော့ ဆေးတို့ပတ်ရယ်၊ ကြံ့ငါးကောင်
ရယ်၊ ကွမ်းရွက်ရယ်လေ သူက အဲ့ဆေးတွေနဲ့ လုပ်တာ။ ဘေးက အမကြီး
တစ်ယောက်က ပြောတယ် မေဇင်ဦးတဲ့၊ ဧရာထွန်းမှာ လူနာတင်ကားရှိတာပဲတဲ့၊
ကလေးကို ဆေးရုံမြန်မြန်ပို့ပေးလိုက်ပါတဲ့။ ကလေးလေးက အရင်တုန်းကလဲ
ဆေးရုံတက်ခဲ့တာလေ၊ သမီးတို့နဲ့ လမ်းဘေးမှာနေတုန်းက ဆေးရုံတက်တာ
ကျတော့ အောင်မြင်တယ်၊ ပျောက်မှ ကလေးဆေးရုံကနေ ဆင်းရတာ။ သူ့လက်
ထဲမှာ ဆေးရုံတက်ရတာကျ ဆေးရုံမှာ အပြီးမနေရဘူး။ သူက တခြားလူနာတွေ
အရာဝန်တွေ မသိအောင်လို့ဆိုပြီး သမီးတို့သားအမိနှစ်ယောက်ကို လာပြီးတော့
ပို့ခေါ်တာ။ အဲ့ဒီဆေးပိုက်ကိုလဲ သူ့အိမ်ရောက်မှ ဖြုတ်ပစ်လိုက်တာ၊ ဖြုတ်ပြီး
မှတော့ ကလေးကို အနာကပ်ပလာစတာနဲ့ ကပ်ပေးလိုက်တာ။ ဘေးနားက
တစ်ယောက်က ထပ်ပြောတယ်။ အမရယ် ကလေးလေးက အသက်က မှီပါသေး
တယ်၊ ဧရာမေတ္တာလူမှုကူညီရေးအသင်းရှိပါတယ်တဲ့၊ သူ့ကို မြန်မြန်ပို့ပေးလိုက်
ပါတဲ့၊ သူ့ရောဂါ ဒီလိုကြီးဆို ကလေးက ဒီနားတင် ရှောလိမ့်မယ်တဲ့။ အို ရှောလို့
မကလို့ ဘာပဲဖြစ်ဖြစ်တဲ့၊ ဘာမှ မဖြစ်ဘူးတဲ့။ ဟဲ့ကောင်မ နင်ဘယ်မှ မသွားနဲ့
နော်၊ ဒီမှာပဲနေတဲ့၊ ငါ့ယောကျ်ားကို သွားခေါ်လိုက်ဦးမယ်တဲ့။ သူက အဲ့ဒါမျိုး
ပြောတာ၊ သူ့အိမ်က အဝေးကြီးပဲ၊ သမီးက ငိုနေတာ။ တော်တော်လေးကြာတော့
ဆေးရုံပို့ဖို့ပြောတဲ့ အမကနေပြီးတော့ ငါညီမ နင့်သားလေးက သေသွားပြီတဲ့၊
ဟုတ်လို့လား. . အမရယ်. . မသေသေးပါဘူး၊ ဟုတ်တယ်၊ သေသွားပြီတဲ့၊ နင်

သေချာကြည့်လိုက်တဲ့၊ ကလေးအကြောလှုပ်တဲ့နေရာ ငါပြမယ်ဆိုပြီး သူက နေ
နှစ်ခုပြတာ။ ပြတဲ့အခါကျတော့ အကြောက မလှုပ်တော့ဘူး။ ဟုတ်တယ် အ
မလှုပ်တော့ဘူးလို့။ အမရယ် ဘာပဲဖြစ်ဖြစ်လို့ ကလေးမသေသေးဘူး အိမ်
တယ်လို့ပဲ ညီမလေးက တွေးတယ်ဆိုပြီးတော့ ကလေးလေးဖက်ပြီးတော့
ညီမလေးက ငိုနေတာ။ သူတို့လင်မယားနှစ်ယောက်လဲ ပြန်လာရော၊ ကလေး
သေသွားပြီဆိုတော့ ရောမေတ္တာဖုန်းဆက်ပြီး ကလေးလေး အနှီးလေးနဲ့ထုပ်
တော့ သင်္ကြုံဟ်။ သင်္ကြုံဟ်ပြီးပြန်လာတော့ သူတို့လင်မယားနှစ်ယောက်က
တယ်။ သမီးကလဲ စိတ်က ပေါက်လာတာ၊ နေချင်တော့ဘူး။ မတရားလဲ ဒု
ရောက်လာတော့ သူ့ယောကျ်ားက ငါမိန်းမတဲ့ နင့်သမီးကို မေးထားဦးတဲ့။ ဒီ
ည အလုပ်နားမှာလား၊ ဆက်တက်မှာလားလို့မေးလိုက်တဲ့။ မေးတဲ့အခါကျ
သမီးက အကြံရသွားပြီး၊ အလုပ်ဆက်တက်မယ်လို့ပြောလိုက်တော့၊ အေး ပြီးတာ
တက် တက်တဲ့၊ မဟုတ်ပါဘူး ညည်းကလေးက သေသွားတာဆိုတော့ ည
မောနေမှာစိုးလို့ ပင်ပန်းနေမှာစိုးလို့တဲ့။ ရတယ် မပင်ပန်းဘူးလို့ သမီး တက်မှာ
ပြောတဲ့အခါကျတော့ သူတို့လဲ မြို့ထဲကို ထွက်သွားကြတယ်"

"အဲဒီညက အကိုကြီးတစ်ယောက်နဲ့ အလုပ်ဆက်တော့ အကိုကြီးရ
ညီမလေး ဒီလို ဒီလိုပဲဆိုပြီးတော့ သမီးက အဲ့အကိုကြီးကို ရှင်းပြတာ၊ ရှင်းပြ
အခါကျတော့ ညည်း ဒါဆိုရင် အခု ဘယ်သွားမှာလဲတဲ့၊ ကျောက်သပိတ်ဘက်
သွားမှာလို့၊ အဲ့ဘက်သွားပြီး ဘာလုပ်မှာတုန်းတဲ့၊ အဲ့ဘက်မှာလို့ အမကြီး
ရှိတယ်၊ အဲ့အမကြီးတွေဆီ ပြန်ပြီးတော့နေမှာလို့။ သမီး အဲ့မှာပဲ အလုပ်လုပ်တ
မှာလို့ဆိုတော့ အကိုကြီးကလိုက်ပို့ပေးတာ။ အရင်တခါ မေဇင်ဦးဆီက ထွက်
တုန်းက အဲဒီကျောက်သပိတ်အိမ်မှာ အလုပ်သွားလုပ်ဖူးတယ်။ အဲဒီက အမ
က သဘောကောင်းတယ်။ ခေါင်းတော့ ခေါင်းပဲ၊ ဒါပေမဲ့ ငွေခွဲပေးတယ်။ အဲ့အ
ကြီးအိမ် ပြန်သွားနေပြီး ပိုက်ဆံလေးစု၊ ကလေးအတွက်ဆိုပြီးတော့ပေါ့။ အဲ့ဒီ
မှာ တလလောက်ပဲ သမီးက နေလိုက်သေးတာ၊ တသောင်းခွဲစုမိတယ်။ သုံးထား
အထဲကနေ စုထားတာတောင် တသောင်းခွဲရတာ။ ရတဲ့အခါကျတော့ အဲ့ဒီ

နားမှာရှိတဲ့ကလေးတွေ အကုန်လုံးကို သမီးက သာကူကျိုရယ်၊ နို့ထမင်းရယ်၊ တသောင်းခွဲ နှစ်အိုး အပြတ်သိမ်းပြီးတော့လေ ကလေးအတွက်ကို ရည်မှန်းပြီး သမီးက ကျွေးမွေးကုသိုလ်လုပ်လိုက်တယ်"

"ကုသိုလ်လုပ်ပြီးနောက် သိပ်မကြာဘူး၊ သမီးက သူ့အိမ်မှာ မနေတော့ဘူး။ သမီးထွက်သွားတော့ မေဇင်ဦးနဲ့ ပြန်တွေ့တယ်။ ပြန်တွေ့တော့ အဲ့မှာလဲ သူက သမီးကို ရိုက်တာ၊ ရိုက်တဲ့အခါကျတော့ သမီးခေါင်း သွေးတွေစီးကျလာတော့မှ ရပ်တာ၊ သွေးသုပ်ပြီး အရက်ပြန်ထည့်ပြီး ပြီးသွားတာ။ သူက ခေါင်းကို ချုပ်လဲ မချုပ်ဘူး၊ သေချာ ဆေးနဲ့လဲ မသိပ်ပေးဘူး၊ အနာမပျောက်ခင်ဘဲ ဒီထဲက ကြက်မြစ်ကြက်သဲတွေက ဘယ်သူနို့က်စားတာလဲတဲ့၊ အာ သမီး နို့က်မစားဘူးနော်၊ သမီးကြိမ်ဆို ကြိမ်ရဲတယ်လို့ ပြောတော့၊ အဲဒါ လိမ်လို့တဲ့ သမီးကို သစ်ကိုင်းနဲ့ ခေါင်းကို တောက်ခနဲ ခေါက်လိုက်တာ၊ ချက်ချင်းလက်ငင်း သွေးတွေကပြန်ပြီး စီးကျလာတာ။ အဲဒီတော့ သမီးကလဲ သည်းမခံနိုင်တော့ဘူး၊ အဲ့လောက်ထိ နို့စက်လဲ သေရုံပဲရှိတော့တယ်။ ငါ ဒီမန်းလေးမြို့ကြီးကနေ လွတ်ကို မလွတ်နိုင်ဘူး။ ဘယ်ထွက်ပြေးလို့ ထွက်ပြေးရမှန်းမသိဘူးဆိုပြီးတော့ စဉ်းစားနေတာ။ သမီးက သတိပြန်ရတာက ရွှေဘို တခါရောက်ဖူးတယ်၊ ဗိုက်ကြီးနဲ့တုန်းက ရွှေဘိုကို ရထားလိုက်ကြိုသေးတယ်၊ ရွှေဘိုက လွတ်လပ်တယ်နေမှာ၊ သွားနေမယ်ဆိုပြီးတော့ ရွှေဘိုကို ရောက်လာရော"

"ရွှေဘိုမှာနေတုန်း မြို့ထောင့်စေတီဘုရားပွဲမှာ မန်းလေးက ဆယ့်နှစ်ပွဲစေ့သမားတွေက ဒီဘက်ထိ စေ့းလိုက်တော့ မေဇင်ဦးလက်ထဲ ထည့်လိုက်တဲ့ ပိန်းမကြီးနဲ့ သူ့သားတွေကို ပြန်တွေ့တယ်။ ပြန်တွေ့တဲ့အခါကျတော့ သူတို့တွေနဲ့ မန်းလေးကို စေ့းရောင်းပြန်လိုက်သွားတာ ကျောက်တော်ကြီးဘုရားပွဲ။ အဲဒီကနေ နှစ်ရက်ပွဲတွေ၊ ကထိန်ပွဲတွေ၊ တရက်ပွဲတွေ လိုက်နေတာ။ ချမ်းမြသာစည်တရားရုံးကြီးနားလေးကပွဲမှာ ပွဲတိုင်းကျော်ဇာတ် ကြည့်နေတုန်း သမီးကို ပြန်မိသွားတယ်။ မိတာက မေဇင်ဦးယောက်မက အမို့က်ကောက်ထွက်တာ။ သမီးကို မြင်တော့ သူက သမီးကို အကျီ့ဆွဲပြီး ပါးရိုက်တာ၊ ညည်းက ငါ့ယောကျ်ားကို

ယူသေးတယ်ဆိုတဲ့၊ ဘယ်သူတုန်း ညည်းယောကျ်ားကလို့ဆိုတော့ နားပေါက်
တဲ့။ နားပေါက်ကို ငါက ယူတာလား သူက ယူတာလား ညည်း ပြန်မေးကြ
လိုက်ဦး။ ညည်းတောင်မှ မေဇင်ဦးလက်ထဲမှာ ဘဝပျက်မှာစိုးလို့- ညည်း
ကယ်ထုတ်ပြီး ယူလိုက်တာ မဟုတ်ဘူးလားလို့၊ အေး နင့်ကို ကယ်သလိုမျိ
ငါ့ကို ကယ်တာလို့။ ဒါမယ့်လို့ သူက နင့်ကို ယူထားတဲ့အတွက် ငါ့ကို တက
ယူတာမဟုတ်ဘူး။ မေဇင်ဦးလက်ထဲမှာ ငါ့ကို ဒါမျိုးမခိုင်းအောင်ဆိုပြီးတ
အဲ့လိုမျိုးစိတ်ဓာတ်နဲ့ပဲ ငါ့ကို ကယ်ထုတ်တာလို့။ အဲ့လို ရန်ဖြစ်ပြီး ပွဲနောက်
ရက်ကျတော့ သူ့ယောင်းမရယ်၊ သူရယ် ရောက်လာတာ။ အဲ့မှာ သမီးကို တံမြ
စည်းတွေနဲ့ လက်ဝါးတွေနဲ့ ပိတ်ရိုက်တာ၊ ခဲတွေနဲ့ ထုတာ။ အိမ်မရောက်သေး
အကောက်ဆိုင်မှာ သမီးကို ခဏအပ်ထားပြီး သူ့ယောကျ်ား အောင်နိုင်ကို
သွားခေါ်တယ်။ သူ့ယောကျ်ားက သမီးကို အဖေရိုက်ချင်လို့ ရလားတဲ့၊ သမီး
အဲ့ဒါမျိုးပြောတာ။ သမီးကလဲ ခေါင်း မညိတ်ရဲ ညိတ်ရဲနဲ့ ခေါင်းညိတ်လိုက်တ
သမီးကို နှစ်ချက် ပါးကို ဘယ်ပြန်ညာပြန် ဖြောင်းဆို ရိုက်လိုက်တား သမီးနား
လဲ ကိုက်သွားတာ ဘာမှမကြားရဘူး။ သမီး ဘာမှမပြောဘူး၊ ငိုနေတာ၊ အိမ်
ရောက်ရော၊ တခါ လင်မယားနှစ်ယောက် သမီးကို ရိုက်ပြန်ရော။ မိန်းမ
ပိုရိုက်တာ၊ ရိုက်နှက်ပြီး သူ့ယောကျ်ားက သမီးကို ပြောတာ၊ မနှစ်က ထွက်
သွားတော့ရော ဒီနှစ်ထွက်ပြေးသွားတော့ရော သမီးကို ဒါပဲ ခဏခဏပြောတ
ညည်းအမေ စိတ်ချမ်းသာအောင် လုပ်ပေးလိုက်တဲ့။ ခေါက်တီဗွီတစ်လုံး
ရအောင် လုပ်ပေးလိုက်၊ ရလို့ရင် ညည်းအမေက ပြန်ပို့ပေးလိမ့်မယ်၊ လမ်းစရိ
လဲ ပေးလိုက်မယ်တဲ့။ ပြီးတော့ နင့်အမေက ဟိန်းဝေယံလက်စွပ် ဝယ်ဦးမှာ
"ဟိုမယ်သီလရှင်ကောင်မလေးရှိတုန်းကလေ သမီးတို့ကို ဟိန်းဝေ
လက်စွပ်လေးတွေ ထုတ်ပြသေးတယ်၊ ဆယ်ကွင်းတောင်မှလေ ထုတ်ပြတ
အများကြီးပဲ၊ လက်တွေမှာ ဝတ်ထားတာ။ သမီးက သူ့တို့ပို့က်ဆံနဲ့ ဝယ်တ
မှတ်နေတာ၊ နောက်ကျတော့မှ ပြန်ပြီး စဉ်းစားလိုက်တော့ သမီးတို့ထဲကရ
ပို့က်ဆံ စုပြီးတော့ သူက ရွှေလုပ်တာ၊ သမီးတို့ကိုလဲ မလုပ်ပေးဘူး၊ ပို့က်ဆံ

ာဝက်မပေးဘူး။ ခေါက်တီဗွီ ဝယ်တယ်၊ ရွှေ လုပ်တယ်။ သူက အဲ့ဒါပဲ လုပ်တာ၊ ကိုခေါက်တီဗွီက ပျက်သွားလို့တဲ့၊ နှင့်အမေက အပြင်ဆိုင်ကို ပို့ထားတာတဲ့၊ နောက်ထပ် ခေါက်တီဗွီတစ်လုံးဖိုးရအောင် လုပ်ပေးလိုက်တဲ့၊ နှင့်အမေက သူ့ဆန္ဒ ပြည့်ဆည်းပေးရင် နှင့်ကို ပြန်ပို့ပေးလိမ့်မယ်။ သမီးကလဲ အရင်တုန်းကလိုပဲ ဆည်းခံတာ။ ကိုအောင်နိုင်က သူ့မိန်းမအပြင်သွားနေတဲ့အချိန် သမီးကိုပြော တယ်လေ၊ သမီး နှင့်အမေက ဒီမန်းလေးမြို့ကြီးကို နှံ့တယ်တဲ့၊ နေရာအနှံ့ပဲတဲ့၊ နှင် ဘယ်နားရောက်နေတယ်၊ ဘယ်သူတွေနဲ့ နေနေတယ်၊ ဘယ်ဝါတွေနဲ့ နေနေ တယ်ဆိုတာ နှင့်အမေက သတင်းက ရပြီးသားတဲ့။ သူ မသိတဲ့သူ ခပ်ရှားရှား၊ ဒီတစ်ခေါက်ထွက်ပြေးရင် လွတ်အောင်ထွက်ပြေးတဲ့၊ ဒီဘက်ကို မနေနဲ့တဲ့၊ မန်းလေးမြို့ကြီးထဲမှာ နှင့်အမေက မျက်စိမှိတ်ပြီးတော့ ရှာလို့ရတယ်။ နှင် သူနဲ့ လွတ်တဲ့နေရာ ဝေးတဲ့နေရာသာ ထွက်ပြေးတဲ့၊ မြစ်ကြီးနားတို့၊ လားရှိုးတို့ ထွက်ပြေးတဲ့။ အဲ့ဘက်တွေကျ ကိုယ်ကလဲ မသိတဲ့အခါကျတော့ ထွက်မပြေးဘူး။ အဲဒါနဲ့ သမီးကလဲ စဉ်းစားတာ၊ ရွှေဘို ပြန်ပြေးတာပဲ ကောင်းပါတယ်လို့၊ ရွှေဘို မှာပဲ နေမှ ကောင်းတယ်လို့၊ အဆင်ပြေသေးတယ်လို့၊ သူ့လက်ထဲကနေ ဝင့်ကျွတ် ကယ်လို့၊ အရိုက်အနှက်လဲ မခံရတော့ဘူး။ သူ့ခေါက်တီဗွီဖိုးက ငါ တစ်လတိတိ ရှာပေးရဦးမယ်၊ ဒါမယ့် ခုနှစ်ရက်လောက်နေရင် ပြေးမယ်လို့ အိပ်ရာထဲမှာ စဉ်းစားနေတာ၊ မရဘူး စိတ်က အခုပြေးချင်တာ။ အဲ့ဒါနဲ့ သူတို့လင်မယား နှစ်ယောက်အိပ်အောင် သမီးက စောင့်လိုက်သေးတယ်။ လင်မယားနှစ်ယောက် လဲ အိပ်လဲအိပ်ရော၊ သူတို့ဆီက ပါတဲ့အကျီ၌ကို သမီးက မဝတ်တော့ဘူး။ သူတို့ ဆီက ဝတ်တဲ့အကျီဆို သမီးကို ပိုက်ဆံအကြွေးမှတ်တာဗျ၊ ဝယ်ပေးထားပါတယ် ဆိုပြီးတော့၊ အဲဒါ သိသွားတော့ မဝတ်တော့ဘူး။ သမီးအကျီတွေ ထဘီတွေ ပြန်ဝတ်ပြီးတော့ တာရိုးလမ်း တန်းတန်းအတိုင်း ထွက်ပြေးခဲ့တာ။ ကားတွေ ကားတာ ကားတွေက တစီးမှ မရပ်ဘူး။ ဆိုင်ကယ်တစီးကျမှ ရပ်တာ၊ ကောင်မလေး မိန်းကလေးဆိုတာ ညခင်းပိုင်း အချိန်မတော် မထွက်ရဘူးလေ။ ဘာလို့ထွက်လာတာလဲတဲ့၊ ဟုတ်ပါဘူး ဦးလေးရယ်လို့ သမီး ဒုက္ခရောက်လို့ပါလို့။

သမီးကို မွေးစားအိမ်က နှိပ်စက်လို့ အနိုင်ကျင့်လို့ ရိုက်လို့ပါလို့။ အဲ့ဒါ အိမ်ပြန်ပ
ဆိုတော့ ညည်းက ဘယ်ပြန်မှာလဲ၊ ရွှေဘိုပြန်မှာလို့။ ရွှေဘိုမှာ ဘယ်သူရှိတ
အသိတွေ ရှိတယ်လို့။ အဲ့ဒါမျိုးလိမ်ပြောလိုက်တော့ ဦးလေးကြီးက လိုက်ပို့တ
ရွာထောင်ဘူတာကို ပို့ပေးပါလို့ဆိုတော့ ရွာထောင်က ဘာလုပ်ဖို့သွားမှာတုန်း
မဟုတ်ဘူး ရွာထောင်ကနေ ရထားစောင့်စီးမှာလို့။ အေး အေး အဲ့ဆို ပြီးတ
ဆိုပြီးတော့ သမီးကို လိုက်ပို့တာ။ သူက ဘူတာထဲအထိတော့ လိုက်မပို့တော့
နော်တဲ့၊ ဒီသံလမ်းဂိတ်အထိပဲ ချခဲ့ပေးမယ်၊ တန်းတန်းလေးသာသွား၊ ဘ
မကွေ့နဲ့၊ ပြီးရင် နောက်ပြန်လှည့်မလာနဲ့တဲ့၊ အခု ညည်းသွားမယ့်လမ်းကြားထဲ
လူပြတ်တယ်တဲ့၊ နင် ဒုက္ခရောက်လိမ့်မယ်တဲ့၊ နင့်ကို ကယ်မယ့်လူတောင် ရှိ
မဟုတ်ဘူး၊ ဦးလေးကလဲ တကွေ့တပတ်ကြီး ဝေ့ပြန်ရဦးမှာတဲ့၊ ဦးလေးအိမ်
အနောက်ကျန်ခဲ့ပြီတဲ့။ သမီးက သူပြောတဲ့လမ်းအတိုင်း သွားတာ၊ ဘူတာထဲ
ထဘီလေးနဲ့ ကွေးပြီးတော့ အိပ်နေတာ၊ ကောလင်းရထားကြီးလဲလာရော ရွှေဘို
ပြန်လိုက်လာတာပဲ”

“ရွှေဘိုမှာ ကိုဖိုးခိုင်တို့ မထော်တို့လင်မယားနဲ့နေတာ။ သူတို့နဲ့နေပြီး
ဒီအလုပ်ပဲ လုပ်တာပါပဲ။ တစ်ခါတလေ ဒီအလုပ်ကို သိပ်ပြီးတော့ မလုပ်ချင်
ဆိုရင် ကလေးတွေနဲ့ အမှိုက်ကောက်ထွက်တာ။ အမှိုက်ကောက်တာ နေပူကဲ့
မရဘူးဆိုရင် ဒီအလုပ်ကို တဘက်ကနေ တစ်ခါ ပြန်လုပ်တယ်။ အဲ့ဒါမျိုးလုပ်
တော့မှ သူတို့မိသားစုတွေနဲ့ သမီးတို့တွေနဲ့ အတူတူစားတာ။ ကိုဖိုးခိုင် ထောင်
တော့ ဆက်လုပ်နေသေးတယ်၊ ဒါမယ့် ကိုဖိုးခိုင် ထောင်က ပြန်လွတ်လာ
သမီးကလဲ လမ်းဘေးကလေးတွေနဲ့ပဲ နေတော့တာ။ သူတို့ကပဲ အမှိုက်ကော
ကျွေးတယ်။ ဘတ်ကျွန်းတို့ မင်းမင်းကျော်တို့က ပိုက်ဆံရှာ၊ ရှာပြီးပြီဆိုရင်
မိန်းကလေးတွေကို ပိုက်ဆံပေးတယ်လေ။ နည်းနည်းပါးပါးပေါ့၊ ထမင်း
ဘာတွေ ဝယ်ဝယ်ကျွေးတယ်။ အဲ့ဒါ စားတာ၊ ပြီးတော့ ညကျရင် ထမင်း
လိုက်ဖြုတ်တာ။ ထမင်းထုပ် လိုက်ဖြုတ်ပြီးတော့လဲ စားတယ်”

"ကိုဖိုးခိုင် ပြန်လွတ်လာတော့ နင် အလုပ်လုပ်ဦးမလားတဲ့၊ တော်ပြီ၊ မလေး စိတ်မဝင်စားတော့ဘူး၊ ဝါသနာမပါတော့ဘူးလို့။ ဘာလို့လဲဆိုတော့ ရှည်ကြီး တသက်လုံး ဒီလိုလုပ်သွားမယ်ဆိုရင် ကျွန်တော့်အတွက် ကံမကောင်းဘူးလို့၊ ကျွန်တော် ဒီဘဝထဲနေ တက်တော့မှာ မဟုတ်တော့ဘူးလို့၊ အခု အမှိုက်ကောက်တဲ့ ပိုက်ဆံနဲ့ပဲ ကျွန်တော် လောက်အောင်ဝယ်စားတော့မယ်လို့။ မလုပ်တော့ဘူးလို့ဆိုတော့ အေးပါကွာတဲ့၊ မင်းဆီက ဒီလိုစကားမျိုးလေး ကြားရတာကို ဝမ်းသာတယ်ဟ။ အဲ့လိုမလုပ်တာပဲ ကောင်းပါတယ်၊ နင့်ကို ငါတို့ကလေးတွေက ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရှာကျွေးလိမ့်မယ်တဲ့၊ နင်ကလဲ တစ်ခါတစ်လေ ငြီးလို့ရှိရင် အမှိုက်ကောက်ချင်တယ်ဆိုရင်လဲ လိုက်ကောက်ပေါ့ဟတဲ့။ သမီးလဲ အဲလိုပဲ နေလိုက်တော့တာ၊ ညဘက်ဆိုရင် ကျော်လက်ဖက်ရည်ဆိုင်ရှေ့ပိတ်တာ၊ မနက်ဘက်ဆိုရင် မူးဘက်တို့၊ ပြီးရင် လောကမာရစိန်ဘုရားဘက်တို့၊ ပြီးရင် မြို့ထဲက ရွှေသိမ်တော်ဘုရားတို့၊ အဲ့ထဲမှာပဲ အိပ်တာ၊ လာခေါ်တဲ့လူလဲ ရှိတော့ဘူး။ ရှိခဲ့လဲ သမီးတို့က အဲ့တိုင်းပဲ ပြောလိုက်တာ။ ကိုကြီးလို့ ညီမလေးတို့လို့ အရင်တုန်းကလို မဟုတ်တော့ဘူး၊ မလုပ်တော့ဘူး ဘာညာလို့၊ ကိုယ့်ဘာသာကိုယ်ပဲ ရိုးရိုးသားသား လုပ်စားတာပဲ ကောင်းတယ်လို့။ သမီးတို့က အဲ့ဒါမျိုးပြန်ပြောတာ၊ အဲ့ဒါနဲ့ သူတို့ပြန်လှည့်သွားကြတာ၊ ရတဲ့လူပဲ သွားခေါ်ကြတာ။ ဟင်းပေါ်မှာ လုပ်စားတဲ့သူကတော့ သမီးနဲ့ အရင်တုန်းက ဟိုတခါ ကလေးလေးတယောအပ်တဲ့ ဖက်တီးမဆိုတဲ့ ကောင်မလေးလေ၊ အဲ့ကောင်မလေးရယ်၊ သူညီမရယ်၊ နောက်ပြီးတော့ မေသက်ဝါဆိုတဲ့ကောင်မလေး၊ သူတို့တွေပဲ ရှိတာ။ ကြီးတော့ ဒီရွှေဘိုထဲက ဘယ်က ကောင်မလေးမှန်းလဲမသိဘူး၊ အဲဒီကောင်မလေးရယ်၊ နည်းနည်းတော့ အသက်ကြီးနေပြီ။ သူ့ကိုကျ ပန်းခြံမှာ နေတိုင်းတွေ့တယ်"

"အစတုန်းက ကလေးတွေက ပြောတယ်လေ၊ အမတဲ့ ကျောင်းမှာ သွားနေတဲ့။ ဘယ်ကျောင်းလဲလို့ ရွှေခြဉ်သေ့လေလို့၊ ဟာ နေရဲပါဘူးလို့။ ဘာလို့ မနေရဲတာလဲတဲ့၊ ဘုန်းဘုန်းကြောက်လို့။ ဘာကြောက်စရာ ရှိလို့တုန်း၊ ကိုယ့်မှာ နေစရာ

မရှိလို့ အလုပ်လေး ကောင်းကောင်းမွန်မွန်လုပ်ချင်လို့ ဘုန်းဘုန်းလျှောက်
နေရင် ရတယ်။ သားတို့တောင် ဒီလိုပဲ ဘုန်းဘုန်းလျှောက်ပြီး နေတာပဲ
နင်တို့နဲ့ မတူဘူးလို့၊ တော်ပြီ ငါ မပြောရဲဘူးလို့၊ မင်းတို့ပြောတာ မှန်ပါတယ်
ငါလဲ အစောကြီးကတည်းက နေချင်တာ၊ ဒါမယ့်ဟာ မသွားရဲဘူးလို့။ မင်းတို့
ယောကျ်ားလေးဆိုတော့ သွားရဲတယ်။ တော်ပါပြီ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နေ
လဲ ကိုယ့်ဟာကိုယ် အောင့်အီးပြီး လမ်းဘေးမှာပဲ နေမယ်ဆိုပြီး နေတာ။ မြို့ထဲ
စေတီပွဲမှာ ဘယ်က ကလေးတွေမှန်း မသိဘူး၊ ဘုန်းဘုန်းက ခေါ်ခိုင်းတာ
လမ်းဘေးကလေးတွေ အကုန်ခေါ်ခိုင်းတာတဲ့၊ အကုန်လာခဲ့လို့ ပြောတယ်တဲ့
မထော်တို့လင်မယားတွေရော၊ သူတို့ညီမတွေရော၊ ဘုန်းဘုန်းက အကုန်ခေါ်
တာတဲ့။ ဟာ ဟုတ်လို့လားဆိုတော့ ဟုတ်တယ်တဲ့။ အေး အဲ့ဆို အကုန်ခေါ်ခိုင်
ငါမပါဘူးနော်လို့၊ ငါမှ မနေဘူးတာလို့ သမီးက အဲ့ဒါမျိုး ပြောလိုက်တာ။ ဘ
မပါရမှာတုန်း ပါတာပေါ့။ လမ်းဘေးကလေးဆိုမှတော့ နင်တို့ကလေးတွေ အ
လုံးပဲပေါ့ဟ။ ငါကလို့ တစ်ခါမှရောက်ဖူးတာ မဟုတ်ဘူးဟ၊ ကြောက်တာ
ဘာမှမကြောက်နဲ့ လာခဲ့တဲ့၊ ဘာမှဖြစ်ဘူးတဲ့၊ နင်တောင်မှ နေချင်တယ်ဆို
နင်နေချင်တော့ ဘုန်းဘုန်းကို အကျိုးအကြောင်းပြောလို့ရတယ်၊ အဲ့ကျ
နေပေါ့တဲ့။ အေး အေး ပြီးတာပဲဆိုပြီးတော့ သမီးက မလိုက်ရဲ လိုက်ရဲနဲ့ ဘုန်းဘ
ခေါ်တာနဲ့ သမီးနေချင်တာနဲ့ဆို အတော်ပဲဆိုပြီးတော့ ဘုန်းဘုန်းခေါ်တာ
တော့ ငါပြောရဲသွားပြီ၊ ဟိုလိုဆိုရင်တော့ မပြောရဲဘူးလို့၊ နေလဲ မနေရဲဘူး
သမီးက အဲ့ဒါမျိုးပြောပြီး ကလေးတွေနဲ့ လိုက်လာတာ”

“ဒီရောက်တဲ့အခါကျတော့ သမီး အခု ဆရာမ တာဝန်ချပေးထား
အလုပ်ကို ဟင်းချက်အလှည့်ရောက်ရင် ဟင်းချက်တယ်။ ကလေးတွေကို သ
ခေါ်ခိုင်းတယ်၊ တကယ်လို့ ခေါ်မရတော့ဘူးဆိုရင် သူတို့အာရုံနဲ့ သူတို့ဆို
သမီးက မခေါ်တော့ဘူး၊ ကိုယ့်ဘာသာကိုယ်ပဲ လုပ်လိုက်တာ။ သမီး ခိုင်း
ကောင်းမယ့်သူ နှစ်ယောက်ရှိတယ်ဆိုရင် အဲ့နှစ်ယောက်ကိုပဲ ဘေးနားခေါ်
တာ။ သူတို့နှစ်ယောက်နဲ့ သမီးနဲ့ပဲ ချက်ပြုတ်တာ။ သန့်ရှင်းရေးကျပြီဆိုရင်

ဲ့လိုပဲ လုပ်တယ်။ အသီးအနှံန္ဓာတဲ့အခါလဲ လာတဲ့သူနဲ့ပဲ အကုန်လိုက်လုပ်တာပဲ။ ဒီမှာ နေရတဲ့အခါကျတော့ စာတက်ရတဲ့အခါမှာလဲ ကိုယ်စာတွေ ဘာတွေရေးလို့ရင် တလုံး နှစ်လုံး မှားတဲ့အခါကျတော့ ကိုယ်က မှန်တယ်လို့ပဲ သိတာ။ သူများတွေ ဖတ်ခိုင်းလို့ရင် စာတွေက မှားတယ်။ အဲအခါကျ စာတွေ ဒီလိုမျိုး ပြန်သင်တဲ့အခါကျတော့ ကိုယ့်အတွက် စာတတ်တယ်။ များများတတ်တယ်ဆိုပြီးတော့ ဝမ်းသာတယ်။ ပြီးတော့ ထမင်းဟင်းချက်တဲ့အခါကျတော့လဲ ကိုယ်အပြင်ရောက်လို့ရင်လဲ ထမင်းဟင်းချက်ပြီးတော့ ရောင်းလို့ရတယ်။ ဟင်း ဘယ်လိုချက်ရင် ဘယ်လိုစားကောင်းတယ်ဆိုတာ သိရတော့ ကိုယ်လဲ ဝမ်းသာရတယ်။ ပြီးတော့ စက်ချုပ်တော့လဲ ကိုယ်ချုပ်ထားတာမြင်ရတော့ ဝမ်းသာမိတယ်။ စက်ချုပ်သင်ရတာ စစတုန်းကတော့ ခက်တော့ စိတ်တွေတိုတာ။ သွား မချုပ်တော့ဘူးဆိုပြီးတော့ ဆရာမကို ပြောပြီးတော့ အကျီပစ်ထားခဲ့တာ။ နောက်ကျတော့ မသွားတော့ဘူး။ ဆရာမက ဘာဖြစ်လို့တုန်းမေးတော့ ဆရာမရယ် စက်ကြီးက ရမှ မရတာ။ အချိန်တန်ရင် ဆရာမတို့ သင်ပေးရင် သမီးတို့ တတ်သွားမှာပဲလို့ ဆရာမက ပြောတော့ အဲ့ဒါနဲ့ သမီးက ပြန်ဝင်တာ၊ ပြန်ဝင်ပြီးတော့ အဲ့ဒါကြီးကို ပြန်ချုပ်တာ။ တခါတလေကျ ကောင်းချည်တွေတပ်တဲ့အခါကျရင် အပ်ပေါက်တပ်တဲ့အခါကျရင် လူက အိုက်ပြီး ညောင်းလာတဲ့အခါကျတော့ စိတ်တိုတာ။ တခါတလေကျ ခဏလေး ပြီးသွားတယ်ဆိုရင် စိတ်မတိုတော့ဘူး။ နဲနဲချုပ်တတ်ပြီ၊ အကျီလဲ နဲနဲကိုက်တတ်ပြီဆိုတော့ ဆရာမက ပြောတာ။ ကိုယ်တိုင်ကိုက်တတ်လို့ရင် ကိုယ့်ပုံနဲ့ကို ဆွဲပြီးချုပ်တယ် ဘာညာဆိုရင်တဲ့၊ ဆရာမက အပိုဆုပါ ချပေးမယ်တဲ့။ စက်ချုပ်သင်ရတာ သမီးအတွက် ပညာရတယ်လို့။ အပြင်ရောက်လို့ရင် ထမင်းချက်ပြီး ရောင်းရင် ရောင်း၊ မရောင်းရင် ဒီအပ်ချုပ်စက်လေး ကိုယ်တိုင် မဝယ်ချင် မထောင်ချင်ဘူးဆိုရင်တောင်မှ သူများဆီမှာ စက်ချုပ်လေးဘာလေး ဝင်လုပ်လို့ရတယ်လို့ သမီးက အဲ့ဒါမျိုး တွေးမိတာ။ ပြီးတော့ ချက်စရာဝယ်ရင် စာရင်းကိုင်တဲ့အခါ စာရေးရတော့ စာလုံးအမှန်လဲ ရတယ်။ ပြီးလို့ရင် ပိုက်ဆံတွေ ဘာတွေလဲ ကိုယ်တွက်ရတော့ ဈေးဝယ်ရင်းနဲ့ ဈေးက ဘယ်လောက်ကျတာ၊ ကုန်တာ အဲ့လိုမျိုး တွက်တတ်လာတယ်"

"အင်း ရွှေ့ကို စွေးရောင်းမယ်လို့လဲ စဉ်းစားထားတယ်။ အိမ်ကို ပြန်
ရခဲ့ရင် စွေးရောင်းစားမယ်လို့ စဉ်းစားထားတယ်။ အိမ်မှာက အဒေါ်တစ်ယော
ပဲရှိတာ၊ အရင်တုန်းကလိုပဲ ရောင်းစားမှာ၊ အရင်တုန်းက ရောင်းဘူးတ
အမေကြီးရောင်းသလို ပဲပြုတ် ဒညင်းသီးပြုတ် လိုက်ရောင်းတာ။ နောက် အ
ကြီးမရှိတော့ အိမ်မှာ အဒေါ်နဲ့ကျန်ခဲ့တော့ ဖရဲသီးလိုက်ရောင်းတာ။ အိမ်မှာ
ပစ္စည်းတွေ စုဆောင်းထားတာ၊ အဒေါ်က အများကြီးပဲ မသုံးဘူး၊ ပစ္စည်း
အဒေါ်နဲ့သမီးနဲ့ အမွေက တစ်ယောက်တစ်ဝက်ရမှာဆိုတော့လေ။ အဒေါ်
တော့်ရင်လဲ သမီးတစ်ယောက်ထဲ ရမှာဆိုတော့လေ။ အဒေါ်က သမီးရှိတုန်း
တော့ ယောကျ်ားမရှိဘူး၊ အခုနောက်ပိုင်း ယောကျ်ားရသွားပြီလို့ ပြောတာ
ဗိုက်ကြီးနေပြီတဲ့၊ ကြယ်ကြီးကပြောတာ။ ဟိုတခါတုန်းက ဘုန်းဘုန်းရဲ့ဖုန်း
ဆက်တာလေ၊ လမ်းဘေးသားတွေက နံပါတ်ပြောတာတဲ့၊ အဲ့တုန်းက သူ သမီး
ပြောပြတာ"

"သမီးအကြောင်းက ဒါပဲ၊ သမီးအကြောင်းတွေ ဘယ်သူ ရေးမှာလဲ
ကိုပလုပ်လား၊ လျှာတစ်လစ်လား"

"ဟာ ငါက ငါ့အကြောင်းရေးတာ၊ သူများအကြောင်းတွေ မရေးတတ်
ဘူး၊ ပလုပ်ရေးလိမ့်မယ်"

"ဟုတ်တယ်၊ ပလုပ်ကမှ ဝတ္ထုတွေ ရေးတာ၊ နင့်ပြောတာ ရှုပ်ရှင်ကြ
နေရသလိုပဲ"

"ဒါနဲ့ ဟို သေချင်းဆိုးမကြီး မေဇင်ဦးကို ကိုင်မယ့်သူ မရှိဘူးလား"

"သူတို့က အကုန်ပိုင်တယ်။ သူတို့ကို ဘယ်သူမှ မလှန်နိုင်ဘူး"

"ပလုပ် ပလုပ် ပလုပ် ပလုပ် ပလုပ်"

"အေးပါ ပြောမှာပါ၊ သူများတွေ ပြောနေလို့ စောင့်နေတာပါ၊ အော်မ
ပါနဲ့၊ ဝင် ဝင် မပြောကြေးနော်၊ ဒို့ကျောင်းမှာ ဆရာ အောင်ထက်တို့ ဆရ
မမူတို့လုပ်တဲ့ဟာလိုလေ။ ဖယောင်းတိုင်လေး အလယ်မှာထွန်းပြီး တယောက်

ာယောက် လက်ချင်းချိတ်ထိုင်ပြီး ပြောတဲ့ဟာလေ။ ကျန်တဲ့သူတွေက တိတ်တိတ်
လေး နားထောင်တဲ့ဟာ"

"ဟုတ်တယ်၊ ဝင်မပြောနဲ့၊ ဖီလင်အောက်တယ်၊ ဟိုကောင် ကျန်ကျောင်း
အဆိုးဆုံး၊ သူများပြောရင် လျှောင်တာလိုလိုနဲ့"

"ငါက မေးတာပါဟာ၊ မလျှောင်ပါဘူး"

"အာ့လိုဆို လက်ချင်းချိတ်ထိုင်ကြမယ်၊ လာဟေ့၊ ဟေ့ကောင် ထ"

"ဇော်သူမောင် ဟိုဘက်သွား၊ ငါ နင်နဲ့ မထိုင်ဘူး"

"မထိုင်ချင်တဲ့သူ သွားပေါ့ဟ"

"ဟာ ဒီနှစ်ကောင်က ကိုက်ပြန်ပြီ၊ ဇော်သူမောင်နဲ့ သူဇာလွင်က
ဘယ်တော့မှ တည့်တယ်မရှိဘူး"

"ငါက သူ့ကို ပဲများလွန်းလို့ကို မတည့်တာ"

"အာ့ နင့်အပူပါလား"

"ကဲ တိတ်ဟေ့ နားထောင်မယ်"

"ငါလဲ မင်းတို့လိုပါပဲ၊ ပထွေးကြောင့် လမ်းပေါ်ရောက်လာတာပဲလေ၊
စု ငါ့အသက် အသက် ၂၂ နှစ်ရှိပြီ။ ထန်းသုံးပင်မှာ မွေးတာ။ တောင်ငူဘူတာမှာ
ဆင်းပြီးတော့ ရွာသာယာကို ကားစီး။ အဲဒီကနေ ကားဆက်စီးရင် ထန်းသုံးပင်
ရောက်တယ်။ အဲဒါ အဖေ့ရွာ။ အမေက ရွာသာရွာက။ ရွှေလုပ်ရင်း တွေ့ကြ
တယ်တဲ့။ ငါ့မွေးပြီး တလ နှစ်လနေကထဲက ဝက်သေဖက်ရှည်ကို ပြောင်းလာ
တာ။ သပိတ်ကျင်းမြို့နယ်ထဲမှာရှိတယ်။ ရွှေလာလုပ်တာ။ အဲဒီရောက်တော့မှ
ညီမနှစ်ယောက်ကို မွေးတာ။ အကြီးက ၉ နှစ်သမီးလောက်မှာ ဆုံးသွားတယ်။
အငယ်မှာ ကိုယ့်ခြံနဲ့ကိုယ် ရွှေလုပ်တယ်။ သိပ်တော့ မချမ်းသာဘူး။ ငါ တစ်တန်း
ဖောင်ပြီးတော့ အဖေဆုံးတယ်။ နှစ်တန်းတောင် မတက်လိုက်ရဘူး။ ဌက်ဖျားနဲ့
ဆုံးတယ်လို့ ပြောတာပဲ။ အဲဒီကစပြီး အိမ်မှာ ကလေးထိန်း ထမင်းချက် ထင်းခွေ
လုပ်ရတယ်"

"အဖေဆုံးပြီး သုံးလလောက်နေတော့ အမေက နောက်အိမ်ထော
တယ်။ အဲဒီလူက ဘာအလုပ်မှ မလုပ်ဘူး။ အရက်ပဲ သောက်နေတာ။ အ
ငါနဲ့ပဲ လုပ်ရတာ။ ငါက ဖြုန်းချ။ အမေက မျှောလောင်း။ ၅ နာရီသိမ်း
အရက်သွားသွားဝယ်ခိုင်းတယ်။ အဝေးကြီးသွားရတယ်။ နားတဲ့အချိန်
သွားဝယ်ခိုင်းတယ်။ ဝယ်မပေးရင် ရိုက်တယ်။ ထိုးတယ်။ ဆွဲရမ်းပစ်တ
ညပိုင်းဆိုရင် ငါက ဖြုန်းတူးပြီး အမေက အိတ်ထဲကို ထည့်ပေးတယ်။ ပြီး
ငါကထမ်းပြီး မျှောလောင်းတဲ့နေရာကို ပို့တယ်။ အဲဒီအချိန်လဲ ပထွေးက ဘ
ဝင်မလုပ်ဘူး။ ကြာတော့ အမေနဲ့လဲ မတည့်တော့ဘူး။ ခဏခဏ ရန်ဖြစ်တ
အဲဒီအချိန်မှာ အဖေ့ဘက်က အမျိုးတွေက တောင်ငူပြန်မှာ။ အမေက အ
ဘက် အမေ့ဘက်က အမျိုးတွေနဲ့ တွေ့ရအောင်ဆိုပြီး သူတို့နဲ့ ထည့်ပေးလိုက်တ
ဒါပေမဲ့ အမေ့ဘက်က အမျိုးတွေဆီ မရောက်ဘဲ တောင်ငူက ကျောက်ခွဲတဲ့နေ
မှာ အလုပ်သွင်းပေးထားတယ်"

"ဟာ၊ ခမျာအမျိုးတွေက ညစ်ပတ်တာပေါ့"

"အေး ဦးလေးက"

"အဲဒီမှာ မိုင်းနဲ့ခွဲပြီးသား ကျောက်တွေကို သွားကောက်ရတယ်။ ကား
မယ့် လမ်းဆီကို ပို့ပေးရတယ်။ တစ်ခြင်း ၁၀၀ ရတယ်။ တစ်ရက်ကို ၈ ခြင်း
တော့ ၈၀၀ ရတယ်။ ဒါပေမဲ့ ၅၀ ပဲ သုံးရတယ်။ ကျန်တာ ဦးလေးက သိမ်းတ
နောက်ကျောက်ခွဲစက်တစ်ခုက တစ်ရက်ကို ၉၅၀ ပေးမယ်ဆိုတော့ ပြောင်း
ကြတယ်။ ဦးလေးတွေက ပြန်အိပ်တယ်။ ငါက ကျောက်ခွဲစက်မှာပဲ အိပ်တ
သူတို့က ၉၀၀ ယူပြီး ငါ့ကိုကျ ၅၀ ပဲ ပေးထားခဲ့တယ်"

"တစ်လလောက်နေတော့ ခဲခွဲစက်ထဲကို ခဲထဲဖို့အသွား အမေ့ဘက်
အမျိုးတွေနဲ့ တွေ့တာ။ ငါက မမှတ်မိဘူး။ သူတို့က မှတ်မိပြီး မင်း ပိုးပိုးလွင်
မဟုတ်လား၊ ဘယ်လိုလုပ် ရောက်လာတာလဲဆိုမှ အမတို့ ကြီးကြီးတို့နဲ့ ေ
အောင် ထည့်ပေးလိုက်တာ။ မပို့ပေးဘဲနဲ့ ဒီအလုပ်ချည်းပဲ ဆက်လုပ်နေရ
ဆိုတော့ အမေ့ဘက်က အမျိုးတွေက လာခေါ်ပေးတယ်။ နောက် ၁၀

လာက်နေတော့ အမေလိုက်လာတယ်။ အမေနဲ့ ပြန်လိုက်လာပေမဲ့ ငါက အိမ်မှာ နေတော့ဘူး"

"အိမ်မှာ မလုပ်တော့ဘဲနဲ့ ကိုယ့်ဘာသာ ချောင်းဘေးမှာ အင်ဝိုင်းသွား လုပ်တယ်။ တစ်ထောင်/တစ်ထောင့်ငါးရာလောက် ရတယ်။ ထမင်းကို စျေးထဲ က ဝယ်စား။ အဝစား ၁၅၀ ပဲ။ ညကျရင် လက်ဘက်ရည်သောက်။ ဆိုင်ပိတ်ရင် စျေးထဲသွားအိပ်။ စျေးကောက်ကြီးနဲ့ အတူတူအိပ်တယ်။ အဲဒါ ကွင်းသုံးဆယ် စျေးပေါ့။ အမေနဲ့ ပထွေး စျေးလာရင် တွေ့တယ်။ ပြန်ခေါ်တယ်။ မလိုက်တော့ ဘူး။ တစ်လလောက်ကြာတော့ သူငယ်ချင်းနဲ့ တွေ့တယ်။ သူငယ်ချင်းက လေးတန်း။ ကျောင်းမနေချင်တော့ဘူး၊ အိမ်က ထွက်ချင်တယ်ပြောတော့ ငါလဲ မှာ မနေချင်တော့ဘူး၊ တောင်ငူမှာ အလုပ်လုပ်ဖူးတယ်။ အဲဒီမှာ သွားလုပ်ကြ မယ်ဆိုတော့ နှစ်ယောက် မန္တလေးထွက်လာကြတယ်။ ဘူတာသွားမယ်ဆိုတော့ ကျွဲဘေးရောက်တော့ ကားက ချထားခဲ့တယ်။ ဘူတာကိုမေးပြီး သွားကြတယ်။ လမ်းကြီးရောက်သွားတယ်။ ဦးလေးတယောက်ကို ရန်ကုန်သွားမယ့်ရထား ဘယ် ရထားလဲဆိုတော့ ဒီရထားပဲ၊ ထွက်တော့မှာဆိုတော့ ဆိုဖာခုံတွေနဲ့တွဲပေါ် တက် လိုက်တယ်။ နှစ်ယောက်လုံး အိပ်ပျော်သွားတယ်"

"ရဲတွေရော လက်မှတ်စစ်တွေရော ၁၀ ယောက်လောက်ရှိတယ်။ သူတို့က အိပ်ခန်းထဲကို ခေါ်သွားပြီး မေးတယ်။ မင်းတို့ ဘယ်ကလဲဆိုတော့ ဝက်သေ မက်ရှည်ကလို့ပြောတယ်။ ဘယ်သွားမှာတုန်းဆိုတော့ တောင်ငူမှာ အလုပ်သွား လုပ်မလို့ဆိုတော့ ဘာအလုပ် သွားလုပ်မှာတုန်း၊ မင်းတို့ တက်ခိုးရင် ခိုးတယ် မပါ့ဆိုပြီး ပါးတွေရိုက်တယ်။ နားရင်းတွေ အုပ်တယ်။ ခိုးဖို့လိုက်လာတာ မဟုတ် ဘူး။ အလုပ်သွားလုပ်မလို့ လိုက်လာတာဆိုတော့ ထပ်ရိုက်တယ်။ မေးတာမဖြေ ရင် မင်းတို့နှစ်ယောက်လုံး တွဲကြားချမယ်ဆိုပြီး အပြင်ဘက်ထုတ်တယ်။ ခေါင်းကို တွဲကြားထဲထဲ့ပြီး မေးတယ်။ သူခိုးမဟုတ်ဖူးပြောတော့ ပြန်သွင်းတယ်။ မဖြေ မချင်း ဘာမှမကိုင်ဘဲနဲ့ ခြေထောက်တဘက်ထောက်ပြီး ရပ်ဆိုပြီး ခိုင်းတယ်။ ခြေထောက်ကျရင် ကျတဲ့ခြေထောက်ရဲ့ဒူးဆစ်ကို လက်ထိပ်နဲ့ ရိုက်တယ်။

၁၀ ခါလောက် ရှိမယ်ထင်တယ်။ နောက်ပြီး ပါတဲ့ဒုတ်နဲ့ ခြေဆင်းခိုင်းပြီး သူ
အားနဲ့ ဖိပြီး လှိမ့်တယ်။ အော်တော့ ပါးပိတ်ရိုက်တယ်။ သာစည်ဘူတာ မရော
မချင်း နှိပ်စက်တယ်။ ဘူတာရောက်တော့ ငါတို့ပါတဲ့ အဝတ်အစားနဲ့တုပ်
ဘူတာရဲကို အပ်ထားခဲ့တယ်"

"သာစည်ဘူတာရဲတွေကမေးတော့ ကျနော်တို့က အလုပ်လုပ်ဖို့ ထွက်
တာ၊ သူခိုးထင်ပြီး နှိပ်စက်ခံရတာကို ပြောပြတော့ ထမင်းကျွေးပြီး မနက်
မန္တလေးရထားပေါ် ပြန်တင်ပေးတယ်။ တွဲစောင့်တွေကို သေချာပြောအပ်တ
မုန့်ဖိုး ငါးရာစီလဲ ပေးလိုက်သေးတယ်။ သူတို့ကတော့ မနှိပ်စက်ဘူး"

"မန္တလေးရောက်တော့ သူငယ်ချင်းက ရထားစီးရတာ ပျော်တယ်ဆို
ထွက်တော့မယ့်ရထားပေါ်ကို တက်လိုက်တယ်။ အဲဒါ မတ္တရာ ရောက်သွားတ
သူက ဗိုက်ဆာတယ်ဆိုပြီး အောက်ဆင်းသွားတာ။ ငါက ရထားနားမှာ ထိုင်
တာ။ သူ့ကို မသွားနဲ့လို့ပြောတယ်။ ဘေးလူတွေကလဲ ရထားထွက်တော့မှာ
တယ်။ သူကလဲ ဆာလို့တဲ့။ ပြန်ရောက်မလာဘူး။ ရထားထွက်တော့ ငါလဲ လို
လာခဲ့တယ်။ မန္တလေးဘူတာကြီး ပြန်ရောက်သွားတယ်"

"အဲဒီထဲပဲ မျက်စိလည်ရင်း ဘူတာထဲမှာ လမ်းပျောက်တွေနဲ့နေတ
ဦးချစ်စံနဲ့ ကလေးအဖော်တွေက ကျွေးထားတာ။ ဦးချစ်စံက ရေဘူးဝယ်တ
သူက ဘူတာထဲက (၆) လိုင်းမှာ နေတယ်။ အစက ငါ ရေဘူးမရဘူး။ နှစ်
သုံးဘူးပဲ ရတာ။ ရထားမတက်တတ်လို့။ နောက်ပိုင်းမှာ ရှုန်တိန်တွေ လိုက်စီးရ
ရထားတက်တတ်လာတာ။ ညပိုင်း မန္တလေးကနေ ရန်ကုန်စာပို့က ၈ နာ
ထွက်တယ်။ အဲဒါနဲ့ မြို့ဟောင်းကိုလိုက်ပြီး ရန်ကုန်ကလာတဲ့ ရထားက မြို့ဟော
ကို ၉ နာရီဆိုက်တယ်။ အဲဒီပေါ်တက်ပြီး ရေဘူးကောက်ပြီး ဦးချစ်စံဆီ
ရေပြီး ရေးမှတ်ထား။ ည ၁၀ နာရီ၊ ၁၁ နာရီဆိုက်တဲ့ ရန်ကုန်ရထားတွေ
၃၅ လမ်း ဂုံးကျော်တံတားက သွားစောင့်တက်။ အဲဒီမှာ အရှိန်လျှော့လာ
ဘူတာဝင်ကာနီးဆိုတော့လေ။ အဲဒါတွေကောက်ပြီးရင် မနက် ၄ နာရီဆိုက်
ရန်ကုန်ရထား စောင့်ကောက်။ တခါတလေလဲ မနက် ၄ နာရီလောက်ထွက်

ရွာကားရထားနဲ့ မြို့ဟောင်းကို ပြန်လိုက်။ မန္တလေးနဲ့ မြို့ဟောင်းက ၁၅ နှစ်လောက်ပဲ ကြာတာ။ မြစ်ကြီးနားရထားက မနက် ၅ နာရီ မြို့ဟောင်း ရောက်။ အဲဒါပေါ် တက်လိုက်ပြီး တွဲအနှံ့ လိုက်ကောက်။ တစ်ခါတလေ မှတ်ပုံတင် တွေ ပိုက်ဆံအိတ်တွေ လက်ဆွဲအိတ်တွေ တွေ့တယ်။ ဘာမှ မယူပါဘူး။ နယ်ထိမ်း မှုမှာ သွားအပ်တယ်။ သူတို့မှုန်ဖိုးပေးတာ ယူတယ်။ တစ်ခါတလေ ပိုင်ရှင် လာထုတ်ရင် ပစ္စည်းစစ်ခိုင်းပြီး အပ်တဲ့ကလေးကို ခေါ်ပေးတယ်။ အဲဒီကျ မုန့်ဖိုးရ တယ်။ ၇ နာရီဆိုက်မယ့် မြစ်ကြီးနားရထားကျတော့ မြို့ဟောင်းက သွားပြီးကြိုလို့ ရတော့ဘူး။ မြို့ဟောင်းကို ပြန်လိုက်ဖို့ ရထားမရှိတော့ဘူး။ ၅ နာရီရထား ကောက်ပီးရင် လက်ဘက်ရည်ဆိုင်သွား၊ ထမင်းလေးဘာလေး စားပြီးရင် ၃၀ လမ်းကို ၆ နာရီခွဲလောက်ရောက်အောင် သံလမ်းအတိုင်း လမ်းလျှောက်သွားပြီး အဲဒီကစောင့်။ အရှိန်လျှော့တဲ့ရထားလဲ ရှိတယ်။ မလျှော့တဲ့ ရထားလဲ ရှိတယ်။ ရထားလာပြီဆိုရင် ကိုယ်တက်မယ့်အတွဲကို သေချာကြည့်ပြီး ရထားနဲ့ တပြေးထဲ ကပ်လိုက်ပြေးပြီး တက်ရတယ်။ မနက် ၉ နာရီဆိုက်မယ့် မြစ်ကြီးနားရထားကျ မြို့ဟောင်းကပဲ ပြန်ကြိုတယ်။ မနက် ၈ နာရီမှာ နေပြည်တော်ကိုထွက်မယ့်ရထား နဲ့ မြို့ဟောင်းကို ပြန်လိုက်ရတယ်။ ဘူးခွံကို ချက်ချင်းသွားအပ်ပြီး ရထားပေါ် ပြန်တက်ပေါ့။ ရထားဥဩသံနားထောင်၊ လိုင်းတွေကိုကြည့်၊ ဘယ်ရထားထွက် မလဲ ဘယ်ရထားကြိုမလဲ၊ ပုဂံရထား နဘားရထားတွေလဲ ရှိတယ်။ မြို့ဟောင်းကို သွားတဲ့ စက်ခေါင်းတွေလဲ ရှိတယ်။ အဲဒါတွေနဲ့လဲ လိုက်လို့ရတယ်။ ဘူတာထဲမှာ သုံးနှစ်လောက် ကြာသွားတယ်”

“တရက်တော့ မြို့ဟောင်းကနေ ရွာထောင်ကို ပွဲသွားကြည့်မလို့ မုံရွာ ကားရထားပေါ် တက်လိုက်လာတယ်။ သူငယ်ချင်းတွေက သွားနှင့်ပြီ။ ရထား ပေါ်မှာ စစ်သားတယောက်နဲ့ တွေ့တယ်။ သူနဲ့ စကားပြောရင်း သူက မော်လိုက် ကို လိုက်မလားလို့ ပြောတယ်။ ခု ဘာမှ လုပ်စရာမလိုဘူး။ ကြီးရင်တော့ စစ်ထဲ ဝင်တဲ့။ အဲဒါနဲ့ ရွာထောင်မဆင်းဖြစ်ဘဲ မုံရွာလိုက်သွားတယ်။ ပြီးတော့ ဆိုက္ကားနဲ့ သင်္ဘောဆိပ်ကို သွားတယ်။ ပြီးတော့ သင်္ဘောနဲ့ လိုက်သွားတယ်။ လမ်းမှာ

သင်္ဘောပျက်ရင်း သုံးညလောက်ကြာတယ်။ သင်္ဘောရပြီဆို ပြန်ထွက်တော
ပျက်ပြန်ရော။ နောက်သင်္ဘော ပြောင်းပေးတယ်။ စစ်သားက ငါ့တူ၊ ဦးလေး
စရိတ်ပြတ်သွားပြီ။ ဒီဦးသောင်းစိန်နဲ့ နေရစ်တော့လို့ပြောပြီး သူက ခရီးဆက်
သွားတယ်။ ငါ့ကို အဲဒီပေါ်ပါတဲ့ လူကြီးဆီ ရောင်းထားခဲ့တာ။ ငါက မသိဘူး
ဘေးလူတွေပြောမှ ရောင်းထားခဲ့မှန်း သိတာ။ ငါးထောင်နဲ့တဲ့။ နောက် ငါ
ဦးသောင်းစိန်မော်တော်မှာ အလုပ်လုပ်ရတယ်။ အစပိုင်း ရေထဲဆင်း ရေညှ
တိုက်ရတယ်။ နောက်ကျမှ တခါတရံ မော်တော်မောင်းရတယ်။ သုံးလလောက်
ကြာတော့ အဝတ်လေးတွေ ဝယ်ပေးတယ်”

“ဟာ အဲဒါဆို ကိုကြီးက ရေကူးကျွမ်းတာပေါ့”

“ရေကတော့ ဘယ်လိုနေနေ ရတယ်”

“ဆက်ပြောအုံး၊ ဟိုကောင် ဖြတ်ဖြတ်မပြောကြေး ပြောထားတယ်နော်

“ကမ်းရောက်ရင် ကမ်းမှာ တီးလုံးတိုက်နေတဲ့ ဆိုင်းအဖွဲ့ရှိတယ်။ အ
သွားကြည့်တယ်။ သူတို့နဲ့ ရင်းနှီးလာတော့ မေးတော့ ငါ့အကြောင်း ပြော
လိုက်တယ်။ သူတို့က မန္တလေးခေါ်သွားမယ်ပြောပေမဲ့ ဦးသောင်းစိန်က ထ
မပေးဘူး။ ဒါနဲ့ လှေတစီးနဲ့ထွက်ပြေးတော့ ဦးသောင်းစိန်သိပြီး လိုက်ခေါ်တယ်
တရက်ကျ သူက ဆပ်ပြာမှုန့်ဝယ်ခိုင်းတယ်။ တစ်ထောင်တန်နဲ့။ ငါလဲ မဝယ်
ထွက်ပြေးလာတယ်။ တစ်ဘက်ကမ်းသွားတဲ့သင်္ဘောနဲ့ လိုက်သွားတယ်။ အ
သင်္ဘောစျေးသည်တွေနဲ့တွေ့တော့ သူတို့ဆီ လိုက်ခဲ့၊ နွားကျောင်း အခင်းစော
နွားစာကျွေး ဒါပဲ လုပ်ရမှာဆိုတော့ သူတို့ရွာ လက်ပံစုကို လိုက်သွားလိုက်တယ်

“အဲဒီမှာ နွားကျောင်းနေတုန်း ၃ လနဲ့ ၁၅ ရက်ကြာတော့ ပြဿန
တခုဖြစ်တယ်။ နွားကျောင်းအပြန် လှည်းတစီးမောင်းလာတဲ့လူတယောက်က
ငါ့တူ ငါ့လှည်းကို ရွာမောင်းသွားစမ်းပါကွာ၊ ငါ အခင်းသွားကြည့်မလို့ဆိုတော့
ငါလဲ အိမ်က အခင်းလုပ်တဲ့သူတွေအတွက်ပါ ထည့်ပေးလိုက်တဲ့ ထမ်းပိုးနဲ့ထမ်
လာတဲ့ ဂျုံငှဲတွေ ဇလုံတွေ အိုးတွေပါတဲ့အထုပ်ကို လှည်းပေါ်တင်ပြီး မောင်းလာ
တယ်။ အဲဒီမှာ ငါ့နွားတွေက တခြားနွားအုပ်တွေနဲ့တွေ့တော့ ရောသွားလ

ားတွေ လိုက်ထိမ်းနေတုန်း လှည်းက ပျောက်သွားရော။ အိမ်ရောက်တော့
ဒီအိုးတွေ ခွက်တွေ ဂျိုင့်တွေ ပါမလာတော့ဘူး။ သူတို့က ဘယ်သူ့လှည်းတုန်း
ိုတော့ နာမည်မပြောတတ်ဘူး။ အရှေ့ပိုင်းကလို့ပဲ သိတယ်လို့ ပြောတော့
ဒါ ဖိနပ်နဲ့ ဆင့်ဆင့်ရိုက်တယ်။ ငါလဲ မခံနိုင်တော့တာနဲ့ ထွက်ပြေးရော။
ရပြင်ကြီးထဲ ရောက်သွားတော့ လှေတစီးတွေ့တယ်။ လှေခိုးလှော်တော့ ပိုင်ရှင်
ာသိသွားပြီး လိုက်ရိုက်တယ်။ ရေထဲဆင်းပြီးပြေးရတယ်။ ထန်းပင်တွေကြားထဲ
နိုးနေရတာ။ ဆက်ကူးသွားတော့ တဲလေးတစ်တဲတွေ့တယ်။ အဲဒီကို အကူအညီ
ောင်းတော့ အိပ်ခွင့်ပေးတယ်။ မနက်လင်းတော့ စက်လှေနဲ့သွားပြီး မုံရွာသွား
ယ်သင်္ဘောနဲ့ လိုက်ခဲ့တယ်။ စစ်ကိုင်းထိသွားမယ်ဆိုတော့ အဲဒီထိ လိုက်ခဲ့တယ်။
ိုရောက်တော့ ရွာထောင်ကို ခြေလျင်လျှောက်သွားပြီး မြစ်ကြီးနားရထား ဆိုက်
ာနဲ့ မန္တလေးလိုက်လာခဲ့တယ်"

"ဟာ ကိုပလုပ်ဟာကလဲ ရုပ်ရှင်ကားအတိုင်းဘဲနော်၊ စွန့်စားခန်းတွေ
ကြည့်နေရသလိုပဲ"

"ဟေ့ကောင် အသေးလေး ဝင်ရှုပ်ပြန်ပြီ၊ ဒီကောင် နာတော့မယ်"

"မန္တလေးဘူတာကြီးထဲမှာ သူငယ်ချင်းတွေနဲ့ ပြန်နေ။ ၇ လ ၈ လကြာ
တော့ မင်းမင်းကျော်တို့က ရွှေဘိုသွားမယ်၊ ရွှေခြသေ့ကျောင်းရှိတယ်၊ လိုက်မလား
ိုပြီး ပြောပြတယ်။ အေး ခု မလိုက်သေးဘူး။ ပိုက်ဆံတွေ ရှင်းစရာရှိသေးတယ်
ိုပြီး နောက်ရက်မှာ ကန့်ဘလူသားနဲ့ လိုက်လာတယ်။ ကန့်ဘလူသားက
မန်းခြံခေါ်သွားတယ်။ အဲဒီထဲမှာ လမ်းဘေးသားတွေရှိတယ်။ ရဟတ်စီးကြ
တယ်။ အောက်ပြုတ်ကျတော့ တွဲနဲ့ရိုက်မိတယ်။ မြေကြီးနဲ့ ပါးနဲ့ ကျတယ်။
ပါးရောင်မှ ကျောင်းလိုက်ပို့တယ်။ ကျောင်းက ဆေးခန်းလိုက်ပို့ပေးတယ်။ ငါ
ဒီမှာ ပလုပ်ဆိုပြီး နာမည်အသစ် ရသွားတယ်"

"အော် မင်းကို ပလုပ်လို့ ခေါ်တာ ခုမှ သိတော့တယ်"

"ခမျာလဲ ဝင်မပြောနဲ့လေ"

"အေးပါ မပြောပါဘူး၊ တစ်ခု မေးအုံးမယ်၊ တော်နေ မေ့သွားမှာစိုးလို့၊
ကန့်ဘလူသား ဘယ်ရောက်သွားလဲ"

"သိဘူး၊ အဲဒီထဲက တခါမှ ပြန်မတွေ့တော့ဘူး"

"သေပြီ နေမှာပေါ့"

"သူများကို မပြောကောင်းဘူးလေ၊ ဖွ ဖွ အမိုက်အမဲလေးမို့ ခွင့်လွှ
ပါနော်"

"ကဲဟေ့ အကုန်လုံး တိတ်၊ ပလုပ်ဆက်ပြောကွာ"

"ကျောင်းမှာ သင်ပုန်းကြီးသင်၊ မြန်မာစာဖတ်သင်၊ သချိုင်းတပ်
အင်္ဂလိပ်စာသင်၊ မုန့်လုပ် လက်ဘက်ရည်ဖျော်သင်၊ ဂစ်တာတီးသင်တယ်။ ဝ
ရေးတယ်။ ကျောင်းကထုတ်တဲ့ လူငယ်အားစာစောင်မှာ ဝတ္ထုသုံးပုဒ်ပါဘူးတ
"ကျောင်းမှာ ငလျင်ဖြစ်တဲ့ဆီက ကျောင်းသားတွေ ရောက်လာတယ်လေ
ဘုန်းကြီးက ကျောင်းထားပေးတာ။ ၉ တန်း ၁၀ တန်းကျောင်းသားတွေ"

"သိတယ်လေ၊ သမီးတို့ မိန်းခလေးဆောင်ထဲမှာ စိုးစန္ဒာတို့ အများကြီ
တူတူနေရတာ"

"အေး၊ ဟုတ်တယ်၊ သူတို့နဲ့ရင်းနှီးလာတော့ သူတို့ပြောတဲ့ထဲမှာ သပိတ်က
မြို့ဆိုတာ ပါပါလာတယ်။ သူတို့ကို မေးရင်း မေးရင်း ရွှေဘိုကနေ ဝက်
ဖက်ရှည်ရွာကို သွားလို့ရတာ သိသွားတယ်။ ဒါနဲ့ ငါ ဇရပ်ကွင်းကားနဲ့ လိပ်ကျ
လိုက်ပြီးတော့ အိမ်သွားတာ။ အိမ်က မတွေ့တော့ဘူး။ ရွာဖြစ်နေပြီ။ စုံစမ်းကြ
တော့ အမေက ရမည်းသင်းတက်သွားတာ ၆ နှစ်လောက်ရှိပြီတဲ့။ ဒါပေမဲ့ အ
ရဲ့ အမနဲ့ ညီမရှိနေတာသိရတော့ သူတို့ဆီကို လိုက်သွားတယ်။ အဲဒီမှာ အဘ
ရော တွေ့ရတယ်။ ဖြစ်ချင်တော့ သူတို့က အမေ့နဲ့ဆက်သွယ်လို့ရတဲ့ဖုန်းနံပါတ်
ပျောက်နေတယ်။ အဲဒီမှာ ၁၀ ရက်လောက် ကြာတယ်။ သူတို့အင်းမှာ မိုင်း
ယမ်းဝိုင်းလိပ်ပေး၊ မီးစက်ဆီဖြည့် ဝိုင်းလုပ်တယ်။ ငါလဲ ရွှေဘိုပဲ စိတ်ရောက်
တော့ ကျောင်းပဲ ပြန်လာခဲ့တယ်။ သူတို့ဆီ နေခိုင်းတယ်။ တားမရတော
ဖုန်းနံပါတ်ရရင် လှမ်းပြောမယ်တဲ့"

"နောက်ပိုင်း ဖုန်းနံပါတ်ရပြီး အမေနဲ့ စ စကားပြောရတော့ ပျော်လို
တာ။ အမေကလဲ သူလိုက်ရှာတဲ့အကြောင်း ပြောပြတယ်။ အမေက ဝက်

ဖက်ရှည်မှာ တွေ့ကြမယ်ဆိုပြီး ချိန်းတယ်။ တစ်လလောက်နေတော့ အမေ ရောက်လာတယ်။ အမေနဲ့ ရမည်းသင်းလိုက်သွားတယ်။ အဲဒီကျမှ ညီမလေးကို ပြန်တွေ့ရတယ်။ ငါ ထွက်သွားပြီး မကြာဘူး။ အမေ နောက်ယောကျ်ားနဲ့ကွဲပြီး ရမည်းသင်း ရွှေ့သွားတာတဲ့။ ကြီးကြီးပြောမှ အဲဒီမှာ နောက်ထပ်ယောကျ်ား ရနေတာ သိတာ။ အမေက မပြောဘူး။ ရမည်းသင်းမှာ ပထွေးအသစ်နဲ့ တွေ့ရ တော့ အဆင်ပြေပါတယ်။ သူနဲ့ ကလေး ၂ ယောက်ရနေတယ်။ ရွှေတောကြီးက စိတ်ထားတယ်။ တခြားသူတွေက လေလံဆွဲထားတာတဲ့။ အဲဒီမှာ အလုပ်သိပ်မရှိ ဘူး။ ပီးတော့ ငါကလဲ တီဘီဆေးစားနေတာ။ မပြတ်သေးဘူး။ အမေကတော့ ပြောတယ်။ တောင်လိုင်းမှာ တစ်လ တစ်သိန်းခွဲပေးတယ်။ သုံးလတစ်ခါထုတ်ပေး တယ်လို့ပြောတယ်။ သွားမယ်လို့တော့ စိတ်ကူးတယ်။ အမေက ပိုက်ဆံလှမ်းလှမ်း မှာတော့ ငါက ပန်းရံလုပ် လက်ဘက်ရည်ဆိုင်လုပ်ရတဲ့ ပိုက်ဆံလေးတွေစုပြီး လွှဲလွှဲပေးတယ်။ ဆရာမတွေကို လွှဲခိုင်းတာ။ အမေ့မှာ အမှုဖြစ်နေတော့ ငွေလို လိုတဲ့၊ လှမ်းမှာတာ။"

"အလုပ်သွားလုပ်မယ့်အကြောင်း မိစုကိုလဲ ပြောထားပြီးပြီ။ သူနဲ့ဖြစ်နေ တာ သုံးနှစ်လောက် ရှိပြီ။ အစက ငါက မန္တလေးနဲ့ ရွှေဘို သွားလိုက်လာလိုက် နေတော့ မဖြစ်ကြသေးဘူး။ ဒီကျောင်းမှာ ငြိမ်ငြိမ်နေတော့မှ သူနဲ့ ဖြစ်တာ။ သူကလဲ အတန်းကျောင်းမနေဖူးဘူး။ ဒီကျောင်းမှာ စာလာသင်တယ်။ ငါနဲ့ နှစ်ပြီး ၁၀ လလောက်ကြာတော့ သူလဲ ကျောင်းကထွက်ပြီး အလုပ်လုပ်ရတယ်။ သူညီမက နောက်နှစ်မှာထွက်ပြီး အလုပ်လုပ်တယ်။ သူ့အမေကို သူတို့ညီအမက လုပ်ကျွေးရတာ။ သူ့အမေက ကျန်းမာရေးမကောင်းဘူး။ သူအလုပ်နားရက် ဖူပုယ်နေ့တိုင်း ကျောင်းကို လာတွေ့တယ်။ သူ့မောင်ကလဲ ကျောင်းမှာရှိတော့"

"နောက်နှစ်လလောက် ဆေးစောင့်စားရင်း ဒီမှာ အလုပ်လုပ်မယ်။ မှတ်ပုံတင်ရပြီဆိုတော့ အရောင်းစာရေးလျှောက်မလို့။ ကျောင်းက နှစ်ယောက် လဲ လုပ်နေတယ်။ အဆင်ပြေရင်လဲ ဒါပဲ လုပ်မယ်။ မပြေရင် အမေ့ပြောတဲ့ဆီ သွားလုပ်မယ်။ အမေ့ကို လုပ်ကျွေးရင်း ပိုက်ဆံစုမယ်။ ပြီးရင်တော့ အမေတို့ မမ်ါပြီး မိစုကို တောင်းမယ်။ နှစ်ဘက်လုံး ပြောထားပြီးသား"

"ဟာဗျာ ကိုပလုပ်ဇာတ်လမ်းက အားကျစရာကောင်းလိုက်တာဗျာ"

"အေးကွ ဇာတ်သိမ်းမိုက်တယ်"

"ဒီမှာ နောက်ထပ် စာရေးဆရာတစ်ယောက်ရှိသေးတယ်"

"စာရေးဆရာတွေက တစ်ယောက်မကဘူးကွ၊ အများကြီးပဲ။ လွှာတစ်လွှ
လဲ ရေးတယ်။ စိုးနိုင်လဲ ရေးတယ်။ ငါတောင် စိုးနိုင်ရဲ့ကဗျာလေးကြိုက်လို့
ကျက်ထားတာ။ သူ့ကောင်မလေးက ပစ်သွားလို့ ရေးထားတာလေ။ ငါလဲ သူလို
ပဲ ခံစားရတာ။ အာ့ကြောင့် ကျက်ထားတာ"

"ဟေ့ကောင် တကယ်ရရင် ဆိုပြစမ်း"

"ရရင် မင်း ဘာပေးမလဲ"

"ည ပလာတာ ကျွေးမယ်"

"အေး အစိမ်နော်၊ နားထောင်"

"ချစ်တယ်လို့
အခါခါ ပြောခဲ့တာ နင်....
တကယ်တမ်း
ချစ်ခဲ့ရတာက ငါ.....။

လွမ်းတယ်လို့
အခါခါ ပြောခဲ့တာ နင်....
တကယ်တမ်း
လွမ်းခဲ့ရတာက ငါ.....။

ခွဲမသွားပါနဲ့လို့
အခါခါ ပြောခဲ့တာ နင်.....
တကယ်တမ်း
ကျန်ရစ်ခဲ့တာက ငါ.....။

နောက်ဆုံး
ပျော်နေတာက နင်. . . .
တကယ်တမ်း
ခံစားရတာက ငါ. . . . . ။"

"အဲလို ဟုတ်လား စိုးနိုင်"
"အေး ဝယ်ကျွေးလိုက်တော့"
"စိုးနိုင်က ပြောတယ်။ သူကဗျာကို လူတယောက်က ခိုးချထားတာတဲ့။ သူ့ကို ဘုန်းကြီးက ပြောတာတဲ့။ သူဖေ့ဘွတ်ထဲမှာ ရှိတယ်။ ငါ့ကို ပြတယ်။ ကဲဒီလူက နန်ကထိုင်ကြီးနဲ့ဗျ။ ဘုန်းကြီးကိုလဲ ဆရာမနန်းက ပြောတာတဲ့"
"ဒို့ကို စာလာသင်ပေးတဲ့ ဆရာမ နန်းလား။ ဆရာမက ဓာတ်ပုံတွေလဲ အများကြီးရိုက်ပြီး သူဖေ့ဘုတ်မှာ တင်ပေးတယ်လေ။ ဒို့ ဇွဲကပင်တောင်တက် ဘုန်းက ဆရာမ နန်းတို့အိမ်မှာ တည်းတာလေ။ ထမင်းလဲ ကျွေးတယ်"
"ဆရာမနန်း ရှိတုန်းက စာအုပ်တအုပ်ထုတ်ပေးသေးတယ်လေ၊ ဒို့ပုံတွေ ဒို့စာတွေနဲ့"
"ဟုတ်တယ်၊ ငါတို့ထဲမှာ စာရေးဆရာတွေ အများကြီးပဲ။ ငါပြောတာက ဇွဲမင်းထိုက်ကို ပြောတာ"

"ဇွဲမင်းထိုက် ဇွဲမင်းထိုက် ဇွဲမင်းထိုက် ဇွဲမင်းထိုက်"
"အိုကေ ငါကတော့ ဒီတိုင်း ပြောမပြတော့ဘူး၊ ငါရေးထားတာကို ဖတ်ပြမှာ"
"ငါတို့ လူငယ်အားစာစောင် အမှတ် (၆) ထဲမှာ ပါတဲ့ဟာ၊ နားထောင်၊ လုံးဝတိတ်ပြီး နားထောင်နော်၊ ဖြစ်နိုင်ရင် အသက်တောင် ပြင်းပြင်းမရှူနဲ့"
"ခေါင်းစဉ်မတတ်ချင်တော့တဲ့ ကျွန်တော့်ရဲ့ဘဝဇာတ်လမ်းပေါ့ဗျာ ပြောပါရစေ။ မပြောခင်ကျွန်တော့်ရဲ့နာမည်လေး မိတ်ဆက်ပါရစေ၊ ကျွန်တော်နာမည် ဇွဲမင်းထိုက်ပါ"

"ကျွန်တော်ဘဝက ဒီလိုစခဲ့တာပါ။ ကျွန်တော်လူ့လောကကို ၂၆.၂.၁၉၉၇ မှာ ရောက်ရှိခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ကံကြမ္မာဆိုတဲ့ ဘဝဇာ ဆရာဟာ ရောက်ရှိလာမဲ့ ကျွန်တော့်ဘဝ အနာဂတ်အတွက် အရေးကြီးဆုံးဆို အရာတစ်ခုကို ဆွဲထုတ်သွားခဲ့တယ်။ အဲဒါကတော့ ကျွန်တော့်အမေပေါ့ဗျာ ဒီလိုနဲ့ ဇာတ်ဆရာချန်ခဲ့သော အဖေဆိုတဲ့ ကျွန်တော့်ရဲ့ဖခင်နဲ့ ခရီးဆက်ခဲ့ တယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ လောကကြီးရဲ့ အရာတစ်ချို့ကို သင်ယူမှတ်သ တတ်စအရွယ်မှာ အဖေဟာ ဘယ်လိုလူလည်းဆိုတာကို သိရှိခဲ့ပါတယ်။ စာဖ သူအနေနဲ့လဲ သိချင်မယ်ထင်ပါတယ်။ မသိချင်လဲ ပြောပါရစေဗျာ။ အဖေဟ အရမ်းတော်တဲ့ လူမိုပါ။ ဘယ်လောက်တော်သလဲဆိုရင် ကျွန်တော်သိသလော တော့ သူနဲ့ အရက်ယှဉ်သောက်နိုင်သူ မရှိဘူးဗျ။ နောက်ပြီး သူက ရောက် နေရာမှာ အိပ်တတ်တယ်ဗျ။ ပြီးတော့ရှိသေးတယ်ဗျ၊ ဘာလည်းဆိုတော့ ဒေါသထွက်တဲ့အခါမှာ သူများအပေါ် ပုံချတာ အရမ်းပိုင်တာပေါ့ဗျာ။ အပုံ လေးများကတော့ ကျွန်တော်တို့မောင်နှမတွေပေါ့ဗျာ။ မောင်နှမဆိုတာကတ ကျွန်တော်ရယ် စာဖတ်သူတို့မသိလိုက်တဲ့ ကျွန်တော့်ရဲ့အစ်ကိုနဲ့ အစ်မပေါ့ဗျ ကျွန်တော်က အငယ်ဆုံးပါ။

ဒီလိုနဲ့ ကျွန်တော်တို့တွေဟာ အဖေဖြစ်သူရဲ့ ဒေါသခံအိုးလေးတွေအဖြစ် နေလာတာ မိထွေးဆိုတဲ့ ဒုတိယမြောက်အမေတစ်ယောက် ကျွန်တော်တို့ဘဝ ဝင်လာခဲ့တယ်။ သူဟာ ကျွန်တော်တို့အပေါ် အရမ်းကောင်းရှာပါတယ်။ အဖေ ကျွန်တော်တို့ကိုရိုက်ရင် ဝင်တားပေးတယ်။ ဒီတော့ အဖေနဲ့သူ ရန်ဖြစ်ရတ တာပေါ့။ ဒါနဲ့ပဲ သူဟာ ကျွန်တော်တို့ရဲ့အားကိုးရာ အမေရင်းတစ်ယော ဖြစ်လာတော့တာပေါ့ဗျာ။ ဒီလိုနဲ့ တစ်ဖြေးဖြေးနေလာခဲ့တာ အစ်ကိုကြီး အိမ်ထောင်ကျတဲ့ထိပဲ ဆိုပါတော့။ အဲဒီခြိန်မှာမှ ကျွန်တော့်အသက် ၁၂ ပဲရှိ သေးတယ်။ ဒါနဲ့ အစ်ကိုကြီးဟာ ကျွန်တော့်ဘဝထဲက ထွက်သွားတာ အခုဒီ ကို ရေးနေတဲ့အချိန်ထိပါပဲ။ ဒီလိုနဲ့ အစ်ကိုထွက်သွားပြီးနောက် ကျွန်တော်တို့ ဒုတိယမိခင်ဖြစ်တဲ့ အမေဟာ အဖေ့ရဲ့ဆိုးသွမ်းမှုဒဏ်တွေကြောင့် ဆုံးပါးသွား ပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ အဖေဖြစ်သူနဲ့ အိမ်မှာ မနေဝံ့တော့တာကြောင့် ကျွန်တော် အိမ်ကထွက်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ လောကကြီးအလယ်မှာ တန်းဖိုးမဲ့ အမှိုက်တစ်စအဖြစ် လေနှင်ရာ လွင့်နေခဲ့ပါတယ်။

ဘဝမှာ ဖြစ်သလိုနေ ဖြစ်သလိုစား စိတ်ထင်ရာသွားနေတဲ့ ကျွန်တော့် အတွက် အနာဂတ်ဆိုတာ စိတ်ကူးထဲမှာတောင် မမြင်ယောင်ခဲ့ပါဘူး။ ကျွန်တော်ဟာ ကလေးတစ်ယောက်ပါ။ ဆာရင် စားချင်တယ်၊ ဒီအတွက် ဘယ်လိုရှာစားရမလဲဆိုတာ ဘဝက သင်ပေးလိုက်တာ တစ်ခုပဲရှိတယ်။ အဲဒါ ခိုးတာပဲ။

ဒီတွက် ကျွန်တော် ပြစ်ဒဏ်တစ်ချို့ ခံခဲ့ရတယ်။ အဲဒါကတော့ ဥပဒေရဲ့ ပြစ်ဒဏ်ပေါ့ဗျာ။ တစ်ခါတလေကျရင် ကျွန်တော့်ကို ရိုက်နှက်ပြီး ပြန်လွှတ်ကြတယ်။ ဒါပေမဲ့ ကျွန်တော် မပြောင်းလဲခဲ့ပါဘူး။ ပြောင်းလဲဖို့လဲ အခွင့်လမ်း မရှိခဲ့ပါဘူး။ ဒါတွေကို ကျွန်တော်မလုပ်လဲ တစ်ခုခုဆို ကျွန်တော့်ဆီပဲ လာတယ်။ အဲဒါကတော့ ရဲတွေပေါ့ဗျာ။ ကျွန်တော်မလုပ်တဲ့ ပြစ်ဒဏ်တစ်ချို့ ကျွန်တော်ခံရတယ်။ ဒီတော့ ကျွန်တော် မဟုတ်တာ မလုပ်ဘူး၊ ဟုတ်တာပဲ လုပ်တယ်။ အဲဒီတော့ ဒီအလုပ်က ကျွန်တော်လုပ်တာ မဟုတ်ဘူးပြောလဲ မရမယ့်အတူ ဟုတ်တယ် ကျွန်တော်လုပ်တာ၊ ကျွန်တော်လုပ်တာ ဟုတ်နေတော့ ကျွန်တော် ဟုတ်တာလုပ်နေတဲ့သူပေါ့ဗျာ ဟဲ ဟဲ။

ဒီလိုနဲ့ ကျွန်တော်ဟာ ဘဝအမှောင်လမ်းထဲမှာ သွားလာလှုပ်ရှားရင်း အလင်းတစ်ခုကို တွေ့ရှိခဲ့တယ်။ အဲဒါကတော့ ဘဝရဲ့အမှောင်ဆုံးလမ်းတွေကနေ ဆွဲထုတ်သွားတဲ့ ရွှေခြင်္သေ့ဆိုတဲ့ ကျောင်းတော်ကြီးရဲ့ ပဲ့ကိုင်ရှင်ဖြစ်တဲ့ ဘုန်းဘုန်းပါပဲ။ ကျွန်တော် ဒီကျောင်းတော်ကြီးထဲမှာ လုံခြုံမှုဆိုတဲ့ အခွင့်ရေးနဲ့ အတူ ကလေးတစ်ယောက်ရသင့်တဲ့ အခွင့်ရေးတို့ကို ရရှိခဲ့ပါတယ်။ ကိုယ့်ရဲ့ အနာဂတ်ကို စိတ်ကူးရင်ခဲ့ဖူးသူတစ်ယောက်အတွက် ဒီကျောင်းတော်ကြီးဟာ အကောင်းဆုံးအရာတစ်ခုဖြစ် ရုပ်တည်ခဲ့ပါတယ်။ စာပေဝါသနာပါသူက စာပေကွက် နေရာရှိသလို ဂီတကို ဝါသနာပါသူက ဂီတမှာ နေရာရှိခဲ့ပါတယ်။ ဒီလိုပဲ အားကစားသမားတွေအတွက်လည်း နေရာရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်

နေရာတစ်ခုကို သေချာစွာ ရယူနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆို အနာဂတ်ကို သေချာစွာ မမြင်ယောင်ခဲ့ဘူးတဲ့ ကျွန်တော့်အတွက် ကျွန်တော် ကိုယ်တိုင်တောင် ကိုယ်ဟာ ဘာဖြစ်ချင်လဲဆိုတာ မသိခဲ့ပါဘူး။ ငယ်စဉ်ကတည်း က အဆိုးတွေကြီး ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော့်အတွက် အနာဂတ်ကို တွေးလည်း မတွေးရဲခဲ့ပါဘူး။ ကျွန်တော့်ဆီမှာ အချိန်တိုင်းရှိနေခဲ့တာ ကြောက်စိတ်တစ် တည်းပါ။ အဲဒါကတော့ ကျွန်တော် အချိန်တန်ရင် အိမ်ပြန်နေရမှာလား ဆိုတာ ပါပဲ။ ကျွန်တော် အိမ်မပြန်ချင်ဘူး။ ဒီတော့ ကျွန်တော် အိမ်မပြန်ရရင် ပြီးရော ဆိုပြီး နေလာခဲ့တယ်။ ဒီလိုနဲ့ပဲ ကျွန်တော် ကျောင်းက ကောင်မလေးတစ်ယောက် နဲ့ လူငယ်ချင်း စိတ်ကစားပြီး ချစ်သူဖြစ်ခဲ့ကြတယ်။

ကျွန်တော်တို့ နှစ်ယောက်ဟာ အပူပင်ကင်းမဲ့စွာ အချိန်တော်တြ တွဲလာခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှုတွေကို အချိန်ဆိုတဲ့ စက်ယန္တရားကြီးက စတင် ရိတ်သိမ်းနေပါတော့တယ်။ အဲဒါက ကျွန်တော် ကျောင်းကြီး မကြာခင်ပိတ်တော့မယ်ဆိုတာပါပဲ။

ဒါနဲ့ပဲ ကျွန်တော်တို့နှစ်ယောက် ကျောင်းကနေ ထွက်လာခဲ့ကြပါတော ဒီတော့ ကျွန်တော် ဘဝကို စတင်ရင်ဆိုင်နေရပါပြီ။ တိုက်ခိုက်မှု မကျွမ်းကျ သေးတဲ့ ကျွန်တော်ဟာ အရှုံးဘက်မှာ ဦးတည်နေပါတယ်။ ကျွန်တော့်မှာ တပ် မရှိပါဘူး။ ကျွန်တော့်အတွက် တိုက်ခိုက်ပေးမယ့်သူဆို ဝေးရောပေါ့ဗျာ။ ဒါပေ ကျွန်တော် လဲမကျချင်ဘူး။ သို့ပေမဲ့ ကျွန်တော် ဘယ်လိုပြန်တိုက်ရမလဲ ကျွန်တော့်မှာ စံပြ Hero လဲ မရှိခဲ့ပါဘူး။ အားကျရလောက်တဲ့သူနဲ့လည်း မတွေ့ ဘူးပါဘူး။ ဒီတော့ ကျွန်တော် အရှုံးဘက်ကနေ အကောင်းဆုံး တောင့်ခံရေ တယ်။ ကျွန်တော် နောင်ကို ဘာဖြစ်ချင်လည်းဆိုတာလည်း ခုချိန်ထိ သေ မတွေးနိုင်သေးခဲ့ပါဘူး။ ဒါဟာ ကျွန်တော့်အတွက် တော်တော်ခက်ခဲတဲ့အ တစ်ခု ဖြစ်နေပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်တော် ဂစ်တာတစ်လ ကိုင်ပြီး ညတိုင်းပဲ စိတ်ထင်ရာ တီးချင်မိတယ်”

“ကျွန်တော့်စာကတော့ ဒါပါပဲခမျာ”

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"
"မိုက်တယ်ကွာ၊ သွေးပျက်မယ့် ရေးချက်တွေ"

"လျှာတစ်လစ် မပြောသေးဘူး။ သူလဲ စာရေးဆရာပဲ။ ညတိုင် မအိပ်ဘူး။ စာပဲ ရေးနေတာ"
"ငါလဲ ငါ့အကြောင်း စားရေးထားတာ။ အဲဒါ ဖတ်ပြမှာ။ မင်းတို့ သိချင်တာ မေးလေ။ ငါ ဖြေမယ်"
"ရီးဒင်းကလပ် လုပ်သလိုလား"
"အေး ဟုတ်တယ်၊ ဖတ်ပြပြီးရင် မေးတာ ဖြေမယ်၊ တတ်နိုင်သလောက်ပေါ့"
"လက်ချင်း မချိတ်ဘဲ နားထောင်လို့ ရတယ်မဟုတ်လား။ ငါ ဒီကောင် မလေးလက် မကိုင်ချင်တော့လို့"
"သေနာကျ"
"ကဲ တိတ်တိတ် နားထောင်ကြမယ်"
ကျွန်တော့်နာမည် ကျော်မင်းထွန်းပါ။ ဒါကတော့ ကျွန်တော့်ဘဝအကြောင်းလေးပါ။ ခေါင်းစဉ်တပ်ထားတာကတော့. . . . ကျွန်တော်ဖြတ်သန်းခဲ့ရသော ဘဝတိုက်ပွဲများပါ။ အများပါရင်တော့ ခွင့်လွှတ်ပေးပါ"
"ခွေးလွှတ်ပါတယ်၊ ခွေးလွှတ်ပါတယ်"
"ဟျောင့် မနောက်ရဘူး၊ ဒါ အတည်ပြောနေကြတာ"
"ကျွန်တော်ငါးနှစ်သားအရွယ်မှာ အဖေဆုံးသွားခဲ့တယ်။ အဲ့ဒီမှာ အမေက နောက်ယောကျ်ား ယူခဲ့တယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ကျွန်တော် ပထွေးရဲ့ နှိပ်စက်မှုတွေကို ခံခဲ့ရတယ်။ ဒါပေမဲ့ ပထွေးနှိပ်စက်တာတွေကို ကျွန်တော် ခေါင်းငုံ့ခံခဲ့တယ်။ အဲ့ဒီချိန်မှာ ကျွန်တော့်ပထွေးကို ကျွန်တော့်ရဲ့စိတ်တွေက သတ်ချင်တဲ့ စိတ်တွေ ပေါ်လာခဲ့တယ်။ ဒါပေမဲ့ သတ်ချင်တဲ့စိတ်တွေသာ ပေါ်လာခဲ့တယ်။ ဒါပေမဲ့ သူ့ကိုသတ်ဖို့က ကျွန်တော့်မှာ အင်အားတွေ လိုခဲ့တယ်။ ဒီလို

နေရင်းနဲ့ ကျွန်တော်နှစ်တန်းနှစ်ရောက်တော့ ကျွန်တော်တို့ကျောင်းမှာ ဆုပေး
ပွဲရှိခဲ့တယ်။ အဲဒီမှာ ကျွန်တော် အမေ့ကို -အမေ သားတို့ကျောင်းမှာ ဆုပေးပွဲ
ရှိတယ် အမေ လိုက်ခဲ့ပါ- လို့ ပြောတယ်။

အမေက ကျွန်တော့်ကို -မလိုက်နိုင်ဘူး- လို့ပြောလိုက်တယ်။ အဲဒီမှာ
ကျွန်တော် အဲဒီခွိန်မှာ ကျွန်တော်အရမ်းခံစားခဲ့ရတယ်။ အဲဒီမှာ ကျွန်တော်တို့
ကျောင်းဆုပေးပွဲကို ရောက်တယ်။ အဲဒီမှာ ကျွန်တော် ပထမဆုရခဲ့တယ်။ ဒါပေမဲ့
ကျွန်တော့်မိဘတွေနဲ့ ဓာတ်ပုံတွဲရိုက်ချင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ဆန္ဒတော့
မဖြစ်ခဲ့ဘူး။ အဲဒီကျောင်းဆုပေးပွဲမှာ သူငယ်ချင်းတွေက သူတို့မိဘတွေနဲ့ ဓာတ်ပုံ
တွဲရိုက်တာတို့၊ တွဲရိုက်နေတာကြည့်ပြီး ကျွန်တော် သူတို့လို မိဘအစုံ နေချင်
တယ်။ ဒါပေမဲ့ ဖြစ်ချင်တဲ့အရာတွေက ဖြစ်မလာခဲ့ဘူး။ ကျွန်တော် နောက်ပြန်
ကျောင်းပြန်တက်တယ်၊ တစ်နေ့ရောက်တော့ ကျွန်တော်ကျောင်းကအပြန်မှာ
အမေ့ကို ပထွေးက အရက်ဝယ်ခိုင်းတယ်။ ဒါပေမဲ့ အမေက အလုပ်ပင်ပန်းလို့
အလုပ်ပင်ပန်းလာတော့ ဝယ်မပေးဘူးလို့ ပြောလိုက်တယ်။ အဲဒီမှာ ကျွန်တော့်ကို
အရက်ဝယ်ခိုင်းတယ်။ ကျွန်တော်ကလည်း ဝယ်မပေးဘူး။ ကျွန်တော်က
ဝယ်မပေးတော့၊ နောက်တစ်ခါ အမေ့ဘက်ကို ပြန်လှည့်သွားခဲ့တယ်။ အဲဒီမှာ
ဝယ်မပေးဘူးလို့ ခဏ ခဏတိုင်းပြောတော့ အမေနဲ့ပထွေး ရန်ဖြစ်ကြတယ်
အဲဒီမှာ အဲဒီခွိန်မှာ ပထွေး၊ ပထွေးက အမေ့ကို နှိပ်စက်နေတာကိုကြည့်ပြီး
ကျွန်တော် ဘယ်လိုမှမကြည့်ရက်ဘူး။ အဲဒီမှာ ကျွန်တော် ပထွေးကို နောက်ကနေ
တုတ်နဲ့ ရိုက်ခဲ့လိုက်တယ်။ ရိုက်ခဲ့တယ်။ အဲဒီမှာ ပထွေး မေ့သွားခဲ့တယ်။ အဲဒီမှာ
ကျွန်တော် အဲဒီမှာ ကျွန်တော် အကြောက်လွန်တော့ ကျွန်တော် အိမ်ကနေ
ထွက်ပြေးခဲ့တယ်။ အဲဒီလိုနဲ့ ကျွန်တော် မန္တလေးကို စရောက်ခဲ့တယ်။ ကျွန်တော်
မန္တလေးမှာ ကျွန်တော့်ဘဝ အခက်အခဲတွေနဲ့ ကျွန်တော်အရွယ်နဲ့ မလိုက်အောင်
ကျွန်တော် ဒုက္ခတွေ တွေ့ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော် နေတာကြာသွားတော့
အဲဒီဒုက္ခတွေက ကျွန်တော့်တွက်တော့ ပျော်စရာပဲ ဖြစ်လာခဲ့တယ်။ ဒါပေမဲ့
မန္တလေးမှာနေရတာ ကျွန်တော့်အတွက်တော့ ဒုက္ခပင်လယ်ကြီးလို၊ ဒုက္ခ

ငါးလယ်ကြီးကို ကျော်ဖြတ်နေရတယ်။ ဒါပေမဲ့ ကျွန်တော် ကိုယ့်ဘဝကို အရှုံး
ပေးဘူး။ ကျွန်တော် ဖြစ်သလိုနေတယ်၊ ဖြစ်သလို စားခဲ့တယ်။ အဲဒီလိုနဲ့
ကျွန်တော် ကျွန်တော့်အသက် ဆယ်နှစ်သားအရွယ် ရောက်လာခဲ့တယ်။ ကျွန်တော်
ထားပေါ်မှာ အလုပ်သမားလုပ်ပြီး ကုန်လိုက်ထမ်းခဲ့တယ်။

ဒီလိုနဲ့ ကျွန်တော် ကြာလာတော့ မန္တလေးမှာ အလုပ်လုပ်ပြီး ရတဲ့ပိုက်ဆံ
လေးတွေစုပြီး ကျွန်တော့်အိမ်ကို ပြန်သွားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် အိမ်ကို
ပြန်ရောက်တော့ ကျွန်တော့်ပါလာတဲ့ ပိုက်ဆံလေးတွေကို အမေ့ကို ပေးခဲ့တယ်။
ကျွန်တော် အိမ်က ပြန်လာတော့၊ မန္တလေးမှာ နေရတာကြာလာပြီ၊ ကျွန်တော်
နေချင်တော့ဘူး။ အဲဒီခါမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ရွှေဘိုမှာ
အရွှေခြသေ့ကျောင်းရှိတယ်ဆိုပြီး ကျွန်တော့်ကို ရွှေဘိုကို ခေါ်ခဲ့တယ်။ ကျွန်တော်
ရွှေဘိုကိုရောက်တော့ ဒီကျောင်းမှာနေပြီး ကျွန်တော် ပညာသင်နေပါတယ်၊
ဟုတ်ပါပဲ။

"ကိုကျော်မင်းထွန်း လမ်ဘေးမှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရလဲ"

"လမ်းဘေးမှာကျတော့ စရောက်တုန်းကတော့ ဒါမျိုး အနိုင်ကျင့်ခံရ
တယ်။ အနိုင်ကျင့်ခံခဲ့ရတော့ ကျွန်တော် ခေါင်းငုံ့ခံတယ်ပေါ့။ ကျွန်တော့်အသက်
ကြီးသေးတော့ကျတော့ သူတို့ရဲ့အနိုင်ကျင့်ဆက်ဆံမှုတွေကို ခေါင်းငုံ့ခံခဲ့ရတယ်။
အဲဒီမှာ ကျွန်တော် အသက်နည်းနည်းရလာတော့ ဘယ်သူမှ မကြောက်တော့ဘူး။
မကြောက်တော့ဘဲနဲ့ ကျွန်တော် ပြန်လုပ်တယ်။ ကျွန်တော်က ပြန်လုပ်တဲ့ခါမှာ
သူတို့ကနေ ကျွန်တော့်ကို ဘာမှ ပြန်မလုပ်ရဲဘူး။ အဲဒီလိုနဲ့ ကျွန်တော်နေတာ
ကြာလာတော့ ဒီလမ်းဘေးသားဘဝဆိုတာ၊ တကယ်တော့ နေတာကြာလာတာနဲ့
တကယ်တမ်း ပျော်စရာတွေချည်းပဲ။ နေတတ်ရင်တော့ လောကကြီးက ကျေနပ်
စရာကြီးပါ"

"ကျော်မင်းထွန်းပေါ့နော် ဒီရွှေဆက်ရမယ့်ဘဝမှာပေါ့နော် ကိုကျော်မင်း
ထွန်း ရည်မှန်းထားတဲ့ ပန်းတိုင်ရှိလားလို့"

"အဲဒါတော့ရှိတယ်။ အဲဒါတော့ ကျွန်တော် ရည်မှန်းထားတယ်
ကျွန်တော့်အသက် တကယ်လို့ ၁၈ နှစ်ပြည့်ခဲ့ရင် ကျွန်တော် ဘာမှမလုပ်
ကျွန်တော့်အိမ်ပြန်ပြီးတော့ အမေ့ကို လုပ်ကျွေးမယ်လို့၊ ကျွန်တော် စဉ်း
ထားတယ်"

"ကိုကျော်မင်းထွန်းအနေနဲ့လေ ဟိုဒုက္ခကို ဘာလို့ ပျော်စရာလို့ ယူဆ
တုန်း"

"ဒါမျိုးဒုက္ခဆိုတာ တကယ်တမ်း တွေ့ပါများလာရင် ဥပမာနေနဲ့ ကျွန်
နှိုင်းယှဉ်ပြမယ်ဆိုရင် ကျွန်တော် လမ်းဘေးစရောက်တုန်းက ဒုက္ခဆို
ကျွန်တော့်တွက်တော့ ပင်လယ်တစ်ခုကို လက်ပစ်ကူးနေရသလို ခံစားရမှာ
နောက်ပိုင်းရောက်တော့ လမ်းဘေးမှာနေတာ ကြာလာတော့ အဲဒီဒုက္ခတွေ
ကျွန်တော်အတွက်တော့ ဘာမှ မဟုတ်တော့ဘူး၊ ပျော်စရာတွေချည်းပဲ၊ ကျွန်
ကို ရဲကဖမ်းတယ်။ ကျွန်တော်လိုက်သွားတယ်၊ သင်တန်းကျောင်းကိုရောက်တ
နောက်ပြီးကြရင် ပြန်ထွက်ပြေးတယ်။ ဒါပဲ အဲလိုမျိုးပဲ"

"ကိုကျော်မင်းထွန်းပေါ့ ကိုကျော်မင်းထွန်းအခက်ခဲတွေကို ဘယ်လို
ဖြတ်ခဲ့လဲ"

"ဘယ်လိုကျော်ဖြတ်ခဲ့တာလည်းဆိုတော့ ကျွန်တော် ဒါမျိုး ရထားပေါ်
တက်တယ်ပေါ့နော်၊ ရထားပေါ်တက်တော့ ကျွန်တော်မတက်တတ်တော့ ခ
ခဏ ပြုတ်ကျတယ်၊ အဲတော့ ရထားပေါ်တက်တတ်ဖို့ ကျွန်တော် အဲဒါကြီး
ခဏတိုင်းတက်တယ်။ အဲဒီမှာ ကျွန်တော် မန္တလေးဘူတာကို အဲလိုနေ
ရောက်သွားတယ်။ အဲလိုနေရင်း ရောက်ခဲ့တော့ ကျွန်တော် အဲဒီမှာ သူငယ်
တစ်ယောက်နဲ့ တွေ့တယ်။ သူနဲ့တွေ့တုန်းက ကျွန်တော် ဆေးလိပ်လည်း
မသောက်တတ်ဘူး။ ကွမ်းလည်း မစားတတ်ဘူး။ ဘာမှ မလုပ်တတ်ဘူး။ သူ
တွေ့တော့ ကျွန်တော် ဒါမျိုး ဆေးလိပ်လည်း သောက်တယ်။ ဟိုဟာတွေဒါ
လုပ်တော့ကြတော့ ဒီအခက်ခဲတွေက ဘယ်လိုအခက်ခဲတွေလည်းဆိုတော့ ရဲ
က ကျွန်တော်တို့ လမ်းဘေးသားတွေဆိုရင် ဘာမှမဟုတ်ဘဲနဲ့ ဖမ်းတယ်။ ဖမ်း

အချိန်မှာ ကျွန်တော်တို့က အဲဒီ ရဲဖမ်းတဲ့အခက်ခဲတွေကို အဲလိုနေရင်းနဲ့ ကျော်ဖြတ်ခဲ့တယ်။ ဘာလည်းဆိုတော့ ရဲလိုက်တယ်။ ရဲလိုက်ဖမ်းတယ်၊ ပြေးတယ်၊ ပြေးရင်းနဲ့ မိသွားခဲ့ရင် အဲဒီအခက်ခဲကို ကိုယ်ဘယ်လိုဖြေရှင်းရမလဲ စဉ်စားတယ်၊ ကိုယ်ပါသွားခဲ့ရင်၊ ဖမ်းထားတဲ့ချိန်မှာ ဒါမျိုး သူတို့ကိုလေ သေသေချာချာ ရှင်းပြတယ်။ အဲဒီလိုမျိုး ကျော်ဖြတ်ခဲ့တာပေါ့"

"ကိုကျော်မင်းထွန်း ကိုကျော်မင်းထွန်းအနေနဲ့လေ၊ အဲဒီပထွေးက အမေကို လောက်ထိန်ပ်စက်နေတယ်၊ ကိုကျော်မင်းထွန်းရင်ထဲမှာ ဘယ်လိုများ ကိုကျော်မင်းထွန်းအမေကို အဲလောက်ထိန်ပ်စက်နေတဲ့ပထွေးကို ဘယ်လိုတုံ့ပြန်မလဲဆိုတာကို"

"အဲ. . ကျွန်တော့်အနေနဲ့ဆိုရင်တော့ ကျွန်တော် တကယ်အရွယ်ရောက်လာရင် အဲလိုမျိုး နောက်ထပ်လုပ်နေခဲ့မယ်ဆိုရင်တော့ ကျွန်တော်က ကျွန်တော့်အမေထိတာ မကြိုက်ဘူး။ ကျွန်တော်ရှင်းရှင်းပဲ ကျွန်တော်သတ်ပစ်မယ်"

"အကိုကျော်မင်းထွန်းပေါ့နော်၊ ကိုကျော်မင်းထွန်းရဲ့သူငယ်ချင်းကလေ၊ ဒီရွှေခြသေ့ကျောင်းကို လာခဲ့လို့ပြောတာ ဟုတ်တယ်မဟုတ်လား။ အဲဒါ ကိုကျော်မင်းထွန်းလေ ရွှေခြသေ့ကို စရောက်တော့ ပျော်ခဲ့လား"

"ဒီကျောင်းကို စရောက်တုန်းက ကျွန်တော်အရမ်းပျော်ခဲ့တယ်။ ဘာလို့လည်းဆိုတော့ မန္တလေးကကျောင်းနဲ့ မတူဘူးပေါ့၊ ဒီမှာက အိပ်လည်းအိပ်ရတယ်၊ လွတ်လပ်ခွင့်လည်း ရှိတယ်ပေါ့။ ဘယ်လိုလွတ်လပ်ခွင့်လဲဆိုတော့ ဟိုမှာက ညမအိပ်ရဘူး။ ဒီတိုင်းပဲ ဒါမျိုးစာတွေဘာတွေတော့ နည်းနည်းပါးပါးသင်ပေးတာပေါ့။ နေ့တိုင်းကြီးတော့ သင်မပေးဘူး။ အဲလိုမျိုးသင်မပေးတော့ ကျွန်တော် ဒီကျောင်းကို ရောက်တာပျော်တယ်။ ဘာပျော်တာတုန်းဆိုတော့ ကျွန်တော် စာရေးရတာ ပျော်တယ်။ ဘာလို့တုန်းဆိုတော့ ဥပမာဗျာ ကျွန်တော် ဝတ္ထုရေးတယ်၊ ပုံပြင်ရေးတယ်ပေါ့၊ အဲလိုမျိုး ရေးပါများလာရင် အဲလိုမျိုးစာရေးရတာကို ကျွန်တော်ပျော်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ခုလိုမျိုး ကိုယ့်ရဲ့ခံစားချက်တွေကို ထုတ်ပြောရတာလည်း ကျွန်တော်ပျော်တယ်"

"ကိုကျော်မင်းထွန်းမိဘ အဖေရင်း၊ အမေရင်းနဲ့ ရှိခဲ့ရင်လည်း အဲရို
ထွက်ပြေးမှာလား။ ခုလိုပဲ ထွက်ပြေးမှလား"

"အဲဒါတော့ ကျွန်တော်ဘယ်တော့မှ ထွက်မပြေးဘူး။ အဖေရင်း အ
ရင်းရှိနေရင် ဘာဖြစ်လို့ ထွက်ပြေးမှာလဲ။ ဘာလို့လည်းဆိုတော့၊ အဖေရင်
အမေရင်းက ကိုယ့်ဘယ်လောက်ရိုက်ရိုက် ကျွန်တော်ခံနိုင်တယ်။ ဘာမဟုတ်
ပထွေးကရိုက်ရင် ဥပမာဗျာ ငါ့ညီကို မေးမယ်၊ မင်းပထွေးကရိုက်ရင် မင်းခံ
လား။ အဲဒါပဲ ငါလည်းအတူတူပဲ၊ ပထွေးကရိုက်ရင် ဘယ်လိုလုပ်ခံနိုင်မှာတုန်း
ငါ့ဖေငါ့မေဆို ငါ့ကို သေအောင်ရိုက်၊ ငါ ဘာမှမဖြစ်ဘူး။ မဆိုင်တဲ့ သားမစပ်
ပထွေးက လာရိုက်ရင် ငါဘယ်လိုလုပ်ခံနိုင်မှာတုန်း။ အဲလိုပဲ လူတစ်ယောက်
ဆိုတာ ကိုယ့်အယူအဆနဲ့ကိုယ် ရှိတာပဲ"

"ကိုကျော်မင်းထွန်း ဒီကျောင်းမှာနေတာလေ ဘာတွေလုပ်တတ်နေပြီ
ဘာတွေတိုးတက်လာလဲ"

"တိုးတက်တာတော့ ရှိတာပေါ့၊ ကျွန်တော် ဒီကျောင်းရောက်တော့ စာဖတ်
တတ်လာတယ်၊ အရင်က ထစ်ထစ်နဲ့ပဲ ဖတ်တတ်တာ၊ ရေးတတ်၊ မှတ်တတ်တာ
ဒီကျောင်းရောက်ပြီးတော့ ကျွန်တော် ခုလို ပုံပြင်လည်း ရေးတတ်တယ်။ ဒါ
ကိုယ့်ရဲ့ဘဝအကြောင်းတွေ ရေးတတ်တယ်။ လူတွေနဲ့ စကားပြောတတ်တယ်
အဲလိုမျိုး နောက်ပြီးကြတော့ ဟိုဟာ လူကြားတွေဘာတွေလည်း သွားလာနေ
တာတွေလည်း ရှိတယ်ပေါ့။ နောက်ပြီးကြတော့ ကျွန်တော် ထမင်းဟင်းချ
တတ်တယ်"

"ကိုကျော်မင်းထွန်းပေါ့နော် ကိုကျော်မင်းထွန်းအကြောင်းလေးကို ဖတ်
တာပေါ့နော် ကျွန်တော်တို့ကို ဘာများသိစေချင်တာလဲ"

"ဟိုဟာ သိစေချင်တာကတော့ ဒီပထမအချက်က ကိုယ့်ရဲ့အဖေရင်
မဟုတ်ဘဲနဲ့ပေါ့ ကိုယ့်ကိုညှင်းဆဲတဲ့ပထွေးကို ဒါမျိုးပြန်ပြီးတော့ တုံ့ပြန်ချင်နေတဲ့
စိတ်ကို ကျွန်တော်ပြောချင်တာ၊ နောက်ပြီးတော့ ဒုတိယအချက်ကကျတော့
ဘယ်လိုပဲ ကိုယ့်ရဲ့ဘဝ နှိမ့်ကျနေပါစေ ကိုယ့်ရဲ့ဘဝကို ဘယ်တော့မှ အရှုံးမမြ
ဖို့ ကျွန်တော်ပြောချင်ပါတယ်"

"ကိုကျော်မင်းထွန်း ကိုကျော်မင်းထွန်းရဲ့ပထွေးကို တုတ်နဲ့ ရိုက်လိုက်တယ်။ အဲလိုရိုက်လိုက်တဲ့အချိန်မှာ မေ့သွားတယ်။ အဲချိန်မှာ ကိုကျော်မင်းထွန်းက နှစ်တန်း၊ ခုနစ်နှစ်ပဲရှိသေးတယ်၊ အဲဒီအရွယ်နဲ့ ပုဂံညောင်ဦးနဲ့ မန္တလေးကိုသွားဖို့ ဘယ်လိုခက်ခဲတွေ့ ကျော်ဖြတ်ခဲ့ရလဲ"

"အဲဒီတုန်းကတော့ ကျွန်တော် ဟိုဟာပေါ့ ရထားပေါ် လိုက်တယ်။ လိုက်တဲ့ ဖိုနှိပ်မှာ ကျွန်တော်ကို ဘယ်သူကမှ မမေးကြဘူး။ ကျွန်တော် ခရီးသည်တွေကြားထဲ ကောက်လိုက်သွားတယ်။ ဘယ်နေရာမှာမှ မေးခံရလည်းဆိုတော့ ပျဉ်းမနားမှာ ကျွန်တော် အဲဒီကနေ ကျောက်ပန်းတောင်းရထားကနေမှ စီးလိုက်တယ်။ ပျဉ်းမနားရောက်တော့ ပျဉ်းမနားက တွဲထိန်းက ကျွန်တော်ကိုမေးတယ်။ မင်းက ဘယ်ကလဲ၊ အဲဒီမှာ ကျွန်တော့်ကို နားရင်းအုပ်တယ်။ ကျွန်တော်ခံလိုက်ရတယ်။ ကျွန်တော့်ဘေးမှာ မယ်သီလရှင်တစ်ယောက်ပါတယ်။ အဲဒီမယ်သီလရှင်က ကျွန်တော့်ကို ကူညီတယ်။ အဲဒီအချိန်မှာ အဲဒီမယ်သီလရှင်သာ မကူညီခဲ့ရင် ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နဲ့ ကျွန်တော် သေမှာ၊ ဘာဖြစ်လို့တုန်းဆိုတော့ ကျွန်တော့်ကို ကန်ချမှာ ရထားပေါ်ကနေ"

"ကိုကျော်မင်းထွန်း ကိုကျော်မင်းထွန်းလေ ဟိုဟာ ဘဝဆိုတာ ဘယ်လို အရာလဲ"

"ဘဝဆိုတာ တကယ်တမ်း ဥပမာနေနဲ့ ကျွန်တော်ပြောရမယ်ဆိုရင် တော့ ဥပမာ လူတစ်ယောက်မွေးလာပြီထားလိုက်၊ သူ့ရဲ့ဘဝကို သူ နိမ့်ကျအောင် သူလုပ်ရင် သူ့ရဲ့ဘဝပဲ နိမ့်ကျမှာ။ မြင့်အောင်လုပ်ရင် သူ့ရဲ့ဘဝလည်း သူ့ဘဝ မြင့်တင်သွားမှာ၊ အဲလိုမျိုးရှိတယ်ပေါ့။ ဘဝဆိုတာ"

"ကျော်မင်းထွန်းပေါ့နော် ဒီစာရေးတဲ့ချိန်မှာ အနှောင့်အယှက်မရှိဘူးလို့ ပြောတယ်နော်၊ ဘယ်သူမဆိုပေါ့ ကိုယ့်ဘဝအကြောင်းရေးတဲ့ချိန်မှာ တကယ် တော့ အခက်အခဲ နည်းနည်းရှိတယ်ပေါ့၊ ကျော်မင်းထွန်းလည်း အနှောင့်အယှက် တစ်ခုခုမျှားမရှိဘူးလား"

"အခုလိုဖတ်တဲ့ချိန်မှာတော့ အနှောင့်ယှက်ရှိတယ်။ ဘာလဲဆိုတော့ ကျွန်တော်ဖတ်နေတယ်။ ကျွန်တော် တကယ်တမ်းပြောရရင် ကျွန်တော်ကိုယ့်

ဘဝကြောင်းပြောတဲ့ချိန်မှာ အဲဒီက အမေအဖေအကြောင်း ပါလာပြီဆိုရင် ကျွန်တော်ရဲ့စိတ်ထဲ ဟို -အဖေ့လွမ်းတဲ့စိတ်က ကျွန်တော်ငိုချင်စိတ်တွေ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ကိုယ့်စိတ်ကို နှိုင်အောင်ထိန်းတယ်"

"အင်း ကိုကျော်မင်းထွန်းပေါ့နော် တကယ်လို့ ကိုကျော်မင်းထွန်းအဖေ ရှိနေရင်လေ အဲ ကိုကျော်မင်းထွန်းအဖေနဲ့အမေ တကယ်လို့ ဒီကိုလာခဲ့ရင် ကိုကျော်မင်းထွန်းဘယ်လို ခံစားရမလဲ"

"ကျွန်တော့်အမေရင်းနဲ့ အဖေရင်းသာလာခဲ့ရင် ကျွန်တော် ပျော်မိမှာ အမှန်ပဲ။ ဘာလို့လည်းဆိုတော့ ဒီမှာဗျာ လူတစ်ယောက်မှာ သူ့ရဲ့ခံယူချက်နဲ့ သူရှိတယ်။ ကျွန်တော် အခုလိုဖြစ်နေတာ တကယ်တမ်းပြောရမယ်ဆိုရင် ဖခင် မေတ္တာ မဲ့နေတာပေါ့။ မိဘက အဲဒါမျိုးတာ လာခဲ့မယ်ဆိုရင် တကယ်ပြောတာ ကျွန်တော်အရမ်းပဲ ပျော်မိမှာပါ"

"ကိုကျော်မင်းထွန်းပေါ့ ပထွေးက ကျော်မင်းထွန်းကို ချစ်တယ်၊ အမေရင်း က ကျော်မင်းထွန်းကို မချစ်ဘူးဆိုရင် ဘယ်လို ခံစားရမလဲ"

"ကျွန်တော့်အမေက ကျွန်တော့်ကို မချစ်ရင် ဘယ်မိဘမဆို သားသမီးကို ချစ်တယ်။ အဲလိုမျိုးပဲ ပထွေး ကျွန်တော့်ကို ဘယ်လောက်ပဲ ချစ်နေပါစေ။ ကျွန်တော့်အဖေရင်း နေရာမှာ ဘယ်တော့မှ အစားမထိုးဘူး"

"ကျော်မင်းထွန်းရဲ့အဖေကို ရိုက်လိုက်တဲ့အချိန်မှာလေ စိတ်ထဲမှာ ဘယ်လို ဖြစ်သွားလဲ"

"အဲဒါ ကျွန်တော်ရိုက်လိုက်တဲ့အချိန်မှာ အရင်ဆုံး ကျွန်တော့်စိတ်ထဲမှာ ရိုက်မယ်လို့ဆုံးဖြတ်ပြီး ကျွန်တော် ရိုက်လိုက်တာ၊ ရိုက်ပြီးတော့ ကျွန်တော့်စိတ် တွေက ဘယ်လိုဖြစ်လာလည်းဆိုတော့ တုန်လှုပ်ခြောက်ခြားတာပေါ့ဗျာ။ ပြောရ မယ်ဆိုရင် သရဲခြောက်သလိုပဲ။ ကျွန်တော့်ရဲ့စိတ်တွေက ခြောက်ခြားပြီးတော့ ကျွန်တော် အဲလိုမျိုး အိမ်ကနေ ထွက်ပြေးလာတယ်။ စိတ်တွေ ကြောက်လာတယ်"

"ကိုကျော်မင်းထွန်းပေါ့ ပြောတော့ပြောလိုက်သေးတယ် ဘယ်လောက်ပဲ ကိုယ့်ဘဝက နိမ့်ကျနိမ့်ကျ အရှုံးမပေးနဲ့တဲ့၊ အးရှုံးပေးတယ်ဆိုတာ ဘာလဲ"

"ဟိုဟာပေါ့ တကယ်တမ်း တစ်ချို့လူတွေပြောကြတာပေါ့။ မျက်ရည်ကျ ဟာ လောကကြီးကို အရှုံးပေးတာနဲ့ အတူတူပဲ၊ အရှုံးပေးတယ်ဆိုတဲ့ အဓိပ္ပါယ်က ကျွန်တော် နှိုင်းယှဉ်ပြရမယ်ဆိုရင် မန္တလေးက ကျွန်တော့်သူငယ်ချင်းတစ်ယောက် လက်နှစ်ဘက်ပြတ်သွားတယ်။ ဒါပေမဲ့ သူဘဝကို သူအရှုံးမပေးဘူး။ သူ ဆီးဂိမ်း မှာ ရေကူးပြိုင်တယ်။ ဆီးဂိမ်းမှာ ရေကူးပြိုင်တာ သူ ပထမဆု အမြဲတမ်းရတယ်။ သူဘဝသူ အရှုံးမပေးဘူး။ မန္တလေးမှာ ရှိတယ်"

"ကျော်မင်းထွန်းပေါ့။ ခုချိန်မှာ အမေနဲ့ ပထွေးက လာခေါ်ရင် ဘယ်လို လုပ်မှာလဲ"

"ပထွေးကလာခေါ်ရင် ကျွန်တော် မလိုက်ဘူး။ ကျွန်တော်လိုက်သွားပြီး ကထူးမှာလဲ။ ကျွန်တော့်ကို ထပ်နှိပ်စက်မှာပဲ။ ကျွန်တော် ခုချိန်မှာ လိုက်သွား ခဲ့ရင် ကျွန်တော့်ရဲ့ ဒီမှာနေရတဲ့ ကျွန်တော့်ရဲ့အခွင့်ရေးတွေအားလုံးနဲ့ ကျွန်တော့် ပညာသင်ကြားရေးတွေရော၊ အကုန်လုံးပြတ်ကုန်မှာ။ အဲဒါကြောင့်မို့လို့ ကျွန်တော် တယ်တော့မှ မလိုက်ဘူး"

"ကိုကျော်မင်းထွန်း ဟိုဟာ ကျောင်းဆုပေးပွဲ ပထမဆုရတော့ တကယ် လို့မှား ကိုကျော်မင်းထွန်းက ကိုကျော်မင်းထွန်း ဆုယူတဲ့ချိန်မှာ ကိုကျော်မင်းထွန်း အမေရယ် ပထွေးရယ် ဆုပေးပွဲကိုလာလို့ ဓာတ်ပုံအတူတူတွဲရိုက်မယ်ဆိုရင် ကိုကျော်မင်းထွန်း ဘယ်လိုခံစားရမလဲ"

"ပထွေးရော ပါလား၊ အဲလိုမျိုးကြရင် ရှင်းရှင်းပြောမယ်ဆိုရင် အမေနဲ့ပဲ ဓာတ်ပုံတွဲရိုက်မယ်၊ ပထွေးမပါဘူး။ ပထွေးကို ဘေးဖယ်ထားလိုက်မယ်။ အမေနဲ့ပဲ ရိုက်ပုံမယ်၊ ပထွေးမပါဘူး"

"ကိုကျော်မင်းထွန်း အခုလေ အမေနဲ့တူတူရှိတုန်းကနဲ့ အခုအနေအထား နဲ့ ဘယ်အနေအထားက အပျော်ဆုံးလဲ"

"တကယ်တမ်းတော့ အမေနဲ့နေရတာ ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆို မတော့ မိဘရဲ့အရိပ်လောက် ဘယ်အရိပ်မှ၊ အမေ့မေတ္တာလောက် ဘယ်မေတ္တာမှ မအေးမြဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ မိဘနဲ့နေတာကကျတော့ ပျော်ဖို့ကောင်း

တယ်။ တကယ်လို့ အမေအလုပ်မလုပ်နိုင်ရင်တောင်မှ ကျွန်တော်လုပ်ကျွေးမှာ အမေ့ကို ကျွန်တော် တကယ်တမ်းပြောရမယ်ဆိုရင်ပေါ့ ချစ်တယ်၊ ပထွေးရှိရေ သ၍ကတော့ ကျွန်တော့ဘဝ နှိပ်စက်ခံနေရဦးမှာ၊ ရင်ထဲမှာလည်း ကြီးသွား သည်အထိ နာကျင်နေမှာ"

"ကဲဗျာ ကျနော့်ကိုမေးတာ ဒီလောက်ဆို တော်လောက်ပါပြီ။ တခြားရ တွေလဲ ပြောကြအုံးမှာ။ လူတွေအများကြီး ကျန်သေးတော့လေ"

"ကျွန်တော်ပြောမယ်၊ ဆိုင်ကယ်အဝေးတခေါက် ပို့စရာရှိလို့၊ ညရ ပြန်လာခဲ့မယ်၊ လက်ဖက်ရည်နဲ့ မုန့်ဝယ်လာခဲ့မယ်"

"ဟေ့ စိုးနိုင် စိုးနိုင် စိုးနိုင် စိုးနိုင် ဒုန်း ဒုန်း"

"တကယ်တော့ စိုးနိုင်ဆိုတာ ကျနော့်နာမည် မဟုတ်ပါဘူး။ လမ်းဘေ ပြေးလာစက လူတယောက်က မင်းနာမည် ဘယ်သူလဲဆိုတော့ ငါ့ကို လူတွေ အမြဲတမ်းခေါ်နေရင် ငါ့အဖေနာမည်ကို မေ့တော့မှာမဟုတ်ဘူးဆိုပြီး အရ နာမည်ကို ပြောလိုက်တာ"

"ဝိုလ်အောင်ဒင်၊ သား ဝိုလ်အောင်ဒင်ပေါ့"

"ဒီကောင် ကျန်ကျောင်း၊ မစရဘူးဆို"

"ငါကတော့ အဖေ အမေနာမည် တက်တူးထိုးထားလိုက်တယ်"

"အေးရီမကတော့ အဖေ အမေနာမည်မထိုးဘူး။ သူ့ရည်းစားနာမည်ကို အကုန်ထိုးတာ၊ လက်နှစ်ဘက်လုံးပြည့်နေပြီ။ သားငယ်နဲ့ဖြစ်တော့ သားငယ် နာမည် ထိုးရင်း ကျော်ကျော်နာမည်ဖျက်လိုက်သေးတယ်"

"ငါတို့ကတော့ မိသားစုနာမည်အကုန်ထိုးထားတာ၊ မမေ့တော့ဘူး"

"စိုးနိုင်က သွားရအုံးမှာ၊ မင်းတို့က မပြီးတော့ဘူး"

"ဟာ ဟုတ်ကဲ့ ပြီးပါပြီ၊ ကဲ စနိုင်ပါပြီ"

"ကျနော်က စိုးနိုင်ပါ။ ဒီထဲကလူတွေနဲ့ သိတဲ့သူများပါတယ်။ ခု အသက် ၂၂ နှစ်ရှိပြီ။ ရွှေဘိုမှာပဲ။ အမေတွေ အစ်မတွေ တူတွေ တူမတွေနဲ့ နေပါတယ်။

ကျနော့်အကြောင်းကတော့ ငယ်ငယ်တုန်းက ကျောင်းတက်ချင်ပေမယ့် မတက်ခဲ့ရဘူး"

"အဖေကတော့ ကျနော် ငယ်ငယ်ကတည်းက ဆုံးသွားတယ်။ အမေကတော့ ခု ၆၀ နီးပါး ရှိပြီ။ အစ်မတွေက ဆိုင်မှာ ၈၀၀၀၀ နဲ့ အလုပ်လုပ်တယ်။ အချက်အပြုတ်ပေါ့။ ကျနော်ကတော့ ကြံရာကျပန်းလို့လဲ ပြောနိုင်တယ်။ စွယ်စုံလို့လဲ ပြောနိုင်တယ်။ ရတဲ့အလုပ် အကုန်လုပ်တယ်"

"တစ်နေ့ကို ဝင်ငွေက ပုံမှန်တော့ ဝင်ငွေမရှိဘူးပေါ့နော်။ လုပ်ငန်းရရင် ၁၀၀၀၀ လောက်ရတယ်။ နည်းနည်းခွင်ကြီးရင် ၂၀၀၀၀ လောက် ကပ်တယ်။ တစ်ခါတလေလည်း ၈၀၀၀၊ ၇၀၀၀ ရတယ်။ အိမ်ဆောက်ပစ္စည်းဆိုင်မှာ ကျောက်လိုတယ်ဆိုရင် ကျောက်တွေ ဂေါ်နဲ့ ထိုးချပေးရတာတို့။ အုတ်လိုရင် အုတ်စီ တင်ပေးရတယ်။ ကျောက်ကား အုတ်ကား သဲကားလည်း လိုက်တယ်"

"လမ်းပေါ် မရောက်ခင်က ပထွေးနဲ့ နေတယ်။ ပထွေးက ကျနော့်ကို ရိုက်တဲ့အခါ အုတ်နီခဲနဲ့ထုပြီး ထွက်ပြေးလာတာ။ လမ်းပေါ်ရောက်တဲ့အခါ အခက်အခဲလည်း ဖြစ်ပါတယ်။ တစ်ယောက်တည်း ဆိုတော့။ မြို့ထဲလည်း တစ်ခါမှ မရောက်ဖူးဘူး။ ဗိုက်ကလည်းဆာတော့ ခွေခွေလေး အိပ်နေတာ။ ညရောက်တော့ မန္တလေးက လမ်းပျောက်တွေနဲ့တွေ့ပြီး သူငယ်ချင်းတွေ ဖြစ်သွားခဲ့တယ်။ ရွှေဘိုထဲကို လမ်းပျောက်ကလေးဘဝနဲ့ ၂ နှစ်ကျော်ကျော်လောက် ဖြစ်ခဲ့သေးတယ်။ အာ့တုန်းက ကျနော် ၁၀ နှစ်လောက်ရှိပြီ။ ရွှေတောင်စားသောက်ဆိုင်က ည ၈ နာရီလောက်ဆို ခေါက်ဆွဲကြော်တွေ ဝေတယ်လေ။ အဲဒါ ခွက်ရှိရင် ခွက်နဲ့ခံတယ်။ အိတ်ရှိရင် အိတ်နဲ့ ခံကြတယ်။ မနက် ၄ နာရီဆိုရင် ပလပ်စတစ်ကောက်တယ်။ ကောက်လို့မရရင် အိမ်တစ်အိမ်က ပစ္စည်းတွေ ခိုးကြတယ်။ တော်တော်များများကတော့ ခိုးတာ များပါတယ်"

"ချမ်းသာကြီးဘုရားရဲ့ အနောက်ဘက်က အိမ်တွေကို ဝင်ဖောက်တယ်ဗျ။ ဝင်ဖောက်တော့ ပထမတစ်ရက်တော့ မမိဘူး။ ရတဲ့ပစ္စည်းကို ပလပ်စတစ်ဆိုင်မှာ သွားရောင်းတယ်။ ရတဲ့ပိုက်ဆံနဲ့ အဲဒီတုန်းက တီဗွီဂိမ်း ခေတ်စားနေတော့

ဝါသနာပါတော့ ဂိမ်းတွေ နှိပ်။ တစ်အိမ်ပြီး တစ်အိမ်ဝင်ဖောက်။ ရတဲ့ပိုက်ဆံနဲ့ ဂိမ်းနှိပ်။ နောက်ပိုင်း အိမ်တွေကတိုင်တော့ ရဲတွေက လိုက်ဖမ်းရင်းနဲ့ မိလာတာ။ အချုပ်ခန်းထဲမှာ မေးတာ၊ အကုန်မဖြေရင် ခြေထောက်နဲ့ ကန်တဲ့သူက ကန်၊ တံမြက်စည်းနဲ့ ရိုက်တဲ့သူက ရိုက်။ သံဒလိမ့်နဲ့ ခြေသလုံးတွေကိုလည်း လှိမ့်တယ်။ အာမခံနဲ့ ကျောင်းက ပြန်ထုတ်ပေးလိုက် ပြန်လွတ်လာလိုက်နဲ့"

"ငယ်ငယ်က ကျောင်းလည်း မနေရတော့ သူများတွေလို ရေးတတ် ဖတ်တတ်ချင်တယ်။ ည လက်ဘက်ရည်ဆိုင်မှာထိုင်တဲ့သူတွေကို ကျနော် လိုက်တောင်းရမ်းခဲ့ဖူးသေးတယ်။ တောင်းရင်းနဲ့ ညစျေးတန်းနားက ဘီယာဆိုင်မှာ အစ်ကို တစ်ယောက်က ညတိုင်ကျရင် ခေါက်ဆွဲကျော်တွေ ဘာတွေ ပေးရင်းနဲ့ ဆရာ အောင်ထက်တို့နဲ့ သူတို့က သူငယ်ချင်းတဲ့။ အာ့လိုကနေ ငါ့ညီ ကျောင်းနေဖူးလားတဲ့။ မနေဖူးဘူး အစ်ကိုဆိုတော့ အာ့ဆိုရင် ရွှေခြသေ့ကျောင်းမှာ သင်ပေးတဲ့ ဆရာ၊ ဆရာမတွေ ရှိတယ်။ ငါ့ညီ တက်ချင်လားဆိုတော့ သင်ချင်တယ်ဆိုပြီး ကျောင်းကို ရောက်သွားတယ်။ အာ့တုန်းကတော့ အသက် ၁၁ လောက်တော့ ရှိမှာပေါ့"

"ကျောင်းမှာ ၆ နှစ်လောက် နေခဲ့တယ်။ ခု ကျောင်းကနေပြီးတော့ ကိုယ်ဘာဖြစ်ချင်လဲ မေးမြန်းတယ်။ ကွန်ပျူတာ photo short သင်ချင်တယ်ဆိုလဲ ကွန်ပျူတာဆရာဌားပြီးတော့ သင်ပေးတယ်။ မိန်းကလေးတွေ ယောကျ်ားလေးတွေ စက်ချုပ်သင်ချင်တယ်ဆိုတော့လည်း စက်ချုပ်သင်ပေးတယ်။ ကျနော်က မုန့်ဆရာဖြစ်ချင်တယ်ဆိုတော့ မုန့်ဆရာခေါ်ပြီး မနက်စာ ပြင်ခိုင်းရင်း သင်ပေးတယ်။ အာ့လိုနဲ့ မုန့်ဆရာဖြစ်လာတယ်။ အီကြာကွေးတို့၊ ထပ်တရာတို့ လုပ်တတ်တယ်။ လက်ဖက်ရည်ဆိုင်တွေမှာ အရင်ကတော့ ဝင်လုပ်ဖူးတယ်"

"ငယ်ငယ်တုန်းကတည်းက ဆိုးသွမ်းပြီး ဘုန်းကြီးကျောင်းရောက်လာတယ်။ နည်းနည်းလေး ပြောင်းလဲသွားတော့ ဘုန်းကြီးကျောင်းက ကိုယ့်အိမ်လို ဖြစ်လာတယ်။ သတိလည်း ရတယ်။ အားကစားဘက်လိုက်တော့ စာက ရေးတတ် ဖတ်တတ်ရုံလောက်ပဲ တတ်တယ်။ ခြင်းခတ်တယ်၊ ဘောလုံးကန်တယ်။ ပြိုင်ပွဲတွေလည်း ဝင်ဖူးတယ်။ ဆုလည်း ရဖူးတယ်"

"ကျောင်းမှာ နေခဲ့တာက ပိုက်ဆံ မရှိတာကလွဲလို့ပေါ့နော်။ ပညာတွေလည်း တတ်ခဲ့တယ်။ လိမ္မာရေးခြားလည်း ရှိလာတယ်။ အရင်က တော်တော်ရိုင်းစိုင်းတဲ့သူက ဒီလို ဘုန်းကြီးကျောင်းမှာနေပြီး စကားအပြောအဆိုကစယဉ်ကျေးလာတယ်"

"ဒီကျောင်းမှာ မှတ်ပုံတင်က ကျနော် အရင်ဆုံးရတာဗျ။ အိမ်ထောင်စုဇယား၊ ပုံစံ ၁၀ ရယ် အမေ့ဆီက လာယူပြီးတော့ ဆရာမ သဠာနဲ့ လိုက်လုပ်တယ်။ မှတ်ပုံတင်ရတော့ ဆိုင်ကယ်လိုင်စင်လုပ်ထားပြီး ဆိုင်ကယ်တက်စီလည်းဆွဲတယ်"

"ကျနော်သူငယ်ချင်းတွေကို ဒီကျောင်းမှာ ခေါ်လာတာ အများကြီးပဲ။ ကိုယ်လည်း လမ်းဘေးမှာနေတုန်းက ရရင် ယူမယ်။ လစ်ရင် ခိုးမယ်ဆိုတဲ့ ပုံစံမျိုးတွေ ရှိခဲ့တယ်။ ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးက အမြဲဆုံးမနေတာတွေက နားထဲမှာ ဝင်နေတယ်။ သူငယ်ချင်းတွေကိုလည်း ပြောပြတယ်။ ငါတို့ ဒီလိုနေတာ မကောင်းဘူး။ ငါတို့ဘဝကို ပြောင်းလဲသင့်တယ်။ ဒီလိုနေရင် အချုပ်ထဲရောက်လိုက်၊ အရိုက်ခံလိုက်၊ ပြန်ထွက်လိုက်နဲ့ မကောင်းဘူး။ မင်းတို့ ကျောင်းနေခဲ့တာ၊ မနေခဲ့တာပဲဖြစ်ဖြစ် ငါတို့ ဘုန်းကြီးကျောင်းမှာ နေရအောင်ဆိုပြီး ခေါ်လာတော့ လိုက်ခဲ့ကြတယ်။ သူတို့တွေလည်း ဒီကျောင်းမှာ တော်တော်လေးပျော်ကြပါတယ်။ အာ့တုန်းကဆို ကျနော်တို့ သူငယ်ချင်းတွေအရောက် ၈၀၊ ၁၀၀ လောက်ကို ရှိတယ်။ နောက်ပိုင်း အရွယ်ရောက်လာတော့ သူ့လုပ်ငန်းသူ လုပ်နေတဲ့သူတွေ၊ မိန်းမရသွားတဲ့သူတွေဆိုတော့ သိပ်မတွေ့ရတော့ဘူး။ ခု အများကြီးပြန်တွေ့ရတယ်၊ ပျော်တယ်"

"ကောင်မလေးကတော့ ရှိတယ်။ ယူဖို့စိတ်ကူးပဲ မရှိသေးတာ။ ကျနော်ရဲ့ဘဝ အနာဂတ်မှာ ဘယ်လို မျှော်လင့်ချက်ထားလဲဆိုတော့ ကောင်မလေးဘက်တော့ သိပ်မစဉ်းစားပါဘူး။ ကိုယ့်တာဝန်လေ။ ကျနော်တို့က အရင်က အိမ်ဝင်းရှိရက်နဲ့ ခု မရှိတော့ဘူး။ မိသားစု ပြေပြေလည်လည်လေးနဲ့ ဝင်းလေးနဲ့ ခြံလေးနဲ့။ ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုနဲ့ အာ့လိုမျိုးလေး မျှော်မှန်းတယ်။ ကျနော်က ပြောပြ

လည်း အမေက ပိုက်ဆံကလည်း မတတ်နိုင်၊ ပိုက်ဆံကလည်း မရှိ။ ကျနော် လုပ်သမျှနဲ့ပဲ ဟိုလူ့အကြွေးဆပ်လိုက်၊ ဒီလူ့ အကြွေးဆပ်လိုက်နဲ့ပေါ့"

"ကျောင်းကနေ အိမ်ကို အလည်တစ်ခေါက်သွားတော့ အိမ်က အဆင် မပြေတာနဲ့ ဘုန်းကြီးကျောင်းကနေ ကိုယ်တိုင်ထွက်လာပြီး မိဘ ပြန်လုပ်ကျွေး နေတာ"

"ဘုန်းဘုန်းနဲ့ ဆရာတွေကတော့ လိုင်းပေါ်မှာ ဆက်သွယ်ဖြစ်ပါတယ်၊ ဒီကျောင်းထွက် သူငယ်ချင်းတွေနဲ့လည်း လိုင်းပေါ်မှာ တွေ့ဖြစ်ပါတယ်၊ ကျနော် အကြောင်းကတော့ ဒါလောက်ပါပဲ"

"ကျနော် ညမှ ပြန်လာခဲ့မယ်နော်"

"ကျွန်တော်က လျှာတစ်လစ်တို့ စိုးနိုင်တို့နဲ့ ပြောင်းပြန်။ ပထွေးက မရိုက်ဘူး၊ အမေက ရိုက်လို့ လမ်းပေါ်ထွက်လာတာ"

"နာမည်လေး မိတ်ဆက်ပေးပါ"

"ဟုတ်ကဲ့၊ ကျနော်က ခေါင်းချွန် ခေါ် လမင်းထွေးပါ။ မိသားစု ၅ ယောက် အဖေကဆုံးသွားပြီ၊ သုံးလသားကတည်းက။ အစ်ကိုနှစ်ယောက် ရှိတယ်။ အမေ က နောက်အိမ်ထောင်ပြုတယ်၊ သုံးတန်းလောက်တုန်းက။ ၆ တန်းနဲ့ ကျောင်း ထွက်တာ။ လမ်းပေါ်ရောက်တာက အိမ်မှာနေတာ အမေတို့က တအားဆူလို့ အိမ်ပေါ်ကနေ ဆင်းလာတာ။ ကျောင်းလိုက်တုန်းက ကျောင်းတစ်ခါ လစ်တယ် အဲ့တော့ ရိုက်ခံရတယ်။ အိမ်မှာ အရိုက်ချည်းပဲ ခံနေရတယ်။ မနေချင်တော့လို့ ထွက်လာတာ။ အမေက ရိုက်တာ။ စာတွေ ဘာတွေ ပြန်ခိုင်းတာ။ မရရအောင် ရိုက်တာ။ အစ်ကိုတွေက ဆယ်တန်းထိရောက်တယ်။ ဒါပေမဲ့ ဆယ်တန်းမအောင်ဘူး"

"ပထွေးက မရိုက်ဘူး။ စကားနဲ့ ဆဲပဲ ဆဲတာ။ ပထွေးနဲ့က တည့်ပါတယ်၊ အမေနဲ့ပဲ မတည့်တာ။ ပထွေးနဲ့က ကလေးမမွေးဘူး။ ဒါပေမဲ့ သူမှာ သားသမီး ၅ ယောက်ပါသေးတယ်။ တစ်အိမ်ထဲ အကုန်လုံး အတူတူနေတယ်။ ခုတော့

ာရုတ်ပြည်မှာက တစ်ယောက်ရှိတယ်။ လေးယောက်ကတော့ အိမ်မှာနေတာ။ ကိုယ့်ထက်ကြီးတာ သုံးယောက်ပါတယ်။ ကလေးတွေက အားလုံးတည့်တယ်။ အဲ့ထဲက အလတ်မနဲ့တော့ မတည့်ဘူး။ ရန်ဖြစ်ရင်တော့ အမေက ကိုယ့်ဘက်က ပါတယ်"

"အမေနဲ့ မတည့်တာ စကားပြောတာတွေ။ ကျနော်က ဂျစ်တီးဂျစ်ကန် ပြောတော့ အမေက ဆူဆဲတယ်။ အဲ့တော့ အိမ်မှာမနေချင်တော့ဘူး။ ကျနော်တို့ ယ်ငယ်လေးကတည်းက အဲ့ဆီမှာ ပင်လယ်စာရောင်းတာ။ အလုပ်လုပ်ရင်းနဲ့ သွားသွားတာ။ ခုဟာ ကိုယ်ပိုင်။ သူနဲ့ ယူပြီးကတည်းက ကိုယ့်ဘာသာကိုရောင်း တာ။ ကိုယ့်စီးပွားရေး ဖြစ်သွားတာ။ အမေက ပိုက်ဆံတွေ ဘာတွေစုပြီး ကိုယ့် ဘာသာ ဆိုင်ပြန်ထောင်လိုက်တာ။ သူကလည်း တစ်ဆိုင်။ သူရတဲ့ပိုက်ဆံ သူယူပြီး သူသားသမီးတွေ ပေးတာ။ ထမင်းတော့ တစ်အိုးတည်း ချက်စားတာ"

"လမ်းပေါ်ထွက်တော့ မန္တလေး ဘူတာကြီး။ အကောက်ကောက်တဲ့ လူတွေနဲ့ နေတယ်။ အဲ့ရောက်မှ သိတာ။ ဘူတာကြီးကို အစကတည်းက သိတယ်။ ဘူတာကြီးမှာ နေလို့ရတယ်ဆိုပြီးသွားတာ။ ငယ်ငယ်က ဘူတာကြီးနားလေးမှာ နေတာဆိုတော့ သိတယ်လေ။ အဲ့ဒါနဲ့ ဘူတာကြီးသွား၊ အကောက်သမားတွေနဲ့ မတွေ့တာ။ လမ်းပေါ်ရောက်တာနဲ့ ကော်တမ်းရှူတာ။ ဘာအလုပ်မှ လုပ်ဘူး။ ကိုကျော်ဦးလား၊ ကျော်စိုးလား မသိဘူး၊ သူတို့က ကျွေးထားတာ။ ဘာမှတော့ မလုပ်ရဘူး။ ရေတွေဘာတွေ ခပ်ခိုင်းရင် သွားခပ်ပေးလိုက်တယ်။ အကောက် သမားတွေ ဘာတွေလည်း မကောက်ရဘူး။ ရထားလည်း မတက်တတ်ဘူး"

ဘူတာကြီးမှာ နှစ်လ သုံးလလောက်ပဲ ကြာတာ။ အဲ့တာပြီးတော့ ရန်ကုန် ကို ရောက်သွားတာ။ ရထားနဲ့ အိပ်လိုက်ပြီး ပါသွားတာပဲ။ ရန်ကုန်ရောက် တော့ ဆင်းတာ။ ကြည့်မြင်တိုင် ရဲစခန်းမှာ အဖမ်းခံရတာ။ မသက်မှုနဲ့ အဖမ်းခံ ရတာ။ ဆိုက်ကားနဲ့ ခေါ်သွားတာ။ စည်ပင်လား ဘာလား မသိဘူး။ ကလေး လူငယ်သင်တန်းကျောင်းပို့တယ်။ အဲ့မှာ ၅ လလောက်ကြာပြီးတော့ ပြန်လွှတ် ပေးလိုက်တယ်"

"အဲမှာလဲ ဘာမှ မလုပ်ရပါဘူး။ အချိန်တန် ထမင်းစား။ နားချိန်ကျ လက်တောက်ခုံတွေ ဘာတွေတောက်။ ဒါပါပဲ။ စာတွေဘာတွေလည်း သင်ပေးတယ်။ မိန်းကလေးတွေကျ အချက်အပြုတ်၊ အချုပ်အလုပ် သင်ပေးတယ်။ မိန်းကလေးတွေကျ တစ်ဆောင်စီခွဲထားတယ်။ ကူးလို့ မရဘူး။ အချင်းချင်း အနိုင်ကျင့်တာပဲ ရှိတာ။ အဲ့ဒီထဲ စဝင်ရင် ကျွေးခံရတယ်။ ဘာဖြစ်လို့ ရောက်လာတာလဲတဲ့။ တစ်ချို့လူတွေက မလုပ်ပါဘူး။ အဲ့လူတစ်ယောက်တည်း လုပ်တာ၊ မျက်နှာကို လေးချက် အထိုးခံရတယ်။ ပြန်မလုပ်ပါဘူး။ ဆရာမတွေကိုပဲ ပြန်ပြောလိုက်တာ။ အဲ့မှာက အလှည့်ကျ သန့်ရှင်းရေးတွေ လုပ်ရတယ်။ ရေကန်တွေ ရေဖြည့်၊ ကိုယ့်အဝတ်ကိုလျှော် လုပ်ရတယ်။ အဲ့ကနေပြီးတော့ မအူပင်ဘက် ရောက်သွားတာ။ ရန်ကုန်ရဲ့ဟိုဘက်၊ သဇေါ်နဲ့လိုက်သွားတာ။ သဇေါ်ဆိပ်ကမ်းပဲ နေတာ။ အဲ့မှာ ပြဿနာဖြစ်တာ။ ရပ်ကွက်ထဲကိုသွားတော့ မီးခြစ်ပါသွားတယ်။ ကလေးလေးက ဗျောက်ဖောက်မယ်ဆိုပြီး ကျနော့်ဆီက မီးခြစ်ကိုယူတာ။ အဲ့တာ ဘွားတော်က ကျနော့်ကို ရပ်ကွက်လူကြီးနဲ့ တိုင်ပြောတာ။ ရပ်ကွက်လူကြီးက ဖမ်းမယ်ပြောတာ။ အဲ့နားက စစ်သားကြီးက ကျနော် သူ့ကိုခေါ်သွားမယ်လို့ ပြောတာ။ ကျနော်လည်း သူနဲ့လိုက်လာတာ။ အဲ့တော့ စစ်တပ်ထဲ ရောက်ရော"

"သူက ဘယ်လိုပြောခေါ်တာလဲဆိုတော့ စစ်တပ်ထဲရောက်ရင် ကားမောင်းရမယ်တဲ့။ စစ်မတိုက်ရဘူးတဲ့။ မုံရွာက ၉၂၉ တပ်ကို ရောက်သွားတာ။ အဲ့တပ်ကို ရောက်တာ။ အဲ့မှာက ကြက်တွေ အစာကျွေး၊ ကြက်ဥကောက်။ တပ်ရဲ့မှူးက ခေါ်ခိုင်းရင် မြက်တွေ ဘာတွေ ပေါက်ရတယ်။ အပင်တွေ ဘာတွေ စိုက်။ မင်္ဂလာဆောင်တွေရှိတယ်ဆိုရင် ခုံတွေ ဘာတွေ သယ်ရတယ်။ အဲ့မှာ ၅ လလောက် ကြာတယ်"

"အဲ့မှာ စုဆောင်းထားတဲ့ ကလေးတွေရှိတယ်။ စစ်သားတွေက ခေါ်လာတာလဲ ရှိတယ်။ သူတို့ဘာသူတို့ လာတဲ့လူတွေလည်း ရှိတယ်။ စစ်ထဲဝင်ချင်ရှိလာတဲ့သူတွေလည်း ရှိတယ်။ သင်တန်းတွေ မတက်ရဘူး။ မနက်ဆို ဒိုက်ထိုး

PT ပြေး။ ဒါပဲ လုပ်ရတာ။ အသက်မပြည့်သေးလို့တဲ့။ အဲ့တုန်းက အသက်က ၁၅ ပဲ ရှိသေးတာ။ အဲ့မှာ ဗိုလ်မှူးက မွေးစားမယ်ဆိုပြီးပြောတာ။ ကြာတော့ ပျင်းလာတာ။ အမေတို့ဆီပြန်တော့မယ်ဆိုပြီးပြောတော့ လွှတ်ပေးလိုက်တာ။ လိုက်တော့ ပို့မပေးဘူး။ ပိုက်ဆံပေးလိုက်တယ်။ ရေဦးထိလားမသိဘူး လမ်းလျှောက်လာတာ။ အဲ့ဒါကနေမှ ရွှေဘိုကို ရထားစီးလာတာ"

"ရွှေဘိုကို တစ်ခါမှ မရောက်ဖူးဘူး။ ဘူတာရောက်တော့ မေးလိုက်တာ၊ ဒီမှာ မိဘမဲ့ကလေးကျောင်းရှိတယ်ဆိုလို့ မေးလိုက်တော့ မိန်းမကြီးက ဒီတန်းတန်းလျှောက်သွားလိုက်တဲ့။ စျေးတွေ့လည်း တန်းတန်းလျှောက်သွားလိုက်တဲ့။ အော့လို ပြောတာ။ အရှေ့ဘုရားမှာ ဘယ်သူတွေနဲ့လည်း မသိဘူး တွေ့တာ။ ကျောင်းနာမည်ကိုက ရှာတစ်လစ်က ပြောလိုက်တာ။ မန္တလေးကျောင်းမှာ နေတုန်းက၊ အဲ့မှာက နံရိုးကျိုးက အနိုင်ကျင့်သေးတာ။ ဒီမှာ မနေချင်ရင် ရွှေဘိုမှာ ရွှေခြေသို့ ကျောင်းရှိတယ်တဲ့။ world vision ကျောင်းမှာ။ သူတို့က အနိုင်ကျင့်လို့ဆိုပြီး ထွက်လာတာ။ ဒီကျောင်းရောက်တော့ လမ်းထိပ်မှာ ထိုင်နေတာ၊ ဦးဇင်းပွဂလမ်းခေါ်တာ။ မင်းက ဘယ်မှာနေတာလဲတဲ့။ နေစရာ နေရာမရှိလို့လို့ပြောလိုက်တာ။ ဒီမှာလဲ စာသင်တယ်။ မုန့်တွေ ဘာတွေလုပ်တယ်။ ကော်ရှူတယ်။ အကောက်ကောက်တယ်။ ဘုရားဖူးတွေ ဘာတွေ သွားရတယ်။ ရန်ကုန်၊ ချောင်းသာ၊ ဇွဲကပင်၊ ကျိုက်ထီးရိုးသွားရတယ်"

"အဲ့ကနေပြီးတော့ ဘယ်ရောက်သွားတာလဲဆိုတော့ အမေက လာခေါ်လိုက် ပြန်ပါသွားလိုက်။ ရွှေဘိုမှာ ကိုဖိုးခိုင်တို့နဲ့နေလိုက် အိမ်က လာခေါ်လိုက်နဲ့ နေတာ။ အိမ်မှာ အမေနဲ့ ဘာလို့ မနေချင်တာလဲဆိုတော့ အိမ်က ပွစိပွစိပြောတာ မကြားချင်လို့။ ပစ္စည်းတစ်ခုခု ပျောက်ပြီဆို ကိုယ့်ပဲထင်တာ။ ကိုယ်က နှစ်ခါလဲ လုပ်ဖူးတာ။ နောက်တော့ ပစ္စည်းပျောက်တိုင်း ကိုယ့်ပြောတော့တာ။ အဲ့ဒါကြောင့် ထွက်လာတာ"

"ကျောင်းကနေထွက်တော့ ဘယ်ရောက်တာလဲဆိုတော့ ဒီကနေပြီးတော့ အမေ့ဆီမှာ ခဏနေတာ။ နောက်ပိုင်းကျတော့ ညောင်ဦးမှာ ၆ လလောက်

လားမသိဘူး ကြာတယ်။ ပန်းရံတွေ ဘာတွေလုပ်တယ်။ ဝက်ဖမ်းတွေ လိုက်တယ်
ဝက်ဖမ်းက တစ်ရက် ၇၀၀၀၊ ၈၀၀၀ လောက်ရတယ်။ ပန်းရံလုပ်တာက ၄၀၀
ရတယ်။ ဝက်က အမြဲတမ်း မဖမ်းရဘူး။ သုံးရက်တစ်ခါ နှစ်ရက်တစ်ခါ ဖမ်း
တယ်။ သဲလိုက်ကျုံးပေးတယ်။ အဲ့ဒါကတော့ တစ်ယောက် ၃၀၀၀ ပဲရတယ်
မုန့်တွေကတော့ အစ်ိုပဲ၊ ကြိုက်တာ စားလို့ရတယ်။ ဝက်ဖမ်းရင်တော့ အရက်တွေ
ဘာတွေတိုက်တယ်။ ရဲအောင်လို့ ဆိုပြီးတော့။ ဝက်က ကိုက်တယ်လေ။ အိမ်
ရောက်တော့ ပင်လယ်စာ ရောင်းသေးတယ်။ ကော်က ဘယ်အချိန်က စပြတ်တာ
လဲဆိုတော့ အမေနောက်ဆုံးတစ်ခါ လာခေါ်တဲ့အချိန်က ပြတ်သွားတာ။ အမေ
အဲ့ဒါတွေ မလုပ်တော့နဲ့တဲ့။ အဲ့ဒါနဲ့ ဆေးလိပ်သောက်တယ်”

“ဖြတ်ခါစက ရင်ဘတ်တွေ နာတယ်။ တစ်ပတ်လောက် ဘာမှ မလုပ်ချ
ဘူး။ လူက နှုံးနေတာ။ တစ်ပတ်လောက်နေတော့ ကောင်းသွားတာ။ အလု
တွေ ဘာတွေ ပြန်လုပ်နိုင်တယ်၊ လမ်းပေါ်က ဘာလို့ ပြန်မထွက်ချင်တာ
ဆိုတော့ ရှက်လို့။ ကိုယ်ကျ လမ်းပေါ်မှာ ကိုယ့်သူငယ်ချင်းတွေက အလုပ်တွေ
ဆိုတော့ ရှက်လို့ မထွက်တော့တာ”

“စစ်တပ်ထဲမှာ မှတ်ပုံတင်လုပ်ပေးတယ်။ အဲ့ဒါ သူတို့နာမည်နဲ့ လုပ်ပေ
တာ။ အဲ့ဒီမြို့ထဲမှာပဲ လုပ်ပေးတာ။ အဖေနာမည် ဘယ်သူလဲပြောဆိုတော့
ဝိုလ်ကြီးမျိုးမင်းတဲ့။ အမေကျတော့ သူ့မိန်းမနာမည် ပြောခိုင်းတာ။ သွေးတွေ
ဘာတွေ စစ်ပြီးတော့ ပြန်ခေါ်လာတာ။ နောက်ကျမှ မှတ်ပုံတင် သွားယူရတာ
ပျောက်မှာ ကြောက်လို့ဆိုပြီး သူတို့က သိမ်းထားတာ။ ကျနော်လည်း ပြန်လ
တော့ တောင်းမလာဘူး”

“အဲ့မှာ ကလေးတွေ ၁၅၊ ၁၆ နှစ်တွေရှိတယ်။ ၃၀ ကျော်တွေလည်း
ပါတယ်။ ဗမာစကား မပြောတတ်တဲ့သူတွေလည်း ပါတယ်။ ကချင်တွေ
အယောက်ပေါင်း ၁၀၀ လောက်ရှိတယ်။ သင်တန်းသွားမယ်ဆို ကားကြီး
လာခေါ်တာ။ အဲ့ရောက်တော့ ဖင်ကုန်း ချောင်းဆိုးလုပ်ရတယ်။ ကုန်းပြီး
ချောင်း ဆိုးပြရတာ။ လိပ်ခေါင်းရှိမရှိ ကြည့်တာ။ အဲ့ဒါပြီးမှ မှတ်ပုံတင် လုပ်ပေ

တာ။ ၁၇ လောက်ရောက်ရင် စစ်တပ်ထဲ ဝင်ရမယ်လို့ပြောတာ။ ဟိုရောက်ရင် ၁၈ လို့ လိမ်ပြောရမယ်တဲ့။ မှတ်ပုံတင်ကလည်း ၁၈ နဲ့ လုပ်ပေးထားတာ။ ကိုယ်လည်း အသုံးမဝင်ဘူးဆိုပြီး မတောင်းခဲ့ဘူး။ အိမ်မှာလည်း အိမ်ထောင်စု စာရင်းတွေရှိတယ်”

“အ လိုက်တာ၊ မှတ်ပုံတင်တော့ မတောင်းခဲ့ဘူး”

“အသက်ကြီးသွားမှာပေါ့ဟ၊ ကိုယ့်ဘာသာ လုပ်မှာပေါ့”

“အားလုံး တိတ်ဆိတ်ကြပါ။ ကျနော်တို့အကိုကြီး ကိုဖိုးခိုင် ပြောပါတော့မယ်”

“ဘာတွေ ပြောရမှာလဲ”

“ပြောချင်တာပြော၊ သူများတွေ ပြောသလိုပဲ”

“ကော်မရှင်ကတာက စပြောမယ်လေ”

“ဟုတ်မှ လုပ်ပါ မောင်ကာ့ရဲ့”

“တကယ်ပြောတာ၊ ခေါင်းချန်မေးကြည့်ပါလား”

“ဟုတ်တယ်ဟ၊ ငါတို့ သူ့အိမ်လိုက်အိပ်နေတာ၊ မရှုံးရဘူးရယ်”

“ကော်ရှင်ချင်ရင် အရက်သောက်လိုက်တယ်ငါ့ညီတို့။ တစ်ပတ်လောက်တော့ နှုံးတယ်။ မရှုံးဖြစ်တာ နှစ်လလောက်တော့ ရှိနေပြီ။ အရင်က အပေါင်းအသင်းတွေနဲ့ တွေ့ရင်တော့ လုပ်ဖြစ်တယ်။ ခုတော့ မလုပ်ဖြစ်တော့ပါဘူး။ အဖေ အမေက ငါ ၁၂ လောက်တော့ ဆုံးတယ်။ အဖေက အရင်ဆုံးတယ်။ အမေက နောက် ၆ လလောက်နေမှ ဆုံးတာ။ ဒီကျောင်းက သူတို့ရှိတုန်းကထဲက ရောက်ဖူးတာ။ အဖေ အမေတို့ကို ဒီကဆရာကြီးတွေက ဆေးကုပေးတယ်လေ။ ဘန်တွေ ဆီတွေလဲ ပေးတယ်။ ညီအစ်ကို ၄ ယောက်ရှိတယ်။ အထက်က ကစ်ယောက်၊ အောက်က နှစ်ယောက်ရှိတယ်”

“အစ်ကိုကတော့ တပ်ထဲမှာ။ ညီနှစ်ယောက်က ကန့်ဘလူမှာ။ အဒေါ်တွေနဲ့ နေတယ်။ ငါ့ကလေးလေး ကိုယ်ဝန်နဲ့တုန်းက အလည်သွားသေးတယ်။

အဒေါ်တွေက မလာခဲ့နဲ့တဲ့။ အငယ်တွေ နင့်လို လမ်းပျောက်စိတ် ဝင်သွားလို့ မယ်တဲ့။ ငါလဲ မသွားတော့ဘူး။ တစ်ယောက်က ဆိုင်ကယ်ဝပ်ရှော့မှာ လုပ်နေတယ်။ တစ်ကောင်ကတော့ ကျောင်းတက်နေတယ်။ ခြောက်တန်းတက်နေတယ်"

"အမေရှိတုန်းက သူတို့က ဂန္ဓာရုံကျောင်းမှာ တက်တယ်။ စာသင်တယ် မတက်ဘူး။ လုပ်ငန်းလုပ်ရတယ်။ အမေက ဘူးခွံကောက်တယ်။ အဖေက သကာရည်ပွဲရုံမှာ အလုပ်လုပ်တယ်။ ငါရယ်၊ အစ်ကိုရယ်၊ အမေရယ်က ဘူးခွံ ကောက်တယ်။ ညီလေးတွေ တစ်နှစ်လောက် ကောင်းကောင်းစာသင်ရတယ်။ အမေက အဲ့နောက်တော့ ရောဂါဖောက်လာတာ။ ဆေးရုံသွားပြတယ်။ အဲ့နောက် တော့ ညီလေးတွေ ကျောင်းထွက်လိုက်ရတယ်။ ဘုန်းကြီးကပြောတယ် ကျန်းမာ ရေး ကောင်းကောင်း မကောင်းကောင်း အားတဲ့အချိန်လာသင်လို့ ပြောတယ်။ အမေကျန်းမာရေး မကောင်းရင် ကျောင်းနားတယ်။ ပြန်ကောင်းရင် ကျောင်းပြန် တက်တယ်။ အဖေကတော့ ဆေးရုံလည်း မတင်ရဘူး။ ချက်ချင်းသေတာ။ အမေ က TB ဖြစ်တယ်ပြောတယ်။ ချောင်းဆိုးရင် သွေးပါတယ်တဲ့ ပြောတယ်။ ငါရယ် အလတ်ကောင်ရယ်လုပ်ကျွေးတယ်။ အစ်ကိုကြီးက အမေဖြစ်တော့ တပ်ထဲ ပို့ သွားတာ။ အမေဆုံးပြီဆိုတော့ မန္တလေးရောက်နေတာ သူက။ ညနေပိုင်း၊ ကန့်ဘလူက အဒေါ်တွေက လာခေါ်တော့ လမ်းပေါ်မှာ ဆုံးသွားတာ။ အဒေါ် တွေက ငါတို့သုံးယောက်ကို သူတို့နဲ့ လိုက်နေမှာလား၊ ဒီမှာပဲ လုပ်ကိုင်စား မှာလားဆိုတော့ ငါက ဒီမှာပဲ နေခဲ့မယ်၊ အဒေါ်တို့ပဲ ပြန်တော့ဆိုပြီး ပြောလိုက်တာ အိမ်တွေဘာတွေရောင်းချပြီး ညီလေးနှစ်ယောက်ကို ခေါ်သွားတာ။ ငါက လမ်းဘေးမှာပဲ နေတယ်"

"လမ်းဘေးမှာ ဘူးခွံကောက်တယ်။ ရွှေတောင်နားလေးမှာ တောင်းတား လိုက်နဲ့။ လိမ်ဖယ်လိမ်ဖယ်နဲ့ ဒီအရွယ်ထိရောက်လာတာပဲ"

"ဒီကျောင်းကို ဘယ်လိုလုပ်ရောက်လာတာလဲဆိုတော့ ဆရာမတွေက ဆိုင်ကယ်နဲ့ လိုက်ခေါ်တာ။ သားတို့က နေရာအနှံ့ ရောက်ဖူးတယ်ဆိုတော့

ရွှေခြသေ့ကျောင်းကို သိလားတဲ့။ သိတယ်ဆိုတော့ အဲ့မှာ စာသင်ပေးမှာတဲ့၊ လာခဲ့ကြတဲ့။ ကျော်ထက်ဦးတို့၊ စိုးနိုင်တို့က အရင်သွားတာ။ အဲ့မှာ ထမင်းလည်း ကျွေးတယ်တဲ့။ ဟုတ်လားဆိုတော့။ ဟုတ်တယ် အစ်ကိုကြီးတဲ့။ အဲ့ဒါနဲ့ မနက် အစောကြီး ပလပ်စတစ်ထွက်ကောက် ကိုယ်သုံးဖို့ ရအောင်ဆိုပြီး။ စာလာသင်၊ ထမင်းတွေ ဘာတွေ စားသောက်။ ကိုယ့်ဘာသာကို ရှာဖွေစား"

"အင်း၊ ပထမက စာမဖတ်တတ်ဘူး။ အရင်က ကိုယ့်ရွှေက ဆိုင်းဘုတ်က ဘာတွေ ရေးထားတာလဲကို မဖတ်တတ်ဘူး။ အခုတော့ ဖတ်တတ်သွားပြီ။ ဒီမှာ ကျောင်းတက်ရတာ အရမ်းပျော်ဖို့ ကောင်းတယ်။ ကိုယ်မတတ်တာလဲ တတ်တယ်။ သူငယ်ချင်း အပေါင်းအသင်းလဲ ဝင်ဆံ့လာတော့ နေလို့ထိုင်လို့ ကောင်းတယ်။ အတွေ့အကြုံလည်း ရတယ်"

"ကော်က မျိုးနိုင်ရောက်လာတာ။ ကော်ဆိုင်ဘယ်နားရှိလည်း ဆိုပြီးတော့ မေးတော့ ကိုယ်က မသိဘူး။ နောက်တော့ သူ့ဘာသာရှာရင်း ရွှေတန်ဆာဘုရားနားလေးက ကောင်းမြတ်ထက်ဆိုတဲ့ဆိုင်မှာ ရှိတယ်လို့ သိသွားတာ။ မင်းတို့ ရှာကြည့်တဲ့။ ဒါက အရမ်းကောင်းတယ်တဲ့။ ငါတို့ရန်ကုန်သားတွေ ရှာနေကြတာတဲ့။ ပထမတစ်ခေါက်လောက်ရှာတော့ နှာခေါင်းပွင့်သွားတာ။ နောက်ပိုင်း ရှာရင်းနဲ့ ပွဲသွားတာ"

"အစတုန်းကတော့ ဓာတ်တွေလိုက်နေသလိုပဲ။ ခေါင်းက အမူးလွန်နေတာ။ ကြားတော့ကြားတယ်။ ဒါပေမဲ့ ဓာတ်တွေလိုက်နေသလိုပဲ။ ပြေသွားတော့လည်း အရူးလိုပဲ။ မျက်ရည်တွေဘာတွေ ကျလာတာ။ ဆက်တိုက်ရှူတော့ ရင်ဘတ်တွေ အောင့်တယ်။ မြို့ထောင့်စေတီတုန်းက မျက်လှည့်ပြတဲ့ ဇာတ်ရုံရှေ့မှာ ကောင်မလေးတစ်ယောက်က ဘူးလေးနဲ့ ရှူနေတာနဲ့၊ ပြစမ်း ဘာတွေလည်း ဆိုပြီး ရှူကြည့်လိုက်တာ။ အဲ့တာက ဂျေဘုန်းတဲ့။ နောက်ပေါ်နေတဲ့ ကော်တဲ့။ ၂ တံဆိပ်လေးပါတယ်။ မရှူဘူး။ ခဏပဲ နမ်းကြည့်မလို့ဆိုပြီး ဆေးလိပ်ရှိက်သလို ရှိုက်လိုက်တာ။ ခေါင်းတွေ မူးလာတာ။ အဲ့မှာ အဲ့ကလေးက ပိုက်ဆံလိုက်တောင်း

ပြီး ကော်ရှူးနေတာ။ သူက အေးဆေးပဲ။ ကိုယ်က လမ်းမလျှောက်နိုင်တော့ဘူး။ နာရီပိုင်းလောက်ကြာတယ်။ အရင်ကော်တွေက ပျော့တာပေါ့။ နို့ဆီဘူးလောက် ရှိတယ်။ J တံဆိပ်လေးနဲ့။ အဲဒါကို ချစ်ကိုတူး၊ အေးရီမတို့လည်း ရှူတယ်"

"မှတ်မိတယ်။ ဒို့ အပြင်မှာ ကော်ရှူတယ်။ ဒီစာရေးဆို ရေးနိုင်တယ်၊ ဖတ်ဆို ဖတ်နိုင်တယ်။ ပြောဆို မပြောနိုင်တော့ဘူး၊ လျှာကြီးက လေးနေတာ၊ မပြောချင် ပြောချင်နဲ့ ပြောနေတာ။ မကောင်းတဲ့ အရာတွေပဲ တွေးနေတာ၊ ဆရာ၊ ဆရာမတွေက မရှူတဲ့အချိန်က ပေတံနဲ့ရိုက်တာတို့ ဘာတို့ဆို သည်းမခံတယ်။ ရှူနေတဲ့အချိန်ဆို စိတ်တိုတယ်၊ ပြန်လုပ်ချင်တယ်။ ဘုန်းဘုန်းရှိနေရင် ဟိုဘက်အပေါက်က ဝင်တယ်။ ဘုန်းဘုန်းနဲ့လွတ်ရင် ပြီးရော"

"လမ်းပေါ်မှာတုန်းက အနိုင်ကျင့်တဲ့လူ ရှိတယ်။ ရွယ်တူတင်ကို မကဘူး၊ အသက် ၂၅ နှစ်တွေကလည်း အနိုင်ကျင့်တာပဲ။ သူတို့ခိုင်းတာ လုပ်မပေးရင် ထိုးတယ်။ အစုံခိုင်းတယ်။ ဆေးလိပ်ဖိုးမရှိရင် သွားတောင်း။ အတောင်းခိုင်းတယ်။ ကိုယ်ကောက်လာတဲ့ ပစ္စည်းတွေ ရောင်းပြီးသွားပြီ၊ ပိုက်ဆံရလာရင် သူတို့ ချေးတယ်။ နောက်နေ့တောင်းရင် လက်သီးနဲ့ အထိုးခံရတယ်"

"ကောင်မလေးတွေကတော့ ပန်းခြံထဲလည်း နေတယ်။ လမ်းပေါ်လည်း အိပ်တယ်။ သူတို့ကို လာခေါ်တာတွေ ရှိတယ်။ ဆောင်းနှင်းဝေတို့ ဘာတို့ရှိတယ်။ ပထမကတော့ ငါက အစ်ကို သူတို့က အဲ့လိုလုပ်စားတဲ့သူတွေ မဟုတ်ဘူးဆိုတော့ မင်းက ဘာတုန်းဆိုပြီး ပြဿနာရှာတယ်။ အဖွဲ့လိုက်လာတယ်။ အများစုကတော့ ဘူတာဘက်က။ ဘူတာဘက်က လူတွေက လာခေါ်တာများတယ်။ အောင်လေး ဘက်ကဘဉ်း ပါတယ်။ ကျနော်နဲ့ လင်မယားဆိုပြီးပြောလည်း မရဘူး။ ရှုမ်းလေး တို့ဆို တော်တော်လေး ခံရတယ်။ အေးရီမတို့ဆို ဖွက်ထားရတာ။ သူတို့ပြန်ထွက်ခိုင်းတာ။ စစ်သားလိုလို ဘာလိုလို လာတဲ့ကောင်တွေကတော့ ပြဿနာရှာတယ်။ ကိုယ့်ဘာသာကို ကျေကျေနပ်နပ်လိုက်သွားတဲ့သူ ရှိတယ်။ ဆောင်းနှင်းဝေ ရှိတယ်။ မနက်မိုးလင်းထိဆို ၂၀၀၀၊ ၃၀၀၀၀ လောက်ရတယ်။ ကလေးတွေ ကိုတော့ ထမင်းဝယ်ကျွေးတယ်။ နို့ပ်ခိုင်းတယ်။ ကလေးတွေကိုလည်း ဟိုဟာ ဝယ်ခိုင်း ဒီဟာဝယ်ခိုင်းတယ်"

"သင်္ကြန်မြင့်၊ သူကတော့ သူဘာသာသူ ပန်းခြံထဲမှာ လှုပ်ရှားပြီး အိမ်ပြန်အိပ်တာ။ နေ့ပိုင်းကတော့ မလှုပ်ရှားဘူး။ ညတော့ သူအိမ်သူ ပြန်အိပ်တယ်။ သူ့အိမ်က အမေ အဖေတော့ မရှိတော့ဘူး။ သူညီမလေးတွေကို လုပ်ကျွေးတယ်လို့ ပြောတယ်။ ကျန်တဲ့လူတွေက အကောက်ကောက်တယ်။ အေးရီကတော့ သူတစ်ယောက်တည်းဆို ကော်မရှူဘူး။ ကလေးတွေနဲ့မှ ရှူတာ"

"မိန်းမရတာက ဒီကျောင်းမှာ ရည်းစားဖြစ်ပြီး သူက အိမ်မှာ လာတောင်းလည့်တဲ့။ ငါက မတောင်းရဲဘူး။ ခိုးပြေးမယ် လိုက်မှာလားဆိုတော့ လိုက်မယ်ဆိုပြီး ပထမတစ်ခါကျတော့ သူ့အစ်မက လိုက်လာလို့ ပြန်အပ်လိုက်ရတာ။ ငါက သူနဲ့ ခိုးပြေးတုန်းက လမ်းပေါ်မှာ လျှောက်သွားနေတာ။ ရွှေတန်ဆာဘုရားထဲမှာ ထမင်းစားနေတုန်း လာခေါ်သွားတာ။ ဒုတိယက ချမ်းသာကြီးဘုရားမှာ အိပ်နေတုန်း လာခေါ်သွားတာ။ သူ့အမေကို စိုးခိုင်တို့၊ ချစ်ကိုတူးတို့က လိုက်ပြောပေးတာ။ သူ့အမေက ရတယ်၊ တစ်ပတ်လောက်နေတော့ လက်ထပ်ပေးမယ်ဆိုပြီး ပိုက်ဆံရှာပြီး လက်မှတ်ထိုးလိုက်တာ။ ဆယ်အိမ်မျူးရယ်၊ ရာအိမ်မျူးရယ်ခေါ်ပြီး လက်ထပ် လက်မှတ်ထိုး၊ ဆွမ်းကပ်ပြီးတော့ ပြီးသွားတာ။ အဲ့ဒါပြီးတော့ သူတို့ အိမ်မှာ နေတာ။ ယောက်ကထီး ဝင်းထဲမှာ အိမ်လေးတစ်လုံးဆောက်ပြီး နေလိုက်တော့တာ၊ ယောကျ်မ အမနဲ့က ကွဲနေတာလေ၊ အိမ်ချင်းက မဝေးဘူး"

"အိမ်ဆောက်တာ သွပ်က တစ်သိန်းလောက်ရယ်။ နံရံတွေဘာတွေဆို ၃ သိန်းလောက်တော့ ကုန်တယ်။ ပိုက်ဆံက စုတာ၊ အစ်ကိုကလည်း ၁ သိန်းပေးသေးတယ်။ အိမ်လာတာ၊ ငါ့တို့ဆီ မလာနဲ့၊ ငါတို့က ဆင်းရဲတယ်လို့ပြောတော့ ရတယ် ငါ့ညီ၊ အစ်ကိုကြီးလုပ်ပေးမယ်ဆိုပြီး ပိုက်ဆံပြန်ယူပြီး အကာတွေ ဘာတွေ ပြန်လုပ်ပေးတာ။ TV တွေ ဘာတွေ ဝယ်ထားတယ်။ ဗီရိုတစ်လုံး၊ ခု မြို့ထောင့် စေတီက ဝယ်ထားတာ"

"ရှေ့ဆက်ပြီး ဆိုင်ကယ်ဝယ်မယ်။ ပြီးတော့ ဆိုက်တွဲလေး ပြင်ပြီးတော့ ရွာတွေမှာ မရွေးမုန့်နဲ့ ဘူးခွံနဲ့ လိုက်လဲမယ်။ ဒီနယ်မှာ အဆင်မပြေရင် တခြားနယ် ပြောင်းမယ်။ ထမင်း ဟင်းကလည်း ညမနက် ၁၅၀၀ ဖိုးပဲ ချက်တာ။

သားအဖ လေးယောက်။ အိမ်မှာနေတာဆိုတော့ ခု ခေါင်းခွန်ရယ်၊ တောင်ကြီး သားရယ်။ သူတို့လည်း ဘူးခွံလိုက်ကောက်ရတယ်။ သုံးထောင်လောက်တော့ ရပါတယ်။ အိမ်ကို ကူခိုင်းတယ်။ မိန်းမက ကော်မရှူဘူး။ စိုးမြတ်သူဇာ တစ်ယောက်ပဲရှုတာ"

"လမ်းဘေးမှာ ခိုးတုန်းက ပါသေးတယ်။ ဆရာအောင်ထက် လာထုတ်ပေးတာ။ ငါရယ်၊ ဇွဲမင်းထိုက်၊ ဖိုးထောင်ရယ်၊ ရေနံဂျီးလားမသိဘူး။ ထပ်သွားခိုးမယ်ဆိုပြီး သွားခိုးတာ။ အဲ့တုန်းကလည်း တစ်ပိဿာကို ၆၀၀၊ ၇၀၀ ရှိတယ်။ တစ်လက်ကို နှစ်ပိဿာခွဲလောက်ပါတယ်ဆိုတော့ လေးလက်လောက် ခိုးလာတာ။ ဖိုးထောင်ကမိတော့ ဒို့လည်း ပါသွားတာ။ ရဲစခန်းရောက်တော့ အရိုက်ခံရတယ်။ အခိုးအမျှားဆုံးက ဇွဲမင်းထိုက်တို့၊ အသေးလေးတို့၊ မင်းမင်းထွန်းတို့လည်း ပါတယ်။ နောက်ပိုင်း ရဲတွေက ဝိုင်းဖမ်းပြီး ထောင်ချပြစ်လိုက်တယ်။ သူတို့ ၂၅ သိန်း ၃၀ လောက်ကို အချိုကြီး ရလာတာ။ ရှစ်ယောက်၊ ကိုးယောက်လောက်တော့ ရှိတယ်"

"ကိုယ်မွေးထားတာက မိန်းကလေး၊ ကလေးက မင်းလို လိုက်ရှူလိမ့်မယ်။ မကောက်တော့ဘဲ နေမလားပေါ့၊ စဉ်းစားတယ်။ ဆိုင်ကလည်း မင်းအလုပ်မရှိရင် ဒီလာလုပ် ဆရာကြီးစေး ၅၀၀၀ ပေးတယ်။ ကားတင်တဲ့နေ့တော့ ၇၀၀၀ ရတယ်။ ဆိုင်ကပြန်လာရင် ရေချိုး ထမင်းစား အရက်ကလေးတစ်ပိုင်းလောက်တော့ သောက်တယ်။ ကားတင်တဲ့ နေ့တွေဆိုရင်တော့ တစ်ပုလင်းဝယ်သွားတာ။ တစ်ခါတစ်လေလည်း နှစ်ရက်၊ တစ်ခါတစ်လေလည်း တစ်ရက်တည်း ကုန်ချင် ကုန်သွားတာ။ တစ်ပုလင်းမှာ ၅၀၀ ရှိတာ။ ကော်တစ်ဘူးဆို ၁၇၀၀။ အရက် သုံးပုလင်း၊ လေးပုလင်းလောက်တော့ ရတယ်။ အရက်က အဆင်ပြေတယ်။ မိန်းမကတော့ အရက်သောက်ချင်ရင် ဝယ်ပေးမယ်။ ကော်တော့ မရှူနဲ့တဲ့"

"လမ်းပေါ်မှာနေနေတုန်းကတော့ လမ်းဘေး ပလပ်စတစ်လိုက်ကောက်ရင် ခွေးတွေက ဟောင်တယ်။ နေ့လယ်ကျတော့ မှတ်ထားတယ်။ ညတိုင်းကျ

အဲ့ကောင်တွေ လိုက်ရိုက်တာ။ တွေ့ရင် ခဲနဲ့ ဆော်တာပဲ။ သေအောင်တော့ မသတ်ဖူးဘူး"

"ရဲစခန်းကို ၈ ခေါက်လောက်တော့ရှိတယ်။ ဓားကိုင်မှုတွေ၊ ဓားထိုးမှုတွေ ဖြစ်သေးတယ်။ ဒီမှာနေတုန်းကလည်း ဖြစ်သေးတယ်။ ဆုံကုန်းထဲက ကောင်နဲ့ ဖြစ်တာ။ ငါက ဖဲခိုးရိုက်တာ တွေ့တာ၊ မရိုက်နဲ့လို့ ပြောတာ။ မင်းက ဘာကောင်လဲဆိုပြီး သူကလည်း မှားသေးတယ်၊ ငါ့ကို ထထိုးတာ။ အဲ့ဒါနဲ့ ငါလည်း စိတ်တို လို့ဆိုပြီး ဓားထုတ်ပြီး ရမ်းတာ၊ ဗိုက်ထိသွားတာ။ အဲဒါနဲ့ အဖမ်းခံရတာ၊ ခြောက်လကြာတယ်။ ရွှေဘိုထောင်မှာပဲ။ ထမင်းချက်ဖိုထဲရောက်ရင် ထမင်းချက်ရတယ်။ အိုးတွေ ခွက်တွေ ဆေးရတယ်။ ရေနွေးတွေ ဘာတွေ ကျိုရတယ်။ သန့်ရှင်းရေးတွေ လုပ်ရတယ်။ စိုက်ပျိုးရေးထဲရောက်ရင် မိုးရွာရင် စိုက်ပျိုးဖို့ အတွက် မြောင်းဖော်။ မိုးမရွာရင် ရေလောင်း ရေဆွဲပြီးတော့။ ၆ လကြာတယ်။ အဲဒီက စိုက်ပျိုးရေးတော့ တတ်တယ်။ ခါကျက်ဥတို့၊ ကိုက်လန်တို့၊ ချဉ်ပေါင်တို့ စိုက်တတ်တယ်။ အိမ်မှာ ကန်စွန်းရွက်၊ ချဉ်ပေါင်နဲ့ ကိုက်လန်ပဲ စိုက်ဖူးတယ်။ ကလေးတွေဆော့တော့ အကုန်ထိုးပစ်လိုက်တယ်"

"ဒုတိယတစ်ခေါက်ကျ ပန်းခြံထဲမှာ ဓားနဲ့ဆော့နေလို့ လာဖမ်းတာ။ ဘာမှ မလုပ်ဘဲနဲ့ ထောင်ကျတာ။ ၄ လကြာတယ်။ အဲ့မှာကျ စိုက်ပျိုးရေးနဲ့ အမွေးတိုင် လုပ်တဲ့ထဲ ရောက်သွားတာ။ အစ မလုပ်တတ်ရင် အမွေးတိုင်က ၂၀၀ လောက်ပဲ ရတာ၊ လုပ်တတ်ပြီဆို ၁၀၀၀၊ ၂၀၀၀ လောက်ရတယ်။ ကြိတ်စာချည်းပဲဆို မမွေးဘူး။ မွေးအောင်လုပ်တာက မိန်းကလေးတွေ အဆောင်ကိုပို့တာ။ လုပ်ခက တော့ မရဘူး။ လုပ်ခတွေက ထောင်ပိုင်တွေ ရတာနေမှာပေါ့၊ မသိဘူး"

"ကျနော်တာက ပွဲခင်းထဲ ရန်ဖြစ်ရင်း ထောင်ထဲရောက်တာ။ သူမူး ကိုယ်မူး ဆိုတော့ ထိုးကြတာ။ ၇ ရက်ကျတာ။ သူရော အတူတူပဲ။ နောက်တစ်ခုက မူးပြီးတော့ ရန်ဖြစ်လို့ပဲ ရောက်တာ။ ၁၅ ရက်ထပ်ကျတာ။ ခိုးမှုနဲ့ မရောက်ဖူးဘူး။ ဆိုင်ဖောက်တုန်းကတော့ အဲ့တုန်းက ၄ ရက်ပဲ နေရတာ။ ဆရာအောင်ထက်လားမသိဘူး၊ ငါတို့ကို ထုတ်ပေးသွားတာ။ အချုပ်ခန်းထဲ ရောက်တဲ့အခါ မဗျင်းခံရဘူး။ ခိုးမှုတစ်ခုပဲ ရိုက်လို့ရတာ။ ကလေးတွေဆိုရင် မရိုက်ရဘူး"

"လမ်းပေါ်နေတာနဲ့ အိမ်နဲ့နေတာ ဘာကွာခြားလဲဆိုတော့ လမ်းပေါ်နေတာက လွပ်လပ်တယ်။ ဒါပေမဲ့ ပူပင်ရတယ်။ ဘယ်အချိန် ရဲလာဖမ်းမလဲ စိုးရိမ်ရတယ်။ လာနှိပ်စက်မလဲ အဲ့ဒါပဲ တွေးပူနေရတယ်။ အိမ်မှာကျတော့ မပူပင်ရဘူး။ အေးအေးဆေးဆေးလည်း အိပ်ရတယ်။ အပေါင်းအသင်းလဲ ဝင်ဆံ့တယ်။ မကောင်းတဲ့လူ၊ ကောင်းတဲ့လူ ပေါင်းတယ်။ လမ်းပေါ်မှာကတော့ လမ်းဘေးသားပဲ ပေါင်းရတာပေါ့။ နောက် သူများတွေကလည်း ပြောချင်တယ်၊ ခု ကိုယ့်အိမ်နဲ့ ကိုယ့်ယာနဲ့ဖြစ်သွားတော့ ဘယ်သူမှ မပြောတော့ဘူး"

"ကလေးကိုတော့ အရွယ်ရောက်လာရင် မကောက်ခိုင်းပါဘူး၊ သွေးစာရင်းလေးနဲ့ ကျောင်းထားပေးမှာပေါ့။ မိန်းမကိုလည်း အိမ်မှာပဲ ကလေးထိန်းခိုင်းမယ်၊ ပြီး ရှာကျွေးမယ်။ ကိုယ် နေမကောင်း ထိုင်မသာ ဖြစ်လာရင်တော့ သူလုပ်စာလည်း စားရင် စားရမှာပေါ့၊ အတိအကျတော့ ပြောလို့မရဘူး"

"ကလေးကို ပညာတတ်တစ်ယောက် ဖြစ်စေချင်တယ်။ ကိုယ်လို အ-တိ အ-ချာတော့ မနေစေချင်ဘူး။ ကိုယ်ဘာလို့ ဒီလိုဖြစ်ရတယ်လို့ ထင်လဲ ဆိုတော့ ဝဋ်ကြွေးပါတယ်လို့ ထင်လို့။ မိဘတွေကလဲ မပြည့်စုံလို့ပေါ့။ ပြည့်စုံတဲ့ မိသားစုတွေက သားသမီးတွေကျ လမ်းပေါ်နေတာက တစ်မျိုးပေါ့။ ငါကတော့ မိဘတွေ မပြည့်စုံလို့"

"လမ်းပေါ်မှာကနေဆိုရင် လုပ်ငန်းလုပ်တဲ့လူတွေကို သဘောကျတယ်။ ပွဲရုံတွေမှာ အလုပ်လုပ်နေတဲ့သူတွေ၊ တစ်ရက်လုပ် တစ်ရက်စားတဲ့သူတွေကို သဘောကျတယ်။ လမ်းပေါ်မှာ ကိုယ့်နာမည်က ရှိနေတော့ ကိုယ့်ကို လမ်းဘေးသားလို့ သိနေတော့ ဘယ်မှာမှ အလုပ်လုပ်လို့ မရဘူး။ မျက်နှာငယ်ရတယ်။ ခေါ်ချင်ရက်သားနဲ့လည်း လမ်းပေါ်က ကောင်ဆိုပြီး မခေါ်တော့ဘူး။ သူတို့အပေါ်မှာ ခိုးသွားမှာ ကြောက်တာ။ အဟောင်းဆိုင်တွေကတော့ မကြောက်ဘူး။ ခိုးမှာမှ မကြောက်တော့တာ။ သူတို့ဝယ်တာကမှ အဟောင်းပါဆို၊ ဘယ်သူက ခိုးတော့မှာလဲ။ အကုန်လုံးကလည်း လမ်းဘေးသားတွေနဲ့ပဲ အလုပ်လုပ်ရတာကိုး တော့ ခိုးမှာ မကြောက်တော့ဘူး။ သူတို့ကပဲ အလုပ်ပေးတယ်။ ခုတော့ နယ်က

လာပြီး အလုပ်သင်တဲ့သူတွေ ရှိတယ်။ အဟောင်းဆိုင်က သူဌေးဖြစ်လွယ်တယ်လေ။ ကတ္တားခိုးတာပေါ့။ ၁၀ ရမယ့်နေရာဆို ၂၀ ရအောင် ဘယ်လိုလုပ်မလဲပေါ့။ ကော်ဘူးတွေဆို မန္တလေးမှာ တစ်ပိသာ ၇၀၀ဆို ဒီမှာ ၅၀၀ နဲ့ ကောက်တယ်။ ဟိုမှာ ၉၀၀ ဆို၊ ဒီမှာ ၆၀၀လောက်နဲ့ ရအောင်လုပ်၊ ၂၀၀ ကိုယ်စား၊ အလုပ်သမားအတွက်က ၅၀၊ ကားသမားအတွက်က ၅၀ ပေါ့"

"ကိုယ့်ဘာသာကို ဆိုင်ဖွင့်စားမယ်ဆို လုပ်တတ်တယ်။ မန္တလေးကိုရောရောင်းတတ်တယ်။ အရင်တုန်းက စပယ်ရာ လိုက်ပေးတယ်။ လိုက်ရောင်းပေးသေးတယ်။ ကိုယ်တိုင်သွားရောင်းရင် လက်မခံဘူး။ ရတော့ ရတယ်။ ဒါပေမဲ့ စေ့းကွာတယ်။ ဆိုင်ဖွင့်ပြီး ရောင်းလို့ရတယ်။ ရောင်းနေကျဆိုင်ပဲ ပို့ရတယ်။ တခြားဆိုင်ဆို စေ့းကွာတယ်။ ငါက မန္တလေးကို မလုပ်သေးဘူး။ နယ်တွေမှာ သွားမယ်။ တစ်ဝက်စေ့းနဲ့ ဝယ်မယ်။ ပြီးရင် ရွှေဘိုမှာပဲ ပြန်ရောင်းမယ်။ လျှောင်လို့ရတဲ့ ပစ္စည်းဆို စုပြီးမှ ရောင်းမယ်"

"နယ်ဆင်းကောက်ရင် အရင်းအနှီးက ဆိုင်ကယ်နဲ့ ဆိုက်တွဲရရင် ရတယ်။ ဆိုက်တွဲသက်သက်ဆို ၁ သိန်းလောက်ရှိတယ်။ ခုတော့ အဲလောက်ပိုက်ဆံ မရသေးဘူး။ စုတုန်းရှိသေးတယ်။ ဆိုင်ကယ်မဝယ်သေးခင် ကိုယ့်ပိုက်ဆံနဲ့ ကိုယ် လုပ်လို့ မရသေးဘူး။ ဒီမှာက ဒိုင်တွေ ပေါတယ်။ သူများနဲ့ အတူတူပေးနိုင်မှ ရမှာ။ နယ်တွေကို ထွက်ကောက်ဖို့ စဉ်းစားထားတာ။ ခု ဆိုင်မှာ အလုပ်လုပ်ရင်း ပိုက်ဆံစုနေတယ်။ နယ်တွေသွားရင်တော့ ဥက္ကဋ္ဌကိုပြောပြီး ကျနော် ဒီမှာ ဘယ်နှရက်နေပြီးတော့ ဘူးခွဲဝယ်မယ်။ ရတယ်၊ အဆင်ပြေတယ်ဆိုရင် မနက်ပိုင်းကို ကောက်၊ နေ့လယ်ပိုင်းကျ ပြန်ဝယ်ပေါ့"

"ဒီကျောင်းကို တက်လိုက်တဲ့အတွက် စာတတ်သွားတယ်။ အရင်က ပိုက်ဆံတွေဆို မပေါင်းတတ်ဘူး။ အပေါင်း အနုတ်တွေ ဘာတွေ ရတယ်။ မှတ်စရာရှိရင်လည်း ကြေးဆို ကြေး။ ရော်ဘာဆို ရော်ဘာ၊ မှတ်တတ်သွားတယ်"

"ရွာတွေသွားရင် ဥက္ကဋ္ဌကို သွားပြောရင် ငါ့မှာ မှတ်ပုံတင် မပြနိုင်တော့ တခို့ရွာတွေက လက်မခံဘူး။ ဒီကျောင်းမှာ မှတ်ပုံတင် လာလုပ်ပေးတာ။ ဒို့ပဲ

မရတာ။ ကုလားနဲ့တူလို့တဲ့၊ ကုလားပါဆို ကုလားနဲ့မတူလို့ ဘာနဲ့တူရမလဲ။ ငါမိန်းမ စိုးမြတ်မော်ရော၊ သူညီမ စိုးမြတ်သူဇာရော မရဘူး။ သူတို့လဲ ကုလားနဲ့တူလို့တဲ့။ သူတို့က နဲနဲစပ်တာတဲ့။ သူတို့ညီမနှစ်ယောက် ဖြူဖွေးနဲ့ သဠာထက်ကျရပြန်ရော။ ဟိုကောင် ပြည့်ဖြိုးသူလဲ မရဘူး။ အောင်ဒီးတောင် ကချင်မို့ဆိုပြီး တန်းလုပ်မပေးဘူး"

"ခု ဖြူဖွေးနဲ့ သဠာထက်က အမှိုက်ကောက်စရာ မလိုတော့ဘူးလေ၊ ဖြူဖွေး နင်တို့အကြောင်း နင့်ဘာသာဆက်ပြောဟာ"

"ကိုဖိုးခိုင် သိနေတာပဲ၊ ပြောလိုက်ပီးတာပဲဟာ။ အမေက အကောက်ကောက်တယ်။ အဖေက အမနဲ့ ကိုဖိုးခိုင်တို့နဲ့ နေတယ်။ သမီးရယ် အမေရယ် သဠာထက်ရယ်၊ စိုးမြတ်သူဇာတို့သားအမိ၊ မိုးမိုးတူးတို့သားအမိရယ်က သပ်သပ် နေတယ်။ သမီး ၂ နှစ်ထဲက အဖေနဲ့ အမေက ကွဲသွားရော၊ သမီးက ၁ တန်းထဲက အကောက်ကောက်တယ်။ ခု ရှက်လို့ မကောက်တော့ဘူး။ ၁၅ နှစ်ရှိပြီ။ အိမ်မှာ ရေခပ် အမှိုက်ပစ်။ စိုးမြတ်သူဇာအကောက်ထွက်ရင် သူ့ကလေးကို သမီးထိန်း။ အမေက အကောက်ထွက်"

"သဠာထက် နင့်အကြောင်း နင်ဆက်ပြော"

"သမီးက ပျော်ဘွယ်ပြန်ဖြစ်မလားမသိဘူး။ ဒါပေမဲ့ သမီးက ယောကျ္ဍမနဲ့ မတဲ့ဘူး။ တအားနိုင်တယ်။ ရိုက်တယ်။ ပါးရိုက်တယ်။ ယောကျ္ဍားက ရဟတ်လှည့်တယ်။ မြို့ဒေါင့်စေတီပွဲမှာ တွေ့တာလေ။ ပွဲမှာ တွေ့တယ်၊ ကြိုက်တော့ လာတောင်းမယ်ပြောသွားတယ်။ ဒါပေမဲ့ မတတ်နိုင်တော့ လာခိုးပြေးတယ်။ ယောကျ္ဍမကျောင်းစေးမှာ ကူရောင်းတယ်။ အရင်းအနှီးမရှိတော့ သိပ်မရောင်းရဘူး။ ယောကျ္ဍားက ပွဲမရှိရင် ရပ်နားခွန်ကောက်ရာ လုပ်တယ်။ တရုတ် သုံးထောင်။ သူ့အိမ်မှာ လိုက်နေဖူးတယ်။ သူက အကောက်ကောက်တာ မကြိုက်ဘူး။ တခါ အကောက်လိုက်သွားမိတာ၊ တရုတ်လုံး စကားမပြောတော့ဘူး။ သူက သပ်သပ်

ရပ်ရပ်နေမှ ကြိုက်တယ်။ သူက ခွဲမနေနိုင်တော့ ဒီမှာ ကြာကြာမနေနိုင်ပါဘူး။ ကိုယ်ကလဲ ဟိုမနေချင်။ သူကလဲ ဒီမနေနိုင်။ စိတ်ရှုပ်နေတာ"

"ခု အသက်က ၁၅ နှစ်။ အင်း ခု ကိုယ်ဝန်ရှိတယ်။ အိမ်ကလည်း လူပြည့်နေတော့ ဒီမှာလဲ နေဖို့မလွယ်ဘူး။ သူမနေနိုင်ရင်လဲ မလိုက်တော့ဘူး စိတ်ကူးတယ်။ ယောကျ်ားမနဲ့က မတည့်တော့။ ခု ဘာမှ မလုပ်နိုင်ဘူး။ ဘာဖြစ်မှန်း မသိဘူး။ ဒီကိုယ်ဝန်ရှိမှ ဖြစ်တာ။ အိမ်မှာ ကျနော်က ထမင်းချက်၊ တခြားဟာ မလုပ်နိုင်ဘူး။ မောတာ။ ဖြူဖွေးက အပြင်အလုပ် မလုပ်ဘူး။ ဘာမှလဲ မလုပ်ဖူး။ စိုးမြတ်သူဇာက ကလေးအိပ်တုန်း အကောက်ထွက်ရတယ်။ မိုးမိုးတူးက အကောက်ထွက်ရင် ထွက်။ ဖဲရိုက်ချင်ရင် ရိုက်။ သူတို့သားအမိက သပ်သပ်စား တယ်။ နေတာကတာအတူတူ"

"အမစိုးမြတ်မော်က သူ့ယောကျ်ား ကိုဖိုးခိုင်နဲ့ သူကလေးနဲ့ အဖော့အိမ်မှာ နေတယ်။ အကောက်ကောက်လိုက် စိတ်မပါရင် ဘာမှမလုပ်။ သူက ကလေးနဲ့ ဆိုတော့ ယောကျ်ားအလုပ်မလုပ်တဲ့ရက်ဆိုရင် ထွက်ကောက်တတ်တယ်။ စိုးမြတ်သူဇာက ၁၉ နှစ်ရှိပြီ။ ကလေးတယောက်ရပြီ။ သူ့မွေးစားအမေရဲ့သားနဲ့ ရတာတဲ့။ သမီးတို့လဲ မမြင်ဖူးဘူး။ မင်းသားအက လိုက်တာတဲ့"

"သဇ္ဈာထက်၊ နင်မပြောနဲ့၊ ငါ့ဟာငါ ပြောမယ်။ သူက မင်းသား။ အလှူ ပွဲတွေကခေါ်ရင် လိုက်ကတယ်။ ဇာတ်ထဲလဲလိုက်တယ်။ ကောက်စိုက် နှမ်းရိတ် လိုက်တယ်။ သူနဲ့ ဖြစ်နေတာကလဲ နှစ်နှစ်လောက်ကြာပြီ။ ကိုယ်က ကိုယ်ဝန်ရ နေတာ မသိဘူး။ ဓမ္မတာမပေါ်ဘူးဆိုတော့ အမေက စမ်းလိုက်တော့ ကလေးရှိ မှန်းသိတာ။ အမေက လက်သည်လေ။ ကိုယ်ဝန်ရှိမှန်းသိတော့ သူက တာဝန် ယူတော့ဘူး။ မွေးစားအမေကလဲ သူနဲ့ဖြစ်တာ မသိခဲ့တော့ သူ့လဲ ပြောမနေ တော့ပါဘူး။ အဲဒါနဲ့ အမွေဆီပြန်နေပြီး အကောက်ကောက်တယ်။ ကလေးက ခုမှ ၅ လ။ ရက် ၂၀ လောက်ကထဲက ကောက်ရတာ။ ကော်က အမြဲတော့ မဟုတ်ဘူး ရှုတယ်။ သူ့ကို နင်တို့မသိတာက သူက လမ်းဘေးသား မဟုတ်လို့

လေ။ ကျောင်းမှာ အောင်မင်္ဂလာက စိုးစန္ဒာတို့ သိတယ်မဟုတ်လား။ သူတို့ အိမ်ပြန်တော့ အလည်လိုက်သွားတာ။ အဲဒါ သူတို့နားက အမေကြီးက မွေးစား တာ။ နောက်ကျ အကောက်ကောက်ရတဲ့ပိုက်ဆံ သူ့အပ်ရင်း အဲဒီပဲ နေလိုက် တော့တာ။ သူနဲ့က တအိမ်ထဲနေတာဆိုတော့ အဲဒီမှာ ရတာလေ"

"သူကလေးကို တခါမှတောင် လာမကြည့်ဘူးလား"

"လမ်းမှာ တွေ့ရင်လဲ မသိချင်ယောင် ဆောင်သွားတာ၊ သူ မခေါ်ချင်လို့ နေမှာဆိုပြီး ငါလဲ မခေါ်ဖြစ်ပါဘူး"

"စိုးမြတ်မော်၊ အမ နင်ပြောတော့"

"သမီးအသက်က အသက် ၂၁ ထဲရောက်ပြီတဲ့၊ အမေက ပြောတာ။ ခု သမီးလေးက ၂ နှစ်နဲ့ ၂ လ။ ဖိုးခိုင်နဲ့ ဒီကျောင်းမှာ လိုက်ကထဲက ဖြစ်တာ။ စာလဲဖတ်တတ်။ ရည်းစားလဲရ။ ကျောင်းကထွက်တော့ ဖိုးခိုင်က လမ်းဘေးမှာ နေ။ သမီးက အိမ်မှာနေ"

"သူတို့အိမ်ဘက် စကားသွားပြောတာ၊ စကားပြောတာမိုးချုပ်တော့ သူက အိမ်မပြန်ရဲဘူးဆိုတာနဲ့ ခိုးလာခဲ့တော့တာ"

"မြို့ထဲမှာပဲ ပတ်သွားရင်း သမီးက လမ်းဘေးလိုက်နေလိုက်တယ်"

"သူ့အမပြန်ခေါ်တယ်၊ ပြန်ခိုးတယ်၊ ပြန်ခေါ်ပြန်ရော။ ပြန်ခိုးပြီး ရွာတွေ ဘက် နေ့ပိုင်းလျှောက်သွား။ ညပိုင်း မြို့ထဲပြန်ဝင်၊ လမ်းဘေးပြန်အိပ်။ ကလေး တခြို့ကလဲ တောင်းကျွေးတယ်။ ကိုယ့်ဘာကိုယ်လဲ အကောက်ကောက်တယ်။ အရက်က နေ့တိုင်းသောက်တယ်။ ကော်ကတော့ ပြတ်တောင်းပြတ်တောင်း။ အဟောင်းဆိုင်မှာ ခု လုပ်နေတာ။ တရက် ၅ ထောင် ကားတင်ရင် ၇၅၀၀ ရတယ်"

"ခု အဖေနဲ့နေတယ်။ အဖေက အရက်ကြောင်ကြောင်နေတယ်။ ထွက်ချင် ရာ ထွက်သွားတတ်တယ်။ လိုက်ရှာရတယ်၊ သူက မျက်စိက သိပ်မမြင်ရဘူး။ အိမ်လဲ မမှတ်မိဘူး။ အာ့ကြောင့် အကောက် သိပ်မလိုက်ဖြစ်ဘူး"

"မှတ်ပုံတင်ရရင် ဆိုင်ကယ်လိုင်စင်လုပ်မယ်၊ ဆိုင်ကယ်ဝယ်မယ်၊ နယ်တွေ ညအိပ်ထွက်ကောက်မယ်။ မနိုင်အောင်ပေါ်တယ်၊ ရွာတွေမှာ သံတွေ ပိုပေါတယ်၊ ရွာတွေမှာ စက်တွေသုံးကြတော့လေ။ စိုးမြတ်မော်က ထမင်းချက်တယ်။ ကလေးနဲ့ ဆိုတော့ အကောက်မလိုက်တော့ဘူး။ ပိုက်ဆံက အကုန်တော့ မအပ်ဖူး။ ကွမ်းစား အရက်သောက်က ရှိသေးတယ်လေ"

"ဒါပဲကွာ ဘာဆက်ပြောရမှန်း မသိတော့ဘူး။ မင်းတို့လဲ သိနာပဲ"

"ဖိုးခိုင်ပြောပြီးပြီဆိုတော့ သူတို့နဲ့ ကျောင်းစတက်တုန်းက ရေနံကျီး၊ ရေနံကျီး ကို သိတယ်မဟုတ်လား။ ရေနံကျီးကို လူတိုင်းက သေပြီဆိုပြီး ထင်နေတာလေ။ ကော်ဘူးကို အချိန်ပြည့် နှာခေါင်းမှာ ကပ်ထားတာ။ ဘယ်သူနဲ့မှလည်း စကား မပြောဘူး၊ သူတယောက်ထဲ ကောက်၊ တယောက်ထဲရှု။ ကျောင်းလည်း ပြန်မလာ တော့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့လုပ်တုန်းက ချောတိုင်တက်ပွဲ ပါတယ် လေ။ ဒို့ကော်သမားတွေတဘက်၊ မရှုတ်ကောင်တွေတဘက် ပြိုင်ကြတာ။ အဲဒီ တုန်းက သူပါသေးတယ်။ ငါတို့ သရေကျတာလေ။ အဲဒီနောက် ပျောက်သွားတာ။ ခု ပြန်လာတော့ အကုန်လုံး အံ့တွေသြနေတယ်။ သူက တပ်ကြပ်တဲ့ဗျ။ ခု တပ်ထဲ မှာ ဆရာတဲ့ ဆရာရေ"

"ဟေး ဟေး ရေနံကျီး ရေနံကျီး ရေနံကျီး ရေနံကျီး ဒုန်း ဒုန်း"
"ဟေ့ ဟေ့ သန်းမြင့်အောင် လုပ်ပါကွ၊ သူ့ကို တပ်ထဲက ရေနံကျီးဆိုရင် ဘယ်သူမှ မသိဘူးတဲ့"
"သန်းမြင့်အောင် သန်းမြင့်အောင် သန်းမြင့်အောင် သန်းမြင့်အောင် ဒုန်း ဒုန်း"
"ရဲဘော်တို့ သတိ"
"သက်သာ"

"ဟေ့ကောင်တွေ မစနဲ့တော့၊ ဒို့ကို တွယ်လိမ့်မယ်၊ ခု သူ့ကို ဘယ်သူမ
မနိုင်တော့ဘူး၊ သိုင်းတွေလည်း တတ်လာတယ်"

"ခုလို မထင်မှတ်ဘဲ သူငယ်ချင်းတွေ တပြုံကြီး ပြန်တွေ့ရလို့ ဝမ်းသာ
ပါတယ်။ သူငယ်ချင်းတွေကိုလည်း တပ်မတော်ကြီးက ဖိတ်ခေါ်ပါတယ်"

"ငါက လေ့ကျင့်ရေး (၈) မှာ စဝင်တာ။ သင်တန်းက လေ့ကျင့်ရေး
(၁၀) မှာ ၅ လ၊ အရာတော် စုဆောင်းရေးမှာ ၂ လ၊ ပေါင်း ၇ လ။ အခြေခံ
စစ်ပညာသင်တယ်၊ ပြီးတော့ အဲဒီကနေ ရှမ်းပြည်ဘက်ရောက်သွားတယ်၊
ခြေလျင်ခြေမြန်တပ်၊ အဲဒီမှာ သုံးနှစ်ခွဲကြာသွားတယ်။ လေးနှစ်နီးပါးနေမှ
ပြန်ရောက်တာ။ အဲဒါကြောင့် မင်းတို့ ငါ့ကို ဘယ်သူမှ မတွေ့တော့တာ။ ငါ
batch တစ်ခုတည်းက လူ ၁၅၀ ကျော်။ တစ်ကျောင်းတည်းမဟုတ်ဘူး။ လေ့ကျင့်
ရေး (၈) ဆင်းလဲ ပါတယ်။ လေ့ကျင့်ရေး (၁၀) ဆင်းလဲ ပါတယ်။ အဲဒီကနေ
အမှတ်စဉ်နဲ့ ဘယ်တပ်ကို ဘယ်နှစ်ယောက်ဆိုပြီး ခွဲလိုက်တာ။ ခွဲထုတ်တဲ့အခါ
မှာ သူတို့ရှေ့တန်းပါသွားတဲ့အခါ ရှေ့တန်းကျတာတွေလည်း ရှိတယ်။ ငါတို့
အပတ်စဉ်ထဲမှာက သုံးနှစ်အတွင်းမှာ လူ ၃၀ လောက် သေသွားတယ်"

"သန်းမြင့်အောင်၊ မင်း ကြောက်ဖူးလား"

"ဘာလို့ ကြောက်ရမှာလဲဟာ၊ လူလူချင်း"

"ငါက SSA လဲတိုက်ရတယ်။ မို့ဥးရှူး၊ မိုင်းတုံ၊ တန့်ယမ်းတို့။ သူပုန်က
စုံတယ်။ ပလောင်၊ ကချင်၊ ဝ၊ ကိုးကန့်။ ငါ စရောက်သွားတာက မိုးနဲ၊ လင်းယေ
သံလွင်တရုတ်နယ်စပ်မှာ ရှေ့တန်းဝင်ရတာ။ တရုတ်အိမ်မှာ တည်းတာ။ တရုတ်
စကားတောင် တတ်တယ်။ ဘိန်းခင်းတွေ ငါတို့ ဖျက်ဆီးတာ။"

"ကိုသန်းမြင့်အောင်၊ ခများ ရှူးချင်ဘူးလား"

"ဟေ့ကောင် တိတ်တိတ်နေ"

"ဘိန်းခင်းဖျက်ရင် တိုက်ပွဲဖြစ်တယ်။ ဘာလို့တုန်းဆိုတော့ အဲဒါက
အာ့ကောင်တွေရဲ့ ဘိန်းခင်းတွေ။ တပ်မတော်က ဖျက်ဆီးခိုင်းတာ။ အကုန်
ဖျက်ဆီးပစ်ရတာ ကော သုံးသောင်းကျော်။ ဖျက်ဆီးတိုင်း တိုက်ပွဲဖြစ်တယ်၊
ဘိန်းခင်းက မုန်းကိုးမှာ မူဆယ်သွားတဲ့လမ်းဘက်"

"ခဏခဏ တိုက်ရတာလား"

"တိုက်ပွဲတိုက်ရတဲ့အကြိမ်ရေကတော့ နှစ်နာရီတခါလောက်ဆိုတော့ ၁၀၀ လောက်ရှိတယ်။ နှစ်နာရီ၊ သုံးနာရီဆို ပြီးသွားတာ။ တခါတလေတော့လဲ တစ်ရက်လုံးတောင် မဟုတ်ဘူး။ သုံးလေးရက် တိုက်ရတာတွေရှိတယ်။ တခါကဆို ထမင်းသုံးရက် ငတ်တယ်။ ရေပဲသောက်ရတာလေ။ ရေတောင် တစ်ခါတလေ မသောက်ရဘူး။ သစ်မြစ်က သောက်ရတာ။ သစ်မြစ်ရဲ့အောက်မှာ ရေရှိတယ်လေ။ သစ်မြစ်ကို စုပ်ရတာ။ လည်ချောင်းတွေတောင် နာတယ်။ ရေမရှိဘူးရှားတယ်။ ကျွဲလူးတဲ့ ရေတွေ သောက်ရတယ်။ မရွံ့မရှာနဲ့ သောက်ရတယ်"

"ကိုသန်းမြင့်အောင် ရမ်ဘိုသေနတ်ကိုင်ရလား"

"ငါကိုင်တဲ့လက်နက်က MP ၁/၂ ။ ငါတို့က လူငယ်ဆိုတော့ လက်နက်ကြီး မပေးဘူး။ ဆရာပိုင်းတွေပဲ ပေးတာ။ သူတို့ကျ MP 7 စက်လတ်တို့၊ MG တို့ပါတယ်။ စစ်ကြောင်းတစ်ကြောင်းမှာ စက်လတ် တလက်ပါတယ်။ သူက မီတာ ၃၀၀၀ ထိ ပစ်လို့ရတယ်။ MP 1 ကျ မီတာ ၄၀၀။ ကျပြီဆို သူပုန်ဘက်က များတယ်။ တပ်မတော်ဘက်က နည်းနည်းပဲ ကျတာ။ သူတို့က လက်နက်အင်အား သိပ်မရှိတာ။ အဲ့ကောင်တွေ လက်နက်က ကိုယ့်မြန်မာတွေ လက်နက်ထက် ပိုကောင်းသေးတယ်။ လောက်ကိုင်မှာက အထိုင်သက်သက်နေတယ်။ ပိုးကိုးကြားထဲ မိုင်းတောင်တို့၊ ပန်ဖတ်တို့ ရွာတွေအစုံပဲ။ တလောက မြို့ထဲဝင်ပစ်တော့ ငါတို့ရှိတယ်။ ဆရာမနှစ်ယောက်ကျတယ်။ အဲအချိန်ပဲ ငါ တပ်ပြောင်းတာ"

"အရင်တခါ ကိုးကန့်နဲ့တိုက်တုန်းက ဒို့က ဝိုင်ယန့်။ (၃၃) က ပြန်ချိန်းပေးတာ။ ကိုးကန့်နဲ့ လောက်ကိုင်တုန်းက တပ်မ (၃၃) လေဖြိုတပ်တွေ။ (၃၃) ပြန်ပြီး တိုက်တဲ့အချိန်မှ ဒို့က ပြန်ချိန်းပေးတာ။ ခုပြန်ဖြစ်နေပြီ။ KIA နဲ့လဲ တိုက်ဖူးတယ်။ ကရင်နဲ့ပဲ မတိုက်ဖူးတာ။ စစ်ပညာတွေထဲမှာ တော်တာက ကချင်ရယ်၊ ကိုးကန့်ရယ်။ ပလောင်ကျတော့ ကြောက်တတ်တယ်။ သူတို့က လူအင်အားနည်းတယ်"

"ငါဒို့ အကြောက်ရဆုံးကတော့ "ဝ" ပဲ။ လူအင်အားလည်း တောင့်တယ်။ လေယာဉ်နှစ်စီးလည်းရှိတယ်။ ဦးခင်ညွှန့် မွေးစားထားခဲ့တာဆိုတော့ သူတို့က တိုက်လေယာဉ်ကအစ အကုန်ရှိတယ်။ သူတို့က သီးသန့်နေရာပေးလိုက်တာ။ လက်နက်တွေကလည်း သူမျှားနိုင်ငံက ယူထားတယ်။ သူတို့ကို ပိုကြောက်ရတယ်။ ကျန်တဲ့တပ်တွေကို ကြောက်စရာမလိုဘူး။ ဒို့ တပ်မတော်က ဘာတွေသာလဲဆိုရင် မိုင် ၃၀ အထိ ပစ်လို့ရတဲ့လက်နက်ကြီး ရှိတယ်"

"ခများ ဘာလို့ စစ်ထဲ ဝင်ဖြစ်တာလဲ"

"ငါ စစ်ထဲဝင်ဖြစ်သွားတာက စိတ်နာလို့။ လောကကြီးက ပြန်စဉ်းစားရင် အမေက လမ်းဘေးနေတုန်းက ငါ့ကို လာလာခေါ်နေလို့။ အိမ်မှာပဲ နေခိုင်းတာ။ ဒီလို ဂျလေဘီ မလုပ်ခိုင်းဘူး။ မုန့်ဖိုးလဲ တရက် တထောင်ပေးတယ်။ စဉ်းစားရင်း မျက်ရည်ကျလာတာ။ အမေဗျာ ကျန်တော် စစ်ထဲဝင်တော့မယ်ဆိုပြီး ဝင်လိုက်တာ။ စိတ်နာလို့ စစ်ထဲဝင်ဖြစ်သွားတာ။ ဘာတွေစိတ်နာလဲဆိုရင် ငါအရင်က ကော်ရှူဖူးတယ်။ ကော်ကြောင်တော့ ဆရာမတွေကို ဆဲဆိုတာတွေ လုပ်တယ်။ ဆရာမတွေကိုလဲ တောင်းပန်ပါတယ်။ အသက် ၂၀ ကျော်လာပြီဆိုတော့ အဲဒါတွေ ပြန်တွေးလိုက်ရင် စိတ်ထဲမှာ မကောင်းဘူး။ ရှေ့တန်းသာ တက်တယ်၊ ဒဏ်ရာတစ်ချက်မှ မရဘူး။ ဆရာတွေကဆို ဟော့ကောင် . . မင်းအဲလောက်ထိ မရဲနဲ့။ သေလိမ့်မယ်လို့တောင် ပြောတယ်။ ဘုရားတရားလုပ်တယ်။ ဘာမှမဖြစ်ဘူး။ ဘုန်းဘုန်းကို ကန်တော့တယ်။ ဆရာတွေကို ကန်တော့တယ်။ နောက်တန်းမှာ နေတဲ့အခါလည်း နည်းပါတယ်။ ရှေ့တန်းမှာ နေတာများတယ်။ သင်္ကြန်တောင် တခါပဲ လည်ဖူးတာ။ စည်းရုံးရေးသင်တန်းတောင် တခါပဲ တက်ဖူးတာ။ ကြပ်လောင်းတက်မယ်ဆိုတော့ ဆရာက ပြန်ဖျက်လိုက်တာ။ ရှေ့တန်းက အရေးကြီးတယ်တဲ့"

"လစာက တစ်သိန်းလေးသောင်း။ ခြေလျင်ခြေမြန်မှာကတော့ တစ်သိန်း ခြောက်သောင်းရတယ်။ ရှေ့တန်းက နေ့တွက်စရိတ်က တစ်နေ့ ၂၀၀၀ လောက်ပေးတယ်။ တပ်မတော်က သိတဲ့အတိုင်းပဲ၊ ပဲတွေရော ပြားတွေရော။ အဲ့ကျတော့

ငါတို့က မတွက်တတ်တော့ဘူး။ မြန်မာစာတွေတော့ ကောင်းကောင်းရတယ်။ တပ်ထဲမှာက စာပြန်သင်ပေးတယ်။ အခုတပ်ရင်းမှာက ငါ အသက်အငယ်ဆုံးပဲ။ ငါပေမဲ့ ငါက စီနီယာကျတယ်။ ငါ့လောက် စစ်ဆင်ရေးအတွေ့အကြုံမရှိတဲ့ ဆရာတွေလည်းရှိတယ်။ အထိုင်ကနေ အထိုင်မှာပဲ ပြန်ကျတာမျိုး ရှိတယ်။ ဒီစစ်ဆင်ရေးကြတော့ ငါက အတွေ့အကြုံရှိတယ်။ ဦးပိုင် ပိုက်ဆံက သုံးသိန်း ပုန့်သောင်းရှိပြီ။ ငါ စုထားတာ။ ၇ လပိုင်းကျရင် အတိုး တသိန်းကျော်ရမှာ။ အမေ့ကို ပေးမလို့။ တပ်ရင်းဝိုလ်ကြီးက ပိုက်ဆံ သုံးသိန်းပေးလိုက်တယ်။ ဘုန်းဘုန်း ကိုတောင် ကန်တော့မလို့။ ပစ္စည်းတွေဝယ်ခဲ့မလို့ ငါ့ပိုက်ဆံတွေ ပျောက်သွားတာ။ လောက်ကိုင်မှာ တိုက်ပွဲတွေဖြစ်တုန်းက။ လေးသိန်းကျော်နဲ့ ဖုန်းတစ်လုံး ပျောက် သွားတာ။ ငါ့အိတ်ကလေးကို သစ်ပင်ပေါ် ချိတ်ပြီးတော့ အိမ်သာလေး ငါးမိနစ် လောက်ဝင်သွားတာ။ မှတ်ပုံတင်ရောပါတယ်။ မှတ်ပုံတင်ကျ ယူမသွားဘူး။ တယ်ကောင်က ကောက်မသွားမှန်းမသိဘူး။ အိမ်တောင်မှ မပေးနိုင်ဘူး။ ဆရာ ကြီးကို တသိန်းခွဲ ပြန်ပေးရတယ်။ တပ်မတော်ထဲကျ ငါက လိမ္မာပါတယ်။ အရက် လည်း မသောက်တော့ဘူး။ ကော်လည်း မချူတော့ဘူး"

"ရဲတွေက ငါတို့ ရှေ့တန်းတက်တဲ့လူတွေကို ဆရာကြီးလို့ခေါ်တယ်။ ဒီကောင်တွေ သေတာများတယ် မုန်းကိုးမှာ။ ရဲကားတွေ မီးရှို့ပစ်တာ။ ရဲတွေက ငါ့ကို ဆရာခေါ်ရမှာပေါ့။ ငါက သူတို့ထက် မြင့်တယ်လေ။ ဘာပဲဖြစ်ဖြစ်လေ ဒီကောင်တွေထက် မြင့်သွားပြီလေ။ လမ်းပေါ် တုန်းကတော့ မုန်းတယ်။ လမ်းပေါ် တုန်းကတော့ ငါ့ကို လုပ်တယ်။ ခုကျတော့ လုပ်ကြည့်ပါလား။ ပြန်ကြိတ်မှာပေါ့။ ရောက်လဲ မှခင်းထဲပဲ ရောက်မှာ၊ တရက် နှစ်ရက်နေရင် ပြန်လွတ်တယ်။ စစ်စည်းကမ်းအရ အရေးယူတယ်။ ခုတော့ ရဲလဲ မမုန်းတော့ပါဘူး။ သူလည်း သူ့အလုပ်သူလုပ်တာကို။ မြို့ပေါ်မှာသာ သူတို့က ကျယ်တာ။ နယ်တွေမှာဆို သူတို့ကို သူပုန်တွေက သတ်ပစ်တာ။ သူတို့ရဲ့လုံခြုံရေးကို စစ်တပ်ကပဲ ပြန် တာဝန်ယူပေးရတာ။ အဲဒီကျေးဇူးတွေ မသိဘူး။ မြို့ပေါ်ကျ ဖင်ခေါင်းကျယ်နေ တာ။ စစ်သားကို လူယုတ်မာ ဘာညာနဲ့ အတင်းပြောတယ်။ ရဲလည်း အတင်း

ပြောတဲ့ ရဲတွေ များတယ်။။ လောက်ကိုင်ဆိုရင် ရဲစခန်းတွေကို မီးဝင်ရှို့တာ၊ တပ်မတော်ထဲကို ခေါ်ထားရတာ။ ဆရာမတွေ၊ ဆရာဝန်တွေ အကုန်ခေါ်ထားရတာ။ လမ်းလုပ်သမားတွေပါ မချန်ဘူး သတ်ပစ်တာ။ လားရှိုးတောင် သိမ်းမယ်လို့ ကြားတာ။ ပြင်ဦးလွင်ကြားက စစ်ကြောင်းတကြောင်းတောင် အဆက်အသွယ် ပြတ်သွားတာ။ အစအနတောင် ရှာမရဘူး”

အနီးကပ်တိုက်ပွဲတွေလဲ ကြုံဖူးတာပေါ့။ ကျည်ဆံတွေက အနီးကပ် ထောက်ပစ်တာ။ ကံကောင်းလို့ မသေတာ။ ဝပ်နေရတာပေါ့။ တီဗီထဲမှာ ရိုက်တာတွေက ဟာသတွေ။ တကယ်တမ်း အဲလိုလုပ်ကြည့်ပါလား။ သေသွားမှာ။ အဲလောက်ရဲတဲ့အကောင် စစ်သားထဲမှာ ဘယ်ကောင်မှ မရှိဘူး။ ဝပ်ပြီးမှ တိုက်တာ။ ဝပ်ပစ် ပစ်ရတာ။ တချို့ကောင်တွေကျ မိုက်ရူးရဲဆန်တယ်။ ငါက နိုင်ငံရေးတွေ ဘာတွေ တွေးလာပြီ။ ငါဆိုရင် အရင်တုန်းကနဲ့ မတူတော့ဘူး။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ခင်ဗျ။ အဲလိုမျိုးပဲ ပြောတာ။ ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူး။ အသက်နှစ်ဆယ်ကျော်တော့ တော်တော်လေး စဉ်းစားတတ်နေပြီ။ အသိစိတ်လေးတွေ ဝင်လာတယ်။ မိဘကို မိဘလို သိတတ်လာတယ်။ အရင်တုန်းကဆို အမေဘယ်လိုပြောပြော မရဘူး။ ခုတော့ အမေ့စကားဆို နားထောင်ပါတယ်။ အသက်နှစ်ဆယ်ကျ ဦးနှောက်ထဲ သူ့အလိုလို တွေးလာတာ။ ငါဒီအတိုင်း ဆက်နေလို့ မကောင်းဘူး။ ကြိုးစားမှရမယ်။ ခု အရက်လဲ မသောက်တော့ဘူး။ ဘီယာလည်း မသောက်ဘူး။ ငယ်ငယ်တုန်းက သောက်ပြီး ခုကြီးလာတော့ မသောက်တော့ဘူး။ သူငယ်ချင်းတွေနဲ့ တခါပဲ သောက်တယ်။ အဲဒီနောက်ပိုင်း မသောက်တော့ဘူး။ အာ့လို စွဲစွဲလမ်းလမ်းမထားဘူး။ မိန်းမ မယူသေးဘူး။ ငယ်သေးတယ်။ ခုမှ အသက် ၂၁ ရှိသေးတာ။ စစ်ထဲဝင်တုန်းက ၁၇ နှစ်ပဲ ရှိသေးတာ။ ၁၈ နှစ်လို့ လိမ်ထားတာ။ တပ်ကအတိုင်းတွက်ရင် ၂၂ နှစ်”

“တနေ့ကို မိုင် ၅၀ လောက် လျှောက်ရတယ်။ မန္တလေးနဲ့ ရွှေဘိုလောက် နီးနီးပဲ။ တောင်ကုန်းတက်လိုက် တောင်ဆင်းလိုက် လျှောက်ရတာ။ တစ်ရက်ကို မိုင် ၅၀ လောက်လျှောက်ရတယ်ဆိုတော့ မလျှောက်နိုင်ဘူးထင် မနေနဲ့။ လျှောက်

နိုင်တယ်။ ညတွေပါ လျှောက်တာ။ တပ်ရင်းမှူးက ပွိုင့် ဘယ်လောက် ဘယ်လောက် မင်းလျှောက်ဆို လျှောက်ရတာ။ ဘယ်ကုန်းကို ဘယ်အချိန် ရောက် ပေါ့။ အဲလိုသတ်မှတ်ပြီး လျှောက်ရတာ။ ဘယ်နားမှာ ထမင်းစားမယ်။ ဘယ် အချိန် ပြန်ထွက်မယ်ပေါ့။ ကိုယ့်အလှည့်ကျ ကံကောင်းတယ်။ ပွိုင့်ပျက်လည်း ဘာမှမဖြစ်ဘူး။ တခြားအဖွဲ့တွေဆို မရောက်ရင် ရိုက်ခံရတယ်။ ရဲဘော်အချင်း ချင်းဆို ငါက မလုပ်ဘူး။ မညစ်ဘူး။ တချို့ရဲဘော်တွေက မရဘူး။ ရွာတွေ ဘာတွေရောက်ရင်လဲ မလုပ်ပါဘူး။ လစာရှိတယ်လေ။ ကိုယ့်ဘာသာ ဝယ်စား တယ်။ ဒို့တပ်ရင်းက စည်းကမ်းနဲ့။ ရွာတွေဝင်သွားရင်တော့ အသီးအနှံတွေ ကောင်းတယ်။ သူတို့ ကြည်ဖြူရင် ယူတယ်။ မကြည်ဖြူဘူးဆိုတာကလည်း ကိုယ့်ဗမာလူမျိုးတစ်ယောက်မှ မပါဘူး။ ဝတို့၊ ရှမ်းတို့၊ တရုတ်တို့။ ဗမာလို တတ်တဲ့သူလည်း ရှိပါတယ်။ အဲ့နယ်မှာ သေတော့လည်း ဘာတတ်နိုင်မှာလဲ။ နိုင်ငံတော်က လျော်ကြေးတော့ ပေးပါတယ်။"

"ကျတော့်ဘဝက ခံစားစရာကြီးပဲ။ စဉ်းစားကြည့်။ ကိုယ့်ဆရာသမား ကွဆို မိန်းမတွေရှိတယ်။ တောင်တန်းမှာ။ ရဲမေတွေ။ စစ်သားမိန်းမဖြစ်ပြီးတော့ ကင်းယူနေရတာ။ ရဲမေတွေတောင် ဆုရသေးတယ်။ ဖေဘုတ်ပေါ်တင်တာ အဲဒါ အမှန်အကန်တွေ။ မိုင်းတောင် (၁၈၇) က ရဲမေတယောက် ဆုရတာ။ သူရဲကောင်းတံဆိပ်တွေ ဘာတွေ ရလိုက်သေးတယ်"

"တိုင်းမှူးက ဦးသန်းလှိုင်၊ ရခိုင်ကနေ ပြောင်းလာတာ၊ ခိုလန့်တိုင်းမှူး။ ဒုရင်တုန်းက ရွှေဘိုကို ကိုင်သွားသေးတယ်။ သူက မရဘူး၊ တိုက်မယ်ပဲ။ သူထက်ကြီးတဲ့ ဗိုလ်ချုပ်ကြီးကို တင်လိုက်တာ။ ဟော့ကောင် မင်းတို့ သုံးနှစ်တိုး တယ်တဲ့။ အာ့ဆို သူမျှားတပ်တွေနဲ့ ချိန်းမပေးတော့ဘူး။ ဟိုလိုဆို ဒို့ နားရတယ်။ တိုင်းမှူးဆိုတော့လည်း ကိုယ့်ထက်ကြီးသွားပြီလေ။ သူလာရင်ကို ဖင်တုန်နေရ တာ။ သူက အထက်ကို တင်တာ။ ဒို့ စခ (၂) ပဲ ဆက်ထားမယ်တဲ့။ စစ်တိုက်မယ် တဲ့။ မုန်းကိုးကို သူတို့တိုက်မယ်တဲ့။ ကျန်တဲ့တပ်ရင်းတွေက သုံးရင်း တဗျူဟာနဲ့ ဝင်တာ။ ဒို့တပ်မ တမလုံးက ၁၀ ရင်းရှိတယ်။ တဗျူဟာဆိုတာ သုံးရင်း ဖွဲ့စည်းပုံ

ချထားတာ။ တပ်မကူးပြီးရင် ဗျူဟာကူး။ ပြီးရင် တိုင်းမှူးအဆင့်။ တိုင်းမှူးပြီးရင် ဗိုလ်ချုပ်ကြီး။"

"ဒေါ်အောင်ဆန်းစုကြည်ကို တပ်ထဲက သိပ်မကြိုက်ဘူး။ လူကြီးတွေကတော့ ကြိုက်ရင်ကြိုက်မယ်။ ဒို့လက်အောက်ငယ်သားတွေကတော့ မကြိုက်ဘူး။ မကြိုက်ဆို စိတ်ညစ်နေပြီလေ။ သူ့ကြောင့် တိုက်ပွဲတွေဖြစ်နေတာ။ ပင်လုံစာချုပ်တဲ့။ အဲ့ပင်လုံစာချုပ်ပြီးကတည်းက စစ်တွေဖြစ်နေတာပဲ။ ရဲဘော်တွေ ပြောသလိုပေါ့။ ထင်ကျော် စင်ပေါ်ရောက်သွားပြီတဲ့။ စင်ပေါ်ရောက်တော့လဲ ဘာလုပ်မှာလဲ။ ခေါင်းငုံ့ပြီး လိုက်နေရတာပဲ။ သူက သမ္မတရှေ့ကနေ ဦးစီးဦးဆောင်လုပ်နေတာ။ ခု သူ့ကြောင့် ဒို့ရဲဘော်တွေ သေတာ။ ၁၀၀ ကျော်၊ ၂၀၀ ကျော်လောက် သေနေပြီ။ သူ့ကြောင့်သေတယ်လို့ ဘာကြောင့်ပြောရတာလဲဆိုတော့ ပင်လုံစာချုပ်မှာ မြင်ဖူးလား။ ဦးသိန်းစိန်လက်ထက်မှာ ဒါမျိုး မရှိဘူးလေ။ အဲ့တုန်းက ခုလောက်ထိ မဟုတ်ဘူး။ ငြိမ်းချမ်းရေး ကောင်းတယ်။ ခု သူ့လက်ထက်ကမှ စစ်သားတွေ လစာလဲ မတိုးဘူး။ ဦးသိန်းစိန်တုန်းက တိုက်ပွဲ နည်းတယ်၊ ဦးသိန်းစိန်က ပြည်သူလူထုက မဟုတ်ဘဲနဲ့ စစ်တပ်ကနေ သမ္မတဖြစ်သွားတာလေ"

"ဘုန်းကြီးတပါးက ဟောတာလေ။ ဗိုလ်ချုပ်အောင်ဆန်းလို သူရဲကောင်းတွေ မမွေးဘဲ ဖွတ်တွေမွေးတော့ ဘယ်လိုလုပ်ကြမလဲတဲ့။ တပ်က ကောင်းတဲ့သူတွေ ရှိသလို ဆိုးတဲ့သူလည်း ရှိတယ်။ လာဘ်စားတဲ့သူလည်း ရှိတယ်။ တပ်ကကြွဖွံ့တွေကို ကြိုက်လားဆိုတော့ ဘယ်ကမှ မကြိုက်ဘူး။ သူတို့အကျင့်စရိုက်က ပြည်သူလူထုအပေါ်မှာ မေတ္တာစိတ်မထားကြဘူး"

"သေမလိုဖြစ်တဲ့ တိုက်ပွဲတော့ မရှိပါဘူး။ ဒို့က လက်နက်အင်အားကောင်းတယ်။ စစ်ကူလည်းရှိတယ်။ ဒီကောင်တွေလောက်က မကြောက်တော့ဘူးလေ။ ဒါပေမဲ့ လန့်တော့လန့်တယ်၊ လက်နက်ကြီးကျလာရင်။ Sniper တွေ မကြောက်ပါဘူး။ တပ်မတော်လည်း ကိုင်ပါတယ်။ တစ်ကြောင်းကို နှစ်ယောက်ပါတယ်။ တပ်ရင်းမှူးတွေလဲ ကျတာပေါ့။ သိန္နီအထွက်မှာ ပစ်ခံရတာ။ Sniper နဲ့ အပစ်ခံ

ရတာ။ ခြောက်ပေါက်ပြန်ပေးရတယ်။ ခြောက်ပေါက်ဆိုတာက ဒီကို ခြောက်လုံး ပြန်ပေးရတယ်။ တပ်ရင်းကို ချိန်းပေးဖို့ ပြန်ပေးရတယ်။ ခြောက်လုံး ဆိုတာက ဂဏန်းတွေရှိတယ်။ ဘယ်ပွိုင့်မှာ ရှိတယ်ဆိုတာကို ပို့ရတာ။ သူက တစ်ဆင့် ပြန်ပြောတယ်။ ဘယ်နေရာမှာ ချိန်းပေးမယ်။ သံလွင်အခြမ်းပေါ့။ လာချိန်းပေး တယ်။ ကျနော်တို့က ခြောက်လုံးပြန်ပေးရတယ်။ သူတို့က မြေပုံကြည့်တယ်။ မြေပုံဘက်က ဂဏန်းလေးတွေပါတယ်။ (၃၅) တို့က ခဏနားမယ်ပေါ့။ (၃၀) တို့ ဘာတို့ကျတော့ အသင့်ပြင်ပေါ့။ သုံးမိနစ်လောက်ဆို ထွက်တော့မယ်ပေါ့။ ဂဏန်းတွေနဲ့ သုံးတာ။ ဖြစ်နိုင်ရင် အဲဘက် ပြန်မပြောင်းစေချင်တော့ဘူး။ ပင်ပန်း လို့။ လူတောင် သေးသေးလေးကျန်တာ။ နောက်တခါဆို စိတ်ဆင်းရဲပြီး သေနိုင် တယ်။ ရန်သူသတ်လို့ထက် ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်ကျပြီး သေသွားနိုင်တယ်။ စိတ်ဓာတ်က ကျတော့ မကျပါဘူး။ ကိုယ်မှ တပ်မတော်ကြီးကိုချစ်လို့ ဝင်လာတာ။ ပြည်သူလူထုကို ကာကွယ်ချင်လို့ ဝင်လာတာ”

“ရည်းစားလား၊ မရှိဘူး။ မူးလို့တောင် ရှူစရာမရှိဘူး။ ဟိုမှာက ပလောင် မလေးတွေ ရှမ်းမလေးတွေပဲရှိတာ။ မျက်စိပဲ အစာကျွေးနေရတာ။ သူတို့ကို ချစ်တယ်လဲ မပြောရဲဘူး။ ပြုတယ်လဲ မပြောရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နဲ့ နီးစပ်ခွင့်မှ မရှိတာ။ ကိုယ်က ဒီနေရာမှာ တစ်ရက်နှစ်ရက်ပဲတည်း၊ နောက် တနေရာ ပြန်ထွက်သွားရတာ။ တနေရာနဲ့ တနေရာ ကူးနေရတာ။ ရှေ့တန်းမှာ ပုဒိန်းမှုတွေ အပြောများကြတာက လုပ်ကြံပြီး ပြောကြတာတွေလဲ ရှိတယ်လေ။ အမှန်တကယ်က သူပုန်တွေလုပ်တာတွေလဲ ရှိတယ်။ ဒို့ စစ်တပ်ကို ပုံချတာတွေ လဲ ရှိတယ်။ တချို့ကျတော့ စစ်သားဟန်ဆောင်ပြီးတော့ ဖေဘုတ်ပေါ်မှာ တင် ကာ။ စစ်သားကတော့ လုပ်တဲ့သူလည်း ရှိမှာပေါ့။ ဒါပေမဲ့ တပ်မတော်နဲ့ မဆိုင် ဘူး။ တယောက်မကောင်းတာနဲ့ တပ်မတော်တခုလုံး ခံရတယ်။ ကောင်းတဲ့ စစ်သား တွေ အများကြီးရှိပါတယ်”

“ရှေ့တန်းထွက်ရင် ထမင်းစားတဲ့ ဟန်းကော ခုနှစ်လုံး၊ လူတစ်ယောက်ကို နှစ်ပတ်စာ၊ ဗုံးသီး နှစ်လုံး၊ ခဲယမ်း ၂၄၀ ၊ နောက်တန်းကျည် ၁၄၀ ၊ အီနာကာ

ပါတယ်။ အီနာကာဆိုတာက လူအနည်းဆုံး ၁၀ ယောက်လောက်တော့ သေနိုင်တယ်။ သေနတ်ထဲကို ထည့်ပစ်တဲ့ဟာ။ လေးတယ်။ စစ်သားတစ်ယောက်ကို ပေါင် ၁၀၀ ကျော်တယ်။ ပလတ်စတစ်ကောက်တုန်းကလည်း ထမ်းပိုးပြီး သွားနေရတယ်ဆိုပေမယ့် မတူဘူး။ ပလတ်စတစ်အိတ်က ပေါ့ပေါ့လေးရယ်။ သံတိုသံစ ထမ်းရလဲ ခဏပဲ။ ခုဟာက ခရီးအရှည်ကြီး သွားရတာ။ လမ်းကလည် ဖြောင့်နေတာ မဟုတ်။ ချိုင့်တွေနဲ့ ဆင်းလိုက် တက်လိုက် သွားရတာ။ လူကတော့ သေးတယ်၊ အားကသန်တယ်။ လုပ်လာတဲ့ သက်တမ်းတစ်လျှောက်ဆိုတော့ ခံနိုင်ရည် ရှိသွားပြီ။ အရပ်သားတွေနဲ့စာရင် နှစ်ဆလောက်တော့ အလုပ်လုပ်နိုင်တယ်"

"ရဲဘော်တယောက်ကိုသွင်းရင်တော့ သုံးသိန်းရတာ ရှိတယ်။ ရှစ်သိန်းရတာ ရှိတယ်။ သွင်းတဲ့အပေါ်မှာ မူတည်တယ်။ အဲဒီပိုက်ဆံက တပ်ရင်းမှူးကပေးတာ။ လူဝယ်သလိုမျိုးပေါ့။ ဝယ်ရတာလေ။ သေသွားတဲ့လူတို့၊ အဲလူတွေအစားထည့်ရတာတွေ ရှိတယ်။ မထည့်ရင် အထက်က အရေးယူမယ်လို့ အမိန့်ပေးထားတယ်။ သူအိတ်စိုက်ပြီး ပေးရတာ။ တပ်ထဲမှာကလဲ သူ့စီးပွားရေးကမှားတယ်လေ။ တပ်ရင်းကရတဲ့ ရန်ပုံငွေရှိတယ်။ အဲထဲကပဲ။ တခါတလေကျရင် ၁၀ သိန်းတောင်ပေးတယ်။ သွေးစစ်ရသေးတယ်။ သွေးအောင်မှပေးတာ ဆေးစစ်လို့ ဆေးကျရင် မရတော့ဘူး"

"မှတ်ပုံတင်မရှိရင်လည်း မှတ်ပုံတင်လုပ်ပေးတယ်။ ဒါပေမဲ့ အဲ့ပိုက်ဆံထဲက ဖြတ်တယ်။ တပ်ရင်းတွေ ရောက်သွားရင်တော့ အခမဲ့လုပ်ပေးတယ်။ တပ်သားအသစ်ရရင် ပိုက်ဆံပေးတဲ့သူက ရာထူးလဲ တက်တယ်။ အမှတ်တွေ ဘာတွေလည်း သာတာပေါ့။ ရာထူးမတိုးတောင် အမှတ်များတယ်။ သူများတွေနဲ့စာရင်တော့ အမှတ်သာတော့ စောစောစီးစီး ကပ်လို့ရတာပေါ့။ သူက ပွဲစားသဘောမျိုးပေါ့။ တပ်ရင်းမှူးက ၇ သိန်းပေးတယ်။ လူသစ်ရှာတဲ့သူဆို လူသစ်ကို ၅ သိန်းပေးပြီး သူ ၂ သိန်းယူတယ်။ တပ်ရင်းမှူးအရှာခိုင်းရတာက ထွက်ပြေးတဲ့ကောင်တွေနေရာမှာ အစားထိုးဖို့။ အမှန်က တလကို နှစ်ယောက် အမြဲထည့်ပေးရတယ်။ အော့ကြောင့်မို့ ပေါ်တာဆွဲတာတွေ ဘာတွေ ပေါ်လာတာ"

"တိုက်ပွဲမှာ သေနတ်တွေရတယ်။ ကိုယ့်ထက် စီနီယာအကိုကြီးတွေကို ပေးလိုက်တယ်။ ငါက မလိုသေးဘူးလေ။ တချို့က ရာထူးတက်ဖို့ လိုနေပြီ။ ငါ ဘဝမမှေပါဘူး။ အကူအညီပေးတတ်ပါတယ်။ တောင်းတဲ့သူတွေတွေ့ရင် နှစ်ရာ တန်တောင် မပေးဘူး။ တထောင်တန်ပဲ ပေးတယ်။ ထမင်းဝယ်ကျွေးတယ်။ လမ်းပေါ်တုန်းကလို ဟိုလူနဲ့ရန်ဖြစ် ဒီလူနဲ့ရန်ဖြစ်နေတာ မဟုတ်ဘူး။ တိုက်ပွဲ မရှိရင် အေးအေးနေတာ။ ဘယ်သူနဲ့မှလည်း သိပ်စကားမပြောဘူး။ သီချင်း နားထောင်တယ်။ အဲဒီတော့ တပ်ထဲမှာ ငါ့ကို ကြောက်တတ်တယ် ထင်နေတာ။ အဘကတောင် အဲလို ထင်နေတာ။ တခါ သူပုန်တကောင်မိတော့ အဘက အဲကောင် အခြောက်၊ လူမသတ်ရဲဘူး။ သူ့ခိုင်းဆို ပြောလိုက်တော့ ကျနော့်ကို မလုပ်ရဲဘူးထင်ပြီး လာခိုင်းတယ်။ တချက်ထဲပဲ နောက်ကနေ စိုက်ချလိုက်တာ။ တနေ့က မားကို ပုရွက်ဆိတ်တွေ တက်နေတော့မှ သတိရတယ်။ အဲဒီတုန်းက ရေမဆေးဘဲ ဒီအတိုင်း ပြန်ထည့်ခဲ့တာကိုး။ အဲဒါ ရှုမ်းမား"

"ဟာ၊ ကြောက်တော့တို့။ ရေနံကိုးက လူသတ်ဖူးတယ်။ ရေတောင် ရေနိုင်မှာ မဟုတ်ဘူး"

"စစ်ထဲ ဝင်ချင်တဲ့ကောင်တွေ ပြောလေ။ အသက်ပြည့်တဲ့ကောင် ငါ သွင်းပေးမယ်"

"ဝင်မယ်။ ငါ့ တဝက်ပေးရမှာ"

"ဝင်မယ်၊ သေနတ်ကြိုးကိုင်ပြီး စစ်တိုက်ချင်တယ်"

"ငါ ပြန်တော့မှာ၊ တပ်က အကြောကြီး ထွက်လို့ မရဘူး။ ပြန်မယ်နော်"

"ဒီတခါ ကောင်မလေးတယောက်"

"ငါ ပြောမယ်ဟေ့။ ငါ လမ်းဘေးရောက်တာက သူများတွေလို ဘယ်သူက ရိုက်လို့ ဘာညာမဟုတ်ဘူး၊ ဆူတာနဲ့ ထွက်လာတာ၊ ကျွဲဆည်ကန် ကားဝင်းဘက်မှာ နေတာဆိုတော့ ထွက်လာလိုက်တာပဲ။ မနေ့က အမေတို့ လင်မယားနှစ်ယောက်လုံးကို သွားကန်တော့ထားသေးတာ။ မုန့်ရယ်၊ ကော်ဖီမစ်ရယ်။

အချို့ရည်ဘူးရယ် နို့ဆီထုပ်တွေရယ်။ အမေက ထိုးမုန့်၊ လမုန့် ရောင်းတယ်။ သမီးက မရောင်းရဘူး။ အလုပ်မလုပ်ရဘူး။ အမေက မလုပ်ခိုင်းဘူး။ ခု သမီး အသက် ၁၈ နှစ်ပြည့်ပြီ။ မခိုင်းဘူး။ နေချင်တဲ့အချိန် ပြန်နေ။ ထွက်ချင်တဲ့အချိန် ပြန်ထွက်"

"သမီး အိမ်က ထွက်တုန်းက ၁၄ နှစ်၊ ၁၅ နှစ်။ အိမ်ကထွက်တယ်။ လမ်းဘေးမှာနေတယ်။ အိမ်ကို ပြန်သွားတယ်။ အိမ်က သမီးအဖေအရင်းကလေ မူးပြီး ဆူတယ်လေ။ မနေချင်လို့ သမီးက ထွက်ထွက်လာတာ။ အဖေလည်း ဆုံးပြီးရော အိမ်မှာ ပြန်နေတယ်။ ယောက်ျားကို မခွဲနိုင်လို့ ပြန်ရောက်လာတယ်။ ယောက်ျားက ကြယ်ကြီး။ သမီးကို ပထမဦးဆုံး ရည်းစားစကားပြောတဲ့သူကတော့ ဝေယံကို။ လမ်းဘေးရောက်မှ တွေ့တာ။ ဝေယံကိုနဲ့က မကြာလိုက်ဘူး။ တစ်ရက် တည်းပဲ။ အမေလာခေါ်တော့ မနေနိုင်လို့ ပြန်လိုက်သွားတာ။ အမေနဲ့ကလည်း သုံးလေးရက်ပဲ ပြန်နေတာ။ ပြီးတော့ ပြန်လာတာ။ ပြန်လာတော့ အောင်ထက်ပိုင်နဲ့ တွေ့တာ။ သူနဲ့ကလည်း ၁၀ ရက်လောက်ပဲ ပေါင်းရတာ။ သူမှာ မယားရှိတာကို သမီးက သိသွားတာလေ။ သိသွားတော့ သူ့ကို ပြန်ကွာလိုက်တာ။ သူမိန်းမက မြစ်ဘေး၊ တိုက်တန်းဘက်ကလို့ပြောတာပဲ။ တောင်ပြုံးပွဲမှာကတည်းက သူ့ကို ဖြတ်လိုက်တာ"

"အစက ၄၂ လမ်းထဲမှာနေတာ။ အမှတ် (၉) က ရဲတွေဖမ်းတယ်ဆိုတော့ တက္ကသိုလ်မှာနေတာ။ တက္ကသိုလ်မှာကျ ကြယ်ကြီးနဲ့ ယူခါနီးကျတော့ ရဲတွေရယ်၊ စည်ပင်တွေရယ်၊ စစ်သားတွေက မသက်ဘူးဆိုပြီး ဖမ်းသွားတာ။ သမီးက သင်တန်းကျောင်း။ ကြယ်ကြီးရယ်၊ သမီးယောကျ္ဍမနဲ့ ဝင်းမင်းထွန်းနဲ့က ထောင်ထဲကျတာ။ တစ်လစီကျတာ။ ဘာမှတော့ မဟုတ်ဘူး။ မသက်ာမှုနဲ့ ဖမ်းသွားတာ။ သမီးကို သင်တန်းကျောင်းပို့တယ်။ တစ်လနဲ့မှ ၅ ရက်နေခဲ့ရတယ်။ အမေလာထုတ်လို့ ပြန်ထွက်လာရတာ။ အမေ့ဆီမှာ နေလိုက်သေးတယ် တစ်လတိတိ။ ကြယ်ကြီးက ပြန်လာခေါ်တော့ ကြယ်ကြီးနဲ့ ပြန်ပါလာတာ။ သူက အရင်လွတ်တာ။ လွတ်လာပြီးတော့ သင်တန်းကျောင်း လာတွေ့သေးတယ်။ မုန့်တွေရယ်၊

ပိုက်ဆံတွေရယ် လာပေးသွားတာ။ သူတွေ့ပြီး မကြာဘူး၊ အမေလာထုတ်တာ။ ခု လမ်းဘေးကို သွားလိုက် ပြန်ထွက်လာလိုက်ဆိုရင် နှစ်နှစ်ကျော် သုံးနှစ်ထဲ ဝင်တော့မယ်"

"လမ်းဘေးမှာ စတွေ့တာက ဝေယံကို၊ ဝေယံကိုပြီးတော့ အောင်ထက်ပိုင်။ အောင်ထက်ပိုင်ပြီးတော့ ကြယ်ကြီး။ ကြယ်ကြီးပြီးတော့ ချမ်းသာ။ ချမ်းသာနဲ့က ၄၂ လမ်းထဲမှာ တွေ့တာ။ သူကတော့ ရိုက်နှက်တယ်။ ရွှေဘိုဘုန်းဘုန်းက မှတ်ပုံတင်လုပ်ပေးဖို့ လမ်းဘေးသားတွေခေါ်တုန်းကလည်း သူရောပါတယ်။ သူက ကျောင်းကို နေတာမဟုတ်ဘူး။ သူ့အမေဆီ သွားတာ။ ချစ်တီးကွင်းဘက်။ သမီးက အဲဒီကျမှ ရွှေဘိုရောက်ဖူးတာ။ သူက သမီးကို အကောင်းမမြင်ဘူး။ အဲဒီတုန်းကလဲ သူက သမီးကို ကိုချစ်ကိုတူးနဲ့ ပေးစားတာ။ မနက်ရောက်တော့ သမီး မန္တလေးပြန်ဆင်းလာတာ။ ကွဲပြီးတော့။ သမီးဆင်းပြီး တစ်ရက်လောက် နေတော့ သူမန္တလေး ပြန်ဆင်းလာတာ။ သမီးကို ပြန်လာပေါင်းတာ။ ပေါင်းလိုက်သေးတယ် နှစ်ရက်၊ သုံးရက်လောက်တော့ ပေါင်းလိုက်သေးတယ်"

"ကြယ်ကြီးက ထောင်ကနေထွက်လာတာ။ ကလေးတွေက ကြယ်ကြီးကို တိုင်ကြတာ။ ကိုကြယ်ကြီးမရှိခင်က ကိုကြယ်ကြီးမိန်းမကို နှိပ်စက်တယ်တို့ ဘာတို့ပေါ့။ ချမ်းသာကို ကြယ်ကြီးက ရန်ကုန် သန်လျင် သဘာဝတရားရိပ်သာမှာတုန်းက မေးပြီးတော့ နှစ်တစ်တုတ်နဲ့ ရိုက်တာလေ။ သမီးကို နှိပ်စက်တယ်ဆိုပြီးတော့မှ။ သမီးကို ချမ်းသာက သံလမ်းမှာ အလုပ်လုပ်ခိုင်းတာ။ အစုံလုပ်ခိုင်းတာ။ သမီး မလုပ်ဘူးလို့ ပြောလိုက်တာ။ သူ့ကို ကြောက်လည်း ကြောက်တယ်။ နှိပ်စက်တော့ လုပ်ရတာပေါ့။ သုံးလေးရက်လောက် လုပ်လိုက်တယ်။ ကြယ်ကြီး ထောင်ကထွက်မှ ကြယ်ကြီးနဲ့ ပြန်ပေါင်းတယ်။ သူက ဘယ်ကလူတွေဆီ ထည့်ပေးတာလဲဆိုတော့ သံလမ်းက ဘုန်းဘုန်းတွေဆီ ထည့်ပေးတာ။ ရတဲ့ပိုက်ဆံကို ယူတယ်။ သူငယ်ချင်း အပေါင်းအသင်းတွေ တောင်းရင်ပေးတယ်။ တစ်ခါဆင်းရင် ၃၀၀၀ ရတယ်။ တရက် နှစ်ပါး သုံးပါးလောက်ပါပဲ။ ရတဲ့ပိုက်ဆံကို သူက ယူတာ။ ကြယ်ကြီး ထောင်ကထွက်လာတော့ သတင်းလဲကြားရော အဲ့ကောင် ချမ်းသာကို

သံလမ်းမှာ ရိုက်နှက်တာ။ လက် ရောင်ကိုင်း သွားတာ။ ငါမရှိခင်မှာ ငါမိန်းမကို ယူပြီးတော့ ကောင်းကောင်းမွန်မွန်ထားလို့ ပြောတာကို ကောင်းကောင်းမွန်မွန် မထားဘူး။ နှိပ်စက်ရမလားဆိုပြီးတော့ ရိုက်တာ။ ခု သမီးက ကြယ်ကြီးနဲ့ပေါင်း နေတာ။ သန်လျင်က မန္တလေး ချမ်းမြသုခအသင်းက လမ်းဘေးသားတွေကို ပို့ပေးလို့ ရောက်သွားတာလေ"

"ကြယ်ကြီးက ဘူးကောက်တယ်။ မကောက်ရင် မြေကားလိုက်တယ်။ မြေကားလိုက်ရင် တစ်ရက်ကို ၆၀၀၀/၇၀၀၀ ရတယ်။ ဘူးကောက်ရင်တော့ ၁၀၀၀၀၊ ၁၀၀၀၀ ကျော် အမြဲတမ်း၀င်တယ်။ သမီး အိမ်ပြန်နေတုန်းကဆို ဘူးကောက်ပြီးတော့ ပိုက်ဆံတွေစုထားတာ။ နှစ်ရက်လောက်ပဲရှိသေးတာ ၄၀၀၀၀ ကျော်လောက် ရတယ်။ သမီး လမ်းဘေးပြန်ထွက်လာတော့ အ၀တ် အစား ၀ယ်ပေးတယ်။ မုန့်တွေ ၀ယ်ကျွေးတယ်။ နှစ်ရက်လောက်နေတော့ အမေက လာခေါ်ရော။ အကောက်ဆိုင်က အမေကြီးက ပြောလိုက်တာ။ ခမျာသမီးနဲ့ သူ့ယောကျ်ားနဲ့ သံလမ်းဘေးမှာ နေကြတာလို့ ပြောလိုက်တော့ အမေက လာခေါ်တာ။ ပြန်ပါသွားပြန်ရော။ အမေ့ဆီမှာ သုံးလေးရက်လောက်နေပြီး ပြန်ထွက်လာတာ။ ရန်ကုန် သန်လျင်ကို လိုက်သွားကြတာ။ အာ့မှာက ဘာမှ မလုပ်ရဘူး။ အမှိုက်ကောက်လည်း အကောက်ဆိုင်က အဝေးကြီးပဲတဲ့။ အာ့မှာကျ အမှိုက် မကောက်ဘူး။ အလုပ်အကိုင်မရှိတော့ မန္တလေးကို ပြန်ဆင်းလာတာ။ သန်လျင်က တစ်ယောက်ကို ၁၀၀၀၀ စီ လမ်းစရိတ်ထုတ်ပေးတာ။ သမီးမှတ်ပုံတင်က အိမ်မှာ ထားခဲ့တာ။ သူက ပါတယ်။ သူ့မှတ်ပုံတင်ဖိုးက မရှင်းရဘူး။ သမီး မှတ်ပုံတင်က ရှင်းရတယ်။ ရဲထောက်ခံစာ လုပ်ရတာ။ အာ့ဒါ ၅ နာရီရထားနဲ့ ပြန်လာတာ။ ဒီကို မနက်ရောက်တာ"

"ခု လမ်းဘေးကျတော့ ဦးပွားနားမှာပဲနေတာ။ ဘယ်မှ မနေဘူး။ တက္ကသိုလ် ဘက်က သင်တန်းကျောင်း ရောက်ပြီးကတည်းက မနေတော့ဘူး။ ဒီဘက်က အဆင်ပြေတယ်။ ဒါပေမဲ့ မနေ့ညက ရဲတွေလာလို့ ပြေးရတာ။ ရန်ဖြစ်ပြီးတော့ မကြာဘူး။ ရဲတွေရောက်လာတာ။ ရန်ဖြစ်တဲ့သူက တိုင်တာနေမှာပေါ့။ သူတို့

လာတော့ ပုန်းရတာပေါ့။ ရဲတွေလည်းပြန်တော့ ကောင်းကောင်းမွန်မွန် အိပ်ကြတာ။ မလာတာ ကြာပါပြီ။ မနေ့ညက ရန်ဖြစ်ပြီးတော့မှ ရောက်လာတာ"

"အကောက်ကောက်တော့ ၃ နာရီခွဲလောက်က ထကောက်တာ။ သမီးကတော့ အိပ်နေတာ။ သူက မခိုင်းဘူး။ သမီးတို့ ဝေါမစ်ရှင် (World Vision) ကျောင်းနားလေးက ညစျေးဘက်ကို သွားကောက်ကြတာ။ သူပြန်လာတယ်။ အကောက်ဆိုင်မှာ သွားရောင်းတယ်။ ရတဲ့ပိုက်ဆံ ပြန်အပ်တယ်။ တစ်နေ့ကို ၁၅၀၀၊ ၂၀၀၀ လောက်တော့ ရတယ်။ မနက် ၃ နာရီလောက်သွားပြီးတော့ ၁၁ လောက် ပြန်လာတယ်။ သမီးက ပိုက်ဆံစုထားတာ။ ပြီးတော့ အမေ့ကို သွားကန်တော့လိုက်တာ။ ပိုက်ဆံက သေတ္တာထဲမှာ စုတာ။ တမြန်မနေ့ကတော့ ဖုန်းနှစ်လုံး ခိုးသွားတာ။ သမီးတို့အဖွဲ့ထဲကကောင် ခိုးသွားတာ။ သေတ္တာကို ရိုက်ဖွင့်ပြီးတော့ ဖုန်းနှစ်လုံးခိုးသွားတာ။ သူက သမီးကို ဆင်ပေးထားတဲ့ ခေါက် TV တစ်လုံးရယ်။ ခေါက် TV က ၃၂၀၀၀။ ဖုန်းတွေက ၄၅၀၀၀ နှစ်လုံး။ ပိုက်ဆံတွေက ၅၀၀၀ တန်တွေ ထားထားတာ။ ယောက်မပိုက်ဆံက တစ်သောင်းခွဲ။ သမီးတို့ပိုက်ဆံက ၁၀၀၀၀ ၊ ဖုန်းနှစ်လုံး။ ဘောက်နှစ်လုံး။ နောက်ပြီးကျတော့ ဖားပါးစပ်က နှစ်လုံး။ သူ့အတွက် ဝယ်ပေးထားတဲ့ ဘိုးဖိနပ် ၁၅၀၀၀ တန်။ အဲ့ဒါတွေက ရှိတယ်။ ဖုန်းနှစ်လုံးပဲ ခိုးသွားတာ။ ဘယ်သူခိုးမှန်းကို မသိဘူး"

"သူကတော့ အိမ်ငှားနေမယ်ပြောတာပဲ။ အမေ့အိမ်ဘေးမှာ အိမ်တစ်လုံး ရှိတယ်လေ။ တစ်လကို ၁၅၀၀၀၊ ၂၀၀၀၀ လောက်ပဲ ရှိမှာတဲ့။ နေမယ်လို့ ပြောတာ၊ ပိုက်ဆံမရှိလို့ မနေဖြစ်ဘူး။ တစ်ရက်ကောက်ရင် ၁၅၀၀၀၊ ၂၀၀၀၀ ရနေတာပဲဆိုပေမဲ့ သမီးတို့က အဲ့ဒါတွေ သုံးဖြုန်းတယ်လေ။ ယောကျ်မလည်း ပေးရတယ်။ ယောင်းမတွေလည်း ပေးရတယ်။ ကိုယ့်ဘာသာလည်း သုံးတယ်။ ယောကျ်မကိုက တစ်ရက်ကို ၂၀၀၀၊ ၃၀၀၀ လောက် ပေးရတယ်။ သူက သမီးတို့နဲ့ အတူတူနေတာလေ။ ယောကျ်မက မမူးရင်တော့ ကောင်းတယ်။ မူးရင်တော့ ဆဲဆိုနေတာပဲ။ သူတို့က အရင်က တာရိုးမှာ နေတာ။ ကြယ်ကြီးက မိန်းမရသေးတယ်လေ တာရိုးမှာ။ ကြယ်ကြီးတို့အမေလည်း ဆုံးပြီးရော ဒီကို ထွက်လာကြ

တာ။ အစက ရွာမှာနေတယ် ပြောတာပဲ။ အဲ့တုန်းက လမ်းဘေးဆိုတာလည်း
မနေတတ်ဘူး။ ကော်ဆိုတာလည်း မရှူတတ်ဘူး။ သူ့အဖေက ၁၂ ပွဲလိုက်တာတဲ့
သူသားကို ပတ်ခေါ်တာပေါ့။ အာ့တော့မှ လမ်းကျွမ်းပြီးတော့ တာရိုးမှာ တစ်နှ
လောက် သဲနုနဲ့ ကွဲလိုက် ပေါင်းလိုက်ဖြစ်နေသေးတာ။ ပြီးမှ သမီးနဲ့ ရတာ
အဲ့ကောင်မကလည်း ခု နောက်ယောက်ျားရနေတယ်လို့ပြောတာပဲ"

"အခု ကော်ဖိုးက မနေ့ညက ကော်သုံးဘူးဝယ်လာတာကို သမီးရယ်
သမီးယောက်ျားရယ်၊ သူ့ညီရယ်၊ ယောက်မရယ် အဲ့လေးယောက်ပဲ ရှူတာ။ တစ်ဘူ
ကို ၁၈၀၀။ တစ်ခါတစ်လေ တစ်ဗူးထဲဝယ်တာ။ တစ်ဗူးထဲဝယ်ရင် ယောက်မ
မထည့်ပေးဘူး။ သုံးယောက်ပဲ ရှူတာ။ သူ့ညီကျ နည်းနည်းပဲ ရှူရတာလေ
သူ့အဖေက အများကြီး မရှူခိုင်းဘူး။ သူက ကလေးပဲ ရှိသေးတာဆိုတော့
သူလဲ ပြန်ရောက်တာ မကြာသေးဘူး။ အဖမ်းခံရသေးတယ်"

"ယောက်မအငယ်ရှိသေးတယ်။ လှလှဝင်းတဲ့။ သူက သိပ်လှတယ်။
သူကလဲ အဖမ်းခံထားရတယ်။ သူက ဒီလို၊ အာ့နေ့က သူ့အကို ကြယ်ကြီးက
ပြောသွားတာ။ ငါက လျှောက်သွားမှာတဲ့။ ကြယ်ကြီးက နင်နဲ့ ငါနဲ့ မပြော
ဒုက္ခရောက်လိမ့်မယ်၊ ငရဲကြီးလိမ့်မယ်လို့ပြောတာကို သူရယ်၊ အိခိုင်ဝင်းရယ်
ဂျာကစ်ရယ် သုံးယောက်၊ ဂျာကစ်က ဆိုင်ကယ်ခိုးသွားတာ။ မီးလည်း မပါဘူး
လိုင်စင်လည်း မပါဘူး။ အဲ့ဒါ လှလှဝင်းနဲ့ အိခိုင်ဝင်းကို တောင်ကြီးပြန်မှာ
လိုက်ခဲ့ကြပါလားလို့ ခေါ်တာ။ ရန်ကုန် မိန်းလမ်းနားမှာ မိတာ။ အဲကနေတဆင့်
အိုးဘိုထောင်ကို အမိန့်ချလိုက်တာ။ ဘယ်လောက်ဆီလို့ မသိဘူး၊ ကျတယ်ပြော
တာပဲ။ တစ်နှစ်စီလား ကျတယ်လို့ ပြောတာပဲ။ အမှန်က သူတို့က လွတ်တယ်
ဂျာကစ် ပါးစပ်ပေါ်မှာ မူတည်တယ်။ ဂျာကစ်က ကျနော် ခိုးတာပါ၊ သူတို့က
ဘာမှ မလုပ်ပါဘူးဆိုရင် သူတို့က လွတ်တယ်။ ခုကျ သူတို့နှစ်ယောက်လည်း
ပါတယ်။ ကြံရာပါဆိုပြီး ထောင်ထဲကို ပို့လိုက်တာ"

"ကြယ်ကြီးက ပိုက်ဆံစုပြီးတော့ သူ့ညီမကို ထောင်ဝင်စာ သွားတွေ့ဦး
မှာတဲ့။ ယောက်မကလည်း ဟိုတစ်နေ့က ငိုနေတာ၊ သူ့ညီမကို လွှမ်းလို့ဆိုပြီး

သွားတွေ့မယ်ပြောတာ မတွေ့ဖြစ်ပါဘူး။ ဘိုးတော်က သွားမတွေ့နဲ့ ပြောတာပဲ။ သူ့အဖေကတော့ မိုက်လုံးကြီးလို့တဲ့။ လှလှဝင်းက သူ့ယောကျ်ားနဲ့ ကွဲလာပြီးတော့ ကလေးပါတာလေ။ စစ်ကိုင်းဘက်က ဘုန်းကြီးကျောင်းကို သွားပြီးတော့ ပို့ထားတာ။ အေးမော်ရော၊ လှလှဝင်းသားလေးရော တခြားကလေးတယောက်ရော သုံးယောက် ပို့ထားလိုက်တာ။ သူက အဘိုးဆိုတော့ စိတ်နာတာ။ ဖြစ်နိုင်ရင် သွားမတွေ့နဲ့ပြောတာပဲ။ တွေ့စရာ မရှိဘူးလို့လဲပြောပါတယ်။ ကြယ်ကြီးကလည်း ပြောတယ်။ သူ့အဖေရှေ့တော့ ဟုတ် ဟုတ်ပေါ့။ နောက်ကျ ကြယ်ကြီးနဲ့ ယောက်မနဲ့ တိုင်ပင်ပြီး ငါက ဆိုင်ကယ်လည်းရှိတယ်ဆိုတော့ သွားတွေ့မယ်လို့ ပြောတယ်”

“ဆိုင်ကယ်လေး ပိုက်ဆံစုပြီးတော့ ဝယ်ထားတာ။ ၁၅၀၀၀၀ ပေးရတယ်။ လိုင်စင်မပါဘူး။ မနေ့က အမေတို့ဆီသွား ကန်တော့ရင်းနဲ့ အဖေက ကားထရီအသစ်ထည့်ပေးလိုက်တာ။ သမီးအဖေရင်းတော့ မဟုတ်ဘူး။ ပထွေး။ ပထွေးသာပြောတာ သမီးအပေါ် အရမ်းကောင်းတာ။ ချစ်လည်း ချစ်တယ်။ သမီးကို လမ်းဘေးကို လာလာခေါ်တယ်။ သမီးက ယောကျ်ားကိုမခွဲနိုင်လို့ ပြန်မလိုက်တာ။ အဝတ်အစားတွေလည်း ဆင်ပေးတယ်။ ဟိုတလောက ခြံဝိုင်းရှင်းတာ ၃၅၀၀၀ ရတာ။ သမီးကို အဝတ်အစားတွေ ဝယ်ပေးတယ်။ နောက်ပြီးတော့ နောက်ထပ်ခြံဝိုင်းရှင်းမှာ ၆၀၀၀၀ လောက်တော့ရမှာတဲ့။ ကြယ်ကြီးနဲ့ သမီးအဖေက မတည့်ဘူး။ ကြယ်ကြီးက အဖေကို မခေါ်ချင်ဘူး။ အိမ်လခလည်း မရှိသေးတော့ မနေဘူးလို့ ပြောတာ”

“လမ်းဘေးမှာ နေရတာ သိပ်တော့ အဆင်မပြေဘူး။ ရဲတွေ မလာတာတော့ ကြာပြီ။ မနေ့ကပဲ လာတာ။ ကျန်တဲ့နေ့တွေက ရဲတွေ မလာဘူး။ အိမ်မှာက မနေချင်တာ မဟုတ်ဘူး။ နေချင်တယ်။ နှစ်ခုရှိတယ်။ တစ်ခုကတော့ ပထွေးကို ကြောက်လို့။ ကိုယ့်ကို စော်ကားသွားမှာ ကြောက်လို့။ ပထွေးက ကောင်းတော့ ကောင်းပါတယ်။ သမီးက တွေးပြီးကြောက်တာ။ ကိုယ့်ဘာသာကို သွေးကြောင်ပြီး ကြောက်တာ။ နောက်တစ်ခုက ကြယ်ကြီးကို မခွဲနိုင်တာ။ အဲဒါတွေကြောင့်

လမ်းပေါ် ထွက်နေတာ။ ကြယ်ကြီးကတော့ အိမ်ဘေးနေမယ် ပြောတာပဲ။ အမေရဲ့ နဲ့ အတူမနေဘူး။ အခန်းသပ်သပ် ငှားနေမယ်လို့တော့ အာ့လိုပြောတယ်။ သွားမယ်ဆိုတော့လည်း မသွားဖြစ်ဘူး။ ပိုက်ဆံရှိမှ သွားမယ်တဲ့"

"သမီးက အမှန်အတိုင်းပြောရင် အိမ်မှာ နေချင်တယ်။ နောက်တစ်ခါ ချိန်ကျရင် ကလေးဆိုတာ မရဘူး မရှိဘူးလေ။ လမ်းဘေးမှာနေတော့ ကိုယ်က သမီးလေးမွေးရင် ဒုက္ခရောက်မှာပေါ့။ ဒီလိုမျိုး အစော်ကားခံရမယ်။ ပြောခံရမယ်။ သမီးဖြစ်ချင်တာက အိမ်ငှားနဲ့နေချင်တာ။ သူကကျတော့ အမေနဲ့နီးရဲ့ နေရာကို မနေချင်ဘူး။ သမီးပထွေးက ဆိုးတယ်လေ။ သမီးပထွေးက သမီးရဲ့ ရိုက်တာ မကြိုက်ဘူး။ သမီးယောကျ်ားက သမီးကိုရိုက်ရင် သူတို့ ရန်ဖြစ်တော့မှာ လေ။ အဲ့တော့ သူက မနေချင်ဘူး။ သူက စိတ်တိုရင်တော့ သမီးကို ရိုက်တယ်။ စိတ်မတိုရင်တော့ မရိုက်ဘူး။ ကောင်လေးတွေနဲ့ ရောရောနေရင် သူစိတ်ဆိုး တယ်။ သူရိုက်ပြီးတော့ လာချော့တယ်။ ပါးရိုက်တယ်။ ထိုးတယ်။ တစ်ခါက မွေးနိုနဲ့ စကားပြောတုန်းက သူနဲ့ သူညီက ဦးပိန်ဘက်က ပြန်လာတာ။ ယောကျ်ား က သမီးနဲ့ မွေးနိုစကားပြောတာကို ပြန်ပြောပြတာ။ သူ့အစ်ကိုက သမီးကို ထိုးတာ။ မျက်ကွင်းညိုနေတာ။ အမေက ရောက်လာတာ။ သမီးကိုလည်း အာ့လို ဖြစ်နေတာတွေ့ရော ကြယ်ကြီးနဲ့ ပြဿနာတက်ကြတာ။ သူ့သမီးကို နှိပ်စက်ရ မလားပေါ့။ အမေကပြောတာ ငါ့သမီးကို ခုချိန်ထိ ငါက လက်နဲ့တောင် မထိဘူး ပေါ့"

"တစ်ခါက အိခိုင်ဝင်းတို့နဲ့ မူဆယ်ဘက် လိုက်သွားဖူးတယ်။ မရောက်ဘူး လို့။ အိခိုင်ဝင်း၊ သမီး၊ ပိုလီယို၊ နောက်နှစ်ယောက်က မေ့နေတာ။ ငါးယောက် သွားကြတာ။ မူဆယ်မှာတော့ အစ်ကိုကြီး ပြည့်ဖြိုးအောင်က သမီးနဲ့ အရမ်းခင် တော့ ထမင်းတွေ ဘာတွေ ဝယ်ကျွေးတယ်။ သူ့မိန်းမက သဝန်တိုပြီးတော့ သမီးနဲ့ ပေးစားတော့ ပြဿနာတက်ကြသေးတယ်။ သူတို့ညီအစ်မနှစ်ယောက်က သမီးကို ဝိုင်းလုပ်တာ။ လက်ပေါက်သွားတာ။ ညတွင်းခြင်း ပြန်လာတာ။ လမ်းလျှောက်သွားတာ။ အစ်ကိုကြီး ပြည့်ဖြိုးအောင်က နောက်ကနေ လိုက်လာပြီး

တော့ ငါညီမ အစ်ကိုလိုက်ပို့မယ်တဲ့။ လားရှိုးမှာ သူ့မိဘတွေရှိတယ်။ သမီးကို လိုက်ပို့ပေးတာ။ သူက ဘူးခွံကောက်တာလေ။ ပြီးတော့ ရောင်းတာ ၅၀၀၀ လောက်ရတယ်။ မုန့်တွေ အဝတ်အစားတွေ ဝယ်လိုက်တော့ ကုန်သွားတာ။ နောက်ထပ် ဘူးထပ်ကောက်တယ်။ တစ်လမ်းလုံး သူ ဘူးကောက်ကျွေးတာ။ လမ်းမှာ လမ်းလျှောက်သွားတာ။ မိုင် ၁၅၀ ကျော်တယ်။ ခြေကျင်သွားတာ။ နှစ်ည သုံးညလောက်တော့ အိပ်ရတယ်။ မိုင် ၁၅၀ ကျော်တော့ ဦးလေးကြီး တစ်ယောက်က ကားနဲ့ လိုက်ပို့ပေးတယ်။ လားရှိုးရောက်တော့ သမီးကို အိမ်ဌားနဲ့ ထားတယ်။ သူက သူ့မိဘတွေနဲ့ နေတယ်။ မနက်လည်း မုန့်တွေ လာပို့ပေးတယ်။ လားရှိုးမှာ အမေနဲ့တွေ့တယ်။ သမီးငှားနေတဲ့အိမ်က အမေ့သူငယ်ချင်းတဲ့။ သမီးက ဘူတာဖက်မှာ ထိုင်နေရင်းနဲ့ အမေနဲ့တွေ့တာ။ ကိုပြည့်ဖြိုးအောင်က သမီးအမေရှိတော့ မလာဘူး။ ပြန်လာခဲ့တဲ့ လားရှိုးကို။ သူက သမီးကို ကြိုက်နေတာလေ။ သူ့မိန်းမနဲ့ မင်္ဂလာဆောင်ထားတာ မဟုတ်ဘူးတဲ့။ နောက်ပိုင်းမှ သူက သမီးကို ဖွင့်ပြောတာ။ သမီးက အစ်ကိုကြီးကို အစ်ကိုတစ်ယောက်လိုပဲ ခင်တာ။ မန္တလေးမှာ သမီးယောကျ်ားရှိတယ်လို့ပြောပြီး မန္တလေးကို ပြန်လာတာ။ ကြယ်ကြီးနဲ့ ပြန်ပေါင်းတယ်။ သူနဲ့က ပြောမယ်ဆို ကွဲလိုက် ပြန်ပေါင်းလိုက်။ ကွဲလိုက် ပြန်ပေါင်းလိုက်ပဲ။ နှစ်နှစ်ကျော် သုံးနှစ်လောက်တော့ ရှိပြီ"

"မူဆယ်မှာကျ ဘာမှ မလုပ်ဘူး။ ဘာမှ မလုပ်တတ်ဘူးလေ။ သူငယ်ချင်းတွေနဲ့ မရောက်ဘူးလို့ လိုက်သွားတာ။ တရုတ်ပြည်လည်း ရောက်ခဲ့တယ်။ တရုတ်ပြည်ထဲကို သမီးသူငယ်ချင်းတွေက ဝင်ခိုးတာ။ ဖုန်းအလုံး ၂၀ လောက် ပါလာတယ်။ တရုတ်ရဲတွေလည်း တွေ့ခဲ့တယ်"

"အာ့ဘက်မှာက ကော်မရှင်ဘူး။ ဆေးချတာ။ ရာမလို့ ပြောတာပဲ။ ဆေးလုံးလေး။ ခရမ်းရောင် အလုံးကလေး။ Ruby ဗူးက စက္ကူကို မီးရှို့ပြီး အာ့ပေါ်ကို ဆေးလုံးတင်ပြီးတော့ ရှူကြတာ။ အနံ့ကတော့ မွှေးတယ်။ အဲ့ဒါ ဘာလုပ်ကြတာလဲဆိုတော့ ရာမ ချတာတဲ့။ ဘာ ရာမလဲဆိုတော့ ကိုယ်က နားမလည်ဘူးပေါ့။ လမ်းဘေးမှာ နေတာဆိုတော့ ကော်လောက်ပဲ နားလည်တာ။ စေ့းကြီးတယ်

အဲ့ ရာမက၊ တစ်လုံးကို ၄၅၀၀ လောက် ပေးရတယ်တဲ့။ သမီး မစမ်းဘူး မလုပ်ပါဘူး။ သမီးကို ကိုကြီးပြည့်ဖြိုးအောင်က ပြောတာ၊ နင် အဲ့ကောင်တွေ့ ပေါင်းရင် အဖမ်းခံရပြီး ဘဝပျက်နေလိမ့်မယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ အမှုကြီး တယ်တဲ့။ ကော်ထဲမှာ အမှုအကြီးဆုံးတဲ့။ သမီးက ရဲဖမ်းမှာ ကြောက်တာပေ့ အာ့နဲ့ မန္တလေးကို ပြန်ဆင်းလာတာ။ လမ်းဘေးမှာနေတာ သင်တန်းကျော် တောင် တခေါက်ပဲ ရောက်ဖူးတာလေ"

"နင်ကတော့ ကံကောင်းပါတယ်ဟာ၊ ကြယ်ကြီးက သိပ်ချစ်တာဆိုတော့"

"ငါ ပြီးပြီနော်၊ ဘယ်သူ ဆက်ပြောမှာလဲ။ ဦးယောင်းမ ညည်းဆက်ပြော

"ငါကတော့ ဆောင်းနှင်းဝေပြောသလို အိမ်ကို မပြန်ချင်လို့တော့ မဟုတ် ဘူး၊ ပြန်ချင်တယ်။ ပြန်မရတာ"

"ဘာလို့ ပြန်မရတာလဲ၊ နင့်အဖေက ဘာပြောလို့လဲ"

"ငါ ပြောပြမယ်၊ ပြန်မရတဲ့အကြောင်း"

"ငါက ၁၄ နှစ်သမီးကတည်းက ကော်စရှူတာ။ ကော်ရှူရတာက ရှိုက်ရှူလိုက်တဲ့အချိန်မှာ အဆုပ်က ဘယ်လိုဖြစ်လဲဆိုတော့ အသက်ရှူရတာ ကျပ်သွားတာ။ ချူပ်ထားသလိုဖြစ်သွားတာ။ ကော်ရှူရင် သူက အနံ့ကို ရှူလိုက်တော့ စိတ်ထဲမှာ ကြောင်သွားတာပေါ့။ ကိုယ် အလုပ်လုပ်ရမှန်းတော့ သိတာပေါ့။ ကိုယ်ဘယ်နေရာ သွားရမလဲ၊ ဘယ်နေရာ နေရမလဲ၊ ကိုယ့်ရဲ့နောက်ကွေ့ တွေကို မသိတော့ဘူး"

"အေးရီမ၊ နင် ကော်ရှူတာနဲ့ နင် အိမ်မှာ နေမရတာနဲ့ ဘာဆိုင်တုန်း"

"နင့် ပါးစပ်ပိတ်ထားနော် ကျန်ကျောင်း၊ ငါပြောတာ ပြီးအောင် နားထောင်"

"ဟေ့ကောင် ဖြတ်မပြောရဘူးလေ၊ သူပြောတာ နားထောင်ပေါ့"

"ဘာလို့ ရှူတာလဲဆိုတော့ ဒီ ရှူပါများလာတော့ စိတ်ထဲက ရှူချင်စိတ်တွေ ပေါက်လာတာ။ ဖြတ်နိုင်တယ်။ ဖြတ်ချင်တယ်။ ဖြတ်ဖူးတယ်။ ကော်ဖြတ်တာ

ကော်ရှူတာနဲ့ဆိုရင် ကော်ဖြတ်တာက ကောင်းတယ်။ ကော်ဖြတ်တာက ဘယ်လို ကောင်းလဲဆိုရင် အသားအရေလည်း ဝလာတယ်။ ကိုယ့်ရဲ့ ကျန်းမာရေးလည်း ကောင်းလာတယ်။ ကော်ရှူတော့ကျတော့ ကိုယ့်ရဲ့ အသားရေတွေလဲ ထိခိုက်တယ်။ အခုကတော့ ရှူတယ်၊ ဒါပေမဲ့ မရှူတာဆိုလို့ ဒီနေ့ နှစ်ရက်ပဲ ရှိသေးတယ်"

"နင် ကော် ဒီလောက် ကြိုက်နေတာ၊ ကော်ဖိုး ဘယ်လို ရှာလဲ"

"အာ့ နင့်အပူလား၊ ငါတို့ ရှာနေကျအတိုင်းပေါ့"

"ငါ ပြောလို့သာ ပြောတာပါ၊ အဲဒီအလုပ်က အမြဲလုပ်တာမဟုတ်ဘူး။ မလုပ်တာကြာပြီ။ အခု ရွှေဘိုရောက်လို့ လုပ်တာဆိုလို့ ငါးခါလောက်ပဲ။ အဲ့လို ညပိုင်းလုပ်ရင် တစ်ခါတစ်လေကျရင် လေးထောင်၊ တစ်ခါတစ်လေကျရင် ငါးထောင် အဲ့ဒီအတိုင်းရတာ။ ကောက်တာက ဘာမှ မရဘူး။ စောစောထနိုင်မှ သုံးထောင်တောင် မနည်း"

"တခါတလေကျလဲဟာ ဒါချည်းက ကိုယ်က မလုပ်ချင်ဘူး၊ လာခေါ်မှ လုပ်ချင်သွားတာ။ ဘယ်လိုလူတွေက လာခေါ်တာလဲဆိုတော့၊ ဒီလိုပေါ့၊ အိမ်ရှိတဲ့လူတွေက လာခေါ်တာ။ တစ်ခါတစ်လေကျရင် သူတို့အိမ်မှာ ခေါ်သွားတာ။ တစ်ခါတစ်လေကျရင်တော့ အဲ့လိုအိမ်ကို မခေါ်ဘူး။ ချစ်တီးကွင်းဘက်တို့၊ လောကမာရဇိန်ဘက်တို့ အဲ့တိုင်းပဲခေါ်သွားတာ။ ဘယ်အချိန် ပြန်ပို့ပေးတာလဲဆိုတော့ ငါက မနေချင်တော့ရင် သူတို့က ချက်ချင်းပြန်လွှတ်ပေးတာ။ ညအိပ်တွေ ဘာတွေခေါ်သွားရင် အခု ကိုယ်က ကိုးနာရီလောက်က လိုက်တယ်ဆိုရင် သူတို့ဆန္ဒအတိုင်း တစ်ခါလောက် လုပ်ပေးလိုက်တာ။ သူတို့ကို ကိုယ်ကပြန်ပြီး အကျပ်ကိုင်တာ။ အဲ့ကျရင် ကိုယ်က ကိုယ်နေမယ့်နေရာကို ပြန်ရောက်လာတာ။ အကျပ်ကိုင်တယ်ဆိုတာ ဒီလိုပေါ့။ ကျပ်ကတော့ မလုပ်ချင်တော့ဘူး၊ ခင်ဗျား အကျပ်ကိုင်ရင် ကျပ်ကတော့ ပြန်ပြီးတော့ အော်မှာနော်၊ အဲ့အတိုင်းပြောတာ"

"ပိုက်ဆံကျတော့ ညအိပ်တွေကျရင် တစ်ခါတစ်လေကျရင် တစ်သောင်းခွဲ၊ ညအိပ်မဟုတ်ပဲ အပြင်ဆိုရင် ငါးထောင်။ လာခေါ်ရင်ကျတော့၊ အင်း လာခေါ်ရင် သူတို့ကိုယ်တိုင်လာခေါ်တာ။ သူတို့ကိုယ်တိုင် လိုက်မလားပေါ့၊ အဲ့တိုင်း

လာခေါ်တာ။ လာခေါ်တော့ ကိုယ်ကလည်း အဲ့လိုပဲ လိုက်သွားတာ။ အဲ့လို မလိုက်ရင် ကိုယ့်ကို ဒုက္ခပေးနိုင်တယ်။ ပေးနိုင်တယ်ဆိုတာက သူတို့အဖွဲ့ကိုခေါ် ခေါ်ပြီးတော့ သမီးတို့က လမ်းဘေးမှာနေတော့လေ သမီးတို့ကိုအနိုင်ကျင့်နိုင် တယ်၊ သူတို့က၊ အဲ့ဒါကြောင့်မို့"

"နင်တို့က ကွန်ဒုံးသုံးရဲ့လားဟယ်"

"ကွန်ဒုံးသုံးပါတယ်ဆရာမရဲ့။ မသုံးတဲ့အခါ မရှိဘူး၊ ဘာလို့လဲဆိုတော့ ကိုယ့်ကိုယ်လဲ ရောဂါထိသွားမှာ ကြောက်ရတယ်။ နောက်ပြီးကျတော့ မတော်တဆ ပိုက်တွေဘာတွေကြိုးသွားမှာ ကြောက်တာ၊ အဲ့ဒါကြောင့်မို့ ကွန်ဒုံးမသုံး ရင် HIV ပိုးတို့၊ AIDS တို့ ဖြစ်နိုင်တယ်လေ၊ ကျောင်းမှာ ဆရာမတို့ သင်တန်းတွေ ခဏခဏသင်ရတာ၊ သိပါတယ်"

"ပထမ အိမ်ထောင်ကျတုန်းက မန္တလေးမှာ၊ အဲ့ဒီမှာ သူနဲ့သမီးနဲ့ ယူထား တာ။ အဲ့ဒါကို အဖေက ညီမတွေ အစ်ကိုတွေကျတော့ မင်္ဂလာဆောင်ပေးတယ်၊ သမီးတို့ကျတော့ မတတ်နိုင်ဘူး၊ မင်္ဂလာမဆောင်ရဘူး။ အဖေက သဘောမတူ လို့ဆိုပြီး အိမ်မှာ သူ့ကိုထားပြီး အကျပ်ကိုင်တာ။ အကျပ်ကိုင်တယ်ဆိုတာက ဘယ်မှ မသွားရဘူး။ အလုပ်ဆို အလုပ်ထဲပဲ လုပ်ရမယ်။ သူက လမ်းဘေးမှာ နေတော့ကျတော့လေ၊ အိမ်မှာ နေရတာ ကျဉ်းကျပ်တာပေါ့။ အဲ့ဒါနဲ့ လမ်းဘေးမှာ ထွက်လာတာ။ အိမ်ကနေ လမ်းဘေးနေတာ။ အင်း သူနဲ့ကတော့ ကြာတယ်၊ ဟို ဆယ့်သုံးနှစ်အရွယ်လောက်ကတည်းက။ ဆယ့်သုံးနှစ်အရွယ်လောက် ကတည်းက ရည်းစားဖြစ်တာလေ။ ဆယ့်လေးနှစ်လောက်ကျမှ ယူလိုက်တာ"

"အတည်ယူဖြစ်တာက သူတစ်ယောက်ထဲတော့ မဟုတ်ဘူး။ ယူတာက တော့ များတယ်။ ဒီလိုပဲ စိတ်အခန့်မသင့်ရင် ကွဲလိုက်၊ အဆင်ပြေတဲ့သူနဲ့ ပေါင်း လိုက်ပေါ့။ အင်း ကိုယ်ဝန်တခါ ဖျက်ဖူးတယ်။ ကလေးမယူချင်ဘူးလို့ ယောကျ်ား ကိုပြောလိုက်တော့ အဲဒါဆိုရင် ကိုယ်ဝန်ဖျက်ဆေးသောက်လိုက်လို့ ပြောတော့ အဲဒီနေ့က အမှိုက်ပုံမှာ ပိုက်ဆံနှစ်သောင်းကောက်ရထားတော့ ဆေးဆိုင်သွားပြီး ဝယ်သောက်လိုက်ကြတယ်"

"ဒီရွှေဘိုက ယောက်မတို့က ရောက်နေတော့ လမ်းဘေးသား သုံးယောက်ရယ်၊ သမီးရယ် လေးယောက် ရွှေဘိုသွားမယ်ဆိုပြီး လာကြတာ။ ရွှေဘိုကို ရောက်လာတော့ ယောက်မဆီကို သွားတာ။ ယောက်မက အကို့မိန်းမလေ။ ညပိုင်းမှာ ဒီကျောင်းကို ရောက်လာတာ။ ကျောင်းကို တန်းမရောက်ဘူး။ အရင်ဆုံး အရှေ့ဘုရားထဲမှာနေတယ်။ ဘုရားထဲမှာ နှစ်ရက်လောက်နေပြီးတော့ ဟို-ဒီကတယောက်က သူက ဆရာမတွေကို ပြောပေးတာနဲ့ သမီးကို ဒီကျောင်းမှာထားတာ။ ဒီကျောင်းမှာ ထားထားတော့ မန္တလေးကို ပြန်တာလေ၊ ညီမတွေ လွမ်းလို့ဆိုပြီး မန္တလေးကို ပြန်သွားတာ။ ပြန်သွားပြီးတော့ တစ်ခေါက်ပြန်လာသေးတယ်။ ပြန်လာတော့ ဒီကလူတွေက လာခေါ်တာ၊ ချမ်းသာကြီးဘုရားထဲ လာခေါ်တာ။ အဲ့တာ ဒီကျောင်း ပြန်နေသေးတယ်။ ပြန်နေပြီးတော့ အမေဆုံးလို့ဆိုပြီး သတင်းကြားတာနဲ့ မန္တလေးကို ပြန်သွားတာ။ အခု ဒီနေ့မှ ကျောင်းပြန်ရောက်တာ။ ရွှေဘိုရောက်တာတော့ ရှစ်ရက်လောက်ရှိပြီ"

"ဒီကျောင်းကို ဘာလို့ဆက်မနေဖြစ်တာလဲဆိုတော့ ကိုယ့်စိတ်ကို မနိုင်လို့ ဆက်မနေဖြစ်တာ။ ဘုန်းဘုန်းကတော့ ကောင်းစေချင်လို့ ကျောင်းမှာ ထားထားတာ။ သမီးတို့ကကျတော့ ကျောင်းမှာနေတာကျတော့ လမ်းဘေးမှာနေတာနဲ့ ကျောင်းမှာနေတာနဲ့က ကျောင်းမှာနေတာက ကောင်းတာ။ လမ်းဘေးမှာနေတာကျတော့ လွတ်လပ်တာပေါ့။ ကျောင်းမှာကျတော့ ကျောင်းစည်းကမ်း၊ လမ်းမှာကျတော့ လမ်းစည်းကမ်း။ လမ်းမှာနေရတာ ပျော်တယ်ဆိုတာက ကိုယ့်စိတ်ကို ပျော်ရအောင်ထားတာ။ စိတ်ညစ်တယ်ဆိုတာကျတော့ ဒီလမ်းဘေးမှာနေရတာက လူလည်း အထင်သေးတယ်။ ကိုယ့်ရဲ့ရှေ့ရေးလည်း မကောင်းဘူး"

"အင်း အသက်က ဘယ်ခုနှစ်က မွေးလဲတော့ မသိဘူး၊ ပြာသိုလဆန်း ၁ ရက်တော့ သိတယ်။ ၁၆ နှစ်၊ ညီအစ်ကိုမောင်နှမ ၈ ယောက်၊ အထက်က ၁ ယောက်၊ အောက်မှာ ၆ ယောက်၊ အငယ်ဆုံးလေးက နို့ပြတ်ပြီ၊ ကျောင်းနေတဲ့သူ မရှိဘူး။ အဖေက ဆိုက်ကားနင်းတာ၊ အဖေဆိုက်ကားနင်းထွက်တဲ့အချိန်ကျတော့ အိမ်နီးနားချင်းတွေက ကလေးထိန်းပေးတယ်။ ညီမလေးတစ်ယောက်

က ယောက်ျားရသွားပြီ။ အစ်ကိုက ထောင်ကျနေတာ၊ ဆိုင်ကယ်မသင်္ကာမှုနဲ့ မာရှယ်လောထုတ်တဲ့ အချိန်မှာ ကျသွားတာ၊ မာရှယ်လောထုတ်တဲ့အချိန်မှာ စည်းကမ်းချက်ထုတ်ထားတာကို သူက မလိုက်နာဘူး၊ ၁၀ နာရီဆို မထွက်ရဘူး လို့ပြောတာ အဲ့ဒီအချိန်မှာ သူက ထွက်လိုက်တာလေ၊ အဲ့တော့ မာရှယ်လော မိတော့ ဒီဆိုင်ကယ်က ဝယ်ထားတာလား၊ ခိုးတာလားမသိဘူး၊ သူက သူများဟာ စီးလာတာ"

"သူက ထောင်မကျခင်က အမှိုက်ကောက်တယ်၊ ရေကားလိုက်တယ်၊ ရေကားလိုက်ရင် တစ်ခါတစ်လေ ငါးထောင်၊ တစ်ခါတစ်လေ သုံးထောင်၊ အမှိုက် ကောက်တာကျတော့ တစ်ခါတစ်လေ နှစ်ထောင်၊ တစ်ခါတစ်လေ သုံးထောင်၊ အဲ့အတိုင်းရတာ၊ အခု သူကလည်း ထောင်ကျနေပြီ၊ အမေကလည်း ဆုံးသွားပြီ၊ သူ့အောက်က ကျမ၊ အင်း ကျမကလည်း ရွှေဘိုရောက်နေတော့ ကျန်တဲ့ အငယ် ခြောက်ယောက်နဲ့ အဖေနဲ့က ဘယ်လိုလုပ်နေနေတာလဲဆိုတော့၊ ဒီလိုပဲပေါ့။ မရှိရှိရာ ရှာစားနေရတာ၊ ညီမလေးတွေ မောင်လေးတွေ သတိရတယ်"

"ဘာလို့အတူတူမနေတာတုန်းဆိုတော့ အဖေက မူးပြီးတော့ ဆူတယ်၊ နောက်ပြီးကျတော့ အမေကလည်း မရှိတော့ဘူး၊ အစ်ကိုကလည်း မရှိဘူး၊ ညီမ ကလည်း လင်ရသွားတော့ အဖေနဲ့ သမီးနဲ့နေရမှာ မသင့်တော်လို့။ ဘယ်လိုမျိုး မသင့်တော်တာလဲဆိုတော့၊ အိပ်တဲ့အခါကျတော့ အိမ်တစ်လုံးတည်းမှာ အတူတူ အိပ်ရတာ၊ အဲ့ဒါကြောင့်မို့လို့၊ မူးလာပြီဆိုရင် သမီးမှန်းလည်း မသိဘူး၊ မယားမှန်း လည်း မသိဘူး"

"အင်း အဲ့လိုမျိုး မတော်တရော်- ဖြစ်ဖူးတယ်၊ အဖေက မူးနေတော့ မသိဘူး၊ အရက်တွေကလည်း တအားသောက်လာတော့ကျတော့ တအားမူး နေတာ၊ ဘာမှမသိဘူး၊ အဖေကလည်း နောက်ပြီးကျတော့ အရိုက်ကြမ်းတယ်၊ အဖေ့ကိုကြောက်လို့မို့ ဒီတိုင်းနေရတာ၊ သမီးလို့ ပြောတယ်လေ။ အရက်က မူးလာတော့ကျတော့ ဘာမှပြောလို့ မရဘူး။ အဲဒါဖြစ်တုန်းက အမေက မသိဘူး၊ သမီးက အိမ်နီးနားချင်းတွေနဲ့ စခန်းကို တိုင်တာ၊ တိုင်တော့ အမေက မဟုတ်ပါ

ဘူးလို့ နောက်ကနေလိုက်ပြောတာ၊ လိုက်ပြောတော့ အဖေ့ကို မချတော့ဘူးလေ၊ အမေက အဲလိုပြောထားမှတော့ ထောင်မချတော့ဘူး၊ သမီးကို အဖေနဲ့ တစ်နေရာစီ နေရမယ်လို့ အဲ့အတိုင်းပြောတာ။ အမေ့ကို ပြောပြတယ်၊ ဟိုဥစ္စာ-စခန်းကိုရောက်ပြီးမှလေ အမေကို ပြောပြတာ၊ အမေက အဲ့ဒီတော့မှ သိသွားတာ၊ အမေက အတည်ဟုတ်လား၊ မဟုတ်ဘဲနဲ့မပြောနဲ့တဲ့၊ အဲဒီအတိုင်းပြောတာ။ သမီးကဟုတ်တယ်လို့ပြောတာ၊ ဟုတ်တယ်လို့ပြောတော့ အမေက မယုံဘူး။ အဲ့ဒါနဲ့ပတ်သက်ပြီး အိမ်နီးနားချင်းတွေနဲ့ စကားများကြတာ၊ စကားများတော့ သမီးလည်း ရှက်တာနဲ့ ထွက်ပြေးလာတာ"

"အခုလည်း ကျောင်းမှာ မနေနိုင်သေးဘူး။ အငယ်ဆုံး မောင်လေးက လမ်းဘေးရောက်ပြီး ကော်ရှူနေတယ်လို့ကြားရတယ်။ သူ့ကိုသွားရှာပြီး ဒီကျောင်းမှာ ထားမယ်။ သူက အခုမှ ၉ နှစ်လောက်ရှိမှာပေါ့။ ပြီးတော့ ညီမကလဲ ကိုယ်ဝန်က အတော်ရင့်နေပြီ။ မွေးတော့မှာ။ လမ်းဘေးသားနဲ့ ရတာပဲ။ လမ်းဘေးမှာပဲ နေကြတယ်။ သူ ကလေးမွေးတော့ လူလိုမှာ၊ ပြန်မှ ဖြစ်မယ်"

"အိမ်ကိုတော့ မပြန်ဘူး။ ငါပြန်လို့ မရတဲ့အကြောင်းသိပလား"

"အော်၊ ဟုတ်ကဲ့၊ သိပါပြီဗျာ"

"သမီးလဲ အေးရီလိုပဲ။ ပြန်လို့ မဖြစ်ဘူး"

"သမီးအသက်က အင်း ပြောပြမထားတော့ မသိဘူး။ ခု လမ်းပေါ်ရောက်နေတာ မကြာသေးဘူး၊ တစ်ပတ်လောက် ရှိသေးတယ်။ ခါတိုင်း ရောက်လာရင် အဖေက ပြန်ပြန်ခေါ်သွားတာ။ ပြန်ခေါ်လိုက်၊ ပြန်ထွက်ပြေးလာလိုက်နဲ့။

"အဖေနဲ့ အိမ်မှာ ဘာလို့မနေတာလဲဆိုတော့ အဖေက မူးရင် အဲ့လိုပဲဆိုဆဲ၊ ရိုက်နှက်နေတော့တာကိုး။ ဘာရယ်ညာရယ်မဟုတ်ဘူး၊ ခေါ်ခေါ်ပြီးတော့ကို ရိုက်တာ။ တစ်ခါတစ်လေကျတော့ ကြိုးတုပ်ရိုက်တာ"

"သူက မိန်းမရှိတယ်၊ နောက်မိန်းမနဲ့။ သမီးက မသင့်တော်လို့ဆိုပြီးတော့ ခွဲအိပ်တာ။ ခွဲအိပ်တဲ့နေ့ကမှ တအားမ မူးနေတာ၊ သူ့မိန်းမမှတ်ပြီးတော့ မှားတာ။ အဖေလို့ သမီးနော်လို့ ဆိုတော့ ပြန်ဆင်းသွားတယ်။ သူ့မိန်းမမှတ်ပြီးမှားတာ၊ အဲ့ဒါကြောင့်မို့ အိမ်ကို မနေတာ"

"ရိုက်ရင်လဲ ပိတ်ရိုက်တာ။ ရိုက်တာကတော့ ငယ်ငယ်လေးကတည်းက ရိုက်တာ၊ ကြီးလည်း ရိုက်တယ်။ ငယ်တုန်းကဆို ဆေးရုံတက်ရအောင်ကို ရိုက်တာ။ အဲ့တုန်းက ထမင်းမချက်တတ်ဘူးပေါ့ဗျာ။ ထမင်းမချက်တတ်တော့ ထမင်းအိုးက မှောက်ကျသွားတာ၊ ကျသွားတော့ လက်သည်းတွေကို ခွာတာ၊ ခွာရင်း ခွာရင်းနဲ့ လက်သည်းတွေ ကျွတ်သွားတာ။ အဲ့မှာ အိမ်နားနီးချင်းက သွားတိုင်တာ။ ဒီမယ် ကိုချစ်ပြုး၊ ဒီလောက်ထိ ကိုယ့်သားသမီးကို မရိုက်နဲ့တဲ့။ အဲ့လိုပြောပြီး သွားတိုင်တော့ အချုပ်ထဲကို တစ်ပတ်တိတိကျသွားတာ။ အဲ့ဆရာမတွေကလည်း ပြောတာ။ အဲ့ဒီကောင်မလေး အသက်ရှင်ရင် ရှင်၊ မရှင်ရင် တစ်သက်တစ်ကျွန်းချမှာလို့ ပြောတာ။ သေပြီမှတ်တာတဲ့ သမီးကို။ အမှန်က ပီနန်အိတ်နဲ့ ထုပ်ထားတာ။ ထုပ်ထားတော့ ငိုပြန်တော့တဲ့အခါကျတော့ ကောင်မလေးက အသက်ရှင်သေးတယ်တဲ့၊ အဲ့လိုပြောပြီး ဘေးက ဆေးရုံပို့လို့ အသက်ရှင်လာတာ"

"ငယ်ငယ်တုန်းက ဆေးမသောက်လို့ဆို ပါးစောင်တွေရော ကုတ်တာ၊ ထမင်းမချက်တတ်လို့ဆို အုန်းနီခဲနဲ့ရော မီးစနဲ့ရော ထိုးတာ၊ ကြီးတော့ကျတော့ ပါးတွေ၊ ဆံပင်တွေ၊ လည်မြိုတွေ ကုတ်တာ။ ကြိုးတုတ် ရိုက်တာ။ ခုတင်ပေါ်ရော ဘာတွေပေါ်ရော ကြိုးတုတ်ရိုက်တာ။ တစ်ခါတစ်လေမှ ထမင်းလာကျွေးတာ၊ အပေါက်ပိတ်သွားတယ်၊ ရိုက်တာတော့ သမီးကို အပြစ်မရှိလည်း ရိုက်တာပဲ၊ အပြစ်ရှိလည်း ရိုက်တာပဲ။ အမေဆိုလည်း သွားကျိုးအောင် ရိုက်တာ။ သွားတွေကို အကုန်ကျွတ်အောင် ရိုက်တာ။ အမေက သမီးမောင်လေး ငယ်ငယ်တုန်းက သေသွားတာ။ ဖားကန့်မှာ ဆုံးတာ။ အမေက ငှက်ဖျားမိပြီး မက်ကလောဝ် ဖောက်တယ်၊ သေသွားရော"

"အဖေကို ချစ်သလားဆိုတော့ ချစ်တယ်၊ အဖေ့ဆီကို တခါတလေလည်း ပြန်ချင်တယ်၊ တခါတလေကျတော့လည်း ပျော်တာပဲ၊ ဒါပေမဲ့ စိတ်ညစ်တာတွေလဲ ရှိတယ်။ အခုတော့ အိမ်ကို မပြန်ချင်ဘူးရယ်၊ အဖေကို သတိတော့ရတယ်၊ ပြန်ချင်တစ်လှည့်၊ မပြန်ချင်တလှည့် ဖြစ်နေတာ"

"အဖေကတော့ ကျောင်းမထားဘူး၊ စာတော့ နဲနဲပါးပါးတော့ တတ်တယ်။ ဖားကန့်မှာ သင်တာ၊ ယောဂီကြီးက သင်တာ၊ အလျှုခံ လိုက်ရာကနေလေ။ လိုက်တော့ မုန့်တစ်ခု၊ လက်ဖက်ရည်တခွက်တော့ ဝယ်ကျွေးတယ်၊ စာသင်ပေးတယ်၊ သမီးလေးလိုပဲ စောင့်ရှောက်တာ။ သမီးကို တစ်ချိန်ကျရင် ယောဂီဝတ်ပေးမယ်တဲ့။ အဖေက ပြန်ခေါ်တော့ကျတော့ သမီးက ငိုနေရတာ၊ စိတ်မကောင်းဘူး"

"မောင်လေးကျတော့ ဆောင်းမှာ မွေးတာ။ မောင်နှမကလေးယောက်၊ တစ်ယောက်က ဆုံးသွားတာ၊ စနေမ။ အဲ့ဒါ ပွဲသွားကြည့်တာ၊ အမေက သွေးနုနုနဲ့ သွားကြည့်တာ၊ ကလေးမလေးက အအေးပတ်ပြီး သေသွားတာ။ အစ်ကိုအကြီးဆုံးက အိမ်ထောင်ကျသွားပီ။ အကိုကြီးကတော့ ခေါ်တယ်၊ သမီးကိုက မနေချင်တော့ သွားမနေဖြစ်ဘူး"

"အလုပ်ကတော့ ဒီလိုပါပဲ၊ ခေါ်ရင် လိုက်သွားတာ။ လူများရင်တော့ မလိုက်ဘူး။ ဟိုလိုဆို ဒီလုပ်ငန်းကို သမီးလုပ်မစားဘူး။ စိတ်ကူးထဲမှာ ပိုက်ဆံမရှိတော့ လိုက်သွားတာ။ ဒီပြင်အလုပ်က လုပ်တယ်။ စျေးထဲ ရေခဲတို့၊ အမှိုက်ပစ်တို့။ ပုံမှန်မရှိဘူး၊ တစ်ထောင်ရလိုက်၊ နှစ်ထောင်ရလိုက်၊ တစ်ခါတစ်လေ နှစ်ထောင့်ငါးရာရတာ။ အဲ့ဒါဆို သုံးလောက်တယ်ဆိုပေမဲ့ လိုက်ဖြစ်တယ်ဆိုတာ စျေးမှာ မဆင်းလိုက်ရရင်လေ"

"အရင်က အိမ်ထောင်ကျဖူးတယ်၊ သမီးတို့ရပ်ကွက်ထဲက သီဟထွန်းတဲ့၊ သူနဲ့အိမ်ထောင်ကျတာ၊ ကလေးလေးတယောက်မွေးတာ၊ ယောကျ်ားလေးမွေးတာ။ အဲ့ယောကျ်ားလေးက ဆုံးသွားတာ။ ယောကျ်ားက မပေါင်းဘူး။ မပေါင်းတဲ့အခါကျတော့ လူကြီးအိမ် ရောက်တာ၊ တိုင်တော့ သူ့အစ်ကိုတွေက သဘော

မတူဘူး။ သမီးနဲ့ သဘောမတူဘူး၊ ဥက္ကဋ္ဌကမေးတော့ သူတို့အိမ်မှာတဲ့ အဲ့လို ကောင်လေး မရှိဘူးတဲ့။ သူက မုံရွာသား၊ မုံရွာကို ပြန်လွှတ်လိုက်တာ၊ မပေးစား ချင်လို့လေ"

"ကလေးက ညနေ စနေကြီးမွေးတာ။ တရက်က မိုးတွေကလည်း အုံ့နေတာ။ ကလေးကို ရေချိုးပေးပြီးတော့ နို့သွားတိုက်မယ်ဆိုတဲ့အခါကျတော့ ဒီကလေး အသံလည်းမကြားပါဘူးပေါ့၊ ချီလိုက်တော့ သေနေတာ ကလေးက၊ တောင့်နေတာ။ သမီးကလည်း အဲ့ကတည်းက စိတ်ညစ်နေတာ။ အိမ်ကအဖေက လည်း သမီးသာ မချစ်ဘူးတာ ပြောတာ၊ သူ့မြေးကိုတော့ ချစ်တယ်။ သေသွား တော့ သူက ငိုတာ။ သမီးလည်း ဘုန်းကြီးကျောင်း ဆွမ်းချိုင့်ပို့တယ်၊ သား အတွက်။ နို့ထမင်းလည်း ဝေပေးလိုက်တယ်၊ အရပ်ထဲ"

"လုပ်ငန်းလုပ်ချင်တယ်၊ လုပ်ငန်းလုပ်ပြီး အဖေ့ကိုတောင်းပန်ပြီး ပြန်နေ ချင်တယ်။ အဲ့လိုစိတ်ကူးနေတာ"

"အင်း လမ်းပေါ်ပဲ ဒို့နဲ့ နေပါဟာ၊ လမ်းပေါ်မှာတော့ နင့်ကို ရိုက်မယ့်သူ မရှိပါဘူး"

"အဲဒါလဲ ဟုတ်တယ်၊ ဒီမှာက တော်သေးတယ်"

"သမီးလည်း သူတို့လိုပဲ အိမ်မပြန်ဖြစ်တော့ဘူး"

"အိမ်နဲ့က လုံးဝအဆင်မပြေဘူး"

"အဖေနဲ့ ညီမလေးရဲ့အနေအထိုင်ကို မကြိုက်ဘူး၊ ပြောတော့ အဖေရော၊ အမေရော၊ ညီမလေးရော အားလုံးနဲ့ ရန်ဖြစ်ရတယ်"

"သမီးတို့က ဘူတာမှာ ထမင်းထုပ်တွေ ဘာတွေရောင်းတယ်။ အမေက ရောင်းနေရစ်တုန်း၊ သမီးက ပြန်လာတော့ အဖေနဲ့ ညီမလေးကို အနေအထိုင် မဟုတ်တာ တွေ့တယ်။ အဲဒါ သမီးလဲ ရန်ဖြစ်ပြီး ထွက်လာတာ"

"ဒီလိုပါပဲ စျေးကတော့ ရွှေဘိုဘူတာမှာလဲ ရောင်းဘူးတာပဲ။ သမီးအိမ်က ထွက်လာတုန်းက ရွှေဘိုဘူတာမှာ စျေးကူရောင်းရင်းနေတယ်။ အဲဒီမှာ အကိုလို

ခင်တဲ့ သူတွေလဲ ရှိတယ်။ ဟိုနေ့က လာခေါ်တဲ့သူတွေပေါ့။ နောက် မန္တလေးမှာ စားသောက်ဆိုင်၊ ဘီယာဆိုင်တွေမှာ နေဖူးတယ်။ လမ်းဘေးသားတွေနဲ့ကတော့ ဘူတာမှာလဲ တွေ့တာပဲ။ ခင်တာက စားသောက်ဆိုင်မှာလုပ်တုန်းကမှ ခင်တာ။ သူတို့ အဲဒီဆိုင်နားမှာ လာကြတယ်။ တခါတလေလဲ သူတို့နဲ့ လျှောက်လိုက်တယ်။ ပလုံးကောက်တော့ မဟုတ်ဘူး"

"အေးလေ နင်က ပလုံးကောက်စရာမှ မလိုတာ၊ နင့်ကို ကျွေးမယ့်သူတွေ အများကြီး၊ ဟုတ်တယ်မို့လား ဘီလူး"

"ငါကတော့ မကျွေးဘူး"

"နင့်လို အရက်သမားဆီကလဲ ဘာမှ စားရမှာမဟုတ်ဘူး"

"ကြည်ဖြူးဝေ၊ ဘီလူးက နင့်ကြောင့် အသဲကွဲပြီး အရက်သမားဖြစ်တာ ပါဟာ"

"သူ့ဘာသာ ငါနဲ့ မတွေ့ခင်ကထဲက သောက်နေတာ"

"ကဲ နင်တို့လင်မယားပြဿနာ ပေါင်ချိန်ရှင်းပေးမယ်၊ ခု ဘယ်သူပြောမလဲ"

"ငါကလဲ ဇွဲမင်းထိုက်လိုပဲ၊ ကျန်တဲ့ကောင်တွေနဲ့မတူဘူး။ ပထွေးနှိပ်စက်လို့ မဟုတ်ဘူး၊ အဖေအရင်း နှိပ်စက်လို့၊ လမ်းဘေးရောက်လာရတာ။ အမှန်ကတော့ လမ်းဘေးရောက်စရာ အကြောင်းကို မရှိဘူး။ ငါထွက်လာတော့ကို နွားတွေ အများကြီး။ အမွေမခွဲခင်ကဆိုရင် နွားအကောင်တရာလောက်ရှိသေးတာ"

"ငါ့ဘိုးတော်က ရွာသိပ်နေတာမဟုတ်တော့ ငါက အဘိုးတို့ အမေကြီး ဦးလေး အဒေါ်တွေနဲ့ နေတာ။ ဒါပေမဲ့ ငါလဲ ရွာမှာ မွေးတာမဟုတ်ဘူး၊ ဖားကန့်မှာ မွေးခဲ့တာ။ ဘိုးတော်က ငါ ငါးတန်းလောက်မှ အိမ်ပြန်ရောက်လာတာ။ ဘိုးတော် ထောင်ကလွတ်ပြီး အိမ်ပြန်လာတော့ ညီအစ်ကို မောင်နှမတွေက မေးကြတယ်။ ဘယ်လိုလဲ မင်းဦးစီးမှာလား။ ငါတို့ ဦးစီးရမှာလား။ ဘယ်လို လုပ်ရမလဲ မေးတယ်။ ဘိုးတော်က မင်းတို့ကောင်တွေ ပုံမှန်အတိုင်းသာ လုပ်ကြ

ပါ။ လုပ်ကြ။ အေးအေးဆေးဆေးလုပ်ကြလို့ ပြောပြီး တစ်ရက်တောင် မပြည့်သေးဘူးဗျ။ ဘယ်ကောင်က ဘယ်လိုလုပ်တာ။ ဟိုကောင်က ဘယ်လိုလုပ်တာ။ ဟိုကောင်မက ဘယ်လိုလုပ်တာ။ မောင်နှမတွေကို ဟိုလူအပြစ်ချ။ ဒီလူ အပြစ်ချ၊ ဘယ်ကောင် ဘာဖြစ်ချင်တာလဲကွနဲ့ အဲဒီမှာ ဦးလေးနဲ့ ရိုက်ကြနှက်ကြ။ တစ်နေ့ တစ်ခါပဲ။ ဦးလေးလဲ ထွက်သွား။ အိမ်က အိမ်ထောင်မကျသေးတဲ့သူ သုံးယောက် ရှိတာ။ တစ်ယောက်က ဦးသန်းဇင်။ တစ်ယောက်မှာ မချစ်တင်လို့ ခေါ်တယ်။ အငယ်ဆုံးက မျိုးမြင့်ထွန်း။ သူက အခြောက်လိုလို၊ ဦးသန်းဇင်ဆိုတဲ့ မျက်စိတစ်ဘက်ကန်းနဲ့ လူနဲ့ကလဲ ရန်ဖြစ်။ ရန်ဖြစ်တော့ အဲဒီလူကြီးလဲ ထွက်သွား။ တခါ မချစ်စိန်နဲ့ မြင့်မြင့်စိန်နဲ့ နှစ်ယောက်။ မချစ်စိန်ကလဲ ဟိုတုန်းက ဘိုးတော်ရိုက်ထားတာဆိုတော့ ရူးချင်ရူးကြောင်နဲ့။ အဲဒီတော့ သူမြင်ရင်ကို တုန်နေတော့တာပဲ။ အဲဒီ မချစ်စိန်ကလဲ ထွက်သွားရော။ နောက်ပိုင်း ဘယ်သူမှ မနေရဲတာနဲ့ ထွက်သွားကြတော့ မျိုးမြင့်ထွန်းနဲ့ ကျုပ်နဲ့ တူရီးနှစ်ယောက်ပဲ ကျန်ခဲ့တာ”

“သူက နောက်ဆုံးနှစ်ကျောင်းသားဆိုတော့ သူ့ကို ဘာမှတော့ မလုပ်သေးဘူး။ ထမင်းချက်၊ နွားကျောင်း၊ ဒါလောက်ပဲ သူ့ကို ထားတာ။ ဘိုးတော်ကတော့ စက်ဘီးတစ်စီးနဲ့ သွားနေတာပဲ။ ဘာတွေလုပ်သလဲဆိုတာ ငါလဲ မဖော်ပြတတ်ဘူး။ ညတိုင်ဆိုလဲ မအိပ်ဘူး။ ဘာတွေလုပ်နေမှန်း မသိဘူး။ ဖိနပ်ကြီးကို တဖုန်းဖုန်းနဲ့ လုပ်နေတာ။ သူ အဲ့လိုလုပ်နေရင် ဟော့ကောင်တွေဆိုရင် သူ့ရှေ့ရောက်ပြီးသား ဖြစ်နေရတယ်။ တန်းထ ပြေးရတာ။ ပြီးတော့ ဟော့ကောင်တွေ ဘာမှ မဟုတ်ဘူး။ သွားအိပ်ဆိုရင် ကျုပ်တို့က သွားအိပ်နေရတာ။ ကလေးပေါက်စလေးကတည်းက သူကခေါ်ရင် သူ့ရှေ့ရောက်ပြီးသား ဖြစ်နေရတယ်။ ကျန်တဲ့လူဆိုရင် ဘယ်လိုပဲပြောပြော ခပ်အေးအေးနဲ့ ခပ်ပျင်းပျင်းပဲ လုပ်နေတာ”

“ဘိုးတော်က ကျုပ်တို့ကို မယုံဘူး။ တစ်ရက်တော့ မျိုးမြင့်ထွန်းရဲ့သေတ္တာကို ဖွင့်ခိုင်းတာ။ သူ ဆယ်တန်းကျောင်းသားတုန်းက သူ့သူငယ်ချင်း လက်ဆောင်ပေးထားတဲ့ ဘုရားပုံလေး ပလပ်စတစ်လောင်းထားတဲ့ ဘုရားပုံလေး တွေ့တာ။ အော် မင်းတို့ကောင်တွေ ငါ့ကို ဒါနဲ့ စုန်းကိုင်တာ ဟုတ်သလားဆိုပြီး ကိန္နရီ

ကိန္ဓရာတစ်ပုံနဲ့ အဲ့ဒီဘုရားပုံကို ယူသွားပြီး မီးမွေး၊ အိုးကင်းတည်ပြီး အဲဒီအိုးကင်းနဲ့ လျော်တာ။ သူလုပ်တာ မကြည့်ရဲဘူး။ သူခိုင်းတာ လုပ်နေရတယ်။ နွားကျွေးဆိုရင် ကျွေးနေရတာ။ မင်းတို့က ငါ့ကို နောက်တစ်ခါ လုပ်ရဲ လုပ်ကြည့်။ ပြုရဲ ပြုကြည့် မကောင်းတဲ့ဟာနဲ့ လုပ်လို့ကတော့ အကုန်ဇက်ဖြတ်ပစ်မှာလို့ ကျုပ်တို့ နှစ်ယောက်ကို ပြောတာ"

"တစ်ရက်တော့ အိမ်ပေါ်က ဘုရားအိုးစင်ပေါ်က ဘုရားရုပ်က ငါ့ကြောင့် အောက်ကျသွားတာ။ ငါလဲ ဆင်းမကောက်လိုက်မိဘူး။ သူ့ကြောက်လို့။ တော်ပြီကွာ လောလောဆယ်တော့ ဆင်းမကောက်သေးဘူး။ မနက်ဖြန် သူ နေ့လယ်ခင်း အိပ်တဲ့အချိန်မှ ဆင်းကောက်တော့မယ်ဆိုပြီးတော့ ထားလိုက်တာ။ သူထွက်သွားတဲ့ အချိန်ရောက်တော့ ဒီဘုရားရုပ်ကိုကောက်ဖို့ သွားကြည့်တယ်။ အဲ့ဒီနေရာမှာ ဘုရားရုပ်က မရှိတော့ဘူး။ မျိုးမြင့်ထွန်း ကောက်ထားတာနေမှာ။ အစ်ကိုလေးကို သွားမေးကြည့်ဦးမှပဲဆိုပြီး သူသွားမေးကြည့်တယ်။ အစ်ကိုလေး၊ မင်း ဘုရားရုပ် ကောက်ထားတာလား၊ ငါ့ကြောင့်မို့ ကျသွားတာဆိုတော့ မကောက်ပါဘူးကွာတဲ့၊ ဘယ်လိုဖြစ်လို့လဲတဲ့။ ညတုန်းက ငါ့ကြောင့် အောက်ကျသွားတာကွ။ အဲဒါဆိုလဲ နေပါစေကွာတဲ့။ ငါးရက်လား ခြောက်ရက်လောက်လား ကြာတော့ အဲ့ဒီလူက ဘိုးတော်က နွားခြံထဲက နွားချေးတွေကို ပေါက်ပြားနဲ့ ကော်ကော်ပြီး ပစ်နေတာ။ အဲ့ဒီထဲကနေ ဘုရားရုပ်လေးကို တွေ့သွားတာ။ ဟော့ကောင်တွေ ဒီဘုရားရုပ်ကို ဘယ်က ရတာလဲတဲ့။ ဟာ မသိတတ်ဘူးလို့၊ အဲ့ဒီလို လိမ်ရင်း လိမ်ရင်းနဲ့ မင်းတို့ကောင်တွေ ငါ့ကို မှန်မှန်ပြောဆိုတော့ ဟုတ်တယ်၊ ဒီဘုရားရုပ်ကို ဘုရားစင်ပေါ်က တွေ့တာ။ ကျုပ်ကြောင့် ကျသွားတာ။ ပြန်ရှာတော့ မတွေ့လို့ဆိုတော့ မင်းတို့ကောင်တွေ ငါ့ကို စုန်းကိုက်တာဆိုပြီး ကြိုးတုပ်ပြီး ရိုက်တာ။ လေးနာရီထိုးလောက်က ရိုက်နေတာ။ ညနေ ရှစ်နာရီလောက်မှ သွားအိပ်တော့တဲ့။ မအေ့ိုးတွေ အကုန်သတ်ခံရတော့မယ်တဲ့။ နောက်ပြန်ကြိုးတုပ်ပြီး နွားစာစဉ်းလိုက်၊ ရိုက်လိုက်နဲ့ ကျုပ်တို့ကို။ ဟော့ကောင် မင်းမေးနေတာ မကြားဘူးလားဆိုပြီး ကွမ်းသွေးနဲ့ မျက်နှာကို ထွေးလိုက်။ လည်ပင်းပေါ် ဓားရစ်လို ရစ်။ ဒီလောက်

သေစေချင်နေရင်လဲဆိုပြီး သူ နွားစာစဉ်းနေတဲ့ ဓားအောက်က စဉ်းတီတုံး ရှိတယ်၊ အဲဒီပေါ် လည်ပင်းသွားတင်ပြီး ခင်များ သတ်မယ့်သတ်ရင် တစ်ခါပဲ သတ်၊ နှစ်ခါတော့ မသတ်နဲ့လို့ ပြောလိုက်တော့ သူက ငါ -ိုးမသား၊ မင်းက အတော်သေချင်နေတာလားဆိုပြီး ကန်လှမ့်ချလိုက်တယ်။ ပြီးတော့ သွားတဲ့ ရေချိုးပြီး အိပ်တော့တဲ့။ အဲ့နေ့ညတုန်းက ဒို့လဲ ရေကို မချိုးနိုင်တော့ဘူး။ ညောင်းကိုက်ပြစ်ခွဲနေတာနဲ့ဆိုတော့ ဒီအတိုင်းသွားပြီး အိပ်နေလိုက်တယ်။ ဒို့ ရေမချိုးဘဲ အိပ်နေတော့ အပြစ်ရှာပြန်ရော။ မင်းတို့ကောင်တွေ ရေချိုးအိပ်ခိုင်း တာကို ဘာလို့ မချိုးဘဲ အိပ်နေလဲဆိုပြီး နှိုးပြီး တစ်ခါရိုက်ပြန်ရော။ ဒို့က ရိုက်ခံရတဲ့အချိန်က များများ၊ အိပ်ရတဲ့အချိန်က နည်းနည်းဖြစ်သွားတာ။ မနက်လင်းပြီဆိုတော့လဲ အိပ်ရချိန်နည်းပေမယ့် ခါတိုင်းလဲ မအိပ်ရတဲ့အချိန်က များနေတော့ ကျင့်သားဖြစ်နေပြီ”

“သူက ဟေ့ကောင်တွေဆိုရင် ဒို့က တစ်ခါတည်းသွား။ နွားချေးတောင်းတို့ ဘာတို့ယူ။ ကျုံး။ ပြီးတော့ မျက်နှာသစ်။ အစ်ကိုလေးကလဲ ဆန်ဆေး။ ထမင်းအိုး တည်။ အဲ့ဒါလုပ်နေရတာ။ ကိုယ့်အလုပ်နဲ့ ကိုယ်။ အဲဒါကို လုပ်နေတာ နှေးလို့ ဆိုပြီး သူကလဲ ရိုက်လိုက်သေးတော့ ပိုဆိုးတာပေါ့။ နွားချေးကျုံးတောင်းကို တစ်လှမ်းချင်း သယ်နေတာဆိုပြီး တခါရိုက်ပြန်ရော။ နောက်က ဝါရင်းတုတ်နဲ့ လိုက်ရိုက်လို့ နွားပြေးသလို ပြေး။ နွားလိုပြေး နွားလိုလုပ်ရတာ။ မင်းတို့ကောင် တွေက ထောင်ထဲကလို ခိုင်းမှ။ စစ်တပ်လို ခိုင်းမှတဲ့၊ ပြောသေးတယ်။ မျိုးမြင့် ထွန်းက ရိုက်ပါများတော့ မနေရဲတော့ဘူး။ မဖြစ်တော့ဘူးကွ၊ ထွက်ပြေးရအောင် တဲ့။ မင်းက ဘယ်လိုလုပ်ပြေးမှာလဲလို့ပြောရင်း အကြံရသွားတယ်။ နေဦး ငါလုပ် ပေးမယ်ဆိုပြီး အိမ့်အနောက်ဘက်က ပြတင်းပေါက်ရှိတယ်။ အဲကနေ ဆင်းလိုက် တယ်။ အဲဒီမှာ လှေကားကြီး ထောင်ထားတာ ရှိတယ်။ ပြတင်းပေါက်နဲ့ ဝေးနေ တာပေါ့။ လှေကားနဲ့က ပြတင်းပေါက်နဲ့ လှေကားနဲ့ ကပ်ပေးလိုက်တယ်။ သူက မိန်းမလျှာနည်းနည်းဆန်တော့ လုပ်ပေးရတာပေါ့။ သူက မိန်းမလျှာလိုပဲ လက်လေးယမ်းလိုက်၊ ဖင်လေးယမ်းလိုက်၊ ခေါင်းလေးယမ်းလိုက် နေတာ။ အဲဒီ

လိုဆိုတော့ ငါက စီစဉ်ပေးပြီး ဆင်းခဲ့ဆိုတော့ သူကလဲ သူ့ပစ္စည်းကို အကုန်မယူရဲဘဲ ဆင်းပြီး လှေကားကို ဘေးကပ်ထောင်ထားလိုက်တယ်။ အဲဒီ အနောက် ဘက်အိမ်ကနေပြီးတော့ ထွက်ပြေးသွားတယ်။ ပြီးတော့ ငါက အိပ်ချင်ယောင် ဆောင်နေလိုက်တယ်။ ဟေ့ မင့်ကောင် ဘယ်သွားတာလဲတဲ့။ ကျနော်လဲ အိပ်နေတာ။ ဘယ်သိမှာလဲလို့ပြောတော့ မင်း အဲ့လောက် ညံ့ရလားဆိုပြီးတော့ ရိုက်ပြန်ရော။ ဒါ မင်းအကြံဆိုပြီးတော့ မင်းကြောင့်ပဲ နေမှာ။ ဒီကောင့်ကြောင့် မဖြစ်နိုင်ဘူး။ ရိုက်ရင်း နှက်ရင်းနဲ့ ဆင်းပြီး သွားရှာခိုင်း။ အဲ့ဒီနေ့ညတုန်းက ရွာထဲသန်းခေါင်လောက် ထွက်ရှာခိုင်းတာ။ ငါလဲ လမ်းထွက်ပြီး စဉ်းစားတာ။ ရွာထဲသန်းခေါင်လောက် ထွက်ရှာခိုင်းရမလား။ မရှာဘူးကွာဆိုပြီး ပြန်လာတာ။ ဟေ့ကောင်၊ မတွေ့ဘူးလားဆိုတော့ မတွေ့ဘူးတို့။ ကျုပ်တော့ ဒီတစ်ရပ်ကွက်လုံးလဲ နှံ့နေပြီ၊ ဘယ်လမ်းမှ မတွေ့ဘူးဆိုတော့ ဟေ့ကောင်၊ မင်းကို လမ်းမှာ ရှာခိုင်းတာလား။ ဘယ်နေရာ ရှာခိုင်းတာလဲ။ မင်း အဲ့လောက် ပိန်းရလားဆိုပြီး ရိုက်ပြန်ရော။ သူရှာရမယ့် စတိုင်က ဒေါ်ကြီးအိမ်တို့၊ လေးလေးအိမ်တို့ ပတ်ရှာခိုင်းတာ။ သူက မိုးလင်းတော့ အိမ်ပြန်ရောက်ပြီး နေပစေဦး၊ ငါအားတဲ့ တစ်နေ့နေ့မှ လိုက်သတ်လိုက်အုံးမယ်တဲ့"

"ငါလဲ တဖြေးဖြေးနဲ့ မနေရဲတော့ဘူး။ ထွက်ပြေးသွားတော့မယ်။ ဒီလောက် ရိုက်နေမှတော့ ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက် သွားလိုက်ဦးမယ်။ ငါ့ဘဝကံကြမ္မာ ဒီလောက်ဆိုးတာဆိုပြီး ထွက်သွားတာ။ ရွှေဘိုရောက်၊ လမ်းဘေးသားတွေနဲ့တွေ့ပြီး လမ်းဘေးမှာ ရက်နဲ့နဲကြာ။ နောက်တော့ သူတို့က ရွှေခြဆေ့ကို ခေါ်လာတာ။ မျိုးမြင့်ထွန်း စာပေးစာယူလာတက်တော့ သူနဲ့တွေ့ပြီး သူက လာခေါ်လို့ ရွာပြန်နေလိုက်သေးတယ်။ နောက်တစ်ခေါက်လဲ လမ်းဘေးရောက်သေးတယ်။ အဲဒီတစ်ခေါက်ကတော့ ရွှေဘိုတင် မကတော့ဘူး။ မန္တလေး၊ မြစ်ကြီးနား လှည့်သွားနေလိုက်တာပဲ။ ခိုးတော့ မစားပါဘူး။ ရေဘူး ကောက်တာ။ ကော်ရှူလိုက်၊ စားလိုက်သောက်လိုက်နဲ့ပေါ့"

"ဒို့အိမ်က ရွာလယ်ကောင်မှာ ဗဟိုဖြစ်နေတာ။ ဘေးပတ်ပတ်လည်အိ
နဲ့ ဒို့နဲ့က တစ်ယောက်မှ မတည့်ဘူး။ အရှေ့ဘက်က အိမ်ကတော့ ဘိုးတော်
အလွန်တဲ့တယ်။ ဟိုတုန်းက အဘိုးတို့နဲ့ မြေကိစ္စနဲ့ စကားများကြတာ။ အဲဒါ
စကားများကြတော့ တစ်ယောက်မှ မခေါ်ဘဲ နေကြတာ။ အဲဒီအိမ်က ဘိုးတော်
တော့ ရင်းရင်းနှီးနှီး။ သူက အဲဒီမှာတော့ အမေ၊ ညီ၊ အစ်ကို၊ မောင်
အဲသလို၊ အဲ့အိမ်ရောက်တော့ တယောလို မြောနေတာ။ အဲ့အိမ်က လူတွေဆို
-ဟာ ကိုခင်မောင်မြင့်ရ၊ မမာလာ ငါ့ညီ ဖိုးထူး။ သူတို့အိမ်နဲ့က အာ့လိုနေတာ
အာ့လူတွေက ဘာယူယူ၊ ခင်မောင်မြင့်ရေ ငါ့ ကြက်ကလေး လုပ်ပေးစမ်းပါက
ရော့ မင်းတစ်ကောင် ငါတစ်ကောင်၊ အာ့လိုမျိုး သူဟာက အခုမှ မဟုတ်
ဟိုး ငယ်ငယ်ကလေးဘဝထဲက ကြွက်ထိုးပေး၊ ဖားရိုက်ပေး၊ ငါးနှိုက်ပေး အ
အိမ်အတွက်ဆိုရင်။ သူ့အတွက်က အာ့ဒီအိမ်က အဖေ၊ အမေထက် ကော
တယ်။ အဖေ၊ အမေ ငါ့ကို ဒီလောက် မပြုစုခဲ့ဘူးလို့ပြောတယ်။ အဖေ အမေ
ကောင်းစေချင်လို့ ဆုံးမတယ်။ ဟဲ့ကောင် အဲ့ဒီကို မသွားနဲ့ဆိုရင် သွားတယ်
မလုပ်နဲ့ဆိုတဲ့ဟာကို လုပ်တယ်။ အဘိုးရှိတုန်းကဆိုလဲ သူ လုပ်ချင်ရာ လုပ်တာ
အိမ်မှာဆိုလည်း ဘာတွေလုပ်မှန်းကို မသိဘူး။ ဟိုနား တူးရှာလိုက်ပြန်၊ ဒီန
တူးရှာလိုက်ပြန်နဲ့။ ရွှေအိုး ရှာတာလိုလို ဘာလိုလိုနဲ့။ သိုက်တူးတာလိုလို လုပ်
တာတဲ့။ သူ့အတွက်က ဟိုဟာလေး တူးရှာလိုက်၊ ဒီဟာလေး တူးလိုက်နဲ့
လျှောက်ပတ်ရှာ တူးနေတာ။ ဖြုန်း သုံးနေတာ။ ဦးလေး မျက်စိတစ်ဘက်လ
သူက မကျေနပ်တော့ ဒါဟာ သူတင်ဆိုင်တာ မဟုတ်ဘူး။ ဒို့မောင်နှမ
အားလုံး ပိုင်ဆိုင်တာဆိုပြီး သူက လက်ထဲ ၂ သိန်း၊ ၃ သိန်းလောက် ယူသွား
ရှေးဩိုမှာ သွားတိုင်တယ်။ ရှေးဩိုးက လုပ်ပေးတယ်"

"သူ့ကို ရုံးချိန်းဆို ခေါ်လိုက်တယ်။ ရုံးချိန်းခေါ်တဲ့ စာကြီးနဲ့ သူ့ဆီ
ရောက်လာတယ်။ အာ့ဒါနဲ့ မသွားဘူးကွာ။ ဘာဖြစ်သေးလဲဆိုပြီး ငါးခေါ်
ခေါ်လဲ မသွား။ ခြောက်ခေါက်ခေါ်လည်း မသွား။ ရုံးချိန်းခေါ်တာကို မလာ
မလားဆို လာဖမ်းတော့ သူက ဓားမတစ်ဘက်နဲ့ ခဲတစ်ဘက်နဲ့ ဟော့ကောင်

မင်းတို့ကောင်တွေ ဘယ်ကောင်တွေ ဘာဖြစ်ချင်တာလဲ။ ကြိုက်တဲ့ကောင် လာခဲ့ကွာဆိုပြီး နွားပေါ်တက် စိန်ခေါ်လို့ အာ့လူတွေက သေနတ်တွေနဲ့ ချိန်ထားတော့ ဆင်းပြေးသွားတယ်။ ပြီးတော့ လူက ပျောက်သွားတာတဲ့။ တောထဲမှာ ရဲတွေကို မဲ နေတာလို့ ပြောတာပဲ။ အာ့နေ့က အာ့ဒီဘက်နယ်သား သာဝတ္ထိသားတွေ ပြောတာတော့ မင်းအဖေကို လိုက်ရှာကြတာ ရဲတွေကို အယောက် ၂၀၊ ၃၀ လောက် ရှိတယ်။ ကိုင်းတောကြီး ပတ်ပြီးရှာကြတာ။ အာ့ဒါကို မတွေ့ဘူး။ နောက်တော့ ရဲတွေက ရွာကနေ သွားစောင့်နေတာ သူကလည်း ရွာဘက်ကို တက်လာတာ။ ရဲတွေကလည်း ပုန်းအောင်မနေဘဲ အိမ်ထဲကို ပြောင်းနေလိုက်တဲ့ အချိန်မှာ သူက မြင်သွားတာ။ မြင်သွားတော့ အိမ်ကို ကျော်သွားပြီး၊ တန်းပြီးတော့ ပြေးရော။ ပြေးရင်း ပြေးရင်းနဲ့ ထန်းကုန်းဘက်က လယ်တွေ လယ်ကြို လယ်ကြားတွေမှာ သူတို့ ပြောတာကတော့ စပါးတွေတော့ တအားကို ဟာသွားတာတဲ့။ အဲ့ဒီ လယ်ကြားတွေလဲ တလမွတ် ကြေ ကြေလို့တဲ့။ လျှောက်ပြေးရင်း ပြေးရင်းနဲ့ နောက်ပိုင်း ရဲစခန်းက မိမလို ဖြစ်သွားတာ။ သေနတ်တွေ အများကြီးနဲ့ သူဝပ်နေတဲ့ ခုံပုတ်ကြား ချိန်ထားတာ။ နောက်တော့ ခုံပုတ်ကြားကနေ တိတ်တိတ်လေး ထွက်သွားပြီး လွတ်သွားရာကနေ မိုးကောင်းဘက်ကို ထွက်သွားတာ။ အာ့ဒီကနေ ဖားကန့်။ နောက်ပိုင်းကြတော့ ကျောက်တွေ ဘာတွေ ရလာတာ။ သူပြောတာကတော့ သူဟာနဲ့သူ တူး။ တဖြည်းဖြည်းနဲ့ လောပန်းကြီးကို ဖြစ်လာတာ။ ကျွန်တော်တို့ ရွာမှာလဲ ဟာ ဟော့ကောင် မင်းအဖေက လောပန်းကြီး ဖြစ်နေတာတဲ့။ ခမျာတို့ ပြောချင်ရာ ပြော။ ကျူပ်ရှေ့တော့ လာမပြောနဲ့။ ဘယ်လောက်ပဲ ချမ်းသာနေနေ ကျူပ်ရေဘူးကောက်ရင်း စားရတဲ့ လမ်းဘေးက ထမင်းတစ်လုပ်လောက် အရသာ မရှိဘူး၊ သူကျွေးမယ့် ထမင်းတစ်လုပ်ကလို့ ငါက အာ့လိုမျိုးပြောလိုက်တော့ ဟာ ကိုယ့်အဖေကိုစော်ကားတာပဲကွ။ ကိုယ့်အဖေ ချမ်းသာတာက မင်းအပိုင်ရတာပဲ။ ဖားကန့်လိုက်သွားပြီး မင်းအဖေနဲ့ နေပြုပြီး အလုပ်လုပ်ပေါ့တဲ့။ ရွာသားတွေက ပြောတာ။ ဟော့ကောင်တွေ မင်းတို့ကောင်တွေ မသေချင်ရင် နောက်တစ်ခါ ဒီစကား မပြောကြနဲ့ကွာ။ ငါ့ရဲ့ဘဝမှာ ငါ့ရင်ခွင်

ကို ဓားနဲ့ခွဲခံရရင် ခွဲပါစေ။ ငါကတော့ သူနဲ့ လိုက်မနေနိုင်ဘူးလို့ ပြန်ပြောလိုက်
တယ်”

“ရွာမှာ အေးအေးဆေးဆေး ပြန်နေပြုပြီးတော့ ဦးလေးတွေနဲ့ လုပ်ကိုင်
စားနေတာ။ နွားကျောင်းပေါ့။ နွားက အကောင် ၁၀၀ ကျော်တယ်။ ဦးလေးတို့ကို
ဆိုင်ကယ် ဝယ်ခိုင်းတာ။ ဝယ်မပေးတာနဲ့ ဝယ်မပေးရင်တော့ ရွှေတောကိုသွား
မယ်ဆိုပြီး ရွာကနေ ထပ်ထွက်လာတာ။ မျိုးမြင့်ထွန်း ဖားကန်ကိုသွားတော့
ဘိုးတော်နဲ့တွေ့ပြီး ကျုပ် ရွှေတောရောက်နေမှန်းသိပြီး ဘိုးတော် လိုက်လာတယ်။
အမေကြီးဘက်က အဘိုးလေးတစ်ယောက် ပါလာတယ်။ ဆိုင်ကယ်နဲ့ ဆင်းလာ
ကြတာ။ အဘိုးလေးက ၆၀၊ ၇၀ နီးပါးရှိတဲ့ အဘိုးကြီး။ ခမျာက လုပ်ရက်တာဗျာ
လို့ ပြောတော့ ဟာ ငါ့မြေးရာ မဟုတ်ပါဘူးကွာ၊ ဘိုးလေးကိုယ်တိုင်က လိုက်လာနဲ့
တာ။ ပထမ ကျွန်တော်က သူ့ကိုမြင်တော့ ပြေးတော့မလို့။ သူနဲ့တော့ ရင်ဆိုင်
စကားမပြောတော့ဘူး။ သူ့လက်ကလွတ်အောင် ပြေးမလို့ ဘိုးလေး ပါလာလို့
ဘိုးလေးက ငါ့မြေး လာ လာတဲ့။ ဘယ့်နှယ့်မှ မလုပ်ဘူးတဲ့။ လက်ဖျားနဲ့တောင်
မထိပါဘူးကွ။ အဘိုးလေးဆီရောက်ရင် အဘိုးလေးရှေ့ဆို ဘယ်ထိမှာလဲ။
အဘိုးလေးကွယ်ရာဆို ထိနေတာပဲဆိုတော့ သူကလည်း အဘိုးလေးကွယ်ရာဆို
လည်း မထိဘူးကွာ။ အဘိုးလေးရှေ့ဆိုလဲ မထိဘူး။ အာ့ဒါဆိုလဲ ကောင်းပြီ။
ကျုပ်လိုက်ခဲ့မယ်ဆိုတော့ အေး မင်းဒီလောက် တောင့်တနေတဲ့ အမေလည်း
ရှာပေးမယ်။ သေသွားရင်တော့ မင်းရဲ့ ကံပေါ့ကွာ။ ရှင်သေးရင်တော့ ငါ မတွေ့
တွေ့အောင် မြေလှန်ရှာရပါစေ။ လိုက်ရှာပေးမယ်တဲ့”

“ဒါနဲ့ ပြန်လိုက်လာတာ။ မအေ့ရွာရောက်တော့ ဟိုမှာ အမေနဲ့ မောင်နှမ
တွေ ရှိတယ်။ ကျုပ်ရဲ့ ဦးလေး ဦးကြီးတွေပေါ့။ မန္တလေးဟိုဘက် ချောက်
ဆိပ်ဖြူ။ ဆုံကုန်း ကျုပ် အာ့လောက်သိတာပါ။ အမေ့ရွာအကြောင်း ကောင်းကောင်း
မသိဘူး။ အာ့ဒီဘက်သွားရင်ကတော့ ရောက်အောင်သွားနိုင်တယ်။ ဒါပေမဲ့
စမ်းတမ်းစမ်းတမ်းတော့ သွားရမှာ။ ဒီလမ်းကနေ ဒီလိုသွားရတာတော့ မှတ်မိ
တယ်။ အဲဒီရွာရောက်တော့ ဦးလေး ဦးဇင်းနဲ့တွေ့တယ်။ အယ် ဒကာကြီးတို့က

ကွဲကွာခဲ့ပြီးတာ ၁၄- ၅ နှစ် ရှိသွားပြီဆိုတော့ ပြန်ဆုံချင်သေးတော့ ကိုယ်တော်တို့က ဘယ်လို လုပ်ပေးရမလဲ။ အခု သူက ရွာမှာမနေဘူးတဲ့။ ကလေးပေါက်စအတွက်ပါ ဘုရား၊ ဒီကလေးပေါက်စအတွက် တွေ့ချင်တာ၊ တပည့်တော်က မတွေ့ချင်ဘူး ဘုရားဆိုတော့ ကောင်းပြီလေတဲ့။ ငါကလဲ အဲ့ဒါဆိုရင် ခမျာက မတွေ့ချင်ရင် တော်ပြီတို့။ ကျုပ်က ခင်မျာနဲ့ မလိုက်ချင်တော့ဘူး။ ကျုပ်ဦးလေးတို့နဲ့ပဲ နေခဲ့တော့မယ်လို့ ထ ပြောလိုက်တာ။ သူက ပြောတယ်။ ဟေ့ကောင် မင်းဦးလေးတွေနဲ့ နေရစ်ရအောင် ငါက မင်းကို ကျွေးမွေးမထားနိုင်ဘဲ မင်းက ဘုန်းကြီးကျောင်း ကပ်နေရလို့လားဆိုတော့ ဟုတ်တယ်ဗျာလို့ ထ ပြောလိုက်ကာ ရှိသေး ဘိုးတော်က ပါးတယ်။ သူ သိပ်နားမလည်လို့ပါတဲ့။ ငါက မဟုတ်ပါဘူး၊ ခမျာက ကျုပ်အမေကို ရှာပေးမယ်။ မြေလှန်ရှာပေးမယ်နဲ့။ ခု လိပ်စာရပီပဲ။ သွားရှာပေးပါလားလို့ ပြန်ပြောတော့ ဦးလေးက ဟာ ငါ့တူ။ မင်းဒီနေရင်တော့ ကောင်းတာပေါ့ကွာ။ နေခဲ့လိုက်တော့တဲ့။ အဲ ဒကာလေး အခုပဲ ပြန်လိုက်တော့ ဆိုပြီး ဘိုးတော်ကို ပြန်ခိုင်းလိုက်တော့ ကျွန်တော်မေ့နေတဲ့ ကိစ္စတစ်ခုကို သူက ထပြောလိုက်တယ်။ မင်းရမယ့်အမွေ မင်းမယူတော့ဘူးလား။ မယူတော့ရင် ငါ ရွာကို ပြန်ချင်ပြန်မယ်။ မပြန်ချင်လဲ မပြန်တော့ဘူး။ ငါလုပ်ချင်တာ လုပ်လိုက်တော့မယ့်တဲ့။ သူလုပ်ချင်တာ လုပ်မယ်ဆိုတော့ သူက မလွယ်ဘူးလေ။ သူက လျှောက်လုပ်လိုက်ရင် ဟာ မဖြစ်သေးဘူးဆိုပြီး ကျွန်တော်က ပြန်လိုက်လာခဲ့တာ။ အဲဒီမှာ ကျွန်တော့်အမွေလိပ်စာ မယူခဲ့ရဘူး။ နောက်မှ ကြည့်လုပ်မယ်ဆိုပြီးတော့။ သူ့ကိုလဲ ကြောက်လို့။ သူ့ကိုလဲ အမေနဲ့ မတွေ့စေချင်ဘူး။ အဲဒီမှာ ပြန်လိုက်မယ်ဆို လိုက်သွားတော့ ကြိုက်တဲ့အချိန် ပြန်လို့ရလားလို့ ကျုပ်က ပြောတော့ ဟေ့ကောင်၊ မင်းဦးလေးဆိုတာ သူကလေးပေါက်စတုန်းက ငါကျွေးခဲ့ ထမင်းစားပြီး ကြီးပြင်းလာခဲ့တာ။ သက်နှံးကလဲ ငါဝတ်ပေးလာတာကွ။ မင်းက ဘာသွားမျှော်မှန်းပြီးတော့ အဲဒီမှာနေဖို့ ပြောရတာလဲတဲ့"

"ငါကလဲ သူနဲ့ မလိုက်ချင်လို့ လျှောက်ပြီးပြောလိုက်တာ။ သူလက် လွတ်သွားတယ်ဆိုရင် နေရာတစ်ခုရှာပြီးတော့ ဘဝတစ်ခုတည်ထောင်ဖို့ရာ မခဲယဉ်း

တော့ဘူးလို့ တွက်ထားတာ။ ကလေးပေါက်စလေးထဲက သူ့ကို ကူညီလုပ်ခဲ့တာ။ အဲဒီလို သူနဲ့နေခဲ့တော့ ကိုယ်က အဖေလို ဆက်ဆံခဲ့တာ။ သူကကျ ဆက်ဆံပုံက ရန်သူတစ်ယောက်ထက် ဆိုးဝါးတယ်။ ဒါပေမဲ့ ကိုယ်က အဲဒါတွေကို မကြည့်ဘူး။ သားသမီးဟာ သားသမီးပဲ။ ကိုယ့်အပေါ် ကောင်းကျိုးပေးခဲ့တာဆိုလို့ တစ်ခုရာမှ မရှိခဲ့ဘူး။ ဟိုမှာ ညီမတစ်ယောက်ရှိတယ်။ တွေ့ခဲ့ရတယ်။ အဲ့ဒီညီမက ဦးကြီး၊ ဦးလေးတွေနဲ့ နေနိုင်သေးတယ်။ ဒေါ်ကြီး ဒေါ်လေးတွေနဲ့လဲ နေနိုင်သေးတယ်။ ညီမနဲ့က စကားမပြောခဲ့ရဘူး။ သူကလဲ သူ့ဦးလေးတွေနဲ့ရှိတော့ ဘာမှ မပြောဘူး။ တွေ့ရုံပဲ။ မောင်နှမဆိုတာတော့ သိရတယ်။ ဦးလေး ဦးဇင်းတွေက ပြောပြ၊ ရှင်းပြလို့ မောင်နှမဆိုတာတော့ သိလိုက်ကြတယ်။ အမေရဲ့ အမေ ကွဲတုန်းက သူက ကိုယ်ဝန်နဲ့ရှိသေးတာ။ ဘိုးတော်ကိုတော့ သူကလဲ အဖေလို့ သဘောထားပုံ မရဘူး။ ဘိုးတော်ကလဲ တွေ့ကတည်းက ဖအေရဲ့ မခေါ်ချင် မခေါ်ပါနဲ့တဲ့။ ငါက နောက်က ထပြီးတော့ -ခမျာကို ညီမက ဘယ်ရလုပ် အဖေခေါ်မလဲလို့။ ကျုပ်ကတောင် မခေါ်နိုင်ဘူးဗျာလို့ပြောပြီး သူကို သက်သက်မဲ့ အရှက်ခွဲလိုက်တာ။ ငါကလဲ အဖေခေါ်တာ မဟုတ်ဘူး။ သူ့ကို တော့ အဖေ ဘာညာနဲ့ပြောတာ၊ သူစိတ်ကျေနပ်အောင်လို့။ သူကလဲ ပြောတယ် မင်းက ငါ့ကို ဖအေလို့ အရာမသွင်းဘူးကွာတဲ့။ မင်းခေါ်တဲ့ ပုံစံထဲမှာ မစဉ်းစား ငါ့ကို ဖအေလို့ခေါ်နေတာ မင်းစိတ်ထဲမှာ သေသေချာချာ ခေါ်နေတာနဲ့ မတူဘူးတဲ့"

"ငါက ငါ့စိတ်ထဲ စဉ်းစားနေတဲ့အကြောင်းအရာတွေကို သူက ဘယ်လိုသိနေရတာလဲလို့ တွေးနေတာ။ ငါက သူနဲ့နေဖို့ရာ ကြံကို မကြံဘူး။ အဲလမ်းလဲ တစ်လမ်းလုံး ငါ ဘယ်နေ့ ဘယ်သွား၊ ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားနေတာ။ ရွာပြန်ရောက်တော့ အမွေခွဲကြ ပြုကြ ဦးကြီး၊ ဦးလေးတွေရေ အကုန်ခေါ်။ ဒါ ကိုယ့်ဦးကြီး ဦးလေးတွေနဲ့ အေးအေးဆေးဆေး အမွေခွဲမယ် ဆိုတော့ သူက ပြောတာ။ အမွေခွဲတာတော့ ဟုတ်ပါပြီ၊ ခွဲကြပေါ့တဲ့။ သူဘက်က အေးအေးဆေးဆေးပဲ ဘာမှ မပြောဘူးဆိုပြီး ဘိုးတော်က နောက်ဆုံးတော့

ထပြီး ကိုးရို့ကားရားလုပ်တယ်။ ဟာလို့ ခင်များ ဘယ်လိုဖြစ်တာလဲလို့ မေးတော့ ဘယ်လိုဖြစ်ရမလဲကွတဲ့၊ မင်းဦးလေးက ဓားနဲ့ ခုတ်လို့ကွတဲ့။ ခပ်စောစောက သူတို့နှစ်ယောက်က မူးချောင်းဘက်ထွက်ပြီး အိမ်နဲ့ မူးချောင်းနဲ့က မဝေးဘူး။ ဝါးသုံးရိုက်လောက်ပဲ ဝေးတာ။ အဲဒီဘက်မှာ ရန်ဖြစ်ကြတာ။ ဓားတွေ ဒုတ်တွေနဲ့။ အဲဒီက ရန်ဖြစ်တာနဲ့ရောပြီး အိမ်ပေါ်မှာ ကိုးရို့ကားယားလုပ်တာ။ ဒါနဲ့ ငါက အိမ်ပေါ်က ဓားရှည်တစ်လက် ဆွဲထုတ်ပြီးတော့ ရော့ ခများ ခများတို့ ကြိုက်သလို လုပ်ကြ၊ ခင်များတို့ ဒီတစ်ခါ ကိုးရို့ကားရာဖြစ်လို့ မောင်နှမတွေ ကွဲပြားသွားရင် ကျုပ်အဆိုး မဆိုနဲ့ဆိုတော့ မင်းက ဘာဖြစ်ချင်တာလဲတဲ့။ ဘာဖြစ်ချင်တာလဲ သိချင်ရင် စမ်းကြည့်လိုက်လေ၊ ဟောဒီမယ် ဓာတ်ဆီတစ်ပုလင်း ဝယ်ထားတာ။ ဟောဒီမယ် မီးခြစ်၊ ဟောဒီနားလေးကို လောင်းဖြတ်ပြီး မီးရှို့ဖြတ်ပစ်လိုက်မယ်။ ခင်များတို့အိမ်ပါ မီးနဲ့ရှို့ပစ်လိုက်မယ်လို့ ငါက အဲလိုမျိုးပြောလိုက်တာ။ ခများ တိတ်တိတ်နေ၊ ဒီကနေ့မနက် ခွဲတာကို ကျုပ် အားလုံးစီစဉ်မယ်။ တစ်ယောက်မှ စကားမပေါနဲ့ဆိုတော့ ဦးကြီးတွေက လုပ်ကွာ၊ မင်းကြိုက်သလိုတဲ့။ ဒီကောင် ဒါယူ ဒါယူဆို ခွဲပေးလိုက်တာ။ ခများ ဘာလုပ်မလဲ၊ ခများ ကျုပ်ကို တစ်ခွန်းသာ ပြော ဒီမှာ နေမှာလား။ ဦးလေးဆီ ရွှေတောလိုက်မှာလား။ ဖားကန့် ပြန်မှာလား။ ဒီသုံးခုရှိတယ်။ နောက်တော့ မင်းကို ငါဒီရွာမှာ ထားခဲ့မယ်။ ပြီးရင် ဖားကန့်ကို ပြန်မယ်တဲ့"

"သူမှာက လောလောဆယ် မှတ်ပုံတင် မရှိဘူး။ သူက အရင်တုန်းက မှတ်ပုံတင် ရိုက်ထားတာ။ မှတ်ပုံတင်လဲ ရိုက်ပြီးရော သူ အိမ်ကထွက်သွားတာ။ ထွက်သွားတော့ နွားခိုးမှုနဲ့ ကန့်ဘလူရုံးက သိမ်းထားတဲ့မှတ်ပုံတင် ပြန်မပေး သေးတော့ မှတ်ပုံတင် ပြန်ရိုက်ထားတာ။ မှတ်ပုံတင်ရရင် ငါ ဖားကန့်ကို သွားမှာ ကွတဲ့"

"အမွေကတော့ အိမ်ထောင်မကျသေးတဲ့ မရွှေဇင်ကို အိမ်ပေးလိုက်တော့ အငယ်ဆုံးလူ မျိုးမြင့်ထွန်းနဲ့ အကြီးလူနဲ့က အဲဒီအိမ်မှာ လိုက်ကပ်နေကြတာ။ ဟိုဒေါ်ကြီးတစ်ယောက်ကတော့ အမွေခွဲပေးပြီးတော့ တစ်ခါတည်း အကုန်

ရောင်းပစ်လိုက်တာ။ စိတ်မနှံ့တဲ့ အဒေါ်ကြီးဟာတွေကိုတော့ သူနေတဲ့အိမ်က
ဦးလေးတွေက ထိန်းသိမ်းပေးထားတာ။ သူကလဲ နဂိုက အကောင်း၊ ဘိုးတော်
ရိုက်လို့ ဖြစ်သွားတာ။ အမြဲတော့ မဟုတ်ဘူး။ တခါတခါ ကြောင်သွားတာ။
ကြောက်လဲ ကြောက်တယ်။ ဘိုးတော်ကိုမြင်ရရင် ကြိုးနဲ့ကို တုပ်ထားရတာ။
သူ့မြင်ရင်ကို ပြာနေတော့တာ။ တအားကြောက်တာ သူ့မြင်ရင်။ ကျုပ်လဲ ဘိုးတော်
လာရင် စိတ်က သူ လာနေပြီဆိုရင် ဘယ်လိုဖြစ်ပြီးတော့ ဖြစ်သွားမှန်း မသိဘူး။
တစ်ခါတစ်လေ အသားတွေ တဆတ်ဆတ်တုန်နေတာ။ သူလာနေရင် ကျုပ်
ဦးနှောက်ထဲမှာ သူ့အကြောင်းကို တွေးနေတာ။ သူ့အကြောင်းကလွဲပြီး ဒီပြင်ဟာ
တွေကို တွေးလို့လဲ မရဘူး။ ကျုပ်စိတ်ထဲမှာ သူက မကောင်းတဲ့လိုင်းတွေဘက်
လိုက်နေတော့ မကောင်းတဲ့ပညာတွေနဲ့ ကျုပ်ဆီကို ရှေ့ကနေ လွှတ်လိုက်တယ်
လို့ ထင်နေတာ။ သူ တစ်ခုခုလုပ်ရင် ကျုပ် အိပ်မက်ခဏခဏ မက်တယ်။ သူမလာ
ခင်တုန်းက အိပ်မက်မက်တယ်။ မနက်ခင်းကျတော့ သူက အဟုတ်ရောက်လာ
တယ်။ အိပ်မက်မက်ပြီး လန့်နိုးတော့ စဉ်းစားထားတာ၊ မနက်ခင်းရောက်ရင်
ထွက်သွားရင် ကောင်းမလားလို့။ ဘာဖြစ်ဖြစ် မလာခင်မှာ ငါ ရှောင်ထွက်သွား
တာ ကောင်းတယ်။ ဟာ. . လာမှ လာတဲ့အတိုင်းပေါ့ဆိုပြီး နေလိုက်ရတာ။
အခုလဲ အဲ့လို ကြောက်တာမျိုးက ဖြစ်နေတာပဲ"

"ခေါင်းမှာ ပေါက်နေတဲ့ ဒဏ်ရာတွေက သူဝါးရင်းတုတ်နဲ့ ဆော်ထားတာ
ချည်းပဲ။ ကျုပ်ဒူးခေါင်းတွေမှာ အစင်းတွေ အရာတွေ ရှိသေးတယ်။ အဲ့ဒါတွေ
ကလေးပေါက်စကလေးက ရိုက်ခံရတာတွေ။ အဲဒီတုန်းကဆိုရင် ခြေသလုံးမှာ
လောက်တွေကျတာ။ ဆေးလဲ မကုရ၊ ပြီးတော့ နောက်ချေးကျုံးတော့ အ
နောက်ချေးနဲ့ပဲ လူးလိမ့်နေရတာ။ အဲဒါကြောင့် အနာတွေက လောက်တွေ
ကျတုန်တာ။ နွားကောင်ရေကများ၊ တစ်ယောက်တည်း ဖြစ်တဲ့အပြင် ကလေး
ပေါက်စ ခပ်ငယ်ငယ်ဆိုတော့ မနိုင်ဘူး။ နောက်ပိုင်းရောက်တော့ နောက်ချေ
တောင်းနဲ့တင် မဟုတ်တော့ပဲ ထန်းခေါက်တောင်း ချပေးတယ်။ အဘိုးမရှိတော့
သူခိုင်းသမျှ လုပ်ရတာပဲ။ သူက အဘိုးရှိနေတဲ့အချိန်ဆို မလာရဲဘူး။ အဘိုးကို
ကြောက်လို့။ အဘိုးမရှိတော့တဲ့နောက်ပိုင်း သူပြန်လာတာ"

"ဘိုးတော်က အရက်လဲ မသောက်ဘူး။ အလွတ်ဆိုးတာ။ အရက်သောက်တယ်ဆိုလို့ သူပြောခဲ့ဖူးတာ ၉၆ ခုလောက်ကတည်းက သူ မသောက်ခဲ့ဘူးလို့ ပြောတာ။ မင်းအမေတောင် ငါ အရက်သောက်တာကို မတွေ့ဖူးဘူးတဲ့။ ကျုပ် တစ်ချက် ပြန်စဉ်းစားကြည့်တော့ ဖားကန့်ဘက်မှာ နေတုန်းက ဖိုးတွေ ဘာတွေ ရှူသေးတယ်။ အဲဒါ ကြောင်ပြီးတော့ နေသေးတယ်။ မအေနဲ့ ကွဲရတာကလဲ ကျုပ်တို့ကို ရိုက်ရင်းနဲ့ ကွဲသွားတာ။ ရွာက သူများတွေနဲ့လဲ ရန်မဖြစ်ဘူး။ ရွာမှာ သူများနဲ့ တစ်ခွန်းမှ မပြောရဘူး။ ညီအစ်ကို မောင်နှမတွေနဲ့ပဲ ပြောရတာ။ ဖိုပြင် လူတွေနဲ့ဆိုရင်လဲ တယောလို ချောနေတာပဲ။ ဘုန်းကြီးကိုတွေ့ရင် ဘုရားဘုရားနဲ့။ လူနဲ့တွေ့ရင် ဟာ ဆရာ ဒါမျိုးပြောတာ။ ညီအစ်ကို မောင်နှမဆိုရင် သူ့ကို အကုန်ကြောက်တယ်။ သူငယ်ငယ်တုန်းက ကျောင်းကတော့ သူငယ်တန်း တစ်နှစ်။ တစ်တန်း နှစ်နှစ်၊ နှစ်တန်း နှစ်နှစ်။ သုံးတန်း နှစ်နှစ်၊ လေးတန်း နှစ်နှစ်၊ ခြောက်တန်း နှစ်နှစ် တဲ့။ အဘိုးပြောပြတာပဲ။ သူက လေးတန်းထိ ရွာကျောင်းမှာ နေတာ။ ငါးတန်း ခြောက်တန်းရောက်တော့ ကာဘိုးမှာ တက်ရတာ။ ကာဘိုးကို မြင်းစီးပြီး တက်တာတဲ့။ သူလုပ်ချင်တာလုပ်၊ ခိုးချင်တာ ခိုး။ ဖွက်ချင်တာ ဖွက်၊ သွားချင်တာ သွား။ နေချင်သလို နေတာ။ သူနဲ့ ကျောင်းအတူတက်သူက ခြေလျင်သွားရတယ်။ အဲဒီ ခြေလျင်သွားတဲ့လူက အရင်ရောက်တယ်။ အရင်ပြန်လာတယ်။ မြင်းနဲ့သွားတဲ့လူက ကျောင်းကိုလဲ နောက်မှ ရောက်တယ်။ အိမ်ကိုလဲ နောက်မှ ရောက်တယ်"

"အမွေခွဲပြီးနောက် သူမှာပဲ မှတ်ပုံတင် မရသေးတော့ ကျုပ်က သူနဲ့ ဖိုးတူပေါင်ဘက် နေနေရတာ။ ကျုပ်တို့အတွက် နွားအကောင် နှစ်ဆယ်ရတယ်။ နှစ်ကောင်ရောင်းပြီး အိမ်ဆောက်တာ။ အတူနေခဲ့ရှိန်မှာ သူကတော့ ဘာတွေလုပ်လဲဆိုတော့ ခုံရှည်ပေါ်မှာ ထိုင်နေတာပဲ။ မင်း ဘာလုပ်၊ ငါ ဘာလုပ်မရှိဘူး။ သူက ဘာလုပ်ခိုင်းလဲဆိုတော့ မနက်လင်း မျက်နှာသစ်ပြီး စားစရာရှိတာ စားသောက်၊ နွားချေးကျုံး၊ ပြီးရင် သွား မင်း ဟိုဟာလုပ် ခိုင်းတာပဲ။ ကျုပ် မြက်ရိတ်တယ်။ တစ်ရက်ကို ၃ ထုံး ရတာ။ ၃ ထုံးကနေ၊ ၄ ထုံးဖြစ်အောင်

မရိတ်နိုင်ဘူး။ ၄ ထုံးကနေ၊ ၅ ထုံးဖြစ်အောင် မရိတ်နိုင်ဘူး ပြောတယ်။ မြက်ရိတ်ပြီးတော့ အိမ်မှာ ထမင်းချက်ရတယ်။ နွားချေးကျိုးပြီး မြက်နုတ်ဆို နုတ်ရသေးတယ်။ ငါက သူ့အလုပ်လေးနဲ့ သူ မျှတအောင် နည်းနည်းစီ၊ နည်းနည်းစီ ဖြစ်စေချင်တာ၊ မဟုတ်ဘူး။ သူက မြက်ကိုလည်း ရိတ်ချိန်တန်ရင် လေး၊ ငါး ဆယ်ထုံးရအောင် ရိတ်။ မြက် လေး၊ ငါး ၊ ဆယ်ထုံးဆိုတာ သူတွက် မကြည့်လို့။ မြက်တစ်ထုံးရအောင်က မြက်ရှားတဲ့ရာသီဆို ၂ နာရီလောက် ရိတ်ရတာ။ မြက်ပေါက်တဲ့ ရာသီဆိုတောင်မှ မြက်တစ်ထုံးရိတ်တာ ၁ နာရီ ရိတ်ရတာ။ မြက်အပေါ်ဆုံးဆိုရင်ကို မြက်တစ်ထုံးရအောင် နာရီဝက်ရိတ်ရတာ။ သူက ဒါတွေ တွက်မကြည့်လို့ ဘာဖြစ်တာ၊ ညာဖြစ်တာနဲ့ ပြောနေတာ။ ထမင်းချက်တာ ကြာလို့ဆို ပြောတော့ ထမင်းတည်ဖို့က ခုလောလောဆယ် ဘယ်နားက ထင်း ကောင်းကောင်းရှိလို့လဲ။ ထင်းကောင်းကောင်းနဲ့ တည်တာတောင် ထမင်းအိုး တစ်လုံးကို ၁၀ မိနစ် တည်ရတယ်။ ၁၅ မိနစ်ဆိုတာ အလွန်ဆုံးပေါ့၊ ကျက်အောင် ချက်ရင်။ ကျုပ်ပြောတာကို မှန်တယ်မထင်ရင် ကိုယ်တိုင် ထတည်ကြည့်ဆိုတော့ ငါက ကလေးပေါက်စကတည်းက လုပ်လာတာတဲ့။ ခများ ကလေးတုန်းကလုပ်တာ ကျုပ် မမြင်ဖူးဘူး။ ခများ ကလေးဘဝတုန်းက ခိုးချင်တာ ခိုး၊ လုချင်တာ လု၊ ဖွက်ချင်တာ ဖွက် ချနေတာပဲ ကြားဖူးတယ်။ ခများကြောင့်မို့ မိသားစု ဒုက္ခရောက်ခဲ့တာ အများကြီးပဲ။ မင်း အာ့ဒါ ဘယ်သူပြောတာလဲတဲ့။ အဲ့ဒါ ကာယကံရှင်ဖြစ်တဲ့ အဘိုးဖြစ်သူက ပြောပြတာ။ ခများအဖေက ပြောပြတာ။ ခများ ဘယ်နား ဘယ်သူနဲ့ ရန်ဖြစ်ခဲ့တယ်ဆိုတာတွေ၊ ကျုပ်က ခိုးလည်းမစားဘူး။ ဖွက်လည်း မစားဘူး။ လုလည်း မစားဘူး။ ပလပ်စတစ်ကောက်တာပဲ ရှိတယ်။ ခများတုန်းကလောက် ကျုပ် မဆိုးခဲ့ဘူး။ ခများ ကလေးပေါက်စလေး ထွက်သွား တုန်းက ရထားပေါ် တွေ့သမျှနေရာက မုန့်သည်လာတာတွေ့ရင် လက်ယပ် ခေါ်၊ ယူ၊ ပိုက်ဆံမပေးဘဲ ထွက်ပြေး။ ကျုပ်က ပိုက်ဆံရှိရင် ဝယ်စားမယ်၊ ပိုက်ဆံမရှိရင် ဝယ်မစားဘူး။ အငတ်နေတဲ့ ကောင်။ ခများလို ကျုပ်က မလုပ်ခဲ့ဘူး။ ဘဝတွေက မကောင်းခဲ့တော့ အာ့ဒီလိုမျိုးတွေ ငယ်ငယ်လေးထဲက ခံစားခဲ့ရ

တာ။ ကျုပ်က အခုချိန်မှာ ဆက်ပြီးတော့ မကောင်းတာ လုပ်နေရဦးမှာလားလို့ ပြောလိုက်တာ။ မင်းပြောချင်တာ ဒါပဲလားတဲ့။ ကျုပ်ဘက်က မှားတာပါရင် ထောက်ပြလေဆိုတော့၊ သူက မလုပ်ဘူး။ မျက်နှာက ဟိုကြည့် ဒီကြည့်နဲ့တဲ့။ ဒါကတော့ ကြည့်ရမှာပဲလေဗျာ။ မကြည့်ဘဲနဲ့ ဘယ်ဖြစ်မလဲ။ ကျုပ် မျက်လုံးပါတော့ ကြည့်မှာပေါ့။ ဒါမှ ဘာဖြစ်တယ်။ ညာဖြစ်တယ်ဆိုတာ သိမှာပေါ့ဆိုတော့ အာ့ဒါ ဘာလို့ကြည့်တာလဲတဲ့။ ခများရိုက်ရင် ထွက်ပြေးဖို့ လမ်းကြည့်တာ။ ဘယ်နားကပြေးရင် ကောင်းမလဲလို့။ ဟုတ်လည်း ဟုတ်တယ်။ သူရိုက်ရင် ဘယ်နားက ပြေးရင် လွတ်တယ်ဆိုတာ ကြည့်နေရတာ။ အချိန်အဆ လျှောက်ကြည့်နေရတာ။ အာ့ဒါ သူက မျက်နှာကိုက သူခိုးကြည့် ကြည့်တာဆိုပြီးပြောတာ။ ခများ ဒီလောက်ကြီးတော့ ကျုပ်ကို မခိုင်းသင့်ဘူးဆိုတော့ မင်းကို ငါ သတ်မိတော့မှာနော်တဲ့။ ဘယ်နေ့ ဝါးရင်းဒုတ် ကျွေးမိမလဲ၊ သဘောလေးတော့ ထားနေ။ မင်းဦးလေးလို အရက်ကလေး သောက်လိုက်၊ ဖိုးလေးရှူး ဘိန်းလေးရှူးနဲ့။ မင်းတို့က ဒါမျိုးနေချင်တာ မဟုတ်လားတဲ့။ ခများ လျှောက်အပိုတွေ မပြောပါနဲ့။ ကျုပ်ရှေ့ ဒါတွေ လျှောက်မပြောနဲ့။ ကျုပ်ကွယ်ရာရောက်ရင် ခင်များ ဘာတွေ လုပ်တာလဲ ပြောစမ်းပါဦးလို့ မေးတယ်"

"သူက ကိုယ်ရှေ့သာ ဒါမျိုးပြောနေတာ။ ကွယ်ရာရောက်ရင် သူ့အတွက် က ဖားကန့်မှာ နေချင်သလို နေ၊ ကဲချင်သလို ကဲ။ ခများလာရင် ဖားကန့်ကို သူခိုးခေါင်းဆောင်ကြီး ပြန်ရောက်လာပြီဆိုပြီး ပြောကြတယ်တဲ့။ အခု ဘာတွေ ပြောနေတာလဲ ခများသိလား။ ဖားကန့်မှာ ဖိုးလည်း ရှူတယ်။ ညာလေး လုပ်လိုက်၊ ဘာလေးလုပ်လိုက်။ ခများ ဖားကန့်မှာ ကျုပ်နဲ့ ကွဲကွာနေတုန်း လူဘယ်နှယောက်လောက် ရိုက်ခဲ့ပြီလဲ။ ဘယ်နှယောက်လောက် ရန်ဖြစ်ခဲ့ပြီလဲ။ ကျုပ် ခများနဲ့ ကွဲကွာနေတုန်းမှာ ဘယ်သူနဲ့မှလည်း ရန်မဖြစ်ဘူး။ ဘယ်သူ့မှလည်း လက်ဖျားနဲ့တောင် မတို့ခဲ့ဖူးဘူး။ ဘယ်ကောင့် မေးကြည့်ကြည့်၊ ကျုပ်သွားရာ နေရာတွေ ကျုပ်ဇာတ်ကြောင်း အကုန်မေးကြည့်လို့ရတယ်။ ခများလို မဟုတ်ဘူး။ ခများ လုပ်ခဲ့တဲ့ အကုသိုလ်ကို ကျုပ်ပဲ ခံစားခဲ့ရတာ။ ခများက ဒါတွေကို မသိဘူး။

ခများနဲ့ပက်သက်လို့ ပြောနေတာတွေက ကြားရတဲ့နားတောင် ဖြတ်ပစ်ချင်စိတ် ပေါက်လာတယ်။ တစ်ခါတစ်လေ အပြင်မှာ ခများအကြောင်း ဘာတွေကြားနေ ရလဲဆိုတာ သိလား။ ခများ ပြန်လာပြီဆိုရင် ဟိုနားက ဓားပြမှုဖြစ်သွားလိုက်၊ ဒီနားက လူသေမှုဖြစ်သွားလိုက်၊ ခများမရှိရင် ဒီအရပ် ဒီဒေသမှာ ဘာမှမကြား ရဘူး။ ဒါကိုက ခများရဲ့အကုသိုလ်ပဲ။ ကျုပ်တင်မကဘူး ဒီအိမ်က လူတွေရော ခံရတာ။ ငါက အာ့ဒါမျိုး သူ့ကိုပြောလိုက်တာ။ အာ့ဒီရက်ပိုင်းတုန်းက အိမ်မှာ လက်သမားဝင်နေတော့ ဘာမှ မပြောသေးဘူး။ အိမ်က နွားတဲရော။ အာ့ဒီဘေး မှာ လူကပ်နေဖို့ရော လေးခန်းတွဲ ဆောက်နေတာ။ လက်သမားတွေလဲပြီးရော အားလုံး ကိုးရိုက်ကားယား စကားပြောရော။ မင်းက ဘာကောင်လဲ သတ်ပစ်လိုက် ရမှာလားနဲ့။ သူက တရက် နည်းနည်း နည်းနည်းနဲ့ အစပိုင်း ပြောရုံ၊ လက်လေးနဲ့ ပုတ်ပြီး ယပ်တောင်ရိုးလေးနဲ့ ရိုက်၊ ခြေထောက်လေးနဲ့ ကန်ရုံကနေ နောက်ပိုင်း ဒုတ်ဆွဲလာ။ မင်းက ဘာဖြစ်တာ။ ညာဖြစ်တာနဲ့ လုပ်လာတော့ ခများ ကျုပ်ကို လက်နဲ့မထိဘူးလို့ ကတိပေးထားတယ်။ အခု ခများ ကတိဖျက်ချင်ပီ။ ခများ ဇ ရှိရင်ထွက်ခဲ့။ ခများအပေါ် ကျုပ် သည်းခံလာတာ ဘယ်လောက်ကြာပီမှတ်လဲ။ ခများဘာလုပ်လုပ် ကျုပ် သည်းခံခဲ့တာပဲ။ ခများက ဘာဖြစ်ချင်တာလဲလို့ ရန်လုပ်ပြီး တိုင်ကို ဓာတ်ဆီနဲ့လောင်းပြီး မီးနဲ့ရှို့တာ၊ စိုနေတော့ မလောင်ဘူး။ ကျုပ်ကို ဆိုင်ကယ်သော့ပေး၊ သွားမယ်ဆိုတော့ မပေးနိုင်ဘူးကွာ။ ခြေကျင်သွား တဲ့။ ဒါနဲ့ ဆိုင်ကယ်ကို ဓားနဲ့ခုတ်ဖောက်ပြီး ခများ ဇ ရှိရင် ကျုပ်နောက်က လိုက်ခဲ့။ ခများ ဒီတစ်ခါတော့ အဟုတ်လုပ်မှာ နော်။ မလုပ်ဘူးလို့တော့ မအောက် မေ့နဲ့ဆိုပြီး ထွက်လာတာ။ ကျုပ်လဲ ဘယ်သွားရင် ကောင်းမလဲလို့တွေးပြီး အင်၊ ရွှေဘို မရောက်တာ ကြာဘီ။ ရွှေဘိုကို သွားဦးမှဆို ထွက်လာခဲ့တာ"

"ကိုစိမ်းရွှေဥအဖေက ကြောက်စရာကြီးဗျာ၊ မှော်ဆရာကြီးလား"

"မှော်ဆရာလား ဘာလားတော့မသိဘူး၊ ဆော်ဆရာတော့ သေချာတယ်"

"ဘီလူးစီးတာနေမှာ နော ကိုဘီလူး"

"ဟာ ငါနဲ့ ဘာဆိုင်တုန်း၊ ငါမှ မှတ်ပုံတင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတာ"

"မှတ်ပုံတင်ကို ရွာမှာ ပြန်လုပ်လို့ မရဘူးလား ကိုဘီလူး"

"အမေတို့ကလည်း မှတ်ပုံတင် မရှိတော့၊ ကျောင်းလာလုပ်တုန်းက မရှိလိုက်တာ နာတာပဲ။ ကိုယ်က မသိဘူးလေ။ အလည်လာတော့မှ သိတာ။ အခု ဖိုးပိန်တို့ဆို ကောင်းစားနေတာ။ ဟော်တယ်မှာ။ ဟော်တယ်မှာ ဝန်ထမ်းဖြစ်နေတာ။ တီးဆရာ မလုပ်ဘဲနဲ့"

"ကျောင်းမှာ လက်ဘက်ရည်တို့ မုန့်တို့သင်တုန်းက မင်း မသင်ဘူးလား"

"မုန့်ပဲ တက်တာလေ။ လက်ဘက်ရည် မရဘူး။ အီကြာကွေး သင်တာ။ ကြော်တတ်တယ်လေ။ လက်ဘက်ရည်ဆိုင်က လူ မလိုလို့တဲ့။ အကြော်ဆရာတွေ ပြည့်နေတာ"

"ဘီလူး မင်း လက်ဘက်ရည်ဆိုင်တော့ လုပ်မနေနဲ့၊ မတရားညစ်ပတ်တာ၊ အလုပ်ပ ခိုင်းချင်တာ၊ ပိုက်ဆံကျ မပေးချင်ဘူး"

"ဘီလူးရာ လက်ဘက်ရည်ဆိုင်များ စိတ်ကူးမနေနဲ့၊ မင်း လက်ဘက်ရည်ဆိုင်တွေအကြောင်း ဘယ်လောက်သိလို့တုန်း။ သူတို့က လမ်းဘေးသားတွေဆိုပိုနှိမ်တယ်၊ ဒီကောင်တွေ နေစရာမရှိဘူး နေမှာဆိုပြီးတော့"

"လက်ဘက်ရည်ဆိုင် နေဖူးတဲ့ကောင်တွေ ပြောကြပါအုံး"

"လက်ဘက်ရည်ဆိုင်က ထမင်းဆိုင်နဲ့ယှဉ်ရင် သိပ်မကောင်းချင်ဘူး ကိုဘီလူး။ ထမင်းစားတာတွေက အချိန်နဲ့ မစားရဘူး။ ဖျားတယ်ဆိုလဲ ဆေးမကုပေးဘူး။ သား ဖျားတုန်းက ဆိုင်ရှင်ကို သွားပြောတယ်။ ဘာမှ လုပ်မပေးဘူး။ အဲဒါနဲ့ သားလည်း ထွက်လာတာ။ အလုပ်ချိန်က တစ်နေကုန်လုပ်ရတယ်။ မနက် ငါးနာရီခွဲကနေ ည ၁၀ နာရီခွဲလောက်ထိ လုပ်ရတယ်။ လေးရက်။ ရှစ်ထောင်ရခဲ့တယ်။ ဆိုင်မှာနေတဲ့သူတွေ အတူတူပဲ တစ်ရက်ကို နှစ်ထောင်ရတယ်"

"ကျနော့်တုန်းကလဲ လေးခွဲက ထပြီးတော့ ဆိုင်ခင်းရတယ်။ လူနည်းတယ်ဆိုရင် အကုန်လုံး အတူတူထရတယ်။ လူများရင်တော့ ၁၁ ထိ အလုပ်လုပ်တယ်

ဆို ၈ နာရီလောက်ဆို တစ်ယောက်အိပ်တယ်။ သူက မနက်လေးနာရီထရတယ်။ ၁၁၊ ၁၂ မှ အိပ်တဲ့လူတွေကျ မနက် ၈ နာရီ ၉ နာရီမှ ထလည်း ရတယ်။ ပန်ကန်ဆေးရတယ်။ စားပွဲထိုးလုပ်ရတယ်"

"ကျနော် စားပွဲထိုး သုံးလလောက် လုပ်ဖူးတယ်။ အောင်ဒီးတို့လိုပဲ ၄ နာရီလောက်ထ ည ၁၁ နာရီ၊ ၁၂ လောက်ထိ စောင့်ပေးရတယ်။ မနက်လေးနာရီထပြီး ခုံတွေခင်း၊ စမူဆာ အစာစင်းရတယ်။ ဂျုံနယ်ရတယ်။ လူနည်းလို့ နံပြားမှာရင် ကိုယ်သင်ချင်ရင် ဝင်သင်လို့ရတယ်။ လူများရင်တော့ ဆရာတွေက ကိုယ်တိုင်လုပ်တယ်။ လူနည်းရင်တော့ ကျွန်တော်တို့ကို လုပ်ခိုင်းတယ်။ ညပိုင်းနဲ့ နေ့ပိုင်းခွဲထားပြီး နေ့ပိုင်းတွေက ညအားပြီး ထွက်တော့မယ်ဆို အလွတ်မပေးဘူး။ နေ့ပိုင်းကို ကြားဖြတ်နားခိုင်းပြီး ည ၉ နာရီလောက်ထိ ဆင်းရတယ်။ တကယ်က မနက် ၆ နာရီကနေ ည ၆ နာရီထိက တစ်ပိုင်း"

"လခက ဝင်ဝင်ချင်းက ၆၀၀၀၀။ နောက်ပိုင်း ၇၀၀၀၀။ တိုးတိုးပေးတယ်။ အလုပ်ကြိုးစားရင် ကြိုးစားသလောက်ပေါ့။ ၇၀၀၀၀ နဲ့ ထွက်လိုက်တာ။ ဆိုင်ရှင်ကပြောတာ နေမကောင်းရင် ကျောင်းကိုသွားနား၊ ဆေးဖိုးပေးမယ်ဆိုပြီး။ အဲ့နေ့က ချောင်းတအားဆိုးနေတော့ ညဆင်း ဆင်းလိုက်ပြီး နောက်နေ့လည်း ဆက်ဆိုးမှာ စိုးလို့ဆိုပြီး ကျောင်းမှာ တစ်ရက်လာနားတယ်။ ညဆင်း ဆင်းရမယ့် အချိန်သွားပြီး ယူနီဖောင်းဝတ်တဲ့အချိန် ကျော်ထက်ဦးက လာပြောတာ မင်းကို ထုတ်လိုက်ပြီတဲ့"

"အဲဒီနေ့က ဘောလုံးပွဲက ၁ နာရီလောက်တော့ ပြီးတယ်။ ကျနော်လည်း အိပ်ချင်တော့ သန့်ဇင်အောင်ကို ပြောတယ်။ မင်း ငါ့ကို နှစ်နာရီလောက် လုပ်ပေးဦး။ နေ့လယ်ကျရင် ငါ အစားပြန်လုပ်ပေးမယ်။ ငါ နှစ်နာရီလောက် အိပ်လိုက်ဦးမယ်လို့ပြောတယ်။ သူက အင်း ရတယ်။ ငါလည်း မအိပ်ချင်သေးဘူးဆိုပြီး ပြောတယ်။ ဝဲကြီးက အဲ့ဒီနေ့က ဆီးအောင့်လို့ဆိုပြီး ညည်းတာ။ အိပ်တာက ကျနော် အရင်သွားအိပ်တာ။ သူက လူညှိပြီးရင် အိပ်လို့ရပြီလို့ပြောတာ။ ကျနော်လည်း လူညှိပြီးတော့ ဝင်အိပ်တာ။ အဲတော့ ကျနော်နဲ့ ဝဲကြီးကို နှင်ထုတ်တာ။

မင်းတို့ကောင်တွေ စားပွဲထိုးဖို့ခေါ်ထားတာ၊ အိပ်ဖို့ခေါ်ထားတာ မဟုတ်ဘူးဆိုပြီး ပြောတာ။ ညပိုင်းဆိုတော့ ကျနော်တို့ မထွက်ဘူး။ ဆီးချိုကလည်း မနက်ကျမှ ထွက်မယ်ကွာတဲ့။ ထွက်ကွာဆိုပြီး လူကြားထဲ အော်ခံရတယ်"

"မနက် ၆ နာရီကနေ ညနေ ၆ နာရီထိ။ တစ်ခါတစ်လေ မအားရင် ကိုးနာရီ၊ ဆယ်နာရီထိ ဝိုင်းကူရတယ်။ အချိန်ပိုလုပ်တဲ့အတွက် လုပ်ခသပ်သပ် မပေးဘူး။ ၇၀၀၀၀ ပဲ ပေးတယ်။ အချိန်ပိုလုပ်ပေးရတာ တပတ်ကို ဘယ်နှရက် ရယ်လို့တော့ မရှိဘူး။ လူများရင် လုပ်ပေးရတယ်။ နှစ်ရက် သုံးရက်လောက်တော့ လုပ်ပေးရတယ်။ စနေ၊ တနင်္ဂနွေက ဘောလုံးပွဲ။ သောကြာနေ့က "ဗလီ" နေ့ပိုင်းတွေကတော့ နားချိန်ပေးတယ်။ ကျနော်တို့က ပြောတယ်၊ မနားဘူး။ လုပ်မယ်၊ ကိုယ့်အချိန်နဲ့ကို လုပ်မယ်။ ကျနော်တို့လဲ ဘောလုံးပွဲကြည့်တယ်။ လူများရင် ဝင်ကူလိုက်မယ်။ အဲ့ဒီနေ့က လူမနိုင်လို့ ဝိုင်းကူပေးတာ။ ၁၀ နာရီကနေ ညနေ ၄ နာရီထိ။ အဲ့တော့ အိပ်ချင်တယ်။ သူတို့အကုန်လုံးကို ပြောထားတယ်။ ကျနော် နေ့လယ်က ဝိုင်းထားတာ။ ည နှစ်နာရီထိုးရင် အိပ်မှာလို့ ပြောထားတာ။ လူနည်းလို့ရင်တော့ မင်းအိပ်ချင်အိပ်ပေါ့တဲ့။ ညရောက်တော့ အိပ်တော့ ကျနော်တို့ကို ဆဲတော့တာပဲ။ မင်းတို့ကောင်တွေကကွာ အိပ်ဖို့ချည်းပဲ ချောင်းနေတာတဲ့။ လူမှ မနိုင်ပါဘူးဆိုတဲ့။ ကျနော် ဝင်အိပ်လို့ လူအစားထိုး ပေးထားခဲ့တာကို မင်းတို့ကောင်တွေ ထွက် ဘာညာနဲ့လာပြောတာ"

"ငါ့ဆိုင်က ၇ နာရီကနေ ည ၁၁ ထိအောင် အလုပ်လုပ်ရတယ်။ ဆိုင်ကတော့ ၁၀ နာရီဆို ပိတ်တယ်။ လူစောင့်တာ သိမ်းတာနဲ့ ၁၁ ထိုးတာ။ ၇ နာရီထိုးကို ထပြီး အလုပ်က တောက်လျှောက်တန်းဝင်ရတာ။ နေ့တိုင်း အဲ့လိုပဲ၊ ပိတ်ရက်မရှိဘူး"

"လက်ဖက်ရည်ဆိုင်ကလည်း ကုလားဆိုတော့ အစ်နေ့တရက်ပဲ နားပေးတယ်"

"ငါ့ဆိုင်ကတော့ နားရက်ဆိုပြီးတော့ မရှိဘူး။ ကိုယ်နားချင်တဲ့ရက် နားလို့ရတယ်။ နားတဲ့ရက်တော့ ပိုက်ဆံမရဘူး။ တစ်လလုံး အပြည့်လုပ်ပေးရင် ၅၀၀၀ ပိုပေးတယ်။ တစ်ရက်ကို နှစ်ထောင်။ တစ်လ ၆၀၀၀၀ ရတယ်"

"တခြားအလုပ်တွေဆို တစ်ပတ်မှာ နှစ်ရက် နားရက်တွေရှိတယ်။ တစ်လကို ၈ ရက်ပိတ်တယ်။ တစ်ရက်ကို နှစ်ထောင်ဆို ရှစ်ရက်ဆို ၁၆၀၀၀၊ တကယ်တော့ မင်းကို မုန့်ဖိုးပေးတယ်ဆိုတာ ရှစ်ရက် ပိုလုပ်ခိုင်းတာ။ လုပ်တော့လည်း ရှစ်ရက်စာလုပ်ခ မရဘဲနဲ့ ၅၀၀၀ ပဲရတာ။ မင်းစိတ်ထဲမှာ ထင်နေတာက သူတို့ကနေ မင်းကို အပိုလက်ဆောင်ပေးတယ် ထင်နေတာ။ အမှန်က မုန့်ဖိုးမဟုတ်ဘူး။ ကိုယ့်လုပ်အားကိုတောင် အပြည့်မရဘူး။ အမှန်တော့ အလုပ်တိုင်းက နားချိန်ရှိရမယ်။ နားရက်တော့ လွှက်ရည်ဆိုင်လည်း မရှိဘူး။ မင်းတို့ဆိုင်ရော"

"နားရက်ကတော့ နေမကောင်းတဲ့အခါမှသာ ပေးတာ။ ကျနော်က စားပွဲထိုးနဲ့ KTV အခန်းကိုင်တာ။ ည့ဲသည်လာရင် အခန်းဖွင့်ပေး၊ သီချင်းထည့်ပေး၊ ပြီးတော့ အစားအသောက်တွေ ဘာတွေ ချပေး၊ ဒါလောက်ပဲ။ အမှန်ကတော့ ကာရာအိုကေလိုပါပဲ။ မိန်းကလေးတွေ မရှိဘူး"

"တစ်ခါတလေ ဒို့ဆီမှာ တစ်ခါ ပြည့်ဖြိုးသူ လုပ်တုန်းက လျော်ရတာရှိပါတယ်။ ဝိုင်းက မရှင်းဘဲနဲ့ ထသွားလို့ ဒို့အလုပ်သမားတွေ မျှရှင်းလိုက်ရတာ။ ဝါဆိုလပြည့်နေ့ကဆို ၃ သောင်းကျော်ဖိုး ပါသွားတာ။ အလုပ်သမားတွေဆီကနေ ဖြတ်ခံရတာ။ အိပ်ရာထ နောက်ကျတာတို့၊ ကိုယ့်အလုပ်မဟုတ်ဘဲနဲ့ အကြောခန်းထဲ သွားနေတာမျိုးဆို ဒဏ်ရိုက်တယ်။ အိပ်ရာထ နောက်ကျတာကတော့ ၇ နာရီထိုးလို့ ဆိုင်ရှေ့မရောက်ရင် လခထဲက ဖြတ်တော့တာပဲ။ အရင်ဆိုင်ရှင်တုန်းက မနက် ၈ နာရီထ ည ၉ နာရီသိမ်းတာ။ ခု ဆိုင်ရှင်ကျ မနက် ၇ နာရီထပြီး ည ၁၀ နာရီသိမ်းတာ။ ၁၁ ဟိုဘက်တော့ ပိုမနေရဘူး။ နေ့လယ်ရောနှစ်နာရီ နားချိန်ရှိတယ်။ မနက်ခင်းကို ၁၀ နာရီကနားရင် ၁၂ ထိ။ ၁၂ ကျတစ်ဖွဲ့နား။ တစ်ဖွဲ့ကို လေးယောက်နားတယ်"

"ကျနော်က မနက် ၆ နာရီကနေ ညနေ ၆ နာရီထိ။ ပိုဆင်းပေးရတာရှိတယ်။ ဘောလုံးပွဲရက်တွေဆို ဝိုင်းလုပ်ပေးရတယ်။ ညနေ ၉ နာရီ ၁၀ နာရီလောက်ထိ ဆင်းပေးရတယ်။ ကျနော်က ၅၀၀၀၀ ရတယ်။ အဲ့က အစ်မကြီးက

ပြောတယ်။ မင်းက ဝင်ဝင်ချင်းဆိုတော့ ၅၀၀၀၀ ပဲရမှာတဲ့။ နောက်လပြည့်တော့ ၁၀၀၀၀ တိုးပေးမယ်တဲ့။ တစ်လပြည့်အောင် မနေဘူး။ ၂၄ ရက်ပဲ အဲ့ဆိုင်က ဦးလေးနဲ့ ရန်ဖြစ်လို့ ထွက်လာတာ"

"အမှန်က ဒီကောင်က ဖင် သွေးစုနာပေါက်လို့ဆိုပြီး ကျနော်တို့က အနာကြီးကလည်း ရောင်နေပြီ။ ညှစ်လို့လည်း မရသေးဘူး။ ဒါကြောင့်မို့ နားခိုင်းတာ။ ဆရာက တအားဆူတော့ ရတယ်၊ ကျနော်တို့ သူ့အစား ဝိုင်းလုပ်ထားလိုက်မယ်လို့ပြောတာ။ အဲဒါ သူက သံလမ်းပေါ်မှာ ဇွဲနောင်တို့နဲ့ စကားသွားပြောတဲ့ အချိန် ဆိုင်ရှင်တွေ့သွားတော့ အဲ့ကောင်က ဖျားနေတာမို့လားလို့ မေးတာ။ ဟုတ်တယ်။ ခုတော့ သက်သာသွားပြီ ထင်တယ်ဆိုတော့ ဟ သက်သာတာကို ဒီကောင်က ဝိုင်းလဲ မဆင်းဘူးလို့ ပြောတာ။ ခေါ်လိုက်စမ်းဆိုပြီး။ အဲ့ကောင်ကို မလာခိုင်းတော့နဲ့လို့ ပြောခိုင်းတာ။ ကြိုသုံးထားတာ ရှိတယ်။ အဲဒါနုတ်ပြီး ကျန်တာပေးရမှာ၊ ကျန်တဲ့ ပိုက်ဆံလည်း မပေးတော့ဘူး။ စဝင်တဲ့ ရက်တွေကို မှတ်တော့ မှတ်တယ်။ ဒါပေမဲ့ ကျော်မှတ်တာ"

"သူတို့က အဲလိုပဲ။ ကျနော်က ဝင်တာက ၃၁ ရက်နေ့က ဝင်တာ။ လစာထုတ်တော့ ဘယ်နေ့က စလုပ်တာလဲဆိုတော့ လကုန်ပြီး ၂ ရက်နေ့က စလုပ်တာလို့ပြောတာ။ ဒီမှာ date တွေ ဘာတွေကြည့်ဆိုပြီး ပြောတာ။ သူတို့ မှတ်ထားတဲ့ စာရွက်လေးကို ပြတယ်၊ ကိုယ်မှတ်ထားတဲ့စာရွက်ကျ မကြည့်ဘူး။ စိုးအောင်လည်း ၇ ရက်နေ့က လုပ်တာကို ၁၀ ရက်နေ့တဲ့"

"ကောင်တာမှာ ထိုင်တဲ့ ဦးလေးကြီးနဲ့ စကားများပြီး ထွက်လာတာ။ ကျနော့်ကို ထပ်တရာမှာတာ၊ ပန်းကန်ထဲလည်း ထည့်ပြီးသွားပြီ။ ချလည်း ချပြီးသွားပြီ။ ကြာတယ်ဆိုပြီး ဆဲတာ။ သူကိုယ်တိုင် ဝင်လုပ်ရပြီဆိုရင် ပြောတယ်။ စားပွဲက ၁၉ ဝိုင်း ရှိတယ်။ အလုပ်သမားက နှေ့ဆင်းက လေးယောက်၊ တယောက်က ပန်းကန်ဆေး။ ညဆင်း ၂ ယောက်တည်း ရှိတာ။ အစကများတယ်။ ထွက်သွားကြလို့။ ဆိုင်ရှင်က ပြောဆိုနေတာကို သည်းမခံနိုင်လို့ ထွက်သွားကြတာ။ ကျနော်ထွက်ပြီးတော့ မုန့်စားမယ်ဆိုပြီး ခုံပေါ်ထိုင်တော့

မထိုင်နဲ့တဲ့။ ဂုတ်ဆွဲပြီး တွန်းထုတ်ပြောတာ။ ကျနော်လည်း စိတ်တိုလို့ ဆိုင်ရှေ့ သွားပြီး ဆဲတာ။ ရဲတိုင်မယ်တဲ့။ သွားတိုင်လို့ပြောလိုက်တာ"

"ငါလုပ်တုန်းက မနက် ၄ နာရီက ထရတာ။ နေတဲ့ဆိုင်တွေကတော့ အာ့အတိုင်းပဲ။ ည ၁၂ ၁၂ ခွဲလောက်မှ သိမ်းတာ။ အိပ်ချိန် ၄ နာရီနဲ့ အိပ်ရေ မဝဘူး။ ခိုးခိုးအိပ်တာ။ အဲတာ လာလာပြီး ဂုတ်ဆွဲနှိုးတာ။ ဟာ မလုပ်နိုင်ဘူး အန်တီ။ ခိုင်းတာလဲ အများကြီးပဲ။ သူသမီးတွေကလည်း ခိုင်းတယ်။ အန်တီကြီး က ပန်းကန်တွေ ဆေးခိုင်းလို့ ဆေးနေတာ။ သူသမီးက လာပြီး ဟိုဟာခိုင်းပြန် တာ။ ဘွားတော်က သူခိုင်းတာ အရင်လုပ်။ သူသမီးကလည်း သူခိုင်းတာ အရင် လုပ်ဆိုပြီး ခိုင်းတာ။ မျက်စိတွေကို လည်လို့။ အန်တီတို့ခိုင်းတာ ဘယ်ဟာ အရင်လုပ်ရမှလဲဆိုတော့။ ပြိုင်တူလုပ်လို့ပြောတာ။ အဲဒါနဲ့ ပြိုင်တူလုပ်ပေးတယ်။ ဆိုင်ပိုင်ရှင် ဘိုးတော်ကြီးနဲ့လည်း မတည့်ဘူး။ မနားတမ်းခိုင်းတာ။ ထိုင်မယ် ကြံရင် ခိုင်းတော့တာပဲ။ ရွာတွေလည်နေတာ သူတို့နဲ့။ ပိုက်ဆံက တပြားမှ မရဘူး။ နံရံပေါ် ကကျော်ပြီး ထွက်ပြေးလာတာ။ တစ်လပြည့်ဖို့ ၂ ရက်ပဲ လိုတော့ တာ။ အဝတ်အစားဖိုးပဲ ပေးတာ"

"မျက်ကွင်းညိုတောင် နှစ်ရက်နဲ့ ထွက်ပြေးတာ။ မနေနိုင်လို့တဲ့။ ဘွားတော် က အပေါက်ဆိုးတာ။ သူ့ယောကျ်ားကလည်း အတူတူပဲ။ တွေ့တာနဲ့ ခိုင်းတာပဲ။ မနက်ဆို ၄ နာရီဆို နိုးပြီ။ တစ်ခါတစ်လေ ၃ နာရီခွဲဆို နိုးတာ။ စားပွဲထိုး လုပ်ရတယ်။ ပန်းကန်ဆေးရတယ်။ ဘိုင်လာ ခပ်ရတယ်။ သူတောင်မခပ်နိုင်ဘူး တပွက်ပွက်နဲ့ ပွက်နေတာ။ သူလည်း မနိုက်နိုင်ဘူး။ လက်တွေလည်း အပူတွေ လောင်လို့၊ ဘွိုင်လာနဲ့ လွှက်ရည်အိုးနဲ့ တွဲထားတာ။ ဂေါက်လည်း မပါဘူး။ ဒီအတိုင်း နွှိုက်ခပ်ရတာ။ ပြီးတော့မှ ရေနွေးအိုးထဲ ထည့်ရတာ။ ငါက ပြောတယ် မခပ်နိုင်ဘူး။ ပူတယ်လို့ပြောတာ မရဘူး၊ ခပ်ရမှာ။ ပိုက်ဆံပေးခိုင်းတာ၊ အလကား ခိုင်းတာ မဟုတ်ဘူးတဲ့။ ကျနော်လည်း ဘာမှ မပြောဘူး။ ဒီအတိုင်းပဲ ခပ်လိုက် တာ။ ကြာလာတော့ မခံနိုင်လို့ ထွက်ပြေးလာတာ"

"ကျနော်လည်း ၃၊ ၄ လလောက်ကြာတယ်။ အဲ့မှာလည်း ပိုက်ဆံမရဘူး။ ပိုက်ဆံက ဘယ်သူထုတ်သွားလို့ ထုတ်သွားလိုက်မှန်းကို မသိဘူး။ ပိုက်ဆံမရတဲ့ အပြင် အချုပ်ထဲကို သွားရသေးတယ်။ ကျနော်က ဆေးလိပ်ခိုးသောက်တာ။ ဆေးလိပ်သောက်တတ်တယ်လို့လဲ ပြောတယ်။ လခထုတ်လို့ရင် လခထဲက ဖြတ်လိုက်။ ဆေးလိပ် တစ်လိပ် နှစ်လိပ်တော့ ယူသောက်ဦးမယ်လို့ ပြောတာ။ အိပ်သာဘက် သွားသောက်တာ။ ရှေ့မှာ မသောက်ချင်လို့လေ။ အဲဒါ ဆိုင်ပိုင်ရှင်က စားပွဲမထိုးလို့ဆိုပြီး ပိုးစိုးပက်စက် ပြောတာ။ သူ့မိန်းမကလည်း ပြောတယ်။ ရိုက်လည်း ရိုက်တယ်။ ကျနော်လည်း သည်းမခံနိုင်လို့ အဲ့နားက ကတ်ကြေးနဲ့ ကောက်ထိုးတာ။ သူ့တော့ မထိုးမိပါဘူး။ ဘေးက ဘိုးတော်က ဝုတ်ဆွဲပြီး အချုပ်ထဲ ထည့်ပစ်တာ။ သုံးညလောက် အိပ်လိုက်ရသေးတယ်။ အဲ့ရောက်တော့ သေနတ်ကြီးနဲ့ ပါးစပ်ကြီးထဲ ပိတ်ထိုးတာ။ ကျနော်လည်း ဘာမှ မပြောဘူး။ အဖေက လာထုတ်တယ်။ အဲဒါက တော်တော်ကြာပြီ။ ဒီကျောင်းကို မရောက်ခင်က။ ပိုက်ဆံက အိမ်ကလည်း ဘယ်သူမှ မထုတ်ဘူး။ ပိုက်ဆံလိုလို့ဆိုပြီးတော့ လာတောင်းသေးတယ်။ အဲဒါ ၁၀၀၀၀ လောက်ပဲ ပေးလိုက်တာ၊ ကျနော်နေတာ သုံးလေးလ။ ဒါပေမဲ့ မရဘူး။ အချုပ်ခန်းထဲကပြန်လာပြီးတော့ လခသွားတောင်းတော့ ဆိုင်ပိုင်ရှင်တွေက လာကို မလာခဲ့တော့နဲ့တဲ့။ လာရင် ရိုက်လွှတ်မှာလို့ ပြောတာနဲ့ ပြန်လာတာ။ အဲ့နောက်နားလေးမှာ ဆိုင်တစ်ဆိုင်ရှိတယ်။ ခုတော့ ထမင်းဆိုင် ဖြစ်သွားပြီ။ အရင်က လက်ဘက်ရည်ဆိုင်။ အဲ့လက်ဘက်ရည်ဆိုင် ကျတော့လည်း ရေသွားချိုးရင် ဗလီထဲ သွားချိုးရတာ။ ရေချိုးတာက တစ်ခါချိုးတစ်ရာ။ အဲ့ပိုက်ဆံတောင် မပေးဘူး။ ရေချိုးခတောင်းလည်း မပေးဘူး။ ပိုက်ဆံလည်း တပြားမှ မပေးဘူး။ ကိုယ့်လခနဲ့ကို ချိုးရတာ။ အဲ့မှာလည်း လခကောင်းကောင်းမရဘူး။ တစ်ခါတစ်လေ လက်ဘက်ရည်လာသောက်တဲ့သူတွေက ပေးတဲ့ပိုက်ဆံလေးတွေကို သိမ်းသိမ်းထားတာ။ အဲ့ဒါတွေနဲ့ ရေသွားချိုးတာ။ ပွဲရက်တွေ ဘာတွေဆို တခြားဆိုင်တွေက မုန့်ဖိုးပေးတယ်။ ကျနော်တို့ဆို တပြားမှ မပေးဘူး။ အဲ့မှာ ၅ လလောက်ကြာတယ်။ နားတဲ့အချိန် အိပ်ပြီဆိုလဲ

ကောင်းကောင်းမအိပ်ရဘူး။ နှာခေါင်းထဲကို နှာချေတဲ့ အမှုန့်တွေ ထည့်တာ။ အိပ်လို့မရဘူး။ စားပွဲထိုးကလည်း ဘယ်သူမှ မရှိဘူး။ တစ်ယောက်တည်း ရှိတာ။ မနက်ဆိုလည်း ၄ နာရီ ခုနာရီခွဲ အာ့လိုထရတာ။ ညကျ ၁၂ နာရီ၊ ၁၂နာရီခွဲလောက်ထိ ရှိတယ်။ ပိတ်ချိန်ကတော့ ပုံမှန်မရှိဘူး"

"အခုပြောနေတာတွေဟာ အမြည်းပဲ ရှိသေးတယ်။ ဘီလူး မင်းလက်ဘက်ရည်ဆိုင်တွေ သိပ်မနေချင်နဲ့"

"ဟုတ်တယ် ကိုမျိုးနိုင် တခြားအလုပ် စဉ်းစား"

"မင်း ဒီမှာနေတုန်းက ဘာသင်တာကို သဘောကျလဲ"

"ထမင်းချက်၊ ဟင်းချက်တာ။ သူငယ်ချင်းတွေနဲ့ ဝိုင်းလုပ်ကြ။ ဆရာ၊ ဆရာမတွေနဲ့ စာသင်တာတွေ သတိရတယ်။ ပုံပြင်ပြောကြေး ကစားတာတို့၊ ကဗျာ စာ သင်ပေးတာတို့။ အာ့ဒါလေးတွေ သတိရတယ်။ TV ကြည့်ရင်း ဆော့ကြတာကိုလည်း သတိရတယ်။ စာလေးတွေတော့ မမှတ်မိတော့ဘူး"

"ငါကတော့ ဆရာအောင်ထက်နဲ့ ခမ္မာရုံထဲမှာ ကလေးတွေနဲ့ ဂီတာတီးပြီး သီချင်းဆိုကြတာ။ ဝဏ္ဏ ဆိုတဲ့ သီချင်းလေ အာ့သီချင်းကို ဆရာကြီးက ရွှေ့ကနေ တီးတာကို သတိရတယ်"

"ဘောလုံးကန်တာ ကြိုက်တယ်။ တို့ ချစ်တီးကွင်းမှာ ကန်ကြတာပဲ။ နွေခင်း နွေလယ်ဘက် ပျင်းရင် မျိုးကို၊ စိုးကိုတို့နဲ့ ဘောလုံးသွားကန်ကြတာ။ အာ့ဒါလေးတွေတော့ သတိရတယ်"

"ကိုရင်ဝတ်တာကို သတိရတယ်။ ကိုရင်ဝတ်တုန်းက လူတွေက ပျော်နေကြတာ။ ဘယ်လို ပျော်လဲဆိုတော့ ငါ့နာမည်က မျိုးနိုင်ဆိုပေမယ့် ဘီလူးလို့ပဲ သူတို့က သိတာ။ ကိုယ်တော်ဘီလူးတဲ့၊ ကိုယ်တော်ပဲဝတ်နေ သိလားတဲ့။ တောင်းလည်း မတောင်းနဲ့။ ဘူးခွံလည်း မကောက်နဲ့တဲ့။ ဒီလိုလေး ဝတ်တာက ကြည်ညိုစရာလေးတဲ့။ ကိုရင်သာ အကြာကြီးဝတ်တဲ့။ တပည့်တော်က ကိုယ်တော့်ကို ပဉ္စင်းခံပေးမယ်တဲ့။ အာ့လိုလေးပြောတော့ ကြည်နူးသွားတာ။ ပျော်သွားတာ။

ဘယ်လိုလေးမှန်းမသိဘူး။ တစ်ချက်ချက်ဆို မျက်ရည်ပါဝဲတယ်။ ဘယ်ပဲ ဆွမ်းခံကြွကြွ ကိုယ်တော်ဝတ်လိုက်ပြီလားမေးတယ်။ ကိုယ့်အပေါ် လူတုန်းက မကောင်းတဲ့သူတွေက အခု ၅၀၀ လျှုလိုက်၊ ၁၀၀၀ လျှုလိုက်နဲ့။ ဆွမ်းဟင်း ဆွမ်းထမင်းက ပြည့်ပြည့်စုံစုံပေးတယ်။ တဘက်လေးနဲ့ ထိုင်ရှိခိုးတာ။ ကြည်နူးတာပေါ့။ ဝမ်းသာကြည်နူးမိတယ်။ ပျော်တယ်"

"ဟာ ဒကာကြီး ကျုပ်က မတောင်းဘူးလို့။ ဘုန်းဘုန်းက ကိုယ်တော်ဝတ်မယ်ဆိုင် အကောက်မထွက်၊ တောင်းလဲ မတောင်းဘဲ ကျောင်းထဲမှာ တလတိတိ နေနိုင်သူကိုမှ ဝတ်ပေးတာလို့ ပြန်ပြောလိုက်တယ်"

"အာ့အချိန် ဘယ်လို သွားတွေးမိလဲဆိုတော့ သာသနာ့ဘောင်ဘဝနဲ့ လူ့ဘဝနဲ့ မတူဘူးဟ။ လူ့ဘဝတုန်းကတော့ အထင်အမြင်သေးကြတယ်။ မျက်စောင်းထိုး ဂျိုကြည့်ကြည့်တဲ့သူ မနည်းဘူးလေ။ ခု သူတို့ကပါ ပြန်ကြည်ညို နေကြပါလားဆိုပြီး တွေးမိတယ်။ စိတ်ထဲတော့ ဝမ်းသာတာပေါ့။ ကော်တွေလည်း မရှုတော့ဘူး။ ကိုရင်ဝတ်တော့ ကော်လည်း မရှုဘူး။ အရက်လည်း မသောက်ဘူး။ လမ်းပေါ်ကို ပြန်ရောက်သွားမှ ဖိုးခိုင်တို့နဲ့ အရက်သောက်တာ။ သူတို့က နေ့တိုင်းတိုက်တာ။ တိုက်တော့ သောက်ရတာ၊ မသောက်ရင် ခဲတွေနဲ့ရိုက်တာ။ မင်း နောက်ကျရင် အရက်စွဲသွားရင် ငါ့ တာဝန်ယူရမှာဆိုတော့ ယူမယ်တဲ့။ အာ့ဆို သောက်တယ်ကွာဆိုပြီး သောက်တာပဲ။ အခု အရက်မသောက်တာ ၇ ရက်လောက် ရှိပြီ။ ခဏ ဖြတ်ထားကြည့်တာ။ ပြတ်ရင် ကိုယ်တော်ဝတ်တော့မှာ"

"တစ်ခါတစ်လေကျရင် ဟိုအရင်တုန်းကလိုပဲ သူငယ်ချင်းတွေနဲ့အတူတူ ပြန်နေချင်တာ။ တစ်ခါကျတော့လည်း ငါ ဒီအရက်ကို နားဦးမယ်။ လုံးဝ သောက်ချင်စိတ်မရှိတော့ရင် ကိုရင်ဝတ်ဦးမှာ။ အာ့ဒါက တစ်ချက်။ အခု ရောက်တော့လည်း လမ်းပေါ်မှာ တစ်ယောက်တည်းဟ။ အရင်တုန်းကဆို သူငယ်ချင်းတွေနဲ့ပေါ့။ တစ်ခါတစ်ခါ လမ်းပေါ်မှာ တစ်ယောက်တည်း စကား ပြောနေတာ"

"လမ်းပေါ်မှာ နေရတာက တစ်ခုထူးခြားသွားတာက ရှိတယ်။ ဘာထူးခြားလို့ ထူးခြားမှန်းမသိဘူး။ အိမ်မှာ နေရတာလဲ လွတ်လပ်တယ်။ ကျောင်းမှာနေလည်း လွတ်လပ်တယ်။ လမ်းဘေးမှာလဲ လွတ်လပ်တယ်။ ဒါပေမဲ့ လမ်းဘေးမှာပဲ ပျော်တယ်။ စိတ်က အာ့ပေါ်မှာ ရောက်နေတာ။ အာ့ဒါကို စဉ်းစားရခက်နေတာ။ လမ်းက စွဲဆောမျှား ကျွေးနေတာလား မသိဘူး။ ပျော်တာ။ ဘယ်လိုပျော်လဲဆိုတော့ လျှောက်သွားနေရတာရယ်။ တစ်ယောက်တည်း လွတ်လွတ်ကျွတ်ကျွတ်နဲ့ ပျော်ပါးနေရတာရယ်။ အာ့ဒါကြောင့် စိတ်က လမ်းပေါ်ပဲ ပြန်ရောက်နေတာ။ အိပ်ချင်လည်း လမ်းပေါ် ထိုးလဲ့ အိပ်လိုက်တာပဲ"

"အိပ်ရင် သမန်တလင်းပေါ်အိပ်နော်။ ကတ္တရာလမ်းပေါ်က ကားတိုက်သွားမှာ။ ကတ္တရာလမ်းပေါ်က ကားကြီးတွေ ဖြတ်သွားရင်တော့ လန့်နိုးတယ်။ အရက်မသောက်ဘူးဆို မျက်လုံးမှိတ် အိပ်နေတာ။ ကျော်လက်ဘက်ရည်ဆိုင်ဘေးက ကွမ်းယာဆိုင် ကိုမိုးနိုင်ဆီက မုန့်ဖိုး ၂၀၀၊ ၃၀၀ တောင်းပြီးတော့ လှောက်ရည်ဝယ်သောက်တာ။ အာ့ဆို ငြိမ်သွားပြီ။ မနက် ၄ နာရီဆိုရင် ထပြီလေ။ ကုဋ္ဌေတစ်သန်းက ဘိုးတော်ကြီးက ၄ နာရီဆို ထပြီး တံမြက်စည်းလှည်းတယ်။ မုန့်ဖိုးက ၅၀၀ ပေးတယ်။ နေ့တိုင်းပေးတယ်"

"ညခင်းဘက်ကျ ဟိုကောင်တွေက ကော်ဘူးရှူကြ။ ငါတို့က အရက်လေးသောက်ပြီး သီချင်းတွေ ဆိုကြတာ။ တစ်ယောက်နဲ့ တစ်ယောက် ကကြတာ။ တစ်ယောက်တစ်လှည့်ပေါ့။ အာ့တုန်းက ကောင်မလေးတွေက အေးရီမနဲ့ ဆောင်းနှင်းဝေရယ် နှစ်ယောက်ပဲ ရှိတာ။ အခုတော့ ဆောင်းနှင်းဝေက လူမင်းနဲ့ ယူသွားပြီ။ လူမင်းက စစ်တပ်ထဲ ဝင်သွားတော့ စစ်သားမယားဖြစ်သွားတာပဲ"

"မင်းတို့တော့ မသိဘူး။ ငါကတော့ ရွှေဘိုပဲ ပျော်တယ်။ ရွှေဘိုမှာ လမ်းဘေးဆိုပေမယ့် ရဲသိပ်မကြောက်ရဘူး။ ရဲလာရင် မန္တလေးမှာတော့ ထွက်ပြေးရတာ။ မိသွားရင် ဘာမှ မမေးဘူး။ ခေါ်သွားတာ။ မနက်ခင်း အချုပ်ခန်းထဲကနေ တရာရုံးကို ပို့တာ။ အာ့ကနေတစ်ဆင့် အိုးဘိုကို ပို့တာ။ ဒီ ရွှေဘိုရဲကတော့

ဘာမှ မလုပ်ဘူး။ သဘောကောင်းတယ်။ ပတ်ကင်း ပတ်တယ်။ ငါနဲ့ဆို ခဏ တိုင်းတွေ့တယ်။ လူကိုတွေ့တယ်။ ရပ်ခိုင်းတယ်။ ဘယ်သူတုန်း ဘာညာမေး တယ်။ ကိုယ်မှန်းသိရင် မုန့်ဖိုးပေးတယ်"

"ဒီတိုင်းတော့ ရဲက မပေးပါဘူး ဘီလူးရာ"

"သတင်းလေးတော့ ပေးရတာတော့ ရှိတာပေါ့ဟ။ မသိမသာ ခိုးပေးရ တာ။ အိမ်ဖောက်တာတို့ ခိုးတာတို့ နံပါတ်ဖိုး ထိုးတာတို့။ ဆေးပြားသောက်တာတို့ အဲ့ဒါ သတင်းသွားပေးရတာ။ ဆေးပြားသောက်တဲ့သူလည်း ရှိတယ်။ ဆေးထိုးတဲ့ သူလည်း ရှိတယ်။ သူတို့က အဲ့ဒါတွေ လုပ်ပြီးရင် မသွားနိုင်တော့ဘူးလေ။ ကိုယ်က စခန်းထိသွားပြောပေးတာ။ ဆိုင်ကယ်ဌားပြီး သွားပြောတာ။ ဆေးသမား ၂ ယောက်လောက်တော့ သတင်းပေးဖူးတယ်။ တခြားကတော့ မိရင် မိတဲ့ဟာ အိမ်ဖောက်တာတို့ ဘာတို့ သတင်းပို့ပေးတယ်။ ဆေးသမား ၂ ယောက်ရယ်၊ တစ်ခေါက်က လမ်းလေးခွက ဖုန်းဆိုင်ကိုဝင်ဖောက်တာက ကိုယ့်ဘော်ဒါတွေ ပါပဲ။ မထည့်ချင် ထည့်ချင်နဲ့ ထည့်လိုက်ရတာ။ သိန်းပေါင်းအများကြီး ခိုးတာ မိတာလေ။ ညကျတော့ တို့ကို လာဖမ်းတာလေ။ ဒီကောင်တွေက ညကျ ထွက်သွားတော့ နောက်ကနေ လိုက်ချောင်းတာ။ သူတို့လုပ်ထားတာ တွေ့တယ်လေ။ နေ့လယ်ကျ စစ်ပါလေရော။ မင်းတို့ အဖွဲ့ထဲမှာတဲ့ ပိုက်ဆံများများသုံးတဲ့သူ ဘယ်သူတွေရှိတုန်းတဲ့။ ရှိတယ်ဆရာ။ ဇွဲမင်းထိုက်၊ မင်းမင်းထွန်း။ ချစ်ကိုထူး သုံးယောက်ရှိတယ်လို့။ အခုတလော ပိုက်ဆံတွေ တအားသုံးတယ်။ အင်္ကျီအသစ် တွေလည်း ဝယ်တယ်ဆိုတော့ သွားဖမ်းတာ။ သူတို့ကို မိတာ။ ပိုက်ဆံတောင် တစ်ဝက်ပဲ ရတာ။ ဘယ်လိုလုပ်လဲဆိုတော့ ရွှေသိမ်တော်ဘုရားထဲက ညောင်ပင် အောက်မှာ တွင်းတူးပြီး မြှုပ်ထားတာကိုက အထပ်လိုက်ရှိတယ်။ နောက်ပြီးတော့ ဒို့ဘီတန်းဘက်က ဘောလုံးကွင်းထဲမှာ မြှုပ်ထားတာက တစ်ဝက်။ အဲ့ကောင် ၃ ယောက် အချုပ်ခန်းထဲထည့်ပြီး နောက်နေ့ကျ သင်တန်းကျောင်း ပို့ပစ်တာ။ သားငယ်နဲ့ ငါက ရဲကို သတင်းပေးလိုက်တာ။ ဒီကောင်တွေနဲ့ နောက်တော့ ပြန်တွေ့တယ်။ သူတို့ ဘာမှမလုပ်ဘူး။ နောက်တစ်ခါ သူတို့ကို အဲ့လို သွားတိုင်မှာ စိုးလို့တဲ့"

"ကိုဘီလူး၊ ဘဝဆိုတာ ဘာလဲ"

"ဘဝအကြောင်းကို မသိဘူးဖြစ်နေတာ။ စိတ်ထဲ သိတာဆိုလို့ တစ်ချက် တစ်ချက် အိမ်ပြန်ချင်စိတ်ပေါက်လာရော။ အာ့ဆို ပြန်ချသွားတာပဲ။ လမ်းဘေး နေချင်ရင် လမ်းဘေးပြန်နေလိုက်တာပဲ။ ကျန်တာ ဘာမှမရှိဘူး။ နောက် ၂ ရက် ၃ ရက် စောင့်ကြည့်ဦးမယ်။ နေနိုင်ရင် ကိုယ်တော်ဝတ်တော့မှာ။ စောစော တည်းက တွေးမိတာ"

"ကိုဘီလူးက မထွက်တော့ဘူးပေါ့"

"သင်္ကြန်မှာတော့ ပြန်ထွက် ကဲအုံးမယ်လေ"

မောင်လူရေး

ပုံနှိပ်မှတ်တမ်း

လမ်းပျံငှက်
မောင်လူရေး
ပထမအကြိမ်၊ ပြီလ၊ ၂၀၁၉
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၅၀၀ ကျပ်

ဖြန့်ချိရေး- ၀၉ ၄၀၀ ၄၃၇ ၈၆၅